www.burmeseclassic.com

# လရောင်ကျူးရင့်

လိပ်ပြာလေးရဲ့ တေးသွား



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" **(CIP)**

၈၉၅.၈၃
လရောင်ကျူးရင့်
လိပ်ပြာလေးရဲ့တေးသွား/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၄။
၃၆၈- စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) လိပ်ပြာလေးရဲ့တေးသွား



## အခန်း (၁)

"ရက်မြွတ်ကောင်း ဆိုတဲ့အတိုင်းပဲလေ သူ့မိဘတွေက သူ့ကို မွေးပြီးမှ ဘာလုပ်လုပ် အဆင်ပြေတယ် ..၊ အရှုံးအမြတ် ကြီးကြီး ရင်းနှီး နှံ့စားရတော့မယ်ဆိုရင် သူ့နာမည်နဲ့ပဲ လုပ်ရတယ် .."

"သြော် .. အင်း .. အင်း .. ကိုစော ကတော့ ပြောဖူးပါတယ် .. မိန်းမဘက်က တူပေမယ့် သူ့တူကိုတော့ ချစ်တယ် နော် .."

"ချစ်တာမှ ကျွန်မထက်တောင် ပိုပါသေးတယ် မသူဇာ ရယ် .. ကောင်း ကို အိမ်မှာပဲ ခေါ်ထားပါရစေလို့ သူကစပြီး တောင်းတာ ..၊ ကလေးမိဘတွေကလည်း ကလေးကို တောမှာ မထားချင်တော့ မြို့ကို ပို့လိုက်တာပေါ့ .."

"ဒါဆို ရက်မြွတ်ကောင်း က ငယ်ငယ်တည်းက ရန်ကုန်မှာပေါ့ နော် .."

"ဆယ်နှစ်သားတည်းကပဲ ပြောပါတော့ .."

"သြော် .."

www.burmeseclassic.com



"အရမ်း ပညာတော်တာ .. သူ့ကြည့်ရင် အပန်းတကြီး ကြိုးစားနေရတာနဲ့ မတူဘူး .. စာအုပ်တစ်အုပ် ထိုင်ကြည့်နေသလိုပဲ .. ရေးတဲ့အခါ ရေးနေတာမျိုးပေါ့ ..၊ အချိန်တန်ရင် သူ့ပဲ အတော်ဆုံးစာရင်းနဲ့ ထွက်လာတာ .."

တော်ပြီလား .. ဟွန်း ..၊

ကြွားလုံးတွေကို ခိုးချောင်ခိုးဝှက် နားထောင်ပြီး ချင်း နှာခေါင်းလေး ရှုံ့မဲ့မဲ့ဖြစ်ရင်း နောက်ပြန်လှည့်လျှင် ...

"ဒါက ဘာလုပ်တာလဲ .."

"ဓာကြီး .."

ဒေါ်ဓာယု မျက်နှာကြီးက မျက်မှောင်ကုတ်ထားပေမယ့် ချစ်စနိုးအပြုံးတို့ဖြင့် ...

"သူများတွေ စကားပြောနေတာကို ခိုးချောင်ခိုးဝှက် နားမထောင်ရဘူးလေ .."

"အဲ့ဒါက မကြားစေချင်လို့ တိုးတိုးပြောနေကြတဲ့ စကားတွေပါ ဓာကြီး ကလည်း .."

"အံမယ် .."

"ဟုတ်တယ်လေ .. အခု ဧည့်ခန်းထဲမှာ အကျယ်ကြီး ပြောနေကြတဲ့ဥစ္စာ .."

"ခိုးနားမထောင်ရဆိုတာ ဘယ်လိုစကားမျိုးကိုမှ မထောင်ရတာ ဘာညာ ညည်းလေးကို ကျူပ် သင်ပေးဖူးလို့လား .."

"ဒါပေမယ့် .."

"တော်ပြီ .. လာ .. ခေါင်းဖြီးမယ် .."

လက်လေးကို ဆွဲခေါ်လာခဲ့ရင်း အခန်းထဲထိ ဘာစကားမှ မပြောဖြစ်ခဲ့ဘဲ ...

"ဟောဒီမှာ ထိုင် .."





"ဓာကြီး .."

"ပြော .."

မှန်တင်ခုံရှေ့မှာ ထိုင်ချလိုက်ပြီးမှ ဒေါ်ဓာယု ကို နောက်ပြန် မော့ကြည့်ကာ ...

"အဲ့ဒီ ရက်မြတ်ကောင်း ဆိုတဲ့ လူကြီးနဲ့ ချင်း ကို တကယ် ပေးစားတော့မှာလား ဟင် .."

"စေ့စပ်ထားဦးမယ် ထင်တာပဲ .."

"ဟင်!... တကယ်လား .."

"လက်ထပ်ပေးလိုက်ဖို့က ဟိုကောင်လေးက အလုပ်မအားဘူးတဲ့ .."

"အံမာ .."

"အခု မင်္ဂလာကိစ္စအတွက်တောင် ကောင်လေးဆီက သတ်မှတ်တဲ့အချိန်ကို သိ .."

"ဓာကြီး .."

"ဟင် .."

ခေါင်းဖြီးပေးနေသည့် ဒေါ်ဓာယု ရဲ့လက်တွေက ခေါင်းကို ရှောင်ပြီး ချင်း ထရပ်လိုက်တော့ ဘီးကိုင်လျက်နှင့် ရပ်တန့်သွားခဲ့ရကာ ...

"ဘယ်လို ဖြစ်သွားတာတုံး .."

"ဒီလူကြီး ဒီလောက်တောင် ကိန်းခန်းကြီးနေတာ .. ချင်း နဲ့ ပေးစားမယ် .. ဟုတ်လား .."

"ချင်းလေး ရယ် .. လန့်လိုက်တာဟယ် .. ပြန်ထိုင် .. တော်ကြာ မမကြီး လှမ်းခေါ်လို့ ချက်ချင်းမသွားနိုင်ဘဲ နေဦးမယ် .."

"ဓာကြီး .."

"ပြော ဆို .."

"ခုနကလည်း ဒီလူကြီးကိုပဲ မေမေတို့ အမွှန်းတင်နေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာ ..''

''အဲဒီတော့ ဘာဖြစ်လို့လဲ ..''

ဒေါ်ဇာယု က ချင်း ကိုယ်လေးကို ဖက်၍ ခုံမှာ ပြန်ထိုင်သွားအောင် အတော်ကြီး ကြိုးစားလိုက်ရကာ ပြန်မထအောင်လည်း ဒီတိုင်းသဲဖက်ထားရင်းဖြင့် ...

''ဒီလောက်တောင် တန်ဖိုးကြီးနေတဲ့ လူကြီးက ချင်း ကို ဘယ်လိုဆက်ဆံမလဲ .. တွေးကြည့်ဦး ..''

''အမလေးကွယ် .. ငါတို့ရဲ့ ချင်းလေး ဒီလောက် ချစ်စရာကောင်းတာ .. ချစ်ပြီးရင်းကို ချစ်နေဦးမှာ ..''

''ဇာကြီး နော် ..''

''ဟယ် .. ကျုပ်က အကောင်းပြောနေတာ .. ကိုယ့်ရုပ်လေးလည်း မှန်ထဲ ပြန်ကြည့်ပါဦး .. မျက်နှာလေးက ဖြူဖြူစင်စင် ပြည့်ပြည့်ဖူးဖူးလေး ... အရပ်လေး မနိမ့်မမြင့်နဲ့ ဆံပင်က တင်ပါးကျော်ကျော် အညိုရောင် နူးနူးညံ့ညံ့ ..''

''တော်ပါတော့ .. ဇာကြီး နော် .. ငိုချင်လာပြီ ..''

''ဟင် .. လှတာတွေကို ပြောပြနေတာကို ငိုချင်စရာ ဘာပါလို့လဲ ..''

ခေါင်းကို ခါပစ်လိုက် .. မျက်နှာကို မော့ကြည့်ပြီး စကားပြောလို့ လွဲသွားလိုက်နှင့် ခေါင်းဖြီးခြင်းကို တော်တော်နဲ့ လက်စမသတ်နိုင်ဘဲ ဖြစ်နေ၏။

''အဲဒီလူကြီးကို မလိုချင်ပါဘူး ..''

''ဩော် ချင်းလေး ရယ် ..''

''ဘာလဲ .. အဲဒီလိုကြီး စကားစပြီး ချင်း ကို တရားချဦးမလို့လား ..''

''မဟုတ်ဘူးလေ ..''





''ဘာ မဟုတ်တာလဲ ..''

''ဟုတ်တယ်လေ ..''

''တွေ့လား ..''

''ဩော် .. မဟုတ်ဘူးလေ ဆိုတာကို ဟုတ်တာပဲလို့ ကိုယ့်ဘာသာ ထောက်ခံနေတာက ချင်းလေး ကို ရှင်းပြချင်တဲ့စကား ..''

''မပြနဲ့ ..''

''မပြနဲ့ဆိုရင် ချင်းလေး ဒီတိုင်းပဲ စိတ်ညစ်နေရမှာပေါ့ ..''

''ဇာကြီး က ချင်း စိတ်ချမ်းသာမယ့်စကား ပြောမှာမို့လို့လား..''

''စိတ်ပြေရာပြေကြောင်း ရှင်းပြ ..''

''တော်ပါတော့ ..''

''ဟဲ့ .. ဟဲ့ .. ဩော် ...''

''တော်ပြီ .. မဖြီးနဲ့တော့ ..''

အဆင်သင့် ချပေးထားသည့် ဂါဝန်တွေကို ကြည့်ပြီးမှ တစ်ထည်မှ မကိုင်ဘဲ ဗီရိုကို သွားဖွင့်လျှင် ဒေါ်ဇာယု အပြေးတစ်ပိုင်း လိုက်သွားရလျက် ...

''အဲ့ဒါတွေ မကိုင်နဲ့ ချင်းလေး .. လူကြီးတွေ ရှေ့ကို သွားတယ်ဆိုတာ ဘောင်းဘီတို အင်္ကျီတိုတွေ မဝတ်ရဘူး ..''

''ဘောင်းဘီရော အင်္ကျီရော မတိုဘူးဆိုရင် မရဘူးလား ..''

''မရဘူး .. လုံးဝကို မရဘူး .. လာပါ ကလေးရယ် .. ညည်းလေး ကျုပ်ကို စိတ်ရှုပ်ရအောင် သိပ်လုပ်တာပဲ နော် .. တကယ်ပါပဲ ..''

ခုတင်နားထိ ပြန်ခေါ်လာပြီး ဖြန့်ခင်းပေးထားသည့် ဝတ်စုံတွေကို သေချာ ကိုင်ပြရကာ ...

''ကြည့်ပါဦး .. မြန်မာဝတ်စုံလေးတွေပေမယ့် ကျပ်ကျပ်ကပ်ကပ် ရှည်ရှည်ပိုင်းပိုင်းတွေ ဘာမှမပါဘူး .. ခေတ်မီမီ ယဉ်စစလေးတွေ ..''

''ကျပ်ကျပ်ကပ်ကပ်တွေဖြစ်ဖြစ် .. ရိုးတာယဉ်တာဖြစ်ဖြစ် ဝတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ် .. အဲ့ဒီလူကြီးရဲ့ မိဘတွေ သဘောကျအောင်ကို မဝတ်ချင်တာ .."

"အဲ့ဒါ လွဲနေပြီ ချင်းလေး ရယ် .. သတို့သားလောင်းရဲ့ .."

"ဟာ!... ဇာကြီး ပြောမှ ပိုဆိုးနေပြီ .. အဲ့လိုကြီး မပြောစမ်းပါနဲ့.. စေ့စပ်ထားမယ်ထင်လို့ လက်ခံထားတာ နော် .. ဒါပဲ .."

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် သူတို့ အသံတိတ်သွားကြစဉ် ...

"မမလေး .."

"ဘာလဲ .. ပြော .."

"မေမေကြီးက .."

"အေး .. လာမယ်လို့ ပြောလိုက် မယ်သူ .."

"ဟုတ်ကဲ့ အကြီးဇာ .."

ဒီအိမ်မှာ ဒေါ်ဇာယု က ချင်း ရဲ့ နို့ထိန်းသဖွယ် ဖြစ်နေပြီမို့ ဒေါ်သူဇာလင်း တို့ကအစ ကိုယ့်ဆွေမျိုးသားချင်းသဖွယ် အခွင့်အရေးလည်း ပေးသည်။ ချစ်ချစ်ခင်ခင်ပဲ နေခဲ့ကြတာမို့ မိသားစုဝင်တစ်ယောက်ဆိုလည်း မမှားပေ ...။

ထို့ကြောင့် တခြား အိမ်အကူ အလုပ်သမားအားလုံးက ဒေါ်ဇာယုကို မလေးမစား မဆက်ဆံရဲကြ ...။

"ခုပဲ အကြီးဇာ ခေါ်လာမယ်တဲ့ မေမေကြီး .."

"အေး .. အေး .."

ဒေါ်သူဇာလင်း က ညှိသည်တွေကို ထမင်းစားခန်းထဲ ခေါ်လာခဲ့ရင်း ...

"အဲ့ဒါကြောင့် ပြောတာ မသက် ရဲ့ .. စေ့စပ်ထားလိုက်ရင် ကျွန်မတို့တွေ ကလေးတွေအတွက် စိတ်ချရပြီပေါ့ .. ကောင်း လည်း သူ့အလုပ်အတွက် အဆင်ပြေမယ်လေ .."





"ကောင်းတာပေါ့ မသူဇာ ရယ် .. ဒီ့ထက်ကောင်းတဲ့ အစီအစဉ်တောင် ဒီလောက် မကောင်းနိုင်ဘူး .. ကျွန်မတို့မှာ အရင်ကလိုဆိုရင် ပြဿနာ မရှိပါဘူး .. အခုက အားလုံး သန်လျင်မှာ ရောက်နေကြပြီဆိုတော့ .."

"မပူပါနဲ့ဆိုမှ မသက် ရယ် .. ခြံရင်းမှာပေမယ့် လုံးချင်းတိုက်လေးပါ ..၊ ထပ်နိုးလေးနဲ့ ကျယ်ကျယ်ဝန်းဝန်းလည်း ရှိတယ် .. တစ်ယောက်တည်းအတွက်ဆို အကျယ်ကြီးပဲ .."

"မေမေ .. ဘယ်တိုက်ကို ပြောနေတာလဲ .."

"ဟော .. သမီးလေး လာပြီ .."

ချင်း က ဝင်မလာခင်တည်းက မကျေနပ်သံကို အရင် ပို့လွှတ်ထားပြီးဖြစ်ကာ ဝင်လာတော့ မျက်နှာလေးက စူပုတ်ပုတ် ဖြစ်နေလျှင်...

"သမီး စွန်လွှတ်နေတဲ့ ခြံရင်းက ခေါင်မိုးစိမ်းလေးလေ .."

"သိသားပဲ .. အဲ့ဒီ ခေါင်စိမ်းကို မေမေ ငှားတော့မလို့ မို့လား.. တစ်ဆိတ်ရှိ ငှားဖို့ချည်းပဲ မေမေရယ် .. မလုပ်ပါနဲ့ .. အပေါ်မှာ ချင်းရဲ့ ကစားကွင်း ရှိတဲ့ဥစ္စာ .."

ကစားကွင်းလို့ ပြောလိုက်တော့ ဒေါ်သက်သက် က ချင်း မျက်နှာလေးနဲ့ တစ်ကိုယ်လုံးကို သေချာကြည့်သည်။

ငုဝါရောင်ဖျော့ဖျော့ ရှိမိုင်းအသားဖောက်ဇာ ရင်ဘတ်အပေါ်ပိုင်းမှာ တစ်ဝက်နှင့် စကက်ရှည်၏ ဒူးအောက်နားမှာလည်း ဖောက်ဇာတွေကြောင့် နန်းဆန်နေသည်။

မျက်နှာတစ်ဝိုက်က ဆံပင်တွေကို ဘီးကုပ်အစိမ်းနုလေးနှင့် သိမ်းလုန်ထားကာ ရှည်လိုက်သည့်ဆံပင်တွေက ရှည်သလောက်ကို ပျံ့နေတာ ဖြစ်သည်။

ဒီလောက် မဟာဆန်ဆန် ယဉ်စစ မိန်းမငယ်လေးက စွန်လွှတ်

www.burmeseclassic.com



သည်ဆိုတည်းက အံ့ဩနေမိခြင်းသည် တိုက်ခေါင်မိုးထက်မှာ ကစားကွင်းဆိုတော့ ...

"သမီးလေးက ခေါင်မိုးပေါ်မှာ ကစားတာလား .."

မနေနိုင်ဘဲ မေးမိတော့ ကော့နက်သည့် မျက်တောင်ဖျားတို့ ဖျတ်ခနဲ ပုတ်ခတ်သွားကာ မျက်ဝန်းလေးတွေ သူမဆီ ဦးတည်လာ၏။

"ဟုတ် အန်တီ .. ချင်း က တစ်ယောက်တည်းလည်း ကစားတတ်တယ် .. တစ်ယောက်တည်း ကစားလို့ မရတာမျိုးဆိုရင် မယ်သူတို့ .. ကိုတိုး တို့ .. ဦးကြီးပိုက် တို့ .. တစ်ယောက်ယောက်နဲ့ ဒါမှမဟုတ် အကုန်လုံးကို ခေါ်ဆော့တာ .."

"ဟင်!... ဟုတ်လား .."

"တစ်ခါ တစ်ခါဆို ဓာကြီး တောင် ပါသေးတယ် .."

"ဩော် .."

ဓာကြီး ဆိုတာက ဒေါ်ဓာယု ကို ပြောမှန်း သိလိုက်သဖြင့် ဒေါ်သက်သက် အကြည့်တွေက မလှမ်းမကမ်းမှာ ရပ်နေသော ဒေါ်ဓာယု ဆီ ရောက်သွား၏။

ဒေါ်ဓာယု က ကိုယ်ကို မတ်မတ် ပြင်လိုက်ပြီး ပြုံးရယ်လျက်...

"ဟုတ်တယ် .. သူ ခေါ်ပြီဆို .. ဘယ်သူမှ မနေရပါဘူးရှင် .."

ဒါပဲ ဖြေပြီးတာနှင့် ခေါင်းလေး ငုံ့၍ အပြင်ထွက်သွား၏။ ချင်းက ဒါကိုပဲ ပျော်နေကာ ...

"ဒီက ကြည့်တော့ တိုက်က သေးပေမယ့် ခေါင်ပေါ်မှာကျတော့ မိန်းကလေး ဆန်ကောရှက်ထားသလိုမျိုး လုပ်ထားတာလေ .."

"ဟုတ်တယ်.. ဟုတ်တယ် .. မြင်တယ် .. အန်တီတောင်မှ အဲ့ဒါကို ကြည့်ပြီး ဒီဇိုင်းတစ်မျိုးလေးပဲဆိုပြီး ခြံထဲ ဝင်လာတုန်းက သေချာ လှမ်းကြည့်နေမိသေးတာ .."

အားပါးတရ ပြန်ပြောလိုက်ပေမယ့် 'ဒီအန်တီကြီးတော့ ရင်ထဲမှာ



BURMESE CLASSIC



ကလိကလိ ယားနေပြီ'ဆိုပြီး ကျေနပ်လို့ မဆုံး ..

"ကြည့်ရတာ ကိုမောင်မောင်ချင်း က အင်ဂျင်နီယာပီပီ သူ့သမီးအတွက် သေချာ စိတ်ကူးပြီး ဆောက်ပေးထားတာပဲ .."

"ဟုတ်ပ မသက် ရယ် .. ကိုမောင် ကလေ စီးပွားရေးတွေသာ လုပ်နေတာ .. သူ့ဝါသနာကို အကောင်အထည်ဖော်ရမယ့် အခန်းကဏ္ဍရောက်လာပြီဆိုရင်လည်း စိတ်ပါလက်ပါ လုပ်တယ် .. အချိန်လည်း ပေးတယ် .."

"ဘာထူးလဲ .. အစ်ကိုလည်း ဒီတိုင်းပဲလေ .. အလုပ်နဲ့ ပတ်သက်ပြီး ညည်းညူတယ်ဆိုတာ တစ်ခါမှ မရှိဘူး .. အဲ .. ညည်းတာ တစ်ခုပဲ .."

ဒေါ်သက်သက် က ပြောလက်စနှင့် ရယ်လိုက်ရင်း ...

"ဘယ်အင်ဂျင်ဖြစ်ဖြစ် သူ အားလုံးကို ကျွမ်းကျင်တယ်တဲ့ .. ဒါပေမယ့် ကလေးလုပ်တဲ့စက်တော့ ခုချိန်ထိ မလုပ်နိုင်ဘူးတဲ့ .. အဟွန်း .. ဟွန်း .. ကလေး သိပ်လိုချင်တာကိုး မသူဇာ ရဲ့ .."

"ဩော် .. ဟုတ်တာပေါ့ .."

ကလေး မရနိုင်တဲ့ ဇနီး ဆိုပြီးတော့လည်း မငြိုငြင်ခဲ့ရှာပါ ...၊ ဒေါ်သက်သက် တို့ အိမ်ထောင်ရေးကို သိထားသဖြင့် ဒေါ်သူဇာလင်း စိတ်မကောင်း ဖြစ်မိကာ ရယ်တောင် မရယ်ရက်ပါ ...။

"အဲ့ဒါလည်း သားကြီး ရက်မြတ်ကောင်း ရဲ့ကံပဲ ထင်ပါတယ်.. မိသားစုနှစ်စုမှာမှ ကလေးဆိုလို့ သူ တစ်ယောက်ပဲ ရခဲ့တာလေ .."

ဒေါ်သက်သက် ကတော့ နာကျင်စရာတွေပေမယ့် ကျေနပ်စရာလို့ ရှာကြံ တွေးရှာ၏။

"သူ့တူကို အစ်ကိုက သူ့သားလေးလိုကို ချစ်တာ .. ခုလည်း သူ မလာနိုင်တာကို သူ့တူ မျက်နှာငယ်မှာ စိုးလို့တဲ့ .. မသူဇာ တို့ စိတ်မဆိုးအောင် သေချာ ပြောပြဖို့ မှာနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အို – ဒီမှာလည်း ကိုမောင် မရှိဘဲ ဖြစ်နေတာကို ဘယ်လောက် အားနာနေရတယ် မှတ်လဲ ..၊ တို့တွေအတွက် မကောင်းတတ်တာ မရှိပါဘူး မသက် ရယ် .. ဘာဖြစ်ဖြစ် ပွင့်လင်းစမ်းပါ .. ယောက်ျားတွေ အလုပ်မအားလည်း ကလေးတွေကိစ္စကို တို့ချင်း စီစဉ်ကြတာပေါ့ .."

လူကြီးတွေကတော့ စကားတွေ ဟိုရောက်ဒီရောက်နှင့် အဆင်ပြေနေကြ၏။

ထမင်းစားပွဲမှာ ထိုင်ပြီး ဘာမှ မစားရသေးသည့်အဖြစ်ကြောင့်ချင်း ကတော့ မျက်နှာလေး မသာမယာ ဖြစ်လာခဲ့လျက် ...

ကိုယ် ဘယ်လောက်ထိ ကဲတာ ရဲတာတွေ ပုံကြီးချဲ့ ပြောမလို့ လျှာပေါ်မှာ တန်းစီတင်ထားတဲ့ စကားလုံးတွေလည်း အမိန့်ပေးမယ့်သူ မရှိဘဲ တန်းဖြုတ်ခြင်းသို့ ရောက်လေသည်။





အခန်း (၂)

"ကျွန်တော့်အတွက် ဘယ်နေရာဆိုတာမျိုး သီးသန့် စီစဉ်နေစရာ မလိုပါဘူး မေမေလေး ရာ .."

"လိုတယ် သား .. အလုပ်အတွက် နေရာ လိုသလို ဘဝအတွက် ကြင်ရာလည်း လိုတယ် .. သားမှာ ရုပ်ရည်ရှိတယ် .. ပညာတတ်တယ်.. စိတ်မချနိုင်တော့တာက အဲဒီလို ယောက်ျားလေးတစ်ယောက်က ခုချိန်ထိ ချစ်သူတောင် မရှိခဲ့တာပဲ .."

"ချစ်မယ့်လူ မရှိလို့မှ မဟုတ်တာ .. ကျွန်တော် ကိုယ်တိုင်က.."

"သိတယ် .. အဲဒါတွေကို သိလွန်းလို့ ခက်နေတာ .."

ကားမောင်းရင်း သက်ပြင်းချမိပေမယ့် မျက်နှာကတော့ ပြုံးယောင်သမ်းသွားခဲ့သည်။

"ချစ်မယ့်သူတွေမှ အများကြီးပဲလေ .. တွဲချင်တဲ့မိန်းကလေးတွေ– လက်တွဲဖော်အဖြစ် အလိုရှိနေကြတာတွေ ..၊ ဒီမှာ သား .. သားရဲ့

www.burmeseclassic.com



[illegible]တွေဟာ အသေအချာပေမယ့် မေလေးတို့ မောင်နှမ မွေးချင်းတွေထဲမှာတော့ အချမ်းသာဆုံးပဲနော် .. မေလေးတို့တွေက ပညာတတ်တာကို ဂုဏ်ယူပြီး ကျေနပ်နေချိန်မှာ သားရဲ့မိဘတွေက ချမ်းသာဖို့ လိုအပ်တယ်ဆိုတဲ့မာနနဲ့ ရုန်းကန်ခဲ့ကြတာ .."

"ဟုတ်ပါပြီ.. ကဲပါ .. ကျွန်တော် ပြန်ရောက်မှပဲ အဲ့ဒါတွေ ဆက်ပြောရအောင်ပါ ..၊ ခု မေမေလေး ဘာစားမလဲ ..၊ လက်ဆုံ မစားရတာကြာပြီဆိုတော့ စားစရာတွေ ဝယ်ခဲ့မယ်လေ .."

"မလိုပါဘူး သားကြီး ရယ် .. မေလေး သားကြီး ပြန်ရောက်မယ့်နေ့မို့လို့ ဒီမှာ ဟင်းတွေ ချက်ထားလိုက်တာမှ စုံနေတာပဲ ..၊ အဲ့ဒီလိုကားမလွဲနဲ့ သေချာ နားထောင် .."

သူ ကားမောင်းရင်း ရယ်မိကာ ...

"မေမေလေးပဲ ကားမောင်းရင်း ဖုန်းမပြောရဘူးလို့ ပြောတာနော် .."

"အေးလေ .. သားက နားကျပ်နဲ့ ပြောနေတာ မဟုတ်ဘူးလား.."

"အဟွန်း .. ဟွန်း .."

"အေးပါ .. အေးပါ .. မပြောတော့ပါဘူး .. ဒါပေမယ့် မနက်ကပဲ သား ပြန်ရောက်ပြီလားလို့ သားရဲ့ဖေငယ်က အလုပ်ထဲကနေ ဖုန်းဆက်နေတာ ..၊ အဲ့ဒါ ခု မေလေးနဲ့ မတွေ့ခင်များ သူ့ဖုန်းဝင်လာရင် မသူဇာတို့ ခြံထဲမှာပဲ နေဖို့ကိစ္စကို သား သဘောမကျသလိုလို သွားမပြောနဲ့နော် .."

နားထောင်ရင်း သူ ရယ်လိုက်တော့ ဖုန်းထဲမှာ မေမေလေးအသံနိုးရိမ်တကြီး ဖြစ်သွားကာ ...

"မပြောလိုက်ပါနဲ့ သားကြီးရယ် .. မင်းရဲ့ ဖေငယ်ကလည်း မိန်းကလေးအိမ်မှာ သွားနေခိုင်းတာ သားက သဘောကျပါ့မလားလို့ ပြောနေတာ .."





'ငါ့သား သဘောမကျရင်တော့ မင်း ဖွတ် မစီစဉ်ပါနဲ့'လို့လည်း ဖေငယ် ပြောခဲ့မှာပါ။ သူ့အတွက် ဖေငယ် ပါဝင် ကာကွယ်တတ်ခဲ့တာတွေကို သိနေသဖြင့် မေမေလေး မပြောပေမယ့် သူ တွေးမိလိုက်သည်။

"သားကြီး .. သားကြီး နားထောင်နေလား ဟင် .."

"ဟုတ်ကဲ့ပါ .. ပြောလေ မေမေလေး .."

"အေးပါ.. သိပ်မပြောတော့ပါဘူး .. အဲ့ဒါပဲ နော် သား ..၊ သားအတွက် နှစ်ဖက်စလုံး အဆင်ပြေသွားအောင် မေလေး က စီစဉ်တာပါ .."

"ဟုတ်ကဲ့ပါ .."

"သမီးလေးကလည်း လှလိုက်တာမှ သားရယ် .. နုနုငယ်ငယ်ချစ်စရာလေး သိလား .. ဒါပေမယ့်လေ အသက်ငယ်တော့လည်း ဆိုးတာလေးတွေတော့ ရှိမှာပေါ့ကွယ် .. အိမ်ပြန်ရောက်မှပဲ သေချာ ပြောပြမယ် သိလား..၊ ဒါနဲ့ သားဆီကို ဓာတ်ပုံပို့လိုက်ဖို့လေ အဲ့ဒါ .. အဲ့ဒါက .."

"ခု ပြန်လာပြီပဲ မေမေလေး ရာ .. မလိုတော့ပါဘူး .."

"အဟွန်း .. ဟုတ်တော့ ဟုတ်ပါတယ် .. အဲ့ဒါကလေ .. ဟိုကွယ်.. သမီးလေးက ငယ်သေးတော့ အိမ်ထောင်ပြုချင်ပုံတော့ မရသေးဘူးပေါ့နော် .. အဲ့ဒါကို ပြောပြထားချင်လို့ .."

'ဒါပါပဲ မပြောတော့ဘူး ..'ဆိုပြီး မေမေလေး စကားမဖြတ်နိုင်ဖြစ်နေတာကို သူ ပြုံးနေမိ၏။

ကားကို မှန်မှန်မောင်းနေရင်း သူ ခရီးထွက်နေသည့် တစ်နှစ်နီးပါးအတွင်း ပြောင်းလဲသွားသည့် လမ်းတံတားတွေကို ကြည့်၍ နားကိုပါ အလုပ်ပေးထားခဲ့သည်။

သူ မသွားခင်တုန်းက ဒါတွေ ခင်းကျင်းပြင်ဆင်နေဆဲမို့ လမ်းတွေ ကျပ် ..၊ သွားရလာရတွေ ဒုက္ခရောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ အစစအရာရာ အားလုံး အဆင်ပြေသွားတာတော့ မဟုတ်သေးပေမယ့် တခမ်းတနား ပြောင်းလဲသွားတာကို မြင်ရတာက ကျေနပ်စရာပါ ..။

"သားရေ .."

"ဗျာ .. ပြောလေ မေမေလေး .."

"သား ကားတွေ ကျပ်နေလား ဟင် .."

"မကျပ်ဘူး မေမေလေး .. ပြောပါ .. ရတယ် .."

"မပြောတော့ပါဘူး သားရယ် .. အဲ့ဒါလေးပဲ သား သိစေချင်လို့ပါ ..။ ဓာတ်ပုံ သားဆီ ပို့ချင်လို့ တောင်းတာ မသူဇာ ကတော့ ပို့လိုက်တယ် ပြောတာပဲလေ ..။ မေလေးဆီ ရောက်တော့ မူကြိုကျောင်းသူ ပုံလေး ဖြစ်နေတာနဲ့ .."

"ဟား .. ဟား .. ဟား ..."

သူ ရယ်လိုက်တော့ မေမေလေး ရဲ့ ရယ်သံကိုပါ ကြားရကာ ...

"သား အဲ့ဒါကို ဘယ်လိုမှ မခံစားရဘူးလား ဟင် .."

"ဘာလို့ ခံစားရမှာလဲ မေမေလေး ရ .. ဒါ သူ့ဆန္ဒပဲဟာ .."

"မဟုတ်ဘူး .. အေး .. ဟုတ်တယ်လေ .. အဲ့ဒီဓာတ်ပုံကိစ္စကို ချင်း က လဲပစ်လိုက်တာပဲလို့ မေလေး က သိတယ် ..။ အဲ့ဒါ သား စိတ်ထဲမှာ .."

"ဘာမှ မဖြစ်ဘူး မေလေး .."

မေမေလေးကို 'မေလေး'လို့ပဲ ခေါ်ဖြစ်တာတွေလည်း ရှိတာမို့ စကားပြောရင်း မေလေး လို့ပဲ မကြာခဏ ခေါ်မိရင်း ...

"မြင်တောင် မမြင်ဖူးကြဘဲနဲ့ ဘယ်သူက လက်ထပ်ချင်မှာလဲ.."

"ဒါဆို သားကြီး ကရော .."

"ဒီတိုင်းပဲလေ .."

"ဟင်!..."





"ဒါပေမယ့် ကျွန်တော်က ကလေးမှ မဟုတ်တော့တာ .. သူက ခုမှ ကျောင်းပြီးကာစပဲ ရှိသေးတာလေ .. ပြီးတော့ ခု လက်ထပ်ကြမှာလည်း မဟုတ်သေးတော့ သူ့ဘက်က ဘယ်လိုဆန္ဒတွေ ရှိနေနေ ကျွန်တော် စိတ်မဝင်စားဘူး .."

"ဟင်!..."

နောက်ထပ် 'ဟင် ..'သံမှာ စိတ်ဆင်းရဲသွားတာ သိသာနေကာ...

"သားရယ် .. မေလေး ကတော့လေ .. အေးပါလေ .. တို့သားအမိတွေ့မှပဲ အေးဆေး ပြောကြတာပေါ့ .."

"အဟွန်း .. ပြောပါ .. ခုထက် အေးဆေးတာ ဘာရှိမှာလဲ ..၊ ကျွန်တော်လည်း အိမ်ကို တည့်တည့်မပြန်သေးဘဲ ကားပတ်မောင်းနေတာ .."

"ဟုတ်လား .."

မပြောဘူးဆိုပြီး ပြောမှာပဲဆိုတာ သေချာနေတာမို့ သူ တကယ်ပဲ လျှောက်ပတ်မောင်းနေလိုက်တာပါ ..။

ဒီလို စိတ်လွတ်ကိုယ်လွတ် သွားလာခံစားရတဲ့ ဖီလင်မျိုးကို မခံစားခဲ့ရတာလည်း ကြာပြီမို့ ...

"ပြောဆိုရင်တော့ ပြောချင်တာတွေ အများကြီးပဲ သားရယ် .. မေလေးက သားကို မရအရ လိုချင်နေတဲ့ အသိုင်းအဝိုင်းမျိုးတွေကြားထဲ အရောက်မခံနိုင်ဘူး ..။ လူတိုင်းဟာ ဘယ်လောက်ပဲ လိမ္မာပါစေ အချစ်နဲ့ တွေ့လိုက်ရင် တစ်ခါလောက်တော့ မိုက်မဲတတ်ကြတာပဲ .."

ပြောပြီး သူ ဘာပြောမလဲ ခဏစောင့်သည် ..။

ပြီးမှ ဆက်၍ ...

"သားကြီးကို မေလေးက ဖူးဖူးသန့်သန့် နုနုငယ်ငယ်လေးနဲ့ ဆွေဂုဏ်မျိုးဂုဏ် ပညာအဆင့်အတန်း ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ မိန်းကလေးမျိုးနဲ့ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မေလေး ရာ .. ပြည့်စုံတဲ့ဘ၀ဆိုတာ ဘယ်မှာ ရှိလို့လဲ .."

"ရှိကို ရှိတယ် သား .. ဥစ္စာပေါ ရုပ်ချော ပညာတတ်ပြီး စာရိတ္တကောင်းတဲ့ မိန်းမ ယောက်ျားတွေ .."

"စိတ်ဓာတ်ရော ကောင်းပါ့မလား .."

"စိတ်ဓာတ်ကောင်းတယ်ဆိုတာကမှ မရှိတာ .. အဲ့ဒါကတော့ ဘယ်သူ့မှာမှ မပြည့်စုံဘူး သား .. ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ ဘ၀တစ်ခုကို အစကနေ မဆုံးခင်အထိ အပြောင်းအလဲတွေ အမျိုးမျိုးနဲ့ ဦးဆောင်သွားတာ အဲ့ဒါ စိတ်ပဲ ..၊ စိတ်လောက် အမျိုးမျိုး ပြောင်းလွယ်တာ မရှိဘူး .."

မေလေး က ဒါကျတော့ ကလေးဆန်တာတွေ ပျောက်နေပြန်ကာ ...

"အရမ်းဆိုးတာတွေနဲ့ နည်းနည်းတော့ ဆိုးတတ်တာမျိုးတွေပဲ ကွာလိမ့်မယ် ..၊ 'ရုပ်လှရင် မချမ်းသာကြဘူး .. ချမ်းသာတဲ့လူတွေဆိုလည်း မလှပါဘူး' ဆိုတဲ့ စကားတွေက အဲ့ဒီလို မပြည့်စုံမှုတွေနဲ့ ကိုယ်တိုင် ဘ၀င်မကျဖြစ်ပြီး သူ့ပတ်ဝန်းကျင်မှာလည်း ဒီလိုမျိုးတွေကိုပဲ မြင်နေရလို့ပါ .."

သူ ဘာမှ မပြောတော့ဘဲ နေလိုက်မိသည်။

အချိန်နဲ့ အလုပ်ကြားမှာပဲ မအားလပ်နိုင်အောင် ရှိနေခဲ့ရတဲ့ သူ့အတွက် တခြားလူတွေကို မပြောနဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုတောင် စိတ်မဝင်စားနိုင်ခဲ့ပေ ..၊

သက်ကြီးစကား သက်ငယ်ကြားဆိုတဲ့အတိုင်း ဒါတွေဟာ မှတ်သားစရာပဲလို့ တွေးနေမိဆဲ ...

"ဟာ!..."

"အား!..."

သူ ဘရိတ်အုပ်လိုက်တာ အချိန်မီရဲ့လား မမီဘူးလားတော့ မသိ...၊





သူ့ကားရှေ့မှာ မိန်းကလေးတစ်ယောက် လဲကျသွားပြီဆိုတာကိုတော့ သေချာ မြင်လိုက်၏။

"သား .. သားကြီး ဘာဖြစ်တာလဲ .."

"ဟင် .. ဘာမှမဖြစ်ဘူး မေမေလေး .. ခဏနော် .. မိတ်ဆွေတစ်ယောက်နဲ့ အရေးတကြီး ဖြတ်ပြောစရာ ရှိလို့ .."

"ဩော် .. အေး .. အေး ..."

ဖုန်းမအားပေမယ့် တစ်ဖက်က ခေါ်နေလျှင် သူ့ဖုန်းက သိသည်။ ဒါကို မေလေး တို့လည်း သိနေသဖြင့် ဒီတိုင်း ညာလိုက်ရသည်။

ကားရပ်ပြီး ကမန်းကတန်း ဆင်းလိုက်တော့ စကိတ်ဖိနပ်နှင့် ခွေခေါက်လဲနေသော မိန်းကလေးတစ်ယောက် ...၊

သူ့ကားနဲ့တော့ ထိမိပုံ မပေါ်သေးပါ ...၊ ဒါပေမယ့် ပန်းခြံ ပလက်ဖောင်းလေးနဲ့ ဖိနပ် တိုက်မိပြီးမှ လူက မြက်ခင်းပြင်ပေါ် လဲကျသွားခဲ့တာလား မသိ ...။

"အား!... သေပါပြီ .."

"ဘယ်လိုဖြစ်သွားတာလဲ .. ကိုယ့်ကားနဲ့တော့ မတိုက်မိပါဘူးနော် .."

"ဒီက ဒီလောက် ပြေးလာတာကို အဲ့ဒီကားနဲ့ တိုက်မိရင် သေပြီပေါ့ .."

မျက်နှာက မမော့သေးဘဲ ရန်တွေ့သံကို အရင် ပစ်လွှတ်သည်။

ထိပ်ဦးကနေ တန်းဆင်းကျနေသော ဆံပင်ရှည်တွေက ပခုံးကနေ ကျောတစ်ပြင်လုံးကို ဖုံးလွှမ်းကာကွယ်၍ တင်ပါးထိ ဆင်းပြီးတော့လည်း မဆုံးသေးဘဲ မြက်ခင်းပေါ်မှာ ဖေးတင်ခြင်းဖြင့် ရပ်၏။

မဟူရာကတ္တီပါကဲ့သို့ ဆံနွယ်ရှည်များနှင့် သူမသည် ခန့်ရဲရဲ ဆောင်းဘီတို .. အဖြူရောင် တီရှပ်လေးနှင့် ဖြစ်နေကာ ဖေးသွယ်လျသော ပေါင်တံတို့၏ အလှတရားတွေက ဆံနွယ်ရှည်တို့နှင့် မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်စွာ ...

"ဟော့ .. မင်း မျက်နှာ ဘာလို့ ငုံ့နေတာလဲကွ .. ဘာဖြစ်သွားတာလဲ သိရအောင် နည်းနည်းပါးပါး ထရပ်ကြည့်ဖို့ .."

သူ့စကား မဆုံးခင် ငိုက်ကျနေသည့် ဆံနွယ်တွေ လွင့်ခနဲ ခါသွားကာ မျက်နှာလေး မော့လာ၏။

"မျက်နှာမော့ရအောင် မျက်နှာကို ထိတာ မဟုတ်ဘူး .. ခြေထောက်ကို ထိတာ .."

နှာတံကော့ကော့ထင်းထင်းလေးနှင့် နှုတ်ခမ်းလေးကတော့ သိပ်မပါးပါ ...၊ ဒါပေမယ့် ရန်တွေ့ကောင်းတာက အံ့ဩစရာ ...၊

ပြီးတော့ လူကို မော့ကြည့်နေသည့် မျက်ဝန်းလေးတွေက တိုစိပ်စိပ် မျက်တောင်တို့ ဝန်းရံလျက် အညိုရောင် လက်လက်လေး ...၊

"ရှင်က .."

သူမကလည်း လူကို မြင်ကာမှ သေချာကြီး ကြည့်နေကာ ...၊ ပြီးတော့ လက်ညှိုးလေးပါ ပင့်တက်လာရင်း ...

"ရှင့်ကို သိ .."

"ဟင်!... ကိုယ့်ကို သိနေတယ် .. ဟုတ်လား .."

"မသိပါဘူး .. သိစရာလား .."

လဲကျနေရသည့် သူမလေးက ချင်း ပဲ ဖြစ်ကာ ...၊ ခေတ်ပုံကို သေချာ မြင်ဖူးထားသဖြင့် သူမရှေ့က ယောကျ်ားဟာ ရက်မြတ်ကောင်း ဆိုသူမှန်း သိလိုက်သည်။

မဖြစ်ဘူး ...၊ ဒီလူကို ပြေပြေပြစ်ပြစ် ဆက်ဆံထားလို့ မဖြစ် ...၊

"ရှင်ကြီးက လူကို ဘာကြည့်နေတာလဲ .."

"ဟာ!..."

"ဟွန်း .. ရှင့်ကားနဲ့ မထိမိမှန်း သိလျက်နဲ့ မိန်းကလေးဆိုပြီး ဖောရှော လာလုပ်တာလား .."





"ဟော့ .. မင်း စွာလှချေလား .."

"ဟုတ်တယ် .. ဒီက နေရာမှာ ယောကျ်ားကြီးတစ်ယောက်ဆိုရင် ကားနဲ့ မထိမိဘဲ ကားရှေ့ လာလဲပြီး အကြံအဖန် လုပ်တာလား ဘာညာတွေနဲ့ ဆင်းဟောက်မှာ .. ဟွန်း .."

"ဟုတ်တယ်လေ .. လူကို ကြည့်ပြီး ဆက်ဆံရတာပေါ့ ...၊ မင်းပုံစံအဲဒီလိုလုပ်မယ့်ပုံ မပေါက်လို့ .."

"ဟွန့် .. ရယ်ရတယ် .."

"အဲ့ဒီမှာ အူတက်အောင် ရယ်လိုက်တော့ .. မတက်သေးဘူးဆိုရင် ကိုယ့်ဘာသာ ထပ်ပြီး ကလိထိုး ရယ်လို့လည်း ရသေးတယ် ...၊ ဘယ်လိုလဲ .."

အံမာ .. သင်းက တစ်ပြန်စီးပါလား ...၊

ချင်း မျက်နှာလေး တင်းသွားချေသည်။ ဟန်လုပ်ထားရသည့် ဒေါသက အမှန်အကန် ထဖြစ်လာကာ ...

"အူတက်ပြီး သေမှာစိုးလို့ မရယ်တော့ဘူး ...၊ တော်ကြာ ရှင်ကြီးက အကြံအစည်တွေနဲ့ စောင့်ကြည့်နေမှာ ဆိုတော့ .."

"ဟော့ .. မင်း!..."

ထွက်စမ်း ဒေါသတွေ ...၊

ဒီက စပြီး ပဋိပက္ခဖယားနဲ့ ရွေ့ကြရမှာ ...၊

သူမ ဝမ်းသာအားရ ကြံစည် မြူးပျော်နေစဉ် ကောင်း က ခပ်နွဲ့နွဲ့ ခါးထောက်၍ ...

"မင်းမှာ လူမသိအောင် လုပ်ရမယ့် အကြံအစည်တစ်ခုခု ရှိနေတဲ့ပုံပဲ .."

"ဘာ!... ပြောတယ် .."

"အခုချက်ချင်း မင်းရဲ့ဘေးမှာ လူတစ်ယောက်မှ ရှိမနေရင် ဖြစ်မယ့်ကိစ္စမျိုး .."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း .. ဒီလူကြီး ...။

လောင်.ကုတ်ကြီးဖားဖား .. ဘောင်းဘီပွပွနှင့် ဆံပင်က လူဆိုး ဂိုဏ်းခေါင်းဆောင်ကြီးလို ခပ်အုပ်အုပ် အရှည် ...၊

ကမ္ဘာပတ်လာတဲ့ ရုပ်ကြီးနဲ့ တော်တော်ကို ကျွမ်းကျင်နှံ့စပ်ခဲ့သည့် အကြည့်ရှူးရှူး .. မထိတထိ မဲ့ပြုံးတွေ ...၊

"ဒါဆို သေချာသွားပြီ .."

"ဘာကို သေချာတာလဲ ...၊ ရှင်ကြီး ကိုယ့်လမ်းကိုယ်သွား နော်.. ချင်း ဘာသာ ဘာဖြစ်ဖြစ် .."

"ဘာ .. ချင်း ဆိုတာက .."

"ဘာဖြစ်ဖြစ် .."

စိတ်တိုလွန်းကာ ကိုယ့်ဘာသာ ထရပ်လိုက်ဖို့ မဆုံးဖြတ်ရသေးမီ ကြိုးစားမိပြီးဖြစ်ရာ ...

"အား!..."

မြက်ခင်းပြင်ပေါ် သူမ ပုံခနဲ ပြန်ကျသွားတော့ ရယ်သံသဲ့သဲ့နှင့်...

"ဒဏ်ရာဖြစ်သွားတာ မင်းကိုယ်မင်း သိတယ် .."

"သိတော့ ဘာဖြစ်လဲ .. အခွင့်အရေးယူတတ်တဲ့ ယောကျ်ားတွေကို ပတ်ကို မပတ်သက်ချင်တာ .."

"ဘယ်သူက မင်းကို ပတ်သက်ပါရစေ ပြောနေလို့လဲ ...၊ အခု မင်း ဒီပုံစံနဲ့ လမ်းဘေးမှာ တစ်ယောက်တည်း ကျန်ခဲ့ရင် ဘာဖြစ်သွားမယ် ထင်လဲ .."

ဖိနပ်စီးပြီးတော့ ရှောခနဲ လှည့်ပြန်ဖို့ကလည်း မဖြစ်နိုင်တော့ပေ...၊ ဒီလူကို ပဋိပက္ခဖြစ်လိုခြင်းသာ ဆန္ဒစောပြီး ချင်း ကိုယ့်ဒုက္ခကိုတော့ မတွေးမိခဲ့ ...။

"ဘယ်လိုလဲ .. ကိုယ် ထွက်သွားရမလား ...၊ မင်းကို တစ်ခုခု လုပ်ပေးစေချင်သလား .."





"ဒါဆို .."

အိမ်ကို ဖုန်းဆက်ပေးလို့ ပြောမလို့ပေမယ့် အိမ်က ဖုန်းနံပါတ်တွေကို ဒီလူကြီး သိထားခဲ့လျှင် သွားပြီ ...၊

နောက် နှစ်ရက် သုံးရက်ကြာမှ ပြန်ဆုံမိလျှင် ခေတ်ပုံထဲကလူမှန်း မသိသလိုလို .. မှတ်မထားခဲ့သလိုလို ခပ်တည်တည် နေလိုက်လို့ ရသေးသည်။

ခုနေ သိသွားလျှင် ပိုပြီး တရင်းတနှီးကြီး ကူညီပေးမချင်လာဖို့တွေ ရှိတာမို့ ...

"တက္ကစီ ခေါ်ပေး .."

"ဒီကနေ တက္ကစီရှိတဲ့နေရာကို ကိုယ် ထွက်သွားရင် ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး .. မင်း နေခဲ့ရဲလို့လား .."

"ရှင် ခြေထောက်နဲ့ သွားပေါ့ .."

သူက ကုတ်အကျႌ အနားစနှစ်ဖက်ကို သိမ်း၍ ခါးထောက်ရင်း ပြုံးသည်။

"လူမရှိတဲ့ ကားတစ်စီးက မင်းကို လုံခြုံစေမယ်လို့ ထင်နေတာလား .. အိုခေ .."

သူက ချက်ချင်းကြီး အိုခေ ဖြစ်သွားကာ တံခါးလှည့်ဖွင့်၍ ...

"မင်း မကြောက်တတ်ဘူးဆိုတာ သေချာပါတယ် .. ကိုယ်ကလည်း မင်းရဲ့ သံသယတွေအတွက် ခြေညောင်းခံပြီး သက်သေ မထူနိုင်ဘူး .."

"ဂျိမ်း .."

ချက်ချင်းပဲ ကားထဲရောက်သွားပြီး တံခါးပိတ်၍ မှန်ကိုပါ ချလိုက်ကာ ...

"ဆိုတော့ .. မင်းအတွက် တက္ကစီ လွှတ်ပေးလိုက်မယ် .."

"ဟင့်အင်း .. နေဦး .."



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကမန်းကတန်း တား၍ နေရာမှ ထဖို့ ပြင်၏။ သူက စိုက်ကြည့်နေပြီးမှ ...

"ဘာလုပ်ပေးရမလဲ .."

"လိုက်ပို့ပေး .."

ပို့ပေးဆိုတော့လည်း ပျာပျာသလဲ ဆင်းမလာဘဲ ပြုံးမလို မဲ့မလိုနှင့် အက်တင်ခံနေသေးသည်။

လူညစ်ကြီး ...।

ရက်မြတ်ကောင်း မဟုတ်ဘူး ရှင်က ...।

'မုန်းဖို့ကောင်း ..'





အခန်း (၃)

"အယ် .. ငိုလှချေလား ချင်း ရယ် .. ဆရာဝန် ပြောသွားတာတော့ ခြေစောင်းလေး နည်းနည်း ပွန်းသွားတာပါ တဲ့ .."

"ဟီး .. ဟီး .. ဟီး ..."

"ပြီးတော့ ခြေဆစ်နည်းနည်းပဲ ရောင်သွားတာ .. ခဏနေရင် ထောက်နိုင်မှာပါ တဲ့ .."

"ဟီး .. ဟီး .. မဟုတ်ဘူး .. အဲ့ဒါတွေ ဟီး .. ဟီး .."

"ဟင်!... မဟုတ်ဘူး ဟုတ်လား .. ဒါဆို ဆရာဝန်က မဟုတ်တာတွေ ပြောသွားတာပေါ့ .."

"မဟုတ်ဘူးဆိုမှ ဟီး .. ဟီး .."

"ခက်တော့တာပဲ .."

မီးမီး ခေါင်းလေးကုတ်ကာ ဘာဆက်မေးပြီး ဘာလုပ်ပေးရမှန်းလည်း မသိ ...।



www.burmeseclassic.com

www.burmeseclassic.com



"ချင်း .. ဒါ .. ဒါဆိုရင် ငါ အန်တီ့ဆီ ဖုန်းဆက်လိုက်မယ်လေ နော် .. နင်ပဲ ဟိုလူကြီး အိမ်သိမှာစိုးလို့ လွှဲပို့နိုင်းရုံပဲ ဆို .."

"ဟုတ်တယ် .. အဟင့် .. ဟီး .."

မေးတိုင်းလည်း ဖြေနေသေးသည်။ ငိုနေတာလည်း မပြတ် ...

"ဒါဆို အခု နင်ဖြစ်နေတာကို အန်တီ့ကို ပြောပြရအောင် နော်.. ဒီမှာလည်း မာမီတို့ မရှိတော့ ငါ ဘာမှမသိဘူးဟာ ...၊ ငါ တာဝန်မယူချင်လို့ မဟုတ်ဘူးနော် .."

"ငါ ဘာမှမဖြစ်ဘူး .. ခြေထောက်ကလည်း ထောက်လို့ ရနေပြီ..၊ ဒါ .. ဒါပေမယ့် .. ဟီး .. ဟီး ..."

ထောက်လို့ရကြောင်း မွေ့ရာပေါ်ကနေတောင် ဆင်းရပ်ပြလိုက်သေးသည်။

ဒါပေမယ့်ဆိုသည့် နောက်မှာ ထပ်ငိုနေတာကိုပဲ မီးမီး နားမလည်နိုင် ဖြစ်ရကာ ...

"ဒါပေမယ့် ဆိုတာက ဘာလဲ ဟင် .. ငါ့ကို အဲဒါပဲ ရှင်းပြစမ်းပါ..၊ အယ် .. နေဦး .. နင် .."

ဒဏ်ရာက ပြဿနာမရှိတော့ဘဲ ငိုနေသည့်အဖြစ်ကို မီးမီး သဘောပေါက်သွားကာ ...

"ချင်း .."

"ဟင် .. ဘာဖြစ်တာလဲ .."

လူကို ဆတ်ခနဲ ကိုင်လှုပ်ပြီး ခေါ်လိုက်သဖြင့် ငိုနေတဲ့လူ လန့်ဖျပ်ကာ တိခနဲ ရပ်၏။

"နင် .. နင့်ကို .."

"ဟုတ်တယ် .."

"ဟယ်!..."

ချင်း မကျေပွဲနဲ့ ဆက်ငိုမလို့ မဲ့လိုက်ပေမယ့် ငိုချင်နေသည့်ဖီလင်က တစ်ဝက်လျော့သွားပြီမို့ မျက်ရည်မပါဘဲ မျက်နှာလေးပဲ မဲ့နေခဲ့၏။

"ဖြစ်ရလေ ချင်း ရယ် .."

ချင်း တစ်ကိုယ်လုံးကို စုန်ချီဆန်ချီကြည့်ကာ မီးမီး မျက်လုံးပြူးပါးစပ်ပြဲဖြစ်နေတာ မစေ့နိုင် ...၊

"နင်က ဒီလိုပုံစံနဲ့ ယောကျ်ားတစ်ယောက်ရဲ့ကားပေါ် လိုက်စီးတာကိုး .."

ပြောနေရင်း မွေ့ရာစွန်းမှာ ထိုင်ချလိုက်ကာ မျက်ရည်တွေ တလိမ့်လိမ့်ကျ၏။

"ငါ အဲဒါကို တွေးကို မတွေးမိဘူး ...၊ တောက်.. လူယုတ်မာကြီး.. ဒီလူကြီးကို နင်နဲ့ လက်ထပ်ပေးမှာ ဟုတ်လား .."

"မီးမီး .."

"ငါ ဘာလုပ်ပေးရမလဲ ဟင် .. ဒါကိုတော့ ရှက်တာနဲ့ မျိုသိပ်မထားနဲ့ ချင်း .. အန်တီတို့ကို ပြောကို ပြောရမှာပဲ ...၊ ကိုယ်နဲ့ယူမှာပဲ ဆိုပြီးတော့လည်း မယူလိုက်နဲ့ .. ဒီလို လူယုတ်မာကိုများ .."

"မီးမီး ငါ ပြောဦးမယ် .."

"မပြောနဲ့တော့ .. ငါ သိပြီ ...၊ နင် ဒီလောက် ငိုကြီးချက်မ ဖြစ်နေတည်းက စဉ်းစားမိရမှာ .. ငါ့လောက် 'အ'တာ ငါပဲ .."

"ဟြော် .. ကဲ .. မီးမီး ရယ် .. ဒုက္ခပါပဲ .."

"ဘာလဲ .."

"ခဏလေး ပါးစပ်ပိတ်ပါဦး .. အမလေး မျက်ရည်ကလည်း လွယ်လိုက်တာ .. ငါ့အတိုင်းပဲ .."

"နင့်သူငယ်ချင်းကိုး .. နင့်အတိုင်းပဲပေါ့ .."

"အေးပါ .. သုတ်လိုက်စမ်းပါ မျက်ရည်တွေ .. ငါကပဲ အိပ်ခန်းပေါ် ခေါင်းချပြီး ငိုရမလား မှတ်တယ် ...၊ သူ့ကို ပြန်ချော့ရတယ် .."





www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရာကနေ စိတ်မရှည်ရခြင်းသို့ ရောက်ခဲ့ရကာ ...

"ငါ အဲလိုဖြစ်ခဲ့တာ မဟုတ်ဘူး .."

"ဟမ်!..."

မီးမီး ဆတ်ခနဲ ခေါင်းထောင်သွား၏။ ပြီးတော့ မျက်ရည်တွေ သုတ်ပစ်လိုက်ရင်း ...

"ဟုတ်လား .. တော်ပါသေးရဲ့ .. ဒါဆို ဒီလောက်တောင် ဘာဖြစ်လို့ ငိုတာလဲ .. နင်က .."

"ငါ .. ငါ့ကိုလေ .."

"ဟင် .."

နှုတ်ခမ်းပေါ် လက်ခုံလေးနဲ့ကပ်ပြီး ငိုဖို့ အစပြန်ပျိုးတော့ မီးမီး မျက်လုံးပြူးထွက်လာပြန်၏။

"ငါ့ကို ..."

"အင်း .. ပြော .. ဘာ .. ဘာလုပ်သွားခဲ့သလဲ .."

"ဒီ .. ဒီမှာ .."

"ဟော့တော့..."

နှုတ်ခမ်းကို လက်နဲ့ထောက်ပြပြီး မျက်ရည်တွေ ကျပြန်ကာ ...

"အဲဒီလူကြီး ..."

"နင့် .. နင့်ကို နမ်းသွားတယ် .."

မီးမီး မျက်နှာလေး ရဲသွားကာ ရင်ဘတ်လေး ဖိ၏။

"နှုတ်ခမ်းကို နမ်းသွားတယ် ..၊ ဘုရား!... ဘုရား ..."

"မဟုတ်ဘူး .."

"ဟင် .. လုပ်ပြန်ပြီ .."

မီးမီး စိတ်မရှည်တာကိုလည်း မတတ်နိုင် ..၊ သူငယ်ချင်းချင်းမို့ ပြောပြရဲတာက သူမပဲ ရှိသည်။ ဒါပေမယ့် ပြောဖို့ ကြိုးစားပေမယ့် လည်း အဆင်မပြေ ..။





"ငါ အဲဒီလူကြီးကို မုန်းတယ် .."

လူကိုတွဲပြီး ကားပေါ်တင်တာပဲ ဖြစ်သည်၊ ဒါပေမယ့် ကားထဲမှာ ထိုင်တော့မယ်ဆိုကာမှ ...

"ခဏလေး .. ကိုယ့်လက်ပ်တော့ပ် ဖယ်လိုက်ဦးမယ် .."

ကိုယ်ကလည်း မကြည့်ဘဲနဲ့ ထိုင်ချလိုက်တော့မှာမို့ သူ ပြောကာမှ စိုးရိမ်စိတ်နှင့် ကိုယ်ကို ပြန်မတ်လိုက်မိသည်။

သူကလည်း လက်ပ်တော့ပ်ကို ငုံ့ယူလိုက်တာ ဖြစ်၏။

ဘာတွေဘယ်လို ရှုပ်ကုန်မှန်း မသိဘဲ ခြေထောက်မှာ မျက်ခနဲ နာကျင်သွားသဖြင့် သူ့အင်္ကျီစကို ဆုပ်ဆွဲ၍ ခြေဖော့ နိလိုက်လျှင် ...

"အဲဒီလိုကြီး .. အဟင့် .. ဟင့် ..."

သူမဘာသာ တစ်ယောက်တည်း ဆက်ရှင်းပြရင်း ငိုချင်လာကာ မီးမီး ရဲ့ အာမေဋိတ်သံလေး ပျောက်နေခဲ့၏။

ခဏကြာမှ မီးမီး အာခေါင်တွေခြောက်ကုန်သလို တံတွေးမျိုချရင်း ...

"အဲဒီလိုကြီးဆိုတာက ဘယ် .. ဘယ်လိုကြီးလဲဟင် .. နင့်ကို အခွင့်အရေးယူပြီး အတည်ကြီး နမ်းသွားတာလား .."

"မဟုတ်ဘူး .."

"ဟင်!..."

"ဒါပေမယ့် .. ဒါပေမယ့်ဟာ ..."

ဒီနေရာထိ ဘယ်လိုမှ ဆက်မပြောနိုင်တော့ဘဲ နှုတ်ခမ်းလေး ကိုက်ထားမိ၏။

ရင်ဘတ်ချင်းလည်း ထိသွားသည် ..၊ ထိကပ်သွားမိသည့် နှုတ်ခမ်းတို့သည်လည်း ..၊

မဟုတ်ဘူး .. သက်သက်ညစ်သွားတာ ..၊

လူညစ်ကြီး ..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ကောက်ချက်ချမိရင်း တက်ခေါက်မိ၏။

နှစ်သက်ကြည်ဖြူစွာ ပွေ့ဖက်ထားကြတာမျိုး မဟုတ်ခဲ့တာ ...စ်ခုမှ လွဲလျှင် ...

"နင်တို့ ထိထိမိမိ နမ်းမိသလိုကြီး ဖြစ်ခဲ့တာလား ဟင် .."

"ဟုတ်တယ် ..၊ ယုတ်မာတာ .. တမင် ယုတ်မာတာ .."

မီးမီး ဘာပြောရမှန်း မသိတော့ပေ ..၊

ခုနက အခွင့်အရေးယူသွားတာလား မေးတုန်းကတော့ 'မဟုတ် ...း' တဲ့..၊





## အခန်း (၄)

"မသွားချင်ပါဘူး မေမေရယ် .. ကိုယ့်ဆီကို လာတုန်းကတော့ သူ့သားက မအားဘူးလေး ဘာလေးနဲ့"

"မဟုတ်ပါဘူး သမီးလေးရယ် .. ပြန်ကို မရောက်သေးလို့ပါ ..၊ မေမေတို့ချင်း စကားပြောချင်တာနဲ့ ထမင်းစားဖိတ်လိုက်တာလေ.."

လူကြီးချင်းက တက္ကသိုလ်မှာ ခင်ခင်မင်မင်ရှိခဲ့ကြရုံပဲ ဖြစ်ကာ လူကြီးပိုင်းတွေ ရောက်လာကာမှ ကိုယ့်အလုပ် ကိုယ်လုပ်ကြရင်း ဟိုမှာ ဒီမှာ မကြာခဏဆုံဖြစ်ခဲ့ကြပြီး မိတ်ဆွေရင်းတွေလို ပြန်ရှိခဲ့ကြတာ ဖြစ်သည်။

ဒါတောင်မှ ဇနီးချင်းကတော့ သိပ်မရင်းနှီးခဲ့ကြပေ။ ဦးမောင်မောင်ချင်းက ဦးစောနောင် ကို အစတည်းက လေးစားခင်မင်ခဲ့သူ ဖြစ်ကာ သားရှိတာ သမီးရှိတာတွေ ပြောဖြစ်ကြတဲ့အထိ ရက်မြတ်အောင်းကို သားအရင်းလို့ပဲ ထင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစော ရဲ့သား ဆိုရင်တောင် ပညာတတ်လူရည်မွန်လေး ဖြစ်တာလောက်ပဲ ရှိမှာကွ .. အခု ကောင်လေးမိဘတွေက လူချမ်းသာစာရင်းဝင်ပဲ ..၊ သူတို့လည်း သက်ဆိုးမရှည်ကြဘူး .. ကလေးကလည်း ဒီတစ်ယောက်ပဲ ရှိခဲ့ကြတာတဲ့ .. အမွေပစ္စည်းတွေနဲ့ ကလေးကို ကိုစောတို့က တာဝန်ယူခဲ့ကြရတာ" တဲ့ ..။

ခင်ပွန်းဖြစ်သူ ပြောခဲ့တာတွေကို ပြန်စဉ်းစားရင်း သမီးလေးကို ဒီလိုအသိုင်းအဝိုင်းထဲမှာမှ စိတ်ချရမှာတွေပဲ နိုင်မာစွာ တွေးမိနေကာ..

"သမီးရယ် .. သမီးမှာလည်း ချစ်သူ မရှိသေးဘူး ..၊ သူ့ဘက်မှာ ပညာဂုဏ် .. မျိုးရိုးဂုဏ်နဲ့ စည်းစိမ်ဥစ္စာလည်း မချို့တဲ့ဘူး .. သမီးဖေဖေကိုယ်တိုင် အမှတ်ပြည့်ပေးပြီး သမီးနဲ့ အသင့်တော်ဆုံးလို့ သတ်မှတ်ခဲ့တဲ့လူ .."

"ဟင့်အင်း .. ချင်း နဲ့ ရွယ်တူလည်း မဟုတ်ဘဲနဲ့ .."

"သမီးက ကျောင်းပြီးစလူငယ်ချင်း လက်ထပ်ပြီး သူ့ဘက်ရောက်လိုက် .. ကိုယ့်ဘက်ရောက်လိုက် ..၊ မိဘအားကိုးနဲ့ သားသမီးတွေရတဲ့အထိ မပူမပင်နေရတာမျိုးကိုပဲ လိုချင်တာလား .."

"မေမေကလည်း ဘယ်သူမဆို ဒီတိုင်းပဲ ဘဝကို စကြရတာ မဟုတ်ဘူးလား .."

"ဘယ်ဟုတ်မလဲ သမီးရယ် .. ဘဝဆိုတာကြီးကို ကိုယ့်ခြေတစ်လှမ်းမှ မဝင်ရသေးဘဲနဲ့ ငါလည်း နားလည်နေတာပဲလို့ မတွေးရဘူး..၊ ဆိုလိုတာက ဘဝကြီးတစ်ခုလုံးနဲ့ ချီတွေးမယ့်အစား အခု သမီးတို့ရဲ့ ဘဝလေးတွေ မိဘလက်ထဲမှာရှိနေတုန်း .. မိဘစကား နားထောင်ခြင်းက ကောင်းသလား .. မကောင်းဘူးလားဆိုတာလေးပဲ အရင်တွေးကြည့်ပါ .."

တွေးတာ မတွေးတာတော့ မသိ ..၊

ချင်း က နှင်းဆီပန်းတွေကို လျှောက်ဖွနေကာ ဖူးငုံလေးတွေကို





ကောက်လိုက် ..၊ ပြန်ချပြီး ပွင့်အာလုလု အပွင့်လေးတွေကို ကိုင်လိုက်..၊

ဒေါ်သူဇာလင်း က ဖက်ကလေးပေါ်မှာရှိနေသည့်ပန်းတွေ အကုန်ပါလာအောင် ဖက်ရဲ့အဖျားလေးကနေ သူမဘက်ကို ဆွဲယူလိုက်သည်။

"မယ်သူ ရေ .. ကတ်ကြေး အသေးလေး ယူလာခဲ့ .."

လှမ်းပြောလိုက်ပြီး ပန်းတွေကို တစ်ဖက်ခြမ်းလေးမှာပဲ ကပ်သွားအောင် ဖွဖွလေး ထပ်၍ စုပုံနေရင်း ...

"လူကြီးတွေ စကားပြောရင် သမီး ကြားဖူးမှာပေါ့၊ 'အခု ကလေးတွေ အကုန်လုံး လက်လွှတ်ရပြီလား' 'ဒါဖြင့် အပျိုလူပျိုတစ်ယောက်မှ မရှိတော့ဘူးပေါ့' 'ကျွန်မမှာဖြင့် အကုန်လုံး တစ်ယောက်မှကို အိမ်ထောင်မကျသေးပါဘူး မသူဇာ ရယ် ..' "

စသဖြင့် အချင်းချင်း နှုတ်ဆက်စကားတွေကို ဒေါ်သူဇာလင်းက တစ်ယောက်တည်းကနေ မျက်နှာအမူအရာတွေ အမျိုးမျိုးနဲ့ ပြောပြနေ၏။

မယ်သူ က ကတ်ကြေးလေး လာပေးတာကိုလည်း လှမ်းယူလိုက်ကာ ပြောနေတာကိုလည်း မရပ် ..၊

"မေမေတို့ အမေချင်း တွေကြရင် အဲဒီလိုပြောကြတာတွေ သမီးနားယဉ်နေမှာပေါ့ .. မဟုတ်ဘူးလား .."

စားပွဲဘေးမှာပဲ သားအမိနှစ်ယောက် ဒူးထောက် မျက်နှာချင်းဆိုင်ထိုင်၍ ပန်းအိုးမှာ နှင်းဆီပန်းတွေ စိုက်ဖို့ လုပ်နေတာ ဖြစ်သည်။

ချင်း မေမေ့စကားတွေကို နားထောင်ရင်း .. စကားပြောရင်း အလုပ်လုပ်နေသော မေမေ့လက်တွေကိုပါ လိုက်ကြည့်မိသည်။

မေမေက နှင်းဆီရိုးတံက ကောက်ချိတ်ချိတ် ဆူးကြီးတွေကို ကတ်ကြေးလေးနဲ့ သေချာညှပ်ချပြီးမှ ချင်း လက်ထဲကို ထည့်ပေး၏။

ချင်း က ဒါကို ပန်းအိုးမှာ အငုံလေးတွေ အဖူးအပွင့်လေးတွေ သေချာ နေရာကျပြီး လှအောင် ထိုးစိုက်ပေးရ၏ ..၊



www.burmeseclassic.com

www.burmeseclassic.com



“အထည်ဆိုင်က အန်တီမျိုး ဆိုရင် သူ့သမီးနဲ့ မြေးတွေကိုကြည့်ပြီး မိသားစု များသလောက် ပူပန်နေရတာတွေလေ ..၊ တွေ့ဖြစ်တိုင်း ညည်းသံကြားရတယ် သိလား .. ‘မြေးတွေကို စိတ်ချရမယ့် အိမ်ထောင်ဖက်တွေ့ရင် ပေးစားလိုက်ချင်ပြီ သူ့ဇာ ရယ် .. ပွဲစားလက်ထဲ ထည့်ပြီး ရှာခိုင်းရမလို ဖြစ်နေပါပြီကွယ်’တဲ့ ..၊ အဲဒီလို စိတ်ကြိုက်ရွေးယူပေတော့ ဆိုပြီးတော့လည်း လက်မလွှတ်နိုင် .. ကိုယ်ရှာပေးနိုင်တာလည်း မရှိ..၊ ရှိတော့လည်း ကလေးက မကြိုက် ..”

“ချင်း က မကြိုက်ပါဘူး ဆိုတာကျတော့ မေမေက နည်းနည်းပါးပါး ရွေးချယ်ခွင့် မပေးဘဲနဲ့ ..”

“ဩော် .. သမီးရယ် .. ခဏ ..”

စကားမဆက်နိုင်ဘဲ ချင်း လက်ထဲမှာ ပါသွားသည့် နှင်းဆီရိုးတံအောက်ဖျားက ဆူးတစ်ချောင်းကို ကတ်ကြေးနဲ့ လှမ်းညှပ်လိုက်သေးသည်။

ပြီးမှ ...

“သမီးကို ရွေးချယ်ခွင့် ပေးနေတာပါ .. သမီးက ရွေးကြည့်တဲ့ အဆင့်ကိုပဲ မလိုမလား ဖြစ်နေတာလေ .. အခု မေမေတို့ လက်မလွှတ်နိုင်သေးတဲ့ သမီးရဲ့ဘဝတစ်ပိုင်းကို မေမေတို့ကိုပဲ ယုံကြည်ပြီး နာခံလိုက်ပါ သမီးရယ် .. သူ့ကို သမီး တွေ့ကြည့်ပါဦး ..၊ အိမ်ထောင်မပြုချင်တဲ့စိတ်နဲ့ မြင်တာနဲ့ ခေါင်းခါဖို့ အဆင်သင့်ပြင်ပြီး သွားတွေ့တာမျိုးတော့ မလုပ်နဲ့ပေါ့ ..”

မြင်တာနဲ့ ခေါင်းခါဖို့ ပြင်နေတာ မဟုတ်ဘူး မေမေ .. မြင်မှုထားလို့ မတွေ့ချင်တာ ..၊

ပြီးတော့ ဒီလူကြီးနဲ့ကျမှ တွေ့တွေ့ချင်း ..၊

“ခု ဖိတ်ထားတာက ထမင်းစားသက်သက်လည်း မဟုတ်ဘူး.. ကိုစော ရဲ့မွေးနေ့ ..”





“မွေးနေ့က ညစ်ခံပွဲမှ မဟုတ်တာ မေမေရဲ့ .. အန်ကယ်လ်စောက သူ့အလုပ်ထဲမှာပဲ ဒင်နာကျွေးမှာ .. အိမ်မှာဖိတ်တာက ချင်း တို့ ချည်းပဲ ဘာများထူးလို့လဲ ..”

“ထူးတာပေါ့ သမီးရယ် .. အဲဒါကြောင့် မေမေတို့က မသွားလို့ မကောင်းတော့ဘူးပေါ့ .. ကိုစော ကလည်း အလုပ်ထဲမှာ ဒင်နာလုပ်မှာပေမယ့် အိမ်မှာပဲ အမီပြန်လာပြီး မိသားစု လက်ဆုံစားကြမှာလေ .. အဲဒါ မေမေတို့ကို မိသားစုလို အလေးထားတယ်ဆိုတာ ပြတာပေါ့..”

ပန်းအိုးကို လှည့်ပတ်ကြည့်နေရင်း နှုတ်ခမ်းစူမပြေဘဲ ရှိနေသည့် ချင်း ရဲ့ပါးလေးကို ပွတ်၍ ...

“မိဘစီစဉ်တာမှာလည်း စေတနာမှားဆိုတာ ရှိတတ်မှန်း မေမေ သိပါတယ် ..၊ ဒါပေမယ့် သမီးရယ် .. ခုလိုမျိုး စီစဉ်ပေးလိုက်နိုင်တဲ့ အချိန်မှာ ငါ့သမီး ငါ့သားလေးတော့ နောင်ရေး စိတ်အေးရပြီဆိုပြီး ဖြစ်ရတဲ့ပီတိမျိုး မိဘမှာ ခံစားရတာဟာ သားသမီးဘက်က ကြီးမားတဲ့ ကုသိုလ်ပြုခြင်းပါ .. အဲဒီလို တတ်သိလိမ္မာတဲ့လူကို ကိုယ်စောင့်နတ်က ချစ်တယ် ..၊ လူနတ်ချစ်ခင် စောင့်ရှောက်ခြင်းကြောင့် ဘယ်လို ဘေးဆိုး ဒုက္ခမှ ကြီးကြီးမားမား မကျရောက်နိုင်ဘူး ..၊ ဆင်းရဲခြင်းတို့တောင်းပြီး ချမ်းသာခြင်းကို တာရှည် ခံစားရတယ် ..”

ဆုံးမစကား ပြောတိုင်း ငြိမ်ငြိမ်သက်သက်လေး နေတတ်သည့် အကျင့်လေးကြောင့် ချင်း ရဲ့ဆံစလေးတွေကို ဒေါ်သူဇာလင်း တယုတယ ပွတ်သပ်ကိုင်ရင်း မေးဖျားလေးကို မော့စေကာ ...

“သမီးလေးက သိပ်လိမ္မာတာပဲ .. သန္ဓေစိတ်ရင်းမဆိုးတဲ့ ကလေးက သိသာတယ်တဲ့ .. မေမေ့သမီးလိုပေါ့ ..၊ စိတ်ထဲမှာ လိုလားနေချိန် ဖြစ်စေ .. မလိုလားတဲ့အချိန် ဖြစ်စေ မိဘက ဆုံးမနေရင် ငြိမ်ငြိမ်သက်သက်လေး နေပြီး ပြီးဆုံးတဲ့အထိ နားထောင်ပေးတာမျိုး ..”

“စိတ်ထဲက ညည်းညူ မဲ့ရွဲ့နေမိရင်ရော ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ချင်း က အဲဒီလို ရှုပ်နေမိလို့ မေးတာ မဟုတ်ပါဘူး .. မျိုသိပ်ပြီး နားထောင်နေတာဆိုရင် အပြင်ဘန်းက မသိနိုင်ဘူးလေ .."

ဒေါ်သူဇာလင်း က ပြုံးလိုက်ကာ ...

"မေမေ ပြောပြီးပြီလေ .. လိုလားသည်ဖြစ်စေ .. မလိုလားသည်ဖြစ်စေပါလို့.. အဟွန်း .. သန္ဓေစိတ်ရင်းအခံ ဆိုးတဲ့ကလေးမျိုးက ဆုံးမရင် နားမထောင်ဘူး.. မိဘလူကြီးရှေ့မှာပဲ ခေါင်းခါ လက်ကာပြီး ရှုံ့မဲ့ ညည်းမယ် .. ထွက်သွားလိုက်တာမျိုးထိ လုပ်ရဲရင် လုပ်လိမ့်မယ် ..၊ အဲဒီလို မလုပ်ဝံ့ရင်တောင် အမူအရာအားဖြင့်တော့ မလိုလားကြောင်း ရှိုင်းပျစွာ ပြတတ်ကြတာပဲ .."

ပြောနေရင်း သားအမိနှစ်ယောက် ဆိုဖာမှာ ပြောင်းထိုင်လိုက်ကြပြီး ချင်း ရဲ့ပခုံးလေးကို ဒေါ်သူဇာလင်း က တယုတယ ဖွေ့ပိုက်ထားတာ ...

"ဘုရားရှင်လက်ထက်တုန်းကဆိုရင် သစ်ပင်ပေါ်မှာ နေနေကြတဲ့ လင်းနို့သားငါးရာဟာ ဘုရားရဲ့တရားတော်ကို ကြားပြီး ဒါဟာ အေးချမ်းတဲ့အသံပါလားဆိုတဲ့ အသိလေးနဲ့ မနှောင့်ယှက်ဘဲ ငြိမ်ငြိမ်သက်သက်နေပြီး နာကြားခဲ့တဲ့ ကောင်းမှုအကျိုးကြောင့် သေတဲ့အခါမှာ နတ်ပြည်မှာ နတ်သားငါးရာအဖြစ် စံစားကြရတယ် .."

ချင်း ရဲ့မျက်နှာလေး မော့လာတော့ ဖေးဖျားလေးကို ကိုင်၍ နမူးလေးကို နမ်းလိုက်ကာ ...

"ပြောပါဦး .. အခု သမီးစိတ်ထဲမှာရော မေမေ ဆုံးမစကားတွေ ပြောနေတာကို စိတ်ညစ်သူးပြီး ငြူငြင်နေပြီလား .."

"မေမေဖြစ်ဖြစ် .. ဖေကြီး ဖြစ်ဖြစ်ပါ ချင်း ကို ပုံပြင်တွေ ရာဇဝင်သမိုင်းတွေနဲ့ယှဉ်ပြီး ဆုံးမစကားတွေ ပြောပြနေကျ .. နားထောင်ရတာကို ချင်း ဘယ်တုန်းကမှ နားမငြီးခဲ့ဖူးဘူး .."





"အင်း .. ဟုတ်ပြီ .. ခုတော့ သမီး စိတ်ညစ်နေပြီ .. ကောင်း ကို လက်မထပ်ချင်လို့ .. ဟုတ်တယ်မို့လား .."

"ဟုတ် .."

"အမလေး .. ငါ့သမီးရယ် .. ကလေးလိုပဲ .."

ကိုယ့်သမီးလေးကို ကျုံးဖက်ပြီး ပါးပြင်လေးတွေကို နမ်းလိုက်မိကာ ...

"မေမေ့သမီးလေးကို မေမေတို့ ချစ်တာထက် မပိုရင်တောင် ဒီလောက်ထိ ယုယဖွေ့ပိုက်ပြီး ချစ်နိုင်မယ့်သူမျိုးနဲ့ လက်ထပ်ပေးချင်တာ.. အဲဒါကြောင့်ပါ သမီးရယ် .."

"မေမေကလည်း အသက်ကြီးတဲ့လူကို ယူတာနဲ့ပဲ မေမေတို့လို ချစ်မယ့်သူလို့ ဘာဖြစ်လို့ သေချာရတာလဲ .."

"သမီးရယ် .."

"အသက်အရွယ်မတူရင် အိမ်ထောင်ရေး အဆင်မပြေနိုင်ဘူးဆိုတဲ့ စကားတွေလည်း ရှိကြတာပဲ .."

"ရှိတယ် .. ဒါက အဆိုးအကောင်း အမြဲတမ်း ဒွန်တွဲနေတတ်တဲ့ လောကသဘာဝတွေပဲ သမီးရယ်.. တစ်မိသားနဲ့ တစ်မိသား တစ်သက်တာ လက်တွဲဖို့အတွက်ဆိုတာ ဘဝအတွက် စွန့်စားမှုကြီးတစ်ရပ်ဆိုရင်လည်း မှန်တာပဲ ..၊ လူတိုင်းပြောကြတဲ့စကားနဲ့ ပြောရရင် အိမ်ထောင်ရေးဆိုတာ ကံစမ်းမဲ နှိုက်ရသလိုပဲပေါ့ .."

ချင်း ဘယ်ဘက်ကပြောဖို့မှ မရှိတော့တဲ့အဖြစ်ကို ကိုယ့်ဘာသာ နားလည်လာ၏။

မေမေနဲ့ ဖေကြီး တို့ဟာ ဒီတိုင်းပါပဲ ..၊

မေမေက မပြောချင်တော့ဘူးဆို ဖေကြီး က ချင်း နားကို ရောက်လာတာပဲဖြစ်ကာ ဖေကြီး ပြောဆိုမရ ဖြစ်လာပြီဆို 'မကြီးရေ'လို့ 'တ'ပြီး ချင်း ကို မေမေ့လက်ထဲ ထည့်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်ဖို့ မမေတို့ ကြိုးစားကြတာလေ .. သမီးရဲ့ အမြင် တစ်ခုတည်းနဲ့ ချစ်တာတစ်ခုကိုပဲ ရွေးတာနဲ့စာရင် မမေတို့တွေရဲ့ အသိအမြင်တွေအရ အကဲခတ် ဆုံးဖြတ်ပေးကြတယ်ဆိုတော့ ဒါက အကောင်းဆုံးပဲ ဖြစ်မယ်လို့ သမီးက ယုံကြည်ထားရမှာပေါ့"

မေမေ့အနမ်းတွေ အပွေ့အပိုက်တွေနှင့် ဆုံးမစကားတွေအဆုံးမှာ ချင်း ခေါင်းညိတ်ခဲ့ရသည်။

ဒီလူကြီးအိမ်ကို မွေးနေ့ပွဲ သွားဖို့ ...।





## အခန်း (၅)

ကြော်ငြာကိုကြည့်ရင်း သူ့မျက်ခုံးတွေ တွန့်ကုတ်သွားသည်။

ထိုအခါ သူ့မျက်နှာမှာ ကျေနပ်မှုဖြစ်ရဲ့လားလို့ အရိပ်ကြည့် အကဲခတ်နေကြသည့် အုပ်ချုပ်ရေးမှူးနှင့် မန်နေဂျာတွေပါ စိုးရိမ်ရသည့် မျက်နှာတွေ ဖြစ်ကုန်ကြသည်။

"ဆရာ ဘာများ သဘောမကျတာ ဖြစ်သွားလို့လဲ .."

"နာမည်ကြီး မင်းသား မင်းသမီးတွေချည်း သုံးထားတာကို မကြိုက်ဘူး .."

ပြောပြီးတာနှင့် ပရိဂျက်တာကို ပိတ်နိုင်းလိုက်ကာ ...

"ရုပ်ရည် အရုပ်အမောင်း အားလုံးပြည့်စုံတဲ့ မော်ဒယ်လ်တစ်ယောက် ရှာပြီး ကြော်ငြာအသစ် ပြန်ရိုက်ပါ .."

အားလုံး စဉ်းစားရင်း ငြိမ်သက်သွားကြကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ဒီသရုပ်ဆောင်တွေထဲက တစ်ယောက်တော့ ပြန်သုံးမှ ဖြစ်မယ် ထင်တယ် ဆရာ .."

"သုံးပါ .. ကျွန်တော် ပြောချင်တာက အိုင်တီနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွေ ကြော်ငြာမှာ .. သူတို့တွေရဲ့ နာမည်ကျော်မှုတွေ .. ဖက်ရှင်တွေက အဓိက မဟုတ်ဘူး .."

ကောင်း က အားလုံးကို ဝေကြည့်လိုက်ပြီးမှ ...

"ခေတ်က အနာဂတ်ကို လက်ဝါးပေါ် တင်ကြည့်နိုင်ဖို့ ဖြစ်လာပြီ – ပြောင်းလဲခြင်းကိုပဲ အလိုရှိကြတာမှာ တတ်နိုင်သမျှ အသစ် အသစ်တွေနဲ့ ဖမ်းစားနိုင်ဖို့ လိုရင်းပဲ .."

"ဟုတ်တယ် .. ဆရာ ပြောတာ မှန်တယ် .."

"အိုခေ .."

သူ ကျေနပ်စွာ ခေါင်းညိတ်လိုက်ရင်း နာရီကြည့်သည်။

"ကြော်ငြာကိစ္စကို ပရော့ဂျက်(ထ်)မန်နေဂျာနဲ့ ဆွေးနွေးပြီး ပြန်ချပ်ပါ .. မနက်ဖြန် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတွေနဲ့ အစည်းအဝေး ရှိတယ် .."

"ဟုတ်ကဲ့ ဆရာ"

"တက်ရောက်မယ့်လူတွေ တစ်ယောက်မှ မပျက်အောင် မနက်ဖြန် ဂျူတီအော့(ဖ်) လုပ်မယ့်ထဲမှာလည်း သေချာ ဂရုစိုက်ထားပါတယ်.."

"အင်း .. မီတင်ကျမှ ဆက်ဆွေးနွေးမယ် .."

သူ ကားပါကင်ကို ရောက်လာတော့ ခုနစ်နာရီ ထိုးတော့မည်။ နာရီကြည့်မိတုန်းမှာ ဖုန်းဝင်လာ၏။

"ဟလို .."

"... ... ... ..."

"အခု ကားပေါ်တက်တော့မယ် မေမေလေး .. ဖေဖေယ် ရောက်





ပြီလား .."

"... ... ... ..."

"ဟုတ်ကဲ့ပါ .."

"... ... ... ..."

"ဟာ!... မဟုတ်ဘူး မေလေး .. အလုပ်ရှိနေလို့ပါ..၊ မိနစ်နှစ်ဆယ် အတွင်း ရောက်အောင် လာပါ့မယ် .."

အရေးကြီးလို့ ကားပေါ်တက်တော့မယ် ဆိုမှ ...

"ဆရာ .."

မျက်မှန်တကားကားနှင့် ကိုကိုကြီး ကို မြင်လိုက်ရသဖြင့် တံခါးပေါ်တင်ထားသည့် လက်ကို ပြန်ချ၍ ...

"ပြော .."

"ဒီမှာ ဆရာ .. ခုလေးတင်ပဲ ပီအမ်က ပြောလို့ သိတာ.. ကြော်ငြာအတွက် မော်ဒယ်လ်လိုတယ်လို့ စီအီးအိုက ပြောသွားတယ်တဲ့ .. အဲဒါကြောင့် ..."

"ဘာလဲ .. ဖိုတိုဆလက်ရှင် လုပ်ထားတာတွေလား .."

ကမ်းပေးနေသည့် စတစ်လေးကို ယူကြည့်ရင်း ...

"မင်းက အိပ်ချ်အာရ် မန်နေဂျာမို့လား .."

"ဟုတ်ကဲ့ ဆရာ .."

"ဒါတွေလည်း ရတာပဲလား .."

"အဟွန်း .."

ကောင်း က စတစ်ကို ယူလိုက်ပြီးမှ ပြန်ပေးကာ ...

"အဲဒါ တာဝန်ယူထားတဲ့လူတွေဆီ ပို့ပေးလိုက်ပါ .. သူတို့ ရွေးပါလိမ့်မယ် .. ကျေးဇူးပဲ .."

"ဩော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ ဆရာ .."

ကောင်း ရဲ့ကား ထွက်သွားတော့ သူ့တေးကို ပီအမ် ခေါ်စိုးစိုး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကာ ...

"ကိုကိုကြီး .. နင် စီအီးအိုကို ဘာသွားပြောတာလဲ .."

"ဒါ ..."

"ဩော် .. အင်း .. ငါ ထင်သားပဲ .."

ဒေါ်စိုးစိုး က နှုတ်ခမ်းနီနီတို့ကို စိတ်ပျက်သလို မဲ့ရွဲ့ကာ ...

"ဒီလောက်တောင် ဗျာများနေတဲ့ပုံစံကို နင် မမြင်ဘူးလားဟယ်.. ဟိုက အော်မထုတ်ခဲ့တာ ကံကောင်း .."

"ကျွန်တော်တို့ဆရာက ရုပ်ချောသလောက် သဘောကောင်းပါတယ်ဗျ .. အဟွန်း .. စကားပြောကြည့်ချင်လို့ တမင်ကို လာပြတာ..၊ ကျေးဇူးပဲလို့တောင် ပြောသွားသေးတယ် .."

ဒေါ်စိုးစိုး ကလည်း ရယ်ကာ ကားလာကြို့မယ့်ဆီ တစ်ချက် လှမ်းကြည့်ရင်း ...

"ယောကျ်ားချင်း နော် .. စိတ်ထိန်းဦး .."

ကိုကိုကြီး က စတစ်ကို အိတ်ထဲပြန်ထည့်ပြီး ခေါင်းတွေညိတ်နေလျက် ...

"ဟုတ်တယ် .. ဟုတ်တယ် .. ကျွန်တော်က မပြောရဲလို့ ..၊ မော်ဒယ်လ်ငှားမနေဘဲ ဆရာပဲ ကြော်ငြာရိုက်လိုက်ပါလားလို့တောင် အကြံပေးချင်တာ .."

"ဟဲ့ .. ဆရာက စေ့စပ်တော့မှာ .."

"အင်း .. ကြားပါတယ် .. ပြန်မလာခင်တည်းက ကြားနေတာ..၊ ဆရာကလည်း တစ်ခါတည်း လက်ထပ်လိုက်ရင် ပြီးတာပဲကိုး .."

"အေး.. အဲဒါလေးပါ သွားပြောလိုက်ပါလား.. နင်ဟာလေ အိပ်ချိအာရုံ မိုလို့ပဲ .. ဆရာ့ပီအေ ဆိုရင်တော့ မလွယ်ဘူး သိလား .."

ကုမ္ပဏီတစ်ခုလုံးက မင်္ဂလာသတင်းကို ကြားပြီး စိတ်ဝင်စားနေကြသည်။





အလုပ်ပြီးရင်း အလုပ်နှင့် နိုင်ငံခြားသွားလိုက် .. ပြန်လာလိုက်နှင့်ခဲ့ အချိန်ကုန်နေခဲ့သော ရက်မြတ်ကောင်း အတွက် မိဘတွေက ဘယ်လို မိန်းကလေးမျိုးနဲ့ စုံဖက် လက်ထပ်ပေးမှာလဲ ..၊

ဆရာနဲ့ ချစ်သူတွေလား ..၊

မိဘက လက်ထပ်ပေးမှ သိကြတာလား ..၊

စသဖြင့် ကုမ္ပဏီမှာ ပေါ်ပြူလာဖြစ်နေခဲ့သည့် သတင်းတစ်ရပ်နှင့် ပတ်သက်၍ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"တိုက်ကြီးက ဘယ်လိုကြီးလဲ .."

"ပြီးမှ မပြီးသေးတာ သမီးရဲ့ .."

ဦးမောင်မောင်ချင်း ကပဲ ဖြေကာ ခြံစောင့် တံခါးဖွင့်ပေးတာကို စောင့်ရင်း ခြံထဲကို ခပ်ဖြည်းဖြည်း လိမ့်ဝင်ခဲ့ပြီး ...

"ဒီခြံကြီးနဲ့ ခုလို ပြုပြင် စိုက်ပျိုးထားတာတွေကပဲ စရိတ်... နှစ်သောင်းနီးပါး ရှိနေပြီ .."

"တိုက်ဆောက်ခါနီးမှ ပိုက်ဆံ မရှိတော့တာလား .."

"ဟား .. ဟား .. ဟား .."

ဦးမောင်မောင်ချင်း က သမီးပြောတာကို ချစ်စနိုး လှမ်းကြည့်ရင်း ရယ်ကာ ...

"ဒါက ရက်မြတ်ကောင်း ကိုယ်ပိုင်ဆောက်နေတာ သမီးရဲ့ .."

"ဘာဖြစ်ဖြစ် သူ့မှာ ပိုက်ဆံ မရှိဘူး .. ဒါပဲမို့လား ဖေဖေက လည်း .."





"ရှိတာပေါ့ သမီးရယ်.. သူ့မိဘတွေ ထားခဲ့တာ မရှိဘဲ နေမလား.. ဒါကို မသုံးချင်လို့သာ .. သူ တတ်နိုင်သလောက် တစ်ရစ်ချင်းတက်နေတာပေါ့..၊ ပြီးတော့ အလုပ်မအားတာလည်း ပါလိမ့်မယ်.. နောက်တစ်ခုက လုပ်ငန်းထူထောင်ချင်တာတွေကြောင့် ငွေကို မျှသုံးရတာမျိုးပေါ့.."

ပတ်တီးအဆင့်ပဲ ရှိသေးသည်ဆိုသော နှစ်ထပ်တိုက်အဖြူရောင်သည် တစ်ခြမ်းမှာ ငြမ်းတွေဆင်ထားဆဲရှိကာ ပုံသဏ္ဍာန်အားဖြင့်တော့ ပြည့်စုံပြီးစီးနေပြီ ဖြစ်၏။

မြေပြင်ညီမှာပဲ ကုန်းမြင့်လုပ်၍ တောင်ပေါ်အိမ်တွေလို ဆောက်ထားတာဖြစ်ကာ ဘာမှမပြီးသေးဘဲ လှနေတာကိုပဲ ချင်း က မနာလိုတာ ဖြစ်၏။ သူ ဆောက်နေတာဆိုတော့ ပိုဆိုးသွားသည်။

ဒီလူကြီးကို မေမေ တို့ အထင်တကြီးဖြစ်ဖွယ်တွေပဲ သူမက ဘာဖြစ်လို့ ထောက်ပြ မေးမြန်းနေမိတာလဲ ..၊

ခြံကြီးထဲကို ဘီးလိမ့်ရုံပေါင်းလာရင်း သစ်ပင်ကြီးတွေကို ဘယ်လို ထည့်ရတာ..၊ ပန်းပင်တွေကို ဘယ်လိုစောင့်ရှောက်ရတာ စသဖြင့် မေမေ့ကို ပြောရင်း ချင်း ကိုပါ သိစေတာ ဖြစ်၏။

သူမကတော့ ဖေဖေ့စကားတွေကို တစ်ဖက်နားထောင်ရင်း တစ်ဖက်ကတော့ ဒီလူကြီးအပေါ် မလိုလားခြင်းတွေသာ ဖြစ်နေခဲ့ပြီး ...

'မေမေကတော့ သိနေမှာ' လို့ တွေးမိသေးသည်။

လူကြီးက ဆုံးမနေရင် နားတော့ထောင်နေပေမယ့် တစ်ဖက်က စိတ်ညစ်ညူးပြီး မဲ့ရွဲ့နေတာမျိုး ..၊

သူမ အဲဒီလို သားသမီးမျိုး ဖြစ်နေပြီလား ..၊

"ဟိုမှာ မသက် တို့ ထွက်စောင့်နေကြတယ် ကိုမောင် .."

"အေးကွာ .. ဒင်နာပြီးမှ ပြေးလာရတဲ့လူက ရောက်နေပြီ ..၊ ငါတို့က ခုမှ လာရတယ် .. အားနာဖို့တော့ ကောင်းနေပြီ .."

ကြားရသည့် ချင်း ကတော့ ကိုယ့်ဘာသာ စိတ်မလုံဘဲ ပခုံးလေး



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ တွန့်မိ၏။

ဒီလိုဖြစ်အောင် သူမပဲ အကြောင်းအမျိုးမျိုးရှာပြီး အချိန်ဆွဲနေတာပါ … ဟိုလူကြီး ကိုယ့်ကိုမြင်ရင် မှတ်မိသွားမှာ သေချာနေကာ ကိုယ်ကတော့ မသိသလိုနေလိုက်ဖို့ အဆင်ပြေပါ့မလား …၊

သူ့ဓာတ်ပုံ အိမ်မှာရှိနေတာ ဒီလူကြီး သိထားခဲ့လျှင် …

"ထိုင်ဦး ကိုမောင် ရာ … ငါလည်း ခုပဲ ရောက်တာ … ရန်ကုန်မှာ အလုပ်လုပ်ရင်း အခြေချဖို့ စိတ်ကူးထားတော့ မိတ်ကောင်းဆွေကောင်းတွေနဲ့ ဆုံပြီး မွေးနေ့ဒင်နာလုပ်ရင်း စီးပွားရေးကလည်း ပါရသေးတယ်…"

"လုပ်ပေါ့ကွာ … မင်းမှ မမောရင် ဘယ်သူမောမှာလဲ …၊ အစတည်းက ငါ ပြောသားနဲ့ကို …"

လူကြီးတွေက သူငယ်ချင်းတွေမို့ အဖေချင်း အမေချင်း တွေ့ကြတာနှင့် အဆင်ပြေနေကြသည်။

ချင်း တစ်ယောက်ပဲ ဟိုလူရှိနေသလား … မရှိဘူးလား အဖြေရှာရင်း မရှိဘူးဆိုတာကိုပါ သိနေပြန်ကာ …

"မေမေတို့ကိုက သူတို့ချင်းတော့ အဆင်ပြေနေတာကိုး …"

ငရဲကြီးမှာကိုလည်း မေ့ကာ စိတ်ထဲမှာ အပြစ်တင်နေမိသည်။

"လာ … သမီးလေး လာ … ဒီအခန်းထဲမှာ ဓာတ်ပုံတွေရော … ပန်းချီကားတွေရော အများကြီးပဲ …၊ ပြီးတော့ အခု မှောင်နေလို့လေ… မနက်ဆိုရင် ဒီကကြည့်ရင် အပြင်ရှုခင်းက အရမ်းလှတာ …"

မျက်နှာလေး မသာမယာရှိနေသည့် ချင်း ကို ဒေါ်သက်သက်က လက်လေးဆွဲခေါ်သွားကာ လှေကားကြီးကနေ ဝဲဘက်အလယ်ခန်းထဲ ဝင်၏။

"ဒါက အလယ်ခန်းပေမယ့် ဝရန်တာလိုမျိုး အပြင်ထုတ်ထားတာ … အစွန်းတွေမှာ မှန်တွေပဲ တပ်ထားတော့လေ …"





"ဒါ မှန်တွေလား …"

"ဟုတ်တယ် သမီးရဲ့ … မှန်ကာတွေ မခွာရသေးတာ …၊ ဒီ ရှေ့မျက်နှာစာဘက်ကတော့ အိမ်ရဲ့ဘေးခြမ်းရောက်ပြီး သစ်ပင်ကြီးတွေပဲ ရှိတာလေ … ဒီမှာ ဆလိုက်ဝင်းဒိုးနဲ့ထားမှာ …၊ လူရှိနေရင် မျက်နှာစာ အဖွင့်ပေါ့ …"

"အခု လူမနေသေးဘဲ ဒါတွေက …"

"ဒါတွေက သား အပန်းဖြေလာတဲ့အခါတုန်းက လုပ်ထားတာတွေလေ … သူငယ်ငယ်ကရေးတဲ့ ပန်းချီတွေ ဓာတ်ပုံတွေ ဒီမှာ လာပြောင်းထည့်ထားတာလည်း ပါတယ် …"

ဘောင်အကြီးတွေနဲ့က နံရံတစ်ခုတည်းမှာ ကပ်ထားပြီးသားရှိကာ တချို့က ကတ်ထူပုံးတွေနဲ့အတိုင်း ထုပ်ပိုးထားဆဲပဲ ရှိသေးသည်။

အိမ်ထဲဝင်လာတည်းက ပြင်ဆင်ထားပြီးသား လှပခမ်းနားသည့် ဒီကရေးရှင်း ဘာမှမမြင်သေးပါ။ ဒါတောင်မှ မွေးနေ့ပွဲလုပ်ဖို့ ဖိတ်နိုင်သေးသည်။

ဒီတိုက်ကြီးအတွက် လျာထားပြီးထားသည့်ပလန်ကို ကြိုတင်ထုတ်ကြွားထားချင်လို့လား… ဒါမှမဟုတ်ရင် ဘယ်လိုစိတ်ကူးတွေနဲ့လဲ…၊

လက်ထပ်ရဖို့အရေးအတွက် အကြီးမားဆုံးဒုက္ခ ဖြစ်နေရသည့် သူမအတွက်တော့ ဘယ်သူတွေ ဘယ်လောက်ပဲ ပျာယာခတ် ပျူငှာနေပါစေ …၊

ကျေးဇူးလည်းမတင် … အားနာဖို့လည်း မေ့၏။

"သမီး ဒီထဲမှာ ရှိသမျှပစ္စည်းတွေကို ကြိုက်သလို ဖွလို့ရတယ်… ကြည့်ချင်တာ ယူကြည့် … လွှတ်လွှတ်လပ်လပ်နေ …ဘာမှ ပြန်သိမ်းပေးထားဖို့လည်း မလိုဘူးနော် … ပစ္စည်းတွေက ဘာတစ်ခုမှ အစီအစဉ်နဲ့ မထားရသေးဘူး …"

"အန်တီ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် – သမီး .."

ဒေါ်သက်သက် က နံရံကပ်မီးလေးတွေကအစ မီးဆိုင်းတွေပါ အားလုံး လိုက်ဖွင့်ပေးရင်း လှည့်ကြည့်သည်။

"ဦးရက်မြတ်ကောင်း အိမ်မှာမရှိလို့ ချင်း ကို အားနာနေတာလား ဟင် .."

"ဘယ်လို!..."

ဒေါ်သက်သက် ရုတ်တရက် အံ့သြသလိုဖြစ်သွားပြီး ချင်း နားကို ပြန်ရောက်လာ၏။ ပြီးမှ သဘောကျစွာ ပြုံးလိုက်ပြီး ...

"အခု မရှိသေးတာက ဟုတ်တယ်လေး သမီးရဲ့ .. ဒါပေမယ့် သူ အလုပ်ထဲကနေ ပြန်လာမှာဆိုတာကို အန်တီက ကြိုပြောထားပြီး သားပါ ..၊ ဘာလဲ .. သမီးက သမီးကို မျက်နှာပူပြီး အချိန်ဖြုန်းပေးနေ တယ် ထင်နေတာလား .."

ချင်း ကလည်း ဆတ်ခနဲပဲ ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်တယ် .. ဦးရက်မြတ်ကောင်း က အဲဒီလို နောက်ထွက် မင်းသားကြီး လုပ်နေရတာကိုများ သဘောကျနေတာလားလို့ .."

"မဟုတ်ပါဘူး သမီးရယ် .. အဲဒီလို မဟုတ်ဘူးဆိုတာ အန်တီ ပြောရဲပါတယ် .."

"ကန်တော့နော် အန်တီ .. အဲဒီလူကြီးကို ချင်း ကလည်း မတွေ့ ချင်ပါဘူး .. သူ့လို နောက်ထွက်မင်းသမီး လုပ်ဖို့တောင်မှ မေမေတို့က ဘယ်လိုမှ မရလို့ .."

ဘုရားရေ!...

ဒီအမေရှေ့မှာ သူ့သားကို မတွေ့ချင်တာတွေ လာပြောနေတာ လား ..၊

မျက်နှာလေးက ရှုံ့မဲ့မဲ့နှင့် နဖူးကဆံပင်တွေကို ထိုးသိပ်ပစ်လိုက်..၊ နောက်ကဆံပင်တွေကို သပ်ချလိုက် ..၊ ပြီးတော့ ပန်းချီဆောင်တွေ ခတ်ပုံ





ဆောင်တွေနဲ့ ကတ်ထူပုံးတို့အပြင် ဘာမှမရှိသေးဘဲ ဒီတိုင်း ဟင်းလင်းပြင် မှာ စားပွဲတစ်လုံး .. ကုလားထိုင်တစ်လုံးပဲ ရှိသည်။

အစွန်းထောင့်မှာ ဒရင်းမ်ဘက်ဒ်တစ်လုံး ခင်းထားတာတောင် အနိုင်နိုင်ရယ် ..၊

ထိုအခန်းကို သူမလေးက စိတ်ဝင်စားတာ မဟုတ်ဘဲ မျက်လုံး ရွေ့လျားနေရာကို လိုက်ငေးနေမိသည့် မျက်နှာတည်တည်လေးနှင့် ...

"အန်တီ .."

"ဟင် .."

"ဦးရက်မြတ်ကောင်း ကို တခြားမိန်းမတစ်ယောက်နဲ့ မပေးစား ချင်ဘူးလား .."

ဒေါ်သက်သက် အံ့သြခြင်းတွေကို အဆုံးစွန်ထိ ပို့လိုက်ရကာ မအံ့ သြတော့ခြင်းဖြင့် ဝင့်သက်ရှိုက်၍ ...

"ဘာဖြစ်လို့လဲ သမီးရယ် .. ဟင် .."

"ချင်း က သူ့ကို လုံးဝ မလိုချင်ပါဘူး .."

မအေတစ်ယောက်လုံးကို ရှေ့မှာထားပြီး တခြားတစ်ယောက်နဲ့ ရင်ဖွင့်နေသလို ပြောနေတာလေးက ချစ်တဲ့စိတ်နဲ့ ကြည့်တော့လည်း အပြစ်မမြင်ရက်နိုင် ..၊

ဒေါ်သက်သက် က နှစ်သိမ့်ပြုံးလေးနှင့် သူမလက်ကို ဆွဲ၍ ...

"သမီးရယ် .. မလိုချင်ဘူး လိုချင်တယ်ဆိုတာက ချက်ချင်း ထုတ် နုတ်ရွေးချယ်လို့ရတဲ့ တပ်မက်မှုပေါ်မှာ ခဏအတွင်း ဆုံးဖြတ်ကြတာ မျိုးတွေပါကွယ် .. အိမ်ထောင်ရေးကိုကျတော့ ငါ သူ့ကို လိုချင်သလား မလိုချင်ဘူးလားဆိုပြီး ကိုယ့်ဆန္ဒပေါ်မှာ တစ်ထိုင်တည်း ဆုံးဖြတ်လိုက် လို့ မရဘူး .. ဆုံးဖြတ်သင့်တဲ့ကိစ္စလည်း မဟုတ်ဘူးလေ .."

"မသိဘူး အန်တီ .. ဒါပေမယ့် ချင်း ယောကျ်ားမှမလိုချင်တာ.."

"ဒါက သားနဲ့ သမီး မတွေ့ဖူး .. မမြင်ဖူးဘဲ ချက်ချင်းကြီး လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြဖို့ ဖြစ်လာတာပေါ်မှာ သမီးက လက်မခံနိုင်သေးတာပါ… သမီး မေမေနဲ့ ကိုဇော တို့ကလည်း နားလည်ကြတယ် .. သမီး ကိုကိုကလည်း ပြောပါတယ် .. သမီးဆန္ဒကို သူကိုယ်တိုင် သေချာ သိချင်သေးတယ်တဲ့ –"

သမီးကိုကို ဆိုတာက ဦးရက်မြတ်ကောင်း ကို ညွှန်းလိုက်တာလား ...

ဘယ်သူက ကိုကို ခေါ်မယ် ပြောလို့လဲ …၊

ချင်း မျက်နှာလေး လွှဲရင်း ရှုံ့မဲ့နေတော့သည်။

"ကဲပါ သမီးရယ် .. လောလောဆယ် ဈေးစပ်ထားကြရုံပါပဲနော်.."

ဒေါ်သက်သက်မာ ကိုယ့်သမီးလေးလိုပဲ သဘောထားကာ ချင်းရဲ့ လက်ဖဝါးလေးကို ထွေးဆုပ်၍ ---

"သမီးတို့ချင်း ခင်ခင်မင်မင် ဖြစ်သွားတဲ့အခါ အဖြေက တစ်မျိုးဖြစ်ချင်ဖြစ်သွားမှာပါ.. အခု ဒီထဲမှာ သမီး စိတ်ဝင်စားတာမရှိရင် ပြန်ဆင်းခဲ့လေ .. ဒါမှမဟုတ်ရင်လည်း တစ်အိမ်လုံး လျှောက်ကြည့်ချင်ကြည့် …၊ လူစုံမှပဲ စားသောက်ကြမှာဆိုတော့ အန်တီတို့ မိသားစုချင်းပဲ ဘာမှ ပြဿနာ မရှိဘူး .."

ဒေါ်သက်သက်မာ ပြန်ဆင်းသွားသည်။ ပဲခူးကနေ ရန်ကုန်ကို ရောက်လာကြတဲ့အခါ အရင်က ရန်ကုန်မှာရှိခဲ့တဲ့ခြံမှာပဲ နေခဲ့ပြီး ဒီအဆောက်အဦး ဒီလောက်ပြီးသွားတည်းက ရောက်လာတိုင်း ဒီမှာပဲ နေဖြစ်သည်တဲ့ ..။

အရင်နေခဲ့တဲ့ ခြံနဲ့ တိုက်ကိုတော့ ရောင်းပစ်လိုက်တာလိုလို .. ငှားထားတာလိုလို …၊ လူကြီးတွေစကားကိုလည်း ချင်း ဘယ်တုန်းကမှ စိတ်ဝင်တစား နားမစွင့်ခဲ့ပါ …၊

သေချာတာကတော့ ဒေါ်သက်သက် တို့က သိပ်မချမ်းသာကြပေ …၊





ဒီတိုက်ကြီးကိုတော့ ဘယ်သူမှ လိုက်မမီအောင် ခြယ်မှုန်းထားတော့မယ့်ပုံပါ …၊

နာရီကိုကြည့်ဖြစ်ရင်း ချင်း ဟွန့်ခနဲ မဲ့၏။ အားလုံး လူတွေစုံနေတာတောင် မင်းသားက ပေါ်မလာ …၊

"ဒုန်း .."

ဘာမှ မထိမကိုင်ရသေးဘဲ ပန်းချီဘောင်တစ်ခု လျှောကျလာသဖြင့် စိတ်မဝင်စားပေမယ့် သွားကောက်လိုက်မိသည်။ ကြည့်လိုက်တော့ ပါးရေနားရေတွေ တွန့်ရွဲနေသောမျက်နှာကြီးနှင့် သျှောင်တစောင်းနဲ့ အဘိုးအိုသည် သူ၏ ဖြန့်ထားသော လက်ဝါးပေါ်က အကြေစေ့နှစ်စေ့ကို မမြင်မစမ်း ပြူးပြဲကြည့်သည့်ပုံ ဖြစ်၏။

မျက်နှာနဲ့ လက်ပေါ်က ဖောင်းကြွတွန့်ရှုံ့နေသော အရေးအကြောင်းတွေက တကယ့်အရေပြားအတိုင်း အသက်ဝင်နေသည်။

အကြေစေ့တွေပေါ်မှာ မမြင်မစမ်း စိတ်ဝင်စားနေသော ခပ်တွဲတွဲမျက်ခွံတွေအောက်က မျက်လုံးတွေက ပန်းချီပုံနဲ့မတူဘဲ တကယ့်ဝေတ်ပုံအတိုင်း …၊

ဒါတွေ ဒီလူ ဆွဲထားတာလား …၊

အိုင်တီပညာရှင်တစ်ယောက်က ဆေးစက်ကျရာ အရုပ်ထင်အောင် ရေးနိုင်တဲ့အထိ တော်နေတာ ဖြစ်နိုင်လို့လား …၊

အောက်ထောင့်မှာ ဆိုင်းထိုးထားတာက ဆန်းပြားလှပပေမယ့် နာမည်ကိုတော့ မှန်းလို့မရဘဲ ဖြစ်နေ၏။

ထိုပန်းချီကားမှ စကာ နောက်ထပ်စက္ကူတွေနဲ့ လိပ်ပတ်မထားသောပုံတွေကို လျှောက်ကြည့်ဖြစ်၏။ ဒီတိုင်း အထပ်လိုက်ရှိနေသော ဓာတ်ပုံအယ်လ်ဘန်တွေကို ကတ်ထူပုံးထဲကနေ အပေါ်ဆုံးကတစ်အုပ်ကို ဆွဲယူကြည့်မိ၏။

သူ ကျောင်းသားအရွယ်လောက်က ဓာတ်ပုံတွေဖြစ်သော မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တူတာဆိုလို့ ဘယ်ပုံမှာမှ ရောညှပ်မပါသလို .. မိန်းကလေးသပ်သပ်ပုံဆိုတာလည်း မရှိ ..၊

ဒီလူ ဒီလောက်တောင် မရိုးရှင်းနိုင်ဘူးလို့ မရမက ဆွဲတွေးရင်း ကောင်းရာကောင်းကြောင်းတွေးမိဖို့ ရှိလာတာတွေကို ဖျောက်ဖျက်ပစ်မိ၏၊

ပြီးတော့ ဓာတ်ပုံတွေကို ပြန်ထည့်ထားလိုက်ပြီး ကျောခိုင်းသည်။ ပြီးတော့ ပြောဖို့ မျိုသိပ်လာခဲ့သောစကားတွေကို မမေ့မလျော့အောင် ပြန်တန်းစီနေမိ၏။

သူမ မလွဲသာလို့ လိုက်လာခဲ့ရတာ မဟုတ်ပေ ..၊ မေမေတို့ကို စိတ်ဆင်းရဲအောင် ကလန်ကဆန် မလုပ်ချင်ခဲ့ပေမယ့် ဒီမိသားစု ဒီလူတွေကိုတော့ မုန်းရင်လည်း မတတ်နိုင် ..၊ အထင်သေးမယ်ဆိုလည်း သေးပေ့စေ ..၊

အခိုကက သူမ အိမ်ထောင်မပြုချင် ..၊

ရက်မြတ်ကောင်း က စ၍ ဒေါ်သက်သက် တို့ကသာ ဒီကိစ္စပေါ်မှာ စိတ်ပျက်ငြိုငြင်စကား ပြောလာခဲ့မည်ဆိုလျှင် အားလုံး အေးချမ်းသွားမှာ ဖြစ်၏။

ထို့ကြောင့် ဒီည သူမ လုပ်မှာက ဆုံးဖြတ်ထားတဲ့အတိုင်း ..၊

"ဟော့ ရပ် .. ရပ်နေလိုက် .."

မှန်ချပ်ကြီးကို တွန်းကြည့်မလို့ ကိုင်လိုက်တုန်းပဲ ရှိသေးသည် အထိတ်တလန့် တားဆီးသံကြောင့် လက်ရောလူပါ တုန်ခနဲ ဖြစ်သွား၏။

ပြီးတော့ နောက်ကို လှည့်ကြည့်မလို့ပဲ ရှိသေးသည် .. လူကို ခါးကနေကိုင်၍ ဖွေ့ခနဲ ဆွဲမွေ့လိုက်ခြင်း ခံရကာ ...

"ဒီမှန်က မတပ်ရသေးဘူး .."

"အဲဒါ ဘာဖြစ်လဲ ..၊ ဖယ် .. လွှတ် ..."

သူ့လက်ကို မတူမတန်သလို ပုတ်ခတ် ဖယ်ချပစ်မိကာ ...





"ရှင့်မှန်ကို ဒီက ဘာလုပ်နေလို့လဲ .. မတပ်ရသေးဘူးဆိုတာ ပါးစပ်ကပြောရင် ရတယ် .."

"မင်း အဲဒါကို ကိုင်ပြီး ရှေ့တစ်လှမ်း တွန်းလိုက်တာနဲ့ ကျွမ်းပြန်ကျသွားမှာ နားလည်ရဲ့လား .."

သင်းကလည်း ဒေါသတွေနဲ့ပါလား ..၊

မကျေနပ်စိတ်က ပိုတိုးသွားကာ သူ ကိုင်လို့ ပုံစံပျက်သွားသည့် အင်္ကျီအဝတ်အစားကိုပဲ ခါချနေသလိုလို .. ပြုပြင်နေသလိုနှင့် မျက်နှာငံ့ထားမိတာကို ရုတ်တရက် မမော့ဖြစ် ..၊

ကိုယ်က သိနေပြီး မသိသလိုနေခဲ့တာကို ဒီလူ မရမက ဖော်မှာလား ..၊ အမှတ်တမဲ့ ပြီးသွားမှာလားဆိုတာက ခဏအတွင်းမှာ အရေးတကြီး တွေးစရာ ဖြစ်သွား၏။

သို့သော် ဒါကို သူမ ဆက်တွေးဖို့ မလိုတော့သော သူ့ထံမှ ခဏ တစ်ဖြုတ် တိတ်သွားခဲ့ခြင်းအပြီး ..၊

"မင်းက စကိတ်စီးလာတဲ့ ချာတိတ်ပဲ .."

ချင်း ရင်ထဲမှာ ဒိန်းခနဲ တစ်ချက်တော့ ခုန်သွား၏။ ဒါပေမယ့် ခပ်တည်တည် မော့ကြည့်လိုက်ကာ ...

"ခင်ဗျားကိုး .."

"သိပြီးသားကြီးကို အံ့သြပြမနေပါနဲ့ကွာ .. ဆီမပါ ရေမပါနဲ့ အိုးခင်းပူတိုက်နေသလိုကြီး မင်းအသံက .."

စိတ်က ထောင်းခနဲ တိုသွားသည်။ ကြည့်လိုက်တော့ ကော်ဖီရောင် ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကလည်း ကော်ဖီရောင်ကို ဝတ်ထားသည်။

ရှပ်အင်္ကျီ ကြည်ပြာရောင်တောက်တောက်က ကော်ဖီရောင် ခပ်မှုန်မှုန်အောက်မှာ တစ်မျိုးကြည့်ကောင်းခြင်းဖြင့် ထည်ဝါနေ၏။

ရယ်နေသည့် သူ့မျက်နှာမှာ ပါးပြင်နှစ်ဖက်က ပါးချိုင့်ရှည်တို့ သိသာစွာ ထင်းနေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

သိပ္ပံသားဆိုတော့လည်း နှစ်ယောက်တည်း ရှိနေတုန်း ဘာဖြစ်လဲ ဆိုသည့်စိတ်နှင့် ဂရုမစိုက်စွာ မဲ့ပစ်သည်။ ပြီးတော့ မျက်နှာလွှဲပစ်လိုက်၏။

မျက်လုံးထဲမှာတော့ ညီညာသည့်သွားတန်းတို့နှင့် ပါးချိုင့်တွေ ရှိနေသော ရယ်နေပုံက စွဲထင်လာခဲ့လျက် ..၊ သင်းက ဘာတွေ ဒီလောက် သဘောကျနေတာလဲ ..၊

သူနဲ့ တွေ့လိုက်တိုင်း ဒုက္ခတွေ အလီလီ အထွေထွေနဲ့ ကိုယ့်အဖြစ်က ရော ဘာလဲ ..၊

သူ ကိုင်သွားသည့်ခါးကို အမှတ်တရ ထပ်မံ ခါချပစ်မိကာ ...

"အဲဒီမှန်က ဘာလုပ်ထားတာလဲ ..၊ ဒီနေရာမှာ ချင်း မဟုတ်ဘဲ အန်တီတို့ အန်ကယ်လ်တို့ ဆိုရင်ရော .."

"အခု မင်းပဲဖြစ်တာ .. မင်းအကြောင်းပဲ ပြောလေ .."

"ရှင် လျှောမချနဲ့ .. ဒါကို လုပ်ကြံမှုလို့ ပြောလို့ရတယ် သိရဲ့ လား .."

"ဘယ်လို!..."

"ဒီလိုအန္တရာယ်ရှိတာကို အန်တီသက် မသိဘူးလား .. သိသလား အဲဒါကို ဖြေ .."

"ဘယ်သူ သိသိ မသိသိ မင်းကို သေစေချင်တဲ့သူ ဘယ်သူမှမရှိ ဘူးဆိုတာ နားလည်လိုက်ရင် မှန် ဒီတိုင်းရှိနေရခြင်းအကြောင်းက သူ့ အလိုလို ပေါ်လာမှာပဲ .."

"သူ့အလိုလို ပေါ်မလာခင် အခု ချင်း သေသွားရင်ရော .."

"အခု မင်း မသေသေးဘူး .."

"ဦးရက်မြတ်ကောင်း .."

"အင်း ဟုတ်တယ် .. ကိုယ်က ရက်မြတ်ကောင်း .. ကားရှေ့မှာ ချော်လဲတဲ့နေ့တည်းက မင်း သိတယ်မို့လား .."





"သိသိ မသိသိ အရေးမပါပါဘူး .."

"ဖြစ်ပါတယ် .. ပြောပြော မပြောပြော အဲဒါက ကျန်ခဲ့ပြီ .."

ဒီလူ ဘာလဲ ..၊ လူကို သံတူကြောင်းကွဲတွေနဲ့ ကပ်ညစ်နေတာ လား ..၊

မျက်နှာကို ကြည့်ရတာတော့ ပိုလီယိုမျက်နှာမျိုး မဟုတ်ပါ..၊ ဒါပေမယ့် မျက်လုံးတွေက ရယ်မြူးရိပ် သမ်းနေသလို ရှိသည်။

နိုင်ကြည်သည်ဆိုတာထက် ပိုအောင် သိသာနေသည့် မေးရိုးကား ကားတွေက မထိမဲ့မြင် ကြည့်တတ်သည့် မျက်ဝန်းမျိုးကို ဖန်တီးတာ လား ..၊

တကယ်ပဲ လူကို တကယ် မထိတထိ လှောင်ရယ်နေသည်လား..၊ ဒါမှမဟုတ် ဘာကိုမှ ဂရုမစိုက်တတ်သော ခက်ထန်သည့် မျက်နှာပုံစံ မျိုးလား ..၊

ချင်း၏ အကဲခတ် စူးစိုက်နေသော မျက်ဝန်းတွေကို သူက ပြန် ကြည့်ပြီး မေးဆတ်၍ ...

"ကိုယ် ဘယ်လိုလူလဲဆိုတာ တွေးနေတာလား .."

ချင်း မျက်နှာလေး ပျက်သွားတော့ ကောင်း က ပြုံးလိုက်ကာ...

"မင်းကတော့ တော်တော်လှတယ် .."

အဝါရောင်မီးရဲ့အောက်မှာ ရွှေသားနှယ် ဝင်းနှစ်နေသည့် မျက်နှာ လေးကို အတိအကျ သတ်မှတ်၏။ ပြီးတော့ မျက်နှာလေး တင်းသွား တာကို စိုက်ကြည့်ပြီး ဘာမှမဟုတ်သလို မျက်နှာလွှဲသည်။

"မြင်လိုက်တာနဲ့ မျက်လုံးအေးသွားတာကို ပြောချင်တာပါ.. မကြိုက်ရင် မပြောရဲပေါ့ .."

"ပြောလိုက်တာကိုရော .. မပြောရသေးတာကိုရော ..ပြီးတော့ ရှင့်ကိုရော .."

"ဘာဖြစ်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ဘူး .."

"ကိုယ်တရော ကြိုက်ပါလို့ ပြောမိလို့လဲ .."

"မပြောတာကို သိတယ် .. ခုဆိုရင် ရှင် ကျွန်မသဘောကို သိပြီ ထင်တယ် .."

"ခုမှ စကားရပ်ပြောကြတာ တစ်ထိုင်တည်းနဲ့ နားလည်မှုတွေ ရှိချင်နေလို့ ရမလား .."

"ဘာ!... ပြောတယ် .."

"မင်းရဲ့သဘောကို မသိဘူးလို့ ပြောတာ .."

ရွဲ့ပြောနေတာကို ရွဲ့ဖြေနေသည်။ အိုးရွဲ့ဆို စလောင်းရွဲ့နဲ့ ဖုံးပစ်မှာ ...။

"ဦးရက်မြတ်ကောင်း .."

"ပြော .."

"ရှင့်ကို ချင်း ပြောနေတာ .. ကျွန်မ ပြောတာက နားလည်မှုတွေ ကြဖို့ မဟုတ်ဘူး .."

"ဟုတ်လား .. ဒါဆိုလည်း တည့်တည့်ပြော .. ကိုယ်က ကိုယ့် အလုပ်ကိစ္စကလွဲရင် သိပ်စဉ်းစားချင်တာ မဟုတ်ဘူး .."

"ဒါပေမယ့် အခု ရှင်နဲ့ ကျွန်မကို လက်ထပ်ပေးကြမှာက .."

"စေ့စပ်မှာ မဟုတ်ဘူးလား .."

အချိုးမပြေသည့်မျက်နှာကြောင့် ကိုယ် စကားမှားတာက ဘာမှ မဟုတ်ပေမယ့် ချင်း မျက်နှာလေး နီသွားသည်။

"ဟုတ်တယ် စေ့စပ်မှာ ...၊ စေ့စပ်ရမယ့်အကြောင်းက လက်ထပ် ပေးကြဖို့ပဲလေ .."

"အဝေးကြီး လိုသေးတာကိုကွာ .."

'နားငြီးလိုက်တာ' ဆိုသည့် မျက်နှာ ရှုံ့တွတွနှင့် ပြောပုံက ... ကိုယ်ကပဲ ဆန္ဒတွေ စောနေတာလိုလို ...၊





"ဒီမှာ .."

"ပြောပါ .. မင်းရှေ့မှာပဲ ရပ်နေတာ .."

သူ့ ခြေလှမ်းပြင်လိုက်လို့ ခေါ်ရသည့်ကိစ္စ ...၊

ဒီလူက တစ်ဖက်သားကို ကျော့ကျော့မော့မော့ ဆက်ဆံချင်တာ လား ...၊

ခဏလေးအတွင်းမှာ တော်တော်မှန်းတီးဖွယ်ကောင်းသည့် သုံးသပ်မှုတွေ ချင်း ရဲ့ခေါင်းထဲမှာ အများအပြား ဖြစ်လာခဲ့၏။

"ရှင်နဲ့ ချင်း ကို စေ့စပ်ပေးပြီးရင် ရှင်က ဟိုမှာလာနေမှာဆိုတာ အဲဒါက ဘယ်သူ့သဘောလဲ .."

"ဒီအခန်းထဲ ဝင်မလာခင်အထိ စေ့စပ်ဖို့ကိစ္စက အစ ဒီည မွေးနေ့ ဒင်နာမှာ ဆုံကြဖို့အဆုံး ကိုယ့်သဘော ဘာမှမပါဘူး .."

"ဟုတ်တယ် .. ချင်း က .. ကျွန်မက အဲဒါကိုပဲ ပြောချင်တာ.."

"နေဦး ...၊ မင်းနာမည်က 'ချင်းကကျွန်မက' လား.."

"ရှင့်ကို ကျွန်မ ကောင်းကောင်းပြောနေတာ နော် .."

"ကိုယ်လည်း ကောင်းကောင်း မေးနေတာပဲ .. ချင်း တွေ.. ကျွန်မ တွေချည်း လုံးထွေးနေတာ ဘာကို နားထောင်ရမှန်း မသိဘူး .."

"ဟွန်း .."

ချင်း က လက်လေးပိုက်လိုက်ပြီး မဲ့ကာ ...

"ဒီလိုပဲ ချင်း တန်ရင် ချင်း .. ကျွန်မ တန်ရင် ကျွန်မပေါ့ .."

"သြော် .. ဒါဆိုလည်း ချင်း က ဘယ်လောက် ...၊ ကျွန်မဆိုရင် ဘယ်လောက် .. တန်ဖိုးလေး ဘာလေး ပြောထားဦးလေ .."

"ဘာ!... ဘာပြောတယ် .."

ချင်း ဆတ်ဆတ်ခါ ထအော်တော့ ကောင်း က 'ဘာဖြစ်သလဲ..' ဆိုသော ထူးဆန်းသည့်အကြည့်နှင့် ခပ်တည်တည် ...၊

ပြီးမှ တစ်ဖက်လှည့် လျှောက်သွားသလိုနှင့် အားပါးတရ ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com



လျက် ...

"မသိဘူး .. မင်းပဲ တန်ရာတန်ကြေးတွေ ပြောနေတော့ .."

"အဲဒါ ရှင့်ရဲ့တန်ဖိုးကိုပဲ ပြန်ကြည့်ရမှာ .."

"ဒီလိုလား .."

"ချင်း ဆိုတာ ချစ်ခင်နွေးထွေးသူများနဲ့ ပြောမှ .."

"ဒါဆို ကိုယ့်ကိုတော့ ချစ်လာလိုက် မုန်းသွားလိုက်ပေါ့ .."

"ရှင် နော် .."

"မင်းပဲ 'ချင်း က ကျွန်မက'နဲ့ .. ချင်း ဖြစ်လိုက် .. ကျွန်မ ဖြစ်လိုက် .. ဝေခွဲရ ခက်နေတာလေ .."

"တောက်!..."

ကောင်း က ကျောခိုင်းရာကနေ ဖျတ်ခနဲ လှည့်လာတော့ ရယ်မြူး ရိပ်ဆင်သည့် မျက်နှာနှင့် ...

"ဘယ်သူ့ကို တက်ခေါက်တာလဲ .."

"ရှင့်ကိုပဲ .."

မေးဖျားလေး ပင့်တက်လာအောင် ခြေဖျားပါ ထောက်၍ တစ်လုံး တစ်ခဲကြီးပြောကာ ဆောင့်ခနဲ ဖနောင့်ပြန်ချ၍ ...

"အဲဒီလို ကတ်ဖိုးကတ်ဖဲ့တွေ ပြောရတာ အရသာတွေ့လား.."

"ကိုယ် ဘာမှမဖြစ်ဘူး .. မင်း ဖြစ်နေတာတွေ မင်း ပြန်ကြည့်.."

ကောင်း က 'သနားတယ်'ဆိုသည့်အပြုံးနှင့် မျက်နှာချင်းဆိုင်မှာ နီးကပ်စွာ ရပ်လိုက်ပြီး ငုံ့မိုးကြည့်သည်။ ပြီးတော့ ...

"မင်း ကိုယ့်ကို သိထားရက်နဲ့ မသိခဲ့ဘူးသလို ဟန်ဆောင်တယ်..၊ ရင်းနှီးခွင့် ရှိနေကြတာကို ရင်းနှီးလို့ မရအောင် ကြိုးစားနေတယ် .."

"အဲဒါတွေကို ရှင် သိစေချင်တာ .. ကျွန်မရဲ့သဘောကို ရှင် သိပြီလားလို့ မေးခဲ့တာ အဲဒါတွေကြောင့်ပဲ ..၊ ခု ရှင်းသွားပြီလား .."

"ရှင်းနေပြီးသားကို မင်းကြောင့် ကိုယ်က ရှုပ်ရတာ ..၊ အဲဒီတော့





မင်းနဲ့ ကိုယ် ဆက်ပြီး မရှုပ်ထွေးရအောင် မင်း ဖြစ်စေချင်သလို ဖြစ်လာမှာ မဟုတ်ဘူးဆိုတာလည်း တစ်ခါတည်း သိသွားအောင် ကိုယ် ပြောမယ် .."

မျက်ဝန်းတွေက ရဲတင်းလွန်းသည်။ ကိုယ် ဖြစ်ချင် ပြောချင်တာ တစ်ခုခုမှလွဲလျှင် ဘာကိုမှ အရေးမထားတတ်တာမျိုး ...၊

"မင်းနဲ့ စေ့စပ်ဖို့ .. လက်ထပ်ဖို့ .. ပြီးတော့ ရာသက်ပန် ပေါင်းကြဖို့ထိ ကိုယ့်ဘက်က လိုလားတယ် .."

"ရှင် ဘာပြောတယ် .."

"မင်း ကြားပါတယ် .."

"ကြားတယ် .. ဒီလောက်တောင် ပြောရဲလွန်းလို့ မယုံနိုင်တာ.."

"ဘာကိုလဲ .. ကိုယ့်ဘက်က လိုလားတယ်ဆိုတာကိုလား ..၊ အရှိကို အရှိအတိုင်းပဲ .."

ပြောပုံက ရွှံ့နေတာနှင့်တူကာ တည်နေသည့်မျက်နှာက ဒေါသထွက်နေတာလိုလို ...၊

"ဘာကြည့်တာလဲ .. ကိုယ် ရွှံ့ပြောနေတယ် ထင်လို့လား .. လုံး၀ အတိအကျ အတည် .."

"ကျွန်မမှာလည်း အတိအကျ အဖြေရှိတယ် ..၊ အဲဒါက .."

"ကိုယ်ကတော့ ခု အဲဒါကို စိတ်မဝင်စားဘူး .."

မပြောဖြစ်အောင် ပိတ်ပြောပြီး ဘောင်းဘီအိတ်တွေထဲ လက်ထည့်၍ ပခုံးတွန့်သည်။

"ကိုယ် ပြောရတာက မင်း ကိုယ့်ဘက်ကို စိတ်ဝင်စားမှု လွန်လာနေသလားလို့ .."

"ဘာ!..."

"ဆုံးအောင် နားထောင်ဦး .."

ချင်း တင်းခနဲ အံကြိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူများစကားကို အဆုံးသတ်ခွင့် မပေးသော အမိန့်ဆန်သည့် မုန်းတီးဖွယ်တစ်ရပ် နောက်ထပ် တိုးသွားခဲ့၏။

"ကိုယ့်ဘက်က ဘယ်လိုရှိနေမှာတွေ .. ကိုယ့်ဘက်ကပဲ ငြင်းလိုက်စေချင်တာတွေ .. အဲဒီလိုတွေဖြစ်လာအောင် ဘယ်လို ဖန်တီးရမလဲ ဆိုတာတွေ ..၊ မင်းကတော့ မိဘကို ကလန်ကဆန်လုပ်ဖို့ မလိုဘဲ ကိုယ့်ကြောင့်သာ စေ့စပ်ပွဲပျက်ရတာပါ ဆိုတာမျိုး .."

ချင်း က 'ဘာဖြစ်လဲ ..' ဆိုသည့် ထိမထင်အကြည့်တို့နှင့် ပြန်ကြည့်၏။

"ဟုတ်တယ်နော် .. ကိုယ် ပြောချင်တာက အဲဒါ ..၊ မင်းဘက်က ကိုယ်က မသိလိုက်ခင်မှာတည်းက စိတ်ဝင်စားခဲ့တာ .. အဲဒီအတွက် ပြင်ဆင်မှုတွေ .."

"မဟုတ်ဘူး .. ဘာမှ ပြင်ဆင်မထားခဲ့ဘူး .. ရှင့်ကို မမှတ်မိသလို နေလိုက်ဖို့ကလည်း ရှင့်ကို မှတ်မိလိုက်ကာမှ ဖြစ်သွားတာ .."

"ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ကိုယ်က ခုမှ မြင်ဖူးခဲ့ရတာ .."

ဓာတ်ပုံတွေကိုလည်း ယူထားလိုက်သည့် ကိုယ့်အပြစ်ကို သိကာ မျက်နှာတော့ ပူပေမယ့် ...

"အဲဒါကရော ဘာတွေများ ကြီးကျယ်သွားလို့လဲ ..၊ ရှင့်ကိုမှ မဟုတ်ဘူး .. ကျွန်မ ဘယ်ယောက်ျားကိုမှ မလိုချင်ဘူး ..၊ ထိမ်းမြား လက်ထပ်တာတွေကိုလည်း .."

"ယောက်ျားတွေကို စိတ်မဝင်စားဘူးဆိုတော့ မိန်းကလေးတွေကို ပဲ စိတ်ဝင်စားတာလား .."

"ရှင် ဘာစကား ပြောတာလဲ .."

"ဒါ မေးသင့်တာပဲလေ ..၊ လူကြီးတွေဆီက သိရတာက မင်းမှာ ချစ်သူ မရှိဘူး .."

"ရှင့်မှာ ချစ်သူမရှိဘူး ဆိုတာကရော ယောက်ျားလေးတွေကိုမှ





စိတ်ဝင်စားတတ်နေလို့လား .."

"ချစ်သူမရှိပေမယ့် လက်ထပ်ရမယ်ဆိုတာ ကိုယ့်ခေါင်းထဲမှာ ရှိတယ် .. အခု မင်းကို လက်ထပ်ယူဖို့လည်း .."

"အဲဒါ ဖြစ်လာမှာ မဟုတ်ဘူး .."

"ဟုတ်လား .. မင်းမှာ ဒီလို ခိုင်လုံနေရင်လည်း ပြီးနေတာပဲကွာ.. အောက်ထပ်မှာ လူကြီးတွေ စောင့်နေကြပြီ .. သွားမယ် .."

"အို .. မပြီးသေးပါဘူး .. နေဦး .. နေဦး .."

ကိုယ့်ဘာသာ စိတ်စောပြီး သူ့ကို ဆွဲထားမတတ် ဖြစ်သွားကာ သူ ပြန်လှည့်လိုက်တော့ ကိုယ်ရှိန်သတ်လိုက်ရတာ ဟန်ချက်မညီ ..၊

"ရှင် ကိုယ့်ဘာသာ ပြောချင်တာပြော .. သူများပြောတာကိုလည်း နားမထောင်တတ်ဘူး .."

"ဘယ်သူပြောပြော စိတ်ဝင်စားစရာကောင်းမှ နားထောင်မှာပေါ့ကွ .."

"လူမှုဆက်ဆံရေး ပညာပေး ဆောင်းပါးတွေ ရှင် မဖတ်ဖူးဘူး လား .."

ကောင်း မျက်နှာမှာ စိတ်မရှည်ခြင်းတွေ သိသာစွာ ဖြစ်ထွန်းသွားခဲ့ပြီး ...

"စာတွေထဲမှာ လက်တွေ့မရှိဘူး.. အဲဒါရော မင်း လက်ခံရဲ့လား.."

"ဒါက ဒါပဲလေ .."

"စာတွေကျက်နေဖို့ထက် ဘဝက ချိုသလား .. ခါးသလား သိရအောင် လူတွေကို မင်း စိတ်ဝင်စားကြည့်လိုက်ပါ .."

သူ ပြောတာကို ချင်း က မျက်မှောင်ကုတ်သွားသဖြင့် ...

"အဲ့ဒီလူတွေရဲ့ ဘဝတွေကို မင်း သေချာကြည့်တတ်လာရင် မင်း ကိုယ်တိုင် စာတွေ ရေးတတ်လာလိမ့်မယ် .."

ပြောပုံက သူ့ကိုယ်သူ ဆရာကြီးစတိုင်လ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြော .. မင်း ပြောဖို့ရှိတာက ကိုယ့်ကို အဲဒီဆောင်းပါးတွေ ဖတ်ဖို့လား .."

"ရှင်က ဆရာကြီးဆိုတော့လည်း ထားလိုက်ပါ .."

"ဟွန်း .."

"ကျွန်မမှာ ချစ်သူ မရှိသေးပေမယ့် ချစ်ရမယ့်သူ ရှိတယ် .."

"အဲဒါ မင်းကိစ္စပဲ .."

"မင်းကိစ္စပေမယ့် ရှင်နဲ့ ဓေ့စပ်လိုက်ရရင် သွားပြီပေါ့ .."

"အဲဒီတော့ ဆက်ပြော .."

"ရှင်ကလည်း ဒါကို ငြင်းမှာ မဟုတ်ဘူးဆိုတော့ ကျွန်မလည်း ဒီတိုင်းပဲလေ .. ဒါပေမယ့် ကျွန်မဘက်က ရှင့်ကို မကျေနပ်တာတွေ ရှိနေတဲ့အတွက် ခုလိုမျိုး မျက်နှာချင်းဆိုင်မိတာနဲ့ ရန်ဖြစ်တာတို့ .. ရှင့်ကို တမင် ရွဲ့ပြော .. ရွဲ့လုပ်မိတာတွေ ရှိလာမှာပဲ .."

"ဟွန့် .."

သူက ချင်း ဘာပြောပြော စိုးရွံ့နောက်တွန့်သွားမှာ မဟုတ်သည့် အကြည့်တို့ဖြင့် နားထောင်နေ၏။ ပြီးတော့ လူတစ်ကိုယ်လုံးကို ကြည့်ပုံက စိတ်တိုချင်စရာ ..။

ချင်း မျက်နှာလေး စူပုတ်ပုတ်ဖြစ်သွားပေမယ့် မျိုသိပ်ထားလိုက် ရင်း ...

"ကျွန်မတို့ချင်း ပဋိပက္ခတွေ ဘယ်လိုဖြစ်ဖြစ် .. လူကြီးတွေ မသိ ကြေးပေါ့ .. ဘယ်လိုလဲ .."

"ဖြစ်နိုင်ချေ နည်းလိမ့်မယ် .."

"ဘာဖြစ်လို့လဲ .."

"ဒေါသဖြစ်နေရင် အဲဒီမျက်နှာကို ဘယ်လိုပြုံးထားရမလဲ .."

"အဲဒါကလည်း ကိုယ့်သမိုင်းပဲလေ .. ကိုယ့်ဘက်ကို ကိုယ့်ဘာ သာ ဖြေရှင်းမယ် .."





"ဘာလဲ.. မင်းက ကိုယ်နဲ့ ဓေ့စပ်ထားပြီးမှ ရည်းစားထားဖို့ လမ်းစ ထွင်တာလား .."

"ခုတော့ အစီအစဉ် မရှိပါဘူး ..၊ ဒါပေမယ့် .."

စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်လို့ မဖြစ်တာ ပြောရင်း လမ်း တစ်ဝက်ရောက်မှ တွေးမိ၏။ ဒီလူစိတ်က ပြောလို့ရတာမှ မဟုတ်..။

"ဒီလိုလေ .. ချင်း တို့နှစ်ယောက် ဒီကြားကာလမှာ ရင်းနှီးသွား နိုင်သလား.. ပိုဝေးသွားကြမလား ..၊ တစ်ယောက်စိတ်ကို တစ်ယောက် အကဲခတ်ပြီးသားလည်း ဖြစ်တာပေါ့ .."

"အဟွန်း .."

ရုတ်တရက် စကားမထောက်ပေမယ့် ကောင်း ရယ်လိုက်ပုံက နားလည်နေသည့်သဘော ..၊

"ရှင်က ချင်း ရင်ထဲမှာ တစ်မျိုးကြံထားတယ် ထင်လို့လား .."

"ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

သူ ရယ်လိုက်တိုင်း ပါးချိုင့်တွေပေါ်သွားတတ်တာကတော့ ကြည့် ပျော်ရှုပျော်ပါ ..၊ ဒါပေမယ့် လူက နည်းနည်းလေးမှာ ထောင့်မကျိုး..။

"မင်းပြောမှပဲ အဲဒီလိုထင်ဖို့ သတိရတာလေ .. အဟွန်း .. ဒါပေ မယ့် ဘာတွေကြံကြံ လုပ်ပါ .. ပြဿနာမရှိဘူး ..၊ တကယ့်ပြဿနာက မင်း ရည်းစားမထားဖို့ .."

"အဲဒီလို ရှင် ပြောပိုင်ခွင့် မရှိပါဘူး .."

"ပြောခွင့်တွေ တားခွင့်တွေ မသိဘူး .. ဒါပေမယ့် ကိုယ်နဲ့ ပြဿနာ ရှိလာနိုင်တယ်ထင်ရင် မင်း လုပ်မှာတွေ ကိုယ် မသိစေနဲ့ .."

သူ ပြောချင်ရာပြောပြီးမှ မျက်နှာက တည်တည်တံ့တံ့ ဖြစ်သွား သည်။ ပြီးမှ လူကို စိုက်ကြည့်ပြီး လှည့်ထွက်သွားကာ ...

"သွားမယ်လေ .."



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝရောက်မှ ပြန်လှည့်ခေါ်၏။ ချင်း က မျက်မှောင်ကုတ်ကြည့်နေမှ ခေါင်းညိတ်လိုက်ရင်း ပြုံးကာ ...

"ရတယ်လေ .. စိတ်ညစ်ညစ်နဲ့ ဟိုမှန်ကြီးပေါ်မှာ သွားမှိုချလိုက်ဖို့တော့ စိတ်မကူးဘူးမို့လား .."

စိတ်တိုစရာတွေပြော၍ လှည့်ထွက်လာခဲ့လာပြီးမှ ရယ်မိသည်။ ပြီးတော့ ကြဲရှည်ရောင်ဝတ်စုံလေးနှင့် ဆံပင်ရှည်ရှည် အရပ်မနိမ့်မမြင့်ကောင်မလေးရဲ့ပုံရိပ်လေးက မျက်ဝန်းထဲမှာ စွဲလာ၏။

မျက်မှောင်ကုတ်သွားတိုင်း မျက်ခုံးထူထူခဲခဲလေးတွေ စုကျုံ့သွားတတ်ကာ သိပ်မရှည်သော တိုစိပ်စိပ်မျက်တောင်တို့က မျက်ခုံးစပ်အထိ မမှီတမှီ ဖြန့်ကား ကပ်တွယ်ကြ၏။

သူ့ကိုတော့ တစ်ခါမှလည်း ပြုံးမပြခဲ့ဖူးတာမို့ စူပုတ်ပုတ် စွာတေးလန်ပုံစံကိုပဲ သူ သဘောကျနေမိသည်။

ဆံပင်တွေ သိမ်းလှန်ဖြီးထားပေမယ့် ရှိန်းမြသော နားသယ်စပ်ဆံစလေးတွေကအစ မြင်လိုက်ရတိုင်း နားဆွဲလေး တလှုပ်လှုပ် ရှိနေတတ်သည့် မျက်နှာလေး တစ်ခုလုံးက ချစ်စဖွယ် နုနုငယ်ငယ်လေးပဲ ဖြစ်နေကာ ...၊

မင်းကို ငါ ကြိုက်တယ် ချာတိတ် ...၊





## အခန်း (၇)

"ဟင်!... ခု ပြောင်းလာပြီ .. ဟုတ်လား .."

"ကောင်း က အလုပ်တောင် ပြန်ထွက်သွားပြီ သမီးရဲ့ .."

ကြားရတာ တကယ်ကို မယုံနိုင် ...၊

အိပ်ရာထလာသဖြင့် ဖန်စပ်စပ် အိပ်ချင်မပြေသည့်မျက်လုံးတွေတောင် ချက်ချင်း ပြူးကျယ်သွားခဲ့လျက် ...

"ဒါဆို ညတည်းက အပြီးရွှေ့လာတာပေါ့ .."

"ဟုတ်တယ် .. သူ့မှာ ပစ္စည်းမှ သိပ်မပါတာ ...၊ သမီး စောစောအိပ်သွားသွားလို့ပါ .. ညကတောင် ခြံထဲမှာ သမီးဖေဖေနဲ့ စကားလာပြောနေသေးတယ် .."

"အဲဒီလူ စကားပြောတာ သိပ်ကျောတာပဲ .."

"ဟင်!..."

ဒေါ်သုဇာလင်း က အံ့သြသလို ပြန်ကြည့်ကာ အခန်းထဲဝင်လာသည့် ဒေါ်ဇာယု ထံ စစ်ကူတောင်းသလို မျက်လုံးရောက်သွားကာလည်း ရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးမေမေကတော့ ညတုန်းက သူနဲ့ စကားပြောပြီး ချိုးမွမ်းနေသေးတာ .. လူမှုဆက်ဆံရေး သိပ်နားလည်တဲ့ ကောင်လေး တဲ့ .."

"အဲဒါ ဘာမှမဟုတ်ဘူး .."

"ဒါဖြင့် သမီးဖေဖေက လူကဲခတ် ညံ့နေတာပေါ့ .."

"မဟုတ်ပါဘူး မေမေကလည်း .. တချို့ဆိုရင် ဖအေကိုတောင် လည်ပင်း ထညှစ်သေးတာ .."

"ဘုရားရေ!..."

ဒေါ်သူဇာလင်း ရင်ဘတ်ဖိ၏။ ဒေါ်ဇာယု က ဘီးကိုင်ရင်း ချင်းရဲ့ဆံပင်တွေကို စတင် ရှင်းလင်းပေးနေကာ ...

"အဲဒီလိုပဲ မမကြီးရယ် .. ချင်းလေး က သူ့စိတ်က ဒါဆို ဒါပဲ စွဲနေတော့တာ .."

"ဟာ .. ဇာကြီး ကလည်း.. အဲဒီလူတွေ တကယ်ရှိပါတယ်ဆိုမှ.."

"အေးပါ.. အေးပါ .. မေမေ့ကို ပြောပြပါဦး .. ဘယ်အရပ်မှာလဲ.."

"ချင်း တို့ သူငယ်ချင်းတွေထဲက တစ်ယောက်လေ.. သူတို့မိသားစုပဲ မြို့မှာ လုပ်ငန်းနဲ့ အခြေကျနေကြတာ .. တကယ်က တစ်ဆွေမျိုးလုံး တောဆက်တွေချည်းပဲ ..၊ ရွာက ဆွေမျိုးတွေဆီ တစ်ခါ အလည်သွားပြီး ပြန်လာရင် မကြားချင့်မှ အဆုံး .."

"ဟင်!..."

တကယ် ကြားရတော့လည်း တကယ်ကို အံ့သြရပါ၏။

"အဲဒီလူဆိုရင် အိမ်မှာ ဆာပြီဆို အဆင်သင့် စားရမှ .. ငွေလိုပြီဆိုလည်း ထုတ်ပေးမှတဲ့ ..၊ သူ လိုအပ်တာကို အဆင်သင့် ထုတ်မပေးလိုက်တာနဲ့ တစ်ခုခု ဖောက်ခွဲ ဖျက်ဆီးတော့တာပဲ တဲ့ .."

"ဘုရား!... ဘုရား .. ဘယ်လိုကံအကျိုးပေးတွေနဲ့များ မွေးလာပါလိမ့် ..၊ ဒါနဲ့ နေပါဦး သမီးရယ် .. ဒီလိုလူတွေနဲ့ ကောင်း က ဘယ်လို နေရာတွေမှာ တူညီတာ ရှိနေခဲ့လို့လဲ .."





"မပြီးသေးဘူး မေမေရဲ့ .."

"အင်း ... အင်း ..."

"အဲဒီလူကို သူ့အကြောင်း မသိသေးတဲ့ တခြားလူတွေကတော့ ခင်ကြတယ်တဲ့ .."

"ဒါပေါ့ .. သူ့အကြောင်းမှ မသိကြဘဲ .."

"သူကလည်း ကိုယ့်အိမ်ကလူတွေကိုသာ ဖက်သတ် လုံးထွေးပြီး ဖအေကိုတောင် ချန်မထားတာ .. တခြားလူတွေနဲ့ဆို ကောင်းမှကောင်း တည့်မှတည့်တဲ့ သိလား ..၊ အဲဒါကြောင့် ပြောတာ မေမေ .. လူတစ်ယောက်ရဲ့ အပြင်ပုံပန်းကို ကြည့်ပြီး ဒီလူ ဆိုးလိုက်တာ .. တော်လိုက်တာလို့ ပြောလို့ မရပါဘူး .."

ကောင်း နဲ့ သက်ဆိုင်လာတဲ့အပိုင်းဆိုတာ ဒါလား ..၊

ဒေါ်သူဇာလင်း အဆုံးသတ်ရောက်မှပဲ နားလည်တော့သည်။ ထို့ကြောင့် မျက်နှာမှာ ပြုံးယောင်သမ်းလျက် ...

"ကောင်း က အဲဒီလိုလူမျိုး ဖြစ်နိုင်တယ်ဆိုတာတော့ တပ်အပ်ပြောဖို့ စောပါသေးတယ် သမီးရယ် .."

"အဲဒီလိုလူမျိုး ဖြစ်တယ်လို့ မပြောနိုင်သေးဘူးဆိုရင် ဒီလိုလူ မဟုတ်နိုင်ဘူးဆိုတဲ့ ခန့်မှန်းချေတွေ ထုတ်ဖို့လည်း စောသေးတာပဲ မေမေရဲ့ .."

"ဩော်.. ဟွန်း .. ဟွန်း ..."

ဒေါ်သူဇာလင်း သဘောကျစွာ ရယ်လိုက်မိသည်။ ဒေါ်ဇာယု ကလည်း ချင်း ရဲ့ဆံပင်ရှည်တွေကို မနက်တိုင်း ရှင်းလင်းပေးနေကျအတိုင်း ဘီးနဲ့ သေချာဖြီးပေးနေရင်း ရယ်သည်။

လူကြီးတွေ ရယ်နေတာကို မှန်ထဲမှာ မြင်နေရပေမယ့် ချင်း က အလျှော့မပေးချင် ..၊

"ကလေးဆန်ဆန်တွေ ပြောနေတာ မဟုတ်ဘူးနော် .. ချင်း က



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သင့်တာကို ပြောပြတာ .. ဒီလူကြီးနဲ့ စကားတွေ အကြာကြီး ပြောခဲ့ရတာ .. သူ့စိတ်ကို မှန်းကြည့်ပြီးသား ..၊ ဖေဖေတို့ မေမေတို့ဆီက အထင်ကြီး သဘောကျမှုတွေကို ရအောင်ယူပြီး ချင်း ကိုကျတော့ တစ်စက်လေးမှာ ပြေပြေပြစ်ပြစ် ပြောဆိုမသွားဘူး .. သူ့အသက်ကြီးမှ သူ့အားမနာ .. စိတ်ဓာတ်ကိုက အနိုင်မခံ အရှုံးမပေး .."

"ဒီလိုပြောရလောက်အောင်လည်း ရင့်ရင့်ထော်ထော်ကြီး မဟုတ်သေးပါဘူး သမီးရယ် .. ခက်တော့တာပဲ ..၊ သမီးတို့ စကားပြောခဲ့ကြတာ အဆင်မပြေကြဘူးလား .."

ညာရမလား .. မညာရဘူးလား ..၊

ချင်း အပြေးအလွှား စဉ်းစားလိုက်သည် ..၊ ညာလိုက်ရင် ဘယ်လိုဖြစ်မလဲ ..၊ ဟုတ်တယ်လို့ ပြောလိုက်ရင်ရော ..၊

"မေမေ အကဲခတ်မိတယ် .. ဒါပေမယ့် ကောင်း့ မျက်နှာက ကြည်ကြည်လင်လင်ပဲဆိုတော့ သိပ်ပြဿနာမရှိတော့ဘူး ထင်တာ.."

"မေမေတို့က သူ့မျက်နှာကိုပဲ ကြည့်နေတာကိုး.. သူ့စိတ်ကျေနပ်မှု ရှိရဲ့လားပဲ ဂရုစိုက်နေတည်းက ..."

"ဒီမှာ သမီး .. သမီးကို မေမေ ရှင်းရှင်းပဲ ပြောတော့မယ် .."

ဒေါ်သူဇာလင်း မျက်နှာက တည်တည်တံ့တံ့ပုံစံ ဖြစ်သွားခဲ့လျက်...

"သမီးက ကောင်း ကို မေမေတို့က အမျိုးမျိုး အထင်ကြီးပြီး တန်ဖိုးထားနေတယ် .. မက်မောနေတယ်ပဲ ထင်နေတာ..၊ အဲဒါက ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် အားလုံး မမှန်ဘူး .."

နေရာမှထကာ လက်ဖွဖွပိုက်၍ သက်ပြင်းချသည် ..၊ ပြီးတော့မှ မှန်ထဲက ချင်း ရဲ့မျက်နှာလေးကို ငုံ့ကြည့်ကာ ...

"မေမေတို့မှာ ငွေကြေးစည်းစိမ်နဲ့ပတ်သက်ပြီး လောဘတကြီး ဖြစ်နေရလောက်အောင် လိုအပ်နေတာ မဟုတ်ဘူး သမီး.. ထပ်ပြီး ပွားများလာဖို့အတွက် သမီး စိတ်ဆင်းရဲရဲ မရဲရဲ ဖွတ်အမမွှ စီစဉ်ရလောက်





အောင်လည်း မေမေ မမိုက်ဘူး .. ပြောရရင် ကောင်း က သမီး ထင်နေသလောက်ကြီး မက်မောဖွယ်ရာ လူတစ်ယောက် မဟုတ်ဘူး .."

ဒေါ်ဇာယု က ချင်း ရဲ့ဆံပင်တွေကိုပဲ ကုတ်ဒ်လေးနဲ့ ဖွဖွသာသာလေး လိမ်းပေးနေ၏။ ပြီးတော့မှ ပစ္စည်းတွေကို နေရာတကျ ပြန်ထားပြီး အထဲက ထွက်သွား၏။

ဒေါ်သူဇာလင်း ကလည်း သူမ ထွက်သွားတဲ့အထိ စောင့်နေပြီးမှ မှန်ဘက်က သွားရပ်ကာ ချင်း ရဲ့ မျက်နှာလေးကို ကြည့်၍ ...

"မေမေတို့ သမီးအတွက် သူ့ကို ရွေးချယ်ခဲ့ကြတာဟာ အများတကာ သတ်မှတ်တဲ့ အရည်အချင်းကောင်းများနဲ့ မဟုတ်ဘူး သမီး.."

"ဘယ်လို မေမေ .."

"သူ့မိဘနှစ်ပါး ဆုံးသွားခဲ့ကြတာ မေမေ့ကြောင့် .."

"ဟင်!..."

ချင်း မျက်လုံး အဝိုင်းသား ဖြစ်သွားသည်။

"မေမေ ပြောတော့ ဖေဖေ့သူငယ်ချင်း ဆို .. သူတို့ကို ဖေဖေနဲ့ ပတ်သက်မှ သိရတာ ဆို .."

"ဟုတ်တယ် .. အဲဒါတွေကို မသက် ကိုယ်တိုင်တောင် မသိခဲ့ဘူး .."

ဒီအဖြစ်တွေကို ဘယ်လောက်ထိ အရေးတကြီး ဖုံးကွယ် လျှို့ဝှက်ထားခဲ့သလဲဆိုလျှင် ဒါကို အစပျိုးလိုက်တာနှင့် မေမေ့ မျက်နှာက စိုးထိတ် အားငယ်မှုတွေက ဟိုအရင်နှစ်များစွာထဲ ပြန်ရောက်သွားခဲ့သည့်အတိုင်း ..၊

"အဲဒီတုန်းက သမီးက ငယ်ငယ်ပဲ ရှိသေးတယ် .. ကားက မေမေ မောင်းလာတာ .."

"ကားပေါ်မှာ ချင်း တို့ မိသားစုပေါ့နော် .."

"မဟုတ်ဘူး သမီး .. မေမေနဲ့ သမီးဖေဖေပဲ ပါတာ ..၊ သမီးက



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ပွဲရှိတော့ အိမ်မှာ မယု နဲ့ ကျန်ခဲ့တယ် ..၊ မေမေတို့ မိတ်ဆွေတစ်ယောက်ရဲ့ ဒင်နာက ပြန်လာကြပြီး ကားပေါ်မှာ စကားများခဲ့ကြတယ် ..''

အဆက်ပေါင်းဆိုသည့် မိန်းမတစ်ယောက်နှင့် ပြန်ဆုံပြီး ဟိုတုန်းကအကြောင်း၊ အစွန်းအစပါသည့်စကားတွေ ပြောနေခဲ့သည်။

ရှိနေကြသည့်မိတ်ဆွေတွေကလည်း အနားက ဇနီးဖြစ်သူကိုတော့ မရင်းနှီးကြတဲ့အတိုင်း ပြုံးပြ နှုတ်ဆက်တာပဲ ရှိသည်။

ထိုအမျိုးသမီးကိုကျမှ ကိုမောင်မောင်ချင်း ရဲ့ဇနီးလိုလို ..၊ ဟိုအကြောင်း ဒီအကြောင်းတွေ ပြော၍ စနောက်နေကြတာကိုလည်း အားနာရမှန်း မသိကြ ..၊

ဒါကို ကိုယ့်ရဲ့ချစ်လင်ကပါ တားသလိုလို ရှက်သလိုလို ရောယောင်ပြုံးရယ်ရင်း ဒီအကြောင်းအရာတွေထဲမှာပဲ ဝဲလယ် ကျေနပ်နေခဲ့၏။

ဒေါ်သူဇာလင်း ကားပေါ်ပြန်ရောက်မှ ချုံးပွဲချ ငိုသည်။

''ရှင် ကျွန်မကို ဒီလူတွေထဲ တမင်ခေါ်လာပြီး အရှက်ခွဲတာ ..''

''မဟုတ်ရပါဘူး သူဇာ ရယ် .. အားလုံး ရယ်စရာအဖြစ် ပြောနေကြတာပါ ..၊ ဝေ ကလည်း အပြုံးမပျက်ရှိနေတာကို ကိုယ်က ကဲကဲခတ် လိုက်တားနေလို့ ကောင်းပါ့မလား ..''

ဝေ လို့ ခေါ်လိုက်တာကို ပို၍ရင်နာသွားမိသည်။ ကားက အကြမ်းပတမ်း ပြေးနေတာကို ဒေါ်သူဇာလင်း သတိမထားမိပေမယ့် ဦးမောင်မောင်ချင်း က စိုးရိမ်တကြီး တားဆီးနေခဲ့၏။

''မေမေ မှားတာပါ .. ကားမောင်းနေတဲ့အသိကို လုံးဝ မေ့ပြီး ကိုယ် ခံစားနေရတာကိုပဲ အလေးတကြီး ပေါက်ကွဲချင်နေခဲ့တာ ..''

ပြန်ပြောပြရင်း မျက်ရည်တွေ ဝေ့လာပြီး ခေါင်းငုံ့သွား၏။ ချင်းကိုယ်တိုင် အာခေါင်တွေခြောက်လာသလိုလို .. လက်ဖဝါးတွေ ထုံခဲလာသလိုနှင့် ဘယ်လိုကြီးမှန်း မသိ ..၊





''အဲဒီတုန်းက ကောင်း ရဲ့မိဘတွေက သူတို့သားလေးကို လာတွေ့ကြတာပေါ့ .. နောက်မှ သိရတာက ကောင်း ဆီကို သူတို့ မရောက်ကြသေးဘူး .. ရန်ကုန်ကို အချိန်မတော်မှဝင်ပြီး ကားဘီးပေါက်သွားလို့ လမ်းဘေးမှာ ရပ်နေကြတာ ..၊ အဲဒါတွေကိုရော ပတ်ဝန်းကျင်ကိုရော မေမေ ဘာမှမမြင်ခဲ့ဘူး .. ကားကို အရှိန်မထိန်းနိုင် ဖြစ်သွားပြီဆိုမှ..''

အသံတစ်ချက် တုန်သွားကာ ဒေါ်သူဇာလင်း စားပွဲဘေးမှ ခုံမှာ ထိုင်လိုက်၏။ ဒါတွေကို ပြန်တွေးမိတိုင်း ထိုညမှာ အိပ်မက်ဆိုးတွေ အမြဲ မက်ခဲ့သည်။

အချိန်မတော် ထငိုနေတာတွေ ဆက်တိုက်ဖြစ်လာတော့ ဦးမောင်မောင်ချင်း ဇနီးသည်အတွက် စိတ်ပြေရာပြေကြောင်းဖြစ်အောင် ကလေးတွေရဲ့ အနာဂတ်ပလန်ကို ရေးခဲ့သည်။

''မဖြစ်နိုင်ဘူး ကိုမောင် .. ငါတို့က သားကို အသက်လောက်ချစ်ခဲ့ကြတာ ..၊ မင်းတို့လို မချမ်းသာပေမယ့် သားအတွက် ငါတို့ တာဝန်ယူနိုင်တယ်'

ဦးစောနောင် က ဒီကားတိုက်မှုကိုတောင် ဇနီးသည် မသိအောင် တာဝရ လျှို့ဝှက်ထားပေးခဲ့သူ ဖြစ်သည်။

''သူတို့ အဲဒီနေရာမှာ တစ်ခါတည်း သေသွားကြတာလား ဟင်..''

''ကိုစော တို့ လင်မယား ရောက်လာမှပါ .. ဒါပေမယ့် ဘာမှပြောမသွားနိုင်ကြဘူး .. မသက် ဆိုရင် သူ့အစ်မအတွက် အရှူးမီးဝိုင်းခံစားရရှာတာ ..၊ ကိုစော ကိုယ်တိုင်လည်း ဒီကားသမားကို ထောင်မကျကျအောင် ချမယ် .. တစ်သက်လုံး ထောင်ထဲမှာနေစေရမယ် ဘာညာပေါ့ သမီးရယ် .. လမ်းဘေးမှာ လွတ်လွတ်ကင်းကင်း ရပ်နေတဲ့လူတွေကို မေမေက ..''

ကိုယ့်အပြစ်လို့ ပြောမထွက်သေးပေမယ့် မေမေ့မျက်ဝန်းပြင်ပေါ်မှာ မျက်ရည်တွေ စိုနေခဲ့ပါပြီ ..။

www.burmeseclassic.com



"အဲဒါ .. အဲဒီလိုဖြစ်နေတဲ့ ဒေါသတွေက သမီးအဖေကိုယ်တိုင် တရားခံဖြစ်နေတာ သိရမှ ကိုစော ဘက်က ပြန်လျော့သွားတာ .."

"မေမေ မှောင်းတာ ဆို .."

"ဟုတ်တယ် သမီး .. ဒါပေမယ့် တိုက်မိပြီဆိုတည်းက သမီး အဖေက သူမှောင်းတာပါလို့ ဝန်ခံထားခဲ့တာ .. သေဆုံးသူတွေဘက်က ဒေါသတကြီးထွက်လာတဲ့ လူသာ ကိုစော မဟုတ်ခဲ့ရင် ခုလောက်ဆို သမီးအဖေ ထောင်ထဲမှာလား .. ဘာဖြစ်နေမလဲ .."

နားထောင်နေရင်း ချင်း ရင်တွေတုန်နေမိ၏။ ဖေဖေ့ကို ထောင်ကျခဲ့ရင်ဆိုသည့်အတွေးလေးနဲ့ မြင်ကြည့်လိုက်တာတောင် ခေါင်းထဲမှာ တဒိန်းဒိန်း တုန်ခါလာသည်။

ပြီးတော့ ခေါင်းတွေ ကိုက်ခဲလာတာ ချက်ချင်း ...၊ ရက်မြတ်ကောင်း ဆိုတဲ့လူ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ မိဘမဲ့ရသည့်အဖြစ်ကိုတော့..၊

"ကိုစော က မသက် ကို ဖျောင်းဖျခဲ့ရာတယ်.. မသက် က မကျေနပ်ပေမယ့် သမီး မျက်နှာလေးကိုမြင်သွားတော့ သမီးအဖေကို ထောင်ချဖို့ဖြစ်နေတဲ့ သူ့ဒေါသတွေ သူ ပြန်သိမ်းတယ် .. သူ့ယောက်ျားရဲ့သူငယ်ချင်းဆိုတဲ့ မျက်နှာလည်း ရှိနေတော့ အဲဒီအဖြစ်ကြီးကို ပြည်ဖုံးကားချခဲ့တယ်လေ .."

"ဒါ .. ဒါဆို မေမေ .. ချင်း တို့က သူတို့အပေါ်မှာ မရိုးသားတဲ့လူတွေ ဖြစ်နေမှာပေါ့ .. ဒါကို လျှို့ဝှက်မထားသင့်ဘူးမို့လား .."

"ဟင့်အင်း .. အဲဒါတွေကို မသက် ကိုယ်တိုင်က ကောင်း ကို အသိမပေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ .."

"ဒါပေမယ့် မေမေရယ် .."

ဒေါ်သူဇာလင်း က ခေါင်းခါ၍ ...

"မနေ့ညက ကောင်း နဲ့ သမီးဖေဖေ စကားတွေ အများကြီးပြောခဲ့ကြတယ်ဆိုတာ အဲဒါတွေပါ .."





"ဟင် .. ပြောလိုက်ပြီ ဟုတ်လား .."

သူ ဘယ်လိုဖြစ်သွားသလဲဆိုတာ သိချင်စိတ်တွေ ရုန်းကြွလာ၏။

"ဟိုတုန်းက မမေ့စိတ် ဖြေသာသွားအောင် သူ စီစဉ်ပေးခဲ့တယ်ဆိုတာကလည်း ကောင်း ကို အမွေစားအမွေခံ မွေးဖို့ မေမေတို့ တောင်းတာကို ပြောတာ .. သူ့မိဘ ပြည့်စုံချမ်းသာနေတာ မေမေတို့ သိပ်မသိဘူး ...၊ ကိုစော တို့ လင်မယားရဲ့ အတိုင်းအတာကိုပဲကြည့်ပြီး ကလေးအတွက်လည်း သူတို့ တာဝန်မကြီးရအောင် မေမေ ခံစားနေရတာကိုလည်း ဖြေသာအောင် ကိုမောင်က စီစဉ်တာ .."

"လက်မခံခဲ့ဘူးလား .."

"ဟင့်အင်း .. သူတို့ ခေါင်းခါခဲ့တာကလည်း ကလေးနဲ့ ပါလာမယ့် စီးပွားဥစ္စာကြောင့် မဟုတ်ပါဘူး .. အဲဒါကို မေမေ သိတယ်...၊ ကလေးကို သူတို့က အစတည်းက ချစ်လွန်းလို့ မိဘဆီကနေ တောင်းယူပြီး မွေးစားခဲ့ကြတာ .. မေမေတို့ကို ဘယ်ပေးနိုင်မလဲ ...၊ ကောင်း က အဲဒီအရွယ်လေးမှာတောင် မျက်နှာလေးက သန့်ပြီး အရမ်း ချစ်ဖို့ကောင်းတာ .."

ဒေါ်သူဇာလင်း က မျက်နှာမော့လာရင်း မျက်ရည်စိုလက်စတို့ကို သုတ်ပစ်၏။

"ကောင်း ရဲ့မိဘတွေက အသက်ငယ်ကြပေမယ့် စီးပွားရေးကို စိတ်ဝင်စားတယ် .. ကြိုးစားကြတယ်၊ အောင်မြင်ချမ်းသာမှုတွေလည်း ရလာရော မမေ့ကြောင့် .."

"မေမေရယ် .. မေမေ တမင်တိုက်သတ်တာမှ မဟုတ်တာ .."

"ဒါပေမယ့် ဒါမျိုးကို ဘယ်သူမှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး သမီး .. ဒါကြောင့် ကောင်း ကို သူ့မိဘတွေ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးတဲ့ တရားခံဟာ မေမေတို့ပါပဲဆိုတာ ပြောပြနိုင်ခဲ့ပေမယ့် မေမေကိုယ်တိုင် မောင်းခဲ့တဲ့အဖြစ်ကို ခုချိန်ထိ ပြောဖို့ မရဲနိုင်သေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဒါ တရားရဲ့လား ..၊ လူကြီးနဲ့လူငယ်ပေမယ့် အပြစ်ပြုမိရင် ဝန်ခံရမှာ မဟုတ်ဘူးလား ..၊

"မေမေက အန်ကယ်လ်စော ရဲ့သူငယ်ချင်းမို့ ခွင့်လွှတ်ခဲ့တယ်ဆိုရင်တောင် ချင်း တို့က ဒါကို အခွင့်အရေးယူသလို ဆက်မှိန်းနေရင် မသင့်တော်ဘူးထင်တယ် မေမေ .. လူ့ဂုဏ်မှုဆိုတာ အချင်းချင်း ဝန်ခံထားသင့်တယ် ..၊ သူများပြောမှ သိတာမျိုးက သိပ်ရှင်းရခက်တာ .."

ဒေါ်သူဇာလင်း က နူးညံ့သည့်မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်ရင်း ခပ်ယဲ့ယဲ့ ပြုံးသည်။

"ပြီးလည်း ပြီးခဲ့ပြီလေ .. အမှားအမှန် ရှုပ်ထွေးမှုတွေ ရှိလာရင် အမှန်တရားဘက်က ရဲဝံ့စွာရပ်တည်ဖို့ သင့်ပေမယ့် ရှုပ်ထွေးနေတာ မဟုတ်ဘဲ သူ့အလိုလို အဆုံးသတ်သွားခဲ့ရင်တော့ တမင် ပြန်ပြီး တူးဖော်တာက အန္တရာယ် ရှိလာတတ်တယ် .."

ဒေါ်သူဇာလင်း ပြုံးနေပေမယ့် သူမရဲ့အပြုံးတွေက မဲ့နေသလိုပါ..၊ ရေမျောပြီး လက်ပမ်းကျနေတဲ့လူတစ်ယောက် မြေပြတ်ထားသည့် သစ်တုံးကို ဆွဲခိုလိုက်မိတာမျိုး ..၊

သေဖို့တော့နီးပေမယ့် ရှင်သန်နိုင်ခွင့်အတွက် နောက်ထပ်ရွေးချယ်စရာက မရှိ ..၊

"မေမေ့မှာ ရွေးချယ်စရာ မရှိလို့ပါ ..၊ ဒါကို ထပ်ပြီး ဝန်ခံလိုက်ရင် အမှန်တရားပေါ်သွားမှာ မှန်ပေမယ့် လိမ်ညာခဲ့တဲ့ နောက်ထပ်အပြစ်တစ်ခု တိုးသွားရုံကလွဲပြီး ဘယ်သူ့ဘက်မှာမှ ထူးခြားကောင်းမွန်လာမှာ မဟုတ်ဘူး .. ဒါကြောင့် ကောင်း ရဲ့မိဘတွေ သေဆုံးခဲ့ကြတာဟာ ကိုမောင့် ကြောင့်ဖြစ်ဖြစ် .. မေမေ့ကြောင့်ဖြစ်ဖြစ် .. မေမေတို့ကြောင့် ဆိုတာ သူတို့ သိထားခဲ့ပြီးပြီ.. အဲဒီအတိတ်ကို မေမေ ပြန်မသွားချင်တော့ဘူး .."

ချင်း ဘာမှပြောစရာ မရှိတော့ပါ ..၊





ဒီအဖြစ်တွေရဲ့ အဆုံးသတ်မှာ နာကျင်မှုတချို့ ကျန်ရစ်ခဲ့တာက ဘယ်သူ့အတွက်မှန်း မသိ ..၊

"မေမေတို့က ကောင်း ကို တာဝန်ယူဖို့ တောင်းစဉ်တည်းက သူတို့လည်း မပေးနိုင်ပါဘူးဆိုတာ သေချာခဲ့တော့ အဲဒီတည်းက သားနဲ့ သမီးတို့ အရွယ်ရောက်လာကြရင် လက်ထပ်ပေးကြဖို့ တိုင်ပင်ပြီး ကတိတွေ ထားခဲ့ကြတယ် .."

"သူတို့က ဒါကျတော့ သဘောတူခဲ့တယ်ပေါ့ .."

"ဒါက မေမေတို့က တောင်းဆိုခဲ့ကြတာလေ .. သမီးကို မေမေက သိစေချင်တာ အဲဒါပဲ ..၊ မေမေတို့ရဲ့ကျေးဇူးကြွေးကို သမီးနဲ့ ပေးဆပ်ဖို့ ကြိုးစားခဲ့တာ မတရားရာကျမှန်း သိပါတယ် .. ဒါပေမယ့် ကိုစော တို့ရဲ့ အသိုင်းအဝိုင်း အဆင့်အတန်းကလည်း .."

"မေမေရယ် .. စည်းစိမ်ဥစ္စာဆိုတာ မေမေပဲ ပြောတော့ မမြဲသော သဘောတရား ဆို.. အဲဒီတုန်းက အဆင့်အတန်းမြင့်ပေမယ့် အခု နိမ့်ကျခဲ့ပြီဆိုရင် ဘယ်လိုလုပ်မလဲ ..၊ စကားတစ်ခွန်းကို တန်ဖိုးထားတတ်တဲ့ လူတွေအတွက် နှုတ်ကတိက စာချုပ်စာတမ်းတွေထက် ပိုပြီး ကြောက်စရာ ကောင်းတယ် .."

"မေမေ သိတာပေါ့ သမီးရယ် .. သမီးက မေမေ ပြောတာကို ဆုံးအောင် နားမှမထောင်တာ ..၊ အဆင့်အတန်းဆိုတာ စည်းစိမ်ဥစ္စာကိုပဲ ပြောတာ မဟုတ်ဘူး .. မေမေ လိုချင်တဲ့ အဆင့်အတန်းကလည်း လူချမ်းသာဖြစ်နေဖို့ မဟုတ်ဘူး ..၊ စိတ်ဓာတ် စည်းကမ်းကအစ အစစအရာရာမှာ မြင့်မြတ်တာ .. သဘောထားကြီးတာ .."

အစကို ပြန်ရောက်လာတော့ ရက်မြတ်ကောင်း နဲ့ သူမကို လက်ထပ်ပေးဖို့က ပို၍ သေချာသွားခဲ့လျက် ...

"မမြဲတဲ့သဘောတရားထဲမှာ မေမေတို့လည်း ပါသွားနိုင်တာပဲလေ .. ဒါပေမယ့် ကိုစော က တည်ကြည်တယ် ..၊ ကိုမောင့် ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



*ငံ့ညှာတယ် .. ခင့်မင်ရင်းစွဲကို တန်ဖိုးထားတယ် ..၊ ဒီကျေးဇူးကို သမီး* မမေ့ပါနဲ့ .. ကောင်း ရဲ့ဘဝ ပျက်ခဲ့သလိုမျိုး သမီးဖြစ်ခဲ့ရင် သမီးမှာ အဲဒီလို စောင့်ရှောက်မယ့်ဆွေမျိုးရင်းချာတောင် မရှိဘူး ..၊ မေမေတို့ သေသွားတာဖြစ်ဖြစ် .. သမီးရဲ့ဖေဖေကို သူတို့ မညှာလို့ ထောင်တန်းကျ ချရင်ဖြစ်ဖြစ် .. ငါ့ဘဝ ဘယ်လိုနေမလဲဆိုတာ သမီး တွေးကြည့်ပါ.."

ဒေါ်သူဇာလင်း က နေရာမှ ပြန်ထရပ်ကာ ချင်း ရဲ့ဆံနွယ်တွေကို တယုတယ ပွတ်သပ်ရင်း ...

"မေမေတို့က အတတ်နိုင်ဆုံး မျှမျှတတ တွေးထားတာပါ သမီးရယ် .. ကောင်း နဲ့ သမီးရဲ့အိမ်ထောင်ရေးကို မေမေတို့ ဘယ်လောက်ထိ မျှော်လင့်ထားခဲ့သလဲဆိုတာ သမီး နားလည်ပါ ..၊ မေမေတို့ကို ယုံကြည်တယ်ဆိုရင် ကောင်း ကိုလည်း လူကောင်းတစ်ယောက်လို့ သမီး ယုံကြည်ရမယ် .."

"ဒါဆို စောစောပိုင်းက ချင်း တို့ သိထားသမျှတွေက မဟုတ်ဘူး ပေါ့ .."

"ဟုတ်ပါတယ် .. တချို့ကို ထိမ်ချန်ခဲ့တာပဲ ရှိတယ် ..၊ အားလုံး အမှန်တွေပဲ .."

"ဘာပဲဖြစ်ဖြစ် အန်တီသက် နဲ့ မေမေ ဟိုတုန်းတည်းက သိခဲ့ကြ တာပဲ မဟုတ်ဘူးလား .."

"သိပေမယ့် မရင်းနှီးခဲ့တာတော့ အမှန်ပဲ .. သမီးဖေဖေနဲ့ ကိုစော တောင်မှ အခုနောက်ပိုင်း ကိုစော တို့ ရန်ကုန်မှာ ပြန်ပြီး စီးပွားရေးလုပ် တော့မယ်ဆိုမှ မကြာခဏ တွေ့ဖြစ်ကြတာ ..၊ တစ်ယောက်က အင်ဂျင် နီယာ .. တစ်ယောက်က ဆရာဝန်လေ .. တာဝန်ကျတဲ့ဆီမှာ နေကြရ တာပေါ့"

ဒေါ်သူဇာလင်း က မှန်တင်ခုံပေါ်က ရေမွှေးပုလင်းတွေကို ယူ ကြည့်နေရင်း ...





*"ပြောရရင် ကောင်း ရဲ့မိဘတွေ ကျန်ခဲ့တဲ့ စီးပွားရေးတွေကို* မပျောက်ပျက်အောင် ထိန်းချုပ်ရင်း ဦးဆောင်နေရသလို ဖြစ်လာတယ်.. ခုကျတော့ ကိုစော က စီးပွားရေးဘက်ကို လုံးလုံး ပြောင်းခဲ့တာလေ.. သူလည်း တိုးတက်ခဲ့တာပဲ .. ကောင်း ကတော့ ပညာအမွေလည်း ရ တယ်၊ စီးပွားရေးမှာလည်း တော်တယ်၊ သမီးလေး ကံကောင်းမှာပါ.."

ပါလာပြီ ..၊

ချင်း နှာခေါင်းမရှုံ့ရဲတော့ပေမယ့် ဆံပင်သပ်သလိုလိုနှင့် မျက်နှာ လွှဲ၍ မဲ့မိသေးသည်။ ကိုယ့်မိဘကို စာနာညှာတာခဲ့လို့ အန်ကယ်လ်စော နဲ့ အန်တီသက် ကို ကျေးဇူးတင်မိတာက သပ်သပ် ..၊

ဒီလူကိုတော့ ဒါကြောင့် မကြည်ဖြူနိုင်ပေ ..၊

ဟိုတုန်းကလည်း သူ ခွင့်လွှတ်ပေးခဲ့တာမှ မဟုတ်ဘဲ .. အရွယ် မရောက်သေးလို့ ကလေးလိုနေခဲ့တဲ့ကိစ္စ ..၊ အခု နားလည်ပေးတယ် ဆိုတာကတော့ ပြီးခဲ့တာတွေ ပြီးပြီလို့ သဘောထားလိုက်နိုင်တာလည်း ဖြစ်နိုင်တာပဲ ..၊

ကျေးဇူးတင်လွန်းလို့ ချစ်ရပါတယ်ဆိုတာ မရှိ ..၊

ဒီအဖြစ်တွေနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ အပန်းဖြေနေရာတစ်ခုလုံးကို ကြည်ဖြူစွာ အပ်နှင်းရတော့မယ့် ကိုယ့်ကိုသာ သင်းဘက်က တစ်နေ့ ဆယ်ကြိမ်လောက်ဦးညွှတ်ပြီး 'ကျေးဇူးကြီးပါပေတယ် လင်းလင်းချင်း' ဆိုတာကို စားနေလည်း ရွှတ် .. သွားနေလည်း ရွှတ် ..၊

ခလုတ်တိုက်တာတောင် မမေ့မလျော့နှင့် ရွှတ်ရမှာ မပြတ်တမ်း..

www.burmeseclassic.com



## အခန်း (၈)

"ဇာကြီး .. ဇာကြီး .. ဒီကို လာပါဦး .."

"အေး .. အေး .. လာပြီ သမီး ရေ .."

"ရော့ .. ဒီအရုပ်ကြီးပါ သယ်သွားပေး .. ကော်ဖီဖျော်စက် ရှေ့ပြီး ပြီလား .."

ဒေါ်ဇာယု က စဉ်းစားသလို ကြည့်ကာ ...

"ကော်ဖီဖျော်စက်ကတော့ ဒီမှာထားပေးရမှာ မဟုတ်ဘူးလား သမီးရယ် .. သူလည်း ဒါကို လို ..."

"ဟာ .. သူ့ဟာသူ လိုရင် ဝယ်မှာပေါ့ .. မရှိဆင်းရဲလို့ လာနေတာမှ မဟုတ်တာ ..၊ လုပ်ပါ .. ချင်း ပြောသမျှ အားလုံး သယ်ထုတ်ပေး.. မြန်မြန် လုပ်နော် .. သူ ပြန်လာတော့မှာ .."

"အေး .. အေး ..."

ဒေါ်ဇာယု ခမျာလည်း စဉ်းတော့ စဉ်းစားပေးပေမယ့် ချင်း ဖြစ်စေချင်တဲ့အတိုင်းသာ လုပ်ရရှာ၏။





"ဇာကြီး ရေ .."

"ဟော .. လာပြီဟော့ .. ခဏလေးတော့ နေပါဦး ..၊ ကျုပ်တော့ ခလုတ်တိုက်တော့မှာပဲ .."

အပေါ်က လှမ်းအော်ခေါ်လိုက် .. နောက်ဖေးက အသံထွက်လာလိုက်မို့ ဒေါ်ဇာယု ဖတ်ဖတ်မောအောင် ပြေးနေရ၏။

"ဒီကွန်ပျူတာကြီးက .."

"ဩော် .. ကဲ .. အဲဒီဘက်က ဝိုင်း'မ'ပေးပါ ဇာကြီး ရယ် .. ဒီခေတ်မှာ လက်ပ်တော့ပ်တွေပဲ သုံးနေကြတာ .. ဒက်စတော့ပ် သူလည်း သုံးမှာ မဟုတ်ပါဘူး .. သုံးမယ်ဆိုရင်လည်း ပေးမသုံးနိုင်ပါဘူး..၊ ဒါက ပေါင်းပေမယ့် ချင်း လေးတန်းအောင်တုန်းက ဖေဖေ ဝယ်ပေးထားတဲ့ အမှတ်တရ .."

အမှတ်တရကိုလည်း သိမ်းသည် ..၊ အမှတ်တရ မဟုတ်တာတွေကိုလည်း မချန်ခဲ့ ..၊

"ဒါတွေပါ ရွှေ့မှာလား .."

ညှော်ခန်းက ဆိုဖာတွေကို လက်ညှိုးထိုး မေးတော့ ချင်း က မျက်စောင်းလေး ရှယ်၍ ...

"ဇာကြီး က ချင်း ကို ရွဲ့တာလား .."

"အောင်မယ်လေးတော် .. ရှင်လေးကို တည့်တည့်ကြီး ကြည့်ပြီး မေးနေတာပါ .. ဒါတွေ သယ်မယ်ဆိုရင် ဖိုးကုလား တို့ လင်မယားကို ခေါ်ရမှာလေ ..၊ ဇာကြီး တို့ ဘယ်လိုလုပ် ရွှေ့နိုင်မှာလဲ .."

"ဒါကြီး ရွှေ့ရင် ဘယ်မှာသွားဇက်ထားမလဲ ဇာကြီး ရယ်.. မေမေ သိရင် မိုးမီးလောင်မှာ .. ခုရော စတိုခန်းနောက်က အခန်းကျဉ်းလေးထဲမှာ သေချာ ထည့်ထားနိုင်ခဲ့ရဲ့လား..၊ ဦးကုလားကြီး က လက်ညှိုးထိုးပြီမှ လုပ်တတ်တာ .. သူ့စိတ်ကူးနဲ့ လုပ်လိုက်လို့ အဆင်ပြေသွားတာ ဘာမှ မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. ဖိုးကုလား က သယ်ရုံပဲ .. အရွှေ က နေရာချတာ..၊ အရင်ရှိထားတဲ့ ပစ္စည်းဟောင်း အတိုအထွာရဲ့အောက်မှာ သေချာကပ်ထားဖို့လည်း ပြောခဲ့တယ် ..၊ ဒါပေမယ့် ခုန ကွန်ပျူတာကြီးကို သမီးအခန်းထဲ ပြန်ထည့်မှာဆိုတော့ မမကြီး မြင်မှာပဲ .."

"မြင်ပေ့စေလေ ဇာကြီး ရဲ့ ..ဒါကို ပြန်သယ်တာက ပြဿနာ မရှိပါဘူး .."

"ဒုန်း .."

"အ!..."

"ဟဲ့ .. ဟဲ့ .. ဘာပြုတ်ကျတာလဲ .."

နှစ်ယောက် 'မ'နေ 'သယ်'နေရင်း ဟိုဟာပြုတ်ကျ ဒီဟာပြုတ်ကျ ဖြစ်ကုန်သည်။ ဖြစ်လိုက်တိုင်း 'တအအ' အသံထွက်တာလည်း ချင်းဆီကပဲ ဖြစ်၏။

"မနိုင်မနင်းတွေ မသယ်ပါနဲ့ ချင်းလေး ရယ် .. ကိုယ့်ခြေထောက်လည်း ပြန်ငုံ့ကြည့်ဦး ..၊ အပေါ်မှာ စိတ်ဇောသန်နေလို့ အောက်မှာ ဒုတ်ရာဒက်ချက်တွေ ဖြစ်တာတောင် နာလို့နာမှန်းမသိ ဖြစ်နေတာ နော်.. အားလုံး ပြီးသွားမှ အဲဒါတွေ ပေါ်လာပြီး သေအောင် နာလိမ့်မယ် .."

"ရတယ် ဘာမှမဖြစ်ဘူး .. ပေပါဝိတ်တုံး ပြုတ်ကျတာ .."

"ဟင်!... ခုန ဖန်လုံးကြီး .."

"သြော် .. သိပ်မနာပါဘူး ဆိုမှ .."

"ချင်း .."

"ရပါတယ်ဆို ဇာကြီး ကလည်း ငုံ့ကြည့်မနေပါနဲ့ .. တော်ကြာ ဟိုလူရော မေမေပါ ပြန်လာလို့ ချင်း တို့ ပြေးပေါက်မှားကုန်လိမ့်မယ်.."

"အေး .. ဟုတ်တယ် .."

"ရော့ .. ဒါကို ဟိုအံဆွဲတွေထဲ မှုထည့်ပြီး ဦးကုလား ကို မြန်မြန်လာသယ်ခိုင်းလိုက် .. ဇာကြီး ပြန်မလာနဲ့တော့ ..၊ ရွှေနှဲလေး တစ်





ယောက်တည်း အကုန်လုံးကို မြန်မြန်ဆန်ဆန် နေရာချနိုင်မှာ မဟုတ်ဘူး .."

'ရွှေနှဲလေး' ဆိုတာက ဦးကုလားကြီး ရဲ့မိန်းမကို ချင်း တစ်ယောက်တည်း ခေါ်တဲ့နာမည်ပါ ..၊ သူ့မနာမည်က ဒေါ်ရွှေဝင်း ပေမယ့် အရွှေလို့ပဲ ခေါ်ကြကာ လူက သေးသေးပုပုလေးမို့ ဒေါ်ဇာယု က 'အမလေး ရွှေနှဲလေး ရယ် .. မြန်မြန်လာစမ်းပါဟယ် ..'

'ဟဲ့ .. ရွှေနှယ်လေး .. ကလေးကို အချိုရည်တွေ မတိုက်လိုက်နဲ့နော် ..'

'ချင်းလေး ရေ .. ရွှေနှဲလေး ကို ခေါ်လိုက် .. မိုက်ဆာနေပြီ ..၊ မြန်မြန်လုပ်လို့ ..'

စသဖြင့်သော ခေါ်ပြောခြင်းတို့ဖြင့် ဒေါ်ဇာယု က ဦးဆုံး ကင့်ပွန်းတပ်၏။ ဒေါ်သူဇာလင်း က ဆူတော့ ဒေါ်ဇာယု ခေါ်သံ ပျောက်သွားခဲ့ပြီး ချင်း ပါးစပ်ထဲမှာတော့ 'ရွှေနှဲလေး' ပဲ ကျန်ရစ်ခဲ့၏။

ဒီအိမ်မှာ နာမည်တွေကို အဖျားဆွတ်၍ 'နာမည်ပြောင်'အမျိုးမျိုးနှင့် တခြားအလုပ်သမားတွေလည်း ရှိနေသေးသည်။

သူတို့ကို နာမည်ပြောင်တွေ ဖြစ်စေသူကတော့ ချင်း ပဲဖြစ်ကာ...

"ဇာကြီး ရေ .. ဇီးကွက်ကို သတိပေးလိုက်ပါဦး .. မေမေတို့ကို မြင်တာနဲ့ ချင်း တို့ကို သတိပေးလို့ .. နော် .."

"အေးပါ .. အေးပါ .. သတိလည်း ထားဦး .."

သတိကတော့ ထားပြီးသားပါ ..၊

ဘာသတိလဲ ဆိုတာကတော့ ဒီအိမ်ပေါ်မှာ ရက်မြတ်ကောင်းအတွက် အလွယ်တကူ အဆင်သင့် သုံးစွဲပြီး အဆင်ပြေသွားစေနိုင်သမျှ ဘာပစ္စည်းမှ မကျန်ရစ်ခဲ့ဖို့ ..၊

"အား!... သေပြီ .."

သူများကို မလိုတမာစိတ်တွေ မွေးနေမိလို့လား မသိ ..၊ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သပ် အဝန်းပြေခန်းလေးထဲက မှန်တွေ၊ အားကစားပစ္စည်းတချို့နဲ့ အတို အထွာတွေ အားလုံးကို လက်ဆွဲထရော်လီလေးပေါ် တင်၍ ဆွဲထုတ်တာ ဝိတ်က များနေသည်။

လေ့ကားကနေချဖို့ ခက်ခဲသဖြင့် မျက်နှာကြက်အပေါက်ကနေ ဆွဲချဖို့ ခုံခုတက်လိုက်တာလည်း အကောင်း ..၊

အောက်ကနေ ဆွဲယူတော့ အထုပ်ကကြီးကာ မျက်နှာကြက် အပေါက်က ကျဉ်းနေ၏။ တဖြည်းဖြည်းနဲ့ ယူနေရင်း လက်ချောင်း တွေ ပိသွားလိုက် .. တံတောင်ဆစ်နေရာတွေမှာ ပွန်းကုန်လိုက် ..၊

"သေပါပြီ .. ငါ့လက်သည်းတွေ ကျိုးကုန်ပြီလား မသိဘူး .."

ကိုယ့်လက်ချောင်းလေးတွေကို ပြန်ထုတ်ကြည့်ရင်း လှေကားက နေ တစ်နုချင်း သယ်ချသွားရကောင်းသားလို့ နောင်တလည်း ရမိ၏။

တံတောင်ဆစ်ကို ပွတ်တော့လည်း စပ်ဖျင်းဖျင်းမို့ ပွန်းရှသွားပြီ ဆိုတာ သိလိုက်၏။

ထိုအချိန်လေးမှာ သိလိုက်တာက အကုသိုလ်စိတ်၏ မကောင်း သောအကျိုးပေးများကို ဖြစ်သည်။

ဒါပေမယ့် ထိုအသိစိတ်ကို ခဏအတွင်းမှာပဲ ဖျောက်ဖျက်ပစ် လိုက်ကာ ... သူ့ကြောင့် ကိုယ် ဒုက္ခများနေရသည့်အဖြစ်ကိုသာ အကြီး ကြီး တွေးပစ်လိုက်ပြီး ...

"ကိုယ့်ဘာသာ နေနိုင်ရဲ့သားနဲ့ ဒီမှာ လာနေချင်တာ တွေ့မယ်.."

တစ်ယောက်တည်း မကျေမနပ် ရေရွတ်ရင်း အထုပ်ကို မရမက ဆွဲထုတ်မိသည်။ အထုပ်က တစ်ဝက်ထိ ထွက်လာပေမယ့် မှန်ထောင့် တွေနဲ့ ထပ်ခံနေ၏။

"ကျွတ်!..."

ခုံပေါ်မှာ တက်ရပ်နေတာမို့ ခြေထောက်ကို ထိန်းနေရတာက တစ်မျိုး ..၊





အထုပ်က ကျမလာလို့ အားစိုက်နေရတာ တစ်မျိုးနှင့် ချင်း ပုံစံက ဂျိမ်းတုတ်တုတ် ဖြစ်နေခဲ့၏။

"ဟာ!... လင်းလင်းချင်း .."

တအံ့တသြ ခေါ်လိုက်သံကြောင့် ချင်း ထိတ်ခနဲ ဖြစ်သွားသည်။

'သွားပြီ..'ဆိုသည့်အသံကြီး နားထဲမှာ အကျယ်ကြီး မြည်ဟီးသွား သလိုရှိလျက် ...

ဘာဖြစ်လဲ ..၊ ဒါ ငါ့အိမ် .. ငါ့ပစ္စည်း ငါ လာသယ်တာ ..၊

လှည့်မကြည့်ဘဲ ကိုယ့်စိတ်ကို တင်းလိုက်မိ၏။ သူ ကိုယ့်ထံ လျှောက်လာသည့် လေသံလှုပ်ရှားမှုတို့သည် တအံ့တသြ အလောတကြီး ဆန်နေလျက် ...

"မင်း ဘာလုပ်နေတာလဲ .."

"ခေါင်မိုးကွင်းထဲက ပစ္စည်းတွေ လာသယ်တာလေ .. ဘာဖြစ်လို့ လဲ .. ကိုယ့်ပစ္စည်း ကိုယ်သယ်တာ .."

"မင်းကိုလည်း ခိုးနေတာပါလို့ မပြောဘူး .. ဒါပေမယ့် လုပ်နေ တဲ့ပုံကတော့ ခဲရာခဲဆစ် ခိုးနေတာပဲ .."

"ဘာ!..."

"လှည့်ပြီး ရန်တွေ့မနေနဲ့ .. ခုံက ခြေထောက်လည်း ညီတာ မဟုတ်ဘူး .. ဆင်းခဲ့ ခု .."

ဒေါသနှင့် ငုံ့ကြည့်ပြီး အော်လိုက်သဖြင့် တစ်ကိုယ်လုံး လှုပ်တုတ် လှုပ်တုတ် ဖြစ်သွားကာ ချင်း အသံလေး တိတ်သွား၏။

"ဟော့ .. ပြောနေတာ ကြားလား .. အဲဒီအထုပ်ကို လွှတ်လိုက်..၊ ထိန်းပြီး ပြန်ဆင်း .."

"ဘာလို့ဆင်းရမှာလဲ ..၊ ခြေထောက်လေးချောင်းနဲ့ခုံက ဘာမှမဖြစ် ဘူး .. အော်နေတဲ့ ရှင့်အသံကိုပဲ နည်းနည်း တိုး .."

ပြောမရ ဆိုမရ ဒီကောင်မလေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်း စိတ်တိုသွားကာ သူမ တက်နေသည့် ခုံအောက်ခြေကို သွားချ —

"မင်းကို စိုးရိမ်လွန်းလို့ ပြောနေတာ မဟုတ်ဘူးနော် .. ငါ ရောက်လာကာမှ မင်း တစ်ခုခုထဖြစ်ရင် တစ်မျိုးထင်စရာတွေ ဖြစ်ကုန်မှာ စိုးလို့ –"

"ဘာမှ ဖြစ်ဖို့ မရှိဘူး .. ဖယ်ပါ ...၊ ရှင် ဝေးဝေး သွားနေစမ်းပါ.."

"တောက်!..."

ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း နောက်ပြန်ဆုတ်လိုက်မိသည်။ အဖြူဆွတ်ဆွတ် ဂျင်းကွာတားလေးနှင့် အဖြူအနီစင်းကျား တီရှပ်လက်ပြတ်လေး ဝတ်ထားသည့် သူမလုပ်နေပုံက အပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကိုလည်း လှမ်းကိုင်ထားသေးသည်။

ခုံကြီးပေါ်မှာ ခုံလေးဆင့်ထားသည့်ပေါ်မှာ ခြေဖျားထောက်လိုက်၊ ပြန်ထိန်းလိုက် ...၊

"ဟော့ .. မင်း အဲဒါကို ထားလိုက် .. လေ့ကားပေါ်က ပြန်တက်ယူလို့ ရတယ် .."

"မရဘူး .. လေ့ကားထိပ်ထိ ထရော်လီက ဆွဲလို့ မကောင်းဘူး.."

"ဒါဆိုလည်း ... ဟာ ... ဟော့ .."

"အ ... ကဲ .. ကဲဟာ ..."

"အတင်း ဆွဲမချလိုက်နဲ့ .. အထုပ်ပြန်ပြုတ်ကျလာရင် မင်း နိုင်မှာ မဟုတ်ဘူး .. ဟာ!..."

"အား!..."

"ဘုန်း .."

အထုပ်ကြီး လွတ်ကျွတ်ပြီး ကျလာတာနှင့် ဒါရိုက်ရှင်က ကိုယ့်ခေါင်းကိုပဲမို့ လန့်ဖျပ် ရှောင်လိုက်မိလျှင် လူက ခြေလွတ်လက်လွတ် ပြုတ်ကျ၏။





အထုပ်သည် ကြမ်းပြင်ပေါ် ပစ်စလက်ခတ် ကျသွားပေမယ့် ချင်းတစ်ကိုယ်လုံးသည် ...၊

"အား!... သေပြီကွာ .."

"... ... ..."

လူတစ်ကိုယ်လုံးကို ဆီးပွေ့ပြီး နောက်ပြန်လန်ကျသွားသည့်အရှိန်က ကိုယ်ကို ကိုင်ရိုက်လိုက်သည့်အတိုင်း ...၊

"ဟိတ် .. ချင်း .. လင်းလင်းချင်း .."

အမှတ်တမဲ့ တွန်းဖယ်လိုက်ပြီးမှ ကြမ်းပြင်ပေါ် ပုံပုံလေး ခွေကျသွားသည့် သူမကို စိုးရိမ်တကြီး ပြန်ပွေ့လိုက်မိ၏။

"လင်းလင်းချင်း .. ဟိတ် .."

"ဟင် .. အား!..."

"ဟော့ .. ဒီမှာ မျက်လုံးဖွင့်ကြည့် .. ချင်း .."

သူမနာမည်ကို အဖျားက ခေါ်လိုက် .. အရင်းက ပြန်ခေါ်မိလိုက်နှင့် ကောင်း ပျာနေမိသည်။

ချင်း က မျက်နှာလေးမဲ့ရင်း ညည်းညူ လူးလွန့်လာကာ ...

"ဟင်!..."

သူမ မျက်နှာထက်မှာ မိုးနေသည့် ကောင်း ကို မြင်တာနှင့် မှေးစင်းနေသည့် မျက်တောင်ဖျားတွေ ဖျတ်ခနဲ ပွင့်၏။

"အ!..."

ချက်ချင်း ငုတ်တုတ်ထိုင်လိုက်ပေမယ့် ရှုံ့မဲ့သွားကာ ...

"နာလိုက်တာ .. ကျောထဲက ဘာဖြစ်သွားလဲ မသိဘူး .."

"ကျောရိုးတွေ ပြုတ်ထွက်ကုန်ပြီ .. ဗိုးလ်ချဲ မှာလိုက်တော့ .."

"ရှင် နော် .."

"ဟုတ်တယ် .. မင်းပဲ ညည်း ...၊ မင်းပဲ နာတတ်တာ .."

"ဘယ်သူ နာတတ်တတ် မတတ်တတ် ကိုယ်နာတာပဲ ကိုယ်

www.burmeseclassic.com



သိတာပေါ့ .. ရှင့်ကို ဘယ်သူက မနာရဘူး မညည်းရဘူး ပြောနေလို့လဲ –"

"မပြောပေမယ့် မင်းကိုပဲ ဒေါသထွက်လို့လေ .. ပြောစကားကို နားမထောင်ဘဲနဲ့ အခု ဘာဖြစ်ပြီလဲ .."

"ဘာမှမဖြစ်ဘူး .."

"ဘယ်ဖြစ်မလဲ ..၊ ဒီမှာ ကျောက်ပွဲအောင် ခံလိုက်ရတာကိုး .."

"ချင်း လည်း နာတာပဲ .."

"သြော် ..."

"အား!... ထ .. ထလို့ မရတော့ဘူး .."

"ကဲ .. ခဏလောက် ကြွစမ်းပါကွာ .. ကုတ်အင်္ကျီစတော့ သွားပါပြီ .. တောက်!..."

"ခင်ဗျား နော် .. တက်ခေါက်တာတွေ ခဏခဏ ရှိနေပြီ .."

"ခေါက်တော့ ဘာဖြစ်လဲ .. တက်မခေါက်တဲ့ မင်းခေါင်းကို မခေါက်မိတာ ကံကောင်းတယ် မှတ် .."

"အံမာ .. ဘာပြောလိုက်တယ် .."

"ကဲ .. ကြွလိုက်စမ်းပါကွာ .."

"ထလို့ မရပါဘူးဆိုမှ ဘယ်လိုလုပ် ကြွရမလဲ ..၊ ဒီတိုင်း ဆွဲထုတ်လိုက် .."

"ဟား .. တော်ကြာ အစည်းဝေး ပြန်ဝင်ရဦးမှာ.. မင်း တော်တော်အလိုက်ကမ်းဆိုး မသိပါလား ..၊ ကြွလို့မရရင် ရအောင် လုပ်ပေးမယ်.."

"အား!... သေပြီ .. သေပါပြီ.."

"မတတ်နိုင်ဘူး .."

စိတ်မရှည်တော့သည်မို့ သူမ ခါးလေးကို နှစ်ဖက်ကိုင်ပြီး ဆွဲ 'မ' ပစ်လိုက်သည်။ နာသွားပြီကို သိပေမယ့် ဒီကောင်မလေးကို အလျှော့ပေးနေလို့ မဖြစ် ..၊





ထို့ပြင် နှစ်ယောက်စလုံး ကြမ်းပေါ်ကနေ မထနိုင်ကြသေးသည့် အဖြစ်မှာ ကိုယ်ကရော သက်သက်သာသာ ထိုင်နေတာမို့လို့လား ..၊

"ဟယ်!... သွားပြီ .. အထဲမှာ ..."

ကိုယ့်ဘာသာ ထရပ်ဖို့ ကြိုးစားနေတုန်း ချင်း အလန့်တကြား ထဖြစ်တော့ သူမ လက်ညှိုးထိုးသည့်နေရာကို လိုက်ကြည့်မိ၏။

အပေါ်က ပြုတ်ကျလာသည့်အိတ်ကြီးက ကြမ်းခင်းနဲ့ ကပ်နေသောထောင့်မှာ ရေစိုကွက်ကြီးနှင့် ..၊

"ကုန်ပါပြီ .. ကွဲကုန်ပြီ ..၊ ဦးရက်မြတ်ကောင်း .. အဲဒီအိတ် ယူပေးစမ်းပါ .."

"ဘာ!..."

"အိတ် .. အိတ်ထဲမှာ ကွဲမယ့် မှောက်မယ့်ဟာတွေ ပါတယ် .."

"ပါရင် မင်းဘာသာ လေးဖက်ထောက်ပြီး သွားယူ .."

သူ ထရပ်လိုက်ပြီး ဘောင်းဘီနဲ့ ကုတ်အင်္ကျီကို လက်ဖျားတွေနဲ့ တောက်ထုတ် ခါချနေမိ၏။ ဝတ်ထားတာက မီးခိုးရောင် ..၊

သန့်ပြန့် သေသပ်နေသော စတိုင်လ်တွေလည်း ဘာမှမရှိတော့ပေ ..၊ ပြန်သွားရမည့်အချိန်နှင့် ဒီရောက်ပြီးမှ နေရာမချရသေးသော အဝတ်အစားတွေကို ရှာဖွေဖော်ထုတ်ပြီး ပြန်လဲရမည့်အချိန်က ဘယ်လိုမှ အဆင်မပြေတော့တာကိုလည်း တွက်မိနေ၏။

ထို့ကြောင့် အိတ်ထဲက ဖုန်းထုတ်၍ အစည်းအဝေး အချိန်ပြောင်းဖို့ အကြောင်း ပြောလိုက်ရသည်။

"ဦးရက်မြတ်ကောင်း .. ရှင် ဘယ်ကိုလဲ .."

"ဘာလုပ်မလို့လဲ .."

"ကျွန်မကို ရှင် ဒီတိုင်း ထားခဲ့မလို့လား .."

"မထားခဲ့လို့ မင်းကို အိပ်ခန်းထဲထိ အရောက် ပို့ပေးခဲ့ရဦးမလား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဟိုမှာ .. ဟိုမှာ မေမေ ပြန်လာပြီ .."

အပြင်ကို ဒေါသ မောဟများနှင့် လှမ်းထွက်လိုက်သည့် ခြေလှမ်းက ဂျုံ့ခနဲ ရပ်သွားခဲ့၏။ ကြည့်လိုက်တော့ ဒေါ်သူဇာလင်း ကိုယ်တိုင်မောင်းလာသည့်ကားက ခြံဝမှာရပ်ပြီး ခြံစောင့်ကို ဘာပြောနေသည်မသိ ...

"ဦးရက်မြတ်ကောင်း လာပါ .. ချင်း ကို ကွယ်တဲ့နေရာ တစ်ခုခုကို ပို့ပေးပါ .."

ရက်မြတ်ကောင်း ပက်ခနဲ ပြန်မပြောနိုင်ဘဲ သူကိုယ်တိုင် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

"အခု ဒီထဲမှာ ချင်း ရောက်နေတာ မေမေ သိသွားလို့ မဖြစ်ဘူး.."

"မဖြစ်ရင် မင်း ဒီတိုင်းနေလိုက်ပေါ့ .. လစ်မှ ထွက်သွားလိုက်.."

"မဟုတ်ဘူး .. ရှင့်ဆီကို မေမေ လာမှာ ...၊ လာကိုလာမှာ ချင်းသိတယ် .. ဟိုအထုပ်ကြီးနဲ့ ချင်း ကို တွေ့သွားရင် .."

အထုပ်ဆိုကာမှ သူ နားလည်သွားကာ ...

"ဟိုအထုပ်က ဘာတွေလဲ .."

"အပေါ် ကစားကွင်းမှာထားတဲ့ ချင်း ရဲ့ပစ္စည်းတွေ .."

"အဲဒါတွေက ဘာဖြစ်လို့ အရေးတကြီး လာသယ်နေရတာလဲ..၊ မင်းပစ္စည်းတွေကို ငါက ဘာလုပ်မှာမို့လို့လဲ .."

"ပစ္စည်းတွေက မိန်းမအသုံးအဆောင်တွေချည်းမှ မဟုတ်တာ..၊ အပန်းဖြေပစ္စည်းတွေရော .. ပြီးတော့ ..."

"သြော် .. သြော် ... အဲဒါတွေကို ငါ သုံးမှာစိုးလို့ပေါ့ .. ဟုတ်လား .."

ချင်း က မျက်မှောင်လေး နှစ်ချက် သုံးချက် ခတ်ရင်း ဖြေရကျပ်သွားသည့် မျက်နှာလေးနှင့် ...

"အစကတော့ ဟုတ်တယ် .. ဒါပေမယ့် ခု .. ဟင်!..."





ချင်း မျက်လုံးဝိုင်းသွားကာ ဒေါ်သူဇာလင်း ကားပေါ်ကဆင်းပြီး ဒီဘက်လျှောက်လာတာကို ပြူးတူးပြဲတဲလေး ကြည့်လျက် ...

"ဟိုမှာ လာနေပြီ တွေ့လား .."

"တွေ့သားပဲ.. မင်းဘာသာ ဥစ္စာခြောက်ပြီး ကိုယ့်ပစ္စည်းကို လာပြန်ခိုးတဲ့ကိစ္စ .."

"ဟင်!... ရှင် .. ရှင်နော် .. ဘာလုပ်တာလဲ .."

ကောင်း က ထွက်သွားဖို့ ခြေလှမ်းပြင်ရင်း သမင်လည်ပြန်ကြည့်၍ မဲ့ကာ ...

"မင်းပြဿနာ မင်းရှင်းပေါ့ .. အန့်တီက မင်းအမေပဲ .."

"ရှင် .. ရှင် .. ချင်း ကို ထားခဲ့ကြည့် ...၊ ဟောဒီနေရာကို သူပိုင်ပါတယ် .. ချင်း ခိုးဝင်တယ်ဆိုပြီး ကိုင်ပေါက်ပါတယ်လို့ အော်ငိုပစ်မှာ.."

"ဟော့!... ဟော့ ..."

ကောင်း ချက်ချင်း ပြန်လှည့်လာသည်။ ချင်း က အသက်တစ်ဝကြီးရှိုက်၍ ပါးစပ်ပြင်ရင်း စောင့်နေကာ ...

"ထားခဲ့ကြည့် ...၊ ထကယ် အော်ငိုမှာ .. ဒီမှာ ထလို့မရတာ တကယ် ...၊ တကယ် မဟုတ်တာတွေပြောပြီး ပုံကြီးချဲ့ပစ်မှာ .."

"တော်တော့ .. မင်း .."

"အား!..."

လူကို ဆောင့်အောင့် 'မ' လိုက်ပြီး သူ့မှာလည်း ဒဏ်ရှိတာမို့ ဒူးတစ်ဖက်ထောက် ပြန်လဲကျ၏။

ထိုအခါ ချင်း ရော သူပါ နှစ်ယောက်စလုံး နှစ်ခါနာဖြစ်သွားပြီး ...

"အား!... ခါး .. ခါး နာသွားပြီ .."

"တိတ်တိတ်နေ .. မင်းပါးစပ်ကို .."

ကောင်း က အံကြိတ်သံနှင့် ဆူရင်း ပြန်ထရ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကနေ ခြေရင်းဘက်ကို ထောင့်မှန်ပုံစံ ပန်းခြံ၏အစွန်းက နေ ပတ်ပြီးမှ ရောက်တာမို့ ဒေါ်သူဇာလင်း ရောက်လာတော့ အထုပ်နဲ့ သူမကို အခန်းထဲမှာ ချောမောစွာ ပို့ထားခဲ့ပြီးဖြစ်လျက် ..

"ကားမြင်လိုက်လို့ လာတာ .. သားက ကားကို ဘာကြောင့် ဒီရှေ့မှာ မရပ်တာလဲ .."

ကောင်း က အပြင်ကိုလျှောက်ခဲ့ရင်း လဲပြိုနေသည့်ထိုင်ခုံပုလေး ကိုမြင်ကာ ထိုဆီ သွား၍ ...

"အ!..."

ငုံ့ကောက်လိုက်တာနှင့် တွန့်ခနဲ ဖြစ်သွားသည်။ ဒေါ်သူဇာလင်း က ...

"ဘာဖြစ်လို့လဲ ..၊ ပစ္စည်းတွေ နေရာချတာ ဖိုးကုလား တို့ကို ခိုင်းလေ ..၊ နေဦး .. နေဦး ..."

"မဟုတ်သေးဘူး အန်တီ .. ပြီးပါပြီ .."

သူ ဒီတိုင်းပဲ ခြေထောက်နဲ့ အသာလေးကပ်တွန်းရင်း ဘေးကပ် ထားလိုက်ကာ ...

"ကားကို ဟိုဘက်မှာရပ်ခဲ့တာက နောက်ဖေးထဲကို ဘက်ခ် ပြန် ဆုတ်ပြီး ခြံဝကို ပြန်ထွက်ဖို့လေ .."

ပစ္စည်းရွှေ့တဲ့ကိစ္စဆီ စကားပြန်မရောက်အောင် ဒေါ်သူဇာလင်း မေးလိုက်တဲ့မေးခွန်းကိုပဲ ဖြေမိရင်း ...

"ဒီရှေ့ထိ မောင်းလာရင် ခြံကို ဂငယ်ကွေ့ ပြန်ပတ်ကွေ့နေရတာ ဝိုကြာလို့ .."

"ဩော် .. ဟုတ်လား .. ဒါဆိုရင် သား အဆင်ပြေအောင် လုပ်ပေးဖို့ ကိုမောင့် ကို ပြောဦးမှပဲ .."

"ဟာ .. အဲလောက်ထိ မလိုပါဘူး ..၊ ခုက ချက်ချင်းပြန်ထွက်မှာ ဆိုပြီး တမင်ထားခဲ့တာပါ .."





"ဟုတ်လား .. ဒါဆို သွားလေ သား ..၊ အန်တီတောင် ကားကို မြင်လိုက်တော့ အံ့ဩသွားတာ .. မသက် ပဲခူး ပြန်သွားတာတောင် သားက မအားလို့ လိုက်မပို့နိုင်းတော့ဘူး ပြောသွားလို့လေ .."

"အဲ .. ဟုတ်တယ် ..၊ အဲဒါက ..."

ဖြေရခက်နေတာကို ကြည့်၍ ဒေါ်သူဇာလင်း က ပြုံးလိုက်ကာ...

"ဒါဆို အန်တီ သွားတော့မယ် .. မယု ကိုလည်း မှာခဲ့မယ်နော်.. ဒီမှာ လိုအပ်တာ အားလုံး လုပ်ပေးဖို့ .."

ဘာမှမလိုပါဘူး အန်တီ .. အခန်းထဲမှာ အရှုပ်ထုပ်ရောက်နေတာ ကိုပဲ ရှင်းပေးသွားပါ ..။

စိတ်ထဲမှာ မလိုလားခြင်းတွေကိုပြောရင်း ပြုံးထားရတော့ မျက်နှာ မှာ ဘာ့ပုံစံဖြစ်နေပြီ မသိ ..၊

လင်းလင်းချင်း တဲ့ ..၊

နာမည်က တခြား .. လူက တခြား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"အ!..."

ခြေထောက်လိုက်တိုင်း မျက်ခနဲ ဖြစ်သွားတာကို ကြိတ်မှိတ်ခံကြည့်သည်။ ပြီးတော့ ဆက်လျှောက်မိ၏။

"အါ.."

ခြေလှမ်းတိုင်းမှာ 'တအအအ'မအော်မိအောင် အံကြိတ်ပြီးမှ ခြေလှမ်းတာလည်း မရ ..၊

"အ .. တောက်!..."

ကိုယ့်ဘာသာ ဒေါသထွက်ကာ တက်ခေါက်မိ၏။ ထိုစဉ် ...

"အဲဒါပဲ .. ကျိုးဆော့ ကန်းမော့ ဆိုတာ .."

အဖြူရောင်ဆွတ်ဆွတ် အပွင့်ခပ်သေးသေးနှင့် နွယ်နှင်းဆီလေးတွေဆီ လက်လှမ်းနေတုန်း စင်အောက်က စကားသံကြောင့် လက်ကနောက်ပြန်တွန့်၏။

လူတစ်ရပ်စာလောက် စင်မြင့်ထိုးပေးထားသည့်ပေါ်မှာ နှင်းဆီနွယ်နဲ့ အပွင့်လေးတွေ ဖွေးနေသဖြင့် ရုတ်တရက် စင်အောက်ကလူကို သတိမထားမိခဲ့ပေ ..။





ကြည့်လိုက်တော့ ကောင်း က ခုံတန်းလေးမှာ စီးကရက် လက်ကြားညှပ်လျက် ခပ်လျော့လျော့မှီပြီး ထိုင်နေတာ အေးဆေး ..၊

"ကိုယ့်ကိုယ့်ကိုယ် ကျိုးနေမှန်း သိရင်လည်း မိတဲ့ပန်းတွေကိုပဲ ခူးပါလား .."

ပြောနေတာက လူကို ကျော့ခိုင်းလျက်သား ..၊

ဒီက ပန်းခူးဖို့ စင်ရဲ့နောက်ကနေ ကြိတ်မှိတ် ဖြတ်လျှောက်နေတာကို ဘယ်တုန်းတည်းက ဘယ်လိုကြည့်နေလို့ မြင်ထားတာလဲ ..၊

"ဟွန်း .. ယောက်ျားတွေများ မိန်းကလေးတွေ လှတာ မလှတာကို မြင်ပဲ မြင်တတ်တယ်နော် .. နောက်မျက်စိ ဘေးမျက်စိတွေ ပါတာကျနေတာပဲ ..၊ ပညာတွေ .. ပညာတွေ .."

ကောင်း က စီးကရက်ပြာ ခြေချရင်း ရယ်ကာ ပခုံးစွန်းမှာ မေးဖျားကပ်လာတဲ့အထိ နောက်ကို လှည့်ကြည့်ရင်း ...

"ကျေးဇူးပဲ .."

တကယ် ကျေးဇူးတင်သွားသည့်လေသံနှင့် ကြည့်ကာ ...

"မင်းကိုလည်း ခြေထောက်ပဲ ကျိုးတယ်မှတ်နေတာ .. မျက်လုံးတွေပါ ကွယ်သွားမှန်း ခုမှ သိရတယ် .."

"ဘာ!..."

"မျက်နှာရှေ့က ကျိုးတိုးကျဲတဲ ပန်းစင်အောက်ကလူကို မမြင်ဘူးဆိုတော့လေ .."

"ဒါကတော့ ထင်မှ မထင်ခဲ့တာကိုး .."

"ဟား .. ဟား .. ဟား .."

"'သတိမမူ ဂူမမြင်'တဲ့.. ပန်းတွေဖွေးနေတဲ့အောက်မှာ ယောက်ျားကြီးတစ်ယောက် ထိုင်နေမယ်လို့ ဘယ်လိုလုပ် ထင်မှာလဲ ..၊ ကိုယ်ရောက်နေတဲ့နေရာလည်း ပြန်ကြည့်ဦး .."

ဘာပြောပြော ပြုံးနေတာပဲဖြစ်သည့် မျက်နှာကို ဒေါသတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိုး၏၊ နေရာတိုင်းမှာ သည်းခံနေရမှာတော့ မဟုတ်ပေမယ့် ဘယ်လို အခြေအနေမှာဖြစ်ဖြစ် မျိုးသိပ် အောင့်အည်းနိုင်ရသည်တဲ့ ...၊

ဒေါသဖြစ်လွယ်တဲ့လူက အရှုံးပဲတဲ့ ...၊

ဒေါသထွက်လာတာကို ဘယ်လိုလုပ် မျိုသိပ်ထားရမလဲ ...၊

"ကိုယ်ရောက်နေတဲ့နေရာကို မင်းပဲ ကြည့်ပါဦး .. ဒီမှာ ထိုင်စရာ ခုံနဲ့ မိုးရွာလာရင် ဆွဲတင်လိုက်ရုံနဲ့ ခေါင်မိုးဖြစ်သွားတဲ့ မိုးကာနဲ့ .."

ဒီနေရာမှာ ဖေဖေနဲ့ သူမ မကြာခဏ လာထိုင်နေကျကို သတိရကာ ချင်း မျက်နှာလေး ပျက်သွားသည်။

"ဘာလဲ .. ဒီနေရာမှာ ယောကျ်ားမထိုင်ရလို့ စာရေးထားတာ ရှိနေလို့လား .."

သူက တကယ်သိချင်တာ မဟုတ်ဘဲ ရှာဖွေသလို ဟိုဒီ လှည့်ကြည့်လိုက်သေးသည်။

"လုပ်မနေစမ်းပါနဲ့ .. စကားပြောရင် ရိသလို လှောင်သလိုနဲ့.."

"မင်းက တည့်တည့်ကြီး ဆော်တာကိုး ... ဘာဖြစ်လို့လဲ .. ပန်းတွေရှိတဲ့နေရာကို လာတဲ့ ယောကျ်ား ဘာဖြစ်သွားနိုင်သလဲ ပြောပါ.. ကိုယ် ပိုင်ဒဿနတွေထဲမှာပဲ လူနဲ့ လောကအကြောင်းတွေ ရှိတာ .. အဲဒါတွေကို ကိုယ် စိတ်ဝင်စားတယ် .."

"ရှင်က စိတ်ဝင်စားပေမယ့် ကျွန်မက ပြောချင်စိတ် မရှိဘူး .. ဆောရီးပဲ .."

"နေဦးလေ .."

ချင်း က လှည့်ထွက်သွားတော့ ဒေါသတွေပါကာ ဆံနွယ်ဖျားတို့ ဝေ့ခနဲ ခါသွား၏။ ဒါပေမယ့် ခြေလှမ်းတွေကတော့ လိမ္မာယဉ်ကျေးနေရာ သူမဘေးကို ကောင်း ချက်ချင်း ရောက်သွားလျက် ...

"ပန်းခူးမလို့ မို့လား .."

"မခူးတော့ဘူး .."





"လာပါ ခူးပါ .. ကိုယ် ကူညီပေးလို့ရရင် ကူညီမယ်..၊ ကိုယ်ရှိနေလို့ မခူးတော့တာဆိုရင်လည်း ခု ထွက်သွားပေးမယ် .."

ချင်း က ရပ်နေပေမယ့် ဘာမှမပြောသဖြင့် သူမ မျက်နှာလေးကို စိုက်ကြည့်ပြီး သူ ခေါင်းညိတ်လိုက်သည်။

"ကိုယ် သွားမယ် .."

"နေပါဦး .."

ကောင်း က ကျောခိုင်းပြီးမှ ပြန်လှည့်ကြည့်သည်။ ချင်း က သူ့ဘက်ကို ပြန်လှည့်ရပ်လိုက်ရင်း ...

"ရှင် ဒီမှာနေနေတာ အဆင်ပြေသလား .."

သူက စိုက်ကြည့်နေပြီးမှ တည့်တည့်ပြန်လှည့်ပြီး မျက်နှာချင်းဆိုင်ရပ်သည်။

"အဆင်ပြေစေချင်လို့ မေးတာ မဟုတ်မှန်း သိနေတော့ ဘယ်လိုဖြေရကောင်းမလဲ .."

နားထင်ကို လက်ညှိုးနဲ့ခြစ်သလို လုပ်နေပုံက ချင်း ဘယ်လိုမှကို စိတ်ကောင်းမွေးလို့ မရတာ ဖြစ်၏။

"ဒါဆိုလည်း မဖြေပါနဲ့တော့ .. ကျွန်မ ပြောဖို့ ရည်ရွယ်ထားတာကိုတော့ ပြောချင်တယ် .."

"အင်း .."

"နောက်ထပ်ပြောချင်တာက အခု ပြောမှာကို ရှင် ကျေနပ်နပ်မနပ်နပ် မေမေတို့ကို ပြန်မပြောပါနဲ့ .."

ကောင်း က အသံလည်း မထွက် .. ခေါင်းလည်း မညိတ်ပါ ...၊ ဒါပေမယ့် ချင်း က သူမဝတ်ထားသည့် အဖြူရောင်ဂါဝန်ဖားဖားလေးကို လက်လေးတစ်ဖက်နဲ့ အသာလေး 'မ'ရင်း ခုံတန်းဆီကို ခြေဖော့လျှောက်သွား၍ သေချာ ထိုင်လိုက်၏။ ပြီးမှ ...

"ရှင်နဲ့ ချင်း က အစတည်းက မပြေလည်ခဲ့တာ ...ခုမှ ဒါကိုပြော



www.burmeseclassic.com

www.burmeseclassic.com



ရင် ချင်း က ရမယ်ရှာတယ် ထင်ဦးမှာ.. ဒါပေမယ့် ကျွန်မလည်း ခုမှ သိတာ .."

"မင်း အားနာတတ်တာ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ စကားတွေ သိုင်းဝိုင်း ပြောနေတာလဲ .."

"ဘာဖြစ်လို့လဲဆိုတော့ လူကြီးမိဘတွေကိစ္စမို့လို့လေ .."

"ရတယ် ပြော .. ဘာလဲ .."

"ရှင့်မိဘတွေ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးခဲ့ကြတယ်ဆိုတာနဲ့ ပတ်သက်ပြီး .. အဲဒါ ..."

"အဲဒါ မင်းအဖေ မောင်းတဲ့ကားနဲ့ တိုက်မိပြီး သူတို့ ဆုံးခဲ့ကြတာ အဖြစ်မှန် ...၊ မင်း အဲဒါကို ပြောမှာလား .."

ဒေါသငွေ့တို့ ယှက်သမ်းလာခဲ့သည့် သူ့မျက်နှာကို သေချာကြည့်ကာ ချင်း က နှုတ်ခမ်းလေး တင်းခနဲ ဖိ၏။

"ဟုတ်တယ် .. ရှင် သိပြီးခဲ့ပြီ ...၊ ဒါပေမယ့် ရှင် ဒါကို အစောပိုင်းတည်းက သိထားပြီးပြီဆိုရင်လည်း ဖြစ်နိုင်တာပဲ .."

"အဲဒီတော့ ဘာဆက်ဖြစ်မလဲ .."

"ရှင်နဲ့ ကျွန်မ လက်ထပ်ဖို့ မဖြစ်နိုင်တာတွေ ပေါ်လာတာပေါ့ .."

"အကြောင်းက .."

"ရှင် အရမ်းနစ်နာခဲ့တာပဲလေ .. ချင်း အဲဒါကို ကြောက်တယ်...၊ ရှင့်အရည်အချင်း... ရှင့်ရဲ့စိတ်ဓာတ်မျိုးနဲ့ အခု ဒီမှာလာနေနေတာကိုက.."

"ဘာလဲ .. မင်းကို ကလဲ့စားချေဖို့အတွက်နဲ့ ကိုယ်က လက်ထပ်ဖို့ ကြိုးစားခဲ့တယ်ပေါ့ .."

"ရှင် မကြိုးစားရပါဘူး .. မေမေတို့ကိုယ်တိုင်က သမီးကို ပေးအပ်ခဲ့တာပါ .. လူကြီးတွေက အားလုံးကို ရိုးရိုးပဲ မြင်လိုက်တာဖြစ်မယ် ...၊ ချင်း ကတော့ အဲဒီလို မထင်ဘူး .."

"ဒီတော့ မင်းက ဘာဖြစ်ချင်တာလဲ .."





"အို .. ရှင်ကချည်းပဲ ပြန်မေးမနေပါနဲ့ .. ရှင့်ကို ဒီက မေးနေတာ ဘာတစ်ခုမှ သေချာ မဖြေဘဲနဲ့ .."

"ဖြေစရာမှ မရှိတာ .."

"ဘယ်လို!..."

"မင်း ကိုယ့်ကို လက်မထပ်ရဖို့ အကြောင်းတွေရှာတာ မမောသေးဘူးလား လင်းလင်းချင်း .."

"အဲဒီလောက် ခါးသီးနေမှန်းသိရက်နဲ့ ရှင်က မာနတွေကို ခဝါချပြီး လက်ထပ်ဖို့ချည်းပဲ ဟန်ရေးပြင်နေတာကျတော့ ဘာလဲ ပြောပါဦး..၊ အဲဒီအမူအရာ .. အပြောအဆိုတွေကို ကျွန်မကတော့ သံသယ မရှိရတော့ဘူးလား .."

"သံသယရှိနေရင် မင်း အကဲခတ် ...၊ အကဲခတ်မရလို့ ကြောက်လာတယ်ဆိုရင် မင်းမိဘတွေကို ပြောလိုက် .. ကိုယ့်ဘက်က ရှောင်စရာ မရှိဘူး .. မင်းဘက်က ရက်(စ်) အော် နိုးပဲ လိုတာ .."

"ကျွန်မကလည်း ရှင့်ဘက်က ငြင်းပယ်ခြင်းနဲ့သက်ဆိုင်တဲ့ အပြုအမူလေး တစ်ချက်လောက်ပဲ လိုချင်တာပါ ...၊ ရှင်က ဘာဖြစ်လို့ ဒါလေးကျမှ တွက်ကပ်နေတာလဲ .."

"လောကမှာ လိုချင်တိုင်း အလွယ်တကူရတာ ဘာမှမရှိဘူး .. အဲဒါကို မင်း သဘောပေါက် .."

"ချင်း က ရှင့်ဆီက တန်ဖိုးကြီးရတနာတစ်ခုခုကို တောင်းနေတာ မဟုတ်ဘူး .."

"မင်း လိုချင်နေတာက တန်ဖိုးမဲ့နေပေမယ့် ငါ့ဘက်မှာ တန်ဖိုးကြီးနေတာဆိုရင် ဒီလဲလှယ်မှု ဘယ်လို ဖြစ်မြောက်မှာလဲ .."

ယောကျ်ားဖြစ်ပြီး တတ်လိုက်တဲ့စကား ...၊

မိန်းမကောင်းရန်တွေ့ ဆိုတာထက်တောင် ပိုမလားဟယ် ...၊

"အဲဒီတော့ ငါ့ဘက်မှာ ဘယ်လိုအရာတွေက တန်ဖိုးကြီးနေသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်း စိတ်ဝင်စားမနေနဲ့ ..၊ ငါကိုယ်တိုင်က လူ့တကာ စိတ်ဝင်စားနေပြီဆိုရင် အဲဒါ ဘာကြီးဖြစ်နေနေ ဝင်တိုးပြီး စပ်စုတတ်တဲ့အကျင့် မရှိဘူး ..”

“အဲဒီလိုလူက စီးပွားရေးမှာ အောင်မြင်နေတယ် ဟုတ်လား..”

ကောင်း က သူမကို စိုက်ကြည့်ပြီး ခဏငြိမ်နေ၏။ ပြီးမှ ...

“မင်း အရမ်း ကလေးဆန်သေးတယ် ..”

ချင်း မျက်နှာလေး နီမြန်းသွား၏။

“မင်း မသိသေးတာတွေ အရမ်းများနေတဲ့အတွက် ငါ ဘာပြောပြော မင်း နားလည်မှာ မဟုတ်ဘူး ..”

“ရှင် ကြီးကြီးကျယ်ကျယ်တွေ လာပြောမနေနဲ့ ..၊ ဒီမှာ ကျွန်မက ပုခက်ထဲက နှမဆင်းလာတာပဲ ထားလိုက်စမ်းပါ .. အဲဒီလို မိန်းကလေးမျိုးကို မုန့်ပေးကြိုက်တယ်လို့ ရှင့်ကို ပြောလာကြမှာ မကြောက်ဘူးလား ..”

“ငါ့ဘက်ကို စိတ်မဝင်စားပါနဲ့လို့ မင်းကို ငါ ပြောပြီးပြီပဲ .. မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ ဘာကြောင့်ဖြစ်ဖြစ် ..”

“ဘာကြောင့်ဖြစ်ဖြစ်ဆိုပြီး ရှင် လက်ထပ်ချင်တိုင်း ထပ်လို့ရမလား..၊ ကျွန်မကို လက်ထပ်ပြီး ကောင်းကောင်းနိုပ်စက်ဖို့ စိတ်ကူးတွေနဲ့ဆိုရင်..”

“မဟုတ်ဘူးဆိုရင် မင်း ကျေနပ်လား ..”

“မယုံဘူး ..”

“သဘောပဲ ..”

ကောင်း က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက် ထည့်ထားရင်း စီးကရက်ကိုထောင်၍ အသာလေး မှုတ်ထုတ်လိုက်၏။ မီးမရှိတော့တာ သိမှ ကွန်ကရစ်လမ်းကလေးပေါ်မှာ ပစ်ချလိုက်ပြီး ခြေဦးထိပ်နဲ့ ဖိချေသည်။

ပြီးတော့ ဘာမှမပြော..၊ နှုတ်လည်းမဆက်ဘဲ လှည့်ထွက်သွား၏။





ချင်း နေရာမှာပဲ ရပ်ကျန်ခဲ့ကာ ဒေါသဖြစ်တာလား ..၊ ဝမ်းနည်းသွားတာလား ကိုယ့်ဘာသာ မခွဲခြားနိုင်ခဲ့ဘဲ နှုတ်ခမ်းလေးတွေကိုတော့ ဖိကိုက်ထားမိ၏။

စတွေ့တုန်းကတော့ ဒီလူဟာ အလိုလိုက်မလိုလို .. သဘောကောင်းသလိုလို .. ဒီလို မဟုတ်ရင်တောင် ..၊

ငယ်ငယ်ချောချော မိန်းကလေးတစ်ယောက်ကို မိဘ၏စီမံခြင်းဖြင့် အလွယ်လေးရမယ့်အခွင့်အရေးကြောင့် ရောယောင် ကျေနပ်နေတာလိုလို ..၊

ခုကျတော့ .. ဘာလဲ ..၊

လူကြီးတွေရဲ့ အတို့အလှည့်တွေအတွက် တရားဝင် တုံ့ပြန်ခွင့်ရသွားခဲ့လို့လား ..၊

မေမေတို့က ဝန်ခံခဲ့သည် ..၊ လက်ထပ်ပေးဖို့ ကြိုးစားကြတာကလည်း ဒါနဲ့ပဲ သက်ဆိုင်သည်ဆိုတော့ သူ့အချိုးတွေ ပြောင်းသွားခဲ့တာ ဒါကြောင့်လား ..၊

အပြုံးအရယ်တွေနဲ့ ‘ကိုယ်’လို့ ပြောတတ်ခဲ့သည့်မျက်နှာက ‘ငါ’ လို့ ဖြစ်သွားခဲ့သည့်အခါမှာ အရွတ်ဆန်တတ်သည့် မထိတထိအကြည့်တွေနှင့် အေးစက်စက် ..၊

ချင်း နေရာမှာပဲ ရပ်နေခဲ့လျက် အတွေးစတွေ တရစ်ရစ် တက်လာခဲ့ရင်း ပို၍ ရှုပ်ထွေးနေတော့သည်။

အမှတ်တမဲ့ အတွေးရောက်သွားပြီး ပူပန်ခဲ့မိတဲ့အရာက သူ့မျက်နှာပေါ်က ပြောင်းလဲခြင်းတွေကို အတည်ပြုရင်း စိုးရိမ်စိတ်တွေပဲ ဖြစ်လာခဲ့၏။

သူက ဒီလို ရည်ရွယ်ချက်တွေနဲ့လား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မေမေ့မျက်နှာ မကြည်မလင်ဖြစ်နေမှန်းတော့ သိသည်။ ဘာကြောင့်ဆိုတာ မသိပေမယ့် ဖုန်းတွေချည်း ဆက်နေသဖြင့် အလုပ်ရှုပ်နေလို့ပဲလို့ ကိုယ့်ဘာသာ တွက်ယူခဲ့၏။

ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ပြီး အပေါ်ထပ်ကနေ စာအုပ်လေးကိုင်၍ ဆင်းလာကာမှ …

"နေဦးလေ .. ဒါဆို ပစ္စည်းတွေကို လာကြိုခိုင်းလိုက်မယ် .."

"… … … …"

"မဟုတ်ဘူး .. ခြံရှေ့ကဝင်ရင် ကားကြီးဆိုတော့ ပြန်ထွက်ရခက်လိမ့်မယ် .. ပစ္စည်းချရမှာက အိမ်မကြီး မဟုတ်ဘူး .. ခြေရင်းဘက်ခြမ်းက နှစ်ထပ်ခွဲ ဆလင်ဒါပုံ တိုက်လေးရှေ့မှာ .."

"… … … …"

"အလုပ်သမားတွေ အများကြီးတော့ မလိုပါဘူး .. နှစ်ယောက်လောက် လွှပိုပါရင် ရပြီ .."





"… … … …"

"ဟုတ်ပြီ .. ခုပဲ လွှတ်လိုက်မယ် .. ထွက်မလာနဲ့တော့လေ .. ဆိုင်ကိုပဲ လွှတ်လိုက်မယ် .. တော်ကြာ လွဲနေမှာစိုးလို့ .."

ဒေါ်သူဇာလင်း က ဖုန်းပြောပြီးတာနှင့် အိမ်ရှေ့ကို တန်းထွက်သွားပြီး ဒရိုင်ဘာကို သေချာ မှာနေ၏။

အိမ်မှာ ဒရိုင်ဘာရှိပေမယ့် ခြံထဲမှာပဲ အလုပ်ပေးထားတတ်တာများကာ အပြင်သွားတာဆိုလျှင် ချင်း တို့အားလုံးပဲ ကိုယ်တိုင် ကားမောင်းကြတာ ဖြစ်သည်။

အထူးသဖြင့် မိသားစု သွားလာပြီဆို ဒရိုင်ဘာကို ဘယ်တော့မှ မမောင်းခိုင်းခဲ့ပေ ..။

"အေး .. မှာတဲ့အတိုင်း သေချာလုပ်ခဲ့ .."

ဒရိုင်ဘာ ကားသွားထုတ်ကာမှ ဒေါ်သူဇာလင်း အထဲပြန်ဝင်ခဲ့လျှင် …

"မေမေ .."

ချင်း က ရှေ့မှာ လာရပ်ကာ …

"မေမေ ဘာလုပ်မလို့လဲ .."

"ဟိုအိမ်ထဲကို ထည့်ပေးရမယ့် ပစ္စည်းတွေလေ .."

ဒေါ်သူဇာလင်း က မျက်နှာတော့ မကောင်းပေမယ့် ပုံမှန်အတိုင်းပဲ ပြန်ပြောသွားခဲ့၏။ ခြေသုံးလှမ်းလောက် လှမ်းသွားပြီးမှ ရပ်တန့်သွားကာ …

"ဒါတွေ သမီးဖေဖေ ဘာမှမသိဘူး နော် .. မလိုအပ်ဘူးထင်လို့ မေမေ မပြောတာ .."

"မေမေ .."

ဒေါ်သူဇာလင်း ခြေလှမ်းပြင်ပြီးမှ မလှမ်းဖြစ် ..၊

ချင်း က သူ့မနားကို တိုးသွားခဲ့လျက် …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ချင်း သွားယူထားတာ မေမေ့ကို ဘယ်သူပြောတာလဲ ဟင် .."

မေးပြီးတော့ မေမေ့မျက်နှာရှေ့မှာ မရဲတရဲ သွားရပ်ကာ ...

"အဲဒီလိုလုပ်ခဲ့မိတာ ချင်း မှားပါတယ် မေမေ .."

ဒေါ်သူဇာလင်း က ဘာမှမပြောဘဲ နှုတ်ဆိတ်နေခဲ့၏။

"ဒါပေမယ့် မေမေ .. သူ့ကို အဲဒီအချိန်ထိ ချင်း လက်မထပ်ချင်တဲ့ လူတစ်ယောက်ထက် ပိုပြီး ဘယ်လိုသံသယမျိုးမှ ချင်း မှာ မဖြစ်ခဲ့သေးဘူး .."

တည်ငြိမ် အေးစက်နေခဲ့သည့်မျက်ဝန်းတွေ ချင်း မျက်နှာလေးပေါ် ရောက်လာခဲ့၏။

"ပစ္စည်းတွေ သွားရှွေ့ခဲ့မိတာ ချင်း ကလေးဆန်သွားပါတယ်..၊ ဒါပေမယ့် သူ့ရင်ထဲမှာ ဘယ်လိုအကြံအစည်တွေနဲ့ ဒီကိုရောက်လာခဲ့တာလဲဆိုတဲ့ သံသယက ချင်း ကို အဲဒီမှာ စပြီး ဖြစ်စေခဲ့တာ .."

"ဘာဖြစ်လို့လဲ ..၊ သူက ဘာတွေ ကြံစည်နေလို့လဲ .."

"အဲဒီတိုင်းပဲ ချင်း သူ့ကို မေးလိုက်တာ .."

"ဟင်!..."

စိုးရိမ်သလို ဖျတ်ခနဲ ဖြစ်သွားသည့် မျက်နှာသည် စိတ်ဓာတ်ကျသွားသလို ဖျော့ကျ မှိုင်တွေသွားကာ ...

"မိုက်လိုက်တာ သမီးရယ် .."

"သူက မေးချင်လောက်အောင် ရိုတိုတိ ရှုံ့တဲ့တဲ့တွေ ပြောနေတာ မေမေ .."

ထိုနေ့က သူမ ဒုက္ခရောက်ပုံကစ၍ မေမေ ရောက်လာမှ ပြေးပုန်းရတယ် ဆိုတာထိ ပြောပြကာ ...

"စကားပြောတာ အရမ်းကို မာကျောဝဘာ မေမေ ..၊ ပြီးတော့..."

ပြောပြရင်း စကိတ်စီးတုန်းက သူ့ကားရှေ့မှာ လဲရသည့်အဖြစ်ကို





လည်း ပြောပြမိလျက်...

"အဲဒီတုန်းက ဒီလူကြီးမျက်နှာက ခုနဲ့ တခြားစီပဲ .."

"ဘယ်လို!... ဘယ်လို .. အဲဒီတုန်းက ခြေထောက်ထိလာခဲ့တာလည်း ကားရှေ့မှာ ဟုတ်လား .. ကားနဲ့မတိုက်မိခဲ့လို့ တော်သေးတာပေါ့ ..၊ ပြောစမ်းပါ သမီးရယ် .. ဟင် .. အဲဒါတွေကို ဘာဖြစ်လို့ ညာပြောခဲ့ရတာလဲ .. မီးမီး တို့ ခြံထဲမှာပဲ ချော်လဲခဲ့တာလို့ ဘာဖြစ်လို့ ညာပြောခဲ့တာလဲ ..၊ ဒါ သေသွားနိုင်တယ် သိရဲ့လား .. တစ်သက်လုံး အကျိုးအကန်းဘဝနဲ့လည်း အဆုံးသတ်သွားနိုင်တယ် .."

"မေမေရယ် .."

ဘာမှမဖြစ်ခဲ့သည့်ကိစ္စမို့လို့ ပြီးလည်း ပြီးခဲ့ပြီဆိုပြီး ပြောလိုက်မိကာမှ ...

"ဘာမှမှမဖြစ်တော့တာ မေမေရယ် .. ချင်း က အဲဒါကို ပြောပြချင်တာ မဟုတ်ဘူး ..၊ ဒီလူကြီးက အဲဒီတုန်းက ချင်း ကို လင်းလင်းချင်းဆိုတာ မသိသေးဘူး .. မသိတုန်းက သူ့မျက်နှာက ခပ်ပြုံးပြုံးပဲ ..၊ သဘောထားကြီးသလိုလို .. နားလည်ပေးတတ်တဲ့လူ လိုလို .."

ပြောပြနေရပေမယ့် မိခင်ဖြစ်သူက ခေါင်းညိတ်ခြင်း ခေါင်းခါခြင်းဖြင့် စကားထောက်မလုပ်တော့ ပြောရင်းနဲ့ ဒေါ်သူဇာလင်း မျက်နှာကိုပဲ တကြည့်ကြည့် ဖြစ်နေရလျက် ...

"ချင်း ကို လင်းလင်းချင်း မှန်း သိသွားတဲ့နောက်ပိုင်းမှာ အချိုးတွေ တန်းပြောင်းသွားတာ .. စကားပြောရင် အနိုင်မခံ အရှုံးမပေးချည်းပဲ၊ သူ အနိုင်ရသွားရင်လည်း သိပ်ကို ကျေနပ်သွားတဲ့ မျက်နှာကြီး..."

"အရှုံးအနိုင်တွေပြောရအောင် သမီးတို့ကို ရန်ဖြစ်ဖက် လွှဲပေးထားတာမှ မဟုတ်တာ .. ပြီးတော့ ကောင်း မှာ ဒီလို ကလေးဆန်တဲ့ပုံမျိုးတွေ မေမေ မမြင်ဘူး .."

"သူ့ရင်ထဲမှာ ရှိတာကို မေမေ မြင်အောင် ဘယ်ပြမလဲ မေမေ.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုတော့ သူ ပြခဲ့တယ်ပေါ့ .."

"ချင်း က သူနဲ့ စကားတွေ အနိုင်လုပြောခဲ့ရတာ .. စကားဆိုတာ 'ပြောပါများတော့ တရားပါ' တဲ့ .."

ဒေါ်သူဇာလင်း သက်ပြင်းမွှင်းမွှင်း ချမိ၏။

ဒီလူတွေအပေါ် ဒီလိုကျေးဇူးတွေ တုံ့ပြန်ရဖို့ရှိပါသည်လို့ ပြောပြထားသည့်ကြားကနေ ပစ္စည်းတွေ သွားသိမ်း .. ရန်တွေဖြစ်ကြတဲ့အထိ ခရီးဆက်နေခဲ့သဖြင့် သမီးကို စိတ်တိုခဲ့မိသည်။

သူ မနှစ်သက်ပေမယ့် မိဘစကားကိုတော့ နားထောင်နေတာပဲမို့ ဒါကို ဖွင့်မေးပြီးတော့လည်း မဆူရက်ခဲ့ပေ ...၊

ခုကျမှ ကိုယ့်သမီးလေး ဒီလောက်ထိ ကလေးဆန်နေသေးတာကို မြင်လာရင်း ချစ်စနိုး မြတ်နိုးစိတ်များလည်း ဖြစ်မိကာ ...

"မေမေက ချင်း ပြောတာကို မယုံဘူးလား .."

"ဘာကိုလဲ .."

"သူ့ကို ထုတ်မေးလိုက်တော့ မငြင်းဘူးဆိုတာလေ .. ပြီးတော့ မျက်လုံးတွေကလည်း အရွှဲ့တိုက်ချင်နေတဲ့ မျက်လုံးတွေနဲ့ .."

"သမီးကို မေမေ ပြောပြမယ် နားထောင် .. သဘာဝအတိုင်း ပေါ်နေတဲ့ အရိပ်တစ်ခုကိုဖြစ်ဖြစ်.. ပုံသဏ္ဍာန်တစ်မျိုးမျိုးကိုဖြစ်စေ .. ကိုယ့်စိတ်ထဲမှာ 'ဒါက လူတစ်ယောက် ငုတ်တုတ်ထိုင်ပြီး ငါ့ကို ကြည့်နေတာလား'ဆိုတဲ့ အထင်နဲ့ စိုက်ကြည့်ကြည့် .. သေချာကြည့်လေ ကိုယ်ထင်တဲ့ ပုံသဏ္ဍာန် ပေါ်လာလေပဲ .."

ချင်း က မျက်ခုံးတန်းလေးတွေကို ကုတ်ထားရင်း ငြိမ်နေ၏။

"ဥပမာ နီးနီးစပ်စပ်ပြောရရင် ကောင်းကင်ကတိမ်တွေ .. မီးရောင်နဲ့ အရိပ်ကျနေတဲ့ ပုံရိပ်တွေ .. အဲဒါတွေကိုကြည့်ပြီး နဂါးကြီးနဲ့တူလိုက်တာ ...၊ ဆင်ကြီးနဲ့တူလိုက်တာ .. အဘိုးအို ဒူးထောင်ပြီး ထိုင်နေသလိုပဲ ဘာညာ ဘယ်လိုပဲ ပုံဖော်ကြည့်ကြည့် ...၊ သမီးထင်တဲ့အတိုင်းပဲ ပီပြင်





နေမှာ .."

"မေမေက ဒီလူ့ကို ဘာဖြစ်လို့ အကြွင်းမဲ့ ယုံနေတာလဲဟင် .."

စိတ်ဓာတ်ကျသွားသလို ညှိုးငယ်သွားသည့် မျက်နှာလေးကို ဒေါ်သူဇာလင်း က စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"သမီးရဲ့မေမေမို့လို့ပေါ့ သမီးရယ် .. သမီးအတွက် မေမေတို့ စီစဉ်ပေးခဲ့တဲ့ စေတနာဟာ ဒီလိုကိစ္စမှာတော့ စေတနာအမှား မဖြစ်စေရဘူးဆိုတာ မေမေတို့ လုံးဝ ယုံကြည်နေလို့ပေါ့ .."

"ဒါဆို ဒီလူ ကလိမ်စားချေချင်တဲ့စိတ်တွေ ဖြစ်နေမလားလို့တော့ တွေးမိခဲ့တယ်ပေါ့ .."

"ဟင့်အင်း မတွေ့မိခဲ့ဘူး .. လိုလည်း မလိုအပ်ဘူးလေ .. ကလေးရဲ့စိတ်မှာ ဘာတွေမျိုးသိပ်ထားတယ် .. ဘယ်လို လှုပ်ရှား ကြိုးစားနေတယ်ဆိုတာ သူ့ကို အုပ်ထိန်းကြတဲ့လူကြီးတွေက အသိဆုံးပေါ့ .."

"မသိနိုင်ပါဘူး မေမေရယ် .. မိသားစုတစ်စုမှာ စုန်းပြူးတော့ ပါတာပဲ ဆို .. အဲဒီစုန်းပြူးဆိုတဲ့တစ်ယောက်ကို ဆိုးမယ့်သားသမီးမှန်း သိနေရင် သူ့မိဘတွေက ဆုံးမထားကြမှာပေါ့ .. စုန်းပြူး မဖြစ်ရအောင်လို့ .."

"သမီးကိုလည်း ကောင်း နဲ့ပတ်သက်ပြီး ဘယ်လိုဆက်ဆံသင့်တဲ့လူလဲဆိုတာ မေမေ စကားတွေ အများကြီးပြောပြီး ဆုံးမခဲ့တာပဲလေ.."

ချင်း မျက်နှာ ကွက်ခနဲ ပျက်၏။

"ဒါပေမယ့် သမီး မေမေ့စကားကို နားမထောင်ဘဲ လုပ်ချင်တာကို လုပ်လိုက်တာပဲမို့လား .."

"မေမေကလည်း .."

"မေမေက ဥပမာပြောတာပါ .. သမီးကို အပြစ်တင်နေတာ မဟုတ်ဘူး ...၊ ကိုယ်တိုင် ကိုင်တွယ် ထုဆစ်နေတဲ့ ရုပ်တုတွေထောင်မှ ပုံပေါ်လာတဲ့အခါမှာ စိတ်ကူးထဲကလို ဖြစ်မလာတာတွေ ရှိတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆိုတာလည်း ကိုယ်ကမွေးပေမယ့် သူတို့ရဲ့ခြေထောက်လေးတွေ နိုင်မာလာတဲ့အခါမှာ 'ငါ့ဘဝနဲ့ ငါ'ဆိုတဲ့ အသိတရားတွေ.. ယုံကြည်ချက်လေးတွေ ရှိလာကြတာပဲ .."

မေမေ့စကားကို ချင်း မချေပနိုင်တော့ပါ..၊ ဒါပေမယ့် သူမ ဒါကိုတော့ မယုံကြည်နိုင်သေးပါ။ ရက်မြတ်ကောင်း ဆိုတဲ့လူကို စိတ်မချ..၊

"သမီး သူ့အပေါ်မှာ မယုံကြည်နိုင်တာဟာ မေမေတို့အပေါ်မှာ မယုံကြည်တာပဲ သမီး .."

"မဟုတ်ဘူး မေမေ .. လျှို့ဝှက်တတ်တဲ့လူတစ်ယောက်ကို အကဲခတ်ရ မလွယ်ဘူးဆိုတာကို ချင်း ယုံကြည်နေတာ .."

"ဒီလောက်ထိ ရန်ငြိုးကြီးခဲ့ကြတာမှ မဟုတ်ဘဲ သမီး .. သူ့မိဘတွေ ဆုံးသွားပြီဆိုတည်းက ကားတိုက်မှုလား၊ အတိုက်ခံရမှုလားဆိုတာ တောင် ကောင်း ဘာမှမမေးခဲ့ဘူးတဲ့ .. ယောကျ်ားလေးမို့လို့လား ဒါမှမဟုတ် ကိုစော တို့အပေါ်မှာ ရင်းနှီးခင်တွယ်နေခဲ့တဲ့စိတ်ကြောင့်လား မသိဘူး ..၊ မိဘတွေ ဆုံးသွားပေမယ့် ကောင်း မှာ အကြီးအကျယ် ထိခိုက်ကြေကွဲသွားတာမျိုး မဖြစ်ခဲ့လို့ မသက် တော်သေးတာလို့တောင် ကိုစော ပြောနေသေးတာ .."

"ဒါနဲ့ပဲ .."

"အဲဒါတွေမှာ အဖြေရှိတာပဲလေ .. သူ့မိဘ ဘယ်သူ့ကားနဲ့တိုက်တာလဲ ..၊ ဘယ်သူတွေလဲ .. ဘာမှကို ကလေးက မမေးခဲ့ဘူး .. သိလည်း မသိခဲ့ဘူးတဲ့ ..၊ သူ့ပညာကို သူ ကြိုးစားတယ် .. ပုံမှန်အတိုင်းပဲ နေတတ်သွားတယ် .. အဲဒါတွေက ခုချိန်ကျမှ နာကျင်စရာတွေ ပြန်ဖြစ်လာနိုင်မလား .."

"ဒါဖြင့် သူ မဟုတ်ပါဘူးလို့ ဘာဖြစ်လို့ မငြင်းခဲ့တာလဲလို့ .."

"ဒါတော့ မေမေ မသိဘူးလေ .. သမီးထက် အသက်ကြီးတယ်ဆိုပေမယ့် သူကလည်း တစ်ဦးတည်းသောသားပဲ ..၊ ငယ်စိတ်ကတော့





အနိုင်မခံ အရှုံးမပေးစိတ်မျိုး ရှိခဲ့မှာပဲ ..၊ သမီးက သူ့စိတ်ထဲမှာ မရှိခဲ့တာကို တူးဆွသလို ဖြစ်သွားခဲ့ရင် သမီးကို ပြန်ရွဲ့ချင်တာမျိုးလည်း ဖြစ်နိုင်တယ် .."

"ယောကျ်ားဖြစ်ပြီး မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ရွဲ့တာရော ကောင်းလို့လား မေမေရယ် .."

"မိန်းကလေးတွေမှာပဲ ပြိုင်ဆိုင် အနိုင်လိုချင်တဲ့စိတ် ရှိတာမဟုတ်ဘူးလေ .. ဒေါသဆိုတာ လူတိုင်းမှာရှိတယ် .. စိတ်တိုလာရင် သူ့ထက်ငါ ပြိုင်ဆိုင် အနိုင်လုချင်လာတာပဲ ..၊ မေမေ့ကို နောက်ထပ် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ သမီးရယ် .."

လက်မောင်းလေးကို ဆုပ်ကိုင်၍ ချော့မော့သလို ပြောကာ ...

"ကောင်း က အလုပ်အရမ်းများတဲ့ လူတစ်ယောက်ပါ.. သူ့ခေါင်းထဲမှာ အလုပ်အပြင် တခြားကိစ္စ ပြဿနာတွေ ထည့်ထားနိုင်ဖို့လည်း မလွယ်ဘူး ..၊ သမီးရဲ့ဖေဖေ ဒါတွေကို ဖွင့်ပြောတုန်းကတောင် သူက ပြန်ပြီး နှစ်သိမ့်နေသေးတာ .. သူ့ဘက်ကိုတွေးပြီး ဘာမှ သောကများမနေနဲ့တဲ့ .. အားလုံးက အတိတ်မှာ ပြီးခဲ့ပါပြီတဲ့ .."

ပြီးခဲ့ပြီဆိုမှ အားလုံး အမေ့တလျှော့ ထားလိုက်ကြမှာကိုး ..၊

ဒါမှ သူ့စိတ်ကူးတွေနဲ့ အမုန်းပလန်ကို ကျကျနန ရေးဆွဲနိုင်မှာ..၊

"သမီးတို့ကို မေမေတို့ စေ့စပ်ပေးတော့မှာ .."

"ဟင်!..."

"အစကတော့ နောက်လကုန်လောက်မှ စီစဉ်မလို့ပဲ .. ဒါပေမယ့် ကောင်း ကို ဒီမှာ လာနေစေချင်တော့ အားလုံး တင့်တယ်သွားအောင်လို့လေ .."

"တင့်တယ်အောင် သူ့ကို ဒီမှာ မနေခိုင်းနဲ့ပေါ့ မေမေရယ် .. ချင်း အဲလောက် မြန်မြန်ကြီးတော့ မစေ့စပ်ချင်ဘူး .."

"သိပ်လည်း မကြာတော့ပါဘူး သမီးရယ် .. သူ တိုက်ဆောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာက အမြန်ဆုံး ဆောက်လို့ပြီးနိုင်ပေမယ့် သူက မအားဘူး ဖြစ်နေတယ် ..၊ ကုမ္ပဏီမှာ နေလိုက် .. မပြည့်စုံသေးတဲ့ အဲဒီတိုက်ကြီး ထဲမှာ ပြန်နေလိုက်နဲ့ ကုမ္ပဏီမှာ အိပ်တဲ့ညတွေဆိုရင် .."

ဒေါ်သူဇာလင်း က ပြောနေရင်းနဲ့ ဆိုဖာတွေဆီ လျှောက်သွားပြီး ထိုင်ကာ ...

"အဲဒါတွေ မပြောချင်တော့ပါဘူး သမီးရယ် .. ယောကျ်ားလေး တစ်ယောက်မှာ အရည်အချင်းကောင်းတွေ ရှိလာပြီဆိုရင် အဲဒီသားရှင် က ရင်ပူလာရတာပဲ .."

"သူတို့သားကို စိတ်မချတိုင်းပဲ ချင်း က စေ့စပ်တာကို လက်ခံရ တော့မှာလား .."

"သူတို့သားကို မေမေ့သမီးနဲ့ လက်ထပ်ပေးဖို့က အစတည်းက စီစဉ်ပြီးသားလေ .. အဲဒီတော့ စောစောစီးစီး စိတ်အေးထားချင်တာမျိုး ပေါ့ ..၊ သမီးကိုလည်း ကောင်း နဲ့ပဲ မေမေ လက်ထပ်ပေးချင်တာ .. ဒါကြောင့် သားနဲ့ သမီးကို မလွဲစေချင်ဘူး .."

အဆုံးသတ်ကျတော့ ဒီယောကျ်ားမှပဲ အဖိုးထိုက် အဖိုးတန် ..၊

"အခု သမီး ထုတ်ထားခဲ့တဲ့ပစ္စည်းတွေအတွက် မေမေက အားလုံး အစား ပြန်ဝယ်ပေးတာ .. အဲဒီကိစ္စတွေကို သမီး ခေါင်းထဲ မထည့်နဲ့ တော့ ..၊ မေမေကလည်း မပြည့်စုံဘူးထင်လို့ ဝယ်ထည့်ပေးတဲ့သဘောပဲ.. အားလုံး ဘာမှမသိကြသလိုပဲလေ .."

"သူက မေမေ့ကို အဲဒီကိစ္စ ဘာမှမပြောခဲ့ဘူးဆိုတာ တကယ်လား ဟင် .."

"ဟင့်အင်း .. မေမေဘာသာ နောက်ဖေးတံခါး မကောင်းလို့ သွား ကြည့်ရင်းနဲ့ ဝင်ကြည့်ခဲ့လို့ သိတာ .. ပစ္စည်းတွေ လာရင်လည်း အိမ်ရှေ့ မှာပဲ ထားရဦးမှာလေ .. သူ့နေရာလို့ သတ်မှတ်ပေးပြီးပြီဆိုတော့ မေမေ တို့က သူ ခွင့်မပြုဘဲ ဝင်ထွက်နေလို့ မရတော့ဘူး .."



သူမကတော့ ကိုယ့်သဘောနဲ့ကိုယ် ဖွင့်ဝင်ပြီး ပစ္စည်းတွေတောင် ဆွဲထုတ်ခဲ့ပါသေးသည်။

မေမေက ဒါကို ကဲ့ရဲ့လိုက်တဲ့သဘောလား ..၊

ချင်း ရဲ့အကြည့်တွေကို သဘောပေါက်နေသည့်နှယ် ဒေါ်သူဇာ လင်း က ခြေချင်းချိတ်လိုက်ရင်း ပြုံး၍ ...

"သမီးက ကလေးမဆန်နဲ့တော့နော် .. မသက် ဆိုရင် သမီးကို ဆံပင်ရှည်ရှည်၊ ကိုယ်လုံးလှလှလေးနဲ့ အရမ်းကို ကျက်သရေရှိတာပဲဆို ပြီး ချစ်တဲ့အကြောင်းတွေ တဖွဖွပြောနေတာ .. ကလေးဆန်လိုက်တာ ဆိုပြီး ကိုယ့်ကို အထင်သေးသွားလိမ့်မယ် ..၊ အလှမှာ နုသစ်လန်းဆန်း တာ ကောင်းပေမယ့် ဘဝကို ရင်ဆိုင်ဖို့က ရင့်ကျက်မှုပဲ လိုတာ သမီးရဲ့.. မှတ်ထား နော် .."

သူမ ဘယ်လောက်ထိ ကလေးဆန်နေမိပါသလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"ငါတော့ မထင်ပါဘူး.. နင် ကလေးဆန်တယ်ဆိုရင်လည်း အဲဒါ ချစ်ဖို့ကောင်းနေမှာပဲ ..၊ နင်က ဘယ်လိုနေနေ လှနေတာပဲ ဥစ္စာ .."

မီးမီး ကတော့ မေးလိုက်တာနှင့် ပြန်ပြောပုံက ပေါ့ပေါ့ပါးပါး..၊ ပြီးတော့ ပန်းသီးကို အလုံးလိုက်ကိုက်ပြီး တစ်ဖက်က ခေတ်ပုံကို သေချာကြည့်နေ၍ ...

"ပုံစံက ခက်ထန်သလိုရှိပေမယ့် အဲဒါကို ဖယ်လိုက်ရင် သူ့ပုံစံက လည်း သိပ်တော့ မရင့်ဘူးဟ .."

"သူ့ကို ဝေဖန်နိုင်းနေတာ မဟုတ်ဘူး .. ငါ့ကိုပဲ ကြည့်ပြော .."

မီးမီး က ချင်း လက်တို့နေတာကို ဘဲတောင်နဲ့တွတ်လိုက်ပြီး ခေတ်ပုံနှစ်ပုံကို ပူးလျက် ကိုင်ထား၍ ...

"နင်ပဲ ခေတ်ပုံယူလာလို့ ကြည့်ပေးနေတာလေ .. သူ့ပုံစံနဲ့ဆိုရင် နင်က ကလေးဆန်နေမှ နင်တို့ အိမ်ထောင်ရေးက ပျော်ဖို့ ကောင်းမှာပေါ့ .."





"ဘာရယ်!..."

"တကယ့် ဂျမ်းတဲလ်မန်းစတိုင်လ်ကြီးပဲ နင် ကြည့်ပါလား ..၊ သူက တည်တည် .. နင်က ခန့်ခန့်ကြီးဆိုရင် ကိုယ့်ဘာသာ ကလိထိုး ရယ်ရင်တောင် စိတ်ဝင်စားဖို့ ရှိမှာ မဟုတ်ဘူး .."

"ငါကလည်း ဂျမ်းတဲလ်မန်းစတိုင်လ်ကို လိုချင်တာ မဟုတ်ဘူး မီးမီး .. အဲဒါကြီးကိုပဲ အသည်းယားနေတာ .."

မီးမီး က ပန်းသီးကို ထပ်ကိုက်လိုက်ပြီး ခေတ်ပုံတွေကို စားပွဲပေါ် ချထားလိုက်ကာ ...

"ချင်း .."

"ဘာလဲ .."

"အရမ်းချောလွန်းတော့လည်း အန္တရာယ်ကြီးပါတယ်ဟာ .. နင် အဲဒီမော်ဒယ်လ်ကို အိပ်မက်မက်နေတာတွေ တော်ပါတော့ .."

"အိပ်မက်ထက်တော့ နီးစပ်ပါတယ် မီးမီး ရယ်.. သူနဲ့ ငါ အရမ်း ရင်းနှီးနေကြပြီ .. ရှေ့ဆက်တိုးကြည့်လိုက်တာနဲ့ အိပ်မက်ရင်ခုန်သံတွေ လက်တွေ့ထဲ ရောက်လာမှာပဲ .."

"အေးလေ .. သူ့နားက မိန်းကလေးတွေထဲမှာ နင့်လောက် ချမ်း သာပြီး နင့်လို ချစ်စရာကောင်းတဲ့သူမှ မရှိသေးတာ .. ရွေးချယ်မယ် ဆိုရင် နင်ပဲ မဲကျမှာပေါ့ ..၊ ဒါပေမယ့် ဒီကောင်က ခပ်ပွေပွေရယ် .. ပြီးတော့ သူတို့က အထည်ကြီးပျက်တွေလို့လည်း ကြားတယ် .."

"အထည်ကြီးပျက်ဆိုတော့ ပိုကောင်းတာပေါ့ .."

"ဘာ!..."

"ဟုတ်တယ်လေဟာ .. အရမ်းချို့တဲ့ခဲ့တဲ့လူတွေဆိုရင် 'မမြင်ဖူး မှုးဖြစ်ထင်'တဲ့ .. အထူးသဖြင့် ယောက်ျားတွေက ချမ်းသာတဲ့သူကို ခံနိုင်ကြဘူးမို့လား .. မကိုင်ဘူးတာ မရှိဘူး .. မစားဘူးတာ မရှိဘူး ဆိုရင် ပိုတောင် ကောင်းသေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာက သူ့ကိုချည်းပဲ မဟုတ်ဘူး .. သူ့မိဘအသိုင်းအဝိုင်းက အရမ်းအွေမက်တာကို ပြောတာ.. သူ့မှာ အမေနဲ့ အစ်မ နှစ်ယောက်ပဲ ရှိတယ် .. အမေနဲ့ အစ်မ ဆိုပေမယ့် ဘယ်ဟာ အမေ .. ဘယ်ဟာ အစ်မမှန်းတောင် မသိဘူး.. အရမ်းပြင်ကြတာပဲတဲ့ ..၊ ပြီးတော့ ဆောလုံးပွဲလောင်းတဲ့နေရာမှာ စည်းစိမ်ပြုတ်တာတောင် မရပ်တန့်နိုင်သေးတဲ့ အထိပဲတဲ့ .."

"ဒါတွေက သူ့အကြောင်းတွေမှ မဟုတ်တာ .. သူ့မိသားစု ဘယ်လိုဖြစ်ဖြစ် သူ ဒီလိုမဟုတ်ရင် ပြီးတာပဲ .."

"ချင်း ရယ် .. သူ့မိဘ သူ့ရဲ့ဘက်ခံရောင်းနံကိုတော့ ဂရုမစိုက်လို့ ရမလားဟယ် .. ဒါတွေက သူ့ဘဝရဲ့ အစိတ်အပိုင်းတွေပဲ .. နောက်ပြီးတော့ ဖန်ဆင်းရဲ ရဲ့ ကာရိုက်တာကိုက သိပ်မဟုတ်ဘူးနော် .. သူ့ဆောမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတိုင်းကို သူ့အပြုံးတွေက မှုမှုတာတာပဲ .."

"ဒါကတော့ သူ့ပရိသတ်တွေပဲလေ .."

"ကဲ .. တော်ပြီ ချင်း ရေ .. ထင်သလိုသာ လုပ်တော့ .."

"မလုပ်ပါဘူး .. ငါက သူချောတာလေးကို ထိုင်ကြည့်ပြီး ရင်ခုန်နေချင်တာ .."

"ရင်ခုန်သံကြောင့် ထမင်းပွဲ ဟင်းပွဲတွေ အလိုအလျောက်ဖြစ်လာရင် ကောင်းတာပေါ့ .. အစတည်းက ငါတို့ အပျော်အပျက် ပြောဆိုရယ်မောခဲ့ကြတာ ချင်း ရယ် .. အပီအပြင် ခံစားမနေပါနဲ့ .. ယောက်ျားချင်း ယှဉ်ကြည့်လိုက်ရင် ဘယ်လိုယောက်ျားမျိုးကို ရွေးသင့်သလဲဆိုတာ အသိသာကြီး .. ဦးရက်မြတ်ကောင်း က နင့်အတွက် .."

"မီးမီး .."

"ဘာလဲ .. ငါက မြင်တဲ့အတိုင်း ပြောတာ .."

"မြင်တဲ့အတိုင်း ပြောတာက ဟိုပုဂ္ဂိုလ်ကို ဓာတ်ပုံပဲ မြင်ရသေး





တာ .."

"ဓာတ်ပုံထဲမှာလည်း အရှိအတိုင်း မြင်နေတာပဲဟာ .."

"မသိဘူး .. သွား .. အဲဒီလူကြီးကို ငါ စိတ်မဝင်စားဘူး .."

"ဟွန်း.. ခုပဲ စေ့စပ်တော့မယ် .. စိတ်မဝင်စားဘူး ဖြစ်နေတုန်း.."

"ကဲ .. အဲဒီဒန်းကြီးကို မလွှဲစမ်းပါနဲ့ .. စိတ်တိုရတဲ့အထဲ တလှုပ်လှုပ်နဲ့ .."

ဒေါ်သက ဒန်းဆီမှာကျကာ ရှေ့မှာရှိသော ဆက်တီခုံလေးကိုပါဆတ်ခနဲ 'မ'ရွှေ့ကာ ချင်း က မြက်ခင်းပေါ်မှာ ဆင်းထိုင်၏။

မီးမီး က ဒန်းပေါ်ကဆင်းလိုက်ကာ ချင်း လိုပဲ မြက်ခင်းပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီး ...

"နင်ကသာ ဦးရက်မြတ်ကောင်း ကို စိတ်မဝင်စားဘူး လုပ်နေတာ .. ငါတို့ရဲ့ခေါင်းရင်းခြံက မော်ဒယ်လ် နှောင်းတစ်ခေတ် ဆိုရင်..."

"မော်ဒယ်လ်ထဲမှာ မကြားဖူးပါဘူး .."

"ဘယ်ကြားဖူးမလဲ .. ခုမှ မဟုတ်တော့တာ .. သူက မော်ဒယ်လ်ဘဝကို အပြီးတိုင် စွန့်လွှတ်ပြီး ဦးရက်မြတ်ကောင်း ရဲ့နားမှာ သက်ဆုံးတိုင် ခစားဖို့ ကြိုးစားနေတာ သိလား.. အခု ဦးရက်မြတ်ကောင်း ပြန်လာကာမှ သူ ရာထူးတောင် တိုးသွားတယ်လို့ ကြားတယ် .."

"နေပါဦး .. သူ့ကို ခုပဲမြင်ဖူးတာ လွန်ခဲ့တဲ့နှစ်တွေကကိစ္စတွေပါ တစ်ခါတည်း သိသွားတာလား .."

မီးမီး က ခေါင်းညိတ်ပြီး ရယ်သည်။

ပြီးတော့ ပန်းသီးကို အသားကုန်အောင် ကိုက်စားပြီးမှ စားပွဲပေါ် ပြန်တင်ထားလိုက်သည်။

"KET က ဥက္ကဋ္ဌကို မှန်းလိုက် .. စီအီးအိုကိုမှန်းလိုက်နဲ့ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ထိအောင် ပစ်တော့မလို့လို့ .. အဲဒီ နှောင်းတစ်ခေတ် လောဘဓောတိုက်ပြီး ကံကောင်းလို့ ရှော့ခ် မရတာ ..

www.burmeseclassic.com



"KET က ဦးရက်မြတ်ကောင်း တို့ ကုမ္ပဏီလား .."

"ဩော် .. ချင်း ရယ် .. ကိုယ်နဲ့ပဲ စေ့စပ်တော့မယ် .. ဒါလေး တောင် မသိဘူးလား .."

"မသိဘူးလေ .. နင် သိနေတာကိုလည်း မကျေနပ်ဘူး .."

"သိရတဲ့အကြောင်းကို ပြောမလို့ပဲလေ .. ရှင်က ဖြတ်ဖြတ်မေးနေ တာကိုး .."

"မမေးတော့ဘူး ...၊ ပြော ..."

"အဲလို လုပ်စမ်းပါ .. သူများ အတင်းအဖျင်း ပြောရတာ စိတ်မလုံ ရတဲ့ အထဲ .."

"တော်သေးတာပေါ့ မလုံလို့ .."

"တကယ်ပြောတာ .. မလိုတဲ့စကားဆိုတာ ကြားသွားတတ် တယ် .. ခေါင်းရင်းနဲ့ ခြေရင်းက နီးနီးလေး .."

မီးမီး က သူ့ခိုးကြည့်နှင့် မျက်လုံးကစားရင်း တကယ်လည်း လန့် နေပုံ ပေါ်၏။

"နင်က မသိလို့ ...၊ အဲဒီကုမ္ပဏီမှာ လူချောလူလှတွေ တကယ် စုဝေးနေတာ နာမည်ကြီး .."

"ဟုတ်လား .."

"သိပ်ဟုတ်တာပေါ့ .. အထူးသဖြင့် စီအီးအိုတွေ ချောတယ်တဲ့...၊ ဦးရက်မြတ်ကောင်း ကျတော့ နာမည်ကိုက ပေါ်လွင်တာဟ .. နင်နဲ့ မငြိခင်တည်းက ငါ ကြားဖူးနေတာ ...၊ အဲဒီ နှောင်းတစ်ခေတ် ကလေ သူ့အတွက် အမိကတွေ ဖြစ်လာပြီဆိုရင် သူ့ပါးစပ်ထဲမှာ ဒီအကြောင်း ဒီနာမည်ပဲ ကြားနေရတော့တာ .. နာမည်တစ်ခု အသစ်ပါလာပြီဆိုရင် တော့ .. ဩော် .. နောက်တစ်ယောက် ဖြစ်သွားရှာပြီပေါ့ .."

"ဟုတ်လား .. သူ့ဘာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်နေ တာလား .."





"တစ်ယောက်ကမှ မချစ်လို့ ပြောင်းနေရတာ .."

"ဟင်!..."

"သူက အရမ်းချမ်းသာတာဟ .. ရုပ် သိပ်မလှပေမယ့် ဝတ်နိုင် စားနိုင်တယ် ...၊ ချောမေ့ လှမေ့ဆိုတဲ့ တကယ့်ဒိတ်ဒိတ်ကြဲကိုပဲ သူ မှန်းတာ .. မှန်းသမျှလည်း လွဲရှာတယ် .."

"အေးလေ .. နာမည်ကိုက နှောင်းတစ်ခေတ် ဆိုမှတော့ .."

"မဆိုင်ပါဘူး ချင်း ရယ် .. သူက ဗွေနွှေကို မရတာပါ ...၊ ဒီအလုပ် လောက်က လစာမျိုး သူ မမက်ဘဲနဲ့ ကားတွေ ထည်လဲစီးပြီး စိန်တွေ ညွတ်နေအောင် ဝတ်ဝတ်သွားတာက ရှိသေးတယ် .."

"ကြောင်တောင်တောင်နဲ့ .."

"ဟုတ်တယ် .. ကြောင်တောင်တောင်ပဲ...၊ ဆံပင်က ပခုံးလောက်.. လုံးကြီးပေါက်လှ ထွားထွားကျိုင်းကျိုင်း .."

"ငါ မြင်ဖူးသလိုပဲ .."

"မြင်ဖူးမှာပေါ့ .. စကားမစပ်မိလို့သာ မပြောဖြစ်တာ ...၊ အဲဒီဘက် မှာ အသက်ရှစ်ဆယ်လောက် အဘွားနဲ့ သူနဲ့ နှစ်ယောက်ပဲ ရှိတာ .. နင် ဒီကိုလာနေတုန်း လှမ်းမြင်တဲ့အခါ မြင်မှာပေါ့ .."

မီးမီး က စားစရာ ကုန်သွားတော့ ဖုန်းဆက်ပြီး အိမ်ထဲကလူကို ခေါ်သည်။

"အအေးနှစ်ဘူးနဲ့ နေကြာစေ့ ယူလာပေးစမ်းပါ .. မီး ရဲ့ စာကြည့် စားပွဲပေါ်မှာ နေကြာစေ့ နှစ်ထုပ်တောင် ရှိတယ် .. အကုန်ယူခဲ့ .."

ကမန်းကတန်း ပြောပြီး ဖုန်းပြန်ချ၍ ...

"ရက်မြတ်ကောင်း ဆိုတာ ကြားဖူးနေတာက ကြာပြီ ...၊ နင်က ဦးရက်မြတ်ကောင်း ဆိုတော့ တွေးမိပေမယ့် ဟုတ်ရဲ့လားလို့ ထင်နေ တုန်း အခု သူ့ကုမ္ပဏီပါ သိလာကာမှ နှောင်းတစ်ခေတ် ရဲ့ပုဂ္ဂိုလ်မှန်း သိတာ ...၊ သူလည်း ဥက္ကဋ္ဌဖြစ်တော့မယ်လို့ ကြားတယ်နော် .. အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



နင် သိလား –"

"မသိဘူး –"

"အေးပါ .. ကောင်းပါတယ် .."

"နင်ကရော ဒီလောက် အစုံအစိ ဘာလို့ သိနေတာလဲ .."

"နင့်ရဲ့ ဦးရက်မြတ်ကောင်း က နှောင်းတစ်ခေတ် ရဲ့ ရက်မြတ်ကောင်း မှန်း သိတော့ ဖေဖေ့ကို မေးကြည့်တာလေ .. အိုင်တီကုမ္ပဏီချင်းက အတူတူပဲဥစ္စာ ..၊ ဒါပေမယ့် သူတို့ကတော့ အကြီးစားလုပ်ငန်းတွေပေါ့ဟာ .. နင် စိတ်ကူးမလွဲစမ်းပါနဲ့ ချင်း ရယ် .. ရက်မြတ်ကောင်းဆိုတဲ့ပုဂ္ဂိုလ်က နင် မလိုလားနိုင်စရာ ပုံပန်းသဏ္ဌာန်မျိုးလည်း မဟုတ်ဘူး .."

နင် မသိပါဘူး မီးမီးရယ် .. ဆိုတဲ့ စကားကို စိတ်ထဲက ပြောလိုက်မိသည်။

ကိုယ်မချစ်နိုင်တဲ့ လူတစ်ယောက်ကို ယူရမယ့်အပြင် ဒီလူက ကိုယ့်အပေါ် ကြင်နာချင်လို့ မဟုတ်ဘဲ မကောင်းတဲ့ အကြံအစည်တွေနဲ့ ဆိုရင် ...

"ချင်း .."

"ဟင် .."

"ဘာတွေ ငိုင်နေတာလဲ ..၊ မျက်မှောင်ကြီးကုတ်ပြီးတော့ .."

"နင် မသိတာတွေပါ .."

"အေးလေ .. ငါ သိလို့ရရင်လည်း ပြောပြပေါ့ဟ .. ဘာလဲ .. ရက်မြတ်ကောင်း .. အဲ .. ဦးရက်မြတ်ကောင်း လား .."

"အင်း .."

အခင်မင်ဆုံး သူငယ်ချင်းမို့လို့လည်း ပြောပြချင်မိသည်။ ပြောသင့်ရဲ့လားလို့လည်း စဉ်းစားမိ၏။ ဒါပေမယ့် ပြောချင်နေသည့်စိတ်ကပဲ ကြီးစိုးနေကာ ...





"သူနဲ့ ငါက မိဘချင်း အစတည်းက ချိတ်ဆက်မှုတွေ ရှိခဲ့ကြတာ .."

စမိတော့လည်း ဘာတွေ ဘယ်လိုပြောမိမှန်း မသိ ..၊

"ဘယ်လို ချိတ်ဆက်တာလဲ ..၊ သူ့အဖေနဲ့ ချင်း အမေ ချစ်သူတွေ ဖြစ်ခဲ့ဖူးတာ .. ဘာညာလား .."

"ဟာ .. အဲလို မဟုတ်ပါဘူး .."

ပြောမိတော့လည်း အားလုံးကို ပြောပြမိကာ အနည်းငယ်ကိုသာ ချန်လှပ်၍ ...

"ငါကတော့ အဲဒီလိုပဲ ထင်နေတယ် .. နင်ရော .."

"သိပ်တော့ မဖြစ်နိုင်ဘူး ထင်တာပဲ .."

"ဘာ!..."

"နင်ပဲ စဉ်းစားကြည့်လေ ..၊ သူ့မှာ အကြံစည်ရှိထားရင် ဦးမောင်မောင်ချင်း ရဲ့သမီးနဲ့ လက်ထပ်ရမယ်ဆိုတည်းက နင့်ကို မဲခြေတင်နေမှာပေါ့ .."

"ဘယ်လိုမျိုးလဲ .."

"အခု နင့်ကို သူက မြင်တောင် မမြင်ဖူးဘူး .. မြင်ဖူးဖို့လည်း မကြိုးစားခဲ့ဘူး ..၊ နင်ကသာ သူ့ကို သိနေပေမယ့် သူက နင့်ကို မသိခဲ့ဘူးမို့လား .."

ချင်း ဘာမှ မပြောနိုင် ..။

"မဟုတ်သေးပါဘူး ချင်း ရယ် .. နင်ကလည်း ရုပ်ရှင်ဆန်ဆန်တော့ တွေးမနေပါနဲ့ .. ပြီးတော့ ဒီလိုလူမျိုးက အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေနဲ့ အချိန်ဖြုန်းမယ့်လူလည်း မဟုတ်နိုင်ပါဘူး ..၊ သူ ဒီလောက်မအားနေတာကို .."

"ဘယ်လောက် မအားမအား မိန်းမယူဖို့တော့ အချိန်ရှိနေတာပဲ မီးမီး .. သူ ငါ့ရှေ့ရောက်လာတဲ့အချိန်မှာ ငါ့ကို ဘယ်လိုပညာပေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလောက်တော့ ခေါင်းထဲ ထည့်လို့ ရတယ် ..."

"အင်း .. အတင်းကို ဆွဲထည့်ကြည့်နေတာပဲဟာယ် .. တကယ်ပါပဲ .."

"ဘာပဲဖြစ်ဖြစ် ငါ သူ့ကို စေ့စပ်လိုက်ရရင်တောင် လက်မထပ်ဖြစ်ဖို့အတွက် အစွမ်းကုန် ကြိုးစားမှာပဲ .. အဲဒါ နင် ကူညီ .."

"ဘုရားရေ!..."

"ဘုရားက မကူညီဘူး .. နင့်ကို ပြောနေတာ .."

"ချင်း .."

"ဘာလဲ .. ငါ အခု နင့်အိမ်ထိ လာတာ အဲဒါတွေ တိုင်ပင်ဖို့.."

"ဒါပေမယ့် နင် ထင်တာတွေ သေချာရဲ့လား စုံစမ်းပါဦးဟာ.. တကယ် အကြီးကြီးကို တွေးပစ်လိုက်တာပဲ .."

ချင်း စိတ်တွေတိုကာ ထပြန်လာခဲ့တဲ့အထိ မကျေနပ်ခြင်းတွေက မျက်နှာမှာ အရိုးရိုက်၏။

လူကြီးတွေရဲ့ တွေးတော ချိန်ဆမှုတွေကို တိုးမပေါက်နိုင်လို့ သူငယ်ချင်းချင်း ခေါင်းချင်းဆိုင်ပြီး ကြံစည်မယ် တိုင်ပင်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လာခဲ့တာ ..၊

ဘာထူးလို့လဲ ..၊

ကိုယ့်သူငယ်ချင်း အရင်းကြီးကတောင်မှ ကိုယ့်ဘက်မပါ ..၊

အိမ်ပြန်ရောက်လာတော့လည်း မြင်ကွင်းက မျက်စိနောက်ဖွယ်..၊

"ကားယူမသွားဘူးလား သမီး.. ကားလည်း အိမ်မှာ မရှိပါလား.."

"ကားဘီး သံစူးမိတယ်ထင်တယ် .. အဲဒါ ဘီးပြားနေလို့ ဝပ်ရှော့မှာ ဝင်ထားခဲ့တယ် .."

"အို .. ကားဘီးလဲတာ ခဏလေးကို ထားခဲ့တယ် ဟုတ်လား.."

အိမ်အဝင်ဝကနေ ဆီးမေးပြီး မေမေ မျက်လုံးပြူးနေသဖြင့် ချင်း ရှေ့ဆက်မတိုးဘဲ နေရာမှာပဲ စိတ်ပျက်စွာ ရပ်နေမိ၏။





"ကားဘီးလဲတာ ခဏပေမယ့် အလုပ်သမားတွေ လက်ဖက်ရည်သွားသောက်ကြလို့ ခဏစောင့်ပါတဲ့ .. ရှေ့မှာလည်း ကားတွေ ညပ်နေတာပဲ ..၊ အဲဒါနဲ့ စိတ်မရှည်လို့ ထားခဲ့လိုက်တယ် .."

"လူက ဒီတိုင်း ဆင်းလျှောက်ခဲ့တယ်ပေါ့ .."

"မီးမီး တို့အိမ်နဲ့ နီးနေတာနဲ့ ကားတစ်မှတ်တိုင် တိုးစီးပြီး သွားလိုက်တာ .."

"ဖြစ်ရလေ သမီးရယ် .. ကားပေါ်က ဆင်းပြီး မီးမီး တို့အိမ်ကို သွားရတာကရော နီးလို့လား .."

ကားထားခဲ့တာကိုလည်း တအံ့တသြ ..၊ လမ်းလျှောက်သွားပါတယ်ဆိုတော့လည်း မျက်လုံးပြူးနေ၏။

ချင်း က မျက်နှာလွှဲပြီး ဘာမှ ထပ်မဖြေတော့ဘဲ နှုတ်ဆိတ်နေခဲ့၏။

"သမီးရယ် .. အပြန် ဝင်ရွေးလာခဲ့ရင်လည်း ရတာကို ..၊ ကဲ — ကဲ ... မေမေ ဖိုးကုလား ကိုပဲ လွှတ်လိုက်ပါ့မယ် .. သမီး နေမကောင်းဘူးလား .."

"ကောင်းတယ် မေမေ .. ချင်း အထဲဝင်ချင်လို့ .."

"ဩော် .. အေး .. အေး ... ဒီတိုင်းလျှောက်ပြန်လာတာ မြင်လိုက်တော့ မေမေက စိတ်ပူသွားလို့ .."

ဒေါ်သူဇာလင်း က ကမန်းကတန်း ဖယ်ပေးသည်။ ထိုစဉ် ...

"အန်တီသူဇာ .."

"ဟော .. သမီးပါလား ..၊ လာ .. သမီး အိမ်ထဲဝင် .."

ချင်း အထဲရောက်ကာမှ နောက်ကို ပြန်လှည့်ကြည့်မိတော့ ခေါင်းရင်းကပ်လျက် နှစ်ဆောင်ပြိုင်တိုက်အိုကြီးက ဒေါက်တာ အေးမြင့်မှာ..

ဆံပင်တွေက ခါးလောက်ထိ ရှည်သည်..၊ ပိန်သည့်ဘဝကို လုမေ မယ့် ပါးပါးသွယ်သွယ်လေးမို့ ဆံပင်ရှည်လေးနဲ့ ကြည့်ကောင်း၏။

www.burmeseclassic.com



နဖူးမှာ ဘေးခွဲအမောက်လေး တွန့်လှန်ထားသဖြင့် နဖူးပြေပြေ လေးပေါ်ပြီး ဖြူနုသည့်မျက်နှာလေးက ယဉ်စစလေးမို့ ချစ်စရာလေး ပါ ..။

"လာလေ သမီး .."

"မဝင်တော့ဘူး အန်တီ .. မနက်ဖြန်ညနေ အိမ်မှာ ဘုရားကိုးဆူ လား .."

"အော် .. ဟုတ်သားပဲ .. နှစ်တိုင်း လုပ်နေကျကို .."

"ဟုတ်ကဲ့ .. အန်တီတို့အားလုံး ဘုရားဖူး ကြွပါ နော် .."

ဖိတ်စာအိတ်လေး ကမ်းပေးပြီး ပါးစပ်ကလည်း ဖိတ်သည်။ ပြီး တော့ နောက်တစ်အိတ်ကို ကိုင်၍ ...

"အန်တီ .. ကိုကောင်း ဒီမှာနေတာ ဆို .."

"ဟင်!..."

ဒေါ်သူဇာလင်း အံ့သြသွား၏။ လူကြီးနဲ့ ပြောရမယ့်စကားပဲမို့ ကိုယ့်ဘာသာ အိမ်ထဲ ဆက်ဝင်လာခဲ့သည့် ချင်း ရဲ့ခြေလှမ်းတွေလည်း တုံ့သွားခဲ့သည်။

"ရက်မြတ်ကောင်း လား သမီး .."

"ဟုတ်ကဲ့ အန်တီ .. ကိုကောင်း က ကိုကို့သူငယ်ချင်းလေ .."

"အော် .. ဟုတ်သားပဲ ..၊ သား ဘုန်းမြတ် နဲ့ အတူတူ ဘွဲ့ရကြတာ နေမှာပေါ့ .."

အင်ဂျင်နီယာဘွဲ့ ရကြတာချင်း တူတော့ ဒေါ်သူဇာလင်း ချက် ချင်း သဘောပေါက်သွားသည်။ ဘုန်းမြတ် ကတော့ သဘောလိုက်သွား တာ ခုဆို ရာထူးရာခံတွေ မြင့်မြင့်မားမားတောင် ဖြစ်နေလောက်ပြီ ထင်၏။

အိမ်နီးချင်းပေမယ့် ဒီကောင်လေးကိုတော့ အိမ်မှာ သိပ်မဆုံဖူး သည်မို့ ကျန်သည့်လူတွေလို မရင်းနှီးပါ ..။





"ရက်မြတ်ကောင်း က ဒီမှာနေတာ မဟုတ်ဘူး သမီးရဲ့.. ဟိုဘက် တိုက်လုံးလေးမှာ .."

"ဟင်!... ဟုတ်လား .."

"အင်း .. အတော်ပဲ .. သူ ခုနလေးကပဲ ပြန်ဝင်သွားတာ တွေ့ တယ် .. သမီး ဖိတ်စာပေးချင်ရင် သွားလေ .."

"ဟုတ်ကဲ့ .."

အေးမြစန္ဒာ ထွက်သွားတာနှင့် ဒေါ်သူဇာလင်း မျက်နှာပေါ်က အပြုံးတွေ လျော့ရဲလျော့ရဲ ဖြစ်ကုန်ကြ၏။ ပြီးတော့ ရှေ့ကို ခြေတစ်လှမ်း တိုးကာ သူမ ထွက်သွားတဲ့ဆီကို လှမ်းကြည့်ဖို့ စိတ်ကဖြစ်သွားသေး သည်။

ပြီးမှ မသင့်တော်ပါဘူးဆိုသည့်စိတ်နှင့် ခြေလှမ်း ပြန်ရုပ်ရသည်။ လှည့်ကြည့်လိုက်တော့ ချင်း လည်း မရှိတော့ပေ ..၊

တစ်ယောက်တည်း သက်ပြင်းချရင်း မသက်မသာ တွေးလိုက်မိ သည်။

ဖူးစာဆိုတာ ဦးရာလူပဲ ဆိုရင်တော့ မလွယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဟိတ် .. ဒါက ဘယ်ကိုလဲ .."

"အပေါ်တက်မလို့လေ .."

"ဒီက မတက်ဘဲနဲ့ ဘယ်ကိုလဲ .."

"လှေကားက တက်မယ် .."

ဘယ်သူမှ ခြေဦးမလှည့်သည့်လှေကားကို ရောက်အောင် သွားသည်။

ဝန်ထမ်းတွေ ဆိုင်ရှင်တွေသာ အသွားအလာ ရှိနေကြသဖြင့် ပစ္စည်းတွေသယ် .. ပုံးတွေ 'မ'ထုတ်လာကြနှင့် နောက်ဆုတ်ရှောင်ရ.. ဘေးကပ်ပေးရ ..၊

"မင်း ကိုယ့်ကို ရွှဲ့နေတာလား ချင်း .."

"ဘာကို ရွှဲ့ရမှာလဲ .."

"ကျွတ်!..."





ဓေ့စပ်ပွဲအတွက် လိုအပ်တာလေး သွားဝယ်ကြဆိုပြီး နှစ်ယောက်ဆုံအောင် လူကြီးတွေက တွဲပေးသည်။ ကိုယ်က ပြင်ဆင်ပြီး စောင့်နေရကာ သူက ဆယ်မိနစ်လွန်မှ ရောက်လာ၏။

'အလုပ်ရှုပ်နေလို့'ဆိုသည့် အကြောင်းပြချက်မှာ မေမေတို့က ခွင့်လွှတ်ခြင်းများစွာနှင့် ..၊

သူ့ကို ပြန်ပြီး ဒုက္ခပေးဖို့ စိတ်ကူးထားသဖြင့် 'ကျွတ်'ခနဲ စိတ်ပျက်သံ ထွက်လာတော့ ချင်း က ပန်းလေး မသိမသာတွန့်၍ မဲ့၏။

တကယ် ဒုက္ခရောက်နေတာမို့ ကောင်း မျက်နှာကလည်း အုံ့သိုနေကာ ...

"မင်း ဘာဝယ်မလို့ ဒီအဆောက်အဦကို လာတာလဲ ..၊ ဒီမှာ စားသောက်ဆိုင်တွေပဲ ရှိတာ .."

နာရီကြည့်ရင်း ပြောလိုက်တော့ ချင်း က လှည့်မကြည့်ဘဲ ဆက်လျှောက်သွားကာ ...

"ဒီလိုပဲ သွားရင်းလာရင်း စားသောက်ဆိုင်တွေ တွေ့တော့လည်း စားချင်စိတ် ဖြစ်လာရင် ဝင်စားလို့ ရတာပေါ့ .."

"စားချင်တာ မဟုတ်ဘဲနဲ့ စားသောက်ချင်စိတ်ကို မွေးမြူမနေနဲ့လေ .. အချိန်တွေ အလကားဖြုန်းပြီး ဘာလုပ်ဖို့လဲ .."

ချင်း က သွားနေရင်း သူ့ကို လှည့်ကြည့်ကာ ...

"ရှော့ပင်းန်ထွက်ပါတယ်ဆိုမှ အချိန်ကိုကြည့်ပြီး ပြေးလွှားခလုတ်တိုက်နေရမှာလား .. ဦးရက်မြတ်ကောင်း အချိန်မရရင် ပြန်လေ .."

"ဒါ ရှော့ပင်ထွက်တာ မဟုတ်ဘူး .. မင်းနဲ့ ကိုယ့်အတွက် .. ကိုယ့်အတွက်လည်း မလိုဘူး .. မင်းအတွက် တမင်အချိန်ပေးပြီး ထွက်လာတာ ..၊ ဓေ့စပ်ပွဲအတွက် ဘာလိုအပ်မယ်ဆိုတာ ထွက်လာတည်းက မင်း ခေါင်းထဲမှာ ပါလာတာပဲ .."

"ပါမလာပါဘူး .. ဘယ်သူက ပါလာတယ် ပြောမိလို့လဲ .."

www.burmeseclassic.com



မေးပုံက အသည်းယားစရာ ...၊

"ဓနစပ်ပွဲမှာ ဘာတွေ ဝတ်မယ် .. ဘယ်လိုပြင်မယ်ဆိုတဲ့ စိတ်ကူးတွေ ရှိထားရင်တော့ ဟုတ်မှာပေါ့ .. ချင်း တစ်ခါမှ စိတ်ကူးမကြည့်ဖူးဘူး .."

သူမ တမင်လုပ်နေတာမှန်း သိနေသဖြင့် ဒေါသဖြစ်ရအခက်...၊ နွှင့်လွှတ်ရခက် ...၊

အဖြူရောင် သရီးကွာတားဂျင်းပင်န်နှင့် လည်ကပ်လက်ရှည်ဆွယ်တာအဖြူလေးပေါ်မှာ မီးခိုးရောင်ဝစ္စကုတ်လေး ထပ်ဝတ်ထား၏။

ဖြန့်ချထားသည့်ဆံပင်တွေက တင်ပါးပေါ်မှာ ဝဲဖြာနေသည်။

သူမလေးကို ဘေးကကြည့်မိလို့အဲ .. ကိုယ့်ရှေ့ ရောက်သွားသည့်အခါ နောက်ကကြည့်မိလိုက်နှင့် ပြောဖို့စကားတွေကလည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျ ကျန်ရစ်၏။

လက်သုံးလုံးလောက် အဖြူရောင်ခေါင်းပတ်လေးရယ်၊ စံပယ်ပွင့်လေး တန်းလန်းကျနေသလို နားဆွဲရှည်လေးရယ်က သူ့မျက်လုံးထဲမှာ နုနုငယ်ငယ် ချစ်စဖွယ်လေးမို့ ဒီကောင်မလေး တော်တော် ကလေးဆန်ပါလားဆိုသည့် ဒေါသတွေသာ အတွင်းလှိုက်စားနေခဲ့သည်။

ဘာပြောပြော အဆင်မပြေတာတွေ ပြန်ပြောပြီး တုံ့ပြန်ဖို့ အဆင်သင့် ဖြစ်နေတာတွေ ...၊ ဘယ်အချိန်ဖြစ်ဖြစ် နူးနူးညံ့ညံ့ တစ်ခါမှ ရှိမနေခဲ့သော သူမရဲ့မျက်ဝန်းလေးတွေ ...၊

ဒီကောင်မလေးကြောင့် ခက်ပါ၏။

"ဘာမှ မစားတော့ဘူးလား .."

မုန့်ဆိုင်တွေကို ဖြတ်ကျော်လာတော့ သူပဲ မနေနိုင် မထိုင်နိုင်မေးမိပြန်သည်။

"စားမယ်လို့ ပြောမိလို့လား .."

"မဆာရင်လည်း တစ်ခုခု အအေးဖြစ်ဖြစ် .. ရေခဲမုန့်ဖြစ်ဖြစ် စား



လို့ ရတာပဲ ...၊ ပြီးမှ ဆာလာရင် ဒီထိ ပြန်တက်လာရဦးမယ် .."

"ဆာတော့လည်း ပြန်တက်ရမှာပေါ့ .. ဦးရက်မြတ်ကောင်း လည်းအချိန်ကိုတွက်ပြီး တော်တော် ရင်ပူနေပုံပဲ နော် .."

"ဘာ!..."

"မစားချင်ဘဲနဲ့ လမ်းကြုံတုန်း ဝင်စားထားလိုက်မယ်ဆိုတာမျိုး ရတတ်လို့လား ...၊ ဦးရက်မြတ်ကောင်း အဲလိုစားနေကျဆိုရင်တော့ ဝင်စားလေ .. ချင်း ထိုင်စောင့်ပေးမယ် .."

"လင်းလင်းချင်း .."

"ဟင် .."

"ကိုယ် မင်းအတွက် ပြောနေတာ .. ရွံ့ချင်တာဖြစ်ဖြစ် .. ချိတ်ချင်တာဖြစ်ဖြစ် .. မစားချင်ဘဲနဲ့ စားရ .. စားချင်တာကို မျိုသိပ်ရနဲ့ ဒုက္ခကြီးလှန်းလို့ .."

"ဟား .. ဟား ..."

ရန်ဖြစ်ဖွယ် စကားတွေပေမယ့် သူမက ဆိုင်ခန်းတွေရှေ့ ဖြတ်လျှောက်ရင်း ရယ်၏။

"အဲဒါ ရှင့်ဘာသာ စိတ်မရှည်ဖြစ်ပြီး ဒုက္ခကြီးနေတာပါ ...၊ ချင်းကတော့ ကိုယ်လုပ်ချင်တာ လုပ်နေရရင် ဘယ်လိုမှ ဒုက္ခလို့ မထင်ဘူး .."

"ပြီးရော .. ကြိုက်သလောက် သွား .. လိုက်ပေးမယ် .."

"မလိုက်ချင်လည်း ရောက်တဲ့နေရာမှာ ငုတ်တုတ်ထိုင်နေခဲ့လို့ရတယ်လေ ...၊ အဖော် မလိုပါဘူး .."

"မင်းကိုလည်း ကိုယ်က အဖော်လိုက်ပေးတာ မဟုတ်ဘူး .. စကားတွေ သိပ်များမနေနဲ့ .."

သည်းခံချင်စိတ်က ကြာလာလေ ပိန်နည်းလာမိလေ ...၊

ကြိုးသိုင်းတွေ စတီးကွင်းတွေပါသော အဖြူရောင်ဒေါက်မြင့်လေး

www.burmeseclassic.com



နှင့် အဖြူရောင်အိတ်လေး လွယ်ကာ ပါးစပ်ထဲမှာ ပီကေရှိနေတော့
နှုတ်ခမ်းများလေးက တလှုပ်လှုပ် ..။

ဆံပင်ရှည်ကြီးတွေနဲ့ပေမယ့် ဘောက်ဆတ်ဆတ် ခြေလှမ်းသွား
ဟန်နဲ့ – နှာခေါင်းလေး တရှမ်းရှမ်းနှင့် ဘယ်လိုကြည့်ကြည့် နွဲ့တာ ယဉ်တာ
တစ်စက်လေးမှ မမြင် ..။

ကြည့်ချင်တာဆို လည်ပင်းလိမ်အောင် ကြည့်သည်။ ပြီးတော့ ရှေ့
ပြန်လှည့်တာ ဆတ်ခနဲ ..။

ထိုအခါ သူမရဲ့တင်ပါးထက်မှာ ဝဲနေသည့်ဆံနွယ်တွေက လွှန့်
ခနဲ လှုပ်ခတ်နေရတာ ဣန္ဒြေမရနိုင် ..။

"ချင်း .. လမ်းဖြည်းဖြည်း လျှောက်လို့ မရဘူးလား .."

"မရဘူး .. ဒီလိုပဲ လျှောက်တတ်တာ .."

ဒီတိုင်းဖြေမှာပဲဆိုတာ သိပြီးသား ..။

သူမပုံစံနှင့် သူ့ပုံစံ ..။

ဘေးက ယှဉ်တွဲကြည့်မိတဲ့အမြင်မှာ ဘယ်လိုပုံစံတွေ ထွက်နေ
မလဲ ..။

"ခဏနေဦး .."

စိန်ဆိုင်ရှေ့မှာ သူ ရပ်လိုက်တော့ ချင်း က ရှေ့ကို လွန်သွားပြီးမှ
လှည့်ကြည့်သည်။

ပြီးတော့ ပြန်လှည့်ထွက်သွားသဖြင့် ...

"နေဦးလို့ မင်းကို ပြောနေတာ .."

မရှည်နိုင်တော့သည့်စိတ်က သူမလက်တစ်ဖက်ကို တင်းခနဲ ဖိဆွဲ
ပစ်လိုက်၏။

"အို .. ဘယ်လိုဖြစ်နေတာလဲ .."

"အဲဒီတိုင်းပဲ .."

ဆွဲထားသည့်လက်ကို မလွှတ်ဘဲ စိန်ဆိုင်ရှေ့မှာ အတူတူရပ်၍...



"လက်စွပ် ကြည့်မယ် .."

ဆိုင်ထဲကမိန်းကလေးကို ပြောတာကလည်း ပေါက်ဆတ်ဆတ်..။
မိန်းကလေးက ပြုံးပြကာ ပျာပျာသလဲ ထုတ်ပေးရှာ၏။

"စေ့စပ်လက်စွပ်လား ဟင် .. ဒီမှာ ဒီဇိုင်းသုံးမျိုး ရှိတယ် ..
ဒါလေးက ကိုရီးယားဒီဇိုင်း ..၊ ဒါက .."

"ရိုးရိုးမောင်းကွင်းပဲ လိုချင်တယ် .."

သူ့မျက်နှာနဲ့ သူ့အသံကြောင့် သူမက မျက်နှာပျက်သွားခြင်းကို
ချက်ချင်းဖျောက်၍ နောက်တစ်မျိုး ထုတ်လိုက်၏။

"မောင်းကွင်းတော့ မရှိဘူး အစ်ကို .. ဒါက လုံးချောနဲ့ သုံးလုံး
တန်းလေး .. ယိုးဒယားကွင်းလေးပဲ ..၊ မောင်းကွင်းနဲ့ သိပ်မကွာပါ
ဘူး .."

"ဒီမှာ ရှင့်ကို ဘယ်သူက လက်စွပ်ဝယ်ခိုင်းနေလို့လဲ .."

"စကားကို ယဉ်ယဉ်ကျေးကျေး ပြော .. မင်း ခိုင်းမှ ဝယ်ရအောင်
ကိုယ်က ပစ္စည်းသယ်ဖို့ မင်းနောက် လိုက်လာတာ မဟုတ်ဘူး .."

ကိုယ်က ဘေးပြောသလို သူကလည်း ဘုဂလန့် ..၊

ချင်း ထောင်းခနဲ စိတ်တိုသွားသည်။ သူက လက်စွပ်နှစ်ကွင်းထဲ
က တစ်ကွင်းကိုယူပြီး ချင်း ကို ပေး၏။

"အတော်ပဲ ထင်တယ် .. စွပ်ကြည့် .."

ချင်း မလှုပ်မယှက် ရပ်နေတော့ လက်ကို ဖျတ်ခနဲ ဆွဲယူပြီး သူ
ကိုယ်တိုင် စွပ်ပေးသည်။ ဒါပေမယ့် လက်စွပ်က ကျပ်ကျပ်သိပ်သိပ်
မဖြစ် ..။

"နည်းနည်း ချောင်နေတယ် .. ထပ်ရှိသေးလား .."

"အဲ .. တစ်စုံပဲ ရှိတော့တယ် .. အဲဒါက နှစ်ပွင့် လုံးချောကွင်းလေး
တွေ .."

"ကိုကောင်း တို့ပါလား .."

www.burmeseclassic.com



ရှတ်တရက် အေးမြစန္ဒာ ကို မြင်လိုက်ရသဖြင့် တင်းနေသည့် ကောင်း ရဲ့မျက်နှာမှာ ပြေပြေပြစ်ပြစ်ပုံစံ ချက်ချင်း ပြုံးသွားကာ ...

"စန္ဒာ တစ်ယောက်တည်းလား .."

"ဒါပေါ့ .. သူများတွေလို အတွဲမှမရှိတာ ..၊ ဆောရီး နော် ညီမလေး .."

"ရပါတယ် မမအေး ရယ် .."

ရင်းနှီးကြပေမယ့် ကောင်း ခေါ်ပုံကိုက နူးနူးညံ့ညံ့လေး 'စန္ဒာ' ဟူ၍ ဖြစ်ကာ ချင်း တို့ကတော့ 'အေး' လို့ပဲ ခေါ်နေကြ ..၊

ဒါကိုပဲ ချင်း သတိထားမိကာ သူတို့တွေ ဘယ်လောက်ထိ ရင်းနှီးခဲ့ကြသလဲဆိုတာကိုပါ တွေးမိပြီး ...

"အဲ .. မမအေး လက်ချောင်းလေးတွေက ပြည့်ပြည့်လေးတွေပဲ ..၊ ဒါဆို မမအေး နဲ့တော်မှာ သိလား .. စွပ်ကြည့်ရအောင် နော် .."

ပြောရင်း လက်ကို ဆွဲယူကာ အေး ရဲ့ လက်မှာ သူမနဲ့ ချောင်နေသည့်လက်စွပ်ကို စွပ်ချပေးလိုက်၏။

"အဲ .. မလုပ်ပါနဲ့ ချင်း ရယ် .."

အေး က လက်ကို ပြန်ရုန်းရင်း ကောင်း မျက်နှာကိုကြည့်သည်။ ကောင်း က တစ်ခုခုပြောတော့မလိုလို .. မပြောတော့ဘူးလိုလိုနှင့် တော်တော်ကြီး ပျက်ကျသွားသည့်မျက်နှာကို လက်သီးဆုပ်နဲ့ တစ်ချက်ကပ်လိုက်ပြီးမှ ပြုံးနိုင်၏။

"ကြည့်စမ်း .. အတော်ပဲ .. အံ့သြစရာကြီး .."

"ဘာတွေ ပြောနေတာလဲ ချင်း ရယ် .. ဖယ်ပါ .. ပြန်ချွတ်လိုက်ပါ .."

"စွပ်ကြည့်တာပဲ ဘာဖြစ်လဲ ပမအေး ရယ် .. ဝယ်မလို့ ရပ်နေတဲ့လူက ဒီမှာ တော်တာမတွေ့ဘူး .. မမအေး က ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး စေ့စပ်လက်စွပ်က မမအေး နဲ့ပဲ တော်နေတာ .."





"ချင်း .."

ကောင်း မျက်နှာ အနီရောင်သမ်းနေလျက် ...

"အားနာစရာကွာ .. မင်း ဘာတွေ လျှောက်ပြောနေတာလဲ .."

"ဒီမှာ ထားခဲ့ပြီ နော် .. တို့ သွားတော့မယ် .."

အေး က လက်စွပ်ကို ချွတ်ထားခဲ့ပြီး မပြေးရုံတမယ် ထွက်သွား၏။ ချင်း က ပခုံးလေးတွန့် လက်လေးခါ၍ ရယ်နေကာ ...

"အပျိုကြီးမမ ရှက်သွားပြီ .."

"ကျွတ်!..."

ကောင်း ခေါသတွေ အလိပ်လိုက် အခဲလိုက် ထွက်လျက် ... ပစ္စည်းတွေကို သေချာပြန်အစ်ခဲ့ပြီး လှည့်ထွက်လာခဲ့၏။

"မင်း တော်တော်ရိုင်းတဲ့ မိန်းကလေးပဲ .."

"ဘာဖြစ်လို့လဲ .. အဆင်ပြေနေတာကို ကျော်လွှားမြင်နေကြလို့ သိအောင် ပြတာလေ .."

"ဘာ!... မင်း ဘာပြောလိုက်တယ် .."

ဘာမှလည်း မဝယ်ဖြစ်ခဲ့ဘဲ ကားထဲရောက်မှ ရန်ဆက်ဖြစ်၏။

"မင်း ငါ့ကို စန္ဒာ နဲ့ ပြောနေတာလား .."

"ဟုတ်တယ် .. အခု သူတစ်ယောက်နဲ့ပဲ တွေ့တာ ..၊ လက်စွပ်ကလည်း သူနဲ့ပဲ တော်နေတာ .. ဘယ်သူ့ကို ပြောစရာ ရှိသေးလို့လဲ .."

"ငါတို့က မိတ်ဆွေရင်းတွေ .. မင်း စကားပြောတာ မကလက်နဲ့ .. တစ်ဖက်သားရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတာ လူယဉ်ကျေးအလုပ် ဟုတ်ဘူး .."

"ကျွန်မက ရိုင်းရတာကို ဝါသနာပါတယ် .. အဲဒါ ရှင် မသိခဲ့ဘူးဆိုရင် အခု နောက်မကျသေးဘူး နော် .. ရှင် စိတ်တိုင်းကျနိုင်မယ့် ခန့်ခန့်တည်တည် ယဉ်ယဉ်လှလှလေး ရှင့်ဘေးမှာ ရှိတယ်"

"တောက်!..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဒေါသထွက်အောင် ဆွပေးနေတာ မဟုတ်ဘူး .. ခုနေ ကျွန်မကို ပွင့်ပွင့်လင်းလင်း တိုင်ပင်လိုက်ရင် လူကြီးတွေ ဘာမှ မျက်နှာ ပျက်စရာ မလိုဘဲ .."

"မင်း တိတ်စမ်း .."

"လူကို မအော်ပါနဲ့ .."

"လင်းလင်းချင်း .."

"ဘာလဲ .."

"မင်း ငါ့ကို တခြားတစ်ယောက်နဲ့ ညားသွားစေချင်တာလား.."

"ဟုတ်တယ် .."

"စိတ်မကောင်းစရာပဲ .. ငါက မင်းကိုပဲ ယူမှာ ..၊ အခု တစ်ထိုင်တည်းမှာ လုံးဝ သေချာသွားတာက မင်းကို ရဖို့အတွက် ဘယ်လိုနည်းပဲ သုံးရ သုံးရ ရအောင် ယူမယ် .."

ချင်း မျက်လုံးတွေ စူးစူးရဲရဲဖြစ်လာခဲ့ရင်း အံကြိတ်၏။

ဆောင့်ခနဲ ထွက်လိုက်သည့် ကားကြောင့် လူက ကူရှင်မှာ ပစ်ဆောင့်သွားလျှင် ...

"လူယုတ်မာ .."





## အခန်း (၁၃)

"အား!... သေပါပြီ .."

"သေပေါ့ .. နည်းသေးတယ် .."

မီးမီး က ကားမောင်းနေရင်း မေတ္တာပို့သည်။

"အိမ်နီးနားချင်း ဒီလောက်ရင်းနှီးနေတာများ သူနဲ့ ရင်းနှီးအောင် ဆေးထိုးခံပြီး ရောရတယ်လို့ .."

"အစတုန်းက သိပ်မရင်းနှီးပါဘူးဆိုမှ နင်ကလည်း .. အမလေး!... အောင့်လိုက်တာ ဆေးကလည်း .."

ချင်း တင်ပါးလေးကို ပွတ်နေရင်း ရှုံ့မဲ့နေ၏။

"သူတို့ကလည်း အေဒီခေတ်ကလူသားတွေဟ .. တိုက်အိုတိုက်ဟောင်းကြီးကိုတောင် ရှေးခေတ်ကလက်ရာတွေ ပျက်မှာစိုးလို့တဲ့ .. နင် ကြည့်ပါလား .. ဖြည့်လိုက် ဖာလိုက်နဲ့ လုံးဝကို မပြုမပြင်ဘဲထားတာ .. သူတို့ကိုဆို နာမည်တွေတောင် သိပ်မသိကြဘူး .. အိမ်အိုကြီးက လူတွေလို့ပဲ ပြောကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ အေးမြစန္ဒာ က သိပ်တော့တုံးမယ့်ပုံ မရှိပါဘူး .."

"ဟုတ်တယ် .. လက်ထွက်ကတော့ တုံးတဲ့လက်ထွက်ပဲ .. ဒါပေမယ့် သူက ခေတ်ပညာတတ်ပဲဟ .."

"တုံးတယ်ဆိုလည်း ထုံးစံတွေ ကလနားတွေ ပိုတောင် သိကြဦးမယ် .. စည်းတွေ ဘောင်တွေလည်း ကြီးမှာပဲ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ဘာဖြစ်ရမှာလဲ .. နင်နဲ့ စေ့စပ်မယ့်လူကို .. ပြီးတော့ စေ့စပ်ပြီးမှပဲ နင် ကြိုးစားရတော့မှာ .. အဲဒီလို စေ့စပ်ပြီးသားရှိတဲ့လူကို သူက စိတ်ကူးပါ့မလား .."

"မကူးရင် ကူးအောင်လုပ်မယ် .. အခုကက သူ့ရင်ထဲမှာ ဦးရက်မြတ်ကောင်း နဲ့ ပတ်သက်တဲ့ ပျော်ဝင်နှုန်း ဘယ်လောက်ရှိလဲ သိရဖို့ပဲ .."

"အဲဒါလည်း မလွယ်ဘူး .. ကြိုက်မရှက် ငိုက်မရှက် ဆိုတဲ့စကားက ရာနှုန်းပြည့် မမှန်ဘူး မိချင်း ရဲ့ .. အရှက်သိက္ခာကို ထိန်းချုပ်ရင်းနဲ့ ဒီစိတ်နဲ့ပဲ မစားနိုင်မအိပ်နိုင်ဖြစ်ပြီး သေတဲ့အထိ မျိုသိပ်သွားတဲ့ သူကြွယ်ရဲ့သမီးတစ်ယောက် ရှေးခေတ်တုန်းက ရှိဖူးတယ် .. သူ့ရဲ့ အချစ်ဆုံး ရဲရွှေဖော်တစ်ယောက်က အဲဒီယောကျ်ားနဲ့ ချစ်ကြိုးသွယ်ဖို့အတွက် စွမ်းဆောင်ပေးပါရစေဆိုတာတောင် လက်မခံဘူး .."

"ဟုတ်လို့လား .."

"သြော် .. တကယ်ဟုတ်လို့ ပြောတာပေါ့ ..၊ ရဲရွှေဖော်ကလည်း ကြိုးစားပေးရှာပါတယ် .. အဲဒီအမျိုးသားကလည်း သူ့ရှေ့ထိ ရောက်လာသေးတယ် ..၊ ဒါပေမယ့် အဲဒီလိုရောက်လာတာကိုပဲ ပိုရှက်ပြီး ငြင်းလွှတ်လိုက်တယ် .. မကြာခင် သူလည်း သေရော .."

"တစ်မျိုးကြီးပဲ .."

"နင့်ကို ရာစုနှစ်တွေ နာမည်တွေနဲ့ သက်သေမပြနိုင်ပေမယ့်





အဲဒါ တကယ် နော် .. ငါ သေချာကို ဖတ်ခဲ့ဖူးတာ .. ကလေးအရွယ်တုန်းကဆိုတော့ မေ့တာတွေလည်း မေ့နေပြီ .."

"ဒါပေမယ့် မမအေး ကတော့ အဲဒီလောက် မျိုသိပ်မှာ မဟုတ်ဘူးလို့ ငါ ထင်တယ် ..၊ သူသာ အိုဗာဖြစ်နေအောင် အရှက်ကြီးရင် ဂျန်းရှင်းစကွဲရ်မှာ ငါ လုပ်လိုက်တဲ့အဖြစ်ကို အရမ်းစိတ်ဆိုးသွားမှာပေါ့ .."

ကားမောင်းနေရင်း လှည့်တော့ကြည့်သည်။ ဒါပေမယ့် ဘာမှမပြောသဖြင့် ...

"မဟုတ်ဘူးလား စဉ်းစားကြည့်လေ .. စေ့စပ်လက်စွပ်ကြီး ငါ သူ့ကို စွပ်ပေးလိုက်တာ .. သူလည်း ရှက်ပြီးပြေးတာ တစ်ချိုးတည်းပဲ..၊ အခုကျတော့လည်း ငါ့ကို မြင်လိုက်တာ ပြုံးရယ်ပြီး ဖက်လှဲတကင်း.."

"နင် တကယ်ကို ဦးရက်မြတ်ကောင်း ကို မလိုချင်တာလား .."

"သြော် .. ဒီလောက် သေလုအောင် ကြိုးစားနေတာကို မေးရက်တယ် .."

"နင် ယောကျ်ားမယူချင်ရုံပဲ ဆိုရင် အခု သူနဲ့ မရင်းနှီးသေးလို့ပါ ချင်း ရယ် .. တော်ကြာ ကိုယ် သဘောကျလာတော့မှ .."

"ကျဖို့ကို မရှိဘူး .. သူကလည်း သူ့ရည်ရွယ်ချက်ကို မဖြစ်မနေလုပ်ဖို့ပဲ ရှေ့တိုးတာ .. ငါကလည်း ဒါကို မရရအောင် ရှောင်မှာပဲ .."

"အဲဒါက ပိုဆိုးသွားပြီ .."

"ဘာလဲ .."

"သူတို့ အောင်မြင်ချင်နေတာက ငါတို့ လိုချင်တဲ့ သာယာမှုအပေါင်းအတွက် အကောင်းဆုံးဖြစ်ဖို့ မဟုတ်ဘူး .."

လူကြီးလေသံနဲ့ ပြောနေသည့် မီးမီး မျက်နှာကို ချင်း က လှည့်ကြည့်သည်။ ပြောတာတွေကို သဘောကျသွားတာတော့ မဟုတ်နိုင်မှန်း မီးမီး က ပြန်မကြည့်ဘဲ သိနေ၏။

ဒါပေမယ့် ပြောဖို့ရှိတာကို မရပ်နိုင်ပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူတွေက တခြားလူတွေအတွက် ဖြည့်ဆည်းဖို့ထက် သူတို့ကိုယ်သူတို့ ဖြည့်ဆည်းနိုင်ဖို့အတွက်တောင်မှ ဘယ်လောက်ရရ ဖြည့်စုံတယ်ဆိုတာ မရှိဘူး.. လုပြီးရင်း ပိုလုဖို့ .. ဆန်းပြီးရင်း ပိုဆန်းဖို့ ဒါပဲ..၊ ငါ ပြောနိုင်တာကတော့ ဖန်ဆင်းရဲ ဆီက နင် လိုချင်တာတွေ ဘာမှ မရနိုင်ဘူး .."

"ငါ့မှာလည်း ဘာတွေ လိုချင်ပါတယ်ဆိုတာ မရှိသေးဘူး .. အဲဒီတော့ အများကြီး တွေးပူမနေနဲ့ .. နောက်တစ်ခါ ဒီလူကြီးကို တစ်ခုခု လုပ်ဖို့ ကြံဖို့ ရှိရင်လည်း ငါ နဲ့ဆီ ပြေးမလာတော့ဘူး .. ဟွန်း .. မေမေ့ထက်တောင် ပိုဆိုးသေးတယ် .."

"ငါက နင့်ကို တွေးပူလို့ .."

"မပူနဲ့ဆိုမှ ပူကို ပူချင်နေတာလား .."

"နင် ထင်ရာတွေ လျှောက်မလုပ်နဲ့ နော် ချင်း .. ပြောတာ မကြိုက်ရင် နောက်တစ်ခါ အများကြီး မပြောတော့ဘူး .. ငါ မသိအောင် ဘာမှ မလုပ်နဲ့ .."

"အများကြီး မပြောတော့ဘူးဆိုတော့ နည်းနည်းတော့ ပြောဦးမယ်ပေါ့ .."

"နင် တိုင်ပင်တာကို သင့်တော်တာ မတော်တာတော့ ပြောမယ်လေ .. အရှည်ကြီး မပြောဘူးလို့ ပြောတာ .."

ချင်း က ရယ်သည်။ မီးမီး ကို သူမ ဘယ်သောအခါကမှ စိတ်မကွက်ခဲ့ဘူးတာ .. ဘယ်လောက်ထိ ခင်တွယ်ခဲ့သလဲဆိုတဲ့ သက်သေထင်သည်။

"ဟယ် .. ဟိုမှာ ကြည့်စမ်း .. အသက်ရှည်ဦးမယ် .. ဒီပုဂ္ဂိုလ်.."

"ဟင် .. ဖန်ဆင်း .."

အေးက ကားတစ်စီးကျော်မှာ ဖန်ဆင်းရဲ နဲ့ အမျိုးသမီးတစ်ယောက် ..၊





"ကားမောင်းနေတဲ့ အမျိုးသမီးကို နင် ဘယ်လို ထင်သလဲ ချင်း.."

"မသိဘူး .. အသက်ကတော့ မငယ်လောက်တော့ပါဘူး .. ဒါပေမယ့် တော်တော် ပြင်ထားတော့ .."

"အဲ့ဒါ သူ့အမေ .."

"ဟင်!... တကယ် .."

နှုတ်ခမ်းနီ ပန်းရောင်ရင့်ရင့်ရဲရဲက ပြောင်အိနေ၏။ မျက်ဝန်းတွေက အိုင်းရှဲဒိုးဖျော့ဖျော့နှင့် လင်းလက်နေကြ၏။ ဝတ်ထားတာကလည်း ပုစွန်ဆီရောင်ရင့်ရင့်နှင့် ...

"နင်က မြင်ဖူးလို့လား မီးမီး ရယ် .."

"မြင်ဖူးတာပေါ့ .. မေမေ့ဆိုင်မှာ သူက ဖောက်သည် .."

"ဖောက်သည် .."

ကားကတော့ ရဲရဲညိုညို အသစ်လေးပါ ..၊ ဒါပေမယ့် ဘယ်လ်တာလေးမို့ ချင်း စီးနေသည့်ကားနဲ့တော့ မယှဉ်သာ ..။

"ဖောက်သည် ဟုတ်လား .. နင်တို့ စိန်ဆိုင်မှာ .."

"ဖောက်သည်ဆိုတာ အငှားဖောက်သည်လို့ ပြောတာ .. ဟိုအရင် ချမ်းသာခဲ့တုန်းက အရှိန်နဲ့ ပွဲထိုင်တစ်ခုခုရှိရင် ဆိုင်မှာ လာငှားတယ်လေ .. အတုတွေနဲ့ ပွဲမတတ်ချင်လို့ တဲ့ .."

"နင်တို့က အစစ်တွေ တကယ် ငှားလိုက်တာလား .."

"အင်း စိတ်ချရတယ်လို့တော့ မေမေက ပြောတာပဲ .. ငါလည်း မသိပါဘူး .. ဆိုင်မှာ ငါ ရှိနေတုန်း သူ့သားအကြောင်း မေမေ့ကို ကြွားနေလို့ ဖန်ဆင်းရဲ အမေမှန်း သိတာ ..၊ အဟွန်း .. ရယ်ရတယ် နော် .. နင်နဲ့ပတ်သက်လာတဲ့လူတွေက ငါ သိပြီးသားလူတွေပဲ ဖြစ်နေတာ .."

"ဒါ ရယ်စရာ မဟုတ်ပါဘူး .. ကောင်းတောင် ကောင်းသေးတယ် .. ငါဖြင့် သူ အဲဒီလိုကားလေးပေါ်မှာ ပါသွားတိုင်း သူ့ကို သနား

www.burmeseclassic.com



နေတာ ..."

"ဘာ!... သနားတယ် .."

"အင်းလေ .. သူ့ဘေးမှာ ရှိတဲ့ မော်ဒယ်လ်တွေက ဒိတ်ဒိတ်ကြဲ တွေချည်းပဲ .."

"ဒါပေမယ့် သူ့လောက် ဘယ်သူမှ မချောပါဘူး .."

"အဲ့ဒါကို ပြောတာပေါ့ .. သူ့အတွက် ခေါင်းထောင်နိုင်ဖို့ ခက်ခဲနေတာက ဆင်းရဲလို့ပဲ .."

"ဘယ်လ်တာ စီးတာလည်း သူ့အမေ အကြံအဖန် ကောင်းလွန်းလို့နော် .. အစတုန်းက ဆလွန်းကား အစုတ်လေးနဲ့ .."

ချင်း က ခွဲထွက်သွားသည့် ကားဆီကို လှမ်းကြည့်နေဆဲဖြစ်ကာ...

"သူ့အမေ ပုံစံကတော့ .."

"ချောချောခန့်ခန့်လေးလို့ ပြောမလို့လား ..၊ အဲ့ဒါ အပေါ်ယံပဲ.. အတွင်းစိတ်ကတော့ အကြွားသန် ကဲ့ရဲ့သန် .."

"မီးမီး ရယ် .."

မဲ့ရွဲ့ပြောနေတာကို ကြည့်ပြီး ချင်း က ရယ်သည်။ လောလောဆယ် ကဲ့ရဲ့ထုနေတာက သူမကိုယ်တိုင် ဖြစ်နေမှန်းလည်း ဒီမိန်းမ သတိထားမိပုံ မရ ..၊

"အံမာ .. ရယ်ပုံက ငါက ကဲ့ရဲ့နေတယ်ပေါ့လေ .."

မီးမီး က ချက်ချင်း သဘောပေါက်သည်။

"သူ့သမီးနဲ့ ဒီသားကို အမြင့်ဆုံးထိ တိုးတင်ပေးဖို့ အသေအလဲ ကြိုးစားနေတာ နင် သိရဲ့လား ..၊ ရည်ရွယ်ချက်က သေးသေးနုပ်နုပ် မှတ်လို့ .."

"အေးပါ .. မှတ်ထားပါ့မယ် .. အိမ်ကို မြန်မြန်မောင်းပါတော့.. ဒီမှာ ရေနွေးဖတ်ကပ်ပြီး လိုမ့်ရဦးမယ် .. နာလှပြီ .."

"အဲ့ဒါကို အန်တီ မေးရင် ဘယ်လို ပြောမလဲ .."





"မမြင်အောင် နေမှာပေါ့ .. လွယ်လွယ်လေး .."

"ဟွန်း .. မြင်ယောင်သေးတယ် .. အန်တီ့ရှေ့ကျမှ တစ်ခုခုနဲ့ ခိုက်မိပြီး အသည်းအသန် ထအော်မှာ .."

ချင်း က မဲ့ပြီး လက်ခါပြတော့ မီးမီး က မျက်နှာမဲ့ ရယ်၏။ ပြီးမှ ...

"နင့်ကို ပြန်ပို့ပြီး ငါက ဘာနဲ့ ပြန်ရမှာလဲ .."

"မပြန်နဲ့လေ .. ညနေကျမှ ပြန်ပေါ့ .. ငါ လိုက်ပို့မယ် .."

"မေမေ ဆူလိမ့်မယ် .."

"ကျွန်မ နောက်ကို မလိုက်ခဲ့ပါနဲ့ မေမေ ဆူလိမ့်မယ် .. ကားမကောင်းတာ စီးမပြပါနဲ့ .. မေမေ ဆူလိမ့်မယ် .. ရှူးပွဲတွေ သိပ်မလျှောက်ပါနဲ့ .. မေမေ ဆူလိမ့်မယ် .."

နားဆွဲလေး ခါယမ်းနေအောင် သီချင်းဆက်ဆိုနေသဖြင့် မီးမီး ကပါ ဗရုတ်သုတ်ခတွေ လိုက်ဆိုကာ ကားထဲမှာ ဆူညံနေတော့သည်။

"ကြွားလုံးတွေ သိပ်မထုတ်ပါနဲ့ .. မေမေ ဆူလိမ့်မယ် .. ရည်းစားတွေ သိပ်မထားပါနဲ့ .. မေမေ ဆူလိမ့်မယ် .."

"ဟော့ .. ဟော့ .. အဲ့ဒါတွေ မပါဘူး .. များနေပြီ .."

"အဲသလောက်တော့ မများသေးပါဘူး .. မေမေ ဆူလိမ့်မယ်.."

နှစ်ယောက်သား ထင်တိုင်းကြဲရင်း ရယ်နေကြတာ မပြီးနိုင် ..၊ မေမေ ဆူဆူ မဆူဆူ ချင်း မျက်လုံးထဲမှာတော့ သူ့မျက်နှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မင်းမျက်နှာက ချောတယ် .. ဒါပေမယ့် မျက်လုံးတွေက အက်ရှင် သိပ်မဖြစ်ဘူး .."

"ငါတို့ ကုမ္ပဏီမှာ ပင်တိုင်မော်ဒယ်လ် ဖြစ်ဖို့အတွက် မင်း အများကြီး ကြိုးစားရဦးမှာ .. ဒါပေမယ့် ကျားကုပ်ကျားခဲလုပ်ဖို့ မဟုတ်ဘူး .. မင်းရဲ့ အနုပညာကို စိတ်ဝင်စားသလို ငါတို့ရဲ့ လုပ်ငန်း .. အဲ.. မင်း ကြော်ငြာရမယ့် ပစ္စည်းတွေအပေါ်မှာ မင်း စိတ်ဝင်စားဖို့ လိုတယ်.."

"ဟုတ်ကဲ့ .. ကျွန်တော် အစွမ်းကုန် ကြိုးစားမှာပါ .."

ဖန်ဆင်းရဲ တက်ကြွစွာ ခေါင်းညိတ်နေသည်။

ဒီလောက်ထိဆိုရင် ကိုယ့်ကို ရွေးလိုက်ပြီဆိုတာ သေချာပြီ ဖြစ်၏။





ဝါရင့် မင်းသား မင်းသမီးတွေနဲ့ ကိုယ့် တစ်ယောက်တည်း ဝါဝင်သရုပ်ဆောင်ရမည့် ပထမဆုံးကြော်ငြာမို့ အဆင်ပြေနိုင်ပြီကို သိတာနဲ့တောင် ဝမ်းသာလွန်းလို့ ရင်တွေ ခုန်နေ၏။

"အန်ကယ်လ်လေး ကျွန်တော် သူဌေးနဲ့ ဘယ်တော့ တွေ့ရမှာလဲ မသိဘူး .."

"မလိုသေးပါဘူး .. ဒီတစ်ခါ ကြော်ငြာကိစ္စကို မသေချာသေးဘဲ သူဌေးဆီ ပို့လို့ မဖြစ်ဘူး .. အဲဒီတော့ မင်းအတွက် လိုအပ်တာတွေ ဆောင်ရွက်ပေးဖို့ သူတို့ ပြန်ချိန်းလိမ့်မယ် .. ကုမ္ပဏီက ဆက်သွယ်ချက် မလာသေးခင်မှာ မင်း ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ပေါ့ .."

"ဟုတ်ကဲ့ .."

နဖူးပြင်ကျယ်ကျယ်နှင့် ခပ်ချောချော အမျိုးသားကြီးက ဘေးကလူတွေကို လှည့်ကြည့်၍ ...

"သူ့ကို ပရော်ဒက်ထ် မန်နေဂျာနဲ့ ခဏ တွေ့ပေးမှ ထင်တယ်.. ဒီကုမ္ပဏီက ထုတ်ကုန်ပစ္စည်းတွေနဲ့ .. ဆားဗစ်နဲ့ ပတ်သက်တာတွေ နည်းနည်းတော့ တီးမိခေါက်မိ ရှိသွားတာပေါ့ .."

"ဒါ မလိုသေးဘူး ထင်တယ် ဆရာ .. ဒါရိုက်တာက လိုအပ်ရင် ပြောမှာပါ .."

"ဟုတ်ပေမယ့် ဒီတစ်ခါ ဒါရိုက်တာနဲ့ လုံးဝ လွှဲထားလို့ မရဘူး ..၊ ကိုယ်တိုင် ပြင် .. ကိုယ်တိုင်ကြည့်မှ ဖြစ်မယ် .. သူဌေးရှေ့ရောက်မှ လိုအပ်ချက်ပေါ်လာရင် တစ်ခါက နှစ်ခါဆို မကောင်းတော့ဘူး .."

သူတို့ တိုင်ပင်နေကြသည့် အခြေအနေကို ကြားလိုက်တာနှင့် ကြော်ငြာကိစ္စအတွက် သူတို့ တော်တော် ဂရုစိုက်နေကြမှန်း ဖန်ဆင်းရဲ သိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရောက်လာတော့ ကားဆီ မရောက်ခင် ဖုန်းဝင်လာကာ...

"သားငယ် .. အဆင်ပြေလား .."

"ပြေတယ် မာမီ .. သေချာတယ် .. ရဲ နဲ့ပဲ သူတို့ ရိုက်မှာ .."

"အေး .. အဲ့ဒါကို မာမီက စိတ်ပူနေတာ .. မာမီ့မိတ်ဆွေတစ်ယောက်က ပြောတာတော့ အဲဒီကုမ္ပဏီမှာ ဥက္ကဋ္ဌအပြောင်းအလဲ ဖြစ်သွားတာ မကြာသေးဘူးတဲ့ ..၊ အခု သူဌေးက ခပ်ငယ်ငယ်ပဲတဲ့ .."

"ဟုတ်လား .. ရဲ က သူဌေးနဲ့ မတွေ့ခဲ့ရဘူး .."

"အေး .. သူတို့က မင်းသား မင်းသမီးကြီးတွေနဲ့ အကြီးအကျယ် ရိုက်ပြီးသား ..၊ အဲ့ဒါကို သူဌေးက မကြိုက်လို့ မော်ဒယ်လ်တစ်ယောက်နဲ့ တွဲပြီး ပြန်ရိုက်ဖို့ လုပ်ရတာ .."

"ကောင်းတာပေါ့ .. ရဲ ကလည်း အဲဒီလို တစ်ယောက်တည်း အစွမ်းပြချင်တာ .."

"အေးပါ.. သား.. အဲဒီသူဌေးနဲ့ မတွေ့ခဲ့ရသေးတာလည်း ကောင်းပါတယ် .."

"ဘာဖြစ်လို့လဲ မာမီ .. ရဲ က တွေ့ချင်နေတာ .."

"သူဌေးက လူငယ်ဆိုတော့ .. ပြီးတော့ တော်တော်လည်း တိကျပုံပဲ ..၊ သားကို မေးမြန်း အကဲစမ်းတာတွေမှာ သဘောမကျစရာ တွေ့သွားမှာ စိုးလို့ .."

ကားထဲ ဝင်ထိုင်လိုက်ရင်း ဖန်ဆင်းရဲ က ရယ်သည်။

"ဘာမှ မမေးပါဘူး မာမီရာ .. ရဲ က ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ အင်တာဗျူး သာဖြေတာမှ မဟုတ်တာ .. ရဲ ဆိုတဲ့ မော်ဒယ်လ် ဘယ်လောက်ချောတယ်ဆိုတာ သေချာမြင်ရင် သေချာ ကြိုက်သွားမှာပါ .. ဟွန်း .."

မာမီ့ကို ပြောပြီး ရယ်နေသည့်မျက်နှာက ကားမောင်းထွက်ခဲ့တာတောင် ပြုံးကြည်နေဆဲ ..၊





သူ အားအိကို မျက်လုံးရောက်သွားမိစဉ် မီးခိုးရောင်ကားလေးနှင့် မီးမီး ကို မြင်လိုက်ကာ ...

"တီ .."

ဟွန်းတီးပြီး ကားကို ရပ်လိုက်သဖြင့် မီးမီး က သူ ဆင်းလာတာကို ကြည့်နေ၏။

"ကား ဘာဖြစ်လို့လဲ .."

"ဘာဖြစ်သွားမှန်း မသိဘူး .. ဘရိတ်နင်းလိုက်လည်း အသံမြည်တယ် .. စက်ဘီးယာရင် ဆွဲရတာလည်း အရမ်းလေးနေလို့ .. မမောင်းရဲတော့တာနဲ့ .."

"အဲ့ဒါ ကျွန်တော်လည်း မကြည့်တတ်ဘူး .. တစ်ခုခု ကူညီပေးဖို့ လိုရင် ပြောလေ .. ဘာလုပ်ပေးရမလဲ .."

"အိမ်ကို ဖုန်းဆက်ထားတယ် .. ကျေးဇူးပဲ .."

ဖန်ဆင်းရဲ က ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရင်း ...

"လမ်းဘေးမှာ တစ်ယောက်တည်း မကောင်းဘူး ထင်တယ် .. ကျွန်တော် နေပေးဖို့ လိုသေးလား .."

"ဟွန်း .. ရပါတယ် .. ကိုဖန်ဆင်းရဲ မှာလည်း အလုပ်ရှုပ်နေမှာပေါ့ .."

"မရှုပ်ပါဘူး .. ခုပဲ အိုင်တီကုမ္ပဏီတစ်ခုနဲ့ ကြော်ငြာရိုက်ဖို့ကိစ္စ ပြောလာခဲ့တာ .."

"ဟုတ်လား .. အဆင်ပြေလာခဲ့တဲ့ ပုံပဲ .."

"ပြေတယ်ပဲ ပြောပါတော့ .. သူဌေးနဲ့တော့ မတွေ့ရသေးဘူး..၊ ဘာဖြစ်ဖြစ် KET က ကုမ္ပဏီကြီးပဲလေ .. သူတို့က ကမ်းလှမ်းလာတယ်ဆိုတာ ကျွန်တော့်လို မအောင်မြင်သေးတဲ့ မော်ဒယ်လ်တစ်ယောက်အတွက် အခွင့်ကောင်းတစ်ရပ်ပဲ .."

"သော် .. အင်းပေါ့ .. ဒါနဲ့ ကိုဖန်ဆင်းရဲ က .."



www.burmeseclassic.com

www.burmeseclassic.com



"ရဲ လို့ပဲ တရင်းတနှီး ခေါ်ပါဗျာ .. ရွယ်တူ ဘွဲ့ပဲဟာ .. တချို့ကတော့ ဖန်ဆင်း လို့လည်း ခေါ်ကြတယ် .. ဒါပေမယ့် ရဲ ဆိုတာက အလွယ်တကူ ရင်းနှီးလို့ ကောင်းတယ် မဟုတ်ဘူးလား .."

မိတ်ကပ်ရောင် အကောင်းစားဘရန်းနှင့် စပို့ရှပ်က ဖန်ဆင်းရဲ၏ မျက်နှာကို နူးမွတ်ချောမွေ့နေစေကာ နှုတ်ခမ်းသားလေးတွေ ရဲနေတာနှင့် တော်တော် အဆင်ပြေသည်။

အရပ်က မြင့်မြင့်မားမားရှိလျက် မော်ဒယ်လ်ပီပီ သွားလာပုံက စမတ်ကျ၏။

ဒါတွေကြောင့် ချင်း ဆိုတဲ့မိန်းမ ဖန်ဆင်း ဆိုရင် ခေါင်းထောင်သွားတတ်တာ ဘယ်လို ချိုးနှိမ်နိုင်းလို့မှ မရ ..၊

"ဟုတ်ပါပြီ .. ဒါဆို တို့ကိုလည်း မီးမီး လို့ပဲ ခေါ်ပါ .."

"အိုခေ .. ကျေးဇူးပဲ .."

"ဒါနဲ့ KET က သူ့ဒွေးကို အစက မြင်ဖူးခဲ့သေးလား .."

"မမြင်ဖူးပါဘူး .. ကိုယ်နဲ့က တစ်လိုင်းစီပဲလေ .. အသက်ငယ်ငယ်ပဲလို့ ကြားတယ် .. တော်လည်း တော်တယ်တဲ့ ..၊ စီအီးအိုနဲ့ မန်နေဂျာတွေက သူ့ကို တော်တော် လန့်နေပုံပဲ .."

"အဟွန်း .."

အဲ့ဒီလူက 'ရက်မြတ်ကောင်း'လို့ ခေါ်တယ် .. ရှင့်ကို သဘောတွေကျပြီး အယူလွဲနေတဲ့ လင်းလင်းချင်း ဆိုတဲ့မိန်းမရဲ့ ခင်ပွန်းလောင်း..၊

ကျကျနန ပြောပြလိုက်ချင်သေးသည်။ ဒါပေမယ့် အမေးရှိမှ အဖြေရှိရမှာမို့ ...

"အင်း .. တိုက်ဆိုင်လိုက်တာ နော် .."

"ဟင်!... ဘာဖြစ်လို့လဲ .."

"ဩော် .. ဟို ..."

ကိုယ့်ဘာသာ လွှတ်ခနဲ ပြောမိပြီးမှ မီးမီး က ခေါင်းခါ၍ ...





"ဒီလိုပါ .. ယူ့ အောင်မြင်ဖို့အတွက် ဖြစ်လာသလိုပဲလေ .. KET က နာမည်ကြီးကုမ္ပဏီတစ်ခုပဲ.. ဒါပေမယ့် ကြော်ငြာကိစ္စကို ခုမှ ကြားဖူးတာ .. မော်ဒယ်လ်ကလည်း ရဲ ဖြစ်နေတော့ အခြေအနေ အချိန်အခါတွေက တိုက်ဆိုင်လာတာ မဟုတ်ဘူးလား .."

"ဟား .. ဟား ..."

ခေါင်းတွေ ညိတ်ရင်း ရယ်နေသည့် ရဲ ပုံစံက တော်တော်ကြီး ဘဝင်မြွေ့နေပုံပါ ..၊

သူမကတော့ သက်ပြင်းချမိ၏။

ချင်း ဆိုတဲ့ မိန်းမ ဘယ်တော့မှ သဘောပေါက်မှာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ရော့ .. ဒါက သားအတွက် .."

"ဒါက သမီးလေးအတွက် နော် .. သားက စွပ်ပေးလိုက် .."

စေ့စပ်လက်စွပ်တွေကို ဒေါ်သက်သက် နဲ့ ဒေါ်သူဇာလင်း တို့ကပဲ ဘူးလေးတွေ ဖွင့်၍ ချထားပေးကြကာ ...

"ဒါက စုံတွဲလေး အပ်ရမှာပေမယ့် မေမေတို့က သားတို့ သမီးတို့အတွက် ကိုယ့်ဘာသာ စိတ်ကူးလေးနဲ့ ကိုယ်တိုင် ဆင်ချင်လို့ .. ပုံစံတူပေမယ့် ခွဲအပ်ခဲ့ကြတာ .."

ဒေါ်သက်သက် က ချင်း မျက်နှာလေးကို ချစ်စနိုးကြည့်ရင်း ပြောပြနေသည်။ သခွားရောင်နုနု ပြောင်အိအိဝတ်စုံလေးက ပုလဲသီးလေးတွေ ဖောက်၍ ဆန်းဆန်းပြားပြားလေး ဖြစ်နေတာ ချင်း ရဲ့ကိုယ်ပေါ်မှာ ကြည့်လို့မဝအောင် လှနေသည်။

ဆံပင်ရှည်တွေကို အကျီနဲ့ တစ်ရောင်တည်း တူသော ပဝါစလေးနှင့် နောက်ကနေ သိမ်းကာ ဆားတစောင်းလေးမှာ ပန်းပွင့်လေး လုပ်၍ ပတ်ချည်ထား၏။





ပါးပြင်လေးတွေက ပန်းနုရောင် သမ်းနေသည်။ နှုတ်ခမ်းသားလေးတွေက ပုလဲရောင် ခလျက် .. မျက်ခုံးထူထူလေးတွေ ထင်းနေ၏။

လင်းလင်းချင်း ဆိုသည့် မိန်းမလှလေးဟာ မျက်ခုံးထူထူလေးတွေနှင့် တိုစိပ်စိပ် မျက်တောင်ကော့တို့ကြောင့် သူမတူသောအလှကို ပိုင်ဆိုင်ထားခဲ့သည်လား မသိ ...။

သူမလေးသည် တစိမ့်စိမ့်ကြည့်လေ ချစ်စရာကောင်းနေလေ ...၊

ချင်း ကို စူးစိုက်ကြည့်၍ ဒေါ်သက်သက်မာ က ပြုံးနေကာ ...

"သမီးလေးက ကြည့်လေ ချစ်စရာကောင်းလေပဲ .. သားကြီးနဲ့ အမြန်ဆုံး လက်ထပ်ပြီးရင်တော့ ပဲခူးကို ခဏခဏ ခေါ်သွားမှာနော်.."

စကားတို့သည် ဒေါ်သူဇာလင်း တို့ဆီ ဦးတည်သွားခဲ့လျက် ...

"ကျွန်မတို့လည်း ဆိုင်သွားပြီဆိုတော့ ပြီးကျမှ ခဏခဏ ခေါ်မသွားပါနဲ့လို့ မတားနဲ့ .. ဒါပဲ .."

"မပြောပါဘူး မသက် ရယ် .. သဘောရှိပါ .. အပွန်း .. ပွန်း.."

ကိုယ့်သမီးလေးကို ချစ်နေတာမို့ ဒေါ်သူဇာလင်း ကတော့ ကျေနပ်ပီတိတွေ ဖြစ်နေခဲ့၏။ အဖေတွေကတော့ သူငယ်ချင်းတွေပဲမို့ သားရေးသမီးရေးအတွက် ဘာမှ ပြောစရာ မရှိပါ ...။

"ကဲ .. ကဲ .. ကလေးတွေလည်း တစ်ညနေလုံး ပင်ပန်းနေကြတာ နားချင်မှာပေါ့ .."

ဦးစောနောင် ကပဲ စကားစလိုက်ကာ ...

"သားက သမီးကို လက်စွပ်လေး ဝတ်ပေးလိုက် .."

တစ်နေရာစီ ထိုင်နေကြတာမို့ ချင်း နဲ့ ကောင်း မျက်လုံးချင်းဆုံသွားသည်။ တကယ်ဆို လက်စွပ်ကိစ္စကို သူ ဟိုနေ့က ဝယ်လာလိုက်ရင် ပြီးပြီ ...၊

ခုတော့ လူကြီးတွေက သူတို့ကို မေးပြီးမှ ပြေးလွှား စီစဉ်ကြရတာဖြစ်၏။ ဒီလက်စွပ်ကို သူမ အလွယ်တကူ လက်ခံချင်မှ မဟုတ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကြောင့် သူ ကြုံသိနေခဲ့သဖြင့် ဝန်လေးနေမိသည်။

လူကြီးတွေရှေ့မှာ သိသာအောင် မျက်နှာပျက်နေတာလည်း မဖြစ်ချင်သဖြင့် နေရာမှ ထကာ သူမနားထိ လျှောက်သွားခဲ့ပြီး ဘေးမှာ ထိုင်လိုက်သည်။

အိမ်မှာ ကိုယ့်မိသားစုတွေချည်း ရှိတော့တာမို့ အားလုံးက ကျေနပ်ပြုံးနှင့် တိတ်ဆိတ်စွာ ကြည့်နေခဲ့ကြ၏။

သူ လက်စွပ်ကိုင်ပြီး ထိုင်လိုက်ပေမယ့် ချင်း က လက်ကို အလိုက်သင့် မပေးဘဲ ဆုပ်မလို .. ဖြန့်မလို .. ဇွက်ပဲ ဇွက်တော့မလိုနှင့် ...

"သမီးက လက်ပေးလိုက်လေ .."

ဒေါ်သူဇာလင်း မျက်နှာပျက်ပါပြီ ...၊

ဖွင့်ပြောလိုက်တာတောင် ချင်း က ပေကပ်ကပ်လေး လုပ်နေသဖြင့် ကောင်း က လက်ခုံနုနုလေးကို သူ့ဘာသာ ဆွဲယူလိုက်၏။

ပြီးတော့ ပခုံးချင်း ကပ်လိုက်သလိုလို ကပ်ပြီး မသိမသာ ငုံ့၍...

"ပြီးရင် ကြိုက်တဲ့နေရာ သွားလွှင့်ပစ်လိုက်.. လူကြီးတွေကို ဒုက္ခမပေးနဲ့ .."

အံမာ ...၊

လက်ကို ပိုင်စိုးပိုင်နင်းဆွဲပြီး လက်စွပ်ကို စွပ်ချပေးသည်။ ပြီးတော့ ပြောပုံက သူကပဲ သားလိမ္မာ ...၊

"ရော့ .. မြန်မြန် လုပ် .."

သူက ကျန်သည့် လက်စွပ်ဘူးကို ယူပြီး ချင်း လက်ထဲ ထည့်ပေးကာ နှာရှိုံ့ငုံ့ကြည့်ရင်း ...

"တစ်နေကုန် ဘာမှမှ မလုပ်ရသေးတာ.. အလုပ်တွေက စုပုံ ထပ်နေပြီ .."

လက်စွပ်ဝတ်နိုင်းတာကို ပြီးစလွယ် လုပ်ပစ်နိုင်းသလို သူ့မှာပဲ မအားမလပ်နိုင် ...၊





"ဟုတ်သားပဲ .. သမီးက ဝတ်ပေးလိုက်လေကွယ် .."

"ပေးမှာပေါ့ .. လက်စွပ်လဲဝတ်တာလေးတောင် အချိန်မပေးဘဲနဲ့ ဇေ့စပ်ပွဲ ဘာလို့ လုပ်နေသေးလဲ .."

"ဟဲ့ .."

"အိုကွယ် .."

"သူ့ကို ပြောတာပါ .. အန်တီသက် တို့ကို မဟုတ်ဘူး .."

လူကြီးတွေကို တောင်းပန်ပြီး ကောင်း ကို နှာခေါင်းလေးရှုံ့၍ မဲ့သည်။ ဒေါ်သက်သက် မျက်နှာပျက်သွားပြီးမှ ချင်း ရဲ့ပုံစံလေးကြောင့် တဖြည်းဖြည်း ပြုံးလာ၏။

သူမလေးဟာ လူတွေကို 'ဟင် ..' ခနဲ 'ဟာ ..'ခနဲ ဖြစ်သွားလောက်အောင် အံ့သြခြင်းတွေ ပေးတတ်သလောက် ဒေါသထွက်လို့ မရအောင်လည်း ချစ်ဖို့ ကောင်းနေတတ်၏။

"မအားရင် သွားလေ .. နောက်မှ .."

"လင်းလင်းချင်း .."

သူ့မျက်နှာ ညိုပုတ်လာတာကို ရယ်ချင်သလိုလေး ရှုံ့မဲ့ကြည့်မိကာ ...

"ရှင်ပဲ မအားလပ်ပါဘူး ပြောပြီးတော့ .."

သူမက လက်စွပ်ဘူးကို ဖွင့်၍ သေချာ ထုတ်ကြည့်ပြီး ...

"ဒါမျိုးက ပြီးစလွယ် ပွဲသိမ်းလိုက်ရတာမျိုး မဟုတ်ဘူး .."

"သမီး .."

"အမေကလည်း ချင်း က မိန်းကလေးပဲဟာ .. ကိုယ့်အတွက် အထိမ်းအမှတ်ပွဲမျိုးကို ပြီးပြီးရော လုပ်လို့ ရမလား .."

ဒေါ်သူဇာလင်း လူကြီးတွေမျက်နှာကို အားနာစွာ ကြည့်မိ၏။ ဦးဆောနောင် နားမလည်သလို ဖြစ်နေပေမယ့် ဒေါ်သက်သက် က ပြုံးလျက် ရှိနေဆဲ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြောတာ မှန်တာပဲ မသူဇာ ကလည်း .. ဘယ်လောက်ပဲ မအားပါစေ ဒီလိုနေ့မှာတော့ သားက မအားတဲ့စကားတွေ မပြောသင့်ဘူးလေ .."

"ဆောရီးပါ အန်တီ .."

သူ တကယ် မှားသွားတာမို့ ဆံပင်တစ်ချက် သပ်ရင်း တောင်းပန်မိကာ ချင်း ကိုတော့ မျက်တောင်ဖျားတွေ မေးစဉ်းထားသည့်အောက်က ခပ်ချဉ်ချဉ်အကြည့်တွေနှင့် ...

"အဲဒီလို တောင့်တောင့်တတ စိတ်ကူးတွေ ယဉ်ချင်တာဆိုရင် ရပါတယ် .. ကိုယ် တစ်ညလုံး ထိုင်နေပေးမယ် .."

နှုတ်ခမ်းတို့သည် ချစ်စနိုး ပြုံးနေသည် ထင်ရပေမယ့် ချင်း မျက်လွှာပင့်ကြည့်လိုက်တဲ့အချိန်မှာ သူ့မျက်လုံးက မီးပွင့်မီးပွားတွေ ကိုယ့်ဆီကို စဉ်ထွက်လာမလား အောက်မေ့ရလျက် ...

"ဟွန်း .. ကျေးဇူးပဲ .."

လက်စွပ်လေးကို ဘူးထဲ ပြန်ထည့်၍ ချထားလိုက်ကာ ...

"ရေသောက်ချင်လို့ .."

ဆိုပြီး ထထွက်ခဲ့၏။

အဲ့ဒါ မှတ်ထား ...။





## အခန်း (၁၆)

"ဟား .. ဟား .. ဟား ..."

"ဘာတွေ သဘောကျစရာ ပါလို့လဲ .."

လင်းထွန်း က ရေခဲညှပ် ကိုင်ထားသည့် သူ့လက်က လက်စွပ်ကို ကြည့်၍ ရယ်လို့ မပြီးနိုင် ...။

"ရက်မြတ်ကောင်း .. ရက်မြတ်ကောင်း .."

"ဘာလဲ .. ငါ မသေသေးဘူး .. အမွေခွဲချင်လို့လား .."

"မခွဲပါဘူးကွာ .. မင်း ဒီလောက်ထိ ချမ်းသာလာအောင် ဘယ်လောက် ရုန်းကန် ကြိုးစားခဲ့ရသလဲဆိုတာ ငါ့ထက် ပိုသိတဲ့လူတောင် ငါ့လောက် သိမှာ မဟုတ်ဘူး .. ဟား .. ဟား .. ဟား ..."

ပြောရင်း ရယ်နေကာ ...

"မင်း ဘဝအမောတွေ ပြေဖို့အတွက် မင်း ရွေးခဲ့တဲ့ ခင်ပျိုမဒီက ဘယ်လိုလဲ .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



"လက်စွပ်လေး ဝတ်ခွင့်ရလာတာ ကံကောင်းလို့ပါလား .."

ဝီစကီကို ဖန်ခွက်ထဲ လောင်းထည့်ရင်း ရေခဲတုံးလေးတွေနဲ့ လုံးထွေးသွားသည့်အဖြစ်ကို အဓိပ္ပာယ်မဲ့ ကြည့်မိ၏။

မြင်နေတာက လင်းလင်းချင်း ရဲ့မျက်နှာ ...

"ငါ ရွေးတာ မဟုတ်ဘူး .. မေမေငယ် တို့ စီစဉ်တာ .."

"ဒါဆို မင်းက .."

"ငါ စိတ်ဝင်စားပါတယ် .."

"စိတ်ညစ်လာတဲ့အခါ မင်း ရှန်းထွက်ဖို့ မလွယ်ဘူးနော် .. ခွေးကောင် .."

"ဘာလဲ .. မင်းပဲ ဝမ်းပမ်းတသာ ဟားတိုက်ရယ်နေပြီးတော့.."

"ဝမ်းသာတာ မဟုတ်ဘူး အဲ့ဒါ .. မင်းကို ရယ်ချင်တာ .. တစ်သက်လုံး ဘယ်မိန်းမကိုမှ လည်ပင်းရှည်အောင် လှည့်မကြည့်ခဲ့ဘဲနဲ့ လက်ထပ်ဖို့ စိတ်ကူးတော့ ချာတိတ်မလေး နဲ့ .."

"ဒီလောက်တော့ မဟုတ်ပါဘူး .. တွက်ကြည့်ရင် ရှစ်နှစ်နီးပါးလောက်ပဲ ကွာတာ .."

"ဟ .. အဲ့ဒါလည်း ခုခေတ်မှာ အန်ကယ်လ်လေး ခေါ်လို့ ရနေပြီ.. ကောင်မလေးက မင်းကို လုံးဝ မကြည့်တာ အဲဒါကြောင့်လားမှ မသိတာ .."

"မသိဘူး .."

"ဒီမှာ ကောင်း .."

သူ ကိုင်လိုက်သည့် ဝီစကီကို ဖန်ခွက်မကြွအောင် လင်းထွန်းက လှမ်းဖိထားလိုက်ကာ ...

"ငါ မင်းကို ပြောချင်တာက အဲဒီ ချာတိတ်လေးကို မင်း လွှတ်လိုက်တော့ .."

"ဘာလို့ လွှတ်ရမှာလဲ .."





"ဟား .. မင်းကွာ .. ကိုယ့်မှာ ဒီလောက် ရွေးရခက်အောင် ဓေါသောနေတာ .. ကိုယ့်ကိုမှ မကြည်တာ ဘာလုပ်ဖို့လဲ ... အိမ်ထောင်ပြုသင့်ပြီဆိုတဲ့ အရွယ်ကျမှ မင်း ဒါတွေကို စဉ်းစားခဲ့တာ .. ပညာရုံ .. ဥစ္စာကြွယ်လို့ ကြင်ရာစုံတဲ့အချိန်မှာ လုံးဝ အေးဆေး ဖြစ်ရမှာလေ .."

"ဘာလဲ .. အေးဆေး .."

"အလုပ်လုပ်မယ် .. ပြန်လာရင် အမောပြေလေးနဲ့ ချွေးသိပ်မယ်.. ဒါပဲ လိုတာလေ .. မင်း ဒါလေးကို ယူပြီး ဆယ့်ခြောက်နှစ်သားလေးလို ရည်းစား ပြန်ထားဖို့ အချိန်ပေးနိုင်ဦးမှာလား .."

"လင်းထွန်း .."

"ဘာလဲ .."

ကောင်း က စားပွဲပေါ်မှာ လက်တစ်ဖက်တင်ရင်း ပြုံးနေလျက်..

"မင်းက ငါ အသက်ကြီးတာကို ကဲ့ရဲ့နေတာလား ... သူ့အသက်ငယ်တာကိုလား .."

"တစ်ခုမှ မဟုတ်ဘူး .."

သူ့ကျတော့ ရေခဲမစပ် ဘာမစပ်နှင့် ဝီစကီကို ဒီတိုင်း ထည့်ပြီး တစ်ခါတည်း မော့၏။

ဖန်ခွက်ကို ပြန်ချပြီးမှ ...

"သူ့ကိုလည်း မဝေဖန်ဘူး .. မင်းကိုလည်း မကဲ့ရဲ့ဘူး .. ဒါပေမယ့် မင်းနဲ့ သူ ရောထွေးမယ်ဆိုရင်တော့ ပြောစရာတွေ ရှိလာမှာပဲ .. ငါက ကြိုပြောပြတာ .."

"မပြောနဲ့တော့ .."

"ဟော့ကောင် .. မင်း ပေါ့တော့တော့ မလုပ်နဲ့နော် .. ဒါက အိမ်ထောင်ရေး .."

"မင်း တစ်ခုလပ် ဖြစ်နေရတဲ့ အကြောင်းရင်းက မိဘတွေချင်း မာနပြိုင် အနိုင်လုပြီး လေးလေးမြင့် က မိဘဘက် ပါသွားလို့လေ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက အချစ်စစ် မဟုတ်လို့ ယိမ်းယိုင်သွားတာ .."

"ဘာဖြစ်ဖြစ် မင်းတို့ အဲဒီလို ဖြစ်တိုင်း ငါက ဖြစ်စရာလား .."

"မင်းတို့က ချစ်သူတွေတောင် ဟုတ်လို့လားကွ .. မိန်းကလေးတွေက အသက်ကြီးတဲ့ယောကျ်ားကိုဆို သိပ်အနိုင်လိုချင်တာ.. လေးလေးနဲ့ လက်မထပ်ခင် နှယ်နီလင်း နဲ့ ငါ ချစ်ခဲ့တုန်းက မင်း သိပါတယ်.."

"အဲဒါ ဘာဖြစ်လဲ .."

"အရမ်းဆိုးတာမှ လုံးဝ သည်းမခံနိုင်ဘူး .. ဒါတောင်မှ ချစ်သူတွေပဲ ရှိသေးတာ .. ပြီးတော့ ငါးနှစ်လေးပဲ ကွာတာကို ငါ့ကို သူက ဦး တဲ့ .."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ .. ငါကတော့ ကိုယ့်စိတ်ကို နိုင်တယ် .. အဆုံးစွန်ထိ သည်းခံကြည့်လိုက်တာ မရလို့ ရောက်တဲ့နေရာမှာပဲ ရပ်ထားလိုက်မယ် .."

"ဘယ်လောက်ရလဲ .."

"ရရ မရရ ငါ ဆုံးဖြတ်ရဲတယ်လေ .."

"ငါက မင်းမှ မဟုတ်တာ .."

"မင်းက ကောင်မလေးကို ရင်ခုန်နေပြီလား .."

"မသိဘူး .."

"ဟား .. ဒါနဲ့မျှားကွာ .."

"စေ့စပ်ပြီးနေပြီ .. မင်းက ဘာလို့ အသည်းအသန် ဖျက်နေတာလဲ .."

"စေ့စပ်တာ လက်ထပ်တာမှ မဟုတ်တာကွာ .. မင်း စဉ်းစားစမ်းပါ ... ကိုယ့်ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေမှာ သာသာယာယာ မိမ်ကျကျနေလို့ ရရဲ့သားနဲ့ ဒီချာတိတ်မလေးကို ယူပြီး ဘယ်အချိန်ထိ ချော့မော့ခေါ်မှာလဲ .. မင်း ဘယ်လောက်ထိ စိတ်ရှည်မှာလဲ .."





"ပေါင်းကြည့်မှ သိမှာပေါ့ .."

သူကသာ အပူလုံး ကြွနေရလျက် ကောင်း က အေးဆေး ...

လင်းထွန်း ပြောနေရင်း အားမလို အားမရတွေ ဖြစ်နေရကာ ...

"မင်း ဘယ်လောက် ချမ်းသာနေပြီလဲဆိုတာ မင်းမိဘတွေတောင် သေချာ သိရဲ့လား .."

"အဲဒါ ဘာဖြစ်လဲ .."

"ပြည့်စုံ ပိုမိုတာထက် အများကြီး ပိုနေပြီလေ .. မင်းကို စီးပွားဥစ္စာတင်မကဘဲ အဖက်ဖက်က ပြည့်စုံစေချင်လို့ ပြောနေတာ .. အခု မင်းပြောပုံအရဆိုရင် ကောင်မလေးက မင်းကို နည်းနည်းလေးမှ မေတ္တာသက်ဝင်မှု မရှိဘဲနဲ့ .."

"အဲဒါကိုက စိတ်ဝင်စားစရာပဲ လင်းထွန်း .. ငါ့မှာ ပြည့်စုံနေပြီဆိုရင်တောင် လိုနေတာက အချစ်ပဲ .. မိန်းမတစ်ယောက် မဟုတ်ဘူး.."

ဒီလိုကျတော့ ကောင်း ရဲ့ မျက်ဝန်းတွေက တည်ငြိမ် စူးရှနေ၏။ ဝီစကီတစ်ကျိုက် မော့လိုက် .. ပြန်ချပြီး ဆက်ပြောလိုက်နှင့် ...

"အမောပြေဖို့အတွက်နဲ့ မိန်းမတစ်ယောက် ကောက်ယူဖို့ မလိုပါဘူး .. အလွယ်တကူ ရလာတာတွေကို ငါ စိတ်မဝင်စားတတ်တာလည်း မင်း သိသားပဲ .."

"ဒါပေမယ့်ကွာ .."

"ချင်း က ချစ်စရာ ကောင်းတယ် .. ငါ သူ့ကို ထိတွေ့မိလို့ ရင်ခုန်သွားတာမျိုး .."

"ဘာ!... မင်းပြောတော့ မသိဘူး ဆို.. ရင်ခုန်နေရင် ချစ်လို့ပေါ့ကွ"

"ငါ သိထားတာကတော့ ရင်ခုန်သံတွေ အများကြီးပဲ .. ရင်ခုန်သံဖြစ်လာတိုင်း အချစ်လို့ သတ်မှတ်တာ မှားတယ် .."

"နေပါဦး .. သူ့အသားလေးနဲ့ အမှတ်တမဲ့ ထိမိ ကြမိတာလေးကိုပဲ မင်းက ရင်ခုန်သွားတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့နှုတ်ခမ်းကို ငါ နမ်းဖူးတယ် .."

"ဟမ်!..."

နှုတ်ခမ်းနား ရောက်နေသည့် ဖန်ခွက်ကို ပြန်ချကာ လင်းထွန်းရဲ့လက်က ရေရှူသုပ်ဆီ ရောက်သွား၏။ ဒါပေမယ့် ဟိုယောင်ဒီယောင် ဖြစ်တာမျိုး ...၊

"မင်းက ဖွတ်ကြီးလား .."

ကောင်း က ရယ်ပြီး ပထမဆုံး မြင်ဖူးသည့်နေ့က အဖြစ်ကို ပြောပြသည်။

"ချာတိတ်က မြန်မာဝတ်စုံလေးနဲ့လည်း လှတယ် .. ဘောင်းဘီတိုလေး ဝတ်ထားတာလည်း ကြည့်ကောင်းတယ် .. ဆံပင်ရှည်တွေနဲ့ ဆန့်ကျင်ပြီး ဘယ်လို ဝတ်ထားထား .. ဘယ်လောက် ကလေးဆန်ဆန် အရမ်း ချစ်ဖို့ကောင်းတာ .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လဲ .."

"ငါ့ကားရှေ့မှာ လဲလို့ တွဲထူပေးခဲ့တုန်းက ငါ လက်ထပ်ရမယ့် ကောင်မလေးမှန်း လုံးဝ မသိဘူး .. သူ့ကို လိုက်ပို့ပေးပြီးတဲ့အထိ မသိဘူး .. ဒါပေမယ့် ငါ သူ့နှုတ်ခမ်းလေးနဲ့ ထိကပ်မိခဲ့တာကို မေ့လို့ မရဘူး .. သတိရလိုက်တာနဲ့ အပွန်း .."

ပြောနေရင်း မျက်နှာကို ပွတ်၍ ဆံပင်ကို သပ်ရင်း ရယ်လည်း ရယ်ကာ ...

"ဘာလဲ .. ဖင်တွေ ရင်တွေ ကျိန်းကုန်တာလား .."

"မမိုက်ရိုင်းနဲ့ ဟောကောင် .. ဒီမှာ နုနုရွရွတွေ သီကုံးနေတာ.."

"အေးပါ .. သီလည်း သီ .. ကုံးလည်း ကုံးပါ ...၊ ချစ်နေပြီလို့ ပြောလိုက်ရင်လည်း ခေါင်းရှုပ်ရ သက်သာတာပေါ့ .."

"အဲ့ဒါကို ပြောဖို့ ခက်တယ်လေ .."

"ဩော် .. အင်း .. ပြောပါဦး .."





"ငါ ဘယ်မိန်းကလေးနဲ့မှ ဖောက်ပြားတဲ့စိတ်နဲ့ မထိတွေ့ဖူးဘူး–"

"အင်း .."

"သူ့ကိုလည်း လုံးဝ မသိဘူးလေ.. အဲ့ဒါကို တွက်လိုက်ရင် အတွေ့အကြုံ မရှိခဲ့တဲ့ ထိတွေ့မှုမှာ ခဏတစ်ဖြုတ် မေ့မူးသွားခဲ့တာလည်း ဖြစ်နိုင်တာပဲ .."

"ခဏတစ်ဖြုတ်ဆိုရင် မင်း ခဏ ခဏ သတိရနေပါ့မလားကွ.."

စိတ်မရှည်နှင့် ပြောပေမယ့် လင်းထွန်း မျက်နှာက တကယ့် စိုးရိမ်မှုတွေနဲ့ပါ ..။

"အေး .. မင်း အဲ့ဒီချာတိတ်မလေးကို သားသမီးတို့ ဝတ္တရားအတိုင်း မဟုတ်ဘဲ အရမ်းကို လိုလားပြီး လက်ထပ်မှာဆိုရင်တော့ ပိုဆိုးပြီ .."

"ကဲ.. တော်တော့ကွာ.. တစ်ခါတလေမှ တွေ့ကြတာ.. သောက်–"

သူ ရယ် .. လင်းထွန်း ရယ် .. ဘုန်းမြတ် ရယ် ...၊

ဒီသုံးယောက်ဟာ တက္ကသိုလ်မှာ ဆုံခဲ့ကြပေမယ့် သူကတော့ ကျောင်းမပြီးခင် ဂျပန်ကို ထွက်သွားတာမို့ အစအဆုံးတိုင် တွဲခဲ့ကြတဲ့ သူငယ်ချင်းတွေလို့တော့ မဆိုနိုင် ...၊

ဒါပေမယ့် ပြန်တွေ့ကြတာနဲ့ တကယ့် ငယ်ပေါင်းကြီးဖော်တွေလိုပင် ...၊

"မင်းကို ငါ ပြောချင်တာတွေ မကုန်သေးဘူး ကောင်း .. အဲ့ဒါကြောင့် အေးဆေး မှိုမချနိုင်သေးဘူး .."

"ဘာလဲ .. ချင်း နဲ့ ပတ်သက်တာပဲလား .."

"ပတ်သက်ပေမယ့် သူ့ကို ငါ မပြောပါဘူး .. ငါ ပြောချင်တာက အေးမြစန္ဒာ လေ .."

ကလပ်ဖန်ခွက်လေးကို အောက်ခြေလေးကနေ ကိုင်ထားရင်း ကောင်း က နားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို ဒေါက်တာ အေးမြစန္ဒာ ဖြစ်နေပြီ .."

"မင်းနဲ့ တွေ့ပြီးပြီလား .."

"ငါက သူ ထိုင်တဲ့ ဆေးခန်းကို သွားတွေ့တာ .. ကိုယ့်သူငယ်ချင်းမျက်နှာက ရှိသေးတယ်လေ .."

"ဟား .. ဟား .. ဟား ..."

"အံမာ .. ရယ်ပုံက .."

လင်းထွန်း ရဲ့ မကျေမနပ် မျက်စောင်းကြီး တည့်မတ်စွာ ကျလာကာ ...

"မင်းအတွက် ရည်ရွယ်ပြီး သွားတာ .. သွားကြီးဖြီးပြီး ငါ့ဘက် မြှားဦးလှည့်ဖို့ မကြိုးစားနဲ့ ...၊ ဟွန်း .. စန္ဒာ က ဟိုတုန်းတည်းက မင်းမှ မင်း .."

"လျှောက်ပြောမနေနဲ့ .."

"သေချာ ထိုင်ကြည့်ပြီး ပြောနေတာ ဆရာ .. ဒီမှာ ဘုန်းမြတ် ကိုယ်တိုင် သူ့ညီမကို မင်းနဲ့ .."

"လင်းထွန်း တော်တော့ .."

"တော်လို့ ရမလား .. ငါက မင်းကို .."

"အစတည်းက မောင်လို နှမလိုပဲ နေခဲ့ကြတာ .."

"မောင်တွေ နှမတွေမှ မဟုတ်တာကို .. ဘုန်းမြတ် သာ ပြန်လာပြီး မင်းနဲ့ လင်းလင်းချင်း ရဲ့ မင်္ဂလာသတင်းကို ကြားရင် ရင်ဆို့သွားမှာ.."

"အဲ့ဒါကြောင့် သူ ရင်အေးအောင် ငါက ဘာလုပ်ပေးဖို့ လိုသလဲ.."

"မဟုတ်ဘူးလေကွာ.. ကိုယ်နဲ့လည်း အသက်ချင်း မတိမ်းမယိမ်း.. ကိုယ့်လိုပဲ ပညာတတ် ရုပ်ချော .. ဆံပင်ရှည်လေးနဲ့ ဘယ်လောက် ကျက်သရေ ရှိသလဲ ..၊ ခုဆို ဘွဲ့တွေ ယူထားတာလည်း နည်းတာ မဟုတ်ဘူး .."

"ဘာလဲ – ဘွဲ့တွေ ထားစရာမရှိအောင် အပြိုင်အဆိုင် ယူကြပြီး ဘွဲ့တွေကို စား .. ဘွဲ့တွေနဲ့ အိပ် .. သွားအတူ လာအတူ ဒီဘွဲ့တွေနဲ့–"



"ဟား .. မင်းကလည်း .."

"ငါ ရင်ခုန်တဲ့ မိန်းမကို လိုချင်တာ .. ဘွဲ့တွေ တစ်သီတစ်တန်းကြီး ရတော့ ငါက ဘာလုပ်ရမှာလဲ .."

"မဟုတ်ဘူးလေကွာ .."

"ဟုတ်တယ် .. ကိုယ်ထင်ရာ ကိုယ်လုပ် .. မှားရင် မှောက်အိပ်ရုံပဲ .. စားစရာရှိတာ စား .. အဲ့ဒါ ဘွဲ့တွေနဲ့ ကျွေးတာ မဟုတ်ဘူး .."

ကောင်း က ဘယ်ဘက်ရင်အုံကို ပုတ်ပြကာ ...

"ဒီထဲက ရင်ခုန်သံတွေနဲ့ .."

"အေးပါ .. အေးပါ .. မင်းမျက်နှာ ဒီလို ရယ်မြူးနေတာမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် .. ငါ သဘောပေါက်သွားပါပြီ .."

"မဆိုးဘူး .."

"မင်း တကယ်ချစ်နေပြီ ဆိုတော့လည်း .."

"အဲ့ဒါက မသေချာသေးတဲ့ကိစ္စ .."

"လုပ်မနေနဲ့ ကောင်း .. ဒီလောက် တချစ်ချစ် မြည်နေပြီးမှ .."

"မဟုတ်ဘူး .. သူ့တစ်ယောက်ကိုပဲ စိတ်ဝင်စားမိခဲ့တာ .. ချစ်တာ မချစ်တာက ရင်ဘတ်ထဲမှာ တကယ် ငြိ မငြိ သေချာမှ .."

"ကောင်း .."

"ဘာလဲ .."

"မင်းကိုယ် မင်း မှန်ထဲ ပြန်ကြည့်ဖြစ်လား .."

ဘာပြောမယ်မှန်း သိနေသဖြင့် ကောင်း က ရယ်သည်။

"ခုမှ ရည်းစားထားချင်လို့ ရှစ်ပိုးတက်နေတဲ့ ဆယ်တန်းကျောင်းသားလေးနဲ့ တူနေတာ .."

"မကဘူး ရှိသေးတယ် .."

"ဘာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ့မိဘတွေ ကားအက်ဆီးဒင့်နဲ့ ဆုံးသွားကြတဲ့အကြောင်း ပြောဖူးတယ် နော် .."

"အင်းလေ .."

"အဲ့ဒါ ကားချင်းတိုက်မိတာ မဟုတ်ဘူး .. ကားပေါ်က ဆင်းနေတုန်း လမ်းဘေးမှာ အတိုက်ခံရတာ .."

"ဟင်!..."

ဝီစကီ တစ်ပိုင်းနီးပါးလောက်မှာ ခပ်ထွေထွေ ဖြစ်ချင်နေသည့် မျက်လုံးတွေ ချက်ချင်း ပြံခနဲ ထဖြစ်၏။

"ဟုတ်လား .. ဘလိုင်းကြီး ဝင်ကျူးသွားတာပေါ့ .."

"အင်း .."

"နှစ်ယောက်စလုံး ကို .."

"ဟုတ်တယ် .. အဲ့ဒီလို တိုက်ချသွားတဲ့လူက ချင်း ရဲ့အဖေ .."

"ဟာ!..."

သူသာ လန့်ဖျပ်နေလျက် ကောင်း ကတော့ တည်တည်ငြိမ်ငြိမ်ပဲ ဖြစ်ကာ ...

"ဖေဖေယ်နဲ့ အန်ကယ်လ်မောင် က သူငယ်ချင်းတွေကွာ .. အဲ့ဒီမှာ ငါတို့ဘက်က ဒီအမှုကို အဆုံးသတ်ပစ်ခဲ့တာ .. ဖေယ် ပို့က ငါ့ကိုတောင် ဒါတွေ သေချာ ပြောမပြခဲ့ဘူး .."

"သူငယ်ချင်းကို ဒီလောက်ထိတောင် ချစ်တာ နော် .."

"ဘာလဲ .. မင်းဆိုရင် ဘယ်ရမလဲလို့ ပြောချင်တာလား .."

"ဘယ်ကလာ .. အတုယူတာ .. အတုယူတာ .. ဟဲ .. ဟဲ .."

"ရှပ်ကြီးကကွာ .."

ဖန်ခွက်ထဲက ရေခဲတုံးပေါက်စနဲ့ ပစ်ပေါက်ပြီး ကောင်း က ရယ်သည်။ ရေခဲတုံးလေးပေမယ့် ရင်ဘတ်ကို ဖိပွတ်ရင်း လင်းထွန်း မျက်နှာ မဲ့နေလျက် ...





"ခွေးကောင် .. ခုချိန်ထိ လက်ယဉ်တုန်း .."

ပြီးတော့ ရယ်ကာ အသုပ်နဲ့ အာလူးချောင်းကြော်တွေကို ဆက်တိုက် ယူစား၏။ ပြီးမှ ...

"စားပဲ စားနိုင်းနေတာ .. ကဲ .. စားပြီးပြီ .. ဆက်ပြော .."

"ဘာလဲ .."

"အခု မင်းကို အဲ့ဒါတွေ ပြောပြတော့ မင်း ဘာမှ မဖြစ်ဘူးလား.."

"ငါ့ကို ဘယ်သူက ပြောပြတယ် ထင်လို့လဲ .."

"ဘယ်သူလဲ .."

"သူ့အဖေ ကိုယ်တိုင်ပဲ .."

"ဟုတ်လား .. အန်ကယ်လ်စိုး တို့က ဘာမှ မပြောဘဲနဲ့ .."

"ဟုတ်တယ် .."

"စေ့စပ်ပြီးမှလား .."

"မဟုတ်ပါဘူး .. စေ့စပ်ဖို့ စီစဉ်နေကြတည်းက .."

"မင်း ဘာမှ မဖြစ်ဘူးပေါ့ .."

ကောင်း က ဖန်ခွက်ထဲမှာ မကုန်သေးဘဲ ထပ်ထည့်ပြီး ရေခဲတွေ ပါ ထည့်နေရင်း ...

"ဘယ်သူ့ကားနဲ့ တိုက်မိခဲ့တာဖြစ်ဖြစ် ရန်ငြိုးနဲ့ မုန်းလို့ တိုက်သွားတာမှ မဟုတ်တာ .."

လင်းထွန်း က ခေါင်းညိတ်နေသည်။

"တမင် ကျူးလွန်တာ မဟုတ်ဘဲ ပြစ်မှုမြောက်သွားခဲ့ပြီဆိုရင် အဲဒီလူမှာလည်း ကြောက်လန့် သွေးပျက်ရတာပဲ .."

"ဟုတ်တယ် .."

"ချင်း ရဲ့ မိဘမှန်း သိလို့ ငါ ခွင့်လွှတ်လိုက်တာ မဟုတ်ဘူး .. ငါ့စိတ်ထဲမှာကိုက ကလဲ့စားချေတဲ့အလုပ်ကို အဓိပ္ပာယ်မဲ့ ရူးသွပ်ခြင်းလို့ပဲ မြင်တယ် .. ဒဏ္ဍပြန်ပေးလိုက်ရတာဖြစ်ဖြစ် .. ပြန်သတ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်ဖြစ် ကိုယ့်ဘက်မှာ ဘာကျန်ခဲ့လို့လဲ ..၊ ဒီလို လုပ်ပေးလိုက်လို့ ကိုယ် ဆုံးရှုံးသွားတဲ့အရာတွေကို တစ်လုံးတစ်ဝ ပြန်ရမယ်ဆိုရင် တစ်မျိုးပေါ့ ..”

“ဟုတ်တယ် ကောင်း .. မင်း မှန်တယ် .. ဒါတော့ မင်းကို ငါ မချီးကျူးဘဲ မနေနိုင်ဘူး .. မိဘကို ဆုံးရှုံးလိုက်ရတဲ့ ကြေကွဲမှုအတွက် မင်း ဖြေသိမ့်ဖို့ ကြိုးစားခဲ့တဲ့နည်းက မရိုးမပင်ပဲဒါ ကျတယ် ..”

“ဒါပေမယ့် ချာတိတ်က ငါ့ကို သံသယဝင်နေတယ် ..”

“ဘယ်လို!...”

နောက်ထပ် မော့လိုက်ပြီးမှ ဖန်ခွက်ကို ပြန်ချကာ ...

“သူ့ကို ငါက ကလဲ့စားချေချင်လို့ ချဉ်းကပ်တာ တဲ့ .. ဟွန်း..”

“ဩော် .. ထင်ပဲ ထင်တတ်ပလေ ..”

“အဟွန်း .. ဒါပဲ ခလုတ်တိုက်ပြီး ကျိုးတိကြောင်တိနဲ့ တကယ်ပဲ ..”

ခေါင်းခါရင်း ရယ်နေပုံက ချစ်စနိုး မျက်နှာကြီးနဲ့ ...

“ကောင်း.. မင်း အဲဒီချာတိတ်မကို တော်တော် စွဲလမ်းနေတဲ့ပုံပဲ..”

“ဟုတ်တယ် .. တွေးလိုက်ရင် ချစ်ဖို့ကောင်းတာတွေပဲ တွေးမိတယ် .. ဒါပေမယ့် မြင်လိုက်ရင်တော့ ငါ သူ့ကို အလျှော့ပေးဖို့ လုံးဝစိတ်ကူးမဖြစ်ဘူး ..”

“ဟင် .. ဘယ်လို!...”

“အဲဒါ မသိဘူး.. ငါ သူနဲ့တွေ့ရင် ရန်ဖြစ်နေရတာတွေပဲ မှတ်မှတ်ရရ ..”

“ရန်ဖြစ်ရင်း ချစ်နေတာလား .. မှတ်သားသင့်ပါတယ် ..”

“မင်း ဘာဖြစ်လို့ ချစ်တာတွေချည်း ပြောနေတာလဲ ..”

ကောင်း မျက်နှာ နီမြန်းမြန်း ဖြစ်လာပါပြီ ..၊ ပြီးတော့ မျက်တောင်ဖျားတွေ စင်းကျလာ၏။





“ငါ့ကိုယ်ငါ နားလည်နေတယ် လင်းထွန်း .. ငါ သူ့ကို ချစ်လိုက်တာ ဆိုတာမျိုးတော့ ..”

“ဒေါက် ..”

ဖန်ခွက်ကို စားပွဲပေါ် ဒေါက်ခနဲ ပြန်ချပြီးမှ ...

“ချစ်တာ မဟုတ်ဘူး .. ချစ်ဖို့ကောင်းတာတွေကို သဘောကျနေတာ .. ရန်တွေဖြစ်ပြီးတော့ကွာ .. ရန်ဖြစ်နေတာပဲ ရှိတာ .. ဒေါသက ဘာနဲ့တူလဲ သိလား ..၊ ဂတ်စ်မီးတောက်လိုမျိုး .. အခြေအမြစ်မရှိ လောင်စာမပါဘဲ ထတောက်တယ် .. ပြီးတော့ ချက်ချင်း ငြိမ်းသွားတယ် ..”

“ဟော့ကောင် .. အဲ့ဒါက မီးဖို မီးခြစ်လေးမှာပဲ ဖြစ်တာနော် .. အခြေအမြစ်မရှိပေမယ့် ပေါက်ကွဲအား ပြင်းတယ် .. ဘာပစ္စည်းဖြစ်ဖြစ် ပြာကျအောင် လောင်နိုင်တယ် ..”

“ငါ့ဒေါသက သူ့အပေါ်မှာ ဒုက္ခပေးဖို့အထိ ဘယ်တော့မှ ပြင်းထန်မှာ မဟုတ်ဘူး .. ပြောချင်တာက အဲ့ဒါ ..”

လင်းထွန်း ဝီစကီတွေ ဖန်ခွက်ထဲ ထည့်နေရင်း ခေါင်းခါ၏။

ဒါနဲ့တောင် မချစ်သေးဘူး ပြောနေတုန်း ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"အင်း... စိတ်ချပါ မသက် ရယ်... မပူပါနဲ့... နောက်ဆို အစ်ကိုဓော ရန်ကုန်မှာ လုပ်ငန်း အထိုင်ကျပြီးရင် မသက် လည်း ပဲခူးနဲ့ ရန်ကုန် နေ့ချင်းညချင်း ပြေးနေရတဲ့ ဒုက္ခတွေ ငြိမ်းသွားမှာပါ .."

ဖုန်းထဲမှာ ဒေါ်သက်သက် ရဲ့ စကားသံက ရယ်သံစွက်နေပေမယ့် ညည်းညူနေခြင်းသာဖြစ်ကာ ...

"ကျွန်မလည်း အစကတော့ ရန်ကုန်မှာ လူနေကျပ်လွန်းလို့ နေကို မနေချင်ခဲ့တာ မသူဇာ ရဲ့ .. အဲဒါကြောင့်ပဲ ပဲခူးမှာပဲ အသေးစား ငွေချေး ဘဏ်လေး ဖွင့်ပြီး အခြေချဖို့ စိတ်ကူးနဲ့ လုပ်ခဲ့တာလေ .."

"စု မနေချင်တော့ဘူးမို့လား .."

"ဟုတ်တယ် .. အဲဒါ ဘာကြောင့်လဲ သိလား .."

"သားက ရန်ကုန်မှာပဲ နေနေတော့ ဘယ်နေတတ်တော့မလဲ .."

"အဲ့ဒါလည်း ဟုတ်ပါတယ် .. ဒါပေမယ့် သမီးချွေးမလေး ရ တော့မယ်ဆိုမှ ပိုပြီးတော့ကို မနေချင်တော့တာ .."





"အဟွန်း .. ဟွန်း .."

"နောက်ဆို မြေးလေးတွေနဲ့ ပိုပြီး ဈေးထွေးတော့မှာလေ .. မသူဇာ ကို တွေးပြီး အားကျလာတော့ ဒီမှာ သီးခြားဖြစ်နေရတာကို မခံစားနိုင် တော့ဘူး .."

"ဟော့ .. ဟော့ .. ရှင်းရှင်းပြော နော် .. အားကျလာတာလား .. မနာလိုတာလား .."

"အဟွန်း .. ဟွန်း .."

"မြေးလေးတွေ ရရင် တို့ချည်းပဲ ပွေ့ပိုက် ယုယနေမှာ ဆိုပြီးတော့ လေ .."

"မသူဇာ ရယ် .. အဟွန်း .."

"မဟုတ်ဘူးလား .."

"နည်းနည်းပါးပါး ပါ .."

ဖုန်း ပြောနေရင်း ရယ်လိုက်မိသေးသည်။ ဟိုမှာ ငွေချေးဘဏ် လေး ဖွင့်ထားသဖြင့် ဒေါ်သက်သက် ခများ သားရေးသမီးရေး ရောက် ရောက်လာတတ်ပေမယ့် ပြီးတာနဲ့ ပြန်ပြေးဆိုတော့ နားချိန်တောင် မရရှာပါ ...။

ဖုန်းချလိုက်ပြီးတာတောင် ဒေါ်သူဇာလင်း အတွေးစတို့က မပြတ် နိုင် ...၊

မျက်လုံးတို့သည် ပြတင်းတံခါးကို ဖွင့်၍ ဟိုဒီ ကြည့်မိလျှင် ...

"ကောင်း ဒီနေ့ ဘယ်မှ မသွားဘူးလား .."

ကားကို လှမ်းမြင်လိုက်သဖြင့် နေရာမှ ခွာခဲ့ပြီး ...

"မယု ရေ .."

"ရှင် .. မမကြီး .."

ဒေါ်ဇာယု ရောက်လာမှ ကောင်း နေတဲ့ဘက်ကို ပြ၍ ...

"ညကလည်း ညဉ့်နက်မှ ပြန်လာတာ တွေ့တယ် .. နေထိုင်များ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့လား မသိဘူး .. မယု တစ်ချက်လောက် သွားကြည့်စမ်းပါ ..၊ ငါကလည်း ကိုမောင် လာရင် သွားစရာ ရှိသေးတယ် .. သမီး ဘရေ့ဖတ်စ် စားပြီးသွားပြီလား .."

"ခုလေးတင် ပြန်တက်သွားတယ် မမကြီး .. သူလည်း သူငယ်ချင်းနဲ့ ဖုန်းပြောလို့ပဲ .."

"ဟုတ်လား .. ငါ သမီးဆီ သွားလိုက်မယ် .. နင် ကောင်း ဆီ သွားလိုက် .."

"ဟုတ်ကဲ့ .."

"ဩော် .. မယု နေဦး .."

ခိုင်းပြီးမှ တစ်စုံတစ်ခုကို သတိရသလို ဖြစ်သွားပြီး ...

"နင် နည်းနည်းပါးပါး ကြည့်ပြီး စုံစမ်းနော် .. မရမကကြီး သွားခေါ်မနေနဲ့ .. ဒီကောင်လေး ဒီအချိန်ထိ မနေဖူးပါဘူး .."

အပေါ်ထပ်ကို တက်ခဲ့ရင်း တစ်ယောက်တည်း ရေရွတ်နေမိသည်။

"သမီးရေ .."

"ရှင် .. မေမေ .."

တံခါးခေါက်ပြီးမှ ဒေါ်သူဇာလင်း အထဲဝင်သွားမိကာ ...

"သမီး ဒီနေ့ ဘယ်မှ သွားစရာမရှိဘူး မို့လား .."

"မရှိဘူး မေမေ .. ဘာဖြစ်လို့လဲ .."

"မေမေနဲ့ သမီးဖေဖေက သန်လျင်ကို အလုပ်ကိစ္စ သွားစရာရှိတယ် .."

"ဟုတ် .. ချင်း သိတယ်လေ .. စိတ်ချလက်ချ သွားပါ .. ချင်း ဘယ်မှ မသွားဘူး .."

ညဝတ်အကျႌ ဘောင်းဘီတွေတောင် မလဲဘဲ ဘရေ့ဖတ်စ် ဆင်းစားလိုက်တာကိုကြည့်ကာ ပြောဖို့တော့ စိတ်က ဖြစ်သွားပေမယ့်





ဒေါ်သူဇာလင်း မပြောဖြစ်လိုက်ပါ ...။

"မေမေ မှာစရာရှိလို့ ဘမီး .. ဟိုဘက်မှာ ကောင်း လည်း ဒီနေ့ အပြင်ထွက်လာတာ မတွေ့ဘူး .."

"မထွက်ချင်လို့ နေမှာပေါ့ .."

"အေးပါ .. ညကလည်း ညဉ့်နက်မှ ပြန်လာတယ်လို့ သမီးအဖေ ပြောတယ် .. နေထိုင်များ မကောင်းလို့လားလို့ .."

ချင်း မျက်နှာလေး မဲ့သွားသည်။ မွေ့ရာပေါ်မှာ တင်ပျဉ်ခွေထိုင်လျက်ကနေ ဖုန်းတစ်လုံးနဲ့ အဆင်ပြေနေသည့် အနေအထားက ပျက်ယွင်းသွားခဲ့ပြီး ...

"ဟုတ်မှာပေါ့ မေမေရယ် .. ဖေဖေ အပြန်နောက်ကျပြီဆိုလည်း အသောက်အစားလေး အမြဲ ပါတာပဲ .. သူလည်း သောက်စားမူးရူးပြီး မထနိုင်ဘူး ဖြစ်နေမှာပေါ့ .."

"သောက်စားတာကတော့ ယောကျာ်းလေးဆိုတာ အပေါင်းအသင်း မိတ်ဆွေနဲ့ အလုပ်သဘောနဲ့ ကြုံကြိုက်လာရင် မကင်းကြပါဘူး သမီးရယ် .. မူးရူးနေတဲ့လူတွေနဲ့တော့ မတူပါဘူး .. သူများကို ကဲ့ရဲ့ချင်တာက ကိုယ့်အဖေကို ကဲ့ရဲ့သလို ဖြစ်နေဦးမယ် .. သတိလည်း ထားဦး .."

"ဖေဖေကဖြင့် သောက်လာမှန်းတောင် မသိဘဲနဲ့ .."

ဖအေကိုကျတော့ ကာကွယ်ရှာသေးသည်။ သမီး မျက်နှာလေးကို ကြည့်၍ ဒေါ်သူဇာလင်း က ရယ်သည်။ ပြီးမှ ...

"နောက်တစ်ခု ရှိသေးတယ် ..၊ သမီး ဖေဖေ အဲဒီလို သောက်လာတဲ့ မနက်ဆိုရင် ခေါင်းတွေကိုက် .. ကိုယ်တွေပူ ဖြစ်တတ်တယ်လေ .. အဲဒါ .."

"ဟာ!... မေမေကလည်း .. သူ့ဟာသူ ဖြစ်ဖြစ် .. သေသေပေါ့ .."

"ဟဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာ .. ချင်း တို့နဲ့ ဘာဆိုင်လို့လဲ .."

"သမီးရယ် .. သူ့ဟာသူ နေနိုင်ရက်နဲ့ မေမေတို့နဲ့ လာနေစေတာကိုက အစ်ကိုစော တို့က သူ့သားအတွက် မိဘအုပ်ထိန်းသူလို စိတ်ချပြီး အပ်ထားတာမျိုး .."

"အဲ့ဒါနဲ့ပဲ ကလေးပေါက်စလို နမ့်လေး စမ်း .. ဆေးလေး ပြေးတိုက်နဲ့ လုပ်စရာလား မေမေ .. ကလေးအရွယ် မဟုတ်ဘူး .. ပြီးတော့ ဒီလူကြီးက နိုင်ငံခြားနဲ့ မြန်မာပြည်ကို ထင်သလို သွားလာနေတာ .. ခုမှ မိဘအုပ်ထိန်းမှုအောက်က စထွက်လာတာလည်း မဟုတ်ဘူး .."

"ကဲ .. မပြောတော့ပါဘူး မယ်မင်းကြီးမလေးရယ် .. ဒါပေမယ့် တစ်ခု ရှိတယ်နော် .. အိမ်မှာ အတူတူ ရှိနေခဲ့ကြပြီး မဖွယ်မရာတွေ ပြောဆို အချင်းမများရဘူး .. ကိုယ်က အိမ်ရှင် .. သူက ဧည့်သည် ..၊ ပြီးတော့ ကိုယ်နဲ့ ဆွေစပ်ထားတဲ့လူ.. ပြီးတော့ သမီးထက်လည်း အသက်ကြီးတယ် .."

"ပြီးတော့ .. ဘာ့ရှိသေးလဲ မေမေ .."

ပြီးတော့တွေ ထပ်ဆင့်ပွားနေသဖြင့် ချင်း က ခပ်တည်တည်လေး မေးပေမယ့် ဒေါ်သူဇာလင်း က ပြုံးကာ ...

"စိုးရိမ်လို့ ပြောနေရတာ .. ပြီးတော့ ဆေးစပ်လက်ဖွပ်က ဘယ်မှာလဲ .."

မေးလိုက်ကာမှ လက်ချောင်းလေးတွေကို သတိတရ ဖြန့်ကြည့်ကာ ဖျတ်ခနဲ ပြန်ဆုပ်ပြီး ကွယ်ပစ်လိုက်၏။

"မေမေကလည်း .. သူလည်း .."

"သူက ဝတ်ထားပါတယ် .. မေမေ မြင်တယ် .."

"အဲ့ဒါ ဟိုရက်ကပါ .. ခု .."

"ခုလည်း ရှိတယ် .."

ချင်း မျက်နှာလေး မဲ့သွားသည်။





ဒီလောက်ထိ ပြောနိုင်အောင် တမင် လိုက်ကြည့်နေရှာသလားလို့ တွေးမိလာတာ ငရဲကြီးသွားပြီလား မသိ ..၊

"မမကြီး .."

"ဟော .. မယု လာလေကွယ် .. ဝင်ခဲ့ .."

ဒေါ်ဇာယု က တံခါးနည်းနည်း တွန်းလိုက်ပေမယ့် အထဲကို ဝင်မလာဘဲ ...

"ဒီမနက်ပိုင်း ဘယ်မှ မသွားတော့ဘူးတဲ့ ..၊ သိပ် နေကောင်းတဲ့ပုံ မပေါ်ဘူး .."

"ဟုတ်လား .. တွေ့ခဲ့တာလား .."

"တွေ့ခဲ့တယ် .. ခေါင်းကိုက်နေလား မသိဘူး .. မျက်နှာကတော့ နီနေတာပဲ .."

ဒါပဲလေ .. အရက်ဆိုတာ မျိုချပြီးရင် အဲဒီလူ ဘယ်လိုပုဂ္ဂိုလ်မျိုးပဲဖြစ်ဖြစ် အရက်သမားပုံ ပေါက်သွားမှာပဲ ..၊

တစ်ယောက်တည်း ပခုံးလေး မသိမသာ တွန့်လိုက်ရင်း စိတ်ထဲက ပြောသော စကားတွေနှင့် မဲ့ရွဲ့နေမိ၏။

မေမေ ဒီဘက်လှည့်လာကာမှ မျက်နှာကို တည်ပစ်လိုက်တာ ငြိမ်ငြိမ်သက်သက်လေး ..၊

မြင်သလား .. မမြင်ဘူးလားတော့ မသိ ..။

မေမေ ဘာမှ မပြောဘဲ လှည့်ထွက်သွားသည်။ ဒေါ်ဇာယု က တံခါးဝမှာ ရပ်နေရင်း ...

"ချင်းလေး ရေ .. ခုထိ ညဝတ်အင်္ကျီ မလဲရသေးဘူး .. ဇာကြီး လာရမလား .."

"မလာနဲ့ .. မလာနဲ့ .. ရတယ် .."

ဒီချိန်မှာ လူတွေ ဘာတွေဖြစ်နေကြမှန်း မသိ .. ရင်ခြတ်ကောင်းဆိုတဲ့လူ အကြောင်း စကားလေး စလိုက်တာနှင့် မီးမီး ကအစ ဇာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဘယ်သူကမှ ကိုယ့်ဘက်က မပါ ..။

ခေါင်းချင်းဆိုင်ပြီး သူများမကောင်းတာတွေ .. ကိုယ် မကျေနပ်တာတွေ ပြောချင်ပေမယ့် ပြောလို့မှ မရတာ ဘာလုပ်မှာလဲ ..၊ ဘယ်သူမှ မလာနဲ့ ..။

ကိုယ့်အတွေးနဲ့ကိုယ် ဆုံးဖြတ်၍ မှန်ရှေ့မှာ ရပ်ရင်း ဘီးကို ကောက်ကိုင်မိသည်။

ပြီးတော့ လက်ဖဝါးတစ်ဖက်မှာ ဘီးနဲ့ တဖျပ်ဖျပ် ရိုက်နေရင်း စကြံထုတ်၏။

ဒေါ်သူဇာလင်း ကတော့ ဘာကို စိတ်ထဲမှာ လေးနေမှန်း မသိဘဲ ကောင်း ဆီက ပြန်လာတော့ အိမ်ထဲ ပြန်ဝင်လာကာ ...

"သမီးလေး .. ချင်း ရေ .. ခဏ ဆင်းခဲ့ဦး .. မေမေ မှာစရာရှိလို့ –"

ချင်း အောက်ထပ်ကို ဆင်းလာတော့ အပြာနုရောင် ဂါဝန်လက်ပြတ်လေးနဲ့ဖြစ်ကာ လှေကားက ဆင်းလာနေရင်း ခါးကြိုးကို လက်နောက်ပြန်လေး ချည်နေရင်းနဲ့ဖြစ်ကာ ...

"မေမေ သွားတော့မလို့လား .."

"အင်း .. သမီးဖေဖေ ဖုန်းဆက်ရင် သွားရမှာ ..၊ သူ လာခေါ်နိုင်မှာ မဟုတ်ဘူးလို့ သွားတည်းက ပြောသွားတာလေ .. မေမေ မှာတာကို သေချာ လုပ်ရမယ် .. နားထောင် .."

"ဟုတ် .. ပြောလေ မေမေ .."

"ကောင်း .. နေမကောင်းဘူး .."

"အဲ့ဒါ ချင်း က ဘာလုပ်ပေးရမှာလဲ .."

"ဘာမှ မလုပ်ရဘူး .. သမီး လုပ်ပေးရမှာက သူ ထွက်လာပြီး တစ်ခုခု အကူအညီတောင်းရင် ကောင်းကောင်းပြော .. ကောင်းကောင်း ကူညီလိုက် .."





"ဘယ်လိုမျိုးလဲ .."

ဒေါ်သူဇာလင်း ကိုယ်တိုင် စိတ်ထဲမှာ လေးဖင့်နေတာကို အလျှင်စလို ထုတ်ပြောလိုက်တာပေမယ့် ဘာကို အဓိက မှာရမှန်းလည်း မသိ..။

"မဟုတ်ဘူးလေ .. သူကလည်း ပြေးလာပြောမယ့်လူ မဟုတ်ပါဘူး .. မေမေကတော့ နေထိုင်မကောင်းတာကို မြင်ခဲ့တည်းက ကိုယ့်သားသမီးလိုပဲ ဘာလုပ်ပေးရမှန်းလည်း မသိဘူး .. သူကလည်း ဘာမှ မပြောဘူး .."

"အရက်နာကျတာပဲမို့လား မေမေရယ် .."

"စကားတွေ အဲဒီလို ကြမ်းကြမ်းတမ်းတမ်း မပြောနဲ့ သမီး .."

ဒေါ်သသံ ပါလာသည့် မေမေ့ကို ချင်း အံ့ဩသွားမိသည်။

အရက်သောက်လာတဲ့လူကို အရက်သမားလို့ ပြောတာတောင် မကြိုက်ပါလား ..၊

"သူ ဘယ်အသက်အရွယ်ပဲ ရှိရှိ .. သူ မိဘမဲ့ရတဲ့အကြောင်းက ကိုယ့်ကြောင့် ..၊ မေမေ သူ့အတွက် ယောက္ခမ ဖြစ်ချင်သလို သူ့အမေလိုမျိုး ဂရုစိုက်ပေးချင်တယ် – အဲ့ဒါ ဒီကလေးအပေါ် မေမေ ပြုခဲ့တဲ့အမှားကြောင့် ကိန်းအောင်းလာခဲ့တဲ့ ကရုဏာစိတ်ပဲ .."

မေမေ ပြောတာကို ချင်း နားလည်သွားပါသည်။ ဒါပေမယ့် မေမေ့ကို နားလည်နိုင်တာက သပ်သပ် .. ဒီလူကို မကြင်နာသင့်ဘူးလို့ ဖွဲ့နေတဲ့စိတ်က သပ်သပ် ..၊

ကိုယ့်ဘက်က အပြစ်လို့ ယူဆပြီး ပေးဆပ်ချင်နေပေမယ့် သူက ဒီ့ထက်မက တုံ့ပြန်ရယူဖို့ အကြံကြီး ကြံနေတယ်ဆိုရင် ...

"သမီး သူ့အပေါ်မှာ ဘယ်လို သဘောထားနေတယ်ဆိုတာ မေမေ သိတယ် .. မသက် တို့လည်း သိကြတာပဲ .. ဒါပေမယ့် မေမေတို့က ကလေးတွေအပေါ်မှာ အမျိုးမျိုးသော နားလည်ခြင်းနဲ့ ခွင့်လွှတ်ခဲ့ကြတာ .. ဒါကို ထပ်ပြီး စိတ်ဒုက္ခရောက်စရာတွေ မလုပ်ပါနဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အခု ချင်း က ဘာပြောနေလို့လဲ မေမေ .."

"ပြောမှာလည်း စိုးတယ် .. မပြောတာကိုလည်း စိုးရိမ်တယ် .. သမီးက ပြန်မပြော .. နားမထောင်ဆိုတာထက် ပိုတယ် ..၊ နားထောင်နေသလိုလိုနဲ့ ပြောစရာရှိပြီဆို နေရာမရွေး .. အချိန်မရွေး ပြောတာ .. သည်းခံတယ်ဆိုတာ အတိုင်းအတာ ရှိတယ်လေ .."

မေမေ့စကားတွေ အဆုံးသတ်ဖို့ မမြင်ပေမယ့် ဖေဖေ့ဆီက ဖုန်းကြောင့် မဆုံးသေးဘဲ ပြီးဆုံးခဲ့၏။

"မေမေ သွားမယ် .. ည မိုးချုပ်မယ်ဆိုရင် ဖုန်းဆက်မယ် .. မေမေတို့အတွက် မပူနဲ့ .. အိမ်မှာပဲ မေမေ စိတ်မပူရအောင် နေ .."

"ဟုတ်ကဲ့ .."

"သွားစရာရှိလာရင် ခဏတစ်ဖြုတ် နေရာကိုပဲ သွား .. မယုံ မပြောဘဲ ထွက်မသွားနဲ့နော် .."

"ဟုတ်ကဲ့ပါ .."

မေမေ ထွက်သွားတာနှင့် ချင်း နောက်ဖေးထဲကို အပြေးအလွှား ဝင်လာခဲ့သည်။

"ဖာကြီး ရေ .."

"ရှိတယ် .. ရှိတယ် .. ဒီဘက်ကို ပြန်လှည့်လိုက် .."

ဒေါ်ဖာယု က သူမနောက်မှာ ရပ်နေကာ လက်ထဲမှာ ရုံးပတီသီးနဲ့ ပဲပြားသီးလေးတွေ ပါသော ဆန်ခါကို ကိုင်ထားလျက် ...

"ပြော .. ဘာလုပ်ပေးရမလဲ .."

"ဖာကြီး ကို မေမေ လွှတ်တုန်းက ဟိုပုဂ္ဂိုလ် ဘယ်လိုအခြေအနေလဲ ဟင် .."

"နေမကောင်းဘူး ထင်တယ် .."

"သြော် .. သိပါတယ် .. အဲ့ဒါကို ဘယ်လောက်လောက်လဲ .. ဘယ်လိုပုံစံ ဖြစ်တာလဲလို့ .."





"အဲ့ဒါတော့ ဖာကြီး ဘယ်လိုလုပ် သေချာသိမှာလဲ ချင်းလေးရယ် .. ညက ဆရာတို့ ပြောသံကြားတာနဲ့ တွေးကြည့်ရင်တော့ ညက စားသောက်ပွဲလုပ်ပြီး သောက်လာတယ် ထင်တယ် .. ခေါင်း တော်တော် ကိုက် .. ဟဲ့ .."

'အဲဒါကို မေးတာ ..' ဆိုပြီး ချင်း အပေါ်ထပ် လှစ်ခနဲ တက်ပြေးတော့ ဆံနွယ်တွေ တဝေ့ဝေ့နှင့် ဝတ်ရုံခြုံပြီး ပြေးသလိုပင် ..၊

"ဒီကောင်မလေး နယ် .."

ဒေါ်ဖာယု ခေါင်းခါမိတော့သည်။

ချင်း ဘာလုပ်မလို့လဲဆိုတာ သိရင်တော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဒေါက်တာ ဦးဝင်းနိုင် မရှိဘူးလား ချင်း ရယ် .."

မခေါစုး ခေါ်တော့ အေး ကိုယ်တိုင် ယောင်တောင်တောင်လေး ဖြစ်နေပုံပါ ... ပြီးတော့ စိတ်ထဲမှာလည်း ခံစားမိနေလျက် .. ရှက်နေသလိုလို .. စိတ်မလုံသလိုလို မျက်နှာလေးနှင့် ...

"ဖွဲ့မလီဒေါက်တာ ရှိတယ်လေ .. မေမေက ခေါ်ပေးလိုက်ပါဆိုပြီး သေချာမှာသွားတာပဲ .. အဲဒါ ဦးရက်မြတ်ကောင်း က ဟင့်အင်း ချည်းပဲ လုပ်နေလို့ .."

ချင်း ကလည်း တည်တည်ကြည်ကြည် မျက်နှာလေးနှင့် စိတ်ရှုပ်နေပုံ ဖမ်းကာ ...

"လုပ်ပါ မမအေး ရယ်.. ဘယ်ဒေါက်တာဖြစ်ဖြစ် သူ့ သက်သာရင် ပြီးတာပဲ .. တော်ကြာ မေမေတို့ ပြန်လာရင် မှာခဲ့သလို မလုပ်ဘူးလား ဘာညာနဲ့ ဆူခံရမှာ.. သူ့နဲ့ ချင်း က သိပ်အဆင်ပြေတာ မဟုတ်ဘူး.."

"ဘယ်လို!..."

"မျက်နှာချင်းဆိုင်မိတာနဲ့ ဘုနဲ့ ဘောက်ပဲလေ .."



'ဒါပေမယ့် နေစပ်ပြီးပြီမို့လား ..' လို့ ပြောချင်သည့် မျက်နှာလေးက ချင်း ရဲ့ရင်ထဲကို ဒိုးထက် သိချင်နေသေးတာလည်း ပေါ်လွင်နေ၏။

"တို့လည်း တစ်နာရီဆို ဆေးခန်းထိုင်ရတော့မှာ .."

"အစောကြီး ရှိသေးတယ် မမအေး ကလည်း .. ချင်း က မမအေး တို့ နှစ်ယောက် မိတ်ဆွေဟောင်းတွေဆိုတည်းက ဝမ်းသာသွားတာ.."

"ဘာဖြစ်လို့လဲ .."

"ဩော် .. ခုပဲ ချင်း အကူအညီတောင်းလို့ ရနေပြီလေ .."

ဘာလိုလို ပြောပြီးမှ ပြန်လျှောချသည်။ ခေါ်စာယု ကတော့ ချင်း ဘာတွေလုပ်နေမှန်း သိနေသဖြင့် လှမ်းမြင်နေရခြင်းကို စိတ်မသက်မသာ ဖြစ်နေမိ၏။

နုနုငယ်ငယ်လေးနဲ့ ချောချောယဉ်ယဉ်လေးကို နှိုင်းယှဉ်ကြည့်မိရင်း ယောက်ျားတစ်ယောက်က ဘယ်လိုပုံစံမျိုးကို နှစ်သက်သာယာသွားနိုင်သလဲဆိုတာကိုပါ တွေးမိနေသည်။

ဒီကောင်မလေးကိုက အိမ်ထောင်မပြုချင်သည့်အစွဲကို မှီသိပ်ထားပြီး ဖြစ်သလို ဖြေရှင်းဖို့ လုပ်နေတာပါ။ လူကြီးတွေကတော့ ဒါတွေကို သိမှာ မဟုတ် ...

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ .."

"လင်းလင်းချင်း .."

သိပ်မကြာလိုက်ဘဲ တံခါး ဖွင့်သွား၏။

"ဟင်!... စန္ဒာ .."

ချင်း ကို အရင်မြင်ရတာတောင် စန္ဒာ လို့ ခေါ်ပြီး အံ့သြသွား၏။ ချင်း က ဘေးကို ခြေလှမ်းရွှေ့ရပ်လိုက်ရင်း ...

"ဦးရက်မြတ်ကောင်း နေမကောင်းဘူးဆိုလို့ မေမေက ဆရာဝန် ပင့်နိုင်းထားတာလေ.. အဲ့ဒါ မမအေး နဲ့မှ အဆင်ပြေနိုင်မလားလို့ သွား

www.burmeseclassic.com



ခေါ်လာတာ ..”

အိုးတိုးအမ်းတမ်းတွေ ပျက်ယွင်းသွားသည့် မျက်နှာတွေကို ကြည့်ပြီး ချင်း က ကျေနပ်နေသည်။

“ကိုယ် ဘာမှဖြစ်တာ မဟုတ်ဘဲနဲ့ကွာ ..”

သူက အေး မျက်နှာကိုပဲ ကြည့်၍ အားနာနေသည့်အသံနှင့် ပြောသည်။ ချင်း ကတော့ ဒီစကားက ကိုယ့်ကို ရည်ရွယ်မှန်း သိနေကာ...

“မသိဘူးလေ .. မေမေကတော့ ရှင် နေမကောင်းဘူးတဲ့ .. သွားစရာရှိတာ သွားဖို့တောင် နောက်ဆံငင်ပြီး တရရ မှာသွားတာ .. ဝင်လေ မမအေး ..”

ပြောနေရင်း အေး ပခုံးလေးကို ဖွဖွလေးကိုင်ပြီး တွန်းပေးလိုက်၏။

“ရှင် ဖြစ်နေတာကို ပြောလိုက်လေ .. မမအေး ကလည်း သူစိမ်းမှ မဟုတ်တာ .. တော်ရုံဝေဒနာဆို သူငယ်ချင်းနဲ့ စကားလေးဘာလေး ပြောလိုက်ရင်တောင် သက်သာတယ် ..”

သူမဘာသာ တိုက်တွန်း၍ သူမကပဲ ဆုံးဖြတ်ပေးနေသည်။ ပြီးတော့ ...

“ခဏ နော် မမအေး .. ချင်း ဖုန်းချိန်းထားတာရှိလို့ သွားခေါ်လိုက်ဦးမယ် .. ဇာကြီး ကို လွှတ်လိုက်မယ် နော် ..”

ချင်း ဘာလုပ်သွားတာလဲဆိုတာ သူ သိနေသဖြင့် စိတ်တော့ တိုသွားမိသည်။ ဒါပေမယ့် အေး ကို အားနာစိတ်ကသာ ပိုနေကာ ...

“စန္ဒာ အလုပ်ရှုပ်သွားပြီထင်တယ် .. ဆောရီးပါကွာ .. ခုန အန်တီလာတုန်းက ခေါင်းတွေ အရမ်းကိုက်နေတာနဲ့ နေမကောင်းဘူး ထင်သွားတာ ဖြစ်မယ် ..”

အထဲ မဝင်ဘဲ အပြင်ကိုပဲ ပြန်ထွက်လာမိကာ ...

“ထိုင် စန္ဒာ .. ကိုယ်လည်း ပြောင်းရွှေ့လာပေမယ့် အိမ်မှာ သိပ်မကပ်ရတော့ ဘာမှ အဆင်သင့် မရှိဘူး .. ကော်ဖီတော့ ..”





“မလုပ်ပါနဲ့ ကိုကောင်း ရယ် .. မဟုတ်တာ .. လူမမာက ပြန်လုပ်ကျွေးရမယ်လို့ ..၊ အေး က နေ့လယ်စာ စားချိန်နီးရင် ဘာမှ မစားတတ်တဲ့အကျင့်လည်း ရှိတယ် ..”

ဆေးအိတ်လေးကို စားပွဲပေါ်မှာ ချထားလိုက်ကာ ...

“အခု ကိုကောင်း က ဘာဖြစ်တာလဲ .. ခေါင်းကိုက်တယ်ဆိုတာက ..”

“ညက ကိုယ် သောက်လာခဲ့တာ များသွားလို့ ..”

အပြစ်ရှိသလိုမျက်နှာနှင့် ရယ်ဟဟပုံစံကို အေး က ငေးကြည့်နေသည်။ အဖြူရောင် ဆွယ်တာလည်ကပ်လက်ရှည်နှင့် ဘောင်းဘီအညိုရောင်ပွပွကို ဝတ်ထားသည့် ကောင်း ရဲ့မျက်နှာက သူမ စိတ်ထဲမှာတော့ ဟိုတုန်းကအတိုင်း ဘာမှ ပြောင်းလဲမသွားခဲ့ပါ ..။

ရာထူးရာခံ လုပ်ငန်းဌာနနှုန်းရတွေနဲ့ နေရာကိုယ်စီမှာ တစ်ကွဲတစ်ပြားစီ ဖြစ်သွားခဲ့ကြပေမယ့် ကိုကိုကလည်း သဘော်ပြန်လာတိုင်း သတိတရ မေးပါသည်။

“ဟိုကောင်တွေ ညီမလေး တွေ့မိသေးလား .. ဖုန်းတွေ ဘာတွေ မလာဘူးလား ..” တဲ့ ..။

“ကိုကိုနဲ့မှ မတွေ့တာ ညီမလေးနဲ့ ဘယ်လိုလုပ် တွေ့မှာလဲ ..၊ အစတည်းက ညီမလေးနဲ့ သိပ်ရင်းနှီးကြတာမှ မဟုတ်တာ ..”လို့ ပြောမိတိုင်း ...

“တမင် ရင်းနှီးခွင့် မပေးခဲ့တာနော် .. ကိုကိုက ငါ့ညီမ ရှေ့ရေးကို မျှော်တွေးပြီးတော့ ..” တဲ့ ..။

ပြီးတော့ ပြောသေးသည်။

“သူငယ်ချင်းမျက်နှာ ထောက်ရတာတွေ .. မိတ်ဆွေ သူငယ်ချင်းတွေမို့လို့ ဘာညာတွေ .. အဲ့ဒါတွေက ရင်းနှီးမှုတွေကြောင့် ကြုံရတဲ့ အခက်အခဲတွေ .. ငါ့ညီမအတွက် ခက်ခဲမှာ စိုးလို့တဲ့ ..



www.burmeseclassic.com

www.burmeseclassic.com



ကိုကို က ပျော်ပျော်နေတတ်သလောက် အေး နဲ့ ဆိုရင်လည်း သူငယ်ချင်းပေါင်း ပေါင်းခဲ့တာ ဖြစ်သည်။ ထို့ပြင် ညီအစ်မချင်းလို ပွင့်လင်းလို့လည်း ရသည်။

အိမ်မှာ လူကြီးတွေ သတ်မှတ်ပိုင်းခြားထားသည့် ဘောင်တစ်ခု အတွင်းမှာ သေသပ်စွာ နေလာခဲ့ရခြင်းတွေက အကျင့်တော့ ဖြစ်နေပြီ ပေမယ့် ကိုကို အနားမှာ ရှိနေတဲ့အချိန်တွေမှာ ပျော်ရွှင်နေရခြင်းကို သူမ နှစ်သက်သည်။

ထိုအခါ ကိုယ်လည်း အများသူငါကဲ့သို့ လွတ်လပ်ပွင့်လင်းချင်သော ဆန္ဒတွေ ရှိနေခဲ့မှန်း ကိုယ့်ဘာသာ နားလည်လာခဲ့သည်။

ကိုယ်တိုင် ရပ်တည်နေရသည့်ဘဝဟာ တစ်ခါတစ်ခါမှာ ကျေနပ်စရာ ကောင်းနေသော်လည်း တစ်ခါတစ်ခါမှာတော့ ...

"ဖုန်းလာနေလို့ ခဏ နော် စန္ဒာ .."

သူ့ဖုန်းသံက မမြည်ဘဲ ထုတ်ကိုင်လိုက်မှ ဖုန်းလာနေတာကို သိရသည်။

"ဟလို .."

"... ... ... ..."

"အေး .. ပြော .."

"... ... ... ..."

"ငါ လာမယ် .. ဒါပေမယ့် ခဏပဲ ဝင်မှာ .. ငါ လက်မှတ်ထိုးရမှာတွေ အဆင်သင့် လုပ်ထားလိုက် .."

"... ... ... ..."

"ဟာ!... အိပ်ရှိုအာရ်ကိုချည်း လွှဲမထားနဲ့လေ .. technological အပိုင်းကို သူ ကျွမ်းကျင်တာမှ မဟုတ်တာ .."

"... ... ... ..."

"ဟုတ်တယ် .. ကျွတ်!.. သိရဲ့သားနဲ့ .. မင်း .."





စိတ်တိုသလို ပြောမိပြီးမှ အေး ကို လှမ်းကြည့်ပြီး အသံပြန်လျှော့၍ လိုရင်းတိုရှင်းပဲ မှာလိုက်သည်။

"ဆောရီးကွာ .. ခေါင်းရှုပ်နေပြီဆို အလုပ်က ထပ်ရှုပ်လာတာ တမင် လုပ်ကြံထားသလိုပဲ .. ဖြစ်လိုက်တိုင်း အဲဒီလိုချည်းပဲ .."

"ဖြစ်တတ်ပါတယ် ကိုကောင်း ရဲ့ .. ဒါနဲ့ ကိုကောင်း စန္ဒာ့ ကို 'ဆောရီး ..'ပြောတာ နှစ်ခါရှိပြီ .. ဘာတွေ ဒီလောက် အားနာနေတာလဲ .."

"ဩော် .. ကိုယ် ဒီလောက် မဟုတ်ဘဲနဲ့ မင်းကို သွားခေါ်လာလို့လေ .. ခေါင်းတွေ ကိုက်နေပေမယ့် ဆေးသောက်ထားပြီးပါပြီ .."

"ကိုကောင်း က နှာခေါင်းသံတွေ ပါနေတာကိုး .. အဲ့ဒါကြောင့် နေမကောင်းဘူးလို့ ထင်သွားတာပေါ့ ..၊ လာပါ .. စန္ဒာ ရောက်လာမှ တော့ လူနာကို မစမ်းမသပ်ဘဲ မပြန်ပါရစေနဲ့ .."

"မဟုတ်ဘူး အေး ရယ် .. ကိုယ် ဘာမှ မဖြစ်တော့ဘူး .."

နောက်ထပ် ငြင်းနေလို့ မကောင်းတော့သည်မို့ ဆိုဖာပေါ်မှာပဲ စမ်းသပ်ခံလိုက်ရသည်။ ဆရာဝန် ရှေ့မှာရှိနေလို့ တမင် ထဖြစ်တဲ့ရောဂါက အဖျားသွေး ရှိသည် တဲ့ ..၊

"အရက်သောက်ထားရင် အဲရ်ကွန်းနဲ့ နီးနီး မနေနဲ့နော် .. ဟိုအကြောင်း ဒီအကြောင်းတွေနဲ့ ပန်ကာလေလည်း မခံရဘူး .."

"ဟုတ်ပါပြီ .. မှတ်ထားပါ့မယ် .."

"ကိုကောင်း က ရွှဲ့တာလား .."

"မဟုတ်ပါဘူး .. ရယ်တော့ ရယ်ချင်နေတယ် .. ပြီးတော့ အားနာတယ် .."

"လာပြန်ပြီ .."

"ဟုတ်တယ် .. ကိုယ် ဘာမှ မဖြစ်တော့ဘူးလေ .. အရက်သောက်လို့ ခေါင်းကိုက်တာကို ဆရာဝန် ပင့်ရတယ်ဆိုတာ ကိုယ့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြားရင် ဘယ်လောက် ရယ်ကြမလဲ မသိဘူး ..”

“ဒါကတော့ ကိုကောင်း ရယ်.. အရက်မသောက်ခင်က အကောင်းပဲ .. သောက်ပြီးမှ အရက်ကြောင့် မြန်းဒိုင်းဆို သေသွားကြတဲ့လူတွေလည်း အများကြီး ရှိတာပဲ ..”

အေး က ပြောနေရင်း အပြာနုနု ဖြူဖတ်ဖတ်လေး လွင်နေသော ညှိခန်းတစ်ခုလုံးက ဒက်ကရေးရှင်းကို လှည့်ပတ်ကြည့်သည်။

“ဒီတိုက်လေးကို အမြဲ မြင်နေပေမယ့် အထဲကို ခုမှပဲ ဝင်ဖူးတာ.. ထပ်ခွဲလေးကို ကြောင်လိမ်လှေကားလေးနဲ့ဆိုတော့ ချစ်စရာလေးနော်.. ခေါင်းမိုးပေါ်မှာ ချင်း ကစားနေတာလည်း လှမ်းမြင်ဖူးတယ် ..”

“ဒါက သူ့အတွက် သီးသန့် အပန်းဖြေဆောင်လေ .. လူကြီးတွေက ကိုယ်နေဖို့ စီစဉ်လိုက်တော့ .. ချာတိတ်က သိပ်မကြည်ဘူး ..”

ပြောရင်းရယ်တော့ အေး ကလည်း ပြုံးနေကာ ဆေးတွေ ထုတ်ပေးရင်း ...

“ဒါလေးတော့ သောက်လိုက်နော် .. အကြီးကြီး မဖြစ်အောင် ကာကွယ်ရာလည်း ရောက်တယ် ..”

ဆေးကို သေချာ ချထားပေး၏။ ပြီးမှ ...

“ကိုကောင်း တို့က စေ့စပ်ပြီးနေတာတောင် အဆင်မပြေကြသေးဘူးလား ..”

“မပြေဘူးလည်း မဟုတ်ပါဘူး .. သူက နည်းနည်း စိတ်ဆတ်တယ် .. ကိုယ်ကလည်း မှန်တယ်ထင်ရင် အလျှော့မပေးဘူး .. အဲ့ဒါကြောင့် စကားပြောမိတိုင်း ငြိမိကြတာ များတယ် ..”

“ကိုကောင်း ကတော့ စိတ်ညစ်နေတဲ့ပုံ မရှိဘူးပဲ ..”

“ဘာညစ်စရာရှိလို့လဲ စန္ဒာ .. အဲ .. ဆောရီး နော် .. အားလုံးက အေး လို့ ခေါ်နေကြတာကို ကိုယ့်ပါးစပ်ထဲမှာ စန္ဒာ ပဲ ဖြစ်နေတာ .. ဘယ်သူေါတာ ကြားမိလို့လဲ မသိဘူး ..”





အေး က သွားလေးတွေ ပေါ်အောင် ရယ်ကာ ...

“ဘယ်သူ ဘယ်လိုခေါ်ခေါ်ပါ ကိုကောင်း ရယ် .. နာမည်ကလည်း အေးမြစန္ဒာ ပဲဟာ .. ပြီးတော့ အေး ကိုယ်တိုင်က တစ်ခါတစ်ခါဆို .. ‘စန္ဒာ’လို့ ပြောမိလိုက် .. ‘စံ’လို့ ဖြစ်သွားလိုက်ရယ် ..၊ ကိုကိုလည်း ဒီတိုင်းပဲလေ .. အေး လို့ပဲ နှုတ်ကျိုးနေပေမယ့် လူတကာနဲ့ မှားနိုင်တဲ့ နာမည်မို့လို့ သိပ်မကြိုက်ဘူးတဲ့ ..၊ စန္ဒာ လို့တော့ ခေါ်ပါတယ် .. ဒါပေမယ့် ခဏပဲ ..”

နာမည်ကြောင့် အကျယ်တဝင့် ရှင်းပြနေမိရင်း ချင်း နဲ့ ပတ်သက်တာတွေ ထပ်မပြောဖြစ်အောင် ကိုကောင်း လမ်းလွှဲလိုက်တာလားလို့ တွေးမိသေးသည် ..၊ ဒါပေမယ့် သူမ သိချင်နေတာ ရှိသည်။

“ကိုကောင်း ကို ချင်း က ဦးရက်မြတ်ကောင်း လို့ ခေါ်တာလား ..”

“ဟင်!...”

သူ ချက်ချင်း မျက်နှာပျက်၏။

“အင်း .. ဟုတ်တယ် .. ကိုယ်တို့ချင်းက မိဘတွေ စေ့စပ်ပေးမှ တွေ့ဖူးတာလေ .. အသက်အရွယ်ချင်းလည်း ကွာတယ် ..၊ တော်သေးတယ် .. ဦးလေး လို့ မခေါ်လို့ ..”

ဒီလောက်တောင် ကွာတာမှ မဟုတ်ဘဲ ..၊

တမင် ကာကွယ်ပြောနေတာကို သိနေသဖြင့် အေး တစ်ခုခုကို နားလည်သွားခဲ့သည်။

ချင်း အပေါ်မှာ ကိုကောင်း ဘက်က ခွင့်လွှတ် ကြည်ဖြူနေခဲ့ခြင်း...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မဟုတ်တာ မမအေး ရယ်.. အဲဒါ သူ့ကို လူအထင်သေးမှာ စိုးလို့ ဟန်ဆောင်နေတာ .. ချင်း နဲ့ တွေ့ရင်ဖြင့် တစ်စက်လေးမှ ချိုချိုသာသာ မရှိဘူး .. ဘာပြောပြော အနိုင်မခံ မရှုံးမပေးဘဲ .."

ချင်း က သူမ ထင်မြင်ခဲ့သမျှကို တက်တက်စင် မှားယွင်းကြောင်း ပြောနေခဲ့၏။ ကိုယ့်ရဲ့တာဝန်ချိန် မဟုတ်ဘဲ ဆေးရုံနားနေခန်းထဲမှာ လာထိုင်နေခဲ့တာမို့ ချင်း က ဖုန်းဆက်ပြီး ရောက်လာတော့ အတော်ပဲ ဖြစ်သွားသည်။

'ညတုန်းက အဆင်ပြေလား' လို့ ကောက်ခါငင်ခါ စလာတော့ ချင်း တမင် လုပ်ခဲ့တာက ပေါ်လွင်သွားရကာ ..

"သူလည်း သူ့ခံစားချက်နဲ့သူ ရှိမှာပေါ့ မမအေး ရယ် .. ရန်ဖြစ်နေရပေမယ့် ချင်း လည်း နားတော့ လည်ပါတယ် .. အသက်ကွာတယ် ဆိုပေမယ့် သူကလည်း တစ်ဦးတည်းသော သားပဲ .. မာနကတော့ သေးသေးကွေးကွေး ဟုတ်ပါ့မလား .."





ဒီစကားကိုတော့ အေး လက်ခံမိသည်။ သူ့အကြောင်း ကိုထို တစ်ခါတလေ ပြောလာဖူးလို့ပါ ..။

"ဒီကောင်က စကားနည်းသလောက် စိတ်ဆတ်တယ် .. လိုအပ်ရင် လက်ပါဖို့လည်း မနေဘူး .. မိုက်ရူးရဲဆန်တာ မဟုတ်ဘဲ သတ္တိရှိတာ ထင်တယ်.. ကိုကိုတော့ ဒီကောင့်စိတ်ကို ရေရေလည်လည် သဘောကျတယ်" တဲ့ ..။

ကိုကိုက ညီမနဲ့ သံဘောတူပြီး စိတ်ကူးတွေနဲ့ ပုံဖော်ခဲ့သည်။ ကိုကောင်း တို့ကို အိမ်ခေါ်လာပြီး ဝင်ထွက်ရင်းနှီးကြဖို့လည်း ဖန်တီးခဲ့၏။

ဒါပေမယ့် ဘွားတော်က နည်းနည်းလေးမှ ကြိုဆိုဖို့ ခွင့်မပြု ..။

"ကိုယ့်မှာ ညီမနဲ့ .. ဘယ်ယောကျ်ားလေး သူငယ်ချင်းကိုမှ အိမ်ခေါ်မလာရဘူး .. အနားမှာ ကိုယ့်နှမ ပါလာရင် ဘယ်သူငယ်ချင်းကိုမှ နှုတ်မဆက်နဲ့ .."

စသဖြင့်သော စည်းကမ်းတို့ဖြင့် အေး ရဲ့ဘဝက ကျောင်းစာမှလွဲ၍ သူငယ်ချင်းမရှိ .. နယ်ပယ်မရှိ ..။ ဒါတွေကို အဆုံးသတ်ဖို့ အချိန်တန်လာတော့လည်း ကိုယ်ကိုယ်တိုင်က လူကြီးတွေ ထုဆစ်ခဲ့တဲ့အတိုင်း ပုံပေါ်နေပါပြီ ..။

မရှက်တမ်း ပြောရလျှင် ပြုံးပြ ခေါ်ပြောဖူးရုံ ကိုကို့သူငယ်ချင်းတွေထဲမှာ ကိုကောင်း ကို အေး စိတ်ဝင်စားမိသည်။

ပြုံးပြလိုက်တိုင်း ပါးချိုင့်ရှည်တို့ ထင်းနေသော နှုတ်ခမ်းလွှာတို့ကို မျှော်ကမ်းရနိုင် ..။

တခြားယောကျ်ားတို့နှင့် မတူသော မျက်ခုံးတန်း ထူနက်နက်တို့သည် အနေတော် ကျယ်ပြန့်သော နဖူးပြေပြေနှင့် ကြည့်ကောင်း၏။

ရှေ့က ဆံပင်တွေကို လက်တစ်ဖက်နဲ့ နောက်ရောက်အောင် ဖိသိပ်တင်ရင်း ရယ်နေတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ အစအနောက်သန်လို့ စိတ်မရှည်ပုံ ပေါက်လာရင်း မျက်တောင်ဖျားတွေ မေးစင်းကြည့်လျက် မချိုမချဉ် ပြုံးသည့်အခါ…

သူ့မျက်နှာ … သူ့အပြုံးတို့ကြောင့် တစ်ညလုံး လူးလူးလိမ့်လိမ့်နှင့် အိပ်ပျက်တဲ့အထိ ရင်ခုန်သံတွေ ဖြစ်ခဲ့ဖူးတာတွေလည်း အမှတ်တရ…၊

ကိုကိုက သဘောတူတာတွေ ချစ်စနိုး စနောက်ပြောနေပေမယ့် ကိုယ်ကတော့ သူ့ကို ညီမလေးလည်း 'ချစ်တာပဲ' လို့ မပြောရဲ …။

သဘောကျသည့် အကြည့်လေးတစ်ချက်နဲ့တောင် သိသာအောင် မနေရဲခဲ့သည့်အဖြစ်တွေ …၊

သူနဲ့ နီးစပ်ခွင့်မရှိခဲ့ရခြင်း အကြောင်းတို့သည် တက္ကသိုလ်တက်ပြီဆိုတည်းက အဆောင်မှာပဲ နေခဲ့သည့် ကိုကို နဲ့ ဘွားတော်တို့ရဲ့ ကွဲပြားခြားနားခဲ့ကြခြင်းကြောင့် ဆိုရင်လည်း မမှား …၊

ခုတော့ သူလည်း စေ့စပ်ပြီးခဲ့ပါပြီ …။

"စေ့စပ်ခဲ့ကြတယ်ဆိုပေမယ့် သူကလည်း လက်မခံနိုင် …၊ ချင်းကလည်း သဘောမတူနဲ့ လူကြီးတွေကွယ်တာနဲ့ စကားများကြတာပဲ…"

သူမရဲ့ အတွေးတွေကို နောက်ဆက်တွဲ ချိတ်ပေးလိုက်တဲ့အတိုင်း ချင်း ရဲ့စကားသံက နားစည်ကို တိုးဝင်လာ၏။

"မမအေး နဲ့ သူ သိနေကြမှန်း ချင်း လုံးဝ မသိဘူး … ဆံပင်ရှည်ပြီး ကျက်သရေရှိရှိ လှတဲ့ မိန်းမမျိုး သူ့မျက်လုံးထဲ တိုးတာ တစ်ယောက်ပဲရှိတယ်လို့ ပြောဖူးတာလေ … အဲ့ဒါ မမအေး ကို မြင်မှ သူ ဘယ်သူ့ကို သတိရပြီး ပြောနေမှန်း သိတာ …"

"ချင်း ရယ် … မဟုတ်က ဟုတ်က …"

"တကယ်ပြောတာ … ချင်း ကတော့ ဆံပင်သာရှည်တာ ခန့်ခန့်ညားညား မရှိဘူး … စကားပြောတာ ကလက်တယ် ဘာညာနဲ့ သူပဲ ကဲ့ရဲ့တာ …"

"သူက အဲဒီလိုတွေ ပြောတတ်လို့လား …"





"အစက မပြောတတ်ပေမယ့် ချင်း ကို ဒေါသထွက် စိတ်ပျက်အောင် တမင်ပြောတာလည်း ဖြစ်နိုင်တာပဲ … ချင်း ကလည်း မိဘတွေကို တစ်ခါမှ တော်လှန်ခဲ့တာ မဟုတ်လို့ ငြိမ်ဝပ်ပိပြားနေရတာ … သူနဲ့ စကားများပြီးတိုင်း ရင်ထဲမှာ တဆစ်ဆစ်ပဲ …"

ချင်း တကယ့် ခံစားချက်တွေနဲ့ ပြောနေတာမို့ ဒေါသတွေ ပါနေတာကလည်း အစစ်အမှန်ပဲ ဖြစ်၏။ လူကို စကားပြောတာ မကလက်နဲ့လို့ သူ တကယ်ပြောခဲ့သည်။

မင်းပုံစံကို နားကို မလည်တော့ဘူး … လို့ ပြောတာကရော …၊

"သူ့ကို ချင်း အရမ်းမုန်းတယ်…"

ရင်ထဲကအတိုင်း ပြောပစ်လိုက်မိကာ …

"မမအေး တို့က မိတ်ဆွေတွေပေမယ့် အစ်ကို့သူငယ်ချင်းဖြစ်နေတာတွေ … စရခက်နေတာတွေနဲ့ ပွင့်လင်းခွင့် မရခဲ့ကြတာမို့လား …"

"အဲလို မဟုတ်ပါဘူး … သူကလည်း …"

"ချင်း ခန့်မှန်းကြည့်တာပါ … ဘာပဲဖြစ်ဖြစ် အခု နီးနီးလေးမှာ ပြန်ဖြစ်လာကြတာ ချင်း နဲ့ နီးစပ်ဖို့ မဟုတ်ဘူး … မမအေး နဲ့ပဲ …"

"ချင်း …"

"မမအေး ကလည်း … ရင်ထဲက စကားသံကို မျက်လုံးကလည်း ကြားရပါတယ် … ချင်း နဲ့ သူ ပါးစပ်က မငြင်းကြပေမယ့် ရင်ထဲက မလိုလားတာတွေကို မျက်လုံးတွေမှာ မြင်နေရတာ … ပြီးတော့ ကိုယ်ကြိုက်တာ တွေ့ရင် တွေ့တဲ့ဘက်က စဖျက်ကြေးလို့ စိန်ခေါ်ထားပြီးသား …"

ဒါကတော့ မှသား ပါသွားပါပြီ …၊ ဒါပေမယ့် မတတ်နိုင် …၊

"ချင်း က မိန်းကလေးမို့လို့ မိဘစကား မနာခံတဲ့ဘက်မှာ စပြီး မရပ်တည်နိုင်ဘူး … အဲဒါကြောင့် သူ့ဘက်မှာ ချစ်သူရှိဖို့ လိုတာ … ယောကျ်ားလေးဆိုတဲ့ အမျိုးကတော့ မျိုးသိပ်မှာ မဟုတ်ဘူးလေ … သူ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်လာတာ တွေ့ရင် ဘာဖြစ်ဖြစ် လုပ်မှာပဲ ..."

"ချင်း ရယ် .. ညီမ ထင်သလိုလည်း မဟုတ်ပါဘူးကွာ .. သူနဲ့တို့က အဲဒီလို အခြေအနေ ဖြစ်ကြဖို့ထိ မရင်းနှီးခဲ့ကြဘူး .. ကိုကောင်းကလည်း တည်ကြည်တဲ့လူပါ .. ညီမကိုတော့ ကလေးဆန်တယ်ထင်ပြီး စိတ်တိုင်းမကျတိုင်း ဆူငေါက်မိတာမျိုး .."

"သူ စိတ်တိုင်းကျမှာက မမအေး လို ရင့်ကျက်တည်ငြိမ်ပြီး ယဉ်စစ လှနေတဲ့ မိန်းကလေးမျိုးမှ ဖြစ်မှာလေ .. ချင်း အဲဒီလို ဖြစ်ဖို့ဆိုတာ မမအေး လောက် အသက်ရှိလာရင်လည်း မသေချာဘူး .. ဘာဖြစ်လို့လဲဆိုတော့ ချင်း က လွတ်လပ်ပေါ့ပါးတာကိုပဲ ကြိုက်တဲ့ သူ .."

"ဒါဆို ဆံပင်တွေကျတော့ ဘာဖြစ်လို့ ဂရုစိုက် ပြုစုထားတာလဲ..၊ ချင်း ရဲ့ ဆံပင်တွေက အရမ်းလှတာပဲ .."

"အဲ .."

ဆံပင်တွေ ရှည်နေတာကိုတော့ သဘောကျပေမယ့် ...

"မေမေတို့ အကြိုက်လေ .. မေမေနဲ့ ဖေဖေက ဆံပင်ဖြတ်တာကို မကြိုက်ဘူး .. ဓာကြီး က ဆံပင်ကို စောင့်ရှောက်ပေးတယ် .. ချင်း က ကြည်ဖြူစွာ ထမ်းထားပေးရုံပဲ .."

"အဟွန်း .. ဟွန်း .."

အေး က နှုတ်ခမ်းလေးရှေ့မှာ လက်လေးကာပြီး ရယ်သည်။ ဒါပေမယ့် သွားစွယ် သွားထပ်တွေ လိုတာထက် ပိုနေသော သူမ နှုတ်ခမ်းတွေရဲ့နောက်ကို ချင်း သေချာ မြင်နေရသည်။

ဒါကြောင့် သူမ ရယ်လိုက်တိုင်း နှုတ်ခမ်းရှေ့မှာ လက်ကာပြီး ရယ်တာလား .. ဒါမှမဟုတ် အကျင့်ပါနေခဲ့သည့် ဣန္ဒြေသိက္ခာနဲ့ ရယ်ခြင်းမျိုးလား ...၊

ရယ်လိုက်တဲ့အခါ သူမ မျက်နှာလေး အလှပျက်သွားတာတော့ သေချာ၏။





"အခု ချင်း ဒီကိုလာတာ .. တခြားကိစ္စများ ရှိသေးလား .."

"ဟင့်အင်း .. ချင်း ပြန်ရတော့မလား ဟင် .. မမအေး ချင်းကြောင့် အလုပ်ပျက်နေတာလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် ဟို .. ဘယ်လိုပြောရမလဲ .. ရေစစ်ထားတဲ့ ယောက်ျားတစ်ယောက်အကြောင်း သူ့ကောင်မလေးရဲ့ရှေ့မှာ ပြောနေရတာကျတော့ စိတ်ထဲမှာ တစ်မျိုးပဲ .."

"သူ့ကောင်မလေး မဟုတ်ပါဘူး .. ချင်း တို့က ဘာမှ မဆိုင်ဘူး..၊ ကိုယ်ချစ်တာ ကိုယ်ရွေးကြေးလို့ ပြောထားကြပါတယ်ဆိုမှ ချင်းကတော့ သူ့ဘက်က စပြီး ဖျက်ချင်လာအောင် ကြိုးစားရမှာပဲ .. အဲဒါကလည်း သူချစ်ရမယ့်သူ တွေ့လာမှ ဖြစ်မှာဆိုတော့ .."

"အဲဒီလူက တို့ ဖြစ်မယ်လို့ ညီမက ဘာဖြစ်လို့ ထင်ရတာလဲ.."

"မမအေး အကြောင်းကိုပဲ သူ ပြောနေလို့ပေါ့ .."

"ဘယ်လို!..."

"အစက သူ မမအေး တို့အိမ်နဲ့ ကပ်နေမှန်း မသိဘူး ထင်တယ်.."

"ဟုတ်တယ် .. နေရာ ဘယ်မှာဆိုတာတော့ သိချင် သိမှာပေါ့.. တစ်ခါမှ မလာဘူးဘဲနဲ့ ကိုကိုတို့နဲ့ ကွဲကွာသွားကြတာလည်း ကြာပြီဆိုတော့ အမှတ်တမဲ့ သိထားတာက မေ့သွားနိုင်တာပဲ .."

ချင်း ကသာ ကိုကောင်း ဒီဘက်အိမ်မှာ ရှိတာကျတော့ မမအေး ဘယ်လိုလုပ် သိတာလဲ မေးလာခဲ့ရင် သူမမှာ အဖြေမရှိပေ ...။

ရက်မြတ်ကောင်း ကို ဒီခြံမှာ ဝင်ထွက်နေတာ မြင်လိုက်လို့ ကိုယ့်ဘာသာ စုံစမ်းပြီး ဘုရားကိုးဆူဖိတ်ဖို့ ကိုယ့်ဘာသာ ကြိုးစားခဲ့ရတာတွေ ...၊

ဖိတ်ပေမယ့် သူ ရောက်မလာတာတွေ .. ရောက်မလာခဲ့ပေမယ့် ချင်း နဲ့ ဓေ့စပ်တော့မှာကိုပါ သိလိုက်ရသော်ငြား သူ့ဘက်က မကျန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော မျှော်လင့်ခြင်းလက်ကျန်တွေနဲ့ ဒီနေ့ထိ ခေါ်ပြောမပျက် ရှိခဲ့ရတာတွေ ..၊

ကိုယ့်ရင်ထဲကအကြောင်း ကိုယ့်ဘာသာ တွေးရင်း သက်ပြင်းခိုးချမိသည်။

တကယ်တော့ သူမ မျှော်လင့်နေဆဲသာ ..၊

"ဒီလိုလေ .. မမအေး နဲ့ ချင်း တို့ ရင်းနှီးကြတာ မြင်မှ သူ့မျှော်လင့်ချက်တွေ ပြန်ပြီး ရှင်သန်လာတာလားလို့ပါ ..၊ မမအေး အကြောင်းတွေ ပိုပြောလာတာက သိသိသာသာကြီး .."

အေး ကို အကဲခတ်၍ ရက်မြတ်ကောင်း အပေါ်မှာ တကယ်ယိမ်းယိုင်နေမှန်း သိသာလာလေ .. ချင်း က ရှေ့တိုးပြောဖို့ ကြိုးစားလေ ..၊

"အန်တီသက် ကိုယ်တိုင် ချင်း ကို နှာခေါင်းရှုံ့ချင်နေပြီ သိလား.."

"ဟင်!..."

"ဟုတ်တယ် .. ဒါက ဂုဏ်ယူစရာတော့ မဟုတ်ပါဘူး .. မဟုတ်ပေမယ့် သူ့သားနဲ့ သဘောမတူတော့ပါဘူးဆိုပြီး ပြန်ရုတ်သိမ်းသွားရင်တော့ မျှော်စရာကြီးလေ .. အဲ့ဒါကြောင့် ချင်း နေထိုင် ဝတ်စားတာ.. သွားလာတာတွေ ဘယ်သူ သဘောကျကျ မကျကျ လုံးဝ ဂရုမစိုက်ဘူး ..၊ ဒါပေမယ့် .."

ပြောနေရင်း အေး ကို ဖျတ်ခနဲ ကြည့်ကာ ...

"မမအေး ပုံစံလေးဆိုရင်တော့ အန်တီသက် က သဘောကျမှာပါ .."

"လုပ်လာပြန်ပြီ ချင်း ရယ် .. လူကြီးတွေက ကလေးကလားစီစဉ်ကြတာမှ မဟုတ်တာ .. ချင်း တွေးနေသလိုတွေ ဟုတ်မယ် မထင်ပါဘူး .. သူတို့ကိုယ်တိုင် ချင်း ကို တကယ် ချစ်ခင်စိတ်ရှိလို့ သားနဲ့ လက်ထပ်ပေးဖို့ စီစဉ်တာပေါ့ .."





"အကြိုက်ဆုံးဆိုတာ ရှိမလာသေးခင် အဆင်ပြေရင် ပြီးတာပဲလို့ ကျေနပ်လိုက်ရတာမျိုးပါ ..၊ ချင်း သိပါတယ် .. အန်တီသက် ကိုယ်တိုင်က ဆရာဝန် .. အန်ကယ်လ်စော က အင်ဂျင်နီယာလေ .. သူ့သားကိုလည်း အဲဒီလို လိုက်ဖက်တင့်တယ်တာလေးနဲ့ တွဲပေးချင်မှာပေါ့ .. မမအေး ကိုသာ မြင်လိုက်ရင် သူတို့ အရမ်း နောင်တရသွားကြမှာ .. အဲဒီကျမှ နောင်တရရင်လည်း နောက်မကျသေးပါဘူးဆိုပြီး ချင်း က လမ်းဖွင့်ပေးလိုက်ရုံပဲ .."

"နေပါဦး .. ဒါတွေပြောပြီး ချင်း က တို့ကို ဘာလုပ်စေချင်နေတာလဲ .."

ချင်း က အေး ရဲ့လက်ခုံလေးပေါ်မှာ ထပ်ကိုင်ပြီး ရယ်ကာ ...

"ဘာမှ မလုပ်ရပါဘူး မမအေး ရဲ့ .. ချင်း ပြောသလို တကယ်ကြုံလာရတဲ့အခါကျရင် မမအေး တအံ့တသြကြီး ဖြစ်မနေအောင် ဒါက ဒီလိုရှိနေတယ်ဆိုတာတွေကို ပြောပြထားတာ .. မမအေး တို့ရဲ့ မျိုးသိပ်ခဲ့ရတဲ့ သံယောဇဉ် နှောင်တွယ်မှုတွေကို ချင်း ဘာသာ ပွင့်အံလာအောင်လုပ်မှာ .. ရှောင်ခွင့် မရှိဘူး .."

"မဟုတ်သေးဘူး ချင်း .. အဲဒီလို မလုပ်သင့်ဘူး .. တို့က .."

ချင်း က ရယ်ကာမောကာ နှုတ်ဆက်ပြီး ဟိုပြော ဒီရောနှင့် ထပြန်သွားခဲ့သည်။ ထိုနေ့က အိမ်ပြန်ရောက်လို့ ကိုယ့်တစ်ယောက်တည်း နေခွင့်ရပြီဆိုတာနှင့် အေး စိတ်ကူးတွေထဲမှာ သူ ..၊

ချင်း ပြောသလို ကိုယ့်အပေါ်မှာ သူ တကယ် ညှိုသို့ ရှိခဲ့တာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟလို .."

"ဦးရက်မြတ်ကောင်း .."

ချင်း အသံကြားမှ ဖုန်းကို အံ့သြသလို ပြန်ကြည့်မိသည်။

သူ့ ရုံးဖုန်းကို ချင်း ဘယ်လို သိနေတာလဲ ..၊

"ပြောလေ .."

"အခုချက်ချင်း ရွှေအိမ်စည် ကို လာခဲ့ပေးစမ်းပါ .."

"ဘယ်က ရွှေအိမ်စည် လဲ .. ဘာလုပ်ဖို့လဲ ..၊ ကိုယ် မအားဘူး.."

မအားတာက တကယ်ပဲ ဖြစ်သည်။ အလုပ် ထလုပ်ဖို့ မပြောနဲ့ ဖုန်းတွေ တစ်ကောလ်ပြီး တစ်ကောလ် ဝင်လာနေလို့ ပါးစပ်တောင် အနားမရသေးပေ ..၊

"ရှင် ဒီမှာ သူများ ဒုက္ခရောက်နေတာကို မအားဘူးလို့ ပြောတယ် ဟုတ်လား .."

"ဘာဖြစ်နေလို့လဲ .."





"ဒီမှာ ညှော်သည်ကို သေချာဖိတ်ပြီး ကျွေးမွေးထားတာတွေ ရှင်း ခါနီးမှ ပိုက်ဆံအိတ် ပါမလာဘူး .."

"ဘာ!..."

မအားလို့လည်း ရှောင်လို့ မရ ..၊

သူ ပိုက်ဆံအိတ်ကိုင်ပြီး ချက်ချင်း ထွက်လာခဲ့ရသည်။ တစ်မြို့လုံး အနှံ့ သူမက တိုင်းခန်းလှည့်လည် စားသောက်ဖူးပေမယ့် သူကတော့ 'ရွှေအိမ်စည်'စားတော်ဆက် ဆိုတာကို မနည်း ရှာဖွေပြီး လာခဲ့ရ၏။

အထဲရောက်တော့ သူမ ပြောပြသည့် စားပွဲနံပါတ်မှာ ထိုင်နေတာ အေးမြစန္ဒာ တစ်ယောက်တည်း ..၊

"စန္ဒာ .."

"ဟင်!... ကိုကောင်း .."

သူမကလည်း နာရီလေး ငုံ့ကြည့်နေတုန်း ဖျစ်ခနဲ မော့လာကာ ဝမ်းသာအားရလည်း ဖြစ်သွားပုံ ပေါ်၏။

"ကိုကောင်း တစ်ယောက်တည်းလား .. ဘယ်သွားမလို့လဲ .."

"အင်း .. ဟိုလေ .. ဩော် .. အပြင်မှာ ကားတွေ့လို့ ချင်း ရှိတယ် မို့လား .."

သူ စကားတွေ မှားကုန်တာက ချင်း လှမ်းခေါ်သည့်ကိစ္စကို အေး မသိသေးမှန်း ရိပ်မိလိုက်လို့ပါ ..၊ ဒါပေမယ့် အေး ကတော့ စကားတွေ ထစ်ငေါ့နေသည့် သူ့ကို နားလည်သည့် အပြုံးလေးနှင့် ...

"ရှိတယ် ကိုကောင်း.. ထိုင်လေ .. သူ ခုနလေးတင် ထသွားတာ.."

စားပွဲပေါ်မှာ မှာထားတာတွေက အလျှံပယ် ..၊

ဘယ်ဟာမှလည်း ဟုတ်တိပတ်တိ စားထားတာ မတွေ့ ..၊

"တခြားညှော်သည်တွေများ ရှိနေလား စန္ဒာ .. ဒါတွေက.."

"အယ် .. မရှိဘူး .. မရှိပါဘူး ..၊ ချင်း လေ .. တော်ပါပြီဆိုတာကို အများကြီး မှာလိုက်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်မှာမှာ ပိုက်ဆံအိတ် မပါဘူးဆိုတာ မဖြစ်နိုင်ပါ..၊ အေးမြစန္ဒာ ကို မြင်လိုက်တည်းက ချင်း တမင် လုပ်တာပဲဆိုတာကို နားလည်ပြီးသား ..။

ဒါပေမယ့် သူ ဒေါပွလိုက်တာနှင့် စန္ဒာ သိက္ခာကျတော့မှာ ဖြစ်သည်။

နံမှာ ဝင်ထိုင်လိုက်ရင်း စိတ်တို့ ဗုန်းဗုန်းကျ၏။

ဒီကောင်မလေး ဘာတွေ လျှောက်နေတာလဲ ..၊

"ကိုကောင်း လို အလုပ်ရှုပ်နေတဲ့လူက တကူးတက ရောက်လာတယ်ဆိုတော့ ဂုဏ်ယူစရာပဲ .. ဘာစားမလဲ ဟင် .. ဒါတွေ သိမ်းနိုင်းလိုက်ပြီး .."

"နေ .. နေ .. မစားတော့ဘူး စန္ဒာ .. ချင်း ဘယ်ထသွားတာလဲ.."

"တွိုင်းလက် ထင်တယ် .. အဲ .."

ပြောလို့မဆုံးခင် ဖုန်းသံ ဝင်လာသဖြင့် ကောင်း မျက်မှောင်ကုတ်သွားသည်။ ထုတ်ကြည့်လိုက်တော့ ထင်သည့်အတိုင်း ချင်း ဆီကပဲ ဖြစ်နေကာ ...

"ခဏလေး နော် စန္ဒာ .."

အပြင်ကို ထထွက်လာခဲ့ရင်း ...

"မင်း အခု ဘယ်မှာလဲ .."

"အမလေး လေသံကလည်း နားဝင်ဆိုးလိုက်တာ .."

"မင်းကို နားဝင်ချိုအောင် ပြောဖို့ လာတာ မဟုတ်ဘူး .. စန္ဒာ ကို ဒီနေရာရောက်အောင် မင်း ဘယ်လိုစိတ်ကူး ကြံစည်ပြီး ခေါ်ထုတ်လာခဲ့တာလဲ .."

"ဦးရက်မြတ်ကောင်း အတွက် လုပ်ကြံ ဖန်တီးထားတယ်လို့များ ထင်လို့လား .. ဟွန်း .. ဒီမှာ ပိုက်ဆံအိတ် တကယ် ကျန်ခဲ့လို့ .."

"အဲ့ဒါနဲ့ စန္ဒာ ကို ထားပြီး မင်း ထွက်ရလား .."





"ရှင်က မမအေး ကို တစ်ယောက်တည်း ထားခဲ့လို့ တင်းနေတာလား .."

"လင်းလင်းချင်း .."

"ဟုတ်တယ် .. ကျွန်မ .. အခု ကျွန်မဖုန်း ပိုက်ဆံကုန်တော့မယ်.. ရှင် အချိန်မီ ရောက်လာပါ့မလားလို့ ရင်ပူပြီး ကျွန်မ ထွက်စောင့်နေတာ .. ရှင်က တောင်ဘက်က ပါကင်မှာ ထိုးလိုက်တော့ လွဲသွားတယ်.. ရှင် ဝင်သွားတာ မြင်လိုက်လို့ ပြန်လိုက်မလာချင်တာနဲ့ အခု ပြန်ပြီ ..၊ ဒါပဲ မရှင်းတာရှိရင် နောက်မှ မေး .."

ဖုန်းချသွားလိုက်တာ တီခနဲ ..၊

သူ့မှာသာ အထဲပြန်မဝင်ခင် ဒေါသတွေ အားပါးတရ ဖောင်းပွပြီး ကုန်စင်အောင် ပြန်မျိုချရသည်။ ပိုက်ဆံ တကယ်မပါတာလား .. လုပ်ကြံ ဖန်တီးသွားတာလား .. ဒါကိုလည်း တွေးချိန် မရတော့ပါ ..။

ပြန်ဝင်သွားရင် ချင်း ဘယ်ရောက်သွားလဲဆိုတာ သူက မေးရမှာလား .. စန္ဒာ က မေးလာနိုင်သလား ..။

သိပြီးသားကြီးကို ယုတ္တိရှိရှိ လိမ်ညာဖြီးဖြန်းဖို့ သူ့မှာ သတ္တိ မရှိပေ..၊ ဒါဆို ချင်း ပျောက်သွားတာကို စန္ဒာ က ဘယ်လိုထင်မလဲ ..။

"ချင်း ပြန်ရောက်မလာဘူး ကိုကောင်း .."

အထဲဝင်လာပြီး ထိုင်ချလိုက်တာနဲ့ အေး ရဲ့စကားကြောင့် မျက်နှာပူသွားသည်။ ချင်း တမင် လုပ်သွားတာလို့ ထင်ပြီး ဒေါကန်သွားဖို့ရှိကာ ...

ချင်း နဲ့ သူ ဇာတ်တိုက်ပြီး အဝင်အထွက်တွေ ချိတ်ဆက်ထားတယ်လို့ ထင်သွားရင် မျောပြီ ..။

သူ စိုးရိမ်နေသည့် အခြေအနေ အကြောင်းအကြောင်းတွေသာမှ ဖြစ်မလာခဲ့ဘဲ အေး က ပြုံးနေလျက် ...

"ခုန ဖုန်းဆက်တာ ချင်း ဆီကများလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ဩော် .. ဟိုလေ .. ဂိုဟေဘင်း စန္ဒာ ကိုများ အားနာနေတာလားလို့ .."

"ဟုတ်တယ် .. အဲ့ဒါ .."

သူ မညာချင်ပေမယ့် ဘာပြောရမှန်းလည်း မသိ ...

"ဒီနေ့က ချင်း ရဲ့ အင်္ဂလိပ်လို မွေးရက်တဲ့ ... သူက မြန်မာနေ့ရော အင်္ဂလိပ်နေ့ပါ တစ်နှစ်ကို နှစ်ခါ မွေးနေ့လုပ်တာတဲ့ ... မဖြစ်မနေ လာပါဆိုလို့ စန္ဒာ လာခဲ့တာ .."

ဒါ တကယ် ဟုတ်သလား .. မဟုတ်ဘူးလား .. ဘယ်သူက သိမှာလဲ ...

ချင်း ဆိုတဲ့ ကောင်မလေး မဟုတ်ကဟုတ်ကတွေ လုပ်သွားတာမှန်း သိသိကြီးနဲ့ တရားဝင် ကြေညာပြီး လှည့်ထွက်သွားတဲ့ပုံက ရွံစရာကောင်း ... ခက်နေ၏။

သူမ ဘာတွေ ဆက်ကြံနေမလဲဆိုတာ စိတ်မဝင်စားဘဲ နေလို့ မရတော့ဘူး ထင်သည်။

မျက်နှာသည် ဒေါသတွေနဲ့ မှုန်မှိုင်းသွားလိုက်.. အေး မျက်နှာနဲ့ ဆုံမိတော့ ပြုံးဖို့ ကြိုးစားလိုက်နှင့် ...

ပန်းနှစ်ပွင့်နဲ့ သူ့အဖြစ် ...



## အခန်း (၂၁)

ခြံထဲကို ဆင်းထွက်လာခဲ့သည့် သူ့ခြေလှမ်းတွေက ချင်း ဖုန်းပြောနေသည့်အသံကြောင့် နေရာမှာတင် ရပ်တန့်သွားခဲ့၏။

"ဘာမဆို နင်ချည်းပဲ သိနေပါလား မီးမီး ရယ်.. တကယ်ပဲ ငါ သိချင်တာတွေ နင် သိနေတာကို ကျေးဇူးတင်ပေမယ့် အဲ့ဒါကိုတော့.."

"... ... ... ..."

"အေးပါ .. သူ့ဟာသူ KET မှာ ကျော်ကြားလေးရုံမကလို့ ဦးရက်မြတ်ကောင်း နဲ့ပဲ လက်တွဲနေနေ .. ငါတို့ စေ့စပ်ထားတဲ့ကိစ္စ လုံးဝ သွားမပြောလိုက်နဲ့နော် .."

"... ... ... ..."

"ဩော် .. မပြောပါနဲ့ဆိုမှ .."

"... ... ... ..."

"သူ အားငယ်သွားမှာ စိုးလို့ပါ .."

"... ... ... ..."

www.burmeseclassic.com



"အဲလောက်ထိတော့ မဟုတ်ပါဘူးဟယ် .. သူက အရမ်းချော တယ် .. ဒါပေမယ့် သူ့အလုပ်အတွက် မိဘက ဘာမှ ပံ့ပိုးမှု မပေးနိုင်ဘူး .."

"... ... ... ..."

"ဟုတ်တယ် .. အသိုင်းအဝိုင်းအင်အားကိုက မကောင်းခဲ့တာ .. ငါက အဲ့ဒါကြောင့် သနားတာပါ .."

"... ... ... ..."

"မီးမီး နော် .. သူများတကာကို အဲလောက်ထိ မနှိမ့်ချပါနဲ့ .. ဒါပဲ .. ဒါပဲ .. ညှော်ခံပွဲကို အတူတူ သွားမယ် .. ငါ့ကို လာခေါ် .."

ချင်း ဒီဘက်လှည့်လိုက်တာနှင့် ကောင်း က သူမ နားမှာ ရောက်နေပြီဖြစ်ကာ ...

"ဆောရီးပဲ .. အကုန်လုံး နားထောင်လိုက်မိတယ် .."

ချင်း က မျက်ခုံးလေးတွေ ညွတ်ကျသွားအောင် မျက်မှောင်ကုတ်ထားလိုက်ပြီး ...

"အောက်တန်းကျတဲ့အလုပ်ကို လုပ်မိရင် ဆောရီး ပြောပြီး ဝန်ခံလိုက်တာနဲ့ ပြီးသွားရောလား .."

"မင်းက မဟုတ်တာတွေ လုပ်တတ်လွန်းတော့ ဘာတွေ ပြောနေလဲ .. ဘာတွေ ကြံနေလဲဆိုတာ စိတ်မဝင်စားလို့ မရဘူး .. ဒီတစ်ခါတော့ KET ပါပေမယ့် တာ့ဂက်(ထ်) ပြောင်းသွားပုံပဲ .."

"ဘယ်လို ထင်လို့လဲ .."

"မော်ဒယ်လ် ဖန်ဆင်းရဲ .."

"သူက တာ့ဂက်(ထ်)တစ်ခု မဟုတ်ပါဘူး .."

ချင်း က ဖုန်းကို တစ်ဖက်မှာ ကိုင်ထားရင်း ဂါဝန်စလေးကို တစ်ဖက်က 'မ' ထားပြီး တစ်လှမ်းချင်း လျှောက်သွား၏။

အဝါနုရောင် ဂါဝန်အပါးသားလေးက ပခုံးချိုတ် လည်ဟိုက်လေး



ဖြစ်ကာ ရင်ရဲ့အောက်ပိုင်းမှာ တွန့်ရှုံ့ကပ်ချုပ်နေလျက် ခါးစပ်လေးမှစ၍ ခြေဖမိုးလေးပေါ်ထိ ဝေ့ဝေ့ဝဲဝဲလေး ပုံကျနေ၏။

ညနေခင်းနှင့် အဖြူရောင်ကောင်မလေး၏ အလှက သူ့မျက်လုံးတွေကို ဖမ်းစားနေခဲ့၏။ ပြီးတော့ ကောင်း ရဲ့နှုတ်ခမ်းအစုံမှာ ပြုံးယောင်သမ်းလျက် ...

"ရှင်က ဘာပြုံးနေတာလဲ .. ဖန်ဆင်းရဲ နဲ့ ချင်း ချစ်သူတွေ ဖြစ်နေလို့ ကျေနပ်သွားတာလား .."

"အဲဒီလို ဖြစ်နေတာ ကျေနပ်စရာ ကောင်းလို့လား .."

"မသိဘူးလေ .. ရှင်လည်း အဆင်ပြေချင်နေတာ ရှိတယ်ဆိုတော့.."

"အဆင်ပြေသွားအောင် မင်း လုပ်နေတာပါ .."

"ချင်း က အလိုက်တသိ ဆောင်ရွက်ပေးတာ .."

"ဘယ်သူက အဲဒီလို ဖြစ်ချင်တဲ့ရုပ် ပေါက်နေလို့လဲ .."

"မသိသာအောင် မျိုသိပ်နေမှတော့ အဲဒီရုပ် မပေါက်အောင်လည်း ဟန်ဆောင်လို့ ရမှာပေါ့ .. ဒီမှာ ရှင်နဲ့ မမအေး က သက်တူရွယ်တူ .. ပြီးတော့ ရှင် လိုချင်တဲ့ လှယဉ်ကျေးမယ်ပဲ .."

"အဲဒီတော့ .."

"သူကလည်း ရှင့်ကို မျှော်လင့်လာခဲ့ရှာတာ နှစ်ပေါင်း မနည်းတော့ဘူး .."

"တော်တော် စပ်စုထားတာပဲ .."

"ရှင် .. မစော်ကားနဲ့ နော် .."

"မင်းနဲ့တွေ့တာ ဘယ်နှစ်ခါလဲ .. သူနဲ့ ကိုယ် ဟိုအရင်တည်းက ခင်ခင်မင်မင် ပြောဆိုလာခဲ့ကြတာ .. မင်းလောက် ဘာမှ မသိဘူး .."

"ဒါတွေကို ရှင် သိဖို့ဆိုရင် သူက ရှင့်ကို ရည်းစားစကား လာပြောမှ ရမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကောင်း က သူမနားကို လျှောက်လာရင်း ရယ်ကာ ...

"ဒါဆိုလည်း သူ တကယ် မဟုတ်သေးလို့ မပြောခဲ့တာ နေမှာပေါ့ကွ .."

ကြည့်စမ်း ဒီလူ ..၊

"ကြိုက်မရှက် .. ငိုက်မရှက်တဲ့ ..၊ ဒါမျိုးဟာ ကာယကံရှင်ကိုယ်တိုင် ရင်ဖွင့်ပြမှ .. တစ်ယောက်ကလည်း နားလည်မှ .. ချစ်သူဖြစ်လို့ရတာ .. သူကလည်း မပြောခဲ့ဘူး .. ကိုယ်လည်း မသိဘူး ..၊ မင်းကျမှ သိတယ်ဆိုတော့ .."

"ချင်း က မိန်းမပဲ .. ရှင့်ကို ပြောလို့ မရတာတွေ မိန်းမချင်း ပြောလို့ ရတယ် .. ရှင် စကားကို ကပ်သပ်မပြောနဲ့ .."

"ဟား .. ဟား .. ဟား ..."

"ရှင် မရယ်နဲ့နော် .."

"ဘာလဲကွ .. ကိုယ့်ပါးစပ်နဲ့ ကိုယ် ရယ်တာ .."

"တောက်!..."

အံကြိတ် တက်ခေါက်ရင်း ဂါဝန်စလေးကို ဆတ်ခနဲ 'မ'၍ သူ့ရှေ့ကနေ ထွက်ခဲ့သည်။ ကောင်း က သူမပုံစံလေးကို ကြည့်နေပြီးမှ လက်ကို ဖမ်းဆွဲလိုက်ကာ ...

"နားထောင်သွားဦး .."

"ရှင့် .. အား!..."

အရှိန်နဲ့ ပြန်ပါသွားသည့် ကိုယ်က သူ့ရင်ဘတ်နဲ့ ရင်ချင်းကပ်မိမလို ဖြစ်သွားလျက် .. ဖိဆွဲခံလိုက်ရသည့်လက်က နာကျင်သွား၏။

"ရှင် .. လွှတ် .. လူကို အကြမ်းပတမ်းနဲ့ .."

ဒေါသဖြစ်ဖြစ်နဲ့ ဆောင့်ဆွဲ ရုန်းခါပစ်ပေမယ့် မရ ..၊

"လင်းလင်းချင်း .. မင်း .. ငါ့မျက်နှာကို သေချာကြည့်ဦး .."

"လွှတ်လို့ ပြောနေတယ် .."





ရုန်းကာမှ ပိုဆိုးကာ ချင်း ရဲ့ ပြည့်ဝန်းနုအိသော လက်မောင်းသားလေးနှစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်ထားခဲ့ပြီး မျက်နှာလေးကို စူးစိုက်ကြည့်၏။

"မင်း လုပ်နေတာတွေကို ရပ်တန်းက ရပ်လိုက်တော့ ချင်း .. မင်းက ငါ့ကို မလိုချင်သလို .. ငါကလည်း မင်းဖြစ်ဖြစ် .. ဘယ်မိန်းမဖြစ်ဖြစ် အခု လက်ထပ်ယူဖို့ စိတ်ကူးဖို့တောင် မအားဘူး .."

"ဟွန်း .."

"ဒါပေမယ့် မင်း ဒီ့ထက် ဆိုးလာရင် မင်းနဲ့ ငါ မြန်မြန်ဆန်ဆန် ညားသွားလိမ့်မယ် .."

"မြိမ်းခြောက်မနေစမ်းပါနဲ့ .. ရှင့်ကိုယ်ရှင် ဘာထင်နေလို့လဲ .."

ကောင်း က ကိုင်ထားသည့်လက်တွေကို လွှတ်၍ ခပ်နွဲ့နွဲ့ ခါးထောက်သည်။

"မင်း သိချင်ရင် စမ်းကြည့်လိုက်လေ .."

"စိန့်မခေါ်နဲ့ ဦးရက်မြတ်ကောင်း .. ကျွန်မမှာ အစက ချစ်သူမရှိခဲ့ပေမယ့် အခု ရှိတယ် .."

"ဖန်ဆင်းရဲ ကို ပြောတာလား .."

"ဟုတ်တယ် .. ကျွန်မက ကိုယ်နဲ့ သက်ဆိုင်ရာ ယူတူ .. ယမင်းမေ့ဟင်းမေ့ ထိုင်ပေးနေချင်အောင် ချောတဲ့ ယောကျ်ားကိုမှ ယူမှာ..၊ ရှင့်လို မချမ်းသာလည်း ရတယ် .. ရှင့်လောက် ပညာမတတ်ရင်လည်း ဖြစ်တယ် .."

ကောင်း က ဂရုမစိုက်သည့် မဲ့ပြုံးနှင့် ဆံပင်တွေ သပ်၍ ခေါင်းညိတ်သည်။

"အရာရာကို လိုချင်တိုင်း ရနေမယ်ဆိုရင် သောကဆိုတာ ဘယ်သူမှ ခံစားဖူးမှာ မဟုတ်တော့ဘူး .. ဖန်ဆင်းရဲ ကို မင်းဘက်က မြဲမြဲစိမ်းလိုက်တာနဲ့ အားလုံး အိုခေမှာပဲလို့ မင်း ထင်နေတာလား .."



www.burmeseclassic.com

www.burmeseclassic.com



ချင်း က ဂရုမစိုက်သည့် မျက်ဝန်းလေးတွေနှင့် ကြည့်နေကာ နှုတ်ခမ်းတို့က ပြုံးတော့မလို မဲ့တော့မလို ...။

"သူကလွဲရင် မင်းဘက်က ဘာကိုမှ မမက်မောနိုင်အောင် ဖြစ်ရင် ဖြစ်လိမ့်မယ် .. သူကတော့ မင်းနဲ့ယှဉ်ပြီး ရွေးချယ်ရဖို့တွေ ရှိနေမှာပဲ.. အဲဒါကို လက်ခံလား .."

"အဲ့ဒါတွေက ရှင့်အပူ မဟုတ်ပါဘူး .. ကျွန်မနဲ့လည်း မဆိုင်ဘူး.. ဒါက သူ့အပိုင်း .."

"ကိုယ့်ရှေ့မှာ မင်းက သူ့အကြောင်း ထည့်ပြောလာတော့ ကိုယ်နဲ့ သက်ဆိုင်တဲ့အပိုင်း ဖြစ်လာပြီ .. အဲဒီတော့ မတွေးမိသေးရင် တွေးမိသွားအောင် ပြောပြလိုက်မယ် ...၊ မင်းက ကိုယ့်ကို စွန့်လွှတ်ပြီး သူ့ကို ခိုတွယ်ချင်ပေမယ့် သူကတော့ ကိုယ့်ကို စွန့်လွှတ်ပြီး မင်းဆီ လာမှာ မဟုတ်ဘူး .."

"ဘာ!..."

"ခုချိန်မှာ သူ မက်မောနေတာ မင်း မဟုတ်ဘူး .."

ပြုံးနေသည့် နှုတ်ခမ်းတွေကို မုန်းမိသည်။

အေးစက်စက် တင်းတင်းစေ့သွားတော့ ပို၍ မုန်းစရာ ကောင်းသွားသည်။

ထို့ကြောင့် သူမဘက်က သေချာပြီးရင်း သေချာနေသည်။

ဒီလူကြီးကို ဘယ်တော့မှ မချစ် ...၊





အခန်း (၂၂)

"ဒါများ ရှင်းရှင်းလေးပဲ ချင်း ရယ် .. အခု KET က မော်ဒယ်လ် ဖြစ်ဖို့ သူ ကြိုးစားနေတာလေ .. ဦးရက်မြတ်ကောင်း က ဥက္ကဋ္ဌဖြစ်သွားပြီ .. မိန်းမယူလိုက်ရင် သူ့ရဲ့အောင်မြင်မှုက ခါးကျိုးသွားမယ် .. ကျိုး ပေ့စေဆိုပြီး ယူလိုက်ရင်လည်း နင်က သူ့သူဌေးရဲ့ သတို့သမီးလောင်း.. နင့်ကို ဖန်ဆင်းရဲ ဘယ်တော့မှ စိတ်ကူးမှာ မဟုတ်ဘူး .."

"ဟဲ့ .. ငါကရော ဖန်ဆင်းရဲ ကိုမှ မရရင် သေရပါတော့မယ် ဖြစ်နေလို့လား .."

"မဖြစ်ခဲ့ပေမယ့် နင် ကြိုက်ခဲ့တာပဲ .. အခု ယောကျ်ား မယူရရေး အတွက် နင် ကြိုးစားမယ့် နည်းလမ်းပေါင်းစုံထဲမှာ ဒေါက်တာ အောင် စန္ဒာ ပါသလို ဖန်ဆင်းရဲ ကို လည်း ထည့်တွက်ထားသေးတယ် .. ပြီး တော့ ..ချစ်သူတွေပါလို့ နင် ဘာလို့ သွားပြောလိုက်တာလဲ .. ဟုတ် လည်း မဟုတ်ဘဲနဲ့ ကိုယ့်တန်ဖိုး ကျတယ် .."

"သူ့အနေနဲ့ ငါ့ကို မကြိုက်လေ ကောင်းလေပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ချင်း ရယ် .. နင်ကတော့ ခက်တော့တာပဲ .. သူ့ကို နင် မုန်းမုန်း မမုန်းမုန်း သူနဲ့ နင် ယူဖြစ်တာ မယူဖြစ်တာ အဲ့ဒါတွေနဲ့ မဆိုင်ဘူးလေ.. မိန်းကလေးဆိုတာ ရည်းစားရှိရင်တောင်မှ အဲဒီရည်းစားနဲ့ မညားရင် အစွန်းအထင်း အမည်းစက် ဖြစ်သွားတာပဲ .."

သင်တန်းက အတူတူ ထွက်လာခဲ့ကြရင်း ကားမှတ်တိုင်ကိုလား.. ကားငှားဖို့လား .. နှစ်ယောက်စလုံး မတိုင်ပင်မိကြဘဲ ဒီတိုင်း လျှောက်လာမိကြကာ ...

"နင်ကရော ဘာဖြစ်လို့ ဦးရက်မြတ်ကောင်း ကို ဒီလောက်တောင် မုလိုချင် ဖြစ်နေရတာလဲ .."

"အစတုန်းက ငါ အိမ်ထောင်သည် မဖြစ်ချင်တာ တစ်ခုပဲ .."

"အခု ဘယ်နှစ်ခု ထပ်တိုးသွားတာလဲ .."

"ကောင်းကောင်း ပြောနော် .. ငါ စိတ်တိုနေတာ .."

"ကောင်းကောင်း ပြောနေတာပဲလေ .. အစတုန်းက တစ်ခုပဲဆိုတော့ .."

"ဟုတ်တယ် .. နောက်တော့ သူက သူ့မိဘတွေ နစ်နာခဲ့ရတယ်ဆိုတဲ့ အနိုင်ရလိုမှုနဲ့ မာကျောကျော ဆက်ဆံလာတာ .."

"နောက်တစ်ခုကရော .."

"ငါ ဘာလုပ်လုပ် သူချည်းပဲ အောင်နိုင်သူ ဖြစ်နေတာ .."

"သူက ရပ်နေတဲ့လူ .. နင်ကချည်းပဲ ပြေးနေတော့ သူ ဟားစရာ ဖြစ်နေတာကိုး .."

"ဘာ!..."

"စိတ်မတိုနဲ့ဦး မိန်းမ .. ငါက နင့်ရဲ့ ဟာကွက်ကို ထောက်ပြတာ.. အခု တကယ်လို့များ ဖန်ဆင်းရဲ ကို အစ်အောက်ကြည့်လို့ နင်နဲ့ ဘာမှ မဟုတ်မှန်း သိသွားရင် ပိုတောင် အဟားခံရဦးမယ် .."

ချင်း မျက်နှာလေး တဖြည်းဖြည်း ညိုလာခဲ့၏။





ခုရက်ပိုင်းမှာ မေမေတို့ အလုပ်ရှုပ်နေကြလို့သာ .. ဒီလူကြီးနဲ့ ချင်း ခုလောက်ထိ အကျယ် အကျယ် မငြိမ်းဖွယ်တွေ ဖြစ်နေကြတာများ သိသွားကြရင် ...

"မီးမီး .."

"ဟာင် .."

"ဒီလူကြီး မေမေတို့ကိုတော့ အတိုင်အတော မတူလောက်ပါဘူးနော် .."

"အင်း .. ဒီလိုလုပ်ချင်ရင် နင်နဲ့ ရန်လာဖြစ်နေမှာ မဟုတ်ဘူး..၊ သူ ဒီလိုလုပ်မယ် မထင်ပါဘူး .."

"မေမေ သိရင် ဂျူကို ခွင့်လွှတ်မှာ မဟုတ်ဘူး .. အန်တီသက်တို့ ရန်ကုန်မှာ ပြောင်းနေဖို့အတွက် အလုပ်ကိစ္စတွေ .. နေရာထိုင်ခင်း ကိစ္စတွေနဲ့ လူကြီးတွေက အလုပ်ရှုပ်နေကြတုန်း .."

လုပ်ချင်ရာ လုပ်ပြီးမှ ကြောက်နေပြန်ပြီ ..၊

အပြစ်တင်ချင်ပေမယ့် မျက်နှာလေး မှုန်ကုတ်နေတာကြည့်ပြီး မတင်ရက်ပြန် ..၊

"ဒီမှာ ထိုင်ရအောင် .."

ပြောပြီးတာနဲ့ ညောင်မြစ်ဆုံပေါ်မှာ ထိုင်ချလိုက်တော့ စိတ်ကူးတွေနဲ့ လျှောက်နေသည့် မီးမီး ခြေလှမ်းတွေ ရှေ့ကို သုံးလှမ်းလောက် လွန်သွား၏။

"ထိုင်မယ်ဆိုလည်း တစ်ဆိုင်ဆိုင်မှာ ထိုင်မယ်လေဟာ .. ဟိုဘက်မှာ တက္ကစီတွေနဲ့ ဒီနေရာက သန့်လည်း မသန့်ဘဲနဲ့ .."

"ထိုင်စမ်းပါ မီးမီး ရယ် .. အမှိုက်သရိုက်မှ မရှိတာ .. တက္ကစီတွေနဲ့လည်း မနီးပါဘူး .."

မီးမီး ထိုင်ဖို့ပါ သူမက နေရာပြနေသေးသည်။ နှစ်ယောက်စလုံး ဂျင်းနှံပင်တွေနဲ့ဖြစ်ကာ ကျောတစ်ဝက်နဲ့ ပခုံးစွန်းတွေမှာပြားနေပိုင်း



www.burmeseclassic.com

www.burmeseclassic.com



လောက် အပေါက်လေးတွေ ပါသော ဝစ္စကုတ်ကို ချင်း က ဝတ်ထားသည်။

သူမကတော့ ဘောင်းဘီရှည်က တင်ချိတ်ဖြစ်နေသည့်ပြင် အဝါရောင်တီရှပ်၏ ခါးစပ်ကလည်း ဘောင်းဘီခါးပတ်ကို ဖုံးရုံလေးရယ်...၊ ဝစ္စကုတ်ထပ်ဝတ်ထားတာလည်း မပါတော့ တွေ့ရာ ထိုင်ချရမည့်အရေးမှာ ဗိုက်ပေါ်မှာ စိုးရ .. ခါးပေါ်မှာ စိုးရ ...။

"နောက်မှာ ခြံခတ်ထားတာပါဟာ ထိုင်လိုက် .. နင့်ခါးပေါ်တာ ဘယ်သူမှ မမြင်ဘူး .."

"နင်ကလည်း ဘာဖြစ်လို့ လမ်းဘေးမှာမှ ထိုင်ချင်ရတာလဲ .."

"တစ်ခါတလေ ကောင်းတယ်ဟ .."

မီးမီး ရှုံ့ပွပွလေးနဲ့ပဲ ထိုင်လိုက်ရကာ ...

"နင် ပြောတော့ ဒီနေ့ အိမ်ကို တန်းပြန်မယ်ဆို .."

"ဟုတ်တယ် .. ခု စကားပြောချင်လာလို့ .."

"ငါ သိပါတယ် .. နင် ခုမှ စိတ်တွေ လေးနေပြီမို့လား .."

ချင်း က ဟုတ်တယ်လို့ မပြောပေမယ့် သက်ပြင်းရှည်ကြီး ချနေကာ ...

"မဟုတ်ပါဘူး .. ငါ စိတ်ခတ်ကျနေတာ .."

"ဘာထူးလို့လဲ .."

"ထူးတာပေါ့ .. ဒီလူကြီးကို ငါ နိုင်ချင်တာ .. ဒါပေမယ့် .."

"နင်တို့က လက်ထပ်ကြမယ့်လူတွေ ချင်း .. ပြိုင်ကြရမှာ မဟုတ်ဘူး .."

"နင်က ငါ့ကိုပဲ ပြောနေ .. ငါက တစ်ခုပြောရင် သူက ဆယ်ခုလောက် ထွက်လာတာ သိလား .. စိန်ခေါ်ရင် ဘယ်တော့မှ ဘွားမခတ်ဘူး .."

"နင်က သူ အလျှော့ပေးတာကို လိုချင်တာလား .."





"နင် နော် .."

"ဟုတ်တယ်လေ .. မုန်းတာ မဟုတ်ဘဲနဲ့ ..၊ အေးလေ မုန်းစရာ အကြောင်းလည်း မရှိဘဲနဲ့ သူ့ဘက်က အတိုက်အခံ ပြောနေတာတွေ အပေါ် ဒေါသထွက်နေတာဆိုရင် သူ့အချိုး ပြောင်းလာတာနဲ့ နင်လည်း..."

"တော်တော့ မီးမီး .. ငါ နင့်ကို ထုမိတော့မယ်.. သင်းက လူကြီးတွေ ကြည်ဖြူလက်ခံပေးကြတာကို အခွင့်အရေးတွေ ရနေတာ .. ငါ ကလည်း ကလေးကို ဆန့်တာပါ .. သူ့လိုလူရှေ့ကျမှ ကိုယ်မပိုင်ဘဲနဲ့ ဟိုဟာပြောမိ .. ဒီဟာပြောမိ .."

"ခုတော့ သိသွားပြီလား .. ကိုယ့်စိတ်ကို ထိန်းပါဆိုတာ ရမှ မရဘဲ .. နင်က စိတ်ရိုင်းစိတ်ပုတ်ရှိတာ မဟုတ်ဘဲနဲ့ လူကြီးမိဘတွေ အလိုလိုက်သလောက် ထင်တိုင်းကြဲချင်တဲ့အကျင့်တွေ မပျောက်တာ.."

"ငါ ဘယ်မှာ ထင်တိုင်းကြဲလို့လဲ .."

"ခုပဲ စကားတွေ လွန်ကျွံပြီး နင် တွေးပူနေရပြီမို့လား .."

"ငါ့အကြံအစည် အထမမြောက်သေးဘဲ မေမေတို့ သိသွားမှာစိုးလို့ .."

အကြံအစည်ဆိုတော့ မီးမီး မျက်လုံးပြူးသွားသည်။ ဆံပင်တွေကို အပြောင်သိမ်းပြီး နောက်မှာ မြှင့်တင်စည်းထားသဖြင့် ရှိန်းမြဝင်းစိုနေသော ချင်း ရဲ့ နားသယ်စပ်လေးတွေ လှနေတာကို ခုမှ မြင်ဖူးသလို သေချာကြည့်၏။

"ဘာတွေ ကြံဦးမလို့လဲ ချင်း ရယ် .. နင်ကတော့ .."

"ငါ နင့်ကို အကူအညီ မတောင်းဘူး .. ပူမနေနဲ့ .."

"အဲ့ဒါကြောင့် ပိုပူရတာ .. ဒေါက်တာ အေးမြစန္ဒာ နဲ့ နင် သက်ချိတ်မပေးနဲ့နော် ချင်း .. ယောက်ျားတွေဆိုတာ ထိတွေ့ ရင်းနှီးမှုနောက်ကိုလည်း ပါတတ်တယ် .. အားနာတာ .. သနားတာတွေ ဖြစ်လာရင်လည်း သူတို့အပြင် မရှိဘူး .. ငါက မေမေ့ဆိုင်မှာ သွားထိုင်မိတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ သူ့မိတ်ဆွေ အန်တီကြီးတွေ ဆုံကြပြီဆို ဒါမျိုးတွေပဲ ကြားနေရတာ ..”

ချင်း က စိတ်ဝင်တစား လှည့်ကြည့်လာသဖြင့် မီးမီး က အားတက်သရော ဖြစ်သွားကာ ...

“ကိုယ်တိုင် အတွေ့အကြုံ မရှိသေးပေမယ့် ဒီအဖြစ် ဒီလိုအကြောင်းတွေက နားရည်ဝနေပြီ သိလား ..၊ မမအေး ဆိုတဲ့ အမျိုးသမီးက ပညာတတ် ဥစ္စာပေါ ရုပ်ချော .. ပြီးတော့ ဦးရက်မြတ်ကောင်း ကို ပစ်ကျနေတာ အသိသာကြီး ..”

“ငါက ဒီ့ထက် ပိုစေချင်သေးတာ ..”

“မမအေး ကတော့ သူ့ဂုဏ်သိက္ခာကို ပွန်းပဲ့ခံပြီး နင် ထင်သလောက် ယိမ်းယိုင်လာမှာ မဟုတ်ဘူး .. ဒါပေမယ့် နင် လုပ်နေတာတွေကို ဦးရက်မြတ်ကောင်း က သိနေပြီဆိုတော့ စန္ဒာလေး လှည့်စားခံနေရတာ သနားပါတယ်ဆိုရင် ပြီးပြီ ..”

“ကောင်းတာပေါ့ ..”

“မကောင်းဘူးဆိုတာ သိလာရင် နင် ရင်ဆိုင်ရမှာတွေက အများကြီးပဲ နော် ..”

“တီ ..”

သူတို့ရှေ့နဲ့ မလှမ်းမကမ်းထိ ရောက်လာသည့် ကားလေးပေါ်မှာ ဖန်ဆင်းရဲ ..၊

ဟွန်းသံကြောင့် ချင်း တို့ ပြိုင်တူ လှမ်းကြည့်မိကာ အံ့သြသွားတာလည်း ပြိုင်တူ ..၊

“လာလေ .. ဒီမှာ ကားရပ်လို့ မရဘူး .. ဘာလုပ်နေကြတာလဲ..”

“အဟွန်း .. ဘာမှ မလုပ်ပါဘူး .. ခဏ ထိုင်နေတာ .. သွားလေရတယ် ..”

မီးမီး က ချင်း နဲ့ မပြောဆိုဖြစ်အောင် လက်ခါပြီး အားနာပြနေ



သည်။ ဒါပေမယ့် နင်လွှတ်တာမှန်း သိနေတာ စာခြောက်နေတဲ့အတိုင်း

“ဘာဖြစ်လို့လဲ .. ကားမပါကြဘူးမို့လား .. လာပါ .. သွားမယ့်နေရာထိ ပို့ပေးပါ့မယ် ..”

“ရတယ်ဆိုမှ .. ရတယ် ..”

“အင်း .. လိုက်မယ်လေ .. လာ ..”

“ဟဲ့ .. ချင်း .. ဘာလုပ်မှာလဲ ..”

မီးမီး ကမန်းကတန်း ထရပ်ကာ ချင်း နဲ့အတူ ကားထဲရောက်လေသည်။ ပန်းနုရောင် ရှပ်လက်တိုပွပွနှင့် အဖြူရောင် ချိုင်းကျယ်ဝစ္စကုတ်ကို ထပ်ဝတ်ထားသော ဖန်ဆင်းရဲ ၏ မျက်နှာသည် ပန်းနုရောင်ညီနေကာ နှုတ်ခမ်းပါးတို့နှင့် ညှို့နေသလိုပင် ..၊

ပြုံးလိုက်တော့ စွဲမက်ဖွယ်လေး ဖြစ်သွားရကာ နောက်ကြည့်မှန်ကနေ ချင်း နဲ့ အကြည့်ချင်း ဆုံပြီး ရယ်ပြနေကြတော့ မီးမီး ရင်တွေပူနေခဲ့၏။

ဟိုအရင်တည်းက ဒီပုဂ္ဂိုလ်လေးနဲ့ တစ်ခါဆုံပြီးခဲ့ပြီဆို ဘယ်လိုချောတာ .. ဘယ်လို ကြည့်ကောင်းတာတွေ မပြီးနိုင်အောင် ပြောတဲ့လင်းလင်းချင်းမ ..၊

“နှစ်ယောက်စလုံး လမ်းဘေးမှာ ဘာထိုင်လုပ်နေကြလဲ .. မြင်လိုက်တော့ ရဲ တော်တော် အံ့သြသွားတာ ..”

သူ့ကိုယ်သူ ‘ရဲ’လို့ ပြောတတ်တာကလည်း ယောကျ်ားမပီသခြင်းအမှုပဲ ဖြစ်၏။ ချင်း ကတော့ ဒါကို ‘အကျင့်ပါနေတာပါ’လို့ ပြောနေသေးသည်။

“ထိုင်နေကြတာက စကား အေးဆေးပြောချင်လို့ပါ ..”

“ဘယ်လို!...”

မီးမီး လိုပဲ ရဲ က နားမလည်နိုင် ဖြစ်သွားသဖြင့် ချင်း က ပြုံးလိုက်ကာ ...

www.burmeseclassic.com



"အေးဆေး ထိုင်လို့ရတဲ့နေရာတွေ အများကြီး ရှိပေမယ့် စကား ပြောလို့ကောင်းနေတုန်း ပြောနေချင်တာလေ .. ပြောဖို့ နေရာရှာပြီးသွား ရင် မပြောဖြစ်တော့တာပဲ များတယ် .."

"အင်း .. ဒါလည်း ဟုတ်တယ် .."

"ဒါနဲ့ ဖန်ဆင်း က အိုင်တီကုမ္ပဏီတစ်ခုမှာ မော်ဒယ်လ်လုပ်မှာ ဆို .. မှတ်ပုံသက်သက်လား .. ကြော်ငြာရိုက်မှာလား .."

"အဆင်ပြေရင် နှစ်မျိုးစလုံး ဖြစ်မယ်ထင်တယ် .. အဆင်ပြေဖို့ လည်း များပါတယ် .. ချင်း ဆုတောင်းပေးလေ .."

"အင်း .. ပေးတော့ ပေးချင်ပါတယ် .. ဒါပေမယ့် .."

"ဟင် .. ဒါပေမယ့် ဘာဖြစ်လို့လဲ .."

ချင်း က စိတ်ဝင်တစား ကြည့်နေသည့် မီးမီး ကို လှည့်ကြည့်ပြီးမှ ...

"ဖန်ဆင်း နဲ့ အဆင်ပြေတာ KET ဆို .."

"ဟုတ်တယ်လေ .."

"အဲဒီက လူကြီးပိုင်းတစ်ယောက်နဲ့ တို့က သိပ်အဆင်မပြေဘူး.."

"ဟင် .. ဟုတ်လား .. ဘာဖြစ်ကြတာလဲ .. ရဲ .. ကိုယ် သိခွင့်ရှိ လား .."

သူ့ကိုယ်သူ ရဲ လို့ မသုံးမိဖို့တော့ ကြိုးစားနေပုံ ပေါ်၏။

"သိခွင့်ရှိလို့ ပြောပြတာပဲလေ .. ဒါပေမယ့် စေ့စေ့ပေါက်ပေါက် တော့ မသိချင်ပါနဲ့ .. လိုလည်း မလိုပါဘူး .. ခု ပြောပြတာက ဖန်ဆင်း နဲ့ ပတ်သက်ပြီး တို့က စကားလွှန်ထားတာတွေ ရှိတယ် .."

"ဟင်!..."

ကားသည် ဝေ့ခနဲ ခါသွားကာ ရဲ ကမန်းကတန်း ပြန်ထိန်း၏။ ပြီးမှ နောက်ကို တစောင်းငဲ့ထားသည့် မျက်နှာနှင့် ...

"ဘာတွေများလဲ ချင်း ရယ် .. ကိုယ် ပါလာပြီဆိုရင်တော့ သိသင့်





တယ် ထင်တယ်နော် .. တော်ကြာ ချင်း နဲ့ ကိုယ် တစ်ယောက်တစ်မျိုး ပြောမိနေရင် ခက်မှာ .."

"ဘာမှ မဟုတ်ပါဘူး .. မော်ဒယ်လ်တစ်ယောက်နဲ့ ခင်ပြီး သူ့ရဲ့ ရှိုးပွဲတွေနောက် တစ်ခေါက်မက လိုက်ကြည့်မိတယ်ဆို ပတ်ဝန်းကျင် စကားသံက ထွက်လာတာ သဘာဝပဲ .. ဒါပေမယ့် ချင်း ကတော့ အဲဒါမျိုးဆို မုန်းတယ် .. အိုးရှဲ့ဆို စလောင်းရှဲ့ပဲ .."

"ကိုယ်နဲ့ ငြိနေတယ်လို့များ ရှဲ့ပြောလိုက်တာလား .."

"အဲလောက်ထိတော့ မဟုတ်ဘူး .. ဒါပေမယ့် အဲလို ထင်သွား အောင် ပြောပစ်လိုက်တာ .. ဆောရီး နော် .. ချင်း စိတ်ထဲက ဘယ်လို သဘောနဲ့မှ မဟုတ်ဘူး .. ပြောလိုက်မိတာ သက်သက်ပဲ ..၊ တော်ကြာ ဖန်ဆင်း ကို သူများ ပြောလိုက်ရင် ရုတ်တရက်ကြီး ကြားရပြီး ရှုပ်ကုန် မှာ စိုးလို့ ကြိုပြောထားတာ .."

"ဟား .. ဟား .. ဟား ..."

ဖန်ဆင်းရဲ က ခပ်ဟက်ဟက် ရယ်နေလျက် ...

"ဆောရီး မလုပ်ရပါဘူး ချင်း ရယ် .. ကိုယ့်လိုလူက ဂုဏ်ယူဖွယ် တောင် ဖြစ်ပါသေးတယ် .. တကယ် ထင်သွားကြရင်လည်း ချင်း ရဲ့ အရှိန်အဝါနဲ့ ကိုယ် ပိုပြီးတော့တောင် လူသိများလာနိုင်တယ် ..၊ လော လောဆယ် KET မှာတောင် အဲဒီလို ဖြစ်လာမလား မသိဘူး .."

မီးမီး နဲ့ ချင်း မျက်လုံးချင်း ဒိုင်းခနဲ ဆုံ၏။

မိန်းမ ..၊

ဒီလောက်ထိ မပြောလိုက်ဖို့ ဖိကြိတ် လိမ်ဆွဲနေတာတောင် ပြော ဖြစ်အောင် ပြောသေးတယ် ..၊ မီးမီး အသည်းတွေ ယားနေမိ၏။

ဒီလိုလူမျိုးက ရှိုင်းရှိုင်းပြောရရင် စပွန်ဆာကောင်းကောင်းရလ ကြိုက်လေ ..၊

ခုပဲ KET မှာ နာမည်တစ်လုံးသုံးပြီး လုပ်စားဖို့ ရှာပြီ ...



www.burmeseclassic.com

www.burmeseclassic.com



တော်တော် မိုက်မဲတဲ့ ချင်း …၊

ရက်မြတ်ကောင်း လိုလူက ဒီလောက်အဆင့်မျိုးကို 'မင်းက ချင်းရဲ့ ရည်းစားလား'လို့ သွားမေးမှာတဲ့လား …၊

မီးမီး ရဲ့ နှုတ်ခမ်းကိုက် မဲ့ရွဲ့သွားတာကို ကြည့်ကာ ချင်း လည်း မျက်နှာလေး ငယ်ကျသွားလျက် …

"မဟုတ်ဘူး နော် ဖန်ဆင်း.. ယူ အဲ့ဒီလို ဝန်ခံဖို့ မလိုဘူး.. KET မှာ ဘာမှ သွားမပြောလိုက်နဲ့ .. ချင်း က စကားအစွန်းထွက်သွားမိရုံပဲ.. အဲ့ဒါကြောင့် တစ်မျိုးထင်ကုန်ကြမှာ စိုးလို့ .."

ချင်း အသည်းအသန် တားဆီးနေကာမှ ရဲ က မှန်ထဲကနေ လှမ်းကြည့်ပြီး ရယ်နေလျက် …

"ချင်း တော်တော် စိတ်ပူနေတဲ့ပုံပဲ .. ကိုယ် မပြောပါဘူး ချင်းရယ် .. စိတ်ချပါ .. အဲဒီကိစ္စကို ကိုယ့်ရင်ထဲမှာပဲ သိမ်းထားပေးမယ်.."

ကြည့်ဦး .. ပြောပုံက ဘာလိုလို …၊

မီးမီး နဲ့ ချင်း မျက်လုံးချင်း ဆုံပြန်သည်။ ဟိုအစတုန်းကများ ဒီလိုပြောဆိုဖြစ်လို့ ဒီလိုစကားမျိုးတွေ ကြားရရင် ရင်တွေဘာတွေတောင် ခုန်မိမလား မသိ ..။

ခုတော့ စိတ်ပူနေတာများ ရင်ဘတ်တစ်ပြင်လုံး မီးထတောက်တော့မလား မသိ …၊

ဦးရက်မြတ်ကောင်း ၏ အထင်မြင်သေးသော အကြည့် …၊

ပြီးတော့ KET က သူ့ရဲ့ဝန်ထမ်းတွေကြားမှာ ဖန်ဆင်း ဒါကို ဂုဏ်ယူပြီး ပြောချလိုက်လျှင် …

"ဒီမှာ ဖန်ဆင်းရဲ .."

"ဟင် .. ဩော် .. မီးမီး .. ရဲ လို့ပဲ ခေါ်ပါ .. တရင်းတနှီးပေါ့.."

မီးမီး က မျက်နှာလေး မဲ့ကာ ရှေ့ကကူရှင်နဲ့ ထိမတတ် တိုးလိုက်ရင်း …





"ရင်းနှီးကြတာ ကောင်းပေမယ့် ယူ့လိုလူနဲ့ ရင်းနှီးရတာက မီးနဲ့ ကစားရသလိုပဲလေ .. ခုပဲ ကြည့်ပါဦး .. ရင်းနှီးလို့ ပြောဖြစ်သွားတဲ့ စကားက မှားသွားတော့ .. စကားကျွံရင် နုတ်မရဘူးမို့လား .."

"နုတ်လို့ ရပါတယ်.. နုတ်ပစ်ဖို့လည်း လိုမှ မလိုတာ .. ခု ချင်း ပြောတာကို ကိုယ်ပဲ ကြားတာ .. ဒါနဲ့ မီးမီး တို့ ပြောပုံကို ကြည့်ရတာ KET ကို တော်တော် လန့်နေပုံပဲ .. အဲ့ဒီက ဘယ်သူများလဲ သိခွင့်ရှိမလား .."

မီးမီး က ချင်း ဘာမှမပြောခင် ထိုင်ရာကနေ ဒူးချင်းတိုက်ပစ်လိုက်ပြီး သတိပေး၍ …

"အဲဒီက ဝန်ထမ်းတစ်ယောက်ပါ .."

"ချင်း ပြောတုန်းက လူကြီးပိုင်းထဲက တစ်ယောက်ဆို .."

"မဟုတ်ဘူး .. ဘယ်သူမဆို အဲဒီလို ကုမ္ပဏီကြီးကို ရောက်သွားရင် အထဲမှာ အမိုက်ပဲ ကောက်ရ ကောက်ရ ထွက်လာရင် ဆရာကြီးအထာနဲ့ပဲလေ .."

"ဟား .. ဟား .. ဟား …"

"အဲဒါကြောင့် ပြောမနေတော့ပါဘူး .. ပြီးတော့ .. အဲ .. ဟို .. ချင်း က စေ့စပ်ပြီးပြီလေ .. အဲဒီတော့ .."

"ဟာ!… ဒါတော့ လွန်ပြီကွာ .. ချင်း က ကိုယ့်ကိုတောင် မပြောဘူး .."

ကားသည် လမ်းဆေးတစ်နေရာမှာ ထိုးရပ်သွားတဲ့အထိ ဖြစ်သွားခဲ့ကာ ရဲ က မျက်နှာပျက်ပျက်နှင့် လှည့်လာ၏။

"ဖိတ်တောင် မဖိတ်ဘူးဆိုတော့ နည်းနည်း လွန်တယ် မထင်ဘူးလား .."

ဒီလိုတွေ မေးမြန်း အပြစ်ယူရလောက်အောင် မဟုတ်ခဲ့ကြသဖြင့် ချင်း မျက်မှောင်လေး ကုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို လွန်ရမှာလဲ ဖန်ဆင်း .. ယူနဲ့ တို့က မဖြစ်မနေ မမေ့မလျော့ ဖိတ်ဖို့သင့်တဲ့အထိ အမြဲ တွေ့ကြုံ ရင်းနှီးနေကြတာလည်း မဟုတ်ဘူး .. ယူလည်း ကိုယ့်အလုပ်နဲ့ ကိုယ် .. ယူ ရှိတဲ့နေရာ တို့က ရောက်မှသာ တွေ့ဖြစ်ကြတာလေ .."

"တွေ့ချင်ရင်တော့ ရောက်လာတယ် .. ကိုယ့်နာမည်ကိုလည်း လိုသလို သုံးတယ် .. မင်း စေ့စပ်တာကျတော့ ကိုယ် မသိအောင် လုပ်ပစ်တယ် .. အဲ့ဒါ ဘယ်သူ ဝတ္တရားပျက်တာလဲ စဉ်းစားကြည့်ပါဦး.."

ပြဿနာကတော့ စပါပြီ ..၊

ဒေါသတော့ ထောင်းခနဲ ဖြစ်သွားပေမယ့် ရုတ်တရက် ချေပစရာ စကားလုံး ရှာမရခဲ့ ..၊

မင်းတွေ ကိုယ်တွေ ဖြစ်လာခြင်းတို့သည် ကိုယ့်စကားအမှားအတွက် ပေးဆပ်ဖို့ တောင်းဆိုလာတာတွေလား ..၊

မဟုတ်ဘူး .. ဒီလောက်ထိ ဖြစ်ဖို့ မလိုဘူး .. သူ့ဘက်က ဒီလောက်ထိ မျှော်လင့်ခွင့် မရှိဘူး ..၊ ထိတ်လန့် အံ့ဩခြင်းတို့အစားမာနတို့ ဝင်ရောက်လာခဲ့ပြီး ...

"ယူ့မှာ အနုပညာသမားစိတ်ဓာတ်ရှိရင် ကိုယ့်ပရိသတ်လို့ပဲ မြင်ပေးပါ .. ချင်း တို့က အနုပညာကို .."

"အနုပညာကို လူက ဖန်ဆင်းနေတာပါ ချင်း ရယ် .. ဖန်ဆင်းရဲဆိုတဲ့ ကိုယ့်ကိုပဲ ပရိသတ်က ချစ်ခဲ့တာ .."

"အဲ့ဒါ မှန်တယ်လေ .. မင်းသားတစ်ယောက်ရဲ့ ဓာတ်ပုံကို သူ့ကိုချစ်တဲ့ ပရိသတ်က ပိုက်ဆံအိတ်ထဲမှာပဲ ထားထား .. အိပ်ရာခေါင်းအုံးအောက်မှာ သိမ်းသိမ်း .. ဒါက ပရိသတ်တစ်ယောက်ရဲ့ ရူးသွပ်မှုပါ..၊ ယူနဲ့ တို့ရဲ့ ကဏ္ဍမှာ ဒီ့ထက် ဘာမှ မပိုခဲ့သေးဘူး ထင်တယ် .."

"ကိုယ်ကလည်း ပိုနေပါပြီလို့ မပြောပါဘူး .. ဒါပေမယ့် ခုကျမှ ချင်း ဘက်က သေချာကြီး ကန့်သတ်ပြနေတာတော့ အံ့ဩတယ် ..





မင်းတို့ ကိုယ်တို့ရဲ့ ဆက်ဆံရေး ဘယ်လိုပုံစံဆိုတာ ကိုယ်တို့ချင်း နားလည်ပါတယ် .."

"ဖန်ဆင်းရဲ .."

"ခဏလေး မီးမီး .. တို့ သူနဲ့ ခဏလောက် ပြောချင်လို့ပါ .."

မီးမီး ကြားဝင်ဖို့ စိတ်ကူးပေမယ့် မတတ်နိုင် ..၊ ရဲ က ရှေ့ကနေနောက်ကို ကိုယ်တစ်ခြမ်းလုံး လှည့်နေရင်း မထိတထိ မဲ့ပြုံးနှင့် ချင်း မျက်နှာလေးကို စိုက်ကြည့်သည်။

ရှင်းသန့် ချောမွေ့နေသည့် ဖန်ဆင်းရဲ ၏ မျက်နှာက ဒီတစ်ခါ အကျည်းတန်နေသလိုရှိကာ ချင်း ရဲ့ တုံ့ပြန်အကြည့်တွေကလည်း စူးရူးရဲရဲ ..၊

"ကိုယ်က မင်းကို သူများထက် ထူးပြီး ရင်းနှီးခဲ့တာပါ ချင်း ရယ် .. အဲ့ဒါတော့ မင်း ငြင်းလို့ မရပါဘူး .."

"အခု ယူ့ကို ဘယ်သူ့ကို ပိုခင်သလဲလို့ မေးနေတာ မဟုတ်ဘူး.."

"မေးခဲ့တုန်းက ကိုယ် ဖြေခဲ့တာကို မင်း မေ့နေသလားလို့ပါ.."

ချင်း ပါးပြင်လေးတွေ ရဲခနဲ ဖြစ်၏။ ချင်း ကို မြင်တည်းက ဖန်ဆင်းရဲ က တခြားသူတွေထက် ပိုခဲ့သည်။ ချင်း ကို မြင်တာနဲ့ ဘယ်လိုနေရာကဖြစ်ဖြစ် ထလျှောက်လာတတ်တာတွေ ..၊

အများထဲမှာ ချင်း ရှိနေလျှင် ချင်း ဆီကိုပဲ လှမ်းကြည့် လက်ပြတာတွေ ..၊

ဒါတွေကြောင့်ပဲ ချင်း ကိုယ်တိုင် ရူးသွပ်ခဲ့ရတာ ဖြစ်သည်။ ဒါပေမယ့် ကွယ်သွားတာနှင့် ဖုန်းတစ်ချက်တောင် ဆက်ဖော် မရ ..၊ ဖုန်းခေါ်တော့လည်း ကိုင်ချင်မှ ကိုင်သည်။

ကိုယ့်ဘာသာ ရူးသွပ်နေခဲ့ရင်း သူက ပရိသတ်တစ်ယောက်ထက် မပိုခဲ့တာကို ခံစားမိလာခဲ့၏။

ထို့ကြောင့် ဘာမှ မဟုတ်သေးသည့် စိတ်ကူးတို့က ရောက်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာတင် ရပ်တန့်သွားခဲ့ပျက် နောက်ပိုင်းမှာ သူ့ရှိုးပွဲတွေကိုလည်း မစုံစမ်းတော့ဘဲ မတွေ့ဖြစ်တာတွေလည်း များလာခဲ့သည်။

ဒီထဲမှာ မီးမီး က ရှေ့မဆက်ဖို့ သတိပေးနေတာမို့ စိတ်ထဲမှာ မေ့မေ့ပျောက်ပျောက်ဖြစ်အောင်လည်း နေတတ်ခဲ့ပြီ ဖြစ်၏။

ဇေ့စပ်ဖို့တွေ ဖြစ်လာခဲ့သည့်အချိန်တွေမှာတော့ ဖန်ဆင်းရဲ အကြောင်း ပြောဖြစ်တဲ့အခါ ပေါ့ပေါ့ပါးပါး ရယ်မောစရာအဖြစ်နဲ့ပါ..၊

ခုတော့ သူမ စကားနှံ့နစ်ခဲ့ပြီ ဖြစ်၏။ တစ်ခါတည်းတောင် မဟုတ်ခဲ့ဘဲ ဦးရက်မြတ်ကောင်း ရှေ့မှာ တစ်ခါ .. အခု ဖန်ဆင်းရဲ ကိုယ်တိုင် ရှေ့မှာ ..၊

"ကဲ .. ပြောစရာရှိတာကို ပြီးပြတ်အောင် ပြောကြလေ .. ဘာ မဟုတ်တဲ့ စကားလေးတွေနဲ့ .."

တိတ်ဆိတ်သွားတာကို မီးမီး က ဖြိုခွင်း၍ အကြီးကြီး ဖြစ်လာမှာ ကို သေးသေး ပြန်ဖြစ်သွားဖို့ ခြေဆင်းဝင်လိုက်သည်။

ဖန်ဆင်းရဲ က ဒါကို ရိပ်မိသည့်အကြည့်နှင့် မီးမီး ကို ငဲ့ကြည့်၍...

"ဘာမှမဟုတ်တဲ့ စကားလေးတော့ မဟုတ်ဘူး မီးမီး .. ဟုတ်တယ် ထင်လို့ပဲ အခု မင်းတို့ စိုးရိမ်နေကြတယ်မို့လား .. ဇေ့စပ်ထားတဲ့ လူအတွက် ဒီစကားက အရာရောက်နိုင်သလို ကိုယ့်လို အနုပညာသမား အတွက်ရော .."

"နေဦး ဖန်ဆင်း၊ .. တို့က ဒီလိုပုံစံ သက်ရောက်အောင် စကား မှားသွားပါတယ်လို့ အခု ယူ့ကို ဝန်ခံတာက တို့ ဇေ့စပ်ထားပြီးလို့ အရေးကြီးနေတာလည်း မဟုတ်ဘူး.. ယူ့ စိတ်ဆိုးမှာစိုးလို့လည်း မဟုတ်ဘူး .. တကယ်လို့ ဒါကို သူများပြောမှ ရုတ်တရက် ကြားလိုက်ရရင် ဖန်ဆင်း က တို့ကို တစ်မျိုးတစ်မည် ထင်သွားမှာ စိုးတာ .. ဒါပဲ ..၊ တခြား ဘာမှ မပါဘူး .."

"ဘယ်လို တစ်မျိုးလဲ .."





တမင် ကပ်သပ်မေးလိုက်တာမှန်း သိသည်။ ချင်း ကလည်း ဂရု မစိုက်ပေ ..၊

"ချင်း*က ယူ့ကို စိတ်ကူးယဉ်ပြီး တမင် ကြွားလိုက်တာလို့ ထင်မှာကို ပြောတာ .. အဲဒီလိုစိတ် ချင်း မှာ တကယ် မရှိခဲ့ဘူးဆိုတာ တော့ ယုံစေချင်တယ် .."

"ဟွန်း .."

"ချင်း အဲဒီလို မိန့်ကလေးလည်း မဟုတ်ဘူး .. အခု ပြောတဲ့ စကားတွေကို အလေးအနက်သဘောထားပြီး မလေးနက်ခဲ့ဘူးဆိုတဲ့ စကားတွေကို မေ့ပစ်ပေးပါ .. ကျေးဇူးတင်ပါတယ် .."

"ဟုတ်ပါပြီကွာ .. မင်း စိတ်ချမ်းသာသလို နေပါ .. ကိုယ် ဘာမှ မပြောပါဘူး .. နည်းနည်းလေးပဲ ရင်ထဲမှာ ကျန်နေတယ် .. အဲ့ဒါက မင်း ဇေ့စပ်လိုက်တဲ့ကိစ္စ .."

သူ့စကားတွေကြောင့် ချင်း တို့ ရင်လေးသွားခဲ့၏။

ဒီကိစ္စ ဒီမှာတင် ပြီးသွားမလား ..၊ ဒီကနေ စ မှာလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဟယ် .. ကိုကောင်း ပါလား ..၊ အတော်ပဲ .. စန္ဒာ ကားပျက်နေလို့ .."

သူ ကားပေါ်က ဆင်းလိုက်တာ မြင်တာနှင့် အေး ဝမ်းသာအားရလေး ဖြစ်သွားသည်။ သူတို့ကို လှမ်းမြင်နေရတာက ခုဝံ အအေးခန်းမထဲက ချင်း နဲ့ မီးမီး ..၊

မထင်မှတ်ဘဲ မြင်လိုက်ရသဖြင့် တစ်ယောက်နဲ့တစ်ယောက် စကားမပြောနိုင်အောင် ငေးနေမိကြသည်။

ဒီဆိုင်ထဲကို သူမတို့လည်း ခုပဲ ထိုင်လိုက်ကြတာ ဖြစ်သည်။ လမ်းရဲ့ ဟိုဘက်ခြမ်းမှာ မမအေး နဲ့ ဦးရက်မြတ်ကောင်း ..၊

"တွေ့လား ချင်း .."

"ဒီလောက် ရှေ့တည့်တည့်မှာ ပြုံးပြနေတာ မမြင်စရာလား .."

"မမအေး က ကားပျက်နေတာ ဖြစ်မယ် .."

"ရုပ်ရှင်ထဲမှာလို မင်းသားက ကွက်တိ ရောက်လာတာလေ .."





"မျက်နှာကို သေချာ မမြင်ရပေမယ့် မမအေး တော်တော် ပျော်သွားတဲ့ပုံပဲ ဟာ .."

"ပျော်မှာပေါ့ .. ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို .."

ချင်း နဲ့ မီးမီး မျက်လုံးတွေ ဟိုမှာ ပို့ထားရင်း စကားတွေပဲ တိုင်ပင်ကိုက်နေကြသည်။ ထိုစဉ် ဝိတ်တာ ရောက်လာတော့ ရေခဲမုန့်နှစ်ပွဲ မှာလိုက်ပြီး လှည့်လည်း မကြည့်ဖြစ် ..၊

"ချင်း .. နင့်စိတ်ထဲမှာ ဘယ်လိုနေလဲ .."

"ဘယ်လိုမှ မနေဘူး .."

"သူတို့ အဆင်ပြေမယ့်ပုံ ရှိတော့ .. ပျော်သွားလား .."

"ပျော်တာ မဟုတ်ပါဘူး .. ဒါပေမယ့် နည်းနည်းတော့ အံ့ဩတယ် .."

"အဲ့ဒါပဲဟ .. လူ့သဘာဝက လိုက်လေ ပြေးလေ .. မယူချင်ရင် ပေးချင်တယ် .. လိုချင်နေမှန်း သိရင် မပေးချင်တော့ဘူး .."

"ဘာတွေ တွေးနေတာလဲ မီးမီး .. ငါ့ဘက်မှာ လုံးဝ ရှော့ခ် မရှိဘူး .."

"ဘယ်ရှိမလဲ နင့်ချစ်သူမှ မဟုတ်တာ .. ဒါပေမယ့် ကိုယ် တွန်းထိုးမြှောက်ပင့်ပေးနေရတုန်းက သူတို့ကို အဆင်ပြေသွားစေချင်တဲ့စိတ်မျိုး အခု နင့်မှာ ရှိရဲ့လား .."

"ဘာလဲ .. ရှင်းရှင်း ပြော .."

"နင် တွန်းပို့လိုက်လို့ ငြိသွားကြရင် ခုလို သူတို့ချင်း အဆင်ပြေနေတာကို မြင်လိုက်ရတာထက် အများကြီး ပိုပျော်ခဲ့မှာလေ .. ဟုတ်တယ်မို့လား .. ခု နင့်ရင်ထဲမှာ တစ်ခုခုတော့ ထိရှသွားပြီ .. မညာနဲ့ .."

ညာမှာပဲပေမယ့် 'မညာနဲ့' ဆိုတဲ့ စကားက အရင်စောကာ ချင်းတိတ်ဆိတ်စွာပဲ နေလိုက်ရ၏။

"ဟိုမှာ ကားထားခဲ့ပြီ .. ကိုကောင်း နဲ့ ပါသွားပြီ .."



www.burmeseclassic.com

www.burmeseclassic.com



ချင်း လိုပဲ ဦးရက်မြတ်ကောင်း လို့ ခေါ်နေသူက ကိုကောင်း ဖြစ်သွားတာ အမှတ်တမဲ့ပဲ ထင်သည်။ သောင်းဘီရှည်အနက် ဂျာကင် အပျော့သားအနက်နှင့် ရက်မြတ်ကောင်း ပုံစံက မကြဲလွန်း မစိတ်လွန်း သည့် ခြေလှမ်းတွေပေါ်မှာ စမတ်ကျနေသည်။

ထိုသူဟာ အေးမြစန္ဒာ အပေါ်မှာ ဟိုအရင်တည်းက ငဲ့ညှာစာနာမှု တွေ ရှိခဲ့တာလား ...၊

"စန္ဒာ ကို မင်း ဘယ်လို စိတ်ကူးကြံစည်ပြီး ဒီထိ ခေါ်လာတာ လဲ .."

"စန္ဒာ ကို တစ်ယောက်တည်း ထားခဲ့တယ်ပေါ့ .."

ပြောခဲ့တာတွေကို ပြန်တွေးကြည့်တော့ သူ စိုးရိမ် ကြင်နာခဲ့တာ တွေက သိသိသာသာ ..၊

"ပါသွားပြီ တွေ့လား ..၊ အဲဒါပြောတာ ချင်း .. အခွင့်အရေးဆို တာ စောင့်နေတဲ့သူအတွက် ထင်းခွေ မကြုံပေမယ့် ရေခပ်တော့ ကြုံ တာပဲ..၊ သူ့ကို ကိုကောင်း က ချစ်နေသလိုလို .. ခွဲနေသလိုလို မမေ့နိုင် ခဲ့တာတွေ နင်က ပုံပေါ်အောင် ပြောခဲ့တော့ .. ဟိုတစ်ယောက်က ရှေ့တိုးဖို့ အင်အားရှိသွားပြီ .. ကိုကောင်း အမြင်က ကျတော့လည်း နင့်ကြောင့် မမအေး ဒုက္ခရောက်ရတယ် .. သနားပါတယ် ဆိုပြီး .."

"ကဲဟာ .. ရေခဲမုန့် စားဖို့လာတာ .. သူတို့ကို စောင့်ကြည့်ဖို့ ကျနေတာပဲ .. ဒါဒီတွေ များမနေနဲ့ .."

"ဘာလဲ .. နားထောင်နိုင်စွမ်း မရှိတော့ဘူးလား .."

"မီးမီး .."

"မညာနဲ့လို့ ငါ ပြောထားတယ်လေ .. သဲဝန်တိုနေပြီလို့ နင့်ကို ငါ မပြောဘူး .. ဒေါသစိတ်လေး နည်းနည်းဖြစ်ဖြစ် .."

"ဖြစ်တယ်လေ .. ဟိုသတ္တဝါ ငါ့ကို မဟုတ်တရုတ်တွေ ပြောပြီး ရိုလိုက်တာ .. အဲဒီဒေါသတွေက ထားစရာ နေရာ မရှိသေးဘူး .."





"အေး .. လူဆိုတာ ချစ်ရင် အပြစ်မမြင်ဘူးဟ .. သူ့မိဘမျိုးနိုးကို က အထည်ကြီးပျက်ဆိုတာ ဘာကြောင့်ပျက်သလဲတော့ မသိဘူး .. မိသားစုလိုက် ကာရိုက်တာတွေ မကောင်းကြတာ .. ငါ ပြောတုန်းက နင်မှ လက်မခံဘဲ .. ခု ကိုယ်တိုင် ကြားရ မြင်ရတော့ သိပြီမို့လား .. သူ့အမေကိုယ်တိုင်က သားချောချောလေး ရှေ့တန်းတင်ပြီး အဆင်ချေ နေတာ .."

"အဲ့ဒါလည်း တော်ပါတော့ .. ငါ ရှက်နေတာပဲ သိတယ် .. ဘယ်သူ့ကိုမှ မကျေနပ်ဘူး .. ဘာမှလည်း လုပ်လို့ မရဘူး .. ငါ .. တောက်!..."

"ကဲ .. ဒေါသတွေထွက် လက်သီးဆုပ် မနေစမ်းပါနဲ့ .. စိတ်အေး အေးထားပြီး စဉ်းစားမယ် .. ငါတို့ စိတ်တိုပေမယ့် ဖန်ဆင်းရဲ ကို ရန်လုပ်လို့ မရဘူး .."

"ဟုတ်တယ် .. ငါ တွက်မိပြီ .. သူ ငါ့ကို ဒိုင်းလုပ်ပြီး ရှေ့ဆက် တိုးဖို့ လမ်းဖွင့်တော့မှာ .."

"အစစ်ပေါ့ .. ဒီနေရာမှာ ကိုရက်မြတ်ကောင်း ရဲ့ နင့်အပေါ် ထားတဲ့ သဘောထား ပေါ်လာမှာပဲ .."

"ဘာကိုလဲ .."

"မသိဘူး .. ဒါပေမယ့် နင်ရယ် .. ကိုရက်မြတ်ကောင်း ရယ် .. ဖန်ဆင်းရဲ ရယ် .. ဒီသုံးယောက် မျက်နှာချင်းဆိုင်မိရင်တော့ အခြေ အနေက လှဖို့ မရှိဘူး .."

"ငါက ဘာလုပ်ခဲ့လို့ ဒီလောက်ထိ စိုးရိမ်ရမှာလဲ ..၊ မျက်နှာချင်း ဆိုင် ဖြစ်စရာအကြောင်းလည်း မရှိဘူး .."

"ဒါပေမယ့် 'မလိုရာ ရှတယ်' ဆိုတဲ့ စကား နင် ကြားဖူးမှာပေါ့ .. နောက်ပြီး ဖန်ဆင်းရဲ က အခွင့်အရေးသမားမှန်း နင် သိပြီမို့လား .. သူက နင် မှားတဲ့ စကားတစ်ခွန်းကို ဖျောက်ဖျက်မှာ မဟုတ်ဘူး ..

www.burmeseclassic.com

www.burmeseclassic.com



ချဲ့ကားမှာ ..၊ ဒါကို ကိုရက်မြတ်ကောင်း သိသွားခဲ့ရင် ..”

မီးမီး စကား မဆုံးသေးခင် ချင်း အိတ်ထဲက ဖုန်းမြည်လာ၏။

“ဘယ်သူလဲ ..”

“မေမေရယ် ..”

ချင်း ဖုန်းဖွင့်ရင်း ရေခဲမုန့်ကို ခပ်စားလိုက်သည်။

“ဟလို မေမေ ..”

“သမီးရေ .. သမီး အခု အိမ်မှာလား ..”

“ချင်း ရေခဲမုန့် စားနေတာ မေမေ .. ချင်း တို့ လမ်းထိပ်နားမှာ နီးနီးလေးရယ် .. မီးမီး လည်း ရှိတယ် ..”

“အေးပါ.. မေမေက သမီး ဘယ်ရောက်နေသလဲ သိချင်လို့ မေးတာ .. မေမေနဲ့ မသက် တို့ အင်ယားလမ်းထောင့်က ခြံမှာ .. အဲဒီခြံ သမီး သိလား ..”

ဦးရက်မြတ်ကောင်း ရဲ့ ခြံလို့ ပြောလိုက်ရင် မပြီးဘူးလား ..၊

စိတ်က ညစ်နေသည်မို့ မေမေ့စကားတွေကိုတောင် ငြိုငြင်စိတ် ဖြစ်မိ၏။

“ဒီနေ့ မေမေတို့ အထူးစီစဉ်ထားတဲ့ စားသောက်ပွဲ ရှိတယ် သမီးရဲ့ ..”

“ဘာအတွက်လဲ မေမေ ..”

“ဩော် .. ဒီရောက်မှ ပြောမလို့ဟာ .. ကဲပါ .. ခုပဲ ပြောလိုက်တော့မယ် .. ဒီနေ့ မသက် တို့ ခြံနဲ့တိုက် ဝယ်တာ အပြီးသတ် ငွေချေတယ်လေ .. ကောင်း ရဲ့တိုက်ကြီးလည်း အပေါ်ကာရံတွေ အားလုံး ပြီးသွားပြီ ..၊ အတွင်း ဒက်ကရေးရှင်းပိုင်းကိုတော့ ကောင်း က တမင် ချန်ထားတာတဲ့ .. သူ လက်ထပ်ပြီးမှ သမီး စိတ်ကြိုက် ဖြစ်စေချင်လို့တဲ့ ..”

ဘယ်တော့လဲ .. ဘယ်သူက လက်ထပ်ဖို့ထိ စိတ်ကူးလို့လဲ ..။

မဖြစ်နိုင်ခြင်းသည် ကိုယ့်ဘက်ကချည်း မဟုတ်တော့ဘဲ ဖန်ဆင်းရဲ ကိုပါ မြင်ယောင်လာ၏။ ခုတော့ ကိုယ်သာလျှင် အနိုင်နဲ့ဗိုင်းဖြဲ ဆုံးဖြတ်ခွင့် မရနိုင်တော့ပေ ..။

ဖန်ဆင်းရဲ ဘာတွေ လုပ်နိုင်သလဲ .. ဘာတွေ ဖြစ်လာမလဲ – ရက်မြတ်ကောင်း ဆိုတဲ့လူနဲ့ သူမ ဘယ်လိုပုံစံ ရှေ့ဆက် ရင်ဆိုင်ရမှာလဲ ..။

‘ထိုသူက ကျွန်မ ချစ်သူ’လို့ သူမ မဆင်မခြင် ပြောခဲ့ပြီးပြီ ..၊

အနုပညာသည်တစ်ယောက်ရဲ့စိတ် ဘယ်လိုရှိတယ်ဆိုတာကို သူက ကြိုတင် ဟောကိန်းထုတ်ခဲ့၏။

တကယ်ဖြစ်လာတာတွေကြောင့် သူမ အရှုံးကြီး ရှုံးတော့မည်။

‘ချစ်သူတွေ မဟုတ်ခဲ့ဘူး .. ညာတာပါ’လို့ ရှိသမျှ သိက္ခာ ခဝါချပြီး ကြိုတင် ဝန်ခံလိုက်ရမလား ..၊

ဖန်ဆင်းရဲ ကို ယုံကြည်ပြီး ဒီတိုင်း ဆက်နေလိုက်ရမလား ..၊

“အဲဒီကောင်ကို နင် ယုံကြည်လို့ မရဘူး”တဲ့ ..။

မီးမီး ခမျာလည်း ကိုယ့်ကြောင့် ဒုက္ခမွေ့ရှာ၏။

“ဟလို .. ဟလို .. သမီးလေး မေမေ ပြောနေတာ ကြားရဲ့လား.. ဟလို ..”

“ဟုတ် .. ကြားပါတယ် မေမေ ..”

“ဩော် .. လိုင်းများ ကျသွားတာလားလို့ .. မေမေတို့ အိမ်မှာ မိသားစုတွေ လက်ဆုံစားကြမလို့ သမီး .. အဲ့ဒါ ..”

“ချင်း မလာချင်ဘူး မေမေရာ .. သင်တန်းကအပြန် ဗိုက်ဆာဆာနဲ့ လျှောက်စားနေတာ .. အခု အိမ်ပြန်ခါနီးကာမှ ရေခဲမုန့် စားချင်တာနဲ့ စားမိပြန်ရော .. ဘယ်လိုလုပ် ဆုံတော့မှာလဲ ..”

“သမီးရယ် .. မိသားစု လက်ဆုံစားကြတာပဲ .. စားချင်တာလေး မြည်းစမ်းမျိုချပြီး နည်းနည်းပါးပါး တို့ကာနမ်း ဆိတ်ကာနမ်းပေါ့ – မသက် တို့က သားနဲ့ သမီးနဲ့ မေမေတို့နဲ့ အားလုံး မိုစုညီညီ စားကြမို့

www.burmeseclassic.com



ဒီမှာ စီစဉ်နေတာ စုံနေတာပဲ .. သမီး ဖေဖေလည်း လာမှာ .."

"ဦးရက်မြတ်ကောင်း က အဲဒီမှာ ရှိနေတာလား .."

"မရှိဘူး .. သူလည်း လာမှာလေ .. အလုပ်တွေ ရှုပ်နေလို့တဲ့ .."

ဟုတ်မှာပေါ့ .. မမအေး ကို လိုရာပို့ဆောင်ပေးရဖို့ အလုပ်လေ...၊ ဖုန်းကိုင်ထားရင်း မဲ့လိုက်မိသည်။ ဒီလူကြီးကလည်း မိဘကို လိမ်တာပဲလား ...၊

"ဘာတဲ့လဲ ချင်း .. နင် နောက်ကျနေလို့ ဆူတာလား .. ဘယ်ကိုလာခဲ့ဖို့လဲ .."

ချင်း က ပြန်ပြောပြလိုက်ကာ ...

"ဟွန်း.. သူ့ကိုယ်သူ အလုပ်ရှုပ်နေလို့တဲ့.. တွေ့မှ ကောင်းကောင်း ပြောဝစ်လိုက်ဦးမယ် .."

"ဒါဆို နင် သွားမလို့လား .."

"သွားမယ် .. မေမေကလည်း လာဖို့ပဲ ပြောနေတာ .. လူကြီးတွေကို ဘယ်လိုလိမ်ဦးမလဲ .. မျက်နှာကြီးကို ကြည့်ပြီး နားထောင်ဦးမယ်.."

"သူ အဲဒီလို လိမ်ပြီး မမအေး နဲ့ သွားလာနေရလောက်အောင်တော့ .."

"ရပြီ ဆရာမ .. ရှင် သူ့ကိုပဲ အပြစ်ကင်းကြောင်း ရှာကြံ အမှတ်ပေးဦးမှာမို့လား .. ကိုယ့်မျက်စိရှေ့တင် မြင်လိုက်ရတာတောင် .."

မီးမီး လည်း ဘာမှ မပြောနိုင် ...၊

"ငါတို့ သွားရအောင်လေ .. နင် အိမ်ပြန်ပြီး ပြင်ရဆင်ရဦးမှာလား .."

"မပြင်ပါဘူး .. ခုပဲ သွားမှာ .."

"ဟင်!..."

သူမကိုယ်ပေါ်မှာ ဖက်ဖူးစိမ်းရောင် တီရှပ်ဖားဖားနှင့် သရီးကွာတားဘောင်းဘီလေးက အရောင်ဆင်တူ ...၊





အမြဲတမ်း ဖြန့်ထားတတ်သည့် ဆံပင်တွေက ဒီနေ့ကျမှ နားသယ်စပ် နှစ်ဖက်မှာ ကျစ်ဆံမြီး ခပ်သေးသေးလေးနှစ်ဖက် ကျစ်၍ ဆံပင်တွေအတိုင်း ရောဖြန့်ချထား၏။

ဆံပင်တွေက ဖားလျားချထားခြင်းလည်း မည်ကာ .. ကျစ်ဆံမြီး ကျစ်ထားတာလည်း ဟုတ်နေပြန်၏။

မိတ်ကပ်မပါသော မျက်နှာမှာ နှုတ်ခမ်းနီကတော့ အမြဲလိုလို ရှိနေတတ်တာမို့ သူမ မျက်နှာလေးမှာ မိန်ပျော့ နှမ်းလျနေတယ်ဆိုတာ မရှိခဲ့ပါ ...။

"အဝတ်စားတော့ လဲသွားပါ ချင်း ရယ် .. နင့်ပုံစံက ဝတ်ထားတာနဲ့ ဆံပင်တွေက ဖန်စီဒီဇိုင်း .."

"ဒါက နေနေကျပုံပဲ .. သားရှင်ရှေ့ကို သွားမှာမို့လို့ အထူးတလည် မြန်မာဆန်ဆန် လုပ်သွားစရာလား .. ဒီတိုင်းပဲသွားမှာ အေးဆေး .."

ဟိုမှာ အေးဆေးပါ့မလားဆိုတာ သူမ ဘာကိုမှ မစဉ်းစားမိ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

သူမ ခေါ်လှမ်းကျွဲသွားပြီးကာမှ ညှော်ခန်းထဲက မြင်ကွင်းကို တွေ့သည်။

ပြန်ရုတ်လို့လည်း မရတော့သလို ဟန်မပျက် ဝင်သွားလိုက်ဖို့လည်း ရုတ်တရက် မေ့ကာ နေရာမှာတင် တုံ့ခနဲ ရပ်သွားခဲ့၏။

"ဟော .. သမီး .."

သမီးကို မြင်လိုက်သဖြင့် ဝမ်းသာအားရ ဖြစ်သွားသည့် ဒေါ်သူဇာလင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"သမီးလေး .. လာလေ သမီး .."

ဒေါ်သက်သက် က လှမ်းခေါ်ကာ နေရာမှ ထလျှောက်လာ၏။ ညှော်ခန်းက အသစ်စက်စက်ဆိုဖာတွေပေါ်မှာ လူစုံနေပေမယ့် အားလုံးကိုယ့်လူတွေချည်းပါ ..။

ဒါပေမယ့် လူစိမ်းတစ်ယောက် ပါနေတာက ဒေါက်တာ အေးမြစန္ဒာ ဖြစ်နေခဲ့လျက် ..၊ သူမက ကောင်း ရဲ့ဘေးမှာ ..။





သူ့ဟာ ဒီကိုလာဖို့ သွားခေါ်ခဲ့တာပဲ ...၊

ကိုယ်ကတော့ ဒီလူ အလုပ် မအားဘူးဆိုတာ အကြောင်းပြတာ• သက်သက်ဆိုပြီး အားပါးတရ ဖော်ကောင်လုပ်ဖို့ မောင်းတင်လာခဲ့တာ..

ရုက်ရှိ သိမ်ငယ်ခြင်းကြောင့် ရင်ထဲမှာ လှိုက်ခနဲ ဖြစ်၏။

"လာ သမီး .. မသူဇာ က ခုပဲ ပြောနေတာ .. သမီး သူငယ်ချင်းနဲ့ မုန့်ထွက်စားနေတာ ဆို .."

"ဟုတ် .."

ဒေါ်သက်သက် က ချင်း ရဲ့ လက်မောင်းလေးတစ်ဖက်ကို ဆွဲလာကာ သူမနဲ့အတူ ဆိုဖာမှာ ထိုင်လိုက်ပြီး ...

"သူက အေးမြစန္ဒာ တဲ့ ..၊ ခုတော့ ဒေါက်တာ အေးမြစန္ဒာ ပေါ့.. သားသူငယ်ချင်းရဲ့ ညီမလေ .. သားတို့နဲ့လည်း ခင်ခင်မင်မင် ရှိခဲ့ကြတဲ့ လူတွေပါ .."

"မင်းကလည်းကွာ .. သူတို့က အိမ်နီးနားချင်းတွေ ဥစ္စာ .."

ဦးစောနိုင် က ရယ်ရင်း ဝင်ပြော၏။ ဒေါ်သက်သက် ကတော့ သားဖြစ်သူနဲ့ ဘယ်လိုပတ်သက်သည် ဆိုတာကို ရှင်းပြချင်တာပါ ...

"မိသဲ ရေ .. ထမင်းပွဲတွေ ပြင်လိုက်တော့ .."

အိမ်ထဲကိုလည်း လှမ်းခေါ်ပြောကာ ...

"ကဲ .. သမီး ဗိုက်မဆာရင်လည်း နည်းနည်းတော့ စားလိုက်နော်.. တို့ချည်းပဲဆို အကြောင်းမဟုတ်ဘူး .. သားက သူငယ်ချင်းကို ခေါ်လာတော့ ထမင်းစားချိန်မှာ စားလိုက်မှ ဖြစ်မှာ .. တော်ကြာ ညှော်သည် စိတ်ညစ်သွားမှာ စိုးလို့ .."

"ဟင့်အင်း .. ရပါတယ် အန်တီရယ် .. စန္ဒာ က လူစိမ်းမှ မဟုတ်တာ .."

လူစိမ်း မဟုတ်ဘူးဆိုတော့ ချင်း တို့ မိသားစုအားလုံး ဆွေပြည်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဟုတ်တယ် .. သားမွေးနေ့ ရန်ကုန်မှာဖြစ်ရင် မောင်ဘုန်းမြတ် ရှိနေလို့ပေါ့ သမီး စန္ဒာ ကိုပါ ခေါ်ခေါ်လာတာလေ .."

ဒေါ်သက်သက် ကပဲ ဒေါ်သူဇာလင်း တို့ကိုပါ အားလုံးကို ကြည့်၍ ရှင်းပြနေသည်။ ကောင်း က ဘာမှ ဝင်မပြောပါ ..။

"သူ့ခမျာလည်း အစ်ကိုလုပ်တဲ့လူက ခေါ်မှ အပြင်ထွက်ရရှာတာ.. အိမ်က စည်းကမ်းအရမ်းကြီးတော့ အပေါင်းအသင်း မိတ်ဆွေလည်း မရှိဘူး ထင်တယ် .."

"အဟွန်း .."

အေး က ချင်း ကိုပါ လှမ်းကြည့်ပြီး ပြုံးပြသည်။ ချင်း က ရယ်ပြပြီး ခေါင်းညိတ်၏။

ဒေါ်သူဇာလင်း ကတော့ ရင်ထဲမှာမကောင်းနိုင် ..။

ချင်း ကို ဘေးမှာထားပြီး ကောင်း ရဲ့ဘေးက မိန်းကလေးကို ကျကျနန ဖေးမ ဖော်ရွေနေသည်။

မိန်းကလေးနှစ်ယောက် ယှဉ်နေသည့်အခါမှာ တစ်ယောက်ကို လှတယ်ပြောရင် တစ်ယောက် မလှဘူး ဆိုတဲ့အဖြေ အလိုလို ထွက်သွားပြီဆိုတာ မသိလို့လား ..။

ကောင်း ကရော ဒီမိန်းကလေးကို ခုလို မိသားစု မိတ်ဆုံစားပွဲမှာ ဘာလို့ ခေါ်လာရတာလဲ ..။ ရင်ထဲမှာ မကောင်းတာတွေကို မကောင်းတဲ့ အတိုင်း နေလိုက်လို့လည်း မတော်တာမို့ ...

"သမီးက ကိုယ့်အိမ်နားမှာပေမယ့် မသက် တို့ မိသားစုနဲ့ ဒီလောက်ရင်းနှီးခဲ့တာ အန်တီဖြင့် သိကို မသိခဲ့ဘူး .. သားကို ဖိတ်စာလာပေးတုန်းကလည်း လူငယ်ချင်းပဲ ရင်းနှီးကြတယ် ထင်တာ .."

"ဟုတ်တယ် အန်တီ .. ကိုကောင်း ရဲ့ မွေးနေ့ နှစ်ခါကြုံဖူးတယ်.. အန်တီသက် တို့နဲ့ အဲဒီမှာ သိခဲ့ကြတာ .."





"ဪ .."

ထိုစဉ် ကောင်း က ချင်း မျက်နှာလေးကို စိုက်ကြည့်လိုက်ပြီး ...

"ခု ပြန်တွေ့တာတောင် ချင်း သာ မကူညီရင် ရင်းရင်းနှီးနှီး ပြန်ဖြစ်ကြဖို့ မလွယ်ဘူး .."

"ချင်း .."

အသံမထွက်မိပေမယ့် ဒေါ်သူဇာလင်း အကြည့်တွေ ချင်း ဆီ တန်းခနဲ ရောက်၏။

ဒီစကားကို ကြားလိုက်တာနှင့် ဒါတွေ ဖြစ်လာရခြင်းအကြောင်း ကိုလည်း နားလည်သွားခဲ့သည်။

ထမင်းစားကြတော့လည်း အေး က ဧည့်သည်ဖြစ်နေသည့်အတွက် ဂရုစိုက် အရေးပေးရသည့်နေရာမှာရှိကာ ကောင်း နဲ့ အနီးဆုံးမှာ အမြဲနေနေလျက် ...

"သမီးကို မြင်လိုက်ရတိုင်း ဆံပင်ရှည်လေးနဲ့ အရမ်း ကျက်သရေရှိတာပဲ .."

ဒေါ်သက်သက်မာ က လိုက်လိုက်လှဲလှဲ ချီးမွမ်းလျှင် ကိုယ့်သမီးပုံစံကို မသိမသာ ငဲ့ကြည့်ပြီး သိမ်ငယ်မိသလိုလို .. မျက်နှာပူသလိုလို...။

ဆံပင်ကို ဖွားလျားဖြန့်ချထားပြီး ကျစ်ဆံမြီးတွေကလည်း ရှိသေးသည်။ အင်္ကျီက ပွပွဖားဖား .. ဘောင်းဘီဒူးကျလေးက ကပ်ကပ်ကျပ်ကျပ် ..။

ထို့ပြင် နုံမြင့်ဖိနပ် အညိုရောင်လေး စီးထားသည့် ခြေထောက်နှင့် နို့စိမ်းရောင် ဖြူဖပ်ဖပ်ကြီးတွေ ရှပ်နေအောင်ပါသော ဟီးလ်ဒေါက်မြင့်နှင့် ခြေအစုံသည် ..။

"ဟင်း .."

ကိုယ့်သမီး တမင်တကာများ အရွဲ့တိုက် ပြင်လာလေသလားလို့ တွေးမိကာ ရှက်မိလာသည့်စိတ်တို့သည် လူငယ်တွေသာ မပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ချပေးဖို့ တစ်ဖက်သတ်ဆုံးဖြတ်မိခြင်းအတွက် နောင်တရခြင်းတို့ပါ ဖြစ်စေခဲ့၏။

"ဒီမှာ အကူလည်း မနေဘဲနဲ့ စားစရာတွေ အများကြီးကို ဘယ်လို ချက်လိုက်တာလဲ ဟင် .."

အေး က သိမ်သိမ်မွေ့မွေ့လေး စားသောက်ရင်း ဒေါ်သက်သက်ကိုပဲ ဦးတည်မေး၏။

"ပဲခူးအိမ်က ကောင်မလေးနှစ်ယောက်ကို ခေါ်လာခဲ့တာလေ သမီးရဲ့ .. ဒီနေ့ မနက်ပိုင်းမှာ အလုပ်ကိစ္စတွေ ပြီးမှာကို တွက်ပြီး အောင်မြင်ပေ့ပါးတဲ့ အထိမ်းအမှတ်ပေါ့ .. အန်တီက ဦးစီးပြီး ကောင်မလေးတွေကို ချက်ခိုင်းတာ .. လူသိပ်များတာမှ မဟုတ်တာကွယ် အပန်းမကြီးပါဘူး .."

"ဟုတ်ပါတယ် .. ချက်ပြုတ်တာက ဝါသနာပါရင် မီးဖိုချောင်ဝင်ရတာ ပျော်ဖို့တောင် ကောင်းသေးတယ် .."

"သမီးက ဝါသနာပါလို့လား .."

"ဟုတ် .. ဝါသနာပါတယ် .. မြန်မာစားစရာတွေအပြင် တခြားနိုင်ငံက သူတို့ဓလေ့ စားစရာတွေကိုတောင် လေ့လာထားသေးတယ်.. လူမျိုးချင်း ကွဲသွားသလို စားကြသောက်ကြတဲ့ပုံစံတွေ ဘယ်လို ကွဲပြားကုန်ကြသလဲဆိုတာ စိတ်ဝင်စားလို့လေ .."

"ဩော် .. ဒါဆို ဘယ်နိုင်ငံက အစားအစာမဆို ချက်တတ်တယ်ပေါ့ .."

"နိုင်ငံပေါင်းစုံတော့ မတတ်ပါဘူး .. နည်းနည်းပါးပါးပါ .."

ချင်း ကတော့ နားလည်း ထောင်သည်။ အကြော်အလှော်လေး နည်းနည်းစီ နှိုက်ပြီး တို့တို့တိတိပဲ စားနေ၏။

ပြောင်းဖူးနဲ့ကြက်သားလုံးကြော်ကို လက်လှမ်းလိုက်မိစဉ် ကောင်း နဲ့ လက်ချင်းဆုံသွားလျှင် မျက်လုံးချင်းပါ ဆုံမိကြ၏။





ချင်း က လက်ကို ပြန်ရုတ်ပြီး မရမ်းသီးအစပ်ထောင်းကိုပဲ တစ်ဇွန်းကြီး ခပ်ယူသည်။

ကောင်း က လှမ်းကြည့်ပြီး စားတော့မယ့် ထမင်းဇွန်းက ပါးစပ်နားကျမှ တုံ့ခနဲ တစ်ချက်ရပ်သွား၏။

ချင်း ကိုယ်တိုင် သူနဲ့ လက်ဆုံလိုက်လို့ ရှက်ရှက်နဲ့ လက်လွှဲလိုက်ရတာဖြစ်ကာ မရမ်းသီးထောင်းတွေ များသွားပေမယ့် ခပ်တည်တည်လေး နယ်ပစ်လိုက်၏။

ထည့်ထားတဲ့ထမင်းက နည်းနည်း ..၊ တခြားဟင်း မပါဘဲ ဒါနဲ့ချည်း နယ်ပစ်လိုက်တော့ ပါးစပ်ထဲ ထည့်ဖို့ တော်တော်ကို ခရီးဖင့်နေခဲ့၏။

ဒါပေမယ့် ကောင်း လှမ်းကြည့်နေတာ သိနေသဖြင့် ဒီတိုင်းပဲ စားပစ်လိုက်သည်။

အား!...

ချဉ်ချဉ်စပ်စပ်မှ တကယ့်ကို စပ်လိုက်သည့်ဖြစ်ခြင်း ..၊

ဟန်လုပ် မျိုသိပ်နေဖို့ သတိရပေမယ့် ဘယ်လိုမှ ထိန်းလို့မရဘဲ မျက်ရည်တွေ ပြည့်ဝိုင်းလာသည်။

ချောင်းတွေ ဆိုးမသွားစေနဲ့ .. မသီးနဲ့ .. သတိထားစမ်း လင်းလင်းချင်း ..၊

အသက်ရှူမမှားအောင် ကိုယ့်ဘာသာ ထိန်းချုပ်နေစဉ် ပန်းကန်ထဲကို ပြောင်းဖူးကြက်သားလုံးကြော်တွေ ရောက်လာသည်။

ကြည့်လိုက်တော့ ကောင်း က မေးဆတ်ပြတာ ...

"အဲဒါ .. အစပ်ပြေ စားလိုက် .."

စပ်နေတော့လည်း မတတ်နိုင် ..၊

ပြောင်းဖူးကြော်က ချိုမွှေးနေကာ နည်းနည်းစားလိုက်တာနှင့် အစပ်ပြေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်ဘာသာ မသိလိုက်သော မျက်ရည်ဥလေးတွေက မျက်တောင်ဖျားတို့မှာ စိုစိုစွတ်စွတ် ခိုတွဲနေသည်မို့ ...

"သိပ်မစားချင်တော့ရင် ဝရန်တာ ခဏ ထွက်လိုက်ပါလား .."

ပြောရင်း တစ်ရှူးလေးတစ်စကို ထပ်ကမ်းပေးသည်။ ချင်း က လှမ်းယူလိုက်ပေမယ့် ခေါင်းခါ၍ ...

"ရတယ် .."

အားလုံး၏အကြည့်တွေက သူတို့ဆီမှာပဲ ရှိနေကြကာ ...

"အဟမ်း .."

အေး က မသိမသာ ချောင်းလေးဟန့်၍ ...

"ဗိုက်ဆာနေတုန်း စားလိုက်ရတာ အရမ်းကောင်းတာပဲ .. အန်တီ တို့ကို ကျေးဇူးလည်းတင်ပါတယ်.. စန္ဒာ ပြန်တော့မယ်နော် ကိုကောင်း.."

"ဟင် .. ပြန်တော့မလို့လား .."

"ပြန်မယ်လေ .. မိသားစု လက်ဆုံစားပွဲမှာ စန္ဒာ က အလုပ်ပိုပေးမိ သလို ဖြစ်နေပြီ .. အဟွန်း .."

"မဟုတ်တာ သမီးရယ် .. ကြည့်ပါဦး ထည့်ပေးထားတဲ့ ဟင်း တွေတောင် ကုန်အောင် မစားဘူး .. ဘာလဲ အန်တီတို့ကို တစ်လှည့် ပြန်ကျွေးရမှာ စိုးလို့လား .."

"ဟာ .. မဟုတ်ပါဘူး အန်တီရယ် .. အန်တီ ဆန္ဒရှိတဲ့နေ့ ဖုန်းသာ ဆက်လိုက်ပါ .. ဘယ်လို အစားအစာဖြစ်ဖြစ် စန္ဒာ ချက်ကျွေးပါ့မယ်.."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ .."

အေး က ပြောနေရင်း ထရပ်လိုက်လျှင် ...

"မမအေး ကလည်း စားသောက်ပြီးမှတော့ အချိုပွဲလေးဘာလေး စားပြီးမှ ပြန်ပါ .."

ခေါ်သက်သက် အချိုပွဲ ပြင်ခိုင်းထားတာကို ချင်း က ကြားထား၍ ဖြစ်သည်။ အေး က ရယ်ပြရင်း ခေါင်းခါ၍ ...





"ဂျူတီ ရှိနေလို့ပါ .. အားလုံးပဲ သွားမယ်နော် .."

"ခဏလေး .. ကိုယ် လိုက်ပို့မယ် .."

"နေပါစေ .. စန္ဒာ့ ဘာသာပဲ ပြန် .."

"မင်းမှာ ကားမှ မပါတာ .. ကိုယ် ပြန်ပို့ပါ့မယ် .."

"သား .."

ခေါ်သက်သက် က သားဖြစ်သူကို ဘာမလို့ ပါးစပ်ပြင်လိုက်ပေမယ့် စန္ဒာ့ မှာလည်း ကားမပါဘူးဆိုတော့ ဘယ်လိုတားရမှန်း မသိဘဲ ကြည့်နေလိုက်ရ၏။

တကယ်ဆို မိန်းကလေးနှစ်ယောက်စလုံး ဒီနေရာမှာ ရှိနေတာကို ကာ မသူဇာ တို့ကို အားနာဖို့ ကောင်းနေပါပြီ ..။

သားက ခေါ်လာတာဆိုတော့လည်း မတတ်နိုင် ..။

"ချင်း တို့လည်း ပြန်ရအောင်လေ မေမေ .. အန်တီတို့ မပြန်သေး ရင်လည်း ချင်း တို့အိမ် လိုက်လာလို့ ရတာပဲဟာ .."

"အို .. နေပါဦး သမီးရယ် .. ညွှန့်သည်က ညွှန့်သည်မို့ ပြန်တာ.. သမီးတို့က ညွှန့်သည်မှ မဟုတ်ဘဲ အပြင်မှာ သစ်သီးပွဲတွေလည်း ပြင် ခိုင်းထားတယ် .."

"ဟုတ်သားပဲ သမီး .. မေမေတို့က ဒီည ဒင်နာစားပြီးကာမှ အေးအေး စကားလက်ဆုံပြောရင်း နားကြမလို့ .."

"ဒင်နာဆိုပေမယ့် ညွှန့်သည်က ပါလာတော့ စားလိုက်ရတာ မိုးတောင် မချုပ်သေးပါဘူး .. ကိုမောင်မောင် တို့ကို အားတောင်နာ တယ် .."

"မလိုပါဘူး မသက် ရာ .. ပြောရမယ့်လူတွေမှ မဟုတ်တာ .. ညွှန့်သည်က မိန်းကလေးဆိုတော့ ဦးစားပေးရမှာပေါ့ .."

မေမေတို့နဲ့ အန်တီတို့က နားလည်မှုတွေနဲ့ပါလား ..

ချင်း ကတော့ ဒီပုံစံနဲ့ လာမိတာကို မေမေ တွေးကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုတော့မယ်ဆိုတာ ကြိုသိပြီးသားပါ ..၊ ဖြစ်ချင်တော့ မမအေး နဲ့မှ တည့်တည့်ကြီး လာဆုံနေရသည်။

သူတို့ဘာသာ ဘယ်ကိုသွားသွား ဒီအချိန် ဒီကိုမှ ဘာဖြစ်လို့ ခေါ် လာရတာလဲ ..၊

"သမီးရယ် .. ဆံပင်ရှည်ကြီးတွေက ကျက်သရေ ရှိမှရှိ .. လှမှ လှ .. ဘောင်းဘီတိုလေးတွေ ပခုံးချိတ်လေးတွေ မဝတ်ပါနဲ့ကွယ် .. လိုက်ဖက်တင့်တယ်မှုမှ မရှိတာ" တဲ့ ..။

မေမေ တစ်ခါတစ်ရံ ပြောဖူးတာကို သတိရမိသည်။ ဖေကြီးက တော့ မေမေ မသိအောင် အားပေးခဲ့၏။

"တစ်ကိုယ်လုံး ရှိုးစင်းနေရင် ငါ့သမီး သိပ်ကြာကြာ မပျော်ရဘဲ အဘွားအိုပေါက်စလေး ဖြစ်သွားမှာပေါ့ .. မမကြီး စကားကိုလည်း နားထောင် .. ကိုယ် လွတ်လပ်သလိုလည်း တစ်ခါတလေ နေ .. ယဉ်တဲ့ အခါ ယဉ် .. ရိုင်းတဲ့အခါ ရိုင်းပေါ့ကွယ် .. ကာလ ဒေသ ကြည့်ပြီး ဝတ်ပေါ့ ..၊ မြန်မာဝတ်စုံဆိုတာ ကိုယ်မှာ ချပ်ချပ်ကပ်ကပ်လေး နေတာ လေ .. ဝတ်စ မရှိရင်လည်း ဒါကြီးတွေက ကျပ်ပါတယ် .. အိုက်ပါ တယ်ဆိုတာတွေ ဖြစ်လာရော .."

ဖေကြီး ကတော့ ချင်း ကို ဘယ်သောအခါမှ တင်းတင်းကျပ်ကျပ် တားမြစ်တာတွေ .. မေမေနဲ့ တိုင်မယ်ဘာညာတွေ လုပ်ခဲ့ဖူးတာ မရှိ..။

"အရမ်း ယဉ်ကျေးလိမ္မာပြီး ကိုယ်တိုင်လည်း တော်နေ ထက်နေ တဲ့ သားသမီးဆိုတာ မရှိဘူး .. ကိုယ်တိုင်က တော်နေရင် မိသားစု အပေါ်မှာ စိတ်ဝင်စားမှု နည်းသွားကြတာပဲ .. မိဘကို အရမ်းသိတတ် တဲ့ ကလေးတွေကျတော့ သူတို့ရဲ့ အရည်အချင်းဘက်မှာ ညံ့သွားတတ် တယ် .. အရာရာမှာ အသင့်အတင့်တော့ တော်ကြတဲ့ကလေးတွေ ရှိ ပေမယ့် ပြည့်စုံ ကောင်းမွန်ကြတာ ရှားပါတယ် .. ဒါပေမယ့် သမီးကို ဖေကြီး အကြံပေးချင်တာက ကိုယ်လုပ်ချင်တာကိုလည်း လုပ် .. မိဘ





စကားကိုလည်း မပယ်ရှားနဲ့ .. ဒီလိုပဲ မှားလိုက်မှန်လိုက်နဲ့ အသက် အရွယ်လေးတွေ ရင့်ကျက်လာတော့ ဘာလုပ်သင့်တယ်ဆိုတာ ဆင်ခြင် တတ်လာတာပါပဲ .."

ညှော်ခန်းမှာ တစ်ယောက်တည်း စောစီးစွာ ထွက်ထိုင်နေရင်း ဒီနေ့ အဆုံးစံထိတော့မည့် အရေးအခင်းအတွက် ဆုံးမစကားတွေထဲကနေ ကောက်နုတ်ချက်တွေ ပြန်ယူကြည့်ဖို့ ကြိုးစားနေမိသည်။

သူမက ဘယ်လို သားသမီး အမျိုးအစားထဲမှာ ပါဝင်နေခဲ့သလဲ..၊ လောလောဆယ်မှာတော့ ကာလဒေသ မသိတတ်စွာ ဝတ်စားဆင်ယင် လာမှုနှင့် အကြီးအကျယ် ဒဏ်ခတ်ခံရဖို့ သေချာနေပါပြီ ..။

"သမီး .."

"ရှင် .."

လူကြီးတွေ ထမင်းစားခန်းထဲက ထွက်လာကြတော့ ဒေါ်သူဇာ လင်း က ရှေ့ဆုံးက ဖြစ်ကာ ...

"သမီး ပြန်ချင်နေရင် ပြန်နှင့်လေ .. ကား ပါမလာဘူးမို့လား.."

"ဟို .."

"မေမေတို့ကားကို ယူသွား .. ပြီးရင် ဒရိုင်ဘာနဲ့ ပြန်လွှတ်ပေး လိုက် .."

"အို .. ကားပြန်မလွှတ်ရပါဘူး .. သား ပြန်လာမှာ ဥစ္စာ.. ပြီးတော့ အတူတူ ပြန်ကြရင် ပြီးတာပဲ .."

"ဟုတ်သားပဲကွ .. ငါတို့ ကောင်း နဲ့ ပြန်ရင် ရတာကို .."

ဒေါ်သက်သက် မျက်နှာက ပြုံးနေသည်။ ဦးမောင်မောင်ချင်း ကလည်း ပြုံးလို့ပါ ..၊ ဒေါ်သူဇာလင်း မျက်ဝန်းတွေကတော့ ပြေပြစ် သည် ထင်ရပေမယ့် မပြုံးမတည် အေးစက်စက်နှင့် ...

"ပြန်ချင် ပြန်နှင့်တော့ .."

လို့ ထပ်ပြောပြီး မျက်နှာလွှဲ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ချင်း ကလည်း ပြုံးနေရပေမယ့် သမီးဖြစ်သူအပေါ် စေအော စိတ်တိုင်းမကျ ဖြစ်နေတာကို ရိပ်မိသည်။

ဦးစောနိုင် ကလည်း သားကို အပြစ်တင်နေမိတာပါ ...။

ဒီမှာ ဒီလိုတွေ ဆုံကြတွေ့ကြဖို့ ရှိတာတောင် ညှေ့သည်ခေါ်လာပြီး ခွဲထွက်သွားသည်။ ဘယ်လောက် မျက်နှာပူဖို့ ကောင်းသလဲ ...။

ခေါ်သက်သက် စိတ်တိုင်းမကျခဲ့တာက မိန်းကလေးနှစ်ယောက် ဒီမှာ လာဆုံမိရသည့်အဖြစ် ...။

အားလုံး၏ရင်ထဲမှာ ကိုယ်စီ သောကများနေကြရကာ ဒီည လက်ဆုံစားပွဲက အောင်မြင်မှုအတွက် ပျော်ရွှင်စရာလည်း မဖြစ်ခဲ့ပါ ...။

ဒါမှမဟုတ် တကယ် ဖြစ်မြောက်သွားခဲ့တာက လက်ဆုံ စိတ်ညစ်ပွဲ ...





အခန်း (၂၅)

"အဲ့ဒါ သားကြောင့်ဆိုရင် သား ဝန်ခံနိုင်လား .."

"ဘာဖြစ်လို့လဲ မေမေလေး .. ကျွန်တော် တမင် လုပ်ခဲ့တာမှ မဟုတ်ဘဲ .."

"တမင်လုပ်လိုက်သလိုကြီး ဖြစ်သွားတာ .."

ဖုန်းပြောနေရင်း ဆံပင်တွေ သပ်နေမိ၏။ ဒါ တကယ်ကို မရည်ရွယ်ခဲ့တဲ့ကိစ္စဆိုတာ ဘယ်လိုပြောရမလဲ ...။

"မေမေတို့က သားရဲ့ညှေ့သည်ကိုလည်း ပစ်ပယ်လို့ မရဘူး .. မသူဇာ တို့ကိုလည်း အားနာနေရတယ် .. ထမင်းလက်ဆုံစားကြပြီး ခေါင်းချင်းဆိုင် စိတ်ညစ်ခဲ့ရတာပဲ အဖက်တင်တယ် .."

"မေမေလေး ရာ .."

မေမေလေး ကိုလည်း အံ့ဩမိပါသည်။ စန္ဒာ နဲ့ ပြေဆိုရယ်မော နေတာ အကောင်း ...။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာ့ ပန်းကန်ထဲကို ဟင်းတွေ ထည့်ပေးပြီး လေပေးတွေ ဖြောင့်နေခဲ့တာ ဟိုတုန်းတည်းက တော်တော် ရင်းနှီး ကျွမ်းဝင်ခဲ့ကြပုံမျိုး ..၊

တကယ်ဆို သားရဲ့ သူငယ်ချင်းတွေအဖြစ် ပြောဆို နှုတ်ဆက်ဖူးတာပဲ ရှိတာ ..၊ ဒီလို တစ်ဝိုင်းတည်းထိုင်ပြီး စားသောက်ခဲ့တယ်ဆိုတာ တောင် မရှိခဲ့ပေ ..။

"မင်းရဲ့လုပ်ရပ်ကို မေမေ နည်းနည်းလောက် မျက်နှာပျက် ငြူစူပြလိုက်တာနဲ့ စန္ဒာလေး သိက္ခာကျမယ် .. မသူဇာ တို့ ပိုရှက်သွားမယ်.. အဲ့ဒါကြောင့် မေမေ့ အမူအရာတွေ ချိုမြပေးနေရတာ .."

သူ တွေးနေတုန်း ဒေါ်သက်သက် က ဒါကို ရှင်းပြလာကာ ...

"မေမေတို့က မင်းတို့ချင်း ရင်းနှီးစေချင်လို့ .. အတူတူ နီးနီးကပ်ကပ် နေနိုင်းတယ် .."

"ကျွန်တော့်အိမ်လည်း မပြီးသေးလို့ မဟုတ်ဘူးလား မေမေ .."

"ဘာဖြစ်ဖြစ် တစ်ယောက်တည်းသမားအတွက် အားလုံး ပြည့်စုံနေပြီးသား .. မေမေတို့ကသာ အိမ်လည်း မပြည့်စုံဘူး .. စားရေးသောက်ရေးနဲ့ ဗာဟီရအတွက် မင်း တစ်ယောက်တည်း စိတ်ချခဲ့တာ.. ချင်း နဲ့လည်း နီးစပ်အောင် အမျိုးမျိုး ကြိုးစားခဲ့တာ .."

"ခုလည်း ကျွန်တော် .."

"သားက ဘာကိုမှ ခေါင်းထဲမထည့်လို့ အလုပ်ပြီးရင် အလုပ် .. အိမ်ပြန်တော့ အချိန်လွန် ညဥ့်နက်ကျမှ .."

"အချိန်အခါနဲ့ ပြန်အိပ် .. ပြန်စားရအောင် ကျွန်တော်က အိမ်ထောင်သည်မှ မဟုတ်သေးတာ မေမေလေး ရယ် .."

"အိမ်ထောင်ပြုစေချင်လို့ မေမေတို့ ကြိုးစားနေကြတာလေ .."

"ကျွန်တော် သိပါတယ် .. မေမေလေး တို့ စီစဉ်သလို ကျွန်တော် နာခံခဲ့တာပဲဟာ .."

"သား .. မင်း မေမေ့ကို မှန်မှန် ဝန်ခံပါလား .."





"ဗျာ .."

"စန္ဒာ့ ကို သား သဘောကျနေတာလား .."

"မေလေး .."

"စန္ဒာ့ လို ပုံစံမျိုးကို သဘောကျတာလား .. ဒါမှမဟုတ် ဟိုတုန်းတည်းက ရှိခဲ့ဖူးတဲ့ သံယောဇဉ်ကြောင့် အခု သူ့ကိုပဲ စိတ်ကူးမိနေတာလား .."

စိတ်ညစ်လို့ ခေါင်းကုတ်ရတာမျိုး မဖြစ်ဘူးခဲ့ဘဲ ခေါင်းကုတ်မိမတတ် ဖြစ်လာခဲ့၏။

"မေမေ စဉ်းစားလို့ ရတာတော့ အဲ့ဒါပဲ ..၊ ဒီလိုအချိန်ကျမှ စန္ဒာ့ကို သား ခေါ်လာခဲ့တာ .."

"တမင် ခေါ်ခဲ့တာ မဟုတ်ပါဘူးဆို မေလေးက ယုံမှ မယုံဘဲ .. သူ ကားပျက်နေလို့ .."

"ကားပျက်နေတာ ကူညီပေးလို့ ရတာတွေ အများကြီး ရှိတယ်လေ .. အိမ်မှာ အထူးစားပွဲရှိတာကို ခေါ်လာဖို့မှ မလိုတာ .."

"ခက်တော့တာပဲ .."

မလိုပေမယ့် သူ့ကိုတော့ ထမင်း မကျွေးချင်ဘူးလားလို့ ပေါ်တင်ကြီး မေးနေတာကို ဘယ်လို ခေါင်းခါမလဲ ..။

"သူ့ကို တစ်နေရာ လိုက်ပို့နေရတယ်ဆိုရင်တောင် သား ရောက်လာရင် နောက်မကျသေးဘူး .. အခု သား တမင် အစောကြီး ခေါ်ချလာတာ .."

"မေလေး ကျွန်တော် တမင် မဟုတ်ဘူး .. အဲ့ဒါ တကယ် .."

"သား မညာလောက်ဘူးလို့ ထင်ရပေမယ့် တမင် လုပ်တယ်ဆိုတဲ့ အဖြေက ထွက်နေတယ် .."

ဒါကြောင့် သူ ပြန်ရောက်လာတော့ မေမေလေး စကားဟဟ မပြောတော့ဘဲ 'မနက် ပြန်ရမှာ' ဆိုပြီး စောစော အိပ်ရာဝင်သွားတော့ပဲ..



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အိပ်ရာ ခြင်ထောင် မပြည့်စုံသေးပေမယ့် အိပ်ခန်း စားခန်း လောက်ကိုတော့ တတ်နိုင်သမျှ ပြင်ဆင်ထားခဲ့တာပါ ..။

ညတုန်းက မေမေငယ် လည်း မျက်နှာမကောင်းဘဲ သက်ပြင်းတွေ ချလို့ ..၊

"ဒီည ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပြီး ကိုမောင် နဲ့ အေးအေး နေကြမလို့ .. မင်းအမေက ညလယ်စာတွေ ဘာတွေတောင် စီစဉ်ထားတာ .." တဲ့ ..။

ပြီးပြည့်စုံအောင်တော့ မဆူဘဲ ဒီတိုင်းပြောပြီး ခေါင်းခါသွား၏။

သူ မလွဲသာလို့ လုပ်ခဲ့ရသည့်အဖြစ်တစ်ခုက မိသားစုနှစ်ခုမှာ ဒီလောက်တောင် ခြောင်းဆန်သွားခဲ့သလား ..၊

ခက်နေတာက ဒါကို သူ မရှင်းတတ် ..၊





## အခန်း (၂၆)

"ဘယ်ရှင်းတတ်မလဲ .. သမီးမှာ ရှင်းပြဖို့အကြောင်းမှ မရှိတာ–"

ဒေါ်သူဇာလင်း မျက်ဝန်းတွေ ရူးစူးရဲရဲ ဖြစ်နေကြသည်။ အရှက်သည်းခြင်းက အသံတွေကိုပါ တုန်စေလျက် ချင်း မျက်နှာကို ငုံ့ကြည့်ရင်း စိတ်ပျက်စွာ ခေါင်းခါမိသည်။

"မေမေ အရမ်း အံ့ဩတယ် .."

"မေမေရယ် .. ချင်း အပြင်ကနေ လှည့်ဝင်လာတယ်ဆိုတာ အန်တီသက် တို့ သိပါတယ် .."

"သိတယ်လေ .. အပြင်မှာပဲ အချိန်မရွေး ရှိနေတတ်တယ်ဆိုတာ ညည်းက သက်သေပြလိုက်တာပဲ ..၊ ညနေခင်းကြီး လမ်းပေါ်မှာ ရှိနေတယ် .. အပြင်မှာ တစ်နေကုန် ဝယ်ခြမ်းစားသောက်နေတာ မိုးပြည့်နေပြီလို့ ညည်း ပြောတယ် .."

"အယ် .. မေမေ .. အဲ့ဒါက .."



www.burmeseclassic.com

www.burmeseclassic.com



"ညည်း အဲဒီ ထမင်းပွဲကို ဖွဲ့ချင်တာ တစ်ခုတည်းနဲ့ ကိုယ် ဘယ်လို သွားလာ နေထိုင်တတ်တာ .. ဘယ်လို စည်းကမ်းမဲ့ စား သောက်တတ်တာတွေ အားလုံးကို တစ်ထိုင်တည်း ဖွင့်ချလိုက်တာ .."

"ကဲ.. ကဲ .. ညတည်းက မင်း ဆူပြီးပြီကွာ .. တော်ပါတော့ .."

"ဘရေ့ဖက်စ် စားပြီးတဲ့အထိ ကျွန်မ မနည်း စောင့်နေရတာ ကိုမောင် .. ဘယ်လောက် ရှက်စရာကောင်းသလဲ ကြည့်ဦး ..၊ မိဘ က ဖုန်းကြိုဆက်တယ် .. သေချာ ပြင်ဆင်ခဲ့လို့လည်း မှာလိုက်သေး တယ် .."

"ချင်း အိမ်တစ်ခေါက်ပြန်ပြီး မလုပ်ချင်တော့လို့ပါ .."

"အဲဒါ ညည်း အပြင်မှာ နေတတ်တဲ့အကျင့်ကြောင့် အိမ်မှာ ရှိ မနေခဲ့တာပေါ့ .. လူကြီးတွေရှေ့ကို မီးပုံးပျံလို အကျီကြီးနဲ့ .. ဘောင်းဘီ တိုတိုကျပ်ကျပ်နဲ့ ဆံပင်တွေ လုပ်လာလိုက်တာ စင်ပေါ်တက်ပြီး သီချင်း ဆိုမယ့် အဆိုတော်တွေအတိုင်း .."

ချင်း မျက်နှာလေး ရှုံ့မဲ့နေကာ ...

"ချင်း အမြဲတမ်းပဲ အဆင်ပြေသလို ဝတ်လာခဲ့တာတွေပဲ မေမေ.. အဲဒီနေ့ကျမှ အပြစ်က ဘာဖြစ်လို့ ဒီလောက် ကြီးသွားရတာလဲ .."

"နှစ်ယောက် ယှဉ်လိုက်တော့ ယှဉ်တဲ့လူက အဆင်ပြေသွားတာ ပေါ့အေ .. အဲဒီလိုပြောလို့ အနိုင်းခံရတယ် .. အယှဉ်ခံရတယ်ဆိုပြီး မရှိတဲ့မာနတွေ ငယ်ထိပ် တက်မနေနဲ့ .. မိဘတစ်ယောက်ရဲ့ မျက်လုံး ထဲမှာ ကြည့်ရင် အရိုင်းနဲ့ အယဉ်က ဘာက သာသလဲ ..၊ မေမေ မွေး ထားတဲ့ သမီးက သူများ နှာခေါင်းရှုံ့စရာဘက်ကို ရောက်နေခဲ့တာ ဘယ်လောက် ရှက်ဖို့ကောင်းလဲ သမီး .."

"သူ့ဇာ ရယ် .. သမီး ဝတ်စားထားတာ ဒီလောက်လည်း .."

"ကိုမောင့် သမီးဘက်က မကာကွယ်ပါနဲ့ ကိုမောင် ရယ် .. ဒေါက်တာ အေးမြစန္ဒာ ဘယ်လိုအကွက်နင်းသွားတယ်ဆိုတာ မိန်းမ





ချင်းမို့ ပိုသိတယ် ..၊ အဲဒီမိန်းကလေးကို ကိုမောင့် သမီးပဲ ပလူးထလဲ သွားလုပ်ပြီး ကောင်း နဲ့ ဆက်သွယ်ပေးခဲ့တာ .."

ဘုရားရေ!.. မေမေ ဒီလောက်ထိ ဘယ်လို သိသွားတာလဲ ..၊

ချင်း ဖျတ်ခနဲ ကြည့်လိုက်မိတာ ဟန်မဆောင်နိုင် ..၊

ဦးမောင်မောင်ချင်း က စီးကရက်တိုကို မီးမသတ်ဘဲ ပြာခွက်ထဲ ထည့်ရင်း ဆိုဖာမှာ ထိုင်လိုက်၏။ ဒေါ်သူဇာလင်း ကတော့ မတ်တတ် ကနေ မထိုင်နိုင်သေးပေ ..။

"သူတို့ချင်း မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်ချင် ဖြစ်လိမ့်မယ်.. ဒါပေမယ့် အခု ပြန်ပြီး ရင်းနှီးသွားကြတာက ကိုမောင့် သမီးကြောင့်.."

မေမေ့ အကြည့်တွေ ရောက်လာတော့ ချင်း ခေါင်းမခါနိုင် ..၊ ဦးမောင်မောင်ချင်း ကတော့ ခွင့်လွှတ်ဖို့ပဲ ကြိုးစားနေသည်ဖြစ်ရာ ...

"အင်း .. တကယ်ဆိုရင် သမီး ဒီလို မလုပ်သင့်ဘူး .."

"ချင်း ဘာမှ မလုပ်ပါဘူး ဖေဖေ .."

"မဟုတ်ဘူး .. ကောင်း ပြောသွားတာ ဖေဖေ သတိထားမိတယ်.. အခု သမီး မျက်လုံးတွေကလည်း ဝန်ခံနေတာပဲ .."

ချင်း စိတ်တွေအိုက်ကာ ဒီနေရာကနေ ထပြေးချင်လာမိသည်။ ပြီးတော့ ကောင်း ကို ငှက်ကြီးတောင်ဓားကြီးနဲ့ အရှိန်နဲ့ ပြေးထိုးပစ် လိုက်ချင်၏။

"သမီး ကူညီလို့ သူတို့ ပြန်ပြီး ရင်းနှီးခဲ့ကြတာတဲ့ .. ဒါ ထည့်ပြော သွားတာ အဓိပ္ပာယ်ရှိတယ် .."

"ဟုတ်တယ် .. ခုလိုမျိုး ချင်း အဆူခံရအောင်လို့ ချွန်သွားတာ.. သူတို့က ကလေးတွေမှ မဟုတ်တာ .. အပြင်မှာ ဘယ်မှာဖြစ်ဖြစ် တွေ့ လို့ ရတယ် .. သူတို့ အစတည်းက တစ်ယောက်နဲ့တစ်ယောက် .."

"မပြောနဲ့တော့ သမီး .. သူများအကြောင်း ကိုယ် မသိဘဲနဲ့ ပြော တာ တစ်ဖက်လူတွေ နစ်နာတယ် .. အခု မေမေ ပြောနေတာ သမီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ကြောင့် မိဘ မျက်နှာငယ်ခဲ့ရတယ် ..."

ဒေါ်သူဇာလင်း က သမီးရဲ့ ဆံပင်တွေကို စိုက်ကြည့်ပြီး နှုတ်ခမ်းတွေက တွန့်မလို မဲ့မလို ရှိလျက် ...

"ဆံပင်တွေ ရှည်ကြတာချင်း အတူတူတောင်မှ မေမေ့မှာ မျက်နှာငယ်ခဲ့ရတယ် .."

"အန်တီသက် က အဲဒီလိုပုံစံကိုမှ သဘောကျနေတဲ့ အမူအရာတွေ ပြလိုက်တာလား မေမေ .."

စိတ်ညစ်ရလွန်းသည့် ရင်ထဲမှာ နှိုင်းယှဉ်ခံရတော့ မာနက ခေါင်းထောင်လာ၏။

မေမေ့ကိုတော့ မဟုတ်ပါ ..၊ ဒေါ်သက်သက် ဘယ်လို ဆန္ဒတွေနဲ့ အရိပ်အယောင်ပြ နိမ့်ချခဲ့လို့လဲဆိုတာ တွေးမိလာရင်း ...

"သူတို့ရဲ့ သားရော .. ချင်း ဘက်မှာရော .. အရှိကို အရှိအတိုင်း ချည်းပဲ ..၊ ဘယ်သူ ကြိုက်အောင် ဘယ်သူ့ဘက်က ပြုပြင်မယ်.. ဆွေးနွေးမယ်ဆိုတာ မရှိခဲ့သေးဘူး .."

"ဟုတ်တယ် .. မရှိခဲ့သေးဘူး .. စေ့စပ်ထားတယ်ဆိုတာလည်း ဖျက်လို့ ရတယ် .. ပျက်သွားနိုင်တယ် .. မေမေက ဖျက်မှာ ပျက်မှာတွေကို ကြောက်လို့ အမိက ပြောနေတာ မဟုတ်ဘူး .. ပျက်ကြပြီဆိုရင်တော့ ကိုယ့်ဆန္ဒအတိုင်း ဖြစ်ချင်တာ ..၊ ဖျက်မယ်ဆိုရင်လည်း ကိုယ်ကပဲ ဖျက်မယ် .."

"အခု ဒီကိစ္စ ပျက်ဖို့ထိ အခြေအနေဆိုးသွားတာလား မေမေ .."

"ဟုတ်တယ်ဆိုရင် သမီး ဝမ်းသာသွားမယ်မို့လား .."

"မေမေတို့လည်း ဝမ်းနည်းဖို့ မလိုဘူး မေမေ .. ချင်း ကို မေမေတို့ တစ်သက်လုံးတည်းက တင်းကျပ် ချုပ်ချယ်ထားခဲ့တာ မဟုတ်ဘူး..၊ သူနဲ့ကျမှ လိုတိုးပိုလျှော့တွေ လုပ်လာရင် အဲ့ဒါ မေမေတို့ သူ့ကို ချင်း ထက် မက်မောနေလို့ပဲ .."





"ဘာပြောတယ် .. ဘာ!..."

"သူဇာ .."

ဦးမောင်မောင်ချင်း ထလျှောက်သွားရင်း ဇနီးသည်ဆီမှာ ရပ်နေလိုက်ကာ ...

"အေးမြစန္ဒာ က ဒီလောက်လည်း လွှမ်းမိုး ခြယ်လှယ်မသွားနိုင်ပါဘူးကွာ .. ဖြစ်သွားသွား .. ပျက်သွားသွား .. ငါတို့ဘက်ကလည်း ဂရုစိုက်ဖို့ မလိုပါဘူး ..၊ ဒီကိစ္စကို ငါတို့ကစပြီး စီစဉ်ခဲ့ကြတာမှာ ကောင်း ရဲ့ အနာဂတ်ကို ဘာမှ ကြိုသိခဲ့ကြတာ မဟုတ်ဘူး .. ကြိုသိနေရင်တောင် ကြိုတင်မက်မောပြီး အမိအရ စေ့စပ်ထားရလောက်အောင် မက်စရာ ရှိလို့လား .."

ဒေါ်သူဇာလင်း ဆိုဖာအစွန်းမှာ စိတ်ပျက် လေးတွဲစွာ ထိုင်လိုက်၏။ ဦးမောင်မောင်ချင်း က ဆိုဖာရဲ့ဘေးမှာ ခပ်လူးပ်လူးပ် လျှောက်ရင်း ...

"ငါတို့ ပတ်သက်ခဲ့ကြတာ ငါတို့ အကြောင်းရှိပြီးသား သူဇာ.. ကိုယ် ထောက်ပံ့ချင်လို့တောင် မွေးစားဖို့ တောင်းခဲ့တဲ့ ကလေး .. ခုချိန်ထိ သူ ချမ်းသာတယ်ဆိုတာတွေကလည်း ငါတို့အတွက် မက်လောက်စရာ မဟုတ်သေးပါဘူး ..၊ အနှိုင်းခံရတာ အယှဉ်ခံရတာတွေ တွေးမနေစမ်းပါနဲ့ကွာ .. သူတို့က တခြားမိန်းကလေးကို မက်တယ်ဆိုရင်လည်း သွားပေါ့ .. သူ့သားက တခြားမိန်းမကိုပဲ မျက်စိကျပါတယ် ဆိုရင်လည်း ဝမ်းနည်းဖို့ မရှိဘူး .."

ဦးမောင်မောင်ချင်း က ရှင်းပြပေမယ့် ကိုယ်ကတော့ ကောင်းရဲ့ အရည်အချင်းကောင်းတွေကို သဘောကျ၍သာ သမီးနဲ့ စေ့စပ်ဖို့ အားချင်း စီစဉ်ခဲ့တာ ဖြစ်သည်။

ဒါကြောင့် ဒေါ်သူဇာလင်း ရှက်ရွံ့သလို ခံစားနေခဲ့မိတာ ခုထိ မပျောက်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အေးမြစန္ဒာ ကို လိုက်ပို့မယ်ဆိုပြီး အားလုံးရှေ့ကနေ ဦးဆောင်ထွက်သွားခဲ့သည့် မြင်ကွင်းကို အရှက်ဆုံး ...၊

ရေစပ်ထားသည့် မိန်းမကိုတော့ စကားဟဟ တစ်ခွန်းမှ မဆိုခဲ့ဘဲ ဟိုတစ်ယောက်ကို ဂရုစိုက် အလိုလိုက်နေခဲ့သည်။

ဒီလူကိုမှ မရရင် မဖြစ်တော့လို့ မဟုတ်ပါ ...၊ ကွယ်ရာမှာ ချစ်သူတွေ ဖြစ်နေကြတယ်ဆိုရင်တောင် ဒါက သူ့စိတ်ဆေးရာမို့ ကိုယ်နဲ့မသက်ဆိုင်သူလို နေပေးရဖို့တွေ ရှိသေးသည်။

ခုတော့ နှိုင်းယှဉ်ပြီးမှ ဖယ်ရှားတာမျိုး ...၊





## အခန်း (၂၇)

"ခုတော့ ဆံပင်ရှည်တာချင်း တူတာတောင် မေမေ မျက်နှာငယ်ခဲ့ရတယ်" တဲ့ ...။

ဒီဆံပင်တွေ အရှည်ထားခဲ့တာ သားရှင်တွေ မျက်စိကျအောင်လို့လား ...၊

ကိုယ့်ဆံပင်တွေကို လက်နောက်ပြန် ဆွဲ၍ ရင်ဘတ်ပေါ် တင်လိုက်မိ၏။ ပြီးတော့ နှုတ်ခမ်းသားတို့ကို ဖိကိုက်ရင်း အံကြိတ်မိသည်။

"သမီးကို မြင်လိုက်ရတိုင်း ဆံပင်ရှည်လေးနဲ့ နော် .. အရမ်းကျက်သရေရှိတာပဲ .."

လို့ ဒေါ်သက်သက် လှိုက်လှိုက်လှဲလှဲ ချီးမွမ်းနေသံကိုပါ သတိရမိသည်။ နှိုင်းယှဉ်ခြင်းတွေ ဖြစ်လာခဲ့တာ ဒီဆံပင်တွေကြောင့်ပဲ ...၊

ဆံပင်ကျတော့ ရှည်ရှည်ပိုင်းပိုင်း ယှဉ်စစနဲ့ ...၊ ဝတ်တော့ ဒီလိုပေါင်တို ဆိုတဲ့ စကားတွေရော .. အားလုံးသော ကဲ့ရဲ့ခံရခြင်းတို့ဟာ ဒါကြောင့် မဟုတ်ရင် ဘာဖြစ်မလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ချင်း နေရာမှ ဆတ်ခနဲ ထရပ်ကာ အောက်ထပ်ကို ပြေးဆင်းသည်။ ပြီးတော့ မီးဖိုခန်းထဲကို လှစ်ခနဲ ဝင်၏။

ထိုအချိန်မှာ ကောင်း တစ်ယောက်တည်း အိမ်ထဲ ဝင်လာရင်း ဧည့်ခန်းရောက်တဲ့အထိ ဘယ်သူ့ကိုမှ မတွေ့ …၊

ဒါပေမယ့် ချင်း ပြေးလွှားဆင်းလာတာကို မြင်လိုက်သည်။ ပြီးတော့ မီးဖိုခန်းထဲက ထွက်ကာ နောက်ဖေးကို ဘေးတံခါးကနေ ဆင်းထွက်သွား၏။

"ချင်းလေး ရေ …"

ဒေါ်ဇာယု ဈေးဆွဲခြင်းကြီးနှင့် ပိုက်ဆံအိတ်ကို ချိုင်းကြားမှာ ညှပ်လျက် ချင်း ကို အပေါ်မှာထင်ပြီး မော့ကြည့် ခေါ်နေကာ …

"ဟော … လူလေးပါလား … ဒီအချိန်ကြီး မြင်ရတာ အထူးအဆန်း…"

"ဟုတ်ကဲ့ … ကျွန်တော် ပြန်သွားရမှာ …၊ ချင်း နဲ့ ခဏလောက် စကားပြောချင်လို့ …"

"ပြောလေ … အဲ … ချင်း က အပေါ်မှာ …"

"မဟုတ်ဘူး … နောက်ဖေး ဆင်းသွားတာ တွေ့လိုက်တယ် …"

"ဟုတ်လား … သွားပြောလေ … သွားပါ … တစ်ခြံတည်း အတူတူ နေကြတဲ့လူတွေပဲ … အေးဆေး ပြောကြ …၊ အတော်ပဲ … ချင်းလေး ကို တစ်ယောက်တည်း ထားခဲ့ရမှာစိုးလို့ …"

"အန်တီရော …"

"မမကြီးက မိုးမလင်းခင်တည်းက ဧည့်သည်ကြိုဖို့ လေဆိပ်ကို ထသွားတာ … ဆရာကြီး ဧည့်သည်လေ … တော်ကြာ ပြန်ရောက်မှာပါ…"

ဒေါ်ဇာယု ဈေးထွက်သွားတော့ ချင်း သွားသည့် တံခါးကပဲ သူ ထွက်လာခဲ့သည်။ ဒီနေ့ ချင်း ကို စကားပြောချင်တာကြောင့် သူ ကုမ္ပဏီကို မသွားသေးဘဲ နေခဲ့တာ ဖြစ်သည်။





ဟိုနေ့က ဒင်နာပြီးတည်းက ချင်း ကို တွေ့ဖို့ သူ ကြည့်နေခဲ့တာ မြင်ကို မမြင်ခဲ့ရပေ …၊ ညစာဆို ဒီအိမ်မှာပဲ လာစားဖြစ်ပေမယ့်လည်း ချင်း နဲ့ ဆုံဖြစ်တာ သိပ်မရှိ …။

ဒီနေ့တော့ နှစ်ဖက်မိဘရင်မှာ တစ်မျိုးတစ်မည်တွေ ထင်နေကြသည့်ကိစ္စအတွက် ချင်း နဲ့ သူ အရင်တွေ့ပြီး ဒါတွေ ပြောကြမှ ဖြစ်မည်။

ခြံကျယ်ကြီးထဲမှာ ချင်း ဘယ်နားမှာ ရှိနိုင်မလဲ တွေးရင်း ရှေ့တိုးလျှောက်ခဲ့စဉ် စကားပြောသံလား … ငိုသံလား မကွဲပြားသော အသံတစ်ချက်ကို အရင် ကြားလိုက်ရ၏။

အသံလာတဲ့ဆီ မှန်းဆပြီး တိုးလာခဲ့လျှင် …၊

"တွေ့မယ် … ဘာဆံပင်မှ မရှိတော့မှ …၊ ဘာကျက်သရေမှ မရှိရင် ဘယ်သားရှင်ကမှ သဘောမကျတော့ဘူး … အရင်းကနေ ဖြတ်ပစ်မယ်… ပြီးမှ ဖြစ်ချင်ရာ ဖြစ် …"

ချင်း သည် အနီရဲရဲ ဆွဲသားခါးရှည် လက်တိုလေးနှင့် အစိမ်းပုပ်ရောင် ဘောင်းဘီရှည်ပွပွကို ဝတ်ထား၏။

မျက်ရည်တွေ ကျနေတာကို မသုတ်ဘဲ ဆံပင်တွေကို ရှေ့မှာ ဆွဲ၍ စုလုံးကိုင်ထားကာ လက်တစ်ဖက်မှာ ကတ်ကြေးကို အသင့်မြှောက်ပြီးသား …၊

"ဖြတ်ချပစ်မယ် … မေမေ ရိုက်ရိုက် … ဖေဖေ ဆူဆူ … ဘာဖြစ်ဖြစ် … ဖြတ်ကို ဖြတ်မယ် … မလုပ်ရဲဘူး မထင်နဲ့ …၊ နင့်ကြောင့် ငါ အဆူခံရတာ … နင့်ကို ဒီလောက်ထိ အရှည်ထားမိလို့ မြန်မာဆန်ပါ … နန်းဆန်ပါနဲ့ ငါ့ကို ပြောတာ …၊ ဆံပင်တွေ ရှည်ပြီး လှုကတော့ မခန့်ဘူး … ကလက်တယ် ဆိုတာတွေ …"

ပြောဆို ကြိမ်းဝါးနေတာတွေက စစ်ပွဲတစ်ပွဲ ဖြစ်နေတာလက် ပြင်းထန်နေကာ လက်ကတော့ မရောက် …၊ ပြီးတော့ လက်မောင်းကို ပင့်၍ မျက်ရည်သုတ်ခြင်းဖြင့် အလုပ်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သံယောဇဉ်တွေ များနေလည်း အလကားပဲ .. ငါ့ကို နည်းနည်းမှ ကောင်းကျိုးမပေးတာ နင် .. နင့်ကို ဖြတ်ချပစ်မှ အေးမှာ .."

အတန်တန် ကြိမ်းဝါးနေပြီး လက်က မရောက်သေးတာကို ကိုယ့်ဘာသာ သိနေကာ ဒီတစ်ခါတော့ ဆံပင်တွေကို ကတ်ကြေးဟထားတဲ့ထဲ သေချာထည့်ပြီး ဆံပင်ကိုင်ထားသည့်လက်ကို ကတ်ကြေးနဲ့ လွတ်အောင် နေရာပြင်သည်။

အားလုံး အဆင်ပြေ လွတ်ကင်းပြီဆိုမှ အံကြိတ်၍ ...

"အဲဒါ ဘာဆိုင်လို့လဲ .."

ဟင်!...

ကတ်ကြေးကိုင်ထားသည့် လက်ကောက်ဝတ်ကို တစ်ယောက်က ဆွဲချုပ် ကိုင်လိုက်၏။

ကြည့်လိုက်တော့ ကောင်း ဖြစ်နေလျက် ...

"ကတ်ကြေးကို လွှတ်လိုက် .."

"ဘာလို့ လွှတ်ရမှာလဲ .. ရှင့်လက်ကိုပဲ လွှတ် .."

"ချင်း .. ငါ မင်းနဲ့ ရန်ဖြစ်ဖို့ လာတာ မဟုတ်ဘူး .."

"ဒီကတော့ တစ်လောကလုံးကို စိန်ခေါ်နေတာ .. ရှင့်ကို မုန်းတယ် .. အခု ဒီဆံပင်တွေကိုလည်း မုန်းတယ် .. ဒါတွေ မရှိတော့မှ ဆံပင်ရှည်တာကို ကြိုက်တဲ့လူတွေ လင်းလင်းချင်း ကို လက်လန်သွားကြမှာ .."

"ဘယ်သူ ပြောတာလဲ .."

"ဘယ်သူ ပြောပါတယ်လို့ ရှင့်ကိုပဲ ဒီက သံတော်ဦး တင်နေရဦးမှာလား ..၊ ဖယ် နော် .. ရှင့်လက်ကို လွှတ် .."

"ဟော့ .. အတင်း မရုန်းနဲ့လေ .. လူကို ထိလိမ့်မယ် .."

"မထိစေချင်ရင် ရှင် လွှတ်လိုက်လေ .."

"မင်းလက်ကို ဖြည်ချလိုက် .."





"မဖြည်ဘူး .. ဒီဆံပင်ကို ဖြတ်ကို ဖြတ်ပစ်မှာ .."

တစ်ယောက်က ကတ်ကြေးကို အတင်းဆုပ်ထားတာ မလွှတ်။ တစ်ယောက်က သူမ လက်ကောက်ဝတ်လေးကို မလွှတ်တမ်း ဆွဲကိုင်ထားကာ ...

"မင်း လက်နာသွားမှာနော် ချင်း .. အေးအေး လွှတ်လိုက် .. ဘာမှ မဆိုင်တာကို အမိုက်မှာယ်မရှိ .."

"မလွှတ်ဘူး .."

"ကျွတ်!..."

ဘယ်လိုမှ ချော့မော့နေဖို့ စိတ်မရှည်တော့ဘဲ သူမ လက်ခုံလေးကို ထပ်ကိုင်ပြီး နာသွားအောင် ဖျစ်ပစ်လိုက်သည်။

"အား!..."

ချင်း တအားအော်ကာ ကိုယ်လေးပါ တုန်ကျသွားသည်။

"သေပြီ .. အား!... နာတယ် .."

"ဆောရီး .. မင်းကို နာအောင် တမင်လုပ်တာ မဟုတ် .. ဟင်!..."

သူမ ငုတ်တုတ်လေး ဖြစ်သွားတာကို ငုံ့ကြည့်လိုက်မိစဉ် ဖွေးနုသည့် ခြေဖမိုးလေးပေါ်မှာ သွေးစတွေကို မြင်လိုက်ရ၏။

"ချင်း .. ချင်း .. ဘာဖြစ်တာလဲ .."

"ဖယ် .. သွား .. ရှင့်ကြောင့် .."

"ဟော့ .. နေဦး .."

ချင်း က သူ့ရင်ဘတ်ကို တွန်းပစ်ကာ နေရာမှ ထရပ်လိုက်၏။ လက်ကနေ ပြုတ်ကျသွားသည့် ကတ်ကြေးက ခြေထောက်ပေါ် ကျသွားတာ ဖြစ်သည်။

"ချင်း .. ခဏနေဦး .. ဆောရီးပါကွာ .. ကိုယ် ကြည့်ပေးမယ် .. ပြစမ်းပါ .."

"ကြည့်ရအောင် ရှင်က ဆရာဝန်လား .. သွား .. နေခဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"နေခဲ့လို့ မရဘူး .."

"ရှင် နော် .. အ!..."

ဘောင်းဘီရှည် အောက်ဖျားစပ်တို့မှာ သွေးစတွေ ကူးစက် ပေကျံလာတာ လှမ်းမြင်လိုက်သဖြင့် စိုးရိမ်သည့်စိတ်တွေ ကဲကာ သူမကိုယ်လေးကို ဆွဲမွေ့လိုက်သည်။

"လူမြင်လို့ မတော်အောင် ဘာလုပ်တာလဲ .. ချပေး .. ခု ချပေး.. ရှင့်ကို ကုတ်ဆွဲမှာ နော် .."

အမျိုးမျိုးပြောရင်း ခြေလှုပ်လက်လှုပ်နှင့် ဧည့်ခန်းထဲ ပြန်ရောက်လာခဲ့၏။

"ဘောင်းဘီစတွေ အပေါ်လိပ်တင်ထား .."

"ရှင်က ဘာလုပ်မလို့လဲ .."

"ဆရာဝန် ပင့်ရမှာပေါ့ကွ .."

ဖုန်းကိုင်ပြီး ထရပ်လိုက်တော့ ချင်း က အလန့်တကြား ဖြစ်သွားကာ ...

"အိမ်ထဲမှာ ဆေးသေတ္တာ ရှိတာ .. အဲ့ဒါ ယူပေး .. ဆရာဝန်လုံးဝ မပြဘူး .."

"မပြလို့ မရဘူး .. မေးခိုင်ကာကွယ်ဆေးတွေ ဘာတွေ ထိုးရမှာ .."

ပြောပြီး အိမ်ထဲ ဝင်သွားရင်း ...

"ဘယ်နားမှာလဲ ဆေးသေတ္တာ .. ပြော .."

"ရှင့်ဖုန်းကို ပြန်သိမ်းလိုက် နော် .. မသိမ်းရင် ချင်း အခန်းထဲ ဝင်ပြီး တံခါးပိတ်ပစ်မှာ သိလား .."

"မင်း .. ကွာ .."

သွေးစက်တွေက ကြမ်းခင်းမှာပါ ကူးစက်ကုန်ပြီဖြစ်ရာ ကောင်းပျာယာခတ်ရင်း ဘာလုပ်ရမှန်း မသိ ...၊





"ကဲ .. ပြော .."

ဖုန်း ပြန်ထည့်လိုက်ကာ သူမ ပြောသည့်နေရာမှာ ဆေးသေတ္တာကို သွားယူသည်။

လောလောဆယ် သွေးတို့ကို သန့်စင်၍ ခဏတစ်ဖြုတ် သက်သာအောင် ပတ်တီးစည်းထားပေးလိုက်ရင်း ...

"ဦးရက်မြတ်ကောင်း .. ရှင် .. ရှင် .. ဘာလုပ်တာလဲ .."

ကောင်း က ဖုန်းထုတ်ခေါ်ရင်း ချင်း ရဲ့လက်ကို ဖမ်းဆွဲထားလိုက်၏။

"ရှင် .. ရှင် .. လွှတ် နော် .."

"မင်း တော်တော် ဆိုးပါလား .. ကျွတ်!..."

စိတ်တိုလာကာ ပုတ်ခတ် ဖယ်ချနေသည့် လက်ကိုပါ ဆွဲချုပ်ကာ ချင်း တစ်ကိုယ်လုံးကို ရင်ခွင်ထဲ ဆွဲထည့်ထားလိုက်သည်။ ပြီးတော့ တစ်ဖက်မှာ ဖုန်းပြောရင်း ...

"ဟလို .. ဟလို ကြားရလား ...၊ စန္ဒာ လား .. ကိုယ်ပါ .."

"... ... ... ..."

"သိတယ် .. ခုန ပြတင်းပေါက်မှာ လှမ်းမြင်လိုက်လို့ ခေါ်ကြည့်တာ .. ဒီမှာ ကတ်ကြေးထိမိလို့ကွာ .. အဲဒါ ခုချက်ချင်း လာပေးပါလား .. သန့်ခ်ယူ ပါ .. ဒဏ်ရာ နည်းနည်းများနေလို့ .."

"... ... ... ..."

"ကိုယ် မဟုတ်ဘူး .. ချင်း ကို ထိသွားတာ .. အိုခေ .. အိုခေ.."

"ရှင့်ဘာသာ ဆေးကုခံလိုက် .. လူကို လွှတ်နော် .. မဟုတ်တရုတ်တွေ အော်ပစ်လိုက်ရင် ရှင် ဒုက္ခရောက်သွားမှာ သိလား .."

"ဟုတ်လား .. ဒုက္ခရောက်ကြည့်ရအောင် အော်လိုက်စမ်းပါ .. ဒါပေမယ့် နာမည်ကြီး ထမင်းငတ်တော့ အဖြစ်မခံနိုင်ဘူး နော် .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



ချင်း သူ့မျက်နှာကို လှုသတ်ချင်သည့် မျက်လုံးတွေနဲ့ မော့ကြည့်ကာ ကောင်းနေသည့် ခြေထောက်နဲ့ သူ့ခြေထောက်ကို နောက်ပြန်အတိုင်း ဖနောင့်နဲ့ ပေါက်ချလိုက်၏။

"အာ .. မင်း!..."

"အမေ့!..."

ကိုယ် ထင်သလို လွတ်မြောက်သွားတာ မဟုတ်ဘဲ ကောင်း နဲ့ သူမ ဖက်လျက်သားအတိုင်း ဆိုဖာပေါ် လုံးထွေး ပြိုကျ၏။

ချင်း ပြန်ရုန်းထဖို့ ကြိုးစားလိုက်တာနှင့် ကောင်း က သူမကိုယ်လေးကို ဆိုဖာပေါ် ဆွဲလှဲချပစ်လိုက်ကာ ...

"အ!..."

"ဆောရီးပဲ .. မင်းက အေးအေးမှ မရဘဲ .."

"ရှင် .. ရှင် နော် .."

ချင်း ထိုင်လျက်လေးအတိုင်း ဆိုဖာပေါ်မှာ ရှိနေလျက် ..၊ သူ့မျက်နှာက ကိုယ့်မျက်နှာထက်မှာ ...

"ဖယ်ပေးလေ .."

ကောင်း က ချင်း မျက်နှာလေးကို စိုက်ကြည့်နေရင်း တစ်ခုခု ပြောမလို့ ရှိစဉ် ...

"ဟင်!..."

ရုတ်တရက် ဒေါ်သူဇာလင်း ရောက်လာတာကို သတိမထားမိခဲ့ဘဲ ...

"အဟမ်း .."

ချောင်းဟန့်သံ ကြားလိုက်မှ နှစ်ယောက်စလုံး ထိတ်ထိတ်ပျာပျာ တွေ ဖြစ်ကုန်ကြ၏။

"မေမေ!..."

ချင်း မျက်လုံးလေး ဝိုင်းနေကာ ကောင်း က နဖူးပွတ်လိုက် ..





မျက်စုံးခြစ်လိုက်နှင့် တစ်သက်နဲ့တစ်ကိုယ် ဒီလို ရှက်ရွံ့ခြင်းမျိုး မခံစားခဲ့ဖူးသောကြောင့် ငုံ့ကျသွားသည့် မျက်နှာကို ပြန်မော့ဖို့ ခက်နေ၏။

"မေမေ .. ချင်း တို့က .."

"ဟင် .. ခြေထောက်မှာ ပတ်တီးနဲ့ .."

ဒေါ်သူဇာလင်း ကိုယ်တိုင် ဆေးပစ္စည်းတွေနဲ့ ချင်း ရဲ့ခြေထောက်ကို မြင်သွားကာ ...

"သမီး .. ဘာတွေဖြစ်လို့လဲ .."

လက်ကိုင်အိတ်ကို ဆိုဖာပေါ် လှမ်းပစ်တင်ရင်း အပြေးတစ်ပိုင်း ရောက်လာ၏။

"အို .. ကြမ်းခင်းမှာလည်း သွေးတွေ .. ဘုရား!... ဘုရား .."

"လူနာက ညွှန်ခန်းမှာလား .."

နောက်ထပ် အေး ရောက်လာကာမှ ကောင်း မျက်နှာပူ သက်သာခဲ့၏။ ဒေါ်ရာက သက်သေရှိနေပေမယ့် ချင်း ကို သူ အတင်းအကျပ် ဖိချုပ်ထားမိသဖြင့် ဒေါ်သူဇာလင်း ကို ရှင်းပြဖို့ မရဲ ..၊

"ဟင်!... သမီးကို ဖုန်းဆက်ထားတာလား .."

ဘယ်သူ့ကိုမှ မမေးတော့ဘဲ ဒေါ်ရာနဲ့ ဆရာဝန်ကို မြင်တာနှင့် ဒေါ်သူဇာလင်း သူမဘာသာပဲ ဘာသာပြန်ယူလိုက်ရင်း ...

"ဘာတွေဖြစ်ထားကြမှန်း မသိပါဘူး သမီးရယ် .. ဒေါ်ရာက ကြီးတယ် ထင်တယ် .. အန်တီလည်း ခုပဲ အပြင်က ပြန်လာတာ .."

"ကတ်ကြေးနဲ့ ထိတာ ဆို .."

"ဟုတ်တယ် စန္ဒာ .. သူ .."

"မဟုတ်ပါဘူး .. ရှင့်ကြောင့် .."

"ဟင်!..."

"ဘယ်လို!..."

အေး က အံ့သြနေကာ ဒေါ်သူဇာလင်း မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လှမ်းမြင်လိုက်သည့်မြင်ကွင်းအရ ကတ်ကြေးနဲ့ ချင်း အတူတူ ရှိနေသည့်အဖြစ်သည် …၊

"ဘာပြောလိုက်တယ် သမီး … ရှင်းအောင် ပြောစမ်း … ဘယ်မှာလဲ ကတ်ကြေး …၊ ကတ်ကြေးနဲ့ ဘာဖြစ်ကြတာလဲ …"

"ဟာ!… မဟုတ်ဘူး …"

ဒေါ်သူဇာလင်း မျက်နှာပျက်သွားတာနှင့် မေးခွန်းကို သဘောပေါက်ကာ ကောင်း ပျာပျာသလဲ ဖြစ်သွား၏။

ချင်း ကိုယ်တိုင် သူမကြောင့် အဓိပ္ပာယ်တွေ လွဲကုန်တော့မည့်စကားကို ဘယ်လို ပြန်ပြင်ရမှန်း မသိ …၊

"မဟုတ်ဘူး မေမေ … ချင်း က … ချင်း က … ခြံထဲမှာလေ …"

"အင်း … ဘာဖြစ်လဲ …"

"ပန်းခူးနေတာ …"

ဒီဆံပင်တွေ ဖြတ်ဖို့ အသည်းအသန် ကြိုးစားအားထုတ်နေတာပါလို့ ပြောလိုက်လေ …၊ နင်ပဲ ဘာဖြစ်ဖြစ်ဆို … မေမေ ရိုက်ရိုက်… ဖေဖေ ဆူဆူ ဆို …၊

မေမေ့ကို ပြောပြဖို့ သတ္တိတွေ ပျောက်ဆုံးနေကာ ချင်း တံတွေး မျိုမိ၏။

"ကဲပါ … ဖြစ်ရတဲ့အကြောင်းရင်းကို နောက်မှ ပြော… အခု ဆေးထည့်ပြီး ပတ်တီးပြန်စည်းရအောင် … ပြီးရင် ဆေးထိုးရဦးမှာ …၊ ညှပ်ခန်းမှာတော့ မဖြစ်ဘူး …"

အခြေအနေသည် အေး ဝင်ပြောလိုက်မှ သက်သောင့်သက်သာ ဖြစ်သွားခဲ့ပြီး …

"မမအေး … အဲ့ဒါတော့ မလုပ်ပါနဲ့ … ချင်း ဆေးမထိုးချင်ဘူး…"

"အဲ့ဒါပဲ ပြောနေတာ အန်တီ … စန္ဒာ ကို ဖုန်းဆက်လိုက်တာနဲ့ ဆရာဝန် မပြေပါဘူးနဲ့ ဖွတ်ထဖြစ်တာ …"





ဒေါ်သူဇာလင်း ဒါကိုတော့ ချက်ချင်း သဘောပေါက်သွား၏။

"ဟုတ်တယ် … ဟုတ်တယ် … ဆေးထိုးရမှာ ကြောက် … ဆေးလည်း မသောက်ချင်နဲ့ …၊ ငယ်ငယ်တုန်းကဆို နေမကောင်းလို့ ဆေးတိုက်ရင် ဆေးတိုက်မယ့်ဇွန်းကို အသံမြည်အောင် ကိုက်ပစ်တာ သိလား … ဆေးထိုးဖို့ရှိလာရင် အရပ်ကူပါ … လူဝိုင်းပါပဲ …"

"ရာဇဝင်နဲ့ပါလား …"

အေး က ရယ်နေသည်။ ဒါပေမယ့် မျက်ဝန်းတွေက ကောင်း နဲ့ ချင်း ကိုပဲ ဝေ့ဝေ့ဝဲဝဲ ကြည့်နေခဲ့၏။

"သွားမယ် … ထ …"

"ရှင် ပြန်တော့လေ … ရပြီဥစ္စာ …"

"ဘာရတာလဲ … အခု အိပ်ခန်းထဲ ပို့ခဲ့မယ် … ထ …"

"အို … ရပါပြီဆိုမှ … ကိုယ့်ဘာသာ သွားမယ် …"

ဒီလူ မရှိမှ မုသာဝါဒတွေ ပြောလို့ထွက်မှာမို့ ချင်း က နှင်လွှတ်ဖို့ပဲ စဉ်းစားကာ နေရာမှ ထရပ်လိုက်၏။

"အ!…"

မတ်မတ်ရပ်လိုက်တာနှင့် လူက ညွတ်ကျသွားလျှင် …

"အဲ့ဒါကြောင့်ပဲ … မင်း …"

ဒေါ်သူဇာလင်း ကို အားနာတာတွေ မေ့သွားကာ ကောင်း က ချင်း ရဲ့ကိုယ်လေးကို ပြန်လဲကျမသွားအောင် ထိန်းပေးလိုက်ရင်း …

"ကိုယ့်ကို မှီလိုက် …"

"အယ် … မပွေ့နဲ့ … မပွေ့နဲ့ ရပါတယ် ဆို …"

ကောင်း က အသာလေး သိမ်းပွေ့လိုက်၏။ ဒေါ်သူဇာလင်း ငေးမနေအားဘဲ ချင်း ရဲ့အခန်းကို ရှေ့ကနေ ဦးဆောင်ပြီး အပြေးတစ်ပိုင်း သွား၏။

"လာ … သမီး လာ … သမီးညီမ အခန်းက ဒီဘက်မှာ …"

www.burmeseclassic.com



အေး ကိုလည်း ခေါ်၍ အခန်းပြေးဖွင့်သည်။ တွေးစရာတွေနှင့် အေး ရဲ့ခြေလှမ်းတို့က လေးလေးမှန်မှန် ရှိနေကာ ..၊

ချင်း က ပြောတော့ သူ့တို့ ဆက်ဆံရေးက ဒီလို မဟုတ်ပါလား..၊

ဒဏ်ရာနာလို့ ဆေးထည့်တော့လည်း ချင်း အော်သည်။ ဆေးထိုး မယ်ဆိုတော့လည်း မျက်ရည်တွေ ကျသေးသည်။

ထိုအချိန်မှာ ကောင်း မျက်နှာမှာ ဖြစ်နေခဲ့သည့် စိုးရိမ်နေသော ကရုဏာဒေါသတွေက သူမကို နားလည်သွားစေခဲ့ပါ၏။

တကယ်ဆို ကိုယ့်အပေါ်မှာ ရှိခဲ့တဲ့ ကောင်း ရဲ့ ဆက်ဆံရေးဟာ ဟိုတုန်းကထက် ဘာမှ ပိုမို မထူးခြားခဲ့ဘူးဆိုတာ သိတော့ သိနေခဲ့ပေမယ့် ..၊

မျှော်လင့်ခဲ့သည် .. မှားခဲ့ပါ၏။





အခန်း (၂၈)

ချင်း ဖျားနေသည်ဆိုလို့ သူ ဒီဘက်မှာပဲ ကားရပ်ပြီး ဆင်းလာခဲ့ သည်။

"သား .. ခုမှ ပြန်လာတာလား .."

"ဟုတ်ကဲ့ အန်တီ .. ချင်း နေမကောင်းဘူး ဆိုလို့ .."

"ဟုတ်တယ် .. ညနေတည်းက ကိုယ်တွေပူနေတာကို မပြောဘဲ နဲ့ အထိလည်း မခံ .. ပုံစံလည်း မပျက်နဲ့ ဟန်ဆောင်နေတယ်လေ ..၊ ည အချိန်မတော်မှ အခန်းမီးလင်းနေသေးလို့ သွားကြည့်မှ သိတာ .."

ဒေါ်သူဇာလင်း က ပြောပြရင်း နေရာမှ ထရပ်ကာ ...

"ထိုင်ဦး သား .. အိပ်နေလား .. အန်တီ သွားကြည့်လိုက်ဦး မယ် .."

ကောင်း က နာရီ တစ်ချက်ကြည့်ပြီး ဆိုဖာမှာ ထိုင်လိုက်သည်။ သူ ဒင်နာသွားဖို့ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်တည်းက ကုမ္ပဏီကို မသွားခင် ချင်း နေမကောင်း ဖြစ်နေသည်ဆိုတာကို ကြားသည်။

ဒါပေမယ့် အပြင်ရောက်နေမှဆိုတော့ နေ့လယ်ကျမှ ပြန်ခဲ့ဖို့ပဲ စိတ်ကူးခဲ့၏။

ဘယ်လိုမှ ထုတ်နုတ်မရသောအချိန်သည် ခုကျမှ ...၊

စိတ်ကူးတွေနဲ့ ထိုင်နေမိစဉ် ဖုန်းလာတော့ နေရာမှ ထလာခဲ့ရကာ ...

"ဟလို .."

"... ... ... ..."

"အင်း .. ဟုတ်တယ် စန္ဒာ .. ကိုယ်လည်း ခုပဲ ပြန်ရောက်တာ.."

"... ... ... ..."

"မတွေ့ရသေးဘူး .. ညကတော့ ဖုံမလီဒေါက်တာနဲ့ပဲ ပြလိုက်တယ် ထင်တယ် .."

"... ... ... ..."

"ရပါတယ်ကွာ .. အချိန်မတော်ကြီးမို့လို့ အန်တီတို့က မခေါ်တာနေမှာပါ .."

"... ... ... ..."

"သန့်ခ်ယူ .."

ဖုန်းတစ်ကောလ် ကျသွားတာနှင့် နောက်ထပ် ကောလ်က ဝင်လာပြန်ကာ ...

"အေး .. လာခဲ့မယ် .. ဒင်နာကအပြန် ဝင်ခဲ့မယ်လို့ ပြောလိုက်.."

"... ... ... ..."

"နိုင်စိုး .. မင်း ဟိုတယ်လ်က ဧည့်သည်တွေ ပြန်ဖို့ ပို့ဖို့အတွက် ကား စီစဉ်ထားဦးနော် .."

"... ... ... ..."



"အေး .. ည ကိုးနာရီထိုးမှ မေးလ်ပို့လိုက်မယ် .. အေး .."

သူ ဖုန်းပြောပြီး ပြန်လှည့်ဝင်ခဲ့လျှင် ချင်း က ဆိုဖာနား ရောက်နေပြီဖြစ်ကာ ...

"ဒီလောက်တောင် မအားဘဲနဲ့ ဘာလို့ လာနေသေးလဲ ..၊ ဘာမှ မဖြစ်ဘူး .. အသက်နဲ့ အဝေးကြီး .."

"လာတာတောင်မှ ဖုန်းပြောနေတာကို မင်း စိတ်တိုနေပြီမို့လား.."

"စိတ်တိုတာ မဟုတ်ဘူး.. ရှင်က ဝတ္တရားကျေချင်တာကို.. ဒီက ထွက်လာပြီး ဧည့်ခံရတာ .."

"ဟာ .. အဲ့လို မဟုတ်ဘူးလေ .. မင်း ကိုယ့်ကြောင့် ထွက်လာတာလား .."

ကောင်း မျက်နှာ ပျက်သွားကာ ချင်း ရဲ့ ဘေးကို တန်းရောက်သွားသည်။ ပြီးတော့ အညိုရောင်ဘောင်းဘီရှည်ပွပွလေး ပုံကျနေသော ခြေထောက်ကို ငုံ့ကြည့်၍ ...

"ဒဏ်ရာက အနာရင်းတာလား .. နေမကောင်းဘဲနဲ့ ဘာလို့ ထွက်လာတာလဲကွာ..၊ ကိုယ်က လူမမာလာမေးတာ ကိုယ် ဝင်လာမှာပေါ့ .."

"တိုးတိုးပြောစမ်းပါ .. အသံကလည်း .."

ချင်း က သော့နင်းလေး လျှောက်လာရင်း ... ကို တိုးလိုက်ကာ...

"ဒီက ပြောထားတာတွေနဲ့ ရှင် လျှောက်ပြောတာတွေ ရှေ့နောက်မညီမှာ စိုးလို့ .."

"ဟာ!..."

"ဘာ ဟားတာလဲ .. ခြံထဲ သွားမယ် .."

"ဘာလုပ်ဖို့လဲ .."

"ရှင့်ကို ပြောစရာရှိလို့ .."

"မသွားရဘူး .. လေစိမ်းတိုက်တယ် .. ဒီမှာပဲ ထိုင် .."

"အံမာ .. ရှင်က အမိန့်ပေးရအောင် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါက လူကောင်း .. မင်းက လူမမာ ..၊ ထိုင်ဆို ထိုင်လိုက်စမ်းကွာ .."

"ရှင် .."

ငြင်းချိန် မရလိုက်သေ ..၊ ချင်း ထိုင်ဖြစ်သွားအောင် လက်မောင်းနှစ်ဖက်ကို ကိုင်၍ နည်းနည်း ဖိလိုက်တာနှင့် ထိုင်ပြီးသား ဖြစ်သွားခဲ့ပြီး...

"ခြေထောက် ရောင်နေလား .. ဘောင်းဘီစလေး နည်းနည်း 'မ' လိုက်ပါလား .."

သူက ခြေထောက်နားမှာ ခြေဖျားထောက် ထိုင်လိုက်တော့ ချင်းက ခြေထောက်ကို နောက်တိုးပစ်ကာ ...

"ပတ်တီး စည်းထားတဲ့ဟာကို .."

"ကြည့်လို့ ရပါတယ် .. အနာရင်းနေရင် ဆေးမှာ နီပြီး အရေပြားတွေ တင်းနေမှာ .."

"ရတယ် .. အဲလို မဖြစ်ဘူး .."

"ချင်း .."

"ဘာလဲ .."

သူက မော့ကြည့်ပြီး ခေါ်တော့ ချင်း က ရှုပုတ်ပုတ်လေး ပြန်ထူးသည်။ ရှပ်အကျႌအနီရောင် .. ကုတ်အကျႌအညိုနှင့် ဖြူဝင်းနေသော ကောင်း ရဲ့မျက်နှာကို သေချာ မြင်လိုက်ရမှ ချင်း ရင်တွေ လှိုက်ခါသွားသည်။

ဒေါသဖြစ်လို့ မဟုတ်ဘဲ မျက်နှာလွှဲလိုက်မိကာ မကျေနပ်တာက ကိုယ့်ကိုယ်ကိုယ် ဖြစ်သည်။

ထူထဲညိုမှောင်နေသော မျက်ခုံးတန်းတို့နှင့် မျက်လုံးတွေ ရှူးရဲနေတာက ရင်ထဲမှာ ကပ်ငြိပါလာသလိုရှိကာ ထိုလူကို မြင်တွေ့နေခဲ့ပါလျက်နှင့် ခုကျမှ ဘာဖြစ်တာလဲ ...။

"မင်းကိုယ်မင်း ကလေးပေါက်စလေး မှတ်နေသလား ချင်း .."





"စစ မစစ လူကြီးလည်း ကြောက်တတ်တာပဲ .. ဒဏ်ရာက နည်းနည်းပဲ နာတာ .. အဲ့ဒါကို .."

"ဘယ်လောက်ပဲ နာနာ ကြည့်ရမှ ဖြစ်မယ် .. ပြ .."

"ရှင် နော် .."

ချင်း မေမေနဲ့ ဖာကြီး ကိုလည်း မလုံမလဲ ရှာဖွေလိုက်မိကာ သူ့ကို စည်းရုံးဖို့ စိတ်ကူးခဲ့သည့်အတိုင်း ...

"ခဏလေး နေပါဦး .. ရှင် .. ရှင် အပေါ်မှာ ခဏထိုင်လိုက်စမ်းပါ ..၊ အရေးကြီးတာ ပြောမလို့ .."

"အခု အရေးကြီးနေတာ မင်းရဲ့ဒဏ်ရာပဲ .. နောက်ထပ် အရေးကြီးတာက ကိုယ် ဒင်နာသွားဖို့ ရှိသေးတယ် .."

ကောင်း က ခြေထောက်ကို ဒဏ်ရာနဲ့ လွတ်တဲ့နေရာကနေ ဆွဲယူလိုက်ကာ ဘောင်းဘီအနားစလေးကို အသာလေး ပင့်ကြည့်လိုက်၏။

ဖွေးနုသော ခြေခုံနုနုလေးသည် ပတ်တီးစည်းထားသည့် အစပ်လေးတွေမှာ အနည်းငယ် ပန်းရောင်သမ်းနေကာ ...

"အနာရင်းနေတာ .."

"မဟုတ်ပါဘူး .. နည်းနည်းပါ .."

ကောင်း က ဘောင်းဘီစလေးကို ပြန်ချလိုက်ပြီး ချင်း ရဲ့ဘေးမှာ ထိုင်လိုက်ပြီး ...

"မင်း ဘာပြောချင်တာလဲ ပြော .. ဒဏ်ရာကို သက်သာနေတဲ့ပုံစံမင်း နေတာကို ကိုယ့်ကို မဖော်စေချင်တာလား ..၊ ဆရာဝန် ပင့်ရမယ့် အခြေအနေမျိုးထိ မင်း ပြဿနာ မင်း ရှင်းမယ် .. ကိုယ်က မသိသလို နေ .. အဲ့ဒါတွေလား .."

ပြောချသွားလိုက်တာ ချင်း သူ့ကို စည်းရုံးဖို့ စီစဉ်ထားတဲ့စကားတွေ ကုန်ပြီ ..၊

"မင်း ဒီလောက်တောင် ဆေးကြောက်ရသလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဦးရက်မြတ်ကောင်း .. ရှင် စိတ်တိုနေတာထက် ချင်း က ခံစားနေရတဲ့သူ နော် .. ရှင့်ထက် ပိုတယ် သိရဲ့လား .."

"အဲ့ဒီတော့ မင်း ခံစားနေရတာကို ကိုယ်က ဝိုင်းဒိုင်ပေးရမလား.."

"ရှင် တိုးတိုး ပြောစမ်းပါ .."

"မကိုးနိုင်ဘူး .. မင်း အခု ဘာမှ မဖြစ်ဘူး ထင်နေပေမယ့် ဒီဒထိရာရှိန်နဲ့ အဖျားကြီးပြီး သတိတွေဘာတွေ လစ်သွားနိုင်တယ် နားလည်ရဲ့လား ..၊ မင်းရဲ့ဝေဒနာ အဲဒီလောက်ထိ ရှိနိုင်တာကို လူကြီးတွေက မသိဘဲ ပေါ့ဆမိရင် .. မင်း တစ်ယောက်တည်း ဘာတွေ ဖြစ်နေမလဲ .."

"မဖြစ်ပါဘူးဆိုမှ .. ချင်း ကိုယ့်ဘာသာ သိပါတယ် .. မနက်တုန်းက ကိုယ့်ဘာသာ မျက်နှာသစ်မယ်ဆိုပြီး ထသွားတာ .. အဲ့ဒါ ဆပ်ပြာဘူး အသစ်လဲတော့ .. အဲဒီဘူး ခြေထောက်ပေါ် ပြုတ်ကျလို့.."

"ဘာ!.."

"တိုးတိုး ပြော ဆိုမှ .."

သူ့အသံ ကျယ်လိုက်တိုင်း ခါးလေး တောင့်သွားပြီး တားဆီးနေသည့် မျက်နှာလေးကို ကောင်း အသည်းယားလာသည်။

ခါတိုင်းလို ဆံပင်တွေကို ဘီးကုပ်တွေ .. ခေါင်းပတ်တွေနဲ့ သိမ်းတင်မထားဘဲ ဒီတိုင်း ချထားသဖြင့် ဆံပင်တွေက ပါးရိုးလေးတွေပေါ်ကနေ ပခုံးတို့ကို ဖုံး၍ ရင်ဘတ်ထိ ဟိုတစ်စ ဒီတစ်စ ပြန့်ကျနေ၏။

ဆင်စွယ်ရောင် လက်ရှည်အကျႌ ခပ်ပါးပါး ပွပွလေးက လည်ဟိုက်ပေမယ့် ရင်ဘတ်မှာ ရှုံ့ကြိုးလေးနဲ့မို့ ကလေးဆန်နေ၏။

ပြီးတော့ ပြောင်တင်းတင်း မျက်နှာလေးက ပန်းနုရောင်ရင့်နေကာ နေမကောင်းတာကြောင့် နှုတ်ခမ်းသားလေးတွေက ပို၍ နုရဲနေကြ၏။ မျက်နှာလေးကို မြင်လိုက်ရတိုင်း နုနုငယ်ငယ် ချစ်စဖွယ်လေးလို့ ခံစားမိနေခဲ့တဲ့အတိုင်း စိတ်ကလည်း တကယ့် ကလေးလိုပါလား ..၊





"ကျွတ် .."

"လူကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ဘာဖြစ်သွားတာလဲ .."

"မင်းကို .."

"ရှင့်ကို အကူအညီတောင်းချင်တာက .."

"မပေးနိုင်ဘူး .."

"ပြောပြီးအောင် စောင့်ပါဦး .. စိတ်ပုတ်လိုက်တာ .."

"ဘာ!... ပြောတယ် .."

"ဘာပြောချင်မှန်း သိအောင် ရှင် နားထောင်သင့်တာလေ ..၊ ကျွန်မက ရှင့်ကို အကူအညီပေးနိုင်မယ့်သူ ထင်ပြီး ထွက်လာတွေ့တာ.."

"လူကြီးတွေကို မုသာဝါဒတွေ ပြောပေးဖို့ မို့လား .."

"မပြောရပါဘူး .. ချင်း အတွက် ညဘက် သောက်ဖို့ ဆေး နှစ်ခွက်စာလောက် ဝယ်ပေးရုံပဲ .."

"အမိပ္ပာယ်မရှိတာကွာ .. ဆေးပေးတာ ဆရာဝန်ကပဲ သိမှာပေါ့.. ဘာဖြစ်ပါတယ် ညာဖြစ်ပါတယ်ပြောပြီး ဆိုင်မှာ ပြေးဝယ်ရအောင် .. မင်း .."

"ဦးရက်မြတ်ကောင်း .. ရှင့်ကို တိုးတိုးပြောဖို့ ပြောထားတာနော် .."

သူမကပဲ အံကြိတ်သံနှင့် ကပ်ကြိမ်းနေသေးသည်။ ကောင်း မျက်နှာ တည်သွားကာ ...

"အိုခေ .. ဒါဆို ပိုပြီး သဘာဝကျသွားအောင် မင်း ကိုယ်နဲ့ အပြင်လိုက်ခဲ့မလား .."

"ဘာဆိုင်လို့လဲ .."

"သွားနိုင်လာနိုင်ပြီဆိုတဲ့ သဘောပေါ့ကွာ .. သွားလာရင်း ဆေးခန်းဝင်ပြခဲ့တယ်လို့တောင် မင်း ပြောလို့ ရသေးတယ် .. ဒါဆို မင်း ဆရာဝန်နဲ့ မပြရဖို့ သေချာသွားပြီ .."



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဖျတ်ခနဲ ဝမ်းသာသွားသေးတယ်။ မယုံနိုင်သလို စူးစူးစမ်းစမ်းလေး ကြည့်နေသေးသည်။

ကောင်း က ပြုံးပြကာ ဒေါ်ဇာယု ကို လှမ်းမြင်လိုက်သည်နှင့် ...

"ဒေါ်ကြီးဇာ .. ကျွန်တော်တို့ အပြင်သွားမလို့ .. ချင်း ကို အဝတ်စားလဲဖို့လေး လုပ်ပေးပါလား .."

"ဟင် .. ဟုတ်လား .. ချင်းလေး အပြင်တောင် ထွက်နိုင်နေပြီလား ...၊ လဲပေးမယ် .. လဲပေးမယ် .. လာ .."

ချင်း ကိုယ်တိုင် ခေါင်းမညိတ်ရသေးဘဲ သူနဲ့ အပြင်ကို ပါလာခဲ့ရသည်။

ဇာကြီး က သူ မှာတဲ့အတိုင်း အပြင်သွားမယ်ဆိုလို့ အင်္ကျီ ရွေးထုတ်ပြီး လဲပေးလိုက်တာက အဖြူရောင်တစ်မျိုးတည်းလာသည့် ဖဲ့လီးဒီးန် တိုက်ပ် ဒီဇိုင်းနှင့် ရင်ဘတ်မှာ ဇာအထူအုပ်ထားသော အသားပျော့ဂါဝန် ကိုယ်ကပ်လေး ဖြစ်သည်။

"ဒါလေးက အပေါ်ထပ် ဝစ္စကုတ်ဇာလေး ပါတယ်ဆိုတော့ ခေတ်မီပြီး မရိုင်းဘူး .. နေ့နေ့ညည ပေါ်လည်း ပေါ်တယ် ...၊ ခြေခုံပေါ်မှာ ခွေကျနေမှာပေမယ့် အသားက နူးညံ့ပြီး ကပ်တွယ်နေတာမျိုး မဖြစ်တော့ ဒဏ်ရာကို မထိခိုက်ဘဲ ဖုံးထားပြီးသားတောင် ဖြစ်သေးတယ်"တဲ့ ...။ ပြီးတော့ ...

"ဆံပင်လေးတွေ သိမ်းပြီး ဒါလေးတွေ ညှပ်သွားပါလား သမီး" ဆိုပြီး အဖြူရောင် ညှပ်ကလစ်အလှလေးတွေကို ဘူးလိုက် ချပေး၏။

မန်ကျည်းစေ့လောက် လိပ်ပြာပုံလေးတွေဖြစ်ကာ နဖူးကနေ သိမ်းလှန်ထားသည့် ဆံပင်တွေပေါ်မှာ လှလှပပလေး တင်လိုက်တော့ ပိုလှသွား၏။

"သူနဲ့ လိုက်ရမှာလေးကို တအားပြင်လာတယ်လို့ ထင်တော့မှာပဲ ဇာကြီး ကလည်း .."





"မထင်ပါဘူး သမီးရယ် .. ယောကျာ်းလေးတွေက သူတို့ချစ်တဲ့သူကို လှနေလေ ကြိုက်လေပဲ .."

"ဘယ်သူက ချစ်တာလဲ .. ဒီလူကြီးနဲ့ ချင်း မှာ ဘာအတန်းမှ မရှိဘူး .."

"သမီးက မရှိရင်လည်း သူကတော့ ရှိနေပြီးပါပြီကွယ် .. အဲဒါ ဇာကြီး သိနေပါတယ် .. လူတစ်ယောက်ရဲ့စိတ်ဟာ သူ ပြောနေတဲ့ စကားထဲမှာ ရှာလို့ မရဘူး ...၊ သူ့အကြည့် .. သူ့အမူအရာတွေမှာပဲ ရှိတာ ...၊ ဟိုနေ့ညက ဒေါက်တာ အေးမြစန္ဒာ နဲ့ ယှဉ်ပြီး ဟိုက ချော့လို့ ယဉ်လို့ ဦးစားပေးခံရတာတွေ မမကြီး ပြောနေသံ ကြားတယ် .."

"ဇာကြီး ကတော့ ကိုကောင်း ကို သိနေတယ် .. သူက ဒေါက်တာ အေးမြစန္ဒာ ကို စိတ်ဝင်မစားပါဘူး .. အသိသာကြီး" တဲ့ ...။

ချင်း ကို အလှအပတွေ ပိုင်းကူညီရင်း ဇာကြီး က စကားတွေ အများကြီး ပြောခဲ့၏။ ချင်း ကလည်း ဒါတွေကိုပဲ ထပ်တလဲလဲ တွေးနေမိရင်း တစ်လမ်းလုံး တိတ်ဆိတ်စွာ ပါလာခဲ့၏။

ဒါကိုပဲ သူမ ဘာဖြစ်လို့ တွေးနေမိတာလဲ ...၊

ဇာကြီး ပြောတာတွေကို မှန်စေချင်တာလား ...၊ မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေကို လိုချင်တာလား ...။

ဒါလည်း ကိုယ်ကိုယ်တိုင် မသိ ...၊

ကားထဲမှာ အဲရ်ကွန်းစပိဒ် အရှိန်များကာ သူမ ဆံယဉ်စလေးတွေ လှုပ်ခတ်နေသဖြင့် ကောင်း က စပိဒ်ကို ပြန်လျှော့လိုက်သည်။

ထိုအခါကျမှ ချင်း သတိဝင်၏

"ဘာတွေ တွေးနေတာလဲ ...၊ ကိုယ်က မင်းနဲ့ ရန်ဖြစ်ရဦးမယ် ထင်နေတာ .."

"ဘာ .."

ချင်း မျက်နှာ ဆတ်ခနဲ လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာပြောလိုက်တာလဲ ...၊ ဘာဖြစ်လို့ ရန်ဖြစ်ရမှာလဲ .."

"မသိဘူးလေ .. မင်းနဲ့ ကိုယ် တွေ့ရင် ရန်ပဲ ဖြစ်နေရတာ .."

ချက်ချင်းကြီး ပြောင်းလဲပြီး ခေါ်ထုတ်လာသဖြင့် စိတ်က ထင့်လာခဲ့သည်မို့ သူ့ စကားမှားတာနှင့် ချင်း က မျက်မှောင်လေး ကုတ်သွား၏။

"မင်း ခု အရမ်းလှနေတယ် သိလား .."

"သိတယ် .. ရှင် ပြောမှ မဟုတ်ဘူး .."

"အဟွန်း .."

ပက်ခနဲ ပြန်ပြောလိုက်တော့ ကားမောင်းနေရင်း ကောင်း က ရယ်သည်။

"လှတဲ့အပေါ်မှာ တော်တော် မာနတက်နေတဲ့ပုံပဲ .."

"ရှင်လည်း အောင်မြင်တဲ့ စီးပွားရေးသမားဆိုတဲ့ မာနမာနတွေ ရှိတာပဲ .. လူဆိုတာ ကိုယ်ပိုင်တာ လက်တစ်ဆုပ်စာလေးပဲရှိရင်တောင် အဲဒီ လက်တစ်ဆုပ်စာပေါ်မှာ မာနတက်ကြတာပဲ .."

"မှန်ပါတယ် .. မင်းဆိုရင် အများကြီး မာနတက်လို့ ရတယ် .. အရမ်းလှတယ် .. အရမ်းချစ်ဖို့ကောင်းတယ် .. တစ်ခါ ရန်ဖြစ်ပြီးရင် စူပုတ်ထော်လန်နေတဲ့ နှုတ်ခမ်းလေးတွေကို မျက်လုံးထဲမှာ စွဲနေတယ်.."

"ရှင် ဘာတွေ လာပြောနေတာလဲ .."

"မင်း မာနတတ်ဖို့ ရှိနေတာတွေ မေ့ကျန်ခဲ့မှာ စိုးလို့ .."

ချင်း က မကျေမနပ်လေး ကြည့်နေပြီးမှ ဘာမှ မပြောတော့ဘဲ မျက်နှာလွှဲ၏။ ပြီးတော့ သွားနေသည့်လမ်းကို ကြည့်ကာ ...

"ဘယ်ကို သွားနေတာလဲ .."

"ကုမ္ပဏီကို .."

"ဘာလုပ်မလို့လဲ .. ပြောတုန်းကတော့ ဟိုနားဒီနားလောက်ပဲ လိုလို .."





"ဘယ်သွားမယ်လို့ ကိုယ် မပြောရသေးဘူးမို့လား .."

"ဒါပေမယ့် မြို့ထဲဆင်းရင်တောင် လေစိမ်းတိုက်တယ် ဘာညာနဲ့ .."

ပြောလိုက်ကာမှ သတိရသွားသလို ကောင်း က ဖျတ်ခနဲ လှည့်ကြည့်သည်။ ချင်း လက်လေးပိုက်ထားတာ မြင်မှ ...

"ဆောရီးကွာ .. လုံးဝ မေ့သွားတာ .."

အဲရ်ကွန်းကို ပိတ်ပစ်လိုက်ပြီး ချင်း ရဲ့နဖူးလေးကို လက်ခုံနဲ့ လှမ်းထိ၏။

"ဘာမှ မဖြစ်ပါဘူး .."

ချင်း က ခေါင်းတိမ်းလိုက်ပေမယ့် နဖူးပြင်လေးတွေ ပူရှိန်နေတာကို သေချာ ထိမိလိုက်၏။

ကောင်း မျက်နှာ ပြုံးနေရာကနေ တည်သွားသည်။ ပြီးတော့ ကား က အရှိန် ပိုမြင့်သွားပြီး ...

"ချမ်းနေတာကို မပြောဘူးကွာ .."

"ဘာမှမဖြစ်ဘူး ဆိုမှ .."

"ကျွတ်!..."

သူ့မကြောင့်ပဲ စုတ်သပ်မိခဲ့တာ ခဏ ခဏ ..၊

စိတ်ပျက်ခြင်းတော့ မဟုတ်ပါ..၊ ကရုဏာဒေါသကြောင့် အသည်းယားခဲ့ရတာတွေ ဖြစ်သည်။

ဘယ်လို ကောင်မလေးမှန်းကို မသိတော့ပေ ...။

"ကုမ္ပဏီကို ဘာဝင်လုပ်မှာလဲ ..၊ စောပဲဆိုရင် ဆိုင်တစ်ဆိုင်မှာ ချင်း ကို ချပေးထားခဲ့ .."

"ထားခဲ့ရမလားကွ .."

"ဟင့်အင်း .. ရှင့်ကုမ္ပဏီကို ချင်း မလိုက်ချင်ပါဘူး .. ဘာမှလည်း မဆိုင်သေးဘဲနဲ့ တွဲသွားတွဲလာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ကိုယ် စေ့စပ်ခဲ့တာ အကြီးအကျယ်ဥစ္စာ .. ကိုယ့်အသိုင်းအဝိုင်းက အားလုံး သိတယ် .."

"ဒါပေမယ့် လက်ထပ်ရသေးတာမှ မဟုတ်တာ .."

"ဟုတ်ဟုတ် .. မဟုတ်ဟုတ် ဘယ်မှာမှ နေခဲ့ဖို့ မစဉ်းစားနဲ့ .."

"ဦးရက်မြတ်ကောင်း .."

ကောင်း က မထူးဘဲ လှည့်ကြည့်၏။

"ရှင် စကားပြောတာ အမိန့်ဆန်ဆန်တွေ မပါဖို့ သတိထားပေးပါ .."

"ပါသွားရင် ဘာဖြစ်လို့လဲ .."

"ချင်း ကလည်း သူများအပေါ်မှာပဲ ကိုယ့်ဩဇာ ညောင်းချင်တာ ..၊ ခုချိန်ထိ မိဘကရှိခဲ့ရင် ဘယ်သူ့ကိုမှ ဗိုလ်မထားခဲ့သေးဘူး .."

"ခုချိန်ထိ မိဘနဲ့ နေသေးတော့ ဖြစ်တာပေါ့ .. မင်း ယောက်ျားယူပြီးရင် မင်းယောက်ျားကို မင်း ဩဇာညောင်းချင်လို့ မရတော့ဘူး .."

"ရတဲ့ယောက်ျားကို ယူမယ် .."

"ဟား .. ဟား .."

သူက အသံထွက်ရုံလေး ရယ်လိုက်တာပေမယ့် ခပ်ကြိတ်ကြိတ်ကျန်ရစ်သည့်ရယ်သံက မပြီးနိုင် ..၊

"စိတ်မကောင်းစရာပဲကွ .. မင်း ယူရမယ့် ယောက်ျားက ကိုယ်ဖြစ်နေတော့ ဘယ်လိုလုပ်မလဲ .."

"အဲ့ဒီတွေ ပြောမနေပါနဲ့ .. မိဘတွေ စီစဉ်ထားတာက သပ်သပ် .. ချင်း နဲ့ ရှင် ကိုယ် ဆုံးဖြတ်တဲ့အတိုင်း လုပ်ကြေးလို့ ပြောထားပြီးသား.."

"ကိုယ်ကတော့ မင်းကိုပဲ ယူမှာလို့ ပြောခဲ့တယ် ထင်တာ .."

ပြောပုံက ခနဲ့ခနဲ့ ..၊

ကားသည် ကုမ္ပဏီဝင်းကြီးထဲကို ချိုးကွေ့ဝင်လိုက်တာနှင့် ချင်းရဲ့မျက်လုံးတွေက အဆောက်အဦးတွေဆီ ပြေးလွှားသွားခဲ့၏။





သူက ကားကို တခြားကားတွေ ရပ်သည့်နေရာမှာ မရပ်ဘဲ အကြီးဆုံး အဆောက်အဦးကြီးကို ပတ်၍ တစ်ဖက်ထိပ်ကျမှ ရပ်သည်။

ထိုနေရာမှာလည်း ပါကင်တစ်ခု ရှိကာ မော်ဒယ်လ်အမြင့်ဆုံးကားတွေချည်း သုံးစီး ရှိနေသေးသည်။

"ဒါက လူကြီးပိုင်းတွေအတွက် သပ်သပ် ပါကင်လား .."

"မဟုတ်ပါဘူး .. အားလုံး ကိုယ့်ကားတွေပဲ .."

"ဟင်!..."

ချင်း အံ့ဩသွားသည့်အကြည့်တွေကို သူက မကြည့်ဘဲ ပါကင်မှာ သေချာရပ်နေရင်း ...

"ကုမ္ပဏီမှာ အထူးဧည့်သည်တွေအတွက် လိုအပ်ရင် သုံးဖို့ ထားတာ .. ကိုယ် ထည့်လဲစီးဖို့ မဟုတ်ဘူး .."

ထပ်ရှင်းပြနေရင်း ကားပေါ်က ဆင်းသွား၏။ ဟိုဘက်ကနေ ချင်း ကို တံခါးလာဖွင့်ပေးကာ ...

"ဆင်းလေ .."

"မဆင်းတော့ဘူးလေ .. ဒီကပဲ စောင့်တော့မယ် .."

"မစောင့်ရဘူး .. ဆင်း .."

သူက ချင်း ရဲ့လက်မောင်းလေးကို ကိုင်၍ ဆွဲချမလို လုပ်လာသဖြင့် ဆင်းရတော့သည်။

ခြေထောက်နာနေမှန်း သိသဖြင့် သူက ချင်း ရဲ့ပခုံးလေးကို ကိုင်ပြီး ထိန်းထားပေး၏။

မြေပြင်မှာ သေချာရပ်လိုက်တော့ သူမ ခြေထောက်ကို ဖော့ထားရတာ မြင်ကာ ခါးလေးကို ဖွဖွလေး သိမ်းဖက်လိုက်ပြီး ...

"ကိုယ့်ကို မှီလိုက် .."

"ရပါတယ် .."

"ဘာလဲ .. မွေ့သွားတာ ခံချင်လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ခါးကို သူ ဖက်ထားသလို ဖြစ်နေတော့ ပတ်ဝန်းကျင်ကို မလှုံမလဲ လိုက်ကြည့်မိသည်။ ဒီနားမှာတော့ လူရှင်းပေမယ့် ဒီတိုင်း ဘယ်ထိ တွဲသွားရမှာလဲ ..။

ထိုစဉ် ဖုန်းဝင်လာသဖြင့် ချင်း ကို တစ်ဖက်က ထိန်းပေးနေရင်း သူ ဖုန်းကိုင်၏။

"ဟလို .. ပြောလေ ချိုချစ် .."

"... ... ... ..."

"အင်း .. မီရင်တော့ သွားလိုက်မယ် .. ငါ ဒီမှာ အရေးကြီးတာ ရှိနေလို့ .."

"... ... ... ..."

"သိတယ် .. အဲ့ဒါလည်း ဘယ်လို အကြောင်းပြန်ရမလဲ .. မင်း ပြင်ဆင်ထားလိုက်တော့ .."

"... ... ... ..."

"မလိုဘူး .. မင်း အေးဆေးနားလိုက်ပါ .. ဒင်နာကိစ္စကို ပူမနေနဲ့..၊ အရေးကြီးတာက ငါ ပြောတာကိုပဲ ပြင်ထား .."

သူ ဖုန်းပြန်ထည့်လိုက်တော့ ချင်း က အားနာသည့်အကြည့်တို့ဖြင့် သူ့မျက်နှာကို မော့ကြည့်ရင်း ...

"ရှင် ဒီလောက် မအားနေတာကို .."

"တော်ပြီ .. အဲ့ဒါ မင်း ပူရမှာ မဟုတ်ဘူး .."

"ပြီးရော .. သူများရှေ့မှာလည်း ရှင် ဖုန်းတွေ ဆက်ပြမနေနဲ့ .. ဒီက အားနာတယ်ဆိုတိုင်း အဲဒီလို ကြီးကြီးကျယ်ကျယ်တွေ ပြန်ပြော ချင်လို့ .."

"ဟား .. စွာလိုက်တာကွာ .."

နားငြီးလာသလိုနှင့် အသည်းတွေ ယားကာ သူမ မျက်နှာလေးကို ခေါင်းနဲ့ ဖိတိုက်ပစ်မိ၏။



"အာ .. ဘာလုပ်တာလဲ လူကို .."

ခေါင်းလေး တိမ်းပါသွားကာ ချင်း မျက်နှာလေး ရှုံ့မဲ့သွား၏။ ကောင်း က ရယ်နေရင်း ...

"မင်း အဲဒီလို စွာတေးလန် လုပ် .. နောက်တစ်ခါဆို အတင်း ဆွဲနမ်းပစ်မှာ .."

ချင်း ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ တစ်ကိုယ်လုံး ဖျင်းရှ ပူရှိန်းသွားတာ လက်ဖျားတွေထိ ..၊

ကုမ္ပဏီထဲကို ဘေးပေါက်ကနေ ဝင်လာခဲ့ကြကာ ကောင်လေး တွေ ဘာလုပ်ပေးရမလဲဆိုသည့်ပုံစံနှင့် တစ်ယောက်ပြီးတစ်ယောက် အနားရောက်လာကြ၏။

ကောင်း က ခေါင်းခါပြရင်း နှင်လွှတ်နေကာ နောက်ထပ် အသက်လေးဆယ်လောက် လူကြီးကျမှ ...

"ဦးသက်ပိုင် .. ကျွန်တော့်ကိုလေ .. ဟို ဖုန်း .."

သူ ဘာပြောလိုက်မှန်း မသိပေမယ့် လူကြီးရဲ့မျက်လုံးတွေ သူမဆီ ရောက်လာသဖြင့် ချင်း က မော့ကြည့်၏။

"ဒေါ်ဆုလတ်ဝေ ကိုလေ .."

"အင်း .. သိပြီ .. ခုပဲ ခေါ်လိုက်မယ် .."

လူကြီး ထွက်သွားတော့မှ ချင်း က သူ့လက်ကို ဖယ်ချပစ်ရင်း...

"ရှင် အလုပ်တွေ ရှိရက်နဲ့ ချင်း ကို ဘာလို့ ခေါ်ထုတ်လာရတာလဲ ..၊ အလုပ်ရှုပ်နေကြတဲ့လူတွေ ကြားထဲမှာ ဒီက ဟိုမတ်တတ် .. ဒီ မတ်တတ်နဲ့ .."

"မင်း မတ်တတ်ရော ရပ်နိုင်လို့လား .."

"အဲ့ဒါကို .."

"အေးဆေး ထိုင်နေလို့ ရတယ် .. ခဏပဲ သည်းခံ .."

"ဘာလဲ .. ရှင့်ရဲ့ နားခန်းထဲမှာ ထည့်ထားမလို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ခဏပဲ .. ကိုယ် အလုပ်လုပ်မလို့ မဟုတ်ဘူး .. လုံးဝ မကြာဘူး .."

သူမကို ပြော၍ ခါးလေးကို ဖက်ရင်း လျှောက်လာကြစဉ် ကုမ္ပဏီ ရှေ့တံခါးကနေ နှစ်ယောက်တွဲ ဝင်လာကြသည့် နှစ်ယောက်ထဲမှ ...

"ချင်း!..."

ဖန်ဆင်းရဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွား၏။

"ဘာဖြစ်လို့လဲ ရဲ .."

ဖန်ဆင်း မဖြေနိုင်ဘဲ တကယ်ကို တအံ့တသြကြီး ငေးနေခဲ့မိ၏။ ချင်း ကို တွဲထားတာ သူဌေး ဦးရက်မြတ်ကောင်း ပဲ ..။

သူဌေးနဲ့ သူ တွေ့ခွင့်ရခဲ့တာ တစ်ပတ်လောက်ပဲ ရှိသေးသည်။

သူဌေးဆိုတဲ့ ပုဂ္ဂိုလ်ဟာ သူလိုကိုယ်လိုအရွယ် .. တင့်တယ်ချော မောနေတာလည်း ရှိကာ စကားပြောပုံက သူ့ရဲ့ အရည်အချင်းတွေကို ဖော်ပြနေသလို အနုတ်အသိမ်း သိမ်မွေ့၏။

ဦးရက်မြတ်ကောင်း ဆိုသည့် သူဌေးကို မြင်ခဲ့ပြီးမှ အထင်ကြီး အားကျမိတဲ့စိတ်တွေ တဖွားဖွား ဖြစ်နေခဲ့မိတာ နေ့တိုင်း ..။

ဒီလူက ချင်း နဲ့ ဘာဆိုင်လဲ ..၊

သူဌေးက စေ့စပ်ပြီးပြီလို့ သူ ကြားခဲ့တာ ချင်း နဲ့လား ..၊

သူမတို့ကတော့ သူ့ကို မမြင်ကြပေ ..၊ လက်ဝဲဘက် နားနေခန်း တွေဘက်ကို ကွေ့ဝင်သွားကြ၏။

"ဟော့ကောင် .. ဘာတွေ ငေးနေတာလဲ .. ငါတို့က ဘယ်ဆက် သွားကြမှာလဲ .."

ပါလာသည့် သူငယ်ချင်းက ဒီကို ခုမှ ရောက်ဖူးတာမို့ ဘာကိုမှ မသိ ..၊

"ငါတို့ တွေ့ရမှာ ဘယ်သူနဲ့လဲ ..၊ ခါတ်လှေကားနဲ့ တက်ရမှာ လား .."





"ငါးနာရီ ထိုးတော့မယ်ကွ .. ခါတ်လှေကား ပိတ်လိုက်ပြီ — လှေကားကနေ တက်ရမှာ .."

သူ ရှေ့က ဦးဆောင်ပြီး လှေကားဆီ ထွက်ခဲ့ရပေမယ့် ချင်း နဲ့ ဦးရက်မြတ်ကောင်း ကိုပဲ မျက်လုံးထဲမှာ မြင်နေခဲ့၏။

"အဲ့ဒီက လူကြီးပိုင်းတစ်ယောက်နဲ့ အဆင်မပြေတာ ရှိလို့ .."

"ချင်း ကလည်း စိတ်တိုပြီဆိုရင် အိုးရှဲ့ဆို စလောင်းရှဲ့ပဲ .."

"ကိုယ်နဲ့ ငြိနေတယ်လို့များ ရွဲ့ပြောလိုက်တာလား .."

"အဲဒီလို ထင်သွားအောင် ပြောပစ်လိုက်တာ .. ဆောရီး နော်.."

စေ့စေ့တွေးလေ .. ရေးရေးပေါ်လေ ..၊

သေချာတွေးတော့ အဖြေပါ ထွက်လာခဲ့၏။

ခြေလှမ်းတွေ နှေးကွေးနေပေမယ့် ဖန်ဆင်းရဲ့ နှုတ်ခမ်းမှာ လှို့ဝှက် သောအပြုံးတို့ ဖြစ်နေခဲ့ကြ၏။

"မင်းက ဆောရီး လုပ်ခဲ့ပေမယ့် ကိုယ် သိနေတယ် ချင်း..၊ မင်း ရဲ့စိတ်က ကိုယ့်ဆီမှာပါ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဟုတ်ပါတယ် ကောင်း ရ .. ဒဏ်ရာပေါ်မှာ ဒဏ်ရာတစ်ခု ထပ်ဖြစ်ထားတဲ့ပုံပါ .."

"ဒါဆို အနာရင်းနေတာ မဟုတ်ဘူးပေါ့ .."

"ရင်းတော့ ရင်းနေတယ် .. ဆေးမထိုး ဆေးမသောက်ရင် ည လောက်ကျရင်တော့ ကိုက်ခဲလာနိုင်တယ် .."

"အဲဒါကို စိုးရိမ်တာပဲ .. ဒီကောင်မလေး ဆေးထိုးရမှာ သိပ် ကြောက်တာ .."

ဒေါက်တာ ဆုလတ်ဝေ က ရယ်နေရင်း အခန်းထဲကို ပြန်ငုံ့ကြည့် ကာ ...

"ဘယ်လိုလဲ .. ဖနီးလောင်းလေးကို တုန်နေတာပဲ .. ဟုတ် လား.."

ခေါင်းညိတ် ဝန်ခံပေမယ့် နှာခေါင်းပွတ်ရင်း ရှက်ကိုးရှက်ကန်း..





"တော်တော် လှတယ်နော် .."

"ဟုတ်လား ..၊ ဆိုးလွန်းလို့ သေချာတောင် မကြည့်ရဲဘူး .."

"လုပ်ပြီ တွေ့လား..၊ သေချာကြည့်ပြီး သေချာကြိုက်လို့ ဒီလောက် သည်းသည်းလှုပ်နေတာကို .."

"အဟွန်း .."

"ကောင်း က သူနဲ့ အသက်သိပ်မကွာဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် လူကြီးဒီဇိုင်းနဲ့ မနေပါနဲ့ .. မောင်လေးနဲ့ မြတ်နိုး ဆိုရင် ဆယ့်သုံးနှစ် တောင် ကွာတာ ..၊ အဲ .. ဒါပေမယ့် မြတ်နိုး ကတော့ ကောင်း ရဲ့ ချင်းလေး လောက် မလှဘူးပေါ့ .."

"လှလို့ သည်းသည်းလှုပ်နေတာ မဟုတ်ဘူး ဆု ရဲ့ .. ချင်း က ချစ်ဖို့ကောင်းတာ .."

"ဘာပဲဖြစ်ဖြစ် ချစ်နေတယ်မို့လား .."

ကောင်း က ရယ်နေကာ ...

"ငါ လိုက်ပို့မယ်လေ .."

"မပို့နဲ့တော့ .. အထဲမှာ မျက်ရည်တွေ ဝေ့ဝဲကျန်ခဲ့တာ ခုလောက် ဆို ငိုနေလောက်ပြီ ..၊ ငါက လမ်းကူးသွားရင် ဆေးခန်းကို ရောက်ပြီ.."

"ပြီးရော .. ဒါဆို သွားတော့ .."

"ကောင်း .. နေဦး .. နင် ဘုန်းမြတ် တို့ မောင်နှမနဲ့ အဆက် အသွယ် ရှိတယ်မို့လား .."

ဆု ဘာကို မေးတော့မယ်မှန်း သိလိုက်ကာ ကောင်း က ပြီးစလွယ် ခေါင်းညိတ်၍ ...

"ရှိတယ် .. နင်တို့ရော မဆုံဖြစ်ကြဘူးလား ..၊ စန္ဒာ လည်း ဆေးခန်းတွေ ထိုင်နေပြီ .."

"မဆုံဖြစ်ဘူး .. ဆုံဖြစ်ကြရင်လည်း ဝမ်းသာအားတက်ဖွယ် မရှိ ပါဘူး ကောင်း ရယ် .. သူ့အိမ်က အိုဗာတင်းတွေနဲ့ ငါစိတ်နဲ့ မဖြစ်



www.burmeseclassic.com

ဘူး ..၊ နင် သိပါတယ် .. သူ့ကြောင့် မောင်နဲ့ ငါ ပြဿနာ အကြီးအကျယ် တက်ခဲ့တာလေ ..၊ သူက မတုန်မလှုပ် မြဲမြဲစီ .. ငါက အကဲခတ်မိလို့ ကူညီဖို့ ကြိုးစားတာပါ ..၊ သူ့အစ်ကိုကလည်း အစ်ကို ဖြစ်နေတော့ ခရီးပေါက်အောင် မပို့နိုင်ဘူးလေ .."

ဆု က ကောင်း ကို ကြည့်၍ အားနာသလို ပြုံးသည်။ ပြီးတော့ အထဲကို ပြန်လှည့်ကြည့်ပြီး လေသံကို နှိမ့်၍ ...

"တော်သေးတယ် .. ငါတို့ကိုက စေတနာ မထားသင့်ဘဲ ထားခဲ့မိတာနော် .. နင်သာ စိတ်မရိုင်ရင် ဟိုကလည်း မြဲစိစိ မဟုတ်ခဲ့ရင် ခုနေ နင့်ရဲ့ သတို့သမီးက .."

"တော်ပါတော့ ဆု ရာ .. ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့တဲ့ကိစ္စ .."

ဟိုတုန်းက ဆေးတက္ကသိုလ်က ကျောင်းသားတွေနဲ့ ဂျီတီစီ နှစ်ကျောင်းတို့ ကူးလူးငြိတွယ်ခဲ့ကြတဲ့ ဇာတ်လမ်းတွေ ရှိခဲ့ဖူးသည်ဖြစ်ရာ ဒီထဲမှာ ကောင်း တို့အုပ်စုလည်း ပါခဲ့ကြ၏။

ဝဏ္ဏထွန်း နဲ့ ဆုလတ်ဝေ တို့ ချစ်သူတွေ ဖြစ်သွားခဲ့ကြပြီး ဘုန်းမြတ် ကလည်း ချစ်သူနဲ့ပဲ ဖြစ်သည်။

ဒီထဲမှာ အားလုံးနဲ့အတူ ရောနှော ပါဝင်နေပေမယ့် ကောင်း ကတော့ စာတော်သလောက် ဘာကိုမှ သိပ်အလေးအနက်မထားတဲ့သူ ဖြစ်ခဲ့၏။

သူ့ကိုဆို နမ အစ်မတွေ ရှိထားကြတဲ့ သူငယ်ချင်းတွေက ယောက်ဖ ခေါ်ပြီး စနောက်နေကြတဲ့အထိ နေတာက မတုန်မလှုပ် ..၊

ဘုန်းမြတ် တစ်ယောက် သူ့ညီမနဲ့ အဆင်ပြေစေချင်တာကတော့ အားလုံးထဲမှာ အသိသာဆုံးပင် ..၊

ပျော်ပျော်နေတတ်သလောက် သူတစ်ယောက်ပဲ ပွင့်ပွင့်လင်းလင်းကြီး ရက်ရောပေးကမ်းနေတာ ဖြစ်သည်။



"ငါ့ညီမကိုတော့ မင်းနဲ့ဆိုရင် အချိန်မရွေး ကူညီမှာနော် .. ရှင်သာ ဖွင့်လိုက် အားမနာနဲ့ .." ဆိုတာမျိုး ..၊

ဆု တို့ကလည်း ကောင်း ဒီလို စာတွေနဲ့ပဲ လုံးထွေးနေမယ့်အစားသူများတွေလိုပဲ ရင်ခုန်သံတွေကို နားထောင်ဖို့ အချိန်လေးတော့ ရှိစေချင်ကြ၏။

ဒါကြောင့် အေးမြစန္ဒာ နဲ့ အဆင်ပြေသွားအောင် ကြိုးစားခဲ့ကြသည်။

တကယ်တော့ တင်းကျပ်လွန်းသည့် မိဘအုပ်ထိန်းသူတို့၏ တရားလွန် ချုပ်ချယ်မှုတွေကြောင့် အေး ခမျာ သူများပျော်လို့ မပျော်ရ..၊ သူများသွားလို့ မသွားရ ..။

ကောင်း ကို တိတ်တခိုး မြတ်နိုးနေပေမယ့်လည်း ကောင်း ဘက်က အေးစက်စက် မပြောင်းလဲခဲ့သည်မို့ ရင်းနှီးခွင့်လည်း မရခဲ့ရှာ ..၊

ထိုပြင် ကူညီဖို့ ကြိုးစားခဲ့ကြတဲ့ ဆု တို့ အုပ်စုမှာလည်း အေးတို့ဘက်က လူကြီးတွေရဲ့ မောက်မာရင့်သီးသော စကားလုံးတွေနဲ့ ပစ်ပေါက်ခံလိုက်ကြရသဖြင့် အေး ကိုပါ အဆက်အဆံ မလုပ်ဘဲ နေလိုက်ကြတော့ ပိုဆိုးသွားသည်။

"ဟဲ့ .. ကောင်း .. ငါ ထင်တယ် သိလား .. အဲ့ဒီတစ်ယောက်တစ်သက်လုံး အပျိုကြီးပဲ ဖြစ်တော့မှာ .."

"ကဲပါ .. ပြန်မယ်ဆိုလည်း ပြန်တာ မဟုတ်ဘူး .."

တွေးနေရင်း ခပ်လေးလေး ကျောခိုင်းကြပြီးမှ ဆု က ဒါကို ပြန်စဉ်းပြီး ပြန်လှည့်လာတော့ ကောင်း က နှင်လွှတ်သည်။ ဆု က စိတ်မဆိုးဘဲ ရယ်နေကာ ...

"နင် လက်ထပ်တော့မယ်ဆိုတော့ သူ့ကို သတိရသွားလို့ပါ ..၊ 'တော်ဝင်'မျိုးနွယ်က တော်ဝင်မင်းသမီးလေး .. သူ အပြင်မှာ ရှင်ရှားသွားလာခွင့် ရနေပြီဆိုတာ အံ့ဩစရာပဲ .."

ရွှေသမင်စာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မသိပါဘူး.. ချင်း တို့နဲ့ ကပ်လျက် ခြံမှာပဲလေ.. သူတို့ အိမ်မှာ ဘုရားကိုးဆူ လုပ်လို့ လာဖိတ်မှ သိတာ .."

"နင့်ကို ဖိတ်တာလား .."

"ငါက တိုက်ဆောက်နေတာ မပြီးသေးတော့ ချင်း တို့ရဲ့ခြံထဲက အပိုတိုက်တစ်လုံးမှာ နေတာလေ .."

"သြော် .. ဒါဆို .. နင် သွားလိုက်သေးတယ်ပေါ့ .."

"မသွားပါဘူး .. ငါ့ကိုလည်း သူ့အဘွားက သိချင် သိနေမှာ ..၊ ဟိုတုန်းကလို ပြောမလွှတ်ဘူးလို့ အာမ မခံရဲဘူး .."

ကောင်း က ပြောနေရင်း ကြောက်တဲ့ပုံစံနှင့် ပခုံးတွန့်သည်။ ဆု ကပါ ရယ်နေကာ ...

"ခံလိုက်ရပုံကတော့ ငါတို့ပါ ကောင်း ရယ် .. နင့်ကို မြင်တောင် မမြင်ဖူးကြပါဘူး .."

"ကဲ .. အဲဒီအကြောင်း မတော်သေးဘူးလား .."

"တော်ပါပြီ .. ခု ပြောမှာက ဆုစပ်ပွဲတုန်းက ငါတို့ မြန်မာပြည်မှာ မရှိလို့နော် .. လက်ထပ်ရင် ဖိတ်ရမယ် .."

"နင့်ယောကျ်ား အခု ပြန်ရောက်နေပြီလား .."

"ရောက်ရောက် မရောက်ရောက် ငါ လာလို့ ရတယ် .. ဘာလဲ မဖိတ်ချင်ဘူးလား .."

"ဖိတ်တော့ ဖိတ်ချင်ပါတယ် .. ဒါပေမယ့် မလာခင် လေတော့ နည်းနည်း လျှော့လာမှ ဖြစ်မယ် .."

"အံမာ .. ကြည့်စမ်း ဖိုးကောင်း .. အေးပါ .. လူပျိုကြီးတွေ သည်းမိပြီဆို အဲဒီအတိုင်းပဲ .."

သူငယ်ချင်းတွေ ပြန်တွေ့ကြတော့လည်း စိတ်က ကျောင်းတုန်းကလို နုပျိုလန်းဆန်းခြင်းတွေနဲ့ပါ ..၊ ဒီထဲမှာ အေးမြစန္ဒာ တော့ မပါခဲ့ပေမယ့် ...





"ဒုန်း .."

"ဟင်!..."

သူ အခန်းရှေ့ ပြန်ရောက်ကာမှ အထဲက ဒုန်းခနဲ အသံကြောင့် လက်က တံခါးကို အလျှင်စလို ဖွင့်ပြီးသား ဖြစ်သွား၏။

"ချင်း .."

"ဖယ်ပါ .. ရှင့်ကို မလိုဘူး .."

"မင်းကို ကိုယ် လိုအပ်သေးလားလို့ မေးနေတာ မဟုတ်ဘူး .. ရေခဲသေတ္တာထဲက ဘာယူမလို့လဲ .."

ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်စဉ် အလယ်တံခါးနဲ့ ဘေးက ပန်းအင်လေး တိုက်မိသွားတာ ဖြစ်သည်။

ချင်း က အထဲက ကုတ်တစ်ဘူး ယူလိုက်ပြီး တံခါးကို ပြန်ဆောင့်ပိတ်၍ ...

"ရှင် အပြင်ထွက် .."

"ဘာလုပ်မလို့လဲ .."

"ဆေးထိုးတဲ့နေရာကို ရေခဲနဲ့ လိမ့်မလို့ .."

သူ့ကို စေ့စေ့ မကြည့်ဘဲ မျက်ရည်စိုလူးနေသည့် မျက်တောင်များ တို့ကို စိုက်ချထားကာ ဂါဝန်စလေး တစ်ဖက်ကိုလည်း 'မ'ထားသေးသည်။

"ထွက်ပါလို့ ဆို .."

"အဲလိုလုပ်ဖို့ မလိုဘူးတဲ့ .. ဆိုယ် သေချာ မေးလိုက်ပါတယ်ကွာ-- သူ တစ်ခါတည်း ချေပေးခဲ့တယ်တဲ့ .. ဟုတ်လား .. သူ လုပ်ပေးခဲ့တယ် မို့လား .."

ချင်း က စိတ်တိုသည့်မျက်နှာလေးနှင့် မော့လာကာ ...

"အဲဒီလို မလိုဘူးဆိုပြီး အမေ့တလျှော့ နေခဲ့လို့ မီးမီး ရဲ့ဘော်လေး တစ်ယောက် ဆေးအပ်စိုက်တဲ့နေရာမှာ ပြည်တွေ တည်ပြီး ခွဲရတယ်--



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တစ်ဖက်လည်း ထော့သွားတယ် ..၊ မယ်သူ ဆိုရင် ဖင်နှစ်ဖက်စလုံး ခွဲထားရတာ အမာရွတ်တွေနဲ့ ..”

“ချင်း .. မင်း အဲ့ဒါတွေကြောင့် ဆေးထိုးဖို့ ဒီလောက် ကြောက်နေတာလား ..”

ချင်း က သူ့ကို ရှောင်ပြီး ဒရင်းမ်ဘက်ဒ်ဆီ လျှောက်သွား၏။ ကောင်း က သားကနေ ဆွဲထားမတတ် ရှိနေကာ ...

“မင်း အဲလောက် ကြောက်နေတာ ကိုယ် မသိလို့ပါကွာ .. တကယ်ကို ဆောရီးပါ .. လုပ်ကို လုပ်မှာဆိုရင်လည်း ကိုယ့်ကို ပေးပါ.. ကိုယ် ..”

“သွား .. ရှင် ထွက်သွား .. ရှင့်ကို အရမ်းမုန်းတယ် ..”

မထူးစိတ် ပိုက်၍ မျိုသိပ်ဟန်ဆောင်နေရသမျှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြလျက် ကောင်း ကို လှည့်ပြီး ရိုက်ပုတ် ထုနက်ပစ်သည်။

ကောင်း က အနည်းငယ် ရှောင်တိမ်းနေပေမယ့် လွတ်ရာကို ထွက်မသွားဘဲ တွင်တွင် တောင်းပန်နေလျက် ...

“တောင်းပန်နေတာကိုကွာ .. ချင်း ခဏရပ်ပါဦး .. မင်းကို စေတနာနဲ့ ..”

“ဟုတ်တယ် .. စေတနာနဲ့ပဲလေ .. လူကို ညာလုံးတွေနဲ့ ခေါ်ထုတ်လာပြီး ဆရာဝန်နဲ့ ချောင်ပိတ် ဆေးထိုးတယ် ..၊ ဆေးထိုးခံရတာလည်း နာတယ် .. ရှင် ညာတာကို ခံလိုက်ရတာလည်း မုန်းတယ် ..၊ အရမ်းမုန်းတယ် သိလား .. ဖယ်ပေး ..”

“ချင်း ..”

“ဖယ် .. လွှတ်နော် .. ဒီမှာ အအေးဘူးပေမယ့် ရှင့်ကို ခေါင်းရိုက်ခွဲလို့ ရတယ် သိလား ..”

“ကဲ .. ခွဲလိုက်ကွာ .. ပြန်ထိုင်ဆို ထိုင် ..”





ချင်း ကိုယ်လေး သူ့ရင်ခွင်ထဲမှာ မြုပ်သွားသည်။ လူကို အတင်းချုပ်ဖက်ထားပြီး သူ့ခေါင်းကို ခွဲချင်ခွဲလို့ အော်နေသေးသည်။

ပြီးတော့ ချင်း လက်ထဲက အအေးဘူးကို ယူပြီး ဆိုဖာပေါ် လွှင့်ပစ်လိုက်၏။

စိတ်က တိုပေမယ့် ငိုချင်နေတာက သူ့ကို အရွဲ့ပေးနေမိသလိုဖြစ်ခဲ့လျက် ...

“တိတ်တော့နော် .. ကိုယ် တောင်းပန်ပါတယ် .. မင်း အချိန်မတော် ဝေဒနာ ခံနေရမှာစိုးလို့ပါ ချာတိတ်ရာ ..”

ရှန်းတာ ရိုက်တာတွေ ငြိမ်သွားကာ ရှိုက်သံတွေ ရှိနေဆဲ သူမကိုယ်လေးကို ခါးလေးကနေ နည်းနည်းလေး ‘မ’ပြီး စားပွဲပေါ်မှာ ထိုင်လျက်လေး တင်ပေးလိုက်၏။

ပြီးတော့ အတင်းငုံ့ပြီး ငိုနေတာကို မျက်နှာလေးကို မော့ယူကာ မျက်ရည်တွေ သုတ်ပေးမိ၏။

“ဟင့်အင်း .. ဖယ် ..”

ချင်း က သူ့လက်ကို ဖယ်ချပြီး သူ့ရင်ဘတ်ကိုပါ တွန်းပစ်သည်။ ဒါပေမယ့် ကောင်း က စားပွဲစွန်းတွေမှာ လက်နှစ်ဖက် ထောက်ထားလိုက်ကာ ...

“ချင်း ..”

“ဘာလဲ .. ဖယ်ပေးလို့ ပြောနေတာကို ..”

“ခဏလေးပဲ .. ကိုယ် ပြောစရာ ရှိလို့ ..”

ပြောစရာရှိတာက လူကို အရုပ်တစ်ရုပ်လို စားပွဲပေါ်မှာ တင်ပြီး ဘယ်လိုမှ ဆင်းမရအောင် ရှေ့က ပိတ်ထားသည်။ ဘေးမှာ လက်တွေပါ ထောက်ထားသေး၏။

သူ့မျက်နှာသည် ကိုယ့်ရင်ဘတ်ရှေ့ ကပ်ကပ်လေးမှာ ရှိနေကာ စူးရဲသည့်မျက်ဝန်းအကြည့်တွေက ...



www.burmeseclassic.com

www.burmeseclassic.com



"အရမ်း ကလေးဆန်တာပဲ ချင်း ရယ် .. မင်းကို .."

"ရှင် အဲဒါတွေ ပြောမှာဆို ချင်း နားမထောင်ချင်ဘူး .. ဖယ်ပေး.."

လူကို ထိတော့ ကပ်တော့မလိုကြီး ရှိနေပြီး ဒီလိုစကားတွေ ပြောနေတာကို ဘယ်လိုနေရမလဲ ...။

မျက်ရည်လက်စတို့နှင့် ချင်း ရဲ့ ပါးပြင်လေးတွေ နီမြန်းနေခဲ့လျက် ...

"ဒီမှာ .."

"ကိုယ် မင်းကို လက်ထပ်ချင်တယ် .."

ချင်း သူ့ကို အံ့ဩသလို ဖြစ်သွားသည်။ လူကြီးတွေ သဘောတူထားပြီးသားကို ဒါပဲ ထပ်ပြီး တောင်းဆိုနေတာ ဘာလဲ ...။

ကောင်း က ချင်း ရဲ့ မျက်ဝန်းလေးတွေကို နားလည်သွားသဖြင့် ပြုံးလိုက်ရင်း ...

"လူကြီးချင်း သဘောတူထားတာ ကိုယ်တို့ သိနေတာပဲ .. မိဘစကား နားထောင်ကြမယ်ဆိုရင် မင်းနဲ့ ကိုယ် လက်ထပ်ဖြစ်သွားမှာပဲ.. ဒါပေမယ့် ကိုယ်ကိုယ်တိုင် တောင်းခံပြီး မင်းက ကြည်ဖြူစွာ ခေါင်းညိတ်မယ့် လက်ထပ်ခြင်းမျိုးကို ကိုယ် အလိုရှိတာ .."

"ကျွန်မမှာ .."

"မင်း ရည်းစားတွေ ဘယ်လောက်ရှိရှိ အခု ကိုယ်က လက်ထပ်ခွင့် တောင်းနေပြီ .. မင်းက လက်ခံ မခံ .. ဒါပဲ .."

ချင်း မျက်မှောင်လေး ကုတ်သွားသည်။ ကောင်း က ပြုံးလိုက်ရင်း ချင်း ရဲ့ ဆံနွယ်တွေ စားပွဲပေါ်မှာ မထိတထိ ဝဲဖြာနေတာကို မြတ်နိုးသည့်မျက်ဝန်းတို့ဖြင့် ကြည့်သည်။

ပြီးတော့ ချင်း ရဲ့ဘေးမှာပဲ စားပွဲကို နောက်ပြန်မှီ၍ လက်ပိုက်ရပ်နေရင်း ...

"စိတ်ကူးယဉ်တယ်ပဲ ပြောပြောကွာ .. ကိုယ် မင်းနဲ့ ရင်းနှီးချင်





တယ် .. ဒီအခြေအနေထက် ပိုပြီး နွေးထွေးတဲ့စကားတွေ ပြောချင်တယ် .. မင်းမှာ ချစ်သူရှိနေတယ်ဆိုတာကတော့ ကိုယ့်ကုသိုလ်ပေါ့လေ .."

သူက ချင်း ကို ငုံကြည့်လိုက်တိုင်း ပခုံးချင်း ထိကပ်သွားတတ်ကာ ...

"ကိုယ် တစ်ကိုယ်ကောင်းဆန်သွားမလားတော့ မသိဘူးကွ .. ဒါပေမယ့် ဘယ်မိန်းမကိုမှ ရင်မခုန်ခဲ့ဖူးတဲ့ ကိုယ့်ရင်ထဲက တောင့်တခြင်းအတွက် ဒါကို ပိုင်ဆိုင်ရဖို့ပဲ စိတ်ထဲမှာ ရှိတယ် .. အဲဒီ ပိုင်ဆိုင်လိုခြင်းဟာလည်း မရမက ဓားပြတိုက်ယူတာမျိုး မဟုတ်ဘူး .. မိဘတွေရဲ့ ဖိအားနဲ့လည်း မလိုချင်ဘူး .. မကောင်းမှုတစ်ခုပဲ ပါတယ် .. အဲ့ဒါက--"

သူက ရယ်ကျဲကျဲ လှုပ်ပစ်ရင်း ချင်း ကိုယ်လေး ယိုင်သွားအောင် ပခုံးချင်း ကပ်တွန်းပစ်၍ ...

"မင်းဘက်က အကျပ်အတည်း .. အခက်အခဲတွေနဲ့ မဖြစ်မနေ ဘယ်လိုကြောင့် ခေါင်းညိတ်ရမှာမျိုးဖြစ်ဖြစ် .. မင်း ခေါင်းညိတ်ရင်ပြီးတာပဲ ...၊ မင်း ရည်းစားတွေ ဘယ်လောက်ရှိရှိဆိုတာ အဲ့ဒါ .."

"ရှင်ချည်းပဲ ပြောနေတာ မပြည့်စုံသေးဘူးလား .."

"ကျန်သေးတယ် .. ဘာအကြောင်းနဲ့ ခေါင်းညိတ်ရတာဖြစ်ဖြစ် ဆိုပေမယ့် မိဘတွေရှေ့မှာ ခေါင်းညိတ်တဲ့မိန်းမကို ကိုယ်က အသာလေး လက်လျှို ခေါ်မသွားချင်ဘူး .."

"ရှင့်ရှေ့မှာ ခေါင်းညိတ်တာရော ဘာများ ထူးလို့လဲ ...၊ မချစ်မနှစ်သက်ဘဲ လက်ထပ်ရမယ့် မိန်းမဆီက ကြည်ဖြူခြင်းကို ရှင် ဘာမှရမှာ မဟုတ်ဘူး .."

"ရတာ မရတာက ကိုယ့်အလုပ်ပါကွာ .."

သူ ချာခနဲ ပြန်လှည့်လိုက်ပြီး ခုနကအတိုင်း ချင်း ရဲ့ရှေ့မှာ လက်နှစ်ဖက် ခွဲထောက်၍ မျက်နှာချင်းဆိုင် ရပ်လိုက်လျှင် ချင်း ကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွန့်သွား၏။

"စိတ်ချလက်ချ နေပါ .. ကိုယ် မင်းနဲ့ စကားပြောရုံပဲ .. မင်း စိတ်ညစ်အောင် ဘာမှ မလုပ်ဘူး .."

"ဟွန်း .."

နာနာကြည်းကြည်း မဲ့ပြီး မျက်နှာလွှဲလိုက်တော့ ဆရာဝန် ခေါ် လိုက်သည့်အဖြစ်ကြောင့်မှန်း သိကာ ကောင်း က ရယ်သည်။

"မင်း ကြိုက်ကြိုက် မကြိုက်ကြိုက် အန္တရာယ်ရှိနိုင်ရင် တားရမှာပဲ ..၊ မကောင်းရင် မကောင်းတဲ့စကားတွေလည်း ပြောရမှာ .."

"ကောင်းပါတယ် .. အဲဒီလို အလိုလိုက် နားလည်တာတွေ ရှိတော့လည်း တစ်ဦးမေတ္တာ တစ်ဦးမှာပေါ့ .."

"ဟား .. ဟား .. ဟား ..."

"ရှင် ဘာရယ်တာလဲ .."

"မင်းကို အလိုလိုက် အကြိုက်ထားပြီး ချော့မော့ပေါင်းရအောင် ကိုယ်က မိန်းမ ယူတာ .. ကလေးထိန်းဖို့မှ မဟုတ်တာ .."

သူ့စကားတွေက ဘာလဲ ..၊

လူကို စည်းရုံး ဆွဲဆောင်နေတာလား ..၊ ရန်ဖြစ်ကြဖို့လား ..။

ချင်း မျက်ဝန်းလေးတွေ တလက်လက် စူးရဲသွားတာကို ကောင်း က စိုက်ကြည့်ကာ ...

"ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် .. မင်းအချစ်ကို ကိုယ် ရအောင် ယူနိုင်တယ် .."

"ယူယူ မယူယူ ရှင့်အစီအစဉ်တွေကို ချင်း စိတ်မဝင်စားဘူး .. ရှေ့က ဖယ် .."

"ကိုယ့်ဆန္ဒကို ပြောပြနေတာလေ .. မင်း ခေါင်းညိတ်ဖို့ ကိုယ် စောင့်နေတာ .."

"ဘာကိုလဲ .."





"ကိုယ့်ကို လက်ထပ်မှာလား .."

"မလိုအပ်တာတွေ ဘာလို့ ပြောနေမှာလဲ ဦးရက်မြတ်ကောင်း အားလုံးက သတ်မှတ်ချက် တစ်ခုတည်းမှာ အဖြေ ရှိပြီးသား .."

"အခု ကိုယ်က ကိုယ့်သတ်မှတ်ချက်အတွက် မင်းရဲ့အဖြေကို လိုချင်တာ .."

"အဖြေက ဒါပဲ .."

"မဟုတ်ဘူး .. လုံးဝ မတူဘူးဆိုတာ မင်း ရင့်ထဲမှာ သိနေပါတယ် .. ဒါပေမယ့် မသိသလိုပဲ နေပါ ..၊ ကိုယ် မေးတာကိုပဲ ဖြေ .."

"ရှင် ဘယ်လိုလူလဲ .."

ချင်း မျက်နှာလေး နီရဲလာတော့ သူ ပြုံးလိုက်ကာ ...

"ကိုယ့်ကို ချစ်သလားလို့ မေးနေတာမှ မဟုတ်တာ .. ခုပဲ မင်း ပြောတော့ အတူတူပဲ ဆို .."

ချင်း ဖျတ်ခနဲ မျက်နှာလွှဲ၏။

"လူကြီးတွေကို ခေါင်းညိတ်သလိုပဲ မင်း ခေါင်းညိတ်လိုက်ရင် ပြီးပြီ .."

"ရှင့် .."

ချင်း ရင်တွေ ခုန်နေပါပြီ ..၊

ရှည်းစားရှိတယ်လို့ ပြောလိုက်မိတာကို သူကလည်း ဒီတိုင်း လက်ခံထားခဲ့ပြီမို့ ရောယောင်နေခဲ့ရသည်။

တကယ်တမ်း ချစ်သူမရှိခဲ့ဖူးသည့် ရင်ထဲမှာ ရထားတွေ ပြိုင်ပွဲဝင် ခုတ်မောင်းနေတဲ့အတိုင်း ..၊

ချင်း မျက်နှာတစ်ခုကို ထားစရာမရှိ ဖြစ်ကာ လက်ဖဝါးချင်း ပွတ်လိုက် လက်သီးဆုပ်မိလိုက် ဘာတွေလုပ်နေနေ .. သူကလည်း တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။

ကြည့်နေလေ ရှက်လာလေ ..၊

www.burmeseclassic.com

www.burmeseclassic.com



စုန်နေတာက ရင်ဘတ်ထဲကပေမယ့် ဒီလောက်နီးနီးလေးကို သူ ကြားသွားမလား စိုးရိမ်နေရတာကလည်း နှိပ်စက်၏။

ရည်းစားစကားပြောတာ မဟုတ်ဘူးဆိုပြီး ဒါကြီးကိုပဲ ဘာဖြစ်လို့ မရမက မေးနေတာလဲ ...၊

သူ့မျက်နှာကို ကြည့်ပြီး ခေါင်းညိတ်ကာမှတော့ သူ့ကို ကြည်ဖြူ လိုလားလို့ လက်ခံတာ အတူတူပဲပေါ့ ...၊

မရဘူး ...၊

ချင်း ဆတ်ခနဲ မျက်နှာမော့သည်။

"ရှင့်ကို ခေါင်းမညိတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"မလိုလို့ .."

"ကိုယ့်အတွက် လိုတယ်လို့ ပြောပြီးပြီလေ .. မင်းပဲ အတူတူပဲ ဆို - ခုလည်း ခေါင်းညိတ်လိုက်ရုံပဲ မဟုတ်ဘူးလား .."

"ရှင် .. ရှင် ညစ်နေတာ .."

"မဟုတ်ဘူး ချင်း .. မင်းကိုယ်တိုင် ခေါင်းညိတ်တာလေးကိုပဲ လိုချင်တာ ...၊ ကျန်တဲ့ ကိုယ့်ရဲ့အိမ်ထောင်ရေး သာယာစိုပြည်ဖို့က ကိုယ့်တာဝန် .. ကိုယ် တောင်းဆိုတာ ဘာများ တစ်ဖက်စောင်း ဖြစ်သွားလို့လဲ .."

အဲဒီလို မေးတာကို ဒီက ဘယ်လို ပြန်ဖြေရမလဲ ...၊

လူကြီးတွေကို ခေါင်းညိတ်ပြီးပြီ ...၊ ဒါက ဘယ်လို မကျေနပ် ပြုံစွနေပါစေ .. ပြီးပြီးရော ပြီးပြီ ...၊ သူ့ရှေ့မှာ ခေါင်းညိတ်တာကျတော့ ...

"အတူတူ မဟုတ်ဘူး .. မတူဘူး ...၊ ရှင့်ကို ချင်း ခေါင်းမညိတ်နိုင်ဘူး .."

"ဒါဆို ကိုယ့်ကို လက်မထပ်နိုင်ဘူးလို့ ငြင်းလိုက်တာပေါ့ .."





ချင်း က မဖြေ ...၊

"ရပါတယ် .. ကိုယ်က ဓားပြတိုက် မယူဘူးလို့ ပြောပြီးသားပဲ လာ .. ကိုယ်တို့ ခုပဲ လူကြီးတွေရှေ့မှာ သွားပြောကြမယ် .."

"အို .. မဖြစ်ဘူး .."

ချင်း လက်လေးကို ဆုပ်ကိုင်လိုက်တာနှင့် သူမ ဖျတ်ခနဲ ပြန်ရုန်းကာ ...

"ရှင် သူများကို အကျပ်ကိုင်နေတာလား ဟင် .."

"မဟုတ်ဘူး .. မင်းနဲ့ နေ့စပြီးပြီဆိုတာက လူကြီးတွေ ဆန္ဒအရ လက်ထပ်ကြမယ့်လူတွေပါလို့ လူသိရှင်ကြား ကြေညာခဲ့တာ .. လက်ထပ်ဖို့ကို ကိုယ်တို့ချင်း ဆုံးဖြတ်ဖို့ လိုတယ်လေ .. နေ့စပ်တယ်ဆိုတာ ကမ်းလှမ်းချက်တစ်ခုပဲ ချင်း ...၊ အိမ်ထောင်ရေးတစ်ခုကို ပေးမှာလား.. ယူမှာလား ဆိုတဲ့ ကမ်းလှမ်းချက်တွေ ညီမျှသွားတာလောက်နဲ့ ကိုယ် မပြီးနိုင်ဘူး .."

ချင်း ဒါတွေကို တစ်ခါမှ တွေးမကြည့်ခဲ့ဘူးပါ ...၊ တွေးကြည့်ဖို့ စိတ်မဝင်စားခဲ့တဲ့ထဲမှာ အိမ်ထောင်ပြုဖို့ မပြောနဲ့ ရည်းစားထားကြည့်ဖို့ အဆင့်ထိတောင် မပါခဲ့ပေ ...။

ထို့ကြောင့် သူ့မျက်နှာကို စူးစိုက်ကြည့်နေမိလျက် ...၊ မျက်တောင်ဖျားလေးတွေပါ ပင့်ကပ်နေကြ၏။

"ကိုယ့်ကို မင်း နားလည်ရဲ့လား .. ကိုယ် အလိုရှိနေတာ ဝတ္တရားဆန်ဆန် ပြီးမြောက်သွားတဲ့ အိမ်ထောင်ရေးမျိုး မဟုတ်ဘူး .."

"ဘာပဲဖြစ်ဖြစ် ရှင့်ကို မချစ်တဲ့ မိန်းမကို ရတာပဲ မဟုတ်ဘူးလား .."

"မချစ်နိုင်သေးပေမယ့် သူ ကိုယ့်ကို လက်ခံနိုင်မယ်ဆိုရင် အဲ့ဒါ ကိုယ် မျှော်လင့်ခွင့်ရှိတဲ့ သူ့ဆီက လိုက်လျော ကြည်ဖြူခြင်းပဲ .."

ကောင်း က ရှေ့ကို ပိုကပ်လိုက်တော့ ချင်း ရဲ့ နှုတ်ခမ်းဖျားလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ထွက်သက် လေငွေ့နွေးက ပုတ်ခတ်လာကာ ...

"ကိုယ် ထပ်မေးမယ် နော် .."

ချင်း မျက်နှာလေး နောက်တွန့်သွား၏။

"ကိုယ့်ကို လက်ထပ်နိုင်မလား .."

ချင်း ဘာပြောရမှန်း မသိဘဲ သူ့ကို သတိလက်လွတ် ငေးနေမိသည်။ မှောင်ရိပ်သမ်းလာခဲ့သော အခန်းထဲမှာ သူ့မျက်ဝန်းတွေက အရောင်မျှော့မသွား ..၊

"ဖြေလေ .."

"ရှင် .. ရှင့်ကို ခေါင်းညိတ်လိုက်ရင် မျှော်လင့်လို့ ရပြီဆိုပြီး ချင်းကို ဘာလုပ်မှာလဲ .."

သူက ပြုံးလိုက်ပြီး လက်တစ်ဖက်ကို ဖြတ်သည်။

"ကိုယ် ဘာမှ မလုပ်ဘူး .. စိတ်ချလက်ချ ဖြေ .."

နောက်ထပ် လက်ကို စားပွဲက ခွာပြီး ခါးမတ်မတ် ပြန်ရပ်သည်။ ပြီးတော့ လက်တွေကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ရင်း ...

"ရပြီလား .."

"အင်း .."

"ဘာ အင်းတာလဲ ..၊ 'ရပြီလား'လို့ မေးတာကို အင်းတာလား.. လက်ထပ်မယ်လို့ ဖြေတာလား .."

"လက်ထပ်မယ်လို့ ပြောတာ .."

ကောင်း မျက်နှာ ပြုံးကြည်သွားသည်။ ပြီးတော့ ခြေဖျားထောက်၍ ကြွခနဲ ဖြစ်ရင်း သက်ပြင်းမှုတ်လိုက်ကာ ...

"ကိုယ် ကျေနပ်သွားတာကို မင်းရဲ့ နဖူးလေးမှာဖြစ်ဖြစ် ခဏ လောက်တော့ ရင်ခုန်ချင်တာ .. ဒါပေမယ့် မင်းက ကြိုပြောထားတော့ ကိုယ် ကတိတည်ရမှာပေါ့ .."

လူကို ကြည့်ပြောနေတော့ ချင်း မျက်နှာလွှဲထားမိသည်။





သူနဲ့ ပတ်သက် ထိတွေ့မိတိုင်း ချင်း ရင်တွေ ခုန်နေတတ်တာ သူ သိသွားရင် ဘာပြောမလဲ ..။

ဘယ်ယောကျ်ားကိုမှ သူမ ဒီလိုပုံစံနဲ့ ရင်မခုန်ဖူးပါဘူးဆိုရင် သူ့ကို သူမ ချစ်နေခဲ့သလား ..၊

သူကတောင် မမျှော်လင့်ရဲသေးတဲ့ အချစ်ဆိုတာကို ချင်း ရင်ထဲမှာ အလွယ်တကူ ရှင်သန်နေခဲ့တာ ဘယ်လို ဖြစ်ပေါ်ခြင်းမျိုးလဲ ..၊

ဘုရား .. ဘုရား .. နင် သူ့ကို ချစ်နေရင်တော့ သူ့ဆီက ဒီလို စကားတွေ ကြားရတိုင်း ဘယ်လောက်ထိ မျိုသိပ်ထားနိုင်မှာလဲ ..။

လွန်ကို လွန်တယ် .. လင်းလင်းချင်း ရယ် ..၊

မုန်းတယ်လို့ တွင်တွင်ပြောနေပြီးတော့များ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"သူ ရောက်လာရင် မွေး တို့ တိုက်ခန်းကို ခေါ်လာခဲ့ သား .."

"ဘာလုပ်မလို့လဲ မာမီ .."

"ဘာတွေ လန့်ဖျပ်သွားတာလဲ သား ..၊ မာမီက သားရဲ့ ဂုဏ်သိက္ခာ ထိခိုက်အောင် လုပ်ပါ့မလား ..၊ ပြောတဲ့အတိုင်း လုပ် .. မာမီ ဒီကောင်မလေးအကြောင်း အားလုံး စုံစမ်းပြီးပြီ .. သားနဲ့ ဘာမှ ရင်ဆိုင်ဖြေရှင်းဖို့ မလိုဘဲ မာမီ့ဘာသာ လုပ်သွားမယ် .."

"မာမီ .."

သူ ကားမောင်းနေရင်း ရင်မောသွားသည်။

ချင်း နဲ့ ပတ်သက်ခဲ့တာတွေ..၊ ပြောဆိုဖြစ်ပျက်ခဲ့တာတွေကို မာမီတို့နဲ့ ပြောပြီး ရယ်မောခဲ့မိသည်။

"သူ ဒီလောက် လန့်ဖျပ်ပြီး အကြီးကြီး ထဖြစ်နေတာ ရှော့ခ် ရတော့မယ့်အတိုင်းပဲ သိလား မမ .. ဘယ်သူလဲဆိုတော့ မပြောဘူး .. စေ့စပ်ပြီးပြီဆိုတာလည်း သိရက်နဲ့ ရဲ ကလည်း အဲဒါကို ဆက်စပ်မကြည့်မိဘူး .."





"မင်း ဘယ်ကြည့်မိမလဲ မောင်လေးရဲ့ .. ကိုယ့်ကို တကောက်ကောက် လိုက်ကြိုက်နေတဲ့ သူဌေးသမီး ဆတ်စလူးလေးက KET က သူဌေးနဲ့ စေ့စပ်ထားတဲ့ ကောင်မလေးဆိုတာ မမတောင် မင်း ပြောလို့သာ ယုံရတာ .."

အဲဒီစကားဝိုင်း ပြီးကတည်းက မာမီနဲ့ မမတို့ရဲ့ ပရော့ဂျက်က ဒီလို ဦးတည်ခဲ့တာလား ..၊ သူ့ကိုတော့ ဘာမှ မပြောခဲ့ဘဲ ချင်း နဲ့ တွေ့ဖို့ရှိတယ်ဆိုတော့မှ ချက်ချင်းကြီး ဖုန်းထဆက်သည်။

တကယ်ဆို ချင်း က သူ့ကို စိတ်ဝင်စားခဲ့တာ မှန်ရင် မှန်လိမ့်မည်။ တကောက်ကောက်လိုက်ပြီး အခွင့်အရေးတွေ ပေးတဲ့အထိ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့တာမျိုး မရှိပေ ..။

သူ့အတွက် လုပ်ငန်းရှင်နှစ်ဦးလောက်နဲ့ မိတ်ဆက်ပေးဖူးသည်။ အလားအလာကောင်းတွေရှိသော အေဂျင်စီတွေနဲ့ ဆက်သွယ်ပေးဖို့ ကြိုးစားပေးခဲ့သည်။

ဒါတွေကြောင့် ပိုရင်းနှီးခဲ့ပေမယ့် ကိုယ် အမူအရာအားဖြင့်ရော နှုတ်အမူအရာအားဖြင့်ပါ သရုပ်ပျက်ခဲ့တာလည်း ဘာမှ မရှိ ..။

"ကျွတ်!..."

မာမီတို့ ဘာလုပ်မလို့လဲ ..၊ မနက်က ကော်ဖီသောက်ရင်း သူ ပြောခဲ့မိတာ မှားပြီ ထင်သည်။

"ဒီနေ့ ကြော်ငြာရိုက်မယ့်နေရာကို လာဖို့ ချင်း ကို ချိန်းထားတယ် ..၊ ဒါပေမယ့် ကြိုချိန်းထားတာပါ ..၊ ဒါမှ စားသောက်ရင်း ကိုယ် သိထားတာလေးတွေ ပြောပြီး နည်းနည်းပါးပါး ဒုက္ခပေးချိန်ရမှာ ..၊ ဘယ်လောက်ထိ လန့်ဖျပ်သွားမယ် မသိဘူး .. ဟွန်း .."

"အေးပေါ့ သားရယ် .. အစကတော့ မင်းကိုပေါ့ .. ပိုသာလာခြင်သွားတော့ မင်းကို ချစ်ကြိုက်ပိုးပန်းခဲ့တာက ရက်စရာ ဖြစ်သွားပြီလေ ..၊ ဒီနေရာမှာ သူ့သိက္ခာကို ဘာနဲ့မှ သူ လဲနိုင်မှာ မဟုတ်ဘူး –"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်ရင်း မာမီ ရယ်နေပုံက တစ်မျိုးပါလားလို့တော့ ထင်ခဲ့မိသည်။ လူငယ်တွေကိစ္စမှာ သူတောင်မှ 'ဒါ ဖြစ်သင့်တာပဲ'လို့ တွေးပြီး ပေါ့ပေါ့ပါးပါးရယ် ...၊

မာမီ့မျက်နှာမှာ မဲ့ပြုံးတွေက နာကြည်းမှုတွေလား ...၊

မာမီ ဘာလုပ်မလို့လဲဆိုတာ တွေးနေရင်း ကားမောင်းရတာ ကားက မြန်သွားလိုက် .. နှေးသွားလိုက် ...။

သူ့ဘွေး ဦးရက်မြတ်ကောင်း က လူလတ်ပိုင်းအရွယ် သန့်ပြန့်ချောမွေ့နေဆဲပါ ...။

သူ့လိုလူကို ချင်း က ငွေမက်လို့ ယူတာ ဖြစ်နိုင်ပါ့မလား ...၊

ချမ်းသာကြတာချင်း အတူတူ မိဘပေးစားလို့ ဖြစ်စေ .. သူမကိုယ်တိုင် ချစ်ခင်စုံမက်လို့ ဖြစ်စေ .. ဘာမဆို ဖြစ်နိုင်တာပဲ ...။

ချင်း နဲ့ တွေ့ရင် လှလှပပ စကားလုံးတွေနဲ့ ရိုဖို့ လှောင်ဖို့ စိတ်ကူးတွေက မာမီ့ဖုန်း ဝင်လာပြီးတာနှင့် အားလုံး ပျက်စီးသွားခဲ့၏။

သူ ပြောတဲ့အတိုင်းပဲ ချင်း က တစ်ယောက်တည်းပဲ လာခဲ့၏။ ကားမောင်းထွက်လာတဲ့အထိ ဘယ်ကိုလဲလို့ မမေး ...၊

"ကြော်ငြာက ဘယ်မှာ ရိုက်မှာလဲ ဖန်ဆင်း .. KET က ကြော်ငြာလား .."

"KET က ရိုက်ပြီးသွားပြီ .. အခုက မျက်နှာသစ်ခရင်မ်ကြော်ငြာမှာ ...၊ စောပါသေးတယ်ကွာ .. တို့က မင်းနဲ့ စကားပြောချင်လို့ တမင်စောထွက်ခဲ့တာ .."

"အင်း .. ဒါဆိုလည်း ဒီနားက တစ်ဆိုင်ဆိုင် သွားမယ်လေ .."

"သွားမယ် .. မီးမီး ရော .."

"ယူပဲ ချင်း နဲ့ပဲ ပြောချင်တာ ဆို .."

"မျက်နှာကြီးကလည်း တင်းနေလိုက်တာ ချင်း ရယ် .. ကိုယ်က ကြော်ငြာအသစ်တစ်ခု ရလို့ မင်းကို ဝမ်းသာစေချင်တာပါ ...၊ ပြီးတော့





D. White အလှကုန်နဲ့ ဆက်သွယ်မိအောင် မင်း ကူညီခဲ့တာလေ .."

"ထားလိုက်ပါ .. ယူ ဝမ်းသာနေလို့ ချင်း ကို သတိရတယ်ဆိုတာ ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် နောက်ဆိုရင်တော့ သူများ စိတ်အနှောင့်အယှက်ဖြစ်စေမယ့် စကားတွေနဲ့ အစွန်းမလွတ် ပြောတာတွေ ဆင်ခြင်ပေးပါ .."

"ဟင် .. ဘာကိုလဲ .."

"ဘာပဲဖြစ်ဖြစ် .. ခနိုးခနဲ့ ပြောတာတွေပေါ့ .."

သူ မျက်မှန်ကို ပင့်၍ မချိတရိ ရယ်လိုက်သည်။

"ကလေးတွေတောင်မှ ကိုယ့်ပစ္စည်း သူများလက်ထဲ ရောက်သွားရင် အဲဒီပစ္စည်း စုတ်စုတ် ကောင်းကောင်း ပြန်လိုချင်ကြတာပဲ ...၊ မရရင်လည်း ငိုကြတယ်လေ .."

"ချင်း က ရှင့်ပစ္စည်းမှ မဟုတ်တာ .."

"ဘာမှ မဟုတ်သေးခင် ကိုယ် ဘာမှ မသိလိုက်ရဘဲ ဆုံးရှုံးသွားတာပါ .."

"ခု အဲဒါတွေ ပြောဖို့ ရှိနေရင်တော့ ချင်း ပြန်တော့မယ် .."

"ဟာကွာ .."

"ဟုတ်တယ် ဖန်ဆင်း .. ချင်း က စေ့စပ်ပြီးပြီ .. မကြာခင် လက်ထပ်ဖို့လည်း စီစဉ်နေကြပြီ .."

"လူကြီးတွေ ဘာလုပ်လုပ် ချင်း က သဘောတူနေတာပဲနော်.."

"မဟုတ်ဘူး .. ချင်း ကိုယ်တိုင် လက်ခံခဲ့တာ .."

"ဘယ်သူလဲ ...၊ ဘာဖြစ်လို့ ကိုယ့်ကို ပြောမပြနိုင်တာလဲ .."

"ဖိတ်စာ ပို့ပေးမှာပါ .."

"ချင်း က ကိုယ် တစ်ခုခု နှောင့်ယှက်မှာ စိုးနေသလိုပဲနော် .. ကိုယ်တို့က မိတ်ဆွေအဆင့်ပဲဆိုရင် ဒါကို ဘာဖြစ်လို့ မပြောရတာလဲ .."

—



www.burmeseclassic.com

www.burmeseclassic.com



ချင်း က သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ ထိုအချိန်မှာ ကားရပ်သွားပြီမို့ ပတ်ဝန်းကျင်ကို ကြည့်ကာ ...

"ဒါက ဘယ်သူ့တိုက်ခန်းလဲ ..၊ ဘာလုပ်ဖို့လဲ ဒီမှာ .."

"ကိုယ်တို့ စကား အေးအေးဆေးဆေးပြောလို့ ရတယ်လေ .. စားသောက်ဆိုင်မှာ ထိုင်ရင် ကိုယ့်အတွက် ရှော့ခ် ရှိတယ် .."

ဒါလည်း ဟုတ်နေသဖြင့် ဘဝင်မကျပေမယ့် ငြိမ်နေလိုက်ရသည်။ ထို့ပြင် ပတ်ဝန်းကျင်က တိုက်တိုက်ဆိတ်ဆိတ် မဟုတ်ပေ ..၊ ကပ်လျက်မှာ ရေခဲမုန့်ဆိုင်ကြီး ရှိနေကာ ဒီဘက်ဘေးမှာ အိုင်တီသင်တန်းတစ်ခုလည်း ရှိသည်။

"ကိုယ် ကြော်ငြာရိုက်မှာကလည်း ဒီက နှစ်လမ်းကျော်လေးတင်ပဲ ..၊ ရေကူးကန်ရှိတဲ့ တိုက်ကြီးလေ .. ဒီကို ခေါ်လာလို့ ချင်း က စိုးရိမ်နေတာလား ..၊ ကိုယ့်ကို အရင်ကအတိုင်းပဲ မြင်ပေးပါကွာ .."

"မဟုတ်ပါဘူး .. လူရှင်းတဲ့တစ်နေရာဆိုတာ ဒီလိုနေရာလို့ မထင်လို့ပါ .."

"ဟွန်း .. လူအရမ်းရှင်းနေတဲ့နေရာကို ခေါ်ပြန်ရင်လည်း မင်းက စိုးရိမ်နေဦးမှာပါ ချင်း ရယ် .. ဒီမှာက ကိုယ့်ဆွေမျိုးတွေလေ .. အိမ်ထဲမှာ လူတွေရှိတယ် .."

ပြောလိုက်တော့လည်း သူ့ကိုတောင် ပြန်ပြီး အားနာသွားမိသေးသည်။ ပြီးတော့ အထဲမှာ အမှိုက်လှည်းနေသည့် အမျိုးသမီးတစ်ယောက်ကို မြင်နေရသဖြင့် စိတ်ထဲမှာ တွေဝေလေးဖင့်မိခြင်း အလျဉ်းမရှိခဲ့ပေ..။

သို့သော် ..၊





## အခန်း (၃၁)

"ဘယ်လိုလဲ ချင်း .. ခေါင်းတွေ အုံနေသေးလား .."

"ရပါတယ်ဟာ .. သက်သာနေပါပြီ .."

မှုန်ကုပ်ကုပ်လေး ရှိနေဆဲ ချင်း ရဲ့မျက်နှာလေးက အနီရောင်သမ်းနေတာက မပျောက်ချင်သေးပေ ..၊ မီးမီး က သံပရာခြမ်းလေးနှင့် ရေစပ်စပ်လေး ကျန်နေသည့် ဖန်ခွက်ကို ဘေးမှာ ချထားလိုက်ပြီး ...

"တော်သေးတာပေါ့ ချင်း ရယ်.. နင် ငါ့ကို ဖုန်းဆက်တာ အချိန်မီသွားလို့ .."

"အင်း .."

ခေါင်းကို ဖိနှိပ်ရင်း ချင်း စကားကောင်းကောင်း ပြောချင်စိတ်မရှိဘဲ ဖြစ်နေ၏။

"ဘယ်နှစ်နာရီ ထိုးပြီလဲ မီးမီး .."

"လေးနာရီ ထိုးတော့မယ် .. နင် ပြန်ချင်လို့လား .."

"အင်း .. ပြန်မယ် .. ဒီညနေ အန်တီသက် တို့ ရန်ကုန်ရောက်လာကြမှာ ..၊ ခုလောက်ဆို မေမေ ငါ့ကို အောက်နေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"အေး နင့်ကို ဖုန်းဆက်တာ .. ပထမတစ်ခါတော့ ငါ မကိုင်ဘဲ ထားလိုက်တယ်..၊ နောက်တစ်ခါ ဆက်တော့ မမိုးညို ကို ကိုင်းခိုင်းလိုက်တယ်လေ .. နင် ငါ့ဆီလာတာ ဖုန်းမေ့ကျန်ခဲ့တယ်လို့ .. ဘယ်သွားတာလဲလို့ ထပ်မေးတော့ အပြင်ထွက်သွားကြတယ်လို့ ပြောခိုင်းလိုက်တာ.."

"နောက်တစ်ခါကရော .. သုံးခါ ခေါ်တာမို့လား .."

"အဲဒါက ငါ့ဖုန်းကို ခေါ်တာလေ .. ရုပ်ရှင်ရုံထဲမှာလို့ ဖြေလိုက်တယ် ..၊ နင်က မုန့်တွေ ဝယ်နေတယ် အန်တီ ပြောမလားလို့တောင် မေးလိုက်သေးတယ် ..၊ ငါ့မှာ အန်တီကများ ပြောမယ် ချင်း ကို ဖုန်းပေးလိုက်ဆိုရင် သွားပြီဆိုပြီး ခေါင်းကို ကြီးသွားတာပဲ .."

"ဒါဆိုရင် ပွဲစဉ်အချိန်တွေက တစ်ရုံနဲ့တစ်ရုံ မတူဘူး .. ငါတို့ကြည့်တယ်လို့ ပြောထားတဲ့အချိန် ဘယ်ရုံမှာ ဘယ်ကားပြနေလဲ စဉ်းစားပါဦး ..၊ မေမေက မထင်မှတ်ဘဲ ထထ မေးတတ်တယ် .."

ချင်း လွယ်အိတ်ကြိုးကို ပြုတ်သွားသလား ပြန်ကြည့်ရင်း စတီးကွင်းလေးတွေကို ခါကြည့်နေမိသည်။ ပြီးတော့ ဒီတိုင်းပဲ ထရပ်လိုက်လျှင်...

"ဟဲ့ .. နင် လှဲအိပ်ထားတာ ခေါင်းလေးဘာလေး ဖြီးဦးလေ .."

အိပ်ခန်းထဲမှာပဲ မှန်တင်ခုံဆီ ပြေးလိုက် .. ခေါင်းဖြီးပေးလိုက်နှင့် မီးမီး တစ်ယောက် ချင်း မျက်နှာလေးကိုပဲ စိုးရိမ်စိတ်တွေနဲ့ တကြည့်ကြည့် ဖြစ်နေခဲ့သည်။

"သမီးရေ .."

"ရှင် .. မေမေ .."

မီးမီး က မအေ အသံကြားတော့ ကမန်းကတန်း တံခါးသွားဖွင့်၍...

"မေမေတို့ အပြင်သွားတော့မလို့လား .."

"အေး .. ဟုတ်တယ် .. သမီးချင်း က မပြန်နဲ့ဦးနော် .. အန်တီတို့ မွေးနေ့လက်ဆောင် ပေးစရာလေးရှိလို့ ခဏပဲ .."

"အန်တီ .. ချင်း က .."





"သြော် ကွယ် .. အိမ်ချင်းလည်း နီးနီးလေးပဲဟာ .. အန်တီက အပြန်ကျရင် သမီးတို့ကြိုက်တဲ့ ကြက်ဆီထမင်းနဲ့ ယိုးဒယား သရက်သီးထောင်း ဝယ်လာမယ်လို့ လာပြောတာ .. အေးဆေးနေကြ .."

"အန်တီ .."

"မေမေ့ .. မေမေ နေပါဦး .. အိမ်မှာ သမီးတို့ ရှိနေကြတာ .. ချင်း တို့ အိမ်ကလူတွေ မသိဘူးနော် .. ဖုန်းနဲ့ဖြစ်ဖြစ် .. အပြင်မှာပဲ တွေ့တာဖြစ်ဖြစ် မေမေ ပြောလိုက်မိမှာစိုးလို့ .."

"ဘယ်လို!..."

"သြော် .. ဟိုလေ .. ဒီ .. ဒီလိုပါ အန်တီရယ် .. ချင်း က လူကြီးတွေ လက်ထပ်ပေးဖို့ စီစဉ်နေကြတာကို စိတ်ရှုပ်တာနဲ့ မီးမီး နဲ့ ရုပ်ရှင်သွားကြည့်ချင်လို့လို့ ပြောပြီး ထွက်လာခဲ့တာ .."

"သြော် .. အေးပါ.. အန်တီ မပြောပါဘူး .. ဒါနဲ့ သမီးက စေ့စပ်ပြီးတာ သိပ်မကြာသေးဘူး နော် .."

"ဟုတ်ကဲ့ .."

"အကြီးအကျယ် စေ့စပ်တာဆိုတော့ အန်တီက လက်ထပ်ဖို့က လိုဦးမယ် မှတ်နေတာ .. ဘာဖြစ်လဲ သမီးရယ် .. သမီးသူငယ်ချင်းက တောင် ပြောနေသေးတယ် .. သမီး လက်ထပ်ရမယ့်လူက ပညာတတ် လူရည်သန့်တဲ့ .. ချင်း နဲ့ အရမ်းလိုက်တာပဲတဲ့ .."

မိန်းမ .. သူက အစတည်းက ရက်မြတ်ကောင်း နဲ့ သဘောတူနေတာကိုများ ..၊ ချင်း ရဲ့အကြည့်တွေ ရောက်သွားတော့ မီးမီး က ပခုံးလေးတွန့်၍ မဲ့၏။

"လူကြီးတွေ စိတ်ညစ်နေအောင်တော့ မလုပ်ပါနဲ့ သမီးရယ် .. သင့်တော်တယ်ထင်လို့ ကိုယ်လည်း လက်ခံခဲ့ကာမှတော့ ကြည်ကြည်သာသာ နေလိုက်ပါ .."

ဆုံးမစကားတွေ ပြောပြီး ဒေါ်ခင်မြတ်စု ထွက်သွားတော့ မီးမီး



www.burmeseclassic.com

www.burmeseclassic.com



တ တံခါးပြန်ပိတ်သည်။ ချင်း က ပြန်ဆွဲဖွင့်၏။

"ငါ မပြန်လို့ မဖြစ်ဘူး .. အန်တီ့ကို နင်ပဲ ကြည့်ကောင်းအောင် ပြောလိုက်တော့ဟာ .."

"နေပါဦး .. ငါတို့ ဇာတ်တိုက်ထားမှ ဆုံမိကြရင် အိုးနင်းခွက်နင်း မဖြစ်မှာလေ .."

မီးမီး က တံခါးပြန်ပိတ်ပြီး ချင်း လက်လေးကို ဆွဲ၍ မွေ့ရာစပ်မှာပဲ ပြန်ထိုင်၏။

"နင် အိမ်က ထွက်လာတာ ဘယ်သူမှ မသိဘူးလား .."

"သိတော့ သိတာပေါ့ဟာ .. ဒါပေမယ့် ငါက သွားမယ်ဆိုလည်း 'ဝယ်စရာရှိလို့ သွားမယ်' .. 'ဒီနား ခဏသွားမယ်' .. ဒါပဲ ပြောတတ်တာ ..၊ အထူး ပြောနေတာမျိုးမှ မဟုတ်တာ .. ဒီနေ့က အန်တီသက်တို့ လာမှာဆိုတော့ .."

"သူတို့က ရန်ကုန်မှာ ပြောင်းနေတော့မှာ ဆို .."

"ဟုတ်တယ် .. အဲဒီကိစ္စရောပဲလေ .."

"ဦးရက်မြတ်ကောင်း ရဲ့ တိုက်ကြီးက အကြီးကြီးပဲဆိုတာ .. အားလုံး နေကြမှာလား ..၊ သူတို့က သပ်သပ်လား .."

"ဘယ်ကလာ အားလုံး နေရမှာလဲ ..၊ အန်တီသက် တို့က အရင်နေခဲ့တဲ့ အိမ်နေရာနားမှာပဲ ပြန်ဝယ်တာ .. သူက သူ့ဘာသာ ဆောက်နေတာပဲဟာ .."

"အေးပေါ့ .. အေးပေါ့ .. အခု အိမ်ရှင်မက ရောက်တော့မှာဆိုတော့ သူ့စီမံကိန်းကလည်း မဆိုးဘူး နော် .."

"မီးမီး .. ငါတို့ ဟိုကိစ္စ ပြောကြမှာလား ..၊ ဦးရက်မြတ်ကောင်း အကြောင်း ပြောမှာလား .."

"အေးပါ .. ဟုတ်ပါတယ် .. စပ်မိလို့ မေးမိသွားတာ ..၊ နင့်ကို တမင်တကာ တိုက်ခန်းထိ ခေါ်သွားတာများ တစ်ယောက်တည်း လိုက်





သွားရလား ချင်း ရယ် .. ငါဖြင့် နင် ဖုန်းဆက်တဲ့အသံ ကြားပြီး လန့်ဖျပ်သွားတာပဲ .."

"အခြေအနေကိုက လိုက်ဖြစ်မယ့်ဘက်ကို တိမ်းစောင်းသွားတာဟ .. ငါ သူ့ကို အဲ့ဒီလိုလူလို့ ထင်လည်း မထင်ခဲ့ဘူး ..၊ စိုးရိမ်စိတ်ဖြစ်သွားခဲ့တာတောင်မှ ကိုယ်က လက်ထပ်တော့မှာမို့လို့ သင့်တော်ပါမလားလို့ တွေးမိတာမျိုး .."

"အေးလေ .. အချိုရည်ထဲမှာ ဆေးခတ်တိုက်တယ်ဆိုတာတွေက တကယ် အောက်တန်းကျကျ လုပ်စားတဲ့လူတွေရဲ့ လုပ်ထုံးတွေပါ .. ဒီခေတ်ထဲမှာ မသိတဲ့လူ မရှိလောက်အောင် ဒီနည်းတွေက ဒုံးကြမ်းဖြစ်သွားတဲ့ဥစ္စာ .. သူ့လိုလူ ဒီလိုလုပ်မယ်လို့ ဘယ်သူ တွေးမိမှာလဲ .."

"ဟုတ်တယ် .. ပြီးတော့ နင်ပဲ တွေးကြည့်လေ .. အိမ်ထဲမှာ သူနဲ့ ငါ နှစ်ယောက်တည်းလည်း မဟုတ်ဘူး .. ကော်ဖီတိုက်တာ .. အအေးတိုက်ပြီး ဧည့်ခံတာတွေက အိမ်ရှင်ဝတ္တရားတွေပဲ .."

"ဒါပေမယ့် သိပ်တော့ မများလောက်ဘူး .. ဒါကြောင့် နင် သတိချက်ချင်းမလစ်တာ .."

ချင်း ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိသည်။ ခေါင်းတွေမူးလာတယ်ဆိုတာ သတိထားမိလိုက်တာနှင့် ဒါ မရိုးသားမှုဆိုတာကို သိလိုက်သည်။

ထို့အတူ ငြိမ်ငြိမ်လေး စိတ်ထိန်းပြီး ကိုယ့်ကိုယ်ကိုယ် သတိလစ်မသွားဖို့ ထိန်းနိုင်ခဲ့သည်။ သူ့အကြံကို သိသည့်အရိပ်အယောင် နည်းနည်းလေးမှ မပြမိအောင် နေဖို့လည်း သတိတရ ရှိခဲ့၏။

ထို့ကြောင့်သာ မီးမီး ဆီကို ဖုန်းဆက်ခေါ်နိုင်ခဲ့တာ ဖြစ်သည်။

"ဘာဖြစ်လို့လဲ .. အိပ်ချင်တာလား .."

ချင်း ကို အကဲခတ်နေသည့် သူက အပြုံးအရယ် မပျက်သွားဆိုးစမ်း မေးခဲ့သည်။ ချင်း ဏှာခေါ်ရရလေး ဖြေခဲ့၏။

"ဟုတ်တယ် .. အိပ်ချင်လာသလိုပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုလို မျက်တောင်ဖျားလေးတွေ စင်းကျနေတာ အရမ်းလှတာပဲ ချင်း ရယ် .. မင်းကို ကိုယ် ပြောဖူးပါတယ် .. ကလေးတွေတောင်မှ လွှတ်တဲ့ငါး ကြီးပါတယ်လို့ .."

စကားတွေ စတင် ယိမ်းယိုင်လာပြီး ချင်း ရဲ့ဘေးမှာ သူ လာထိုင်သည်။ ပြီးတော့ နောက်ထပ် တိုးကပ်လာတာကို သိလိုက်၏။ သူ့လက်တစ်ဖက် ဆိုဖာနောက်မှီပေါ် ဆန့်တင်လိုက်တာ သိပေမယ့် ဒီတိုင်းတင်ထားတာလား .. ကိုယ့်ပခုံးပေါ် ထိကပ်လာသလား .. ဒါက မသေချာ..။

ဒေါသနှင့် အသိစိတ်တို့ လုံးထွေးနေဆဲ မီးမီး ကိုပဲ မျှော်နေမိသည်။ လုပ်ကြံခံရပြီဆိုတာ သေချာလာတဲ့အချိန်မှာ ချင်း အမြင်အာရုံတွေပါ ဒုက္ခပေးလာ၏။

ကိုယ်လက်တွေ လေးလံ တုံ့ဆွဲလာချိန်မှာ သူမ ဘဝပျက်တော့မည်ဆိုသည့် စိတ်ကြောင့် ဘုရားစာတွေ စိတ်ထဲက နာနာဆိုရင်း သတိမလစ်အောင် ထိန်းနေခဲ့သည်။

"မင်းကို ကိုယ် မျှော်လင့်နေချင်တယ် .."

"ဟင့်အင်း .."

"လက်မထပ်သေးဘဲ အချိန်ဆွဲထားပေးပါ ချင်း ရယ် နော် .."

"ဟင့်အင်း .."

သူမ ခေါင်းခါရင်း ဟင့်အင်း တစ်ခုကိုတော့ ပြန်ပြောနေနိုင်၏။

"ငါ့မှာလည်း နင်က ဖုန်းခေါ်ပြီး ဘာမှမပြောဘဲ ပြန်ချသွားတယ်.. ပြန်ခေါ်တော့ အဲဒီကို လိုက်ခဲ့ပါ ပြောတာက ဘယ်လိုအသံကြီးမှန်း မသိဘူး .. ဘယ်လောက် လန့်သွားလဲ သိလား .."

ချင်း ပြန်တွေးနေတုန်း မီးမီး ပြန်စပြောကာ ...

"ငါ့ဆီ နင် ဘယ်လိုလုပ် ဆက်လဲ .."

"ငါ့စိတ်က မသင့်တော်ဘူးဆိုတဲ့အသိ ရှိနေတာကို .. ပြီးတော့ သူက ငါက သူ့ကို ကြိုက်နေတယ်လို့ တစ်ထစ်ချ တွက်ပြီး မှုမမှန်





စကားတွေ ပြောနေခဲ့တာ .."

"ဒါနဲ့များ ချိန်းတာနဲ့ သွားရလား ချင်း ရယ် .."

"သူ စကားပြောတဲ့ပုံစံကို မကြိုက်လို့ သွားတာ .. ငါ့ရင်ထဲမှာ တစ်ခုခုကို ထင့်နေပြီဆိုရင် အဲ့ဒါကို ချက်ချင်း ရှင်းထုတ်ပစ်ချင်တာ ငါ့အကျင့်ပဲ .. ငါက သူနဲ့ ဘာလိုလို ပြောလိုက်မိပါတယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့် သူ တော်တော် ဘဝင်မြင့်သွားတာ နင် သိလား .."

"သိတယ်လေ .. အဲ့ဒါကို ပြောလိုက်တည်းက ငါ့မှာ တားချိန်မရ ဆွဲချိန်မရ .. နင်ကိုက စိတ်နောက်ကိုယ်ပါ သိပ်လုပ်တာပဲ ..၊ ဒီလိုလူဆိုတာ သိရက်နဲ့ နင် ချဲလဲ့န်လုပ်ချင်ရင်လည်း ငါ့ကို အသိပေးပါလား.."

"သူက နှစ်ယောက်တည်း ပြောမယ်တဲ့ ..၊ သူ သိထားတာတွေ ထပ်ရှိသေးတယ်တဲ့ .. ငါ လန့်လည်း လန့်သွားတယ် .. စိုးလည်း စိုးရိမ်သွားတယ် .. ငါနဲ့ စေ့စပ်ထားတာ ဦးရက်မြတ်ကောင်း ဆိုတာ သူ သိလို့ မဖြစ်ဘူး .."

"အဲ့ဒါလည်း နင် စိုးရိမ်လွန်နေတာ ချင်း .. သူက ကိုကောင်း ပိုက်ဆံပေးခိုင်းတဲ့လူ .."

"အဲ့ဒီလိုတွေ တိုက်ဆိုင်ပြီး ဆုံလာတာကို ငါ လန့်တာ .. ငါ ဇရုတ်ကျခဲ့မိတာတွေ ဦးရက်မြတ်ကောင်း သိသွားမှာလည်း သေလောက်အောင် ကြောက်တယ် .."

"ချင်း ရယ် .. ငါတို့က ဘာတွေများ ကြီးကြီးကျယ်ကျယ် လုပ်ခဲ့လို့လဲ ..၊ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ကို ပရိသတ်က လိုက်ကြတာပဲ .. အနုပညာကို သဘောကျသလို လူကို ပုဂ္ဂိုလ်စွဲ ကြိုက်ပြီး သူမှသူ အားပေးနေကြတာတွေရော မရှိလို့လား .. ပရိသတ်ထဲမှာ ရိုးတာတွေ .. ဆန်းတာတွေ မျိုးစုံ ပါပါတယ် ဟယ် .."

"ဘာဖြစ်ဖြစ် ဦးရက်မြတ်ကောင်း နဲ့ စကားပြောလိုက်ရရင် ငါက နို့နံ့မစင်သေးတဲ့ ကလေးအဆင့်လောက်ပဲ ဖြစ်ဖြစ်သွားတယ် ..



www.burmeseclassic.com

www.burmeseclassic.com



သူ့ကာရိုက်တာ .. သူ့ပက်ဝန်းကျင်ကို မြင်လိုက်တာနဲ့ ..”

“သေချာတယ် .. နင် သူ့ကို စိတ်ဝင်စားနေပြီ ..”

“အဲဒီထက်တောင် ပိုနေသလားပဲ ..”

“ဟယ်!... တကယ် ..”

“ငါ သွားတော့မယ် ..”

“နင် အိပ်ရေးဝရဲ့လား ချင်း ရယ် .. နေပါဦး စကားလည်း မပြတ်သေးဘူး ..”

“ပြတ်ပြတ် .. မပြတ်ပြတ် .. နင် ဘာတွေ သိချင်လာပြီဆိုတာ ငါ သိတယ် ..”

ချင်း က နေရာမှ ပြန်ထရပ်ကာ ...

“သူက ငါ့ကို လက်ထပ်ခွင့် တောင်းတယ် ..”

“ဟင်!... ဘာ ..”

“ငါကလည်း ပေးလိုက်တယ် ..”

“ဟဲ့ .. နေပါဦး ..”

တံခါးကို လှမ်းကိုင်သည့်လက်ကို မီးမီး က ပြန်ဆွဲထားကာ ...

“နင်တို့က လက်ထပ်မှာပဲ မဟုတ်ဘူးလား ..”

“ဟုတ်တယ် .. ဒါပေမယ့် သူက လူကြီးတွေရှေ့မှာ ခေါင်းညိတ်ထားတာကို မလိုချင်ဘူးတဲ့ .. သူ့မျက်နှာကို ကြည့်ပြီး ပြောပါ တဲ့ ..”

“ဘာမှ မထူးဘူး .. အဲ့ဒါ ရည်းစားစကား ပြောတာပဲ ..”

ချင်း က မီးမီး ရဲ့စကားကို အထူး စိတ်ဝင်စားသွားပြီး လှည့်ကြည့်သည်။

“ဟုတ်တယ် ..၊ လူကြီးတွေရှေ့မှာ ခေါင်းညိတ်ပြီးသား အတူတူပဲလို့ ငါ ပြောတော့ သူက မတူဘူး တဲ့ ..”

“ခစ် .. ခစ် .. အဲဒါ နင့်ကို လူလည်ကျပြီး ရည်းစားစကား ပြောသွားတာ ..”





“ငါကတော့ သူ့ကို အဖြေပေးလိုက်တာ မဟုတ်ပါဘူး ..”

“ဒါပေမယ့် သူ့ရှေ့မှာ ကိုယ်တိုင် ဖြေပေးပါဆိုတာ နင် ခေါင်းညိတ်ခဲ့တယ် မို့လား ..”

“ဒါက လက်ထပ်ဖို့ပဲ ..”

“အမလေးဟယ် .. ခုန မူးဝေနေတဲ့ရုပ်ကြီးက ခုတော့ ပြုံးရယ်ရယ်နဲ့ မပြောချင်တော့ဘူး ..၊ မထင်ရဘူး နော် ..”

သူ ပြောမှပဲ ချင်း ရယ်ချင်လာကာ အခန်းပြင်ကို ခြေလှမ်းထွက်လိုက်ပြီးမှ ...

“ဘာကို မထင်တာလဲ .. နင် သိချင်နေမှန်း သိလို့ ပြောပြတာ..”

“မပြောချင်တုန်းကတော့ မေးလိုက်တာနဲ့ ရှုံ့ရှုံ့မဲ့မဲ့ကြီးပါဟယ်.. စကားတော့ .. စတွေ့ကတည်းက နှုတ်ခမ်းချင်း ..”

“မိန်းမ .. ငါ ထုလိုက်မှာ နော် .. တော်တော့ ..”

ချင်း ရယ်လက်စ မျက်နှာလေးနှင့် ထွက်လာခဲ့ကာ ကားငှားနေကာမှ မေမေ့ဆီက ဖုန်းဝင်လာ၏။

“ရုပ်ရှင်က မပြီးသေးဘူးလား သမီး ..”

“ခု ပြန်လာပြီ မေမေ ..”

“အပြင်သွားရင် ကား ယူမသွားတဲ့အကျင့်က ဘယ်လို စွဲနေတာလဲ သမီးရယ် .. ပျောက်သွားလို့ ကြည့်လိုက်ရင် လူသာ ပျောက်တယ်.. ကားက ဒီတိုင်း ..၊ သမီးအတွက် ကားတွေ ထားပေးထားတာ ဘာလုပ်ဖို့လဲ ..”

“မေမေကလည်း ..”

“မစီးနိုင်တဲ့လူဆို စီးချင်လွန်းလို့ပါအေ .. ညည်းကျမှပဲ သမီးရယ် .. ဖအေကလည်း အဲ့ဒါကို ပြောလို့ကို မဆုံးဘူး .. အခု ကားမပါဘဲ ဘယ်တွေ လျှောက်ပတ်နေတာလဲ တစ်နေကုန် ..”

ချင်း ကားပေါ်မှာ နေရာတကျ ဝင်ထိုင်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေမကုန်ပါဘူး မေမေကလည်း .. ရုပ်ရှင်လေးတစ်ကားပဲ ကြည့်တဲ့ဟာကို .."

"ရုပ်ရှင်ကြည့်ဖို့က ချေွသည်တွေ လာပါမယ်ဆိုမှပဲ ထဖြစ်သွားရတာလား .. သမီး နော် .. မသက် တို့နဲ့ လူစုံတော့မယ်ဆိုရင် တစ်ခုခု ထော်လော်ကန့်လန့် လုပ်ချင်လာတာ မေမေ သိတယ် .."

"မဟုတ်ပါဘူး မေမေရယ် .. ခု လာနေပါပြီ .. အန်တီသက်တို့လည်း မလာသေးဘူးမို့လား .."

အိမ်ရောက်ရင်တော့ ဒီ့ထက်ပြင်းတဲ့ မေးခွန်းတွေနဲ့ တော်လိကီ ပွားတော့မှာပါ ..၊ သက်ပြင်းချရင်း ဖုန်းကို လက်ထဲမှာပဲ ဆုပ်ကိုင်ထားမိသည်။ မျက်လုံးထဲမှာ မြင်နေတာက ..၊

ဆိုဖာပေါ်မှာ သူမ မြင်မြင်သမျှပုံရိပ်တွေ စုကျုံပြန့်ကားနေအောင် မှုးနေခဲ့သည်။

ဖန်ဆင်း က ထောင့်မှန်ကျနေရာမှာ ထိုင်ရာကနေ အနားမှာ လာထိုင်၏။ ပြီးတော့ သူမ ဘဝပျက်အံ့ဆဲဆဲ အခြေအနေ အချိန်အခါတွေ..၊

ရင်ထဲမှာ ပူလောင် ပြင်းရှလာ၏။

"ဘာမှမဟုတ်တဲ့ စကားလေးတစ်ခွန်းလို့ပဲ ထားလိုက်ပါလား ချင်း ရယ် .. ဒါကို နင် အကြီးကြီး တွေးနေလို့ ခုပဲ သူများကြဲစည်တာခံရတော့မလို့ .."

"သူနဲ့ ချစ်သူပါလို့ ကိုကောင်း ကို နင် ပြောလိုက်တာ.. ကိုကောင်း က ယုံချင်မှလည်း ယုံမှာပါ .. ယုံတယ်ပဲ ထားဦး .. ကိုကောင်း လိုလူက နင် သိက္ခာကျ အရှက်ရအောင် ဘာလုပ်မှာမို့လို့လဲ .."

"ကျွန်မ ရှင်နဲ့ ရည်းစားလိုလို စကားကျွံမိပါတယ်ဆိုတာ ဒါက ကိုယ့်ဘက်က မဟုတ်ဘဲ ပြောလိုက်မိလို့ ဝန်ခံရာ မကျတော့ဘူး .. သူ့ဘက်က ကြည့်ရင် နင် ကြိုက်နေတာကို သူ သိအောင် ပရိယာယ် သုံးပြီး ပြောပြတာလို့ ထင်သွားတာ .."





"ကိုကောင်း အထင်သေးခံရမှာ စိုးတာနဲ့ပဲ ဖန်ဆင်းရဲ လိုလူ အထင်သေးစေမယ့်စကားတွေ သွားပြောတာ နင့်ကို ငါ အံ့ရောဟယ်.."

"သူ့အမေနဲ့ အစ်မက ပုံစံမမှန်ပါဘူးလို့ ဒီလောက် ပြောထားတာ တောင်မှ .."

မီးမီး ပြောခဲ့သမျှတွေကို စဉ်းစားနေမိတော့ ဖန်ဆင်း ရဲ့ မထင်မှတ်ဖွယ် စကားတွေကိုပါ ယှဉ်တွဲ တွေးမိလာခဲ့၏။

ဟိုအရင်က သူမ အထင်တကြီးရှိခဲ့ရတဲ့ ဖန်ဆင်းရဲ ဆိုတဲ့ ယောကျ်ားမှ ဟုတ်ရဲ့လား ..၊

"ကိုယ်က အောင်မြင်အောင် ကြိုးစားနေဆဲ အနုပညာဝါသနာရှင် တစ်ယောက်ပါ ..၊ မင်းဘဝနဲ့ ကိုယ့်ဘဝ နီးစပ်မလွယ်မှန်း သိနေလို့ ကိုယ် မျိုသိပ်နေခဲ့တာ .."

"အလွယ်နှိုင်းရင် ရှိုင်းတယ်တဲ့ ..၊ လွတ်တဲ့ငါး ကြီးတယ်ဆိုတာ မဟုတ်ဘူး ချင်း ..၊ မင်းက ကိုယ့်အတွက် အမြဲတမ်း တန်ဖိုးကြီးခဲ့တာပါ ..၊ ဒါပေမယ့် ခုမှ ဖွင့်ပြောရတာက မင်းက ကိုယ် မသိလိုက်ခင်မှာ စေ့စပ်ပစ်လိုက်တယ် .. ခု လက်ထပ်ဖို့ သေချာနေပြန်ပြီ .. အဲ့ဒါကြောင့် ကိုကောင်း ဆိုတာနဲ့ ချက်ချင်း လက်မထပ်ပါနဲ့ဦး .."

အတွေးတို့နှင့် ခရီးစဉ်က ကိုယ့်အိမ်ရှေ့ကို ပြန်ရောက်လာတာ တောင် ငုတ်တုတ်မေ့နေခဲ့သည်။

ခုထိ သူမ လုပ်သမျှ မှန်ရဲ့လား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဆင်းလေ .."

သူက ချင်း လက်လေးကို ဆွဲ၍ သူမ ဆင်းပြီးမှ တံခါးပြန်ပိတ်လိုက်ကာ ...

"တွေ့လား .. ဟိုတစ်ခါ မင်း မြင်တုန်းကနဲ့ မတူတော့ဘူး .. အားလုံး ပြီးနေပြီ .."

သူက တိုက်ကိုရော မြေကြီးကိုပါ ပေါ်တီကိုအောက်ကနေပဲ လှည့်ဂတ် ညွှန်ပြကာ ...

"ဒီဘက်မှာ ရေကူးကန် ဆောက်နေတုန်း မပြီးသေးတာ အဲ့ဒါ တစ်ခုပဲ ရှိတော့တယ် .. အပြန်ကျမှ လိုက်ပြမယ် .."

သူ တံခါးဖွင့်နေတော့ ချင်း က မြေထဲကို လှည့်ပတ်ငေးနေကာ...

"ပန်းအလှပင်တွေ ထည့်ထားတာ ဦးရက်မြတ်ကောင်း ရဲ့ စိတ်ကူးလား .."





"ဟုတ်တယ် .. မင်း ကြိုက်တဲ့ပန်းမျိုး မပါလို့လား .."

"လှပါတယ်.. ရှင် အဲလောက် စိတ်ကူးချိန် ရနေသလားလို့ အံ့ဩတာ .."

ကောင်း က ရယ်ပြီး အထဲကို ဝင်သွားတော့ ချင်း နောက်က လိုက်ဝင်ခဲ့ကာ ...

"ပြီးပြီဆိုပြီး အထဲမှာ ဒီတိုင်းပဲ .."

"ပြီးပြီဆိုတာက ဒီအဆောက်အအုံကိစ္စတွေ လုံးဝ ပြီးစီးသွားတာကို ပြောတာ .. ဥပမာဗျာ အစတုန်းက ကိုယ် သုံးမယ့် အခန်းတွေမှာပဲ ရေ မီး အလွယ်တကူ တပ်ထားရတာလေ .. မီးဖိုချောင် အိပ်ခန်းလောက်ပဲပေါ့ ..၊ အခု အဆောက်အဦးတစ်ခုလုံး ဘယ်အထပ် ဘယ်အခန်းမှာဖြစ်ဖြစ် ရေ မီး အားလုံး ရသွားပြီ အတွင်းဒက်ကရေးရှင်းက မင်း အတွက် တမင် ချန်ထားတာ .."

ချင်း လက်လေးကို ဆွဲ၍ အပေါ်ထပ် တက်လာခဲ့ရင်း ...

"စကားနည်းလှချေလားကွ .. စိတ်တိုင်းမကျတာ ဘာရှိသေးလဲ ပြောလေ .."

"မရှိပါဘူး .."

"မရှိတဲ့မျက်နှာကြီးကလည်း နှစ်ခေါက်တောင် ရောက်ဖူးတဲ့ နေရာကို ကြည့်တာ စိမ်းသက်နေသလိုပဲ .."

"ရောက်ဖူးသားပဲဆိုပြီး မကြည့်ဘဲ နေရင်ရော ကြည့်ပါဦးလို့ ရှင် ပြောမှာ မဟုတ်ဘူးလား .."

"ဟုတ်တယ် .. ဒါပေမယ့် ကိုယ် ကြည့်စေချင်တာက အဲဒီလို မျက်လုံးတွေနဲ့ မဟုတ်ဘူး .."

သူ ငုံ့ကြည့်ရင်း ပြောနေတော့ ချင်း က မျက်နှာလေး လွှဲထားကာ ဟိုကြည့်ဒီကြည့် လုပ်နေလိုက်၏။

"ဒါက မင်းအတွက်လေ .. မင်းကလည်း ကိုယ်ပိုင်မယ့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကြိုက် ဘယ်လို ပြင်ဆင် ခြယ်သမလဲဆိုတဲ့ မျက်လုံးနဲ့ ကြည့်ရမှာပေါ့ ..”

“ချင်း အတွက်တော့ မဟုတ်ဘူး ထင်ပါတယ် ..”

“ဘာဖြစ်လို့လဲ ..”

“ရှင် ဒါကို နှစ်နဲ့ချီပြီး အချိန်အကြာကြီး ဆောက်နေခဲ့တာ ..”

“ဟုတ်တယ် ..”

“ချင်း နဲ့ တွေ့ကြတာ မနေ့တစ်နေ့ကမှ ..”

“အဟွန်း ..”

သူက ရယ်လိုက်ပြီး ဆုပ်ကိုင်ထားသည့် ချင်း ရဲ့လက်ဖဝါးလေးကို ဆုပ်ဖျစ်လိုက်သည်။ ပြီးတော့ တိုက်ကြီးရဲ့ ခေါင်းရင်းခြမ်းမှာ စက်ဝိုင်းခြမ်းပုံ ထည့်ထားသည့် ဝရန်တာဘက်ကို အတူတူ ထွက်လာခဲ့ပြီး...

“မင်း ပြောတာ မှန်တယ် ..”

ဝရန်တာမှာ ဘုရားပန်းလဲဖို့ နေရာလေး သပ်သပ်လုပ်ထားသည့် ဘေဇင်က ရေခေါင်းကို ဖွင့်ပိတ်လုပ်ပြီးမှ မျက်နှာချင်းဆိုင် လှည့်ရပ်၏။

ပြီးတော့ ခပ်နွဲ့နွဲ့ ခါးထောက်ရင်း ...

“ကိုယ် အရွယ်မရောက်ခင် မိဘနှစ်ပါးစလုံး ဆုံးသွားတော့ ကိုယ်ကံဆိုးလို့လား .. သူတို့ ကံတရားအတိုင်း ဖြစ်ခဲ့တာလားဆိုတဲ့ အတွေးတွေ ဝင်ခဲ့ဖူးတယ် ...၊ ကိုယ့်ရဲ့ အားငယ်ချင်လာတဲ့စိတ်ကို ပညာရေးဘက်မှာ ပို့ပြီး ဖောင်းပေးထားခဲ့ပြီး ဒီစိတ်ကို ကိုယ့်ဘာသာ ဖျောက်ဖျက်ခဲ့ရတာ ..”

သူ့မိဘတွေအကြောင်း ပြောတော့ ချင်း မျက်နှာလေး ငယ်သွားသည်။ ဖျတ်ခနဲ မျက်လွှာချပြီး ငုံ့ပစ်တော့ ကောင်း က ချင်း လက်လေးကို လှမ်းဆွဲပြီး ပခုံးလေးတစ်ဖက်ပေါ်မှာ လက်တင်၍ ...

“အတိတ်က မင်းနဲ့ မဆိုင်ပါဘူး ...၊ ကိုယ်နဲ့ မသက်ဆိုင်ဘူးလို့ သတ်မှတ်နိုင်လိုက်တဲ့အချိန်က စပြီး ကိုယ့်စိတ်တွေလည်း အေးချမ်း





သွားတာပဲ .. ဖေဖေဆိုရင် ကိုယ့်ကို အရမ်း အားပေးခဲ့တာ .. မိဘမဲ့ပေမယ့် ကိုယ့်မှာ အားလုံး ပြည့်စုံတဲ့အကြောင်း .. ပညာလည်း တတ်ရမယ် .. စိတ်ထားလည်း မြတ်ရမယ် .. ပြီးတော့ ပညာတတ်တွေလည်း သူများနိုင်းတာ ခံရတာပဲဆိုတာ မင်း မပါစေနဲ့ တဲ့ ..”

သူ့စကားတွေကို ကြားမှ ချင်း သူ့မျက်နှာကို ရဲရဲကြည့်ဝံ့ခဲ့သည်။ ကောင်း က ချင်း မျက်နှာလေး ကြည်လင်လာတာမြင်မှ ပြုံးလိုက်ကာ...

“ကံ .. ကံ၏အကျိုးကို ယုံကြည်တဲ့လူတွေမှာ ရန်ငြိုးအာဃာတတွေ မထားတတ်ကြပါဘူး .. ဒေါသဆိုတာ မကင်းကြပေမယ့် ဖြေဖျောက်နိုင်ကြတယ် ...၊ ကိုယ် မင်းရဲ့မိဘတွေကိုရော .. မင်းအပေါ်မှာရော .. ဘယ်တုန်းက ဘယ်လို စိတ်ကူးနဲ့မှ မနာကြည်းခဲ့ဖူးဘူး ..”

ချင်း ရင်ထဲမှာ အေးချမ်းသွားသည်။ ရှင်းလင်း ကြည်လင်သွားသည့်စိတ်ဟာ သူ့အပေါ်မှာ ချက်ချင်း ညွှတ်သက်ချင်ခဲ့၏။ သူ့ရင်ထဲကို မမြင်နိုင်သည့်အချက်မှာ ချင်း သူ့ကို ကြည်ဖြူဖို့ ခက်နေခဲ့တာ ဖြစ်သည်။

ဒီလို မရှင်းလင်းသည့်စိတ်တွေနဲ့တော့ သူ့အောက်မှာ မကျုံ့ချင်ပါ။ ထို့ကြောင့် ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားလာရတော့ ထိတ်လန့်မိ၏။

မိဘ သဘောတူလို့ လက်ထပ်ခဲ့ရသည်ဖြစ်စေ ...၊ ကိုယ်က ချစ်လွန်းလို့ အပ်နှင်း မျှော်လင့်နေရသည့်အဖြစ်မျိုးကို မရောက်ချင် ...။

“ချင်း ..”

“ဟင် ..”

“ကိုယ့်ကို ယုံလား ..”

“ဘာကိုလဲ ..”

“မင်း ရင်ထဲမှာ ဟိုထင်ဒီထင် ဖြစ်နေတဲ့ သံသယတွေလေ .. ပြီးတော့ မင်း ကိုယ့်ကို စန္ဒာ နဲ့ နီးစပ်ဖို့ ကြိုးစားခဲ့တဲ့အသိ မလိုလား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ..."

ချင်း က မျက်နှာလွှဲပစ်တော့ ပခုံးလေးနှစ်ဖက်ကို ဆွဲ၍ မျက်နှာလေးကို မော့စေကာ ...

"အနု ကိုယ့်အပေါ် ယုံယုံကြည်ကြည် ရှင်းရှင်းလင်းလင်း ဖြစ်ရဲ့လား .."

ချင်း က မော့ကြည့်ပေမယ့် မဖြေ ...၊

"မင်း ပြောတာ ဟုတ်ကယ် .. ဒီတိုက်ကို ကိုယ် ဆောက်ခဲ့တုန်းက မင်းအတွက် မဟုတ်ခဲ့ဘူး .. ဒါပေမယ့် ဘယ်သူ့အတွက်မှလည်း မဟုတ်ဘူး .. ကိုယ် ဘယ်လို ကြိုးစားနေသလဲဆိုတဲ့ မှတ်တိုင်တစ်ခုပဲ..၊ ဒါဟာ ကိုယ် ခြေကန်အားပြုခဲ့တဲ့ ပထမလှေကားဆိုရင် ဒုတိယ တတိယ .. ကိုယ့်ရဲ့ အနာဂတ်တစ်လျှောက်လုံးမှာ ကိုယ် ရယူမယ့် အောင်မြင်မှုအတွက် မင်း ရှိနေမှ ဖြစ်မှာ .."

"ပထမ .. ဒုတိယ လှေကားထစ်တွေပေါ့ .."

"ဘယ်ဟုတ်မလဲ .. မင်းဟာ ကိုယ့်အတွက် .. ကိုယ့်ဘဝတစ်ခုလုံးအတွက် အလိုအပ်ဆုံး ရင်ခွင်နန်းတော် .. မင်းအတွက် ကိုယ့်ရင်ခွင်ကလည်း ဒီတိုင်းပဲ .."

သူ ချင်း ရဲ့ နဖူးပြေပြေလေးကို နမ်းမလို့ ငုံ့လာပြီးမှ မထိတထိလေးမှာပဲ နောက်ပြန်ဆုတ်၏။

ပြီးတော့ ပါးပြင်လေးကို လက်ခုံနဲ့ ဖွဖွလေး ပွတ်သပ်ရင်း ငေးနေ၏။

ပြီးတော့ ဆံနွယ်စတို့ကို ညင်သာစွာ တို့ထိနေရင်း ...

"မင်းကို ချစ်တယ် .."

ချင်း တစ်ကိုယ်လုံး ဖျင်းခနဲ ပူထူသွားသည်။ သူ့ဘက်က ပြောခွင့်ရှိပေမယ့် ကိုယ်ကတော့ မုန်းဟန်တွေ ပြ၍ အမုန်းငြိုးတွေနဲ့ မဖွယ်မရာတွေတောင် လုပ်ခဲ့သေးသည်။





ဒါဆို ချစ်ရဲ့လားလို့ သူ မေးလာရင် နင် ဘယ်လို ဖြေမလဲ ချင်း..

မုန်းနေသလိုပဲ နေဦးမှာလား .. မျက်နှာပြောင်ပြောင်နဲ့ပဲ ခေါင်းညိတ်လိုက်မလား ...။

အချစ်ကို ပုံဆောင်ခဲတွေနဲ့ ဘယ်လိုပဲ ပုံဖော် ဖွင့်ဆိုကြပါစေ .. ခုမုန်း .. ခုချစ် ဖြစ်သွားခဲ့ရင်တော့ ဒါကို ယုံကြည်နိုင်မည် မထင် ...။

သူမကိုယ်တိုင် သူနဲ့ ပတ်သက်သမျှအပေါ်မှာ ကြည်ဖြူနှစ်သက်လာခဲ့ပေမယ့် ဒါ အချစ်လား မဟုတ်ဘူးလား မခွဲခြားနိုင်ခဲ့ဘဲ ချစ်တယ်ဆိုတဲ့ စကားကို ဘယ်လို ဖြေမလဲ ...။

ချင်း အဖြေရှာနေဆဲမှာ ကောင်း ရဲ့ တို့ထိနေတဲ့ လက်တွေ ခပ်ဖြည်းဖြည်း လျှောကျသွားခဲ့ပြီး သက်ပြင်းရှိုက်သံနှင့်အတူ ...

"မင်း စိတ်ညစ်မသွားပါနဲ့ .. ကိုယ် မင်းကို ချောင်ပိတ် မေးခွန်းမျိုး မမေးဘူး ...၊ အဲ့ဒါကို ကတိပေးတယ် .. ဒါပေမယ့် တစ်ခုတော့ ပြောဖို့ ရှိသေးတယ် .."

သူက အပေါ်စီးကနေ ခြံကျယ်ကြီးထဲကို ငုံ့မိုးကြည့်နေရင်း ...

"မင်းမှာ ချစ်သူရှိတယ်ဆိုတာ ကိုယ် မယုံဘူး .. ဒါပေမယ့် ခု ကိုယ်က လက်ထပ်ခွင့်တောင်းခဲ့တဲ့လူဆိုတော့ ကိုယ့်ရဲ့ ရလိုမှုအတွက် လိုရာဆွဲတွေးတာမျိုးပဲ ဖြစ်သွားနိုင်တယ် .."

ချင်း သူ့ကို မော့ကြည့်လိုက်မိတာ စိုးရိမ်စိတ်များနဲ့ ဖြစ်သည်။ ဒီအဖြစ်အတွက် သူမမှာ ပြောပြချင်တာတွေ ရှိသည်။ သို့သော် ...

"ကိုယ့်ရဲ့စိတ်က ခံစားမိခဲ့တာ မင်းမှာ ချစ်သူ မရှိဘူး .. ရှိတယ်လို့ ပြောတာပဲဆိုရင်တောင် ကိုယ် ယုံမှာ မဟုတ်ဘူး .. ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ သိလိုက်ရတဲ့အချိန်မှာ နည်းနည်းတော့ စိုးရိမ်သွားတယ်ကွ .."

ပြောနေရင်း ပခုံးတွန့်၍ မချိကရိ ပြုံးလိုက်ပုံကြောင့်ချင်း ရဲ့ ပြောချင်ပေမယ့် ပြောဖို့ မပြောဖို့ စကားတွေအားလုံး မပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသို့ ရောက်ခဲ့ရကာ ...

"ကိုယ့်အရွယ် .. ကိုယ့်ဒီဇိုင်းက မိန်းကလေးတစ်ယောက် စိတ်ဝင်စားလောက်စရာ မဟုတ်တော့ .. အဟွန်း .."

"ရှင်လည်း ချင်း ကို စိတ်ဝင်စားလို့ တောင်းရမ်းပေးပါ ပူဆာခဲ့တာမှ မဟုတ်တာ .. မိဘ လက်ထပ်ပေးလို့ စီစဉ်ခံရတဲ့သူချင်း ဒါတွေကို စိုးရိမ်နေဖို့ မလိုပါဘူး .."

"မိဘတွေ သဘောဆန္ဒတွေက ကိုယ်တို့ မတွေ့ကြခင်ထိပဲ ချင်း.. ခု ဆွေးနွေးကြတာတွေထဲမှာ ကိုယ်တို့နှစ်ယောက်ရဲ့ နားလည်မှုတွေပဲ.. ကျန်တာ မပါဘူး .."

"ဒါကတော့ .."

"ကိုယ် မင်းကို ကိုယ် လက်ထပ်ရမယ့်မိန်းကလေးမှန်း မသိခင်တည်းက မင်းပုံစံလေးကို သဘောကျခဲ့တာ .."

"လက်ထပ်မယ့်မိန်းကလေးက လင်းလင်းချင်း မဟုတ်ဘူးဆိုရင်တော့ ဒါက အဲဒီမှာပဲ ပြီးသွားမှာပဲလေ .."

"အခု မင်းနဲ့ သူ တစ်ယောက်တည်းပဲ ဖြစ်နေတော့ တစ်ယောက်စီ ဖြစ်သွားမယ့်ကိစ္စကို ထားလိုက်ရအောင် .."

ကောင်း က ဤသို့ အနိုင်နဲ့ ဗိုင်းနည်းတွေလည်း ကျွမ်းကျင်လေသည်။

"မိဘစကားကို နားထောင်ရမယ့် ဝတ္တရားဆိုတာ မိမိကိုယ်တိုင်လိုလား လက်ခံခြင်းနဲ့သာ ပြီးမြောက်ကြတာကွ .. ကိုယ် လက်ထပ်ရမယ့်လူကို အကဲခတ်ပါ .. နားလည်မှုယူကြပါဆိုတဲ့ အခွင့်အရေးတွေ မိဘတွေက ကိုယ်တို့ကို ပေးခဲ့တယ် .. ဒီထဲမှာ ကိုယ့်စိတ်က ဘယ်လိုမှ လက်မခံနိုင်ဘူး ဖြစ်လာရင် .. ဥပမာ မင်းလို လှတဲ့ မိန်းကလေးက သမီးလိမ္မာ ဖြစ်ဖို့ကိုပဲ ရွေးမှာလား .."

သူက မေးပေမယ့် ချင်း က နားရှုပ်သလို ပြန်ကြည့်နေ၏။





"ပြီးတော့ .. ကိုယ် .."

သူ့ကိုယ်သူ ပခုံးတစ်ဖက်တွန့် မေးဆတ် ညွှန်ပြကာ ...

"ကိုယ် ကလေးမှ မဟုတ်တာ .. မိဘက သင့်တော်ရာ ဆုံးဖြတ်ပေးမှ ကောင်းနိုးရာရာ ရနိုင်မယ့် လူမျိုးလား .."

"မဟုတ်ဘူးလေ .. ခု ကျွန်မတို့ ဖြစ်သွားတာက မိဘချင်း ရှိခဲ့တဲ့ .."

"ချင်း .."

သူ့မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ရှေ့ကို တစ်လှမ်းတိုး၏။

"ကိုယ် မင်းကို မက်မောခဲ့တာ အဲဒီအကြောင်းတွေနဲ့ မဆိုင်ဘူးနော် .. မင်း ရင်ထဲမှာ ဒါတွေကြောင့်ဆိုတာမျိုး ထည့်ထားခဲ့တာလား.."

"ဟုတ်တယ် .. ထည့်ခဲ့ရတယ် ..၊ ချင်း ရဲ့မိဘတွေက အပြစ်ပြုမိသလို တကယ် ဖြစ်ခဲ့တာကို လက်ခံမိလို့လေ .."

"ဒါကြောင့် ကိုယ့်ကို ယူပြီး ကြွေးဆပ်တယ်ပေါ့ .."

"ရှင် အဲ့လို ရိုင်းရိုင်းစိုင်းစိုင်း မပြောပါနဲ့ .."

"ဒါကြောင့်ဆိုရင် ဒီတိုင်း ဖြစ်လာရမှာပဲ .. ကြွေးဆိုတာနဲ့ တိုင်းတာကြေးဆိုရင်တော့ ကိုယ် ရစရာရှိတာကို ခုပဲ ယူပစ်လိုက်လို့ ရတယ် .."

ပြောပြီး ချင်း ရဲ့ လက်မောင်းလေးတစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်သည်။

ချင်း က သူ ကိုင်လိုက်သည့်လက်ကို ငုံ့ကြည့်ပြီးမှ သူ့မျက်နှာကို မော့ကြည့်သည်။

မျက်ခုံးလေးတွေ တွန့်ကုတ်နေသည့်အကြည့်တွေက စိုးရိမ် စိတ်လန့်ဟန် လုံးဝ မပါ ...။

"ကိုယ့်ဘက်က ပြန်ရဖို့ ရှိနေတဲ့ကြွေးကို အသာလေး သိမ်းယူလို့ ရရဲ့သားနဲ့ .. မိန်းမတစ်ယောက်ရဲ့ တစ်ဘဝလုံးကို ပခုံးပေါ်ထမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးအတွက် တာဝန်ယူသွားဖို့ လိုသလား ပြောပါဦး ..”

“ဒါဆိုလည်း ရှင် ဆုံးဖြတ်လေ .. ချင်း ကို ရှင် ဘယ်လို စီရင်ချင်သလဲ ..”

ပန်းရောင် ရှပ်လက်ရှည် ဘောင်းဘီ ရှားရင့်ရောင်လေးနှင့် ပါးပြင်လေးတွေပါ နှုရဲနေသည့်မျက်နှာလေးကို သူက စိုက်ကြည့်ပြီး ပြုံး၏။

ပြီးတော့ တစ်ဖက်လှည့်သွားရင်း သက်ပြင်းရှည်ကြီး ချကာ ...

“မင်းကို ဘယ်လို စီရင်ရမလဲဆိုရင် ကိုယ့်ရင်ခွင်ထဲမှာ ထာဝရ မယားသီအဖြစ်နဲ့ပဲ တစ်သက်တာအတွက် စီရင်ချင်တာ ..”

သူက ပြန်လှည့်မကြည့်ဘဲ ဆက်ပြောနေ၏။

“မိဘတွေ ဘာကြောင့် စီစဉ်ချင်ခဲ့တာ ဖြစ်ပါစေ .. ကိုယ်တို့ချင်း နားလည်ချင်တယ် ..”

ပြောပြီးမှ ဖျတ်ခနဲ လှည့်ကြည့်ကာ ...

“ခုကစပြီး လူကြီးတွေကဏ္ဍ မပါဘဲ ကိုယ်တို့ချင်း နားလည်ကြည်ဖြူမှုတွေနဲ့ လက်ထပ်ကြမှာလို့ သဘောထားကြမယ် .. ဘယ်လိုလဲ ..”

ချင်း က မဖြေဘဲ နှုတ်ဆိတ်နေ၏။

“မင်း ကိုယ့်ကို တခြားတစ်ယောက်နဲ့ ငြိသွားအောင် ကြိုးစားခဲ့တာတွေလည်း ကိုယ် မတုန်လှုပ်ဘူး .. ကိုယ့်နှလုံးသားမှာ လိုအပ်နေတာ ဘယ်သူလဲဆိုတာ ရှိပြီးသားပဲ ..၊ ဒါကြောင့် မင်းနဲ့ ပဋိပက္ခ ဘာမှ မပြောခဲ့ဘဲ ကိုယ် နေခဲ့တာ .. ဒါပေမယ့် မင်းကိုတော့ ရည်းစားရှိခဲ့တာ မဟုတ်ဘဲ ကိုယ့်ကို စိတ်ပျက်သွားအောင် တမင် တွဲပြတာမျိုး လုပ်လိုက်မှာ စိုးတယ် ..”

“အဲဒါကို ချင်း ပြောချင်တာ ..”

“မင်းကို ကိုယ်က ငြိငြင်နေတာ မဟုတ်ဘူး ချင်း ..”

“ဒါပေမယ့် ..”





ချင်း ဆက်ပြောမှာကို သူက စောင့်နေသည်။ ဆက်မပြောနိုင်အောက သူမပဲ ဖြစ်၏။ သူက ဒါကိုပဲ အတည်လို့ မှတ်လိုက်ပြီးသား ဖြစ်နေ ကာမှ ကိုယ်က မဟုတ်ပါဘူး ပြောပြန်လျှင် ...

“ရှင်းရှင်းပြောရရင်ကွာ .. ပြီးခဲ့တာကို ထားလိုက်ပြီး ကိုယ်နဲ့ လက်ထပ်ပြီးနောက်မှာ မင်းရဲ့စိတ်က ကိုယ့်ဆီမှာပဲ ရှိနေစေချင်တာ— အဲဒါကြောင့် မင်းဆီက တကယ်လား .. ရွှဲ့ပြောတာလားတွေကို မသိချင်ဘူး ..၊ ဒါတွေ ထားနေပြီး ကိုယ်တို့ အနာဂတ်ခရီးအတွက် ဝန်လေးပြီး မလွှတ်နိုင်တဲ့ အညာနွားလှည်းကြီးလိုမျိုး ရှေ့လည်း မတိုးနိုင် .. ပြန်လည်း မချနိုင် ဖြစ်နေမှာ ကြောက်တယ် ..”

သူက ချင်း ရဲ့ လက်ဖဝါးလေးကို ဆွဲယူလိုက်ပြီး သူ့လက်ဖဝါး နှစ်ဖက်ထဲမှာ ဖွဖွလေး ထပ်ဆုပ်ထားကာ ...

“ကိုယ့်ဘက်က လုံးဝ ရှင်းတယ်ဆိုတာ ယုံပါ .. စန္ဒာ ကို ကိုယ် ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးဘူး .. ထမင်းစားဖိတ်တဲ့နေ့ကလည်း ကိုယ် ဘာမှ မဖြေရှင်းဘဲ နေပစ်လိုက်ဘာ .. တကယ်တော့ အဲဒီနေ့ကမှ သူ့ကို တမင် ဖိတ်ခေါ်လာတာ မဟုတ်ဘူး ..”

“သိသားပဲ .. သူ့ကားပျက်နေလို့ ရှင့်ကားနဲ့ တင်ခေါ်သွားတာ— အိမ်ထိ ပါလာတာကတော့ ..”

“အဲ့ဒါက မလွှဲသာတဲ့ အခြေအနေပါ ..၊ ကိုယ် ဘယ်က ပြန်လာတာလဲ မင်း သိရင် ကိုယ် သူ့ကို အိမ်ထိ ခေါ်လာတာ ဘာရည်ရွယ်ချက်မှ မပါဘူးဆိုတာ နားလည်သွားမှာ ..”

ချင်း က လက်ကို ပြန်ရုန်းတော့ သူက ဖိဆုပ်ထားရင်း ရှေ့တိုးသပ်တိုးသည်။ ချင်း နဲ့ သူ နီးကပ်စွာ ရှိနေကြလျက် ...

“အဲဒီညနေက ကိုယ် မေမေလေးကို ဖုန်းဆက်မေးပြီး မင်း ဒါ မလာဘူးဆိုတာ သိတာနဲ့ ကုမ္ပဏီကနေ အိမ်ကို တန်းပြန်လာတာ —”

ချင်း မျက်ဝန်းလေးတွေ အံ့ဩသည့်ပုံစံ ချက်ချင်း ဖြစ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးလိုက်ပြီး ...

"မင်းကို ကိုယ်ကိုယ်တိုင် သွားခေါ်မယ် ဆိုပြီးတော့ .."

"ချင်း က အပြင်မှာ .."

"ဟုတ်တယ် .. အိမ်မှာ မတွေ့တော့မှ အဲဒီလို ဖြစ်နိုင်မှန်း တွေးမိတာ .. ကိုယ့်ဘာသာ ပြေးလွှားနေမိတာဆိုတော့ မေမေလေးကိုလည်း ပြန်မမေးချင်တော့တာနဲ့ ဒီတိုင်း ပြန်လှည့်ခဲ့ရတယ် .. အဲ့ဒီမှာ သူနဲ့ ဆုံဖြစ်ခဲ့တာ ..၊ သူက ကိုယ့်သူငယ်ချင်းရဲ့ညီမ .. ကိုယ့်ညီမလို သဘောထားခဲ့ကာတော့ မဟုတ်ပေမယ့် ဘယ်လိုသဘောနဲ့မှလည်း မရင်းနှီးခဲ့ကြဘူး ..၊ မင်းကို ကုမ္ပဏီထိ လာပြီး ဆေးထိုးပေးသွားတဲ့ ဒေါက်တာ ဆုလတ်ဝေ အားလုံး သိတယ် .. မင်းနဲ့ သူ ကြုံကြိုက်တဲ့အခါ အဲ့ဒါတွေ မင်း မသိချင်လည်း သူ ပြောပြမှာပါ .."

"သူနဲ့ မမအေး နဲ့ သူငယ်ချင်းတွေလား .."

"အင်း .. အဲလိုမျိုးပေါ့ .. ထားလိုက်ပါကွာ .. သူများအကြောင်းတွေပြောပြီး အချိန်ကုန်ပါတယ် .."

"ဒါပေမယ့် ရှင်နဲ့ပတ်သက်တဲ့လူတွေကို ချင်း က သိမထားသင့်ဘူးလား .."

ချင်း မျက်နှာလေးက သူ စကားဖြတ်ပစ်တာကို မနှစ်သက်စွာ ရှိနေလျက် ...

"မမအေး ကိုယ်တိုင် ရှင့်ဘေးကို ရောက်လာမှ ချင်း က သိရတယ် ..၊ အခု ဒေါ်ဆုလတ်ဝေ နဲ့ သူငယ်ချင်းတွေ ဖြစ်နေရပြန်ပြီ .."

သူက ရယ်လိုက်ကာ ...

"မင်း ကိုယ့်အကြောင်း စိတ်ဝင်စားလာပြီ ထင်တယ် .."

ချင်း က နှုတ်ခမ်းလေး မဲ့ပြီး တစ်ဖက်လှည့်ပစ်၏။ သူက ချင်း လက်လေးကို ဆွဲ၍ ဝရန်တာဘေးတန်းတွေနားမှာ တူတူ ယှဉ်တွဲရပ်နေလိုက်ပြီး ...



"ကျောင်းသားချင်း တစ်ကျောင်းနဲ့ တစ်ကျောင်း ကူးသန်းပြီး ခင်မင်ရင်းနှီးလာကြတော့ ချစ်ကြိုးသွယ်မိကြတာတွေလည်း ဖြစ်လာတယ်ကွာ .. ခင်ခင်မင်မင်နဲ့ ရှိုးသားစွာ ရင်းနှီးကြတာရော အုပ်စုလိုက် ဒီလိုပဲ ဘာမှ မထူးဆန်းဘူး .."

"ထူးဆန်းတာက မမအေး နဲ့ မရင်းနှီးဘူး ဖြစ်လိုက် .. အခု ရိုးသားစွာ ရင်းနှီးကြတယ် ဖြစ်လိုက်နဲ့ ကျွန်မ မျက်စိလည်သွားတဲ့ ကိစ္စပဲ .."

"ဟား .. ဟား .."

သူက ရယ်လိုက်ပြီး ဝရန်တာကို မှီ၍ ချင်း မျက်နှာ ရှေ့မှာ ရပ်သည်။

"မထူးဆန်းဘူးဆိုတာက ဒါတွေက ကျောင်းသားသဘာဝပဲလေ.. မရင်းနှီးခဲ့တာက စန္ဒာ က ကိုယ်တို့အုပ်စုထဲမှာမှ မပါခဲ့ဘဲ .."

"ဒါဆို သူက .."

"သူ့အစ်ကိုနဲ့ ပတ်သက်ပြီးမှ သိကြတာ .."

"မရင်းနှီးဘဲနဲ့ စန္ဒာ လို့ သူများထက် ထူးပြီး ခေါ်နေတာက ရော .."

ချင်း ထပ်မေးလိုက်တော့ သူက ဘယ်လို နားလည်သွားမှန်း မသိတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်သည်။ ပြီးတော့ ...

"ကိုယ့်ကို သူနဲ့ သဝန်တိုနေတာလား .."

"ဘယ်သူ ပြောတာလဲ .."

"မင်း ပြောနေတာ .."

"ဟွန်း .."

ချင်း က လက်ကို ဆောင့်ရုန်းလိုက်ပြီး လှည့်ထွက်ခဲ့၏။ သို့သော် ကောင်း က လက်ပြန် ဆွဲယူလိုက်ပြီး ...

"ချင်း .."

www.burmeseclassic.com



"အို .. ဘယ်လိုလုပ်လိုက်တာလဲ .. ကံကောင်းလို့ .."

လက်ဆွဲရုံတင်မကဘဲ သူ့ဘက် လှည့်ယူလိုက်တာ ဆိုးဆိုးဆတ်ဆတ်မို့ ချင်း ကိုယ်လေး ယိမ်းယိုင်သွားသည်။ ကောင်း က ပခုံးလေးနှစ်ဖက်ကို ခပ်ဖိဖိ ဆုပ်ကိုင်ထားလျက် ...

"ဒီနေ့ လက်ထပ်ဖို့ ဒိတ်လုပ်ရအောင် .."

ချင်း က ခေါင်းခါရင်း တစ်ခုခု ပြောဖို့ ပြင်လျှင် ...

"ကိုယ်ပဲ ရက်သတ်မှတ်ချင်တယ် .. အဲ့ဒါကြောင့် မင်း စိတ်ရှုပ်သွားမှာ မလိုချင်လို့ ကိုယ်ကိုယ်တိုင် လက်ထပ်ခွင့် တောင်းခဲ့တာပဲ .. ကိုယ် အကြာကြီး မစောင့်နိုင်ဘူး .."

အထူးသဖြင့် သူမမှာ ချစ်သူရှိတယ်ဆိုတာကို သူ မယုံပေ ..၊

ဒါပေမယ့် တကယ် ဖြစ်သွားနိုင်တာကိုလည်း သိနေသဖြင့် ဒီတိုင်း ကြာကြာ ရှိနေကြလို့ မဖြစ်ဘူးဆိုတာ သေချာခဲ့ရခြင်း ဖြစ်သည်။

"ကိုယ်တို့ လက်ထပ်တော့မယ်ဆိုတာလည်း အားလုံး သိနေပြီပဲကွာ .. မင်းရဲ့ မျက်လုံးတွေထဲမှာ ကိုယ့်အတွက် နူးညံ့ချင်တာတွေ ရှိတယ် .. မင်းနဲ့ကိုယ် ရင်းနှီးကြဖို့က မခက်ခဲနိုင်ဘူးဆိုတာလည်း ကိုယ်သိတယ် ..၊ အဲဒီတော့ ပန်းဝင်ကြိုးနဲ့ နီးနေကာမှ ရပ်တန့်နေသလို မလုပ်ပါနဲ့ .."

"ဟင့်အင်း .. လက်ထပ်ဖို့ကတော့ .."

"လက်ထပ်ပြီးရင်လည်း မင်းဘက်မှာ ဖိအားဖြစ်စေမှာမျိုး ကိုယ်မလုပ်ဘူး .. ကိုယ့်ကြောင့် မင်း စိတ်မဆင်းရဲစေရဘူးဆိုတာ ယုံပါ.."

"အကြီးအကျယ် စေ့စပ်ထားတော့ လက်မထပ်ကြသေးဘူးပဲ ထင်တာတဲ့ .."

"ဘယ်သူကလဲ .."

"တခြားလူတွေ ပြောကြမှာပေါ့ .."





"ပြောကြပါစေကွာ .. မင်္ဂလာဆည့်ခံပွဲတွေတောင် ခြောက်ခါ ခုနစ်ခါ ဆက်တိုက် လုပ်ကြသေးတာ .. ကိုယ်တို့ မင်္ဂလာပွဲအတွက်လည်း မင်း ဖြစ်စေချင်သမျှ ကိုယ် ဖြည့်ဆည်းမယ် .. အဲ့ဒါ မိဘတွေအင်အားနဲ့ မဟုတ်ဘူး .. မင်းအတွက် ကိုယ်ပဲ ဖြစ်ချင်လို့ .."

တိမ်းညွတ်နေမိပြီဖြစ်သည့်စိတ်က ဖြည့်ဆည်းပါ့မည်ဆိုသည့် နူးညံ့ခြင်းတွေနဲ့ သူ့စကားတွေအပေါ်မှာ ဘယ်လိုခွန်အားနဲ့မှ ငြင်းဆန်နိုင်စွမ်း မရှိခဲ့ပေ ..။

မျက်ဝန်းချင်း စူးစိုက် ငေးနေကြရင်း ချင်း ရဲ့ ပခုံးလေးကို သူ့ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်ပြီး ...

"မင်းကို ကိုယ် ဘယ်လိုချစ်သွားမှန်း မသိဘူး .."

သူ့မျက်နှာ ငုံ့ကျလာသည်။ ပြီးတော့ နဖူးပြင်လေးမှာ သူ့ပါးနဲ့ ကပ်ထားရင်း ဆံစလေးတွေကို ပွတ်သပ်ကိုင်၏။

ပြီးတော့ နဖူးလေးကို နမ်း၍ တိုးသဲ့သဲ့ ချစ်စကားတို့နှင့်အတူ နူးညံ့ လိုက်ဖြာသော အနမ်းတို့သည် ...

ထိုအချိန်လေးမှာ သူမ ဘယ်လိုဖြစ်သွားသလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဟိုမှာ မီးမီး တို့ရယ် .. ချင်း စကားသွားပြောဦးမယ် နော် .."

သူက ညှို့သည်နဲ့တွေ့ပြီး စကားပြောနေတုန်းမို့ ချင်း ပြောတာကို လှည့်ကြည့်၍ ခေါင်းပဲ ညိတ်ပြ၏။

မီးမီး ကလည်း အမျိုးသမီးတစ်ယောက်နဲ့ ဖြစ်ကာ ကလေးငယ်လေးတစ်ယောက်ကို လက်တစ်ဖက်စီမှာ ဆွဲထားကြ၏။

"မီးမီး .."

"ဟယ်!... ချင်း .. နင် ဘယ်သူနဲ့ .."

မေးခွန်းမဆုံးခင် ခပ်လှမ်းလှမ်းမှာ ကောင်း ကို မြင်သွားသဖြင့် 'သြော် ..'ဆိုပြီး စကားသံ ရပ်သွားသည်။

"စုံတွဲခုတ်လာတာပေါ့လေ .. ဟွန်း .. မိန်းမ .. မြန်မာဝတ်စုံနဲ့လည်း လန်းအောင် ပြင်လာတယ် နော် .. သိပ်တော့ တက်ကြွပုံ မရဘူး .."





"တိုးတိုး ပြောစမ်းပါ .."

"အမလေး .. ဟိုနဲ့ဒီ ဘယ်သူမှ မကြားဘူး .."

"မကြားရပေမယ့် နင့်မျက်နှာကြီးမှာ နင် ဘာပြောတယ် ဆိုတာတွေ ပေါ်နေတယ် .."

ပြောရင်း ချင်း က မီးမီး ကြည့်နေတာကို သူမ ကိုယ်နဲ့ ပိတ်ကွယ်ထားလိုက်ကာ ...

"ညှို့သည်နဲ့ လာတာလား .."

"ဟုတ်တယ် .. မေမေ့ညှို့သည်လေ .. သူ ဝယ်စရာရှိတယ်ဆိုလို့ လိုက်လာတာ .."

"ငါတို့ လက်ထပ်ဖို့ရက် သတ်မှတ်ပြီးပြီ .."

"အေးပါ .. တွေ့မှ ပြောပေါ့ .. အဲ့ဒီလို သတင်းဦးလေး ပေးတာကျေးဇူးတင်တယ် .."

"မနေ့ကမှပါ မီးမီး ရယ် .. ဒီည ငါ ဖုန်းဆက်မလို့ပါ .. နင်တို့အိမ်မှာ အန်တီ ဆိုင်အပြောင်းအရွှေ့ကိစ္စတွေနဲ့ ရှုပ်နေတယ်ဆိုလို့ .."

ထိုအခါကျမှ မီးမီး က တမင် ဟန်လုပ်ပြီး ရှုပွထားသည့်မျက်နှာလေးကို ဖြည်၍ ဟဲခနဲ ရယ်၏။

"ဟုတ်ပါတယ် မယ်မင်းကြီးမရယ် .. ဟိုသီချင်းထဲကလို 'နင်ပျော်ရင် ပြီးတာပဲ .. နင် ပျော်ရင် ပြီးတာပဲ ..'"

သီချင်းတောင် ဆိုပြနေသေးသည်။ ပြီးတော့ ...

"အိုခေ သွားကြပြီလား .."

"အင်း.. သူက အရမ်း လိုက်လျောနေတာဟ .. ငါ့ဘက်က ငြင်းစရာမှ မရှိတော့တာ ..၊ ပြီးတော့ .."

"ပြီးတော့ နင်လည်း သူ့ကို ခိုက်နေပြီလို့ အမှန်အကန် ဝန်ခံ–"

"အံမယ် .. အဲလောက်တော့ မဟုတ်ပါဘူး .."

"ဟုတ်လာမှာ ကြည့်နေ .. ငါကတော့ ကိုကောင်း နဲ့ နင့်တို



www.burmeseclassic.com

www.burmeseclassic.com



ပြေလည်လေ ကြိုက်လေပဲ .. မမဝသုန် လိုက်ကြည့်လိုက်လေ .. နော်.. မီး ဒီနားမှာ ရှိမယ် ..”

အမျိုးသမီးကိုလည်း လှမ်းအော်လိုက်သေးသည်။ ထိုအချိန်မှာ ကောင်း က အနားရောက်လာကာ ...

“ချင်း သူငယ်ချင်းလား ..”

“ဟုတ် ..”

“ဟုတ်တယ် ကိုကြီး .. မီးမီး လေ ..”

‘ကိုကြီး’ဆိုသည့် ခေါ်သံကြောင့် မီးမီး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်သွားတာကို ချင်း သိသည်။

ဒါပေမယ့် သူမ ဘာမှ စနောက်ချိန် မရှိအောင် စကားတွေချည်း ပြောပေးနေမိကာ ...

“ခုမှ သေချာ တွေ့ကြရပေမယ့် ချင်း ရဲ့စကားတွေထဲမှာတော့ ညီမ နာမည်ကို ရင်းနှီးနေပါပြီ ..”

“ဟုတ်ကဲ့ ဦးရက်မြတ်ကောင်း .. မီးမီး လည်း ဦးရက်မြတ်ကောင်း ကို သိပါတယ် ..”

“ဒါဆိုလည်း ဝယ်စရာရှိတာ နောက်မှ ဝယ်ကြလေ .. တစ်ခုခု သွားစားရအောင် ..”

“ဟုတ်သားပဲ မီးမီး ..”

“ဟင့်အင်း .. ငါ့မှာ ညွှသည်တွေ ပါတယ်လေ ..”

မီးမီး က ချင်း ကို ခေါင်းခါပြင်းရင်း ကောင်း ကိုတော့ တလေးတစား ပြုံး၍ ...

“မင်္ဂလာဆောင်မှာပဲ တစ်ဝ လာစားပါ့မယ် .. အခု ညွှသည်ကို လိုက်ပို့တာမို့လို့ ..”

သူမနဲ့ ကောင်း စကားပြောနေတုန်း ချင်း ရဲ့ ဖုန်း မြည်လာသဖြင့် မီးမီး မျက်လုံးတွေ ချင်း ဆီ ရောက်သွား၏။





ဖုန်းကို ဖွင့်ကြည့်ပြီး ချင်း မျက်နှာ ပျက်သွားတာ .. နားထောင်လိုက်တာကအစ သူမ မြင်နေရကာ ...၊

ချင်း ရဲ့ မျက်ဝန်းလေးတွေ ဖုန်းပြောရင်း ဟိုဒီ ထွေဝဲ ရှာလိုက်တာကိုပါ နားလည်နေ၏။

တစ်ယောက်ယောက် နှောင့်ယှက်နေတာလား ...၊

ဒီလိုလုပ်နိုင်တဲ့သူ ဘယ်သူ ရှိသလဲ ...၊

မီးမီး သိပ်မတွေးလိုက်ရပါ ...၊ စိတ်အာရုံမှာ ပုံရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာ၏။

ဖန်ဆင်းရဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

စိတ်တွေက ကိုယ်မှာ မရှိတော့ဘဲ ချင်း ပြန်သွားတဲ့နောက်ကို ပါသွားခဲ့၏။ ညှေ့သည် ဈေးဝယ်တဲ့နောက်က လိုက်နေရင်း ဘယ်လိုမှ နေလို့ မရကာမှ ...

"မမဝသုန် ဒီကနေ ပါကင်ကို ပြန်တတ်တယ်မို့လား ဟင် .."

"ဟင် .. ဩော် .. ရပါတယ် ညီမရဲ့ .. ကိစ္စရှိလို့လား သွားလေ.."

"ဟုတ် .. ခဏပါ .. မြန်မြန်ပြန်လာဖြစ်ရင်လည်း မမဝသုန် နဲ့ ဖုန်းချိန်းပြီး ပြန်ဆုံမယ်နော် .."

ပြောလည်း ပြောရင်း ချင်း တို့ ထွက်သွားတဲ့နောက်ကို ပြေးလွှား လိုက်ခဲ့မိသည်။ ဒါပေမယ့် ရှော့ပင်းမောလ် တစ်ခုလုံး ရှာဖို့ကလည်း မလွယ်သလို ပါကင်ဆိုရင်လည်း Pဘယ်လောက်မှာမှန်း မသိဘဲ ဘယ်လို့ရှာမလဲ ..၊

"ကျွတ်!..."

ရောက်တဲ့နေရာမှာတင် ခြေစုံရပ်ကာ ချင်း ကို ဖုန်းခေါ်လိုက်မိသည်။ နှစ်ခါ သုံးခါ ခေါ်တာလည်း ချင်း က မကိုင် ..၊



ကောင်း ရဲ့ ဖုန်းကိုလည်း သူမ သိသည်။ ဒါပေမယ့် **တစ်ခါမှ** တရင်းတနှီး မပြောခဲ့ဖူးသည့်ပြင် ခုလေးတင် တွေ့လိုက်သေးတာကို ဘာလို့ ဆက်တာလဲဆိုရင် ဘယ်လိုဖြေရမလဲ ..။

ချင်း ဆိုတဲ့မိန်းမ ထွက်သွားတဲ့ပုံစံက တစ်ခုခု**တော့** တစ်ခုခုပါ...

ဒီက သိချင်လို့ ဒီလောက် ပြူးပြဲကြည့်ပြနေတာတောင် တစ်ချက်လေးမှ ပြန်မကြည့်ဘဲ အမူအရာလေးနဲ့တောင် သိအောင် ပြောမသွားခဲ့ပေ ..။

ဒါဆို .. ဖန်ဆင်း ဆီ ခေါ်ကြည့်ရရင် ကောင်းမလား ..၊ တကယ်လို့ ဘာမှ မဆိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ ..၊ ကောင်း ကိုလည်း မခေါ်ရဲ ..၊ ဖန်ဆင်း ဆီကိုလည်း မဆက်ဖြစ်ဘဲ မီးမီး ဒီတိုင်း အပြေးတစ်ပိုင်း ခြေလှမ်းတွေနဲ့ လျှောက်နေမိစဉ် ...

"ဟယ် .. ဟိုမှာ .."

ချင်း ကို သူ မြင်လိုက်ပါပြီ ..၊

ဒါပေမယ့် ကောင်း နဲ့ မဟုတ်ဘဲ ဖန်ဆင်းရဲ နဲ့ ဖြစ်နေသဖြင့် ထိတ်လန့်သွားမိ၏။

ရက်မြတ်ကောင်း ဘယ်ရောက်သွားလဲ ..၊

ချင်း ပုံစံလေးက ထင်းနေသည်။ ဖန်ဆင်းရဲ က တက်သစ်စ မော်ဒယ်လ်ပီပီ ဝတ်စားထားပုံနဲ့ စတိုင်လ်က တကယ့် အလန်းစား..၊

သူတို့နှစ်ယောက်ကို ဘေးကနေ ဖြတ်သွား ဖြတ်လျှောက်တွေက အစ နောက်ပြန်ငဲ့ကြည့်သူက ကြည့် ..၊ ကိုယ့်လိုလူတွေတောင်မှ သူတို့ရှိရာကို ငုံ့ကြည့်ပြီး သတိထားမိတဲ့သူတွေ ရှိကြ၏။

ရက်မြတ်ကောင်း နားကနေ ဘယ်လို ထွက်သွားပြီး ဖန်ဆင်းရဲ့ နားကို ဘယ်လိုရောက်သွားတာလဲ ..။

ဒီလို နှစ်ယောက်တည်း ပြောနေကြတာကို ရက်မြတ်ကောင်း ကရော မမြင်နိုင်ဘူးတဲ့လား ..၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေပူကာ မီးမီး တစ်ထပ်ပြီးတစ်ထပ် အပြေးအလွှား ဆင်းခဲ့သည်။ ဒါပေမယ့် သူမ ရောက်သွားတော့ ဖန်ဆင်းရဲ မရှိတော့ပေ ..။

"ချင်း .."

နောက်ကနေ လက်ကို ဆုပ်ကိုင်လိုက်တော့ ချင်း က လှည့်ကြည့်သည်။ မျက်နှာတစ်ပြင်လုံးက ဒေါသကြောင့် အနီရောင် သမ်းနေ၏။

"ဖန်ဆင်းရဲ နဲ့ ဘာဖြစ်လို့ စကားလာပြောနေတာလဲ ..၊ ဦးရက်မြတ်ကောင်း က ဘယ်မှာလဲ .."

မေးရင်း ဘေးဘီကို လိုက်ရှာကာ ...

"ဖန်ဆင်းရဲ ကရော .."

"နင်ကလည်း မေးလိုက်တာဟာ .. စိတ်ပူနေရတဲ့အထဲ .."

"နင့်ကို ငါက ရိုက်သတ်ချင်နေတာ .. ဘာဖြစ်လို့ ဒီလောက်တောင် အတင့်ရဲရတာလဲ ..၊ ဖိတ်စာတွေတောင် အပ်ကြတော့မှာကို.. နင် နာမည်ပျက်လိမ့်မယ် သိလား .."

"ငါလည်း အဲ့ဒါကြောင့် သူ့ဖုန်း ရတာနဲ့ လစ်ထွက်လာခဲ့တာပေါ့.."

"ဟဲ့ .. သူ ခေါ်တိုင်း နင်က လာတွေ့ရလား .."

"သူက ငါ ဒီထဲဝင်သွားတာ တွေ့လို့ လိုက်ရှာနေတာတဲ့ ..၊ ဟိုနေ့က ကျန်ခဲ့တဲ့ပစ္စည်းတစ်ခု ပေးချင်လို့ အခု ငါ ဘယ်မှာလဲ တဲ့ .."

"ဘာလဲ .. ဘာပစ္စည်းတဲ့လဲ ..၊ နင်က ဘာကျန်ခဲ့လို့လဲ .."

ချင်း မျက်နှာက ဒေါသရောင် တက်သွားသည်။

ဖန်ဆင်းရဲ ရဲ့ မုန်းစရာကောင်းသည့် အပြုံးမျက်နှာကိုလည်း မြင်ယောင်မိ၏။

"ဆောရီးပါ ချင်း ရာ .. ချင်း ဘာမှ မကျန်ခဲ့တာ ကိုယ့်ဘာသာ သိမှာပေါ့ ..၊ ကိုယ်ကတော့ ချင်း သိသိနဲ့ ထွက်လာတာတွေ့လို့ .. ကိုယ့်လိုပဲ ဒီနေရာကို သတိရနေသေးတယ် ထင်တာ .."





"ချင်း က ဘာကို သတိရရမှာလဲ .."

"ချင်း ရယ် .. မီးမီး ရယ် .. ကိုယ်ရယ်လေ .. ဒီမှာ ချိန်းမထားဘဲ လာဆုံကြတယ် ..၊ ကိုယ်က ကိုယ်နဲ့ ပါလာတဲ့ သူငယ်ချင်း မိန်းကလေးနှစ်ယောက်ကို ထားခဲ့ပြီး ချင်း တို့ ဝယ်ခြမ်းသမျှ လိုက်ပေးတယ် ..၊ ပြီးတော့ မုန့်အတူတူ စားကြတယ်လေ .."

"ဒါကို အမှတ်တရလို့ ခေါ်ရင် ဘာကို အမှတ်တမဲ့လို့ သတ်မှတ်ရမလဲ .. ရှော့ပင်းမောလ်တွေ ရှိသမျှ ချင်း တို့ မသွားဘူးတာ မရှိဘူး..၊ တစ်ရက်တည်း တစ်ခါတည်းလည်း မဟုတ်ဘူး .. နေရာတိုင်းမှာ ချင်း တို့ ခြေရာချည်းပဲ .."

"ဒါဆိုလည်း ကောင်းပါပြီဗျာ .. ကိုယ်က သတိရတုန်း မင်းကိုလည်း ဒီမှာ မြင်လိုက်ရလို့ ဝမ်းသာသွားတာ .. သူငယ်ချင်းတွေကို ထားခဲ့တာဆိုရင် သွားလေ .. ကိုယ့်ကြောင့် စိတ်တိုသွားရတယ်ဆိုရင် ဆောရီးပါ .."

ပြောကြပြီး ချင်း က စက်လှေကားဆီ ပြန်လှည့်ခဲ့ကာ ...

"ပြောသွားတာ ပေါ့ပေါ့လေးရယ် .. ငါ ဘယ်လောက် ခံရခက်လဲ သိလား .. လူကို တမင် ခေါ်ထုတ်ပြီး ကပ်ရိတာ ..၊ ဦးရက်မြတ်ကောင်း နဲ့ ငါ အတူလာတာကို သူ မြင်များ မြင်သလား မသိဘူး .."

"သူငယ်ချင်းတွေနဲ့ လာတာလို့ သူ ပြောသွားတာက နင် ဝန်ခံတာကို လိုချင်လို့လည်း ဖြစ်နိုင်တယ် .. တကယ် မသိတာလည်း ဖြစ်နိုင်တာပဲ .. ဘာမှမဟုတ်တဲ့ ကိစ္စလေးလို့ နင် ထင်ပေမယ့် အခု နင်ပဲ ထိတ်လန့် စိုးရိမ်နေရပြီမို့လား ..၊ ကျွန်မ ရှင့်ကို လက်ထပ်ရမှာ ကြောက်လို့ တမင် ပြောခဲ့တာပါဆိုပြီး ဦးရက်မြတ်ကောင်း ကို ဝန်ခံလိုက်ပါဟယ် .."

"ဝန်ခံတော့ ဘာထူးမှာလဲဟ .. ငါက သူ့ရှေ့မှာပဲ သူနဲ့ အဲဒီလို ညာပြောမိပါတယ်ဆိုတာကို ပြောထားခဲ့ပြီးပြီ ..၊ ဦးရက်မြတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



က အထင်သေးမယ့်အပြင် သူက ..”

“သူကလည်း အထင်မကြီးတော့တာ သေချာတယ် ချင်း .. နင် အပြောတစ်ချက် မှားလိုက်တာနဲ့ ချောင်းပိတ်မိနေပြီ .. သူ့ဟာသူ ဘယ် လောက်ချောတဲ့လူ ဖြစ်ဖြစ် သူ အစတုန်းက နင့်ကို ဆက်ဆံတာ ဒီလို မဟုတ်ဘူး .. မိန်းကလေး အားလုံးထက် နင့်ကို ပို အရေးပေးတာ သိ သာတယ် .. ဒါပေမယ့် မချိုမချဉ် ရိသွဲ့သွဲ့တွေ မပြောခဲ့ဖူးဘူး ..”

“အေးလေ .. ငါ အဲ့ဒါ ဘာလုပ်ရမှာလဲ ..၊ ပြောပြီးတဲ့စကားကို ပြန်ရုပ်သိမ်းလို့လည်း မရတော့ဘူး .. ဝန်ခံတယ်ဆိုတာက ကောင်းပေ မယ့် အဲ့ဒီလူ နောက်တစ်ခါ အမှန်ပြောရင်လည်း ညာနေတာလားလို့ ထင်နေမှာ ..၊ စကားတစ်ခွန်းအတွက် ငါ တစ်လျှောက်လုံး မျက်နှာငယ် မခံနိုင်ဘူး ..”

ပြီးတော့ ဒါကို တကယ် ပြောတာလား ..၊ ရွဲ့ပြောသွားတာလား ဆိုတဲ့ အတွေးတွေနဲ့ ဦးရက်မြတ်ကောင်း ဘက်မှာ တော်တော်ကြီး ရင်ထဲထည့် ခံစားခဲ့သေးတာ ..။

သူ ပြောနေတိုင်းလည်း ကိုယ်က ငြိမ် နားထောင်နေခဲ့ပြီးတော့..၊

“ခုမှ ဒါတွေကို ပြောပြလို့ မထူးဘူး မီးမီး .. အဲ့ဒါ သေချာပြီးရင်း သေချာနေတာ ..”

“ဒါဆို နင်တို့ လက်ထပ်ပြီးကာမှ ဖန်ဆင်းရဲ က ဒီစကားကို ဂုဏ်တယူယူ လျှောက်ပြောနေရင်ရော ..”

“သူ ဒီလောက်တော့ အောက်တန်းမကျဘူး ထင်ပါတယ် ..”

“နင် မထင်တာတွေ ခုပဲ ရင်ဆိုင်နေရပြီ ချင်း ရယ် ..”

စက်လှေကားထိပ် ရောက်တော့ ချင်း လက်လေးကို မီးမီး က ဆွဲထားကာ ...

“ဘယ်ပြန်သွားမလို့လဲ .. ဦးရက်မြတ်ကောင်း ဆီလား ..”

“ဟုတ်တယ် ..”





“ချင်း ရယ် .. နင် လုပ်ပုံတွေကတော့ ခက်တော့တာပဲ – ဦးရက် မြတ်ကောင်း က နင် ထားခဲ့တဲ့နေရာမှာ ခြေစုံရပ်စောင့်နေမယ့် လမ်း စမ်းကာစ ကလေးလေးမှ မဟုတ်တာ .. နင် ဘာလို့ ထွက်သွားတာလဲ ဆိုတာ မသိဘဲ နေမလား ..”

“သူလည်း သူ့အသိနဲ့ စကားပြောနေတာပဲ ..”

“အသိနဲ့ ပြောပြီးမှ ငါတို့ဆီကို သူ လျှောက်လာတာလေ ..”

“မဟုတ်ပါဘူး .. အဲ့ဒါ သူ နင့်ကို နှုတ်ဆက်ဖို့ တမင်လာတာ..၊ အဲ့ဒီညွှန်သည်က သူ့ကို ရပ်စောင့်နေတာ ..”

ချင်း မျက်နှာလေး မသာယာပေမယ့် ရှင်းတော့ ရှင်းပြရှာသည်။

“နင့်လိုပဲ ငါ တွေးမိပါတယ် မီးမီး ရယ် .. ဖန်ဆင်း ထောင်မှ ငါတို့ကို မြင်ပြီးမှ တမင်တကာ မသိသလို ခေါ်ထုတ်တာလားလို့ ငါ တွေးမိတယ် ..”

“ငါတော့ အဲဒီလို မထင်ပါဘူးဟာ .. နင်က သူ့ကို သဘောကျခဲ့ ဖူးလို့ ရုတ်တရက် ဖာထေး တွေးနေတာ.. နင့်ကို အချိုရည်ထဲမှာ ဆေး မခတ်ခင်တည်းက ဒီကောင် ဒီလိုအလုပ်မျိုးတွေ လုပ်လာနိုင်တယ် ဆိုတာ ကြိုတွေးမိတယ် ..”

ချင်း က ဖျတ်ခနဲ လှည့်ကြည့်တော့ မီးမီး က ရဲရင့်စွာ ခေါင်း ညိတ်၏။

“တကယ်ပြောတာ .. ရုပ်ရည်သန့်ပါတယ်ဆိုတဲ့ လူတွေလည်း ယုတ်မာကြတာပဲ .. ဘယ်လောက်ချောချော စိတ်ဓာတ်က လောက် ကိုက်နေတာတွေမှ အများကြီး ..”

“ဟုတ်တယ် .. ငါလည်း အခု သူ့ကို မြင်လိုက်ရင် ရွံသလိုလို .. စိတ်ကိုသွားသလိုလို .. ဟိုတုန်းက ချောလိုက်တာဆိုပြီး ငေးကြည့်ခဲ့တဲ့ မျက်နှာ မဟုတ်တော့သလိုပဲ ..”

အရင်တုန်းက စိတ်တို စိတ်ဆတ်၍ ပေါ့ပေါ့ပါးပါးနေတတ်ခဲ့

www.burmeseclassic.com



သည့် ချင်း ရဲ့မျက်နှာလေးမှာ သောကတွေနဲ့ ဖြစ်နေခဲ့သည်။

သူငယ်ချင်းဖြစ်သူကို ကြည့်ပြီး မီးမီး လည်း ဘာလုပ်ပေးရမှန်း မသိတော့ပါ ..။

"အေးဟာ .. အရမ်းလည်း မျက်နှာကြီး ပျက်မနေပါနဲ့ ..၊ ဦးရက်မြတ်ကောင်း ဟိုဒီ လျှောက်ထင်နေဦးမယ် .. နင် ဘာလုပ်လုပ် ငါ့ကိုသာ တိုင်ပင်ပါ ..၊ တစ်ယောက်တည်း ထင်သလို တွေးပြီး လျှောက်လုပ်တော့ မှားပြီဆိုရင် နင့်ကို ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး .."

မီးမီး က အားပေးရင်း ဥပမာပေးဖို့ပါ သတိရသွားကာ ...

"ငါတို့နှစ်ယောက် 127 hour ဇာတ်ကား ကြည့်ကြတုန်းက တောင်တက်သမား ကျောက်တုံးညှပ်ပြီး ငါးရက်ကျော်ကျော် ကယ်မယ့်သူ မလာတုန်းက နင် ပြောတယ်လေ .. 'သူ ထွက်လာတာ အိမ်ကလူတွေသိရင် လိုက်ရှာမှာပေါ့ .. ထွက်လာတာကို တစ်ယောက်ကိုမှ မပြောခဲ့တော့ ဒုက္ခရောက်တာပေါ့'တဲ့ ..၊ 'စာလေးတစ်ကြောင်းဖြစ်ဖြစ် ရေးခဲ့ရင် ရတဲ့ဥစ္စာ' ဘာညာတွေ နင်ပဲ ပြောတာ .."

"အေးပါ .. ဟုတ်ပါပြီ .. နောက်ဆို ပြောပါ့မယ် ..၊ ဥပမာပေးတာလည်း ရှည်လိုက်တာ .."

"ငါ နေခဲ့တော့မယ် .. မမဝသုန် တို့ကို ဖုန်းဆက်ပြီး ဘယ်မှာလဲ မေးရဦးမှာ .."

မီးမီး က ခြေလှမ်းရပ်လိုက်ရင်း ဖုန်းထုတ်ကိုင်သည်။ ချင်း က ပြန်လှည့်ကြည့်ကာ ...

"နင့်အမေနဲ့ နင် မုံရွာ လိုက်သွားမလို့ ဆို .."

"အေး .. ဟုတ်တယ် .. အခုက အလည်သက်သက်ပဲဆိုတော့ ပျော်ဖို့ ကောင်းမှာဟ .. မုံရွာမှာ လည်စရာတွေလည်း အများကြီးပဲ .. ငါတို့ ဆွေနီးမျိုးစပ် ရွယ်တူမောင်နှမတွေလည်း ရှိတယ် ..၊ ငါ နင့်ကို ခေါ်ချင်တာပါဟာ .. နင်က လက်ထပ်တော့မယ့်သူ ဆိုတော့ .."





"တော်ပါပြီ .. အပျော်ကြီး ပျော်ဖို့ တွေးနေပြီးမှ .."

"အံမယ် .. ငါ အကြာကြီး မနေပါဘူး နော် .. မေမေက မြစ်ကြီးနားထိ သွားမှာ .. အဲဒီမှာတော့ အလုပ်ကိစ္စနဲ့ ကြာမှာ .. ငါက ပြန်လာမှာပါ .."

ချင်း မျက်နှာလေး ပျက်သွားပြီး ခေါင်းညိတ်သည်။ မီးမီး နဲ့ သူမ အနီးအဝေး ဘယ်ပဲသွားသွား နှစ်ယောက်အတူတူ သွားကြတာပဲ များသည်။

တစ်ယောက်မပါတဲ့လမ်းဆို တစ်ယောက်ကလည်း ကြာကြာ မနေတတ်တာ ထုံးစံ ..၊

ဒါပေမယ့် ခုချိန်မှာ လွမ်းကြတာက အရင်နဲ့ မတူတော့ပေ ..၊ ကိုယ်က အိမ်ထောင်သည်ဖြစ်ဖို့ လမ်းပေါ်မှာ ရှိနေခဲ့ပြီ ..။

သူမအတွက် လက်ထပ်ခြင်းက ပျော်စရာလား .. ဝမ်းနည်းစရာလား မသိ ..၊

လောလောဆယ်မှာတော့ မှောင်နိုပစ္စည်းထုပ် ပိုက်ပြီး ပြေးနေရသည့် အပြစ်သားလို ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ကဲ .. တို့တွေ မျှော်လင့်နေခဲ့ရတဲ့ ရက်မြတ်ချိန်ခါတော့ ရောက်ပြီနော် .."

"ဟုတ်ပ .. ဟုတ်ပ .."

ဒေါ်သက်သက် က ရွေးလာသည့် ဖိတ်စာထုပ်တွေကို စားပွဲပေါ်မှာ တယုတယ ချလိုက်ပြီး ဘေးမှာ ထိုင်ကာ ...

"သူများတွေ ဟိုတယ်တွေမှာ ဘယ်နှစ်ခါပဲ ဆောင်ဆောင် .. တို့ကတော့ ဒီအိမ်မှာ တစ်ခါ .. သားကြီးအိမ်မှာ တစ်ခါ .. တို့ရဲ့ အိမ်သစ်လေးမှာ တစ်ခါ .."

"ဘာပဲဖြစ်ဖြစ် တို့ဆီမှာက ပွဲကြီးပါ နော် .."

"ပွဲဦးလုပ်ပါ မသူဇာ ရယ် .. ကျွန်မတို့ကတော့ ဧည့်ခံပွဲပေါ့ ..၊ ဒါပေမယ့် လုံးဝ နောက်ကျ မကျန်စေရဘူးနော် .. သက် ဘယ်လို စီစဉ်ထားသလဲဆိုတာ ကြည့်လိုက် .."

"ကဲပါကွာ .. သတို့သား သတို့သမီးဖြစ်မယ့် ကလေးတွေ ပြောပါစေဦး .."





"ဟုတ်တယ် ကိုမောင် .. ဘော်ကြာ အငယ်ဆုံး ကလေး နှစ်ယောက် အကြီးအကျယ် ထပြိုင်ပြီး ရန်ဖြစ်ကြတဲ့သတင်း ကြားနယ်မှာ ပါလာဖို့ ရှိတယ်ကွ .."

"အံမယ် ကိုစော နော် .. ဘာကို အကြီးအကျယ် ပြိုင်ရမှာလဲ - ရှင်းရှင်းလင်းလင်း ပြော .."

"ဧည့်ခံပွဲတွေလေ .. မင်းက ဘာပြိုင်ချင်သေးလို့တုန်း .."

"ကြည့်စမ်း .. ကလေးတွေ ကြားကုန်တော့မယ် .. တွေ့လား.."

လူကြီးတွေ ပွဲကျနေကြသဖြင့် လူစုံနေသည့် ဧည့်ခန်းထဲမှာ စိုပြည်နေ၏။ ကောင်း က ကားသော့ကိုင်ရင်း ဝင်လာကာ ဆိုဖာ အစွန်းမှာ ဝင်ထိုင်၍ ....

"ချင်း ရော .."

"ရှိတယ် သား .. ဆင်းလာလိမ့်မယ် .."

"ငါ့သားကတော့ ထိုင်တာ ဖင်မပူသေးဘူး .. လိုရင်းကို တန်းသွားတာပဲ ..၊ အခု ထိုင်တဲ့ပုံကရော ဘာလဲ သမီး ဆင်းလာရင် အပြင်ကို သွားကြမလို့လား .."

"ဟုတ်တယ် ဖေဖေ .. ဟိုအိမ်မှာ အတွင်းဒက်ကရေးရှင်းတွေ အားချင်းထည့်နေရတာလေ .. အလုပ်သမားတွေ မရောက်ခင် ကိုယ်တကြိုရောက်မှ ဖြစ်မှာ .."

"ဟုတ်သားပဲ ကိုစော ကလည်း .. အိမ်ထဲမှာ ပရိဘောဂတွေက ထည့်ထားတာ စုံနေပြီ .. ခြံစောင့်ကိုပဲ တံခါးဖွင့်ပေးလိုက်ဆိုပြီး လွှဲလို့ ဘယ်လိုလုပ် ရမှာလဲ .."

ဒေါ်သက်သက် က ရယ်စရာတွေ ပြောနေပေမယ့် သမီးရှင်မျက်နှာပူ အနေခက်စေမယ့် စကားတွေ ခင်ပွန်းသည် ထပ်ပြောမှာကို စိုးရိမ်နေခဲ့၏။

အဖေချင်းက သူငယ်ချင်းချင်းမို့ ဘာပြောပြော ပြီးသွားမှာ ခရိုဆ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ခုချိန်မှာက သားရှင် သမီးရှင်အဖြစ် ရပ်တည်နေကြပြီဖြစ်ကာ မသူဇာ နဲ့ သူမက ခုမှ ရင်းနှီးကြတဲ့လူတွေ ..၊

"သားတို့ အဲဒီမှာ တစ်နေကုန် ပြင်ဆင် ကြပ်မတ်နေရတာ စားချိန်သောက်ချိန်ရော မှန်ရဲ့လား သား ..၊ အိမ်မှာ မှာမစားနဲ့နော် .. သယ်ပိုး ပြောင်းရွှေ့နေတော့ ဖုန်နဲ့ သဲနဲ့ စားသောက်ရင် အဆင်ပြေမှာ မဟုတ်ဘူး .."

"ယောက်ျားလေးပဲကွာ .."

"သြော် .. ကိုဇော ကလည်း သမီးလေးပါလို့ ပြောနေရတာပေါ့.."

"ခေါ်မသွားနဲ့တော့လေ .. ဘယ်ပုံစံ လိုချင်ပါတယ်လို့ သမီးက ပြောပြီးပြီမို့လား .."

"မဟုတ်ဘူးလေ ဖေဖေ .."

ကောင်း က နှုတ်ခမ်းခြစ်သလိုလိုနှင့် မျက်နှာ ခပ်ငုံ့ငုံ့ ဖြစ်သွားကာ...

"ဘာလေးဖြစ်ဖြစ်.. ဘယ်ပစ္စည်း ဘယ်လို အထိုင်ချမယ်ဆိုတာက အစ သူ့စိတ်ကြိုက်ဖြစ်တော့ နောက်ထပ် ပြင်စရာ မလိုတော့ဘူးပေါ့.."

"ဟား .. ဟား .. ဟား ..."

ဦးဇောနိုင် က အသံထွက်ရုံ ရယ်နေရင်း ခေါင်းညိတ်၏။

"တွေ့လား ကိုမောင် .. ခုတည်းက ငါ့သား .."

"ဒါတော့ ဟုတ်တယ် မသူဇာ .. ညညဆိုလည်း ကွန်ပျူတာရှေ့ ထိုင်လိုက် .. ဖုန်းဆက်လိုက်နဲ့ ဘာတွေ ပို့ပို့ပြီး ရွေးခိုင်းနေတယ် မသိပါဘူး .. သူတို့ခေတ်မှာတော့ ကွန်ပျူတာက လူချင်း ပြေးတွေ့ရသလိုပဲ .. ဘာလုပ်လုပ် .. အဲ .."

စကားအရှိန် ပါကာ ဒေါ်သက်သက် ကိုယ့်စကားကို မနည်း ဘရိတ်အုပ်လိုက်ရ၏။

"အဲ့ဒါ ငါ ပြောတာ မဟုတ်ဘူး .."

ဦးဇောနိုင် က အမိအရ ဖမ်းပြီး လက်တွေ့ပြသည်။



"ခတ်ပုံတွေ ပို့ .. စကားတွေသေ .. အဲ့ဒါကို ပြောတာဝါ သူဇာ ရယ် .. ဆောရီးပါ .."

ဒေါ်သူဇာ က ရယ်နေ၏။ အားလုံးကတော့ ကျေနပ် ဝမ်းသာနေကြတာပင် ..၊

"သားတို့ ဖိတ်စာတွေပို့ဖို့ နာမည်စီကြဦးနော် .. လက်မှတ်ထိုးတဲ့ ညလည်း အရေးကြီးတယ်.. ဒင်နာညတွေလည်း အရေးကြီးတာပဲ..၊ ဘယ်အချိန် ဘယ်ပွဲမှာ ဘယ်သူ တက်နိုင်မလဲ .. အဲ့ဒါကို သေချာစဉ်းစားဖို့ ပြောတာ.. ကိုယ့်မိတ်ဆွေရင်းတွေပဲ ဘယ်သူ့ကို ဘယ်အချိန် ဒါမှမဟုတ် သုံးပွဲစလုံး တက်နိုင်မယ့်မိတ်ဆွေ .. အဲ့ဒါတွေပေါ့ ..၊ ကိုယ့်ဖိတ်စာကို မြင်ပြီး စိတ်ညစ်သွားလောက်အောင် မအားလပ်တဲ့လူ ဆိုရင် .."

"ကဲ .. သက် ရယ် .. မင်း ပြောမှပဲ မင်္ဂလာဖိတ်စာပို့ဖို့အတွက် အဲဒီအိမ်တွေကို တစ်အိမ်တက်ဆင်း အလုပ်အကိုင် .. ကျန်းမာရေးတွေ သန်းခေါင်စာရင်း လိုက်ကောက်ရမလို ဖြစ်နေပြီ .."

"ဘာပဲဖြစ်ဖြစ် ထောင့်စေ့တော့ ကောင်းတာပေါ့ .. မဟုတ်ဘူးလား မသူဇာ ရယ် .."

"ဟုတ်တယ် .. ကိုယ့် မိတ်ဆွေရင်းတွေဆိုရင် ပိုပြီးတော့တောင် အလိုက်သိပေးဖို့ လိုသေးတယ် .. ကိုယ်လည်း ဒီတိုင်း လုပ်မှာပဲ .."

"ကဲ .. ပြီးပြီ .."

"ပြီးတော့လည်း တို့ သက်သာတာပေါ့ကွ .."

ဦးမောင်မောင်ချင်း က ရယ်စရာ ပြောရင်း ခေါင်းညိတ်နေ၏။ ထိုအချိန်မှာ ချင်း က ဆင်းလာနေပြီဖြစ်ရာ အနီရဲရဲပေါ်မှ ရင်ဘတ်မှာ ငွေနဂါးရုပ်နှင့် တီရှပ်ပွပွလေးကို ဝတ်ထားကာ ခရမ်းရောင်လင်းနေသည့် ဘောင်းဘီရှည်နဲ့ ဖြစ်သည်။

ဆံပင်တွေကို ဖြန့်ချထားပေမယ့် နားသယ်စပ် နှစ်ဖက်စ ခပ်ပါးပါးကို နောက်မှာ ပူးယှက်၍ ကျစ်ဆံမြီးကျစ်ချထားသဖြင့် မျက်နှာပြင်



www.burmeseclassic.com

www.burmeseclassic.com



လေးက ရှင်းနေသည်။ နားသယ်စပ် ဆံစလေးတွေနဲ့ စိမ်းညို့သော မျက်ခုံးတန်းလေးတွေက ပိုထင်းနေသဖြင့် ချစ်ဖို့ ကောင်း၏။

"သမီးလေးက လှလိုက်တာ .. သားနဲ့ သမီးရဲ့ မင်္ဂလာပွဲကို စီစဉ်ပေးရတာ ကျွန်မဖြင့် စိတ်ကို ချမ်းသာနေတာပဲ .. ခုဆိုရင် သူချစ်ကိုယ်ချစ် မိဘချစ် နော် .. ဘယ်လောက် ခံ့ညားထည်ဝါလိုက်သလဲ .. နီးမြေးကြ .. မလွဲသာလို့ ပေးစားရတဲ့လူတွေကျတော့ မင်္ဂလာပွဲပေမယ့် မင်္ဂလာ မရှိဘူး .. တို့ သားနဲ့ သမီးက ချစ်သူရည်းစားတွေတောင် မရှိကြသေးတဲ့ တကယ့် သန့်သန့်စင်စင်လေးတွေ .."

ချင်း ရဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားမတတ် တစ်ကိုယ်လုံးမှာ နွေးခနဲ ဖျန်းသွား၏။

"ကလေးတွေ မိဘစကားကို လိမ်လိမ်မာမာ နာခံကြတာကိုက ဘယ်လောက် ဂုဏ်ယူဖို့ ကောင်းသလဲ ..၊ ကျွန်မက သမီးလေးကို မြင်လိုက်တည်းက ဝတ်မှုံကြာပွင့်ထဲက ခုမှ ထွက်လာတဲ့ မင်းသမီးလေးလို့တောင် ခံစားမိတာ .."

တစ်ယောက်တည်း လှိမ့်ချီးမွမ်းနေသဖြင့် သောလူတွေတောင် ပြောဖို့ မကျန်တော့ပါ။ ဒေါ်သက်သက် မျက်ဝန်းတွေက ချင်း ရဲ့ခြေလှမ်းတွေအတိုင်း ချစ်စနိုး ငေးကြည့်နေခဲ့လျက် ...

"သားအတွက် ရေစပ်ကြတုန်းကတော့ ကိုယ့်သားအတွက် စိတ်ချရမယ့် မိန်းကလေးအမြင်နဲ့ပဲ သိလား .. မိဘကို ယုံကြည်တာ.. မိန်းကလေးရဲ့ စာရိတ္တ သိက္ခာတရားကို သံသယမထားခဲ့တာ ဒီလောက်ပဲ.. နောက်ပိုင်းကျမှ သမီးလေးကို သေချာ မြင်လာရလေ .. ချစ်ဖို့ကောင်းမှန်း သိလာလေ .."

ချင်း နဲ့ ကောင်း မျက်လုံးချင်း ဆုံသွားခဲ့၏။ ကောင်း က ပြုံးပြပြီး လာခဲ့ဖို့ ခေါင်းညိတ်ခေါ်၏။ ချင်း ရဲ့ခြေလှမ်းတွေကတော့ ယုံကြည်ချက်တို့ လျော့နည်းနေပါပြီ ...။





ချစ်မြတ်နိုးကြောင်းတွေ ပြောနေခဲ့သည့် ဒေါ်သက်သက် ဟာ 'အန်တီ့သားကို လက်မထပ်ချင်ပါ'လို့ ချင်း ကိုယ်တိုင် ဖွင့်ပြောခဲ့ဖူးသည့် ကောင်း ရဲ့မိခင် ...၊

ပြီးတော့ မှန်ချပ်ကြီးနဲ့အတူ ရောယောင် ပြုတ်ကျအောင် လုပ်ကြံနိုင်သူအဖြစ် ကောင်း မျက်နှာရှေ့မှာပဲ ချင်း စွပ်စွဲခဲ့သေးသည်။

ထို့ပြင် ကိုယ့်ကို စိတ်ပျက်သွားလည်း ပြီးတာပဲဆိုသည့်စိတ်နှင့် ပြောဆိုမိတိုင်းလည်း ပြေပြစ်ဖို့ မကြိုးစားခဲ့သလို ဝတ်ချင်သလို ဝတ်.. နေချင်သလို နေခဲ့၏။

သားရှင်တစ်ယောက်က သဘောကျ နှစ်မြို့က်အောင် ချင်း ဘာများ ကြိုးစားခဲ့ဖူးလို့လဲ ..၊ အားလုံးထဲမှာ ဆိုးရွားဆုံးက သူမမှာ ချစ်သူရှိပါသည်လို့ ကောင်း ကို သူမ ပြောခဲ့ပြီးပြီ ...။

မျက်နှာရှေ့ ရောက်လာသည့် ကောင်း ရဲ့လက်ကို မြင်ပေမယ့် ကိုယ့်လက်ကို ထည့်ပေးဖို့ မေ့နေခဲ့၏။ လူကြီးတွေကတော့ ချင်း ရှက်နေတာလို့ပဲ မြင်ကြမှာပေမယ့် ...

"လာ လေ .."

ကောင်း က ရှေ့တိုးလာပြီး သူမ လက်ကလေးကို ကိုယ်တိုင် ဆွဲယူလိုက်ရင်း ...

"ပြီးပြီမို့လား .. ထိုင်ဦးမလား .."

"ထိုင်မှာပေါ့ သားရယ်.. သမီးမှ ဖိတ်စာတွေ မကြည့်ရသေးတာ.."

"ကားထဲမှာ ထားခဲ့တာ ရှိသေးတယ် မေမေ .."

"ဪ .."

ဒေါ်သက်သက် မျက်ခုံးတွေ ပင့်သွားသည်။ ကောင်း က မပြုံးချင်ယောင် ဆောင်နေလိုက်ကာ ...

"ကားပေါ်ရောက်မှ ကြည့်တော့နော် .."

"ဟုတ် .."



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့လူနဲ့ ခေါင်းညိတ်လိုက်တဲ့ပုံစံလေးကို ကြည့်ကာ မိဘတို့၏ မျက်နှာတွေပေါ်မှာ ချိုအီသွားခဲ့ကြ၏။

"သားတို့ အဆင်ပြေသွားတာ ကျွန်မဖြင့် ဘယ်လို ပျော်မှန်းကို မသိဘူး .."

"ကျွန်မလည်း ဒီတိုင်းပါပဲ မသက် ရယ် .. ညကဆို သမီးနဲ့ သား အွန်လိုင်းမှာ တွေ့နေကြတာကို ခဏခဏ သွားချောင်းကြည့်ပြီးတော့လေ .. သမီး သက်တော့စ်ရှေ့မှာ ထိုင်ပြီး ပြုံးနေတော့ စိုးရိမ်သွားတာ .. နခေတ် သားသမီးတွေက မင်္ဂလာဆောင်နေကာမှ ထင်ရာလုပ်သွားတတ်ကြတာတွေ ရှိတယ်မို့လား .."

"ကျွန်မကဖြင့် သမီးပုံစံလေးက ဒါမျိုးတော့ မလုပ်နိုင်ဘူးဆိုတာ ယုံကြည်ပြီးသား .."

မအေထက် ယောက္ခမလောင်းက ပိုပြီး ယုံကြည်နေတော့ ဖအေနှစ်ယောက်က ရယ်နေကြ၏။

"ဟုတ်ပါတယ် .. ကိုယ့်သမီးက မမိုက်ဘူးဆိုတာ ယုံကြည်ပြီး စိစဉ်ခဲ့တာလည်း မှန်ပါတယ် .. ဒါပေမယ့် ဒီပွဲကို ပျက်သွားမှာ အရမ်းစိုးရိမ်နေတော့ ညက ဘယ်လိုမှ ဖင်မချနိုင်ဘူး .."

"ဟုတ်တယ် မသက် .. ညတုန်းက ကျွန်တော့်မိန်းမ သူ့ခိုးကျင့် သူခိုးကြံ ကြံပြီး သမီးအခန်းရှေ့က မခွာတာ .. အဲ့ဒါ လုံးဝ အတိအကျ မှန်တယ် .."

ဒေါ်သူဇာလင်း ကလည်း ခေါင်းတညိတ်ညိတ်နှင့် ရယ်ကာ ...

"ဟုတ်ပါတယ် .. ဟုတ်ပါတယ်လို့ ပြောနေတဲ့ဥစ္စာ .. အဲ့ဒါ သူတို့က ဖုန်းနဲ့ပြောလိုက် .. မောက်စ်ပေါ် လက်တင်လိုက်နဲ့ လုဖ်နေမှ 'ကိုကြီး'လို့ ခေါ်သံ ကြားရတာလေ .."

"ဟုတ်တယ် မသူဇာ ရေ .. အဲ့ဒါလေးကိုလည်း ပြောရဦးမယ်.. ဒီအချိန်တိုလေး အတောအတွင်းမှာ ပြုံးရှုနေတဲ့ ကောင်မလေးက





'ကိုကြီး' လို့ ခေါ်လာအောင် တို့သား ဘယ်လောက်တော်လဲ တွေ့တယ်မို့လား .."

"ဟုတ်တယ်လေ .. သူ့အဖေအတိုင်းပဲဟာ .."

ဦးစောနိုင် ကလည်း ဝင်နောက်သည်။ ပြီးတော့ ပွဲကျနေကြ၏။

"အံမယ် .. မသူဇာ သမီးလေးက ဘာပြောဖူးလည်း သိလား ..၊ ဟိုအရင် သားကြီး အိမ်မှာ ထမင်းစားပွဲဖိတ်တဲ့ ပထမတစ်ခါတုန်းက.."

"ဟုတ်လား .. ဘာများလဲ မသက် ရယ် .. ပြောပါဦး .."

ကိုယ့်သမီး အပြောအဆိုမတတ်တာတွေ သိနေသဖြင့် ဒေါ်သူဇာလင်း စိုးရိမ်သွားမိသည်။ ဒေါ်သက်သက် က ပေါ့ပါးစွာ ရယ်ရင်း ...

"အဲဒီလူကြီးကို ချင်း လယ်မထပ်ချင်ပါဘူး တဲ့ .."

"ဟယ်!... အဟုတ် ပြောတာလား .."

"အဟုတ်ပေါ့ .. သားက ကုမ္ပဏီက လာတာ နောက်ကျနေတော့ သူ စိတ်တိုနေတာလေ .. မျက်နှာလေးကို ရှုံ့မဲ့နေတာပဲ .."

"မသက် ရှေ့မှာလား .."

"ဟုတ်တာပေါ့ .. ကျွန်မကိုပဲ ကြည့်ပြောတာ ..၊ ပြီးတော့ ရှိသေးတယ် .. နောက်ထွက်မင်းသားကြီး လုပ်နေတာ တဲ့ .."

"သားကိုလား .."

"ဟုတ်တယ် .. သားကို ပြောတာ .. သူလည်း နောက်ထွက်မင်းသမီး လုပ်ချင်တာတဲ့ ..၊ မေမေက မရလို့တဲ့ .."

"ဒုက္ခပါပဲ .. အားနာလိုက်တာ မသက် ရယ် .."

"အို .. နာစရာလား မသူဇာ ကလည်း .. ကျွန်မဖြင့် ဖျတ်ခနဲ 'ဟယ် .. စွာလိုက်တာ'ဆိုပြီး အံ့ဩသွားတယ် .. ပြီးတော့ ကလေးဆန်တာလေးကို ချစ်သွားလိုက်တာမှ အိမ်မှာ ပြန်ပြောပြီးတော့တောင် ရယ်နေသေးတယ်.. သူ့သားအတင်းကို မအေရှေ့မှာ သေချာကြီး တွေ့တည့်လိုက်တာလေ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက် ပြောပြနေပုံက တကယ့်ကို ချစ်စနိုးမျက်နှာကြီးနဲ့မို့ တော်သေးသည်။ ဒေါ်သူဇာလင်း အားနာစိတ်နှင့် မျက်နှာတွေ ပူနေတာ ထားစရာတောင် မရှိ ..။

"ဘယ်လိုလုပ် အပြစ်ယူမလဲ မသူဇာ ရယ် .. သူ့မျက်နှာလေးက ပြောချင်တာ ပြောပြီး ညည်းညူနေတာ တကယ့် ဖြူဖြူစင်စင်လေးရယ်လေ .."

"မသက် ရယ်.. လူကြီးဆိုတာက အစစအရာရာ သည်းခံနိုင်တယ်.. နားလည်တယ်လေ .. သားကိုလည်း သူ့ ဒီဟိုင်း .."

"ဟား .. ဟား .. ဟား ..."

ဦးစောနိုင် က ခပ်ဟက်ဟက် ရယ်လိုက်ပြီး ...

"သူ့ ဒီတိုင်း ပြောတာကိုပဲ သားက နှစ်သက်မြတ်နိုးခဲ့တာ မဖြစ်နိုင်ဘူးလား.. ခုပဲ သမီးက 'ကိုကြီး'ဆိုပြီး လက်လေးဆွဲ ပါသွားပြီ .."

"ဟုတ်သားပဲကွာ .. မင်းကလည်း အခု ပြေလည်နေကြလို့ လက်ထပ်ဖိတ်စာတွေတောင် ရောက်နေပြီဥစ္စာ .."

ဖိတ်စာထုပ်တွေဆီ မျက်လုံးရောက်သွားကြတော့ ရယ်နေကြသည့် မျက်နှာတွေမှာ စိတ်ဝင်စားခြင်းက ဖိတ်စာတွေဆီ ရောက်သွားခဲ့၏။

"ဟုတ်တယ် .. ဖိတ်စာတွေ ခွဲကြရအောင် .. မသက် တို့ ဘယ်လောက်ယူသွားမလဲ .."

အားလုံး၏ အခြေအနေ အချိန်အခါကောင်းသည် ..၊





အခန်း (၃၆)

"ဟဲ့ .. ဘယ်လိုလဲ .. ကမ္ဘာကြီး ငြိမ်းချမ်းနေတယ်ပေါ့လေ .."

"အဟွန်း .. မဆိုးပါဘူး .."

"အံမယ် .. မိန်းမ နော် .. လေသံကိုက အပျော်လုံးကြွပြီး ခြေဖျားထောက်ချင်နေတဲ့ပုံနဲ့ .."

"လျှောက်ပြောမနေနဲ့နော် .. ဟိုမှာ ခုလေးတင် ပြန်ထွက်သွားတာ .."

ကိုယ့်ကို ပြန်ပို့တာပေမယ့် ဖုန်းဝင်လာတော့ သူ ချက်ချင်း ပြန်ထွက်သွားခဲ့ရတာ ကားပေါ်ကတောင် မဆင်းနိုင် ..၊

"ဘယ်လိုလဲ .. နင့်ကို တော်တော်မှ ချစ်ရဲ့လား .."

"မသိပါဘူး .."

"ချင်း .."

"ဘာလဲ .."

"လိုအပ်လို့ မေးနေတာ နော် .."

"အံမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. နင့် မင်္ဂလာပွဲကို ငါက ဖမ်ပြန်လာခဲ့ရမှာ..၊ နင်တို့ကိုယ်တိုင် ဒီပွဲအတွက် ဘယ်လောက် ရင်ခုန်နေတယ်ဆိုတာ သိတော့ ပိုတက်ကြွတာပေါ့ .."

"လုပ်မနေနဲ့ .. နင် တက်ကြွနေတာ ငါ သိတယ် .."

"ဟုတ်တယ် .. အဲ့ဒါ နင့်အတွက် တက်ကြွပေးနေတာ မိန်းမ.. ငါ့သူငယ်ချင်းတစ်ယောက် ချစ်ခင်မြတ်နိုး အားကိုးဖွယ်သော ယောကျ်ား တစ်ယောက်နဲ့ လက်ထပ်ရမှာလား ဆိုပြီးတော့ .."

"အေးပါ ဟုတ်ပါတယ် ကျေးဇူးရှင်ရယ် .. ငါ အဲ့ဒါတွေ ကိုကြီး ကို သေချာပြောပြလိုက်မယ် သိလား ..၊ ဒါမှ ထာဝရ ကျေးဇူးရှင်လို့ သတ်မှတ်သွားအောင် .."

"လုပ်လိုက်စမ်းပါဟယ် .. ကန်တော့ပွဲ နှစ်စဉ် ပို့ပေးနေရင်လည်း စိတ်မဆိုးပါဘူး .."

ချင်း ရယ်နေမိစဉ် နောက်ထပ် ဖုန်းတစ်ကောလ် ဝင်လာသဖြင့် ကြည့်လိုက်မိသည်။

ဖိနပ်ချွတ်မလို့ ငုံ့နေကာမှ ခါးက ပြန်မတ်သွားကာ ...

"မီးမီး ရေ .. ဘယ်က ဖုန်းလည်း မသိဘူး .. ငါတို့ ညကျမှ ဆက်ပြောမယ်နော် .."

"အေး .. ငါက စမခေါ်ဘူးနော် .. နင့်ရဲ့ တခြားအချိန်တွေနဲ့ လွတ်တာနဲ့ ခေါ်လိုက် .. ည တစ်နာရီအထိ စောင့်မယ် .."

"အိုခေ .."

မီးမီး ရဲ့ဖုန်းကို ချလိုက်ပြီး ဝင်နေတဲ့ ကောလ်ကို ဖွင့်လိုက်သည်။

"လင်းလင်းချင်း ဆိုတာလား .."

ချင်း မျက်မှောင်ကုတ်သွားသည်။ အမျိုးသမီးတစ်ယောက်၏ အသံ ဖြစ်ပေမယ့် ဒီအသံကို သူမ မရင်းနှီးပေ ..၊ နံပါတ်အရလည်း သူမဆီကို တစ်ခါမှ မခေါ်ဘူးသည့် နံပါတ်စိမ်း ..၊



"သမီး ရောက်နေတာ ကြာပြီကို ဘာဖြစ်လို့ မဝင်သေးတာလဲ ချင်းလေး .."

ဒေါ်ဇာယု စိုးရိမ်သည့်မျက်နှာနှင့် ထွက်လာကာ ခေါင်းကစပြီး ခြေဖျားထိအောင် ကြည့်သည်။

"ဖိနပ်ချွတ်လေ .. ဟဲ့ .. မယ်သူ လာစမ်း မြန်မြန် .."

မယ်သူ ကို လှမ်းခေါ်ပြီး ဒေါ်ဇာယု က သူကိုယ်တိုင် ချင်း ရဲ့ နှိုစိမ်းရောင် လွယ်အိတ်လေးကို ပခုံးကနေ ဖြုတ်ယူလိုက်ကာ ...

"ကြီးကြီးဇာ .."

"အေး .. သမီးရဲ့ဖိနပ် ချွတ်ပေးလိုက်ဦး .. ပြီးရင် အိမ်စီးဖိနပ် ချထားပေး .."

"ဟုတ် .."

ချင်း အားလုံးကို မြင်နေပြီး ဘာမှ မသိ .. ဘာမှ မကြားသလို လူက အသက်မဲ့နေခဲ့၏။ မယ်သူ့ ခများ ဖိနပ်က စိနိုပ်တွေ .. ကွင်းသိုင်း တွေကို သူမဘာသာ လှည့်ပတ် ဖြုတ်ပေးနေရကာ ...

"မမလေး .. ခြေထောက်လေး နည်းနည်း ကြွပေးပါဦး .."

ဆိုမှ ဖိနပ်ကို ချွတ်ဖို့ ဖယ်ပေးမိလျက် ...

"မမလေး .. ဒီမှာ ဖိနပ် .."

ဆိုမှ အိမ်စီးဖိနပ်ကို စီးသည်။ ဒါလည်း သူမစိတ်တွေက ပစ္စုပ္ပန် အခြေအနေမှာ မရှိ ..၊

"ဂုဏ်သိက္ခာဆိုတာ မင်းတို့လို ချမ်းသာတဲ့လူတွေအတွက် အရေး ကြီးသလို ငါ့မောင်လို တက်သစ်စ အောင်မြင်ဖို့ ကြိုးစားနေတဲ့ အနု ပညာသမားတွေအတွက်လည်း အသက်လောက် အရေးကြီးတာပဲ .."

စကားလုံးတွေက မှုမောက်မာသလောက် လေသံက မာကျောနေ သည်။

"မင်း ထင်သလို ပါးစပ်အရသာခံပြီး ပြောခဲ့တဲ့ စကားတစ်ခွန်း

www.burmeseclassic.com



အတွက် တစ်ဖက်လူ ဘယ်လောက် နစ်နာသွားမယ်ဆိုတာ တွေးမိရဲ့လား ..."

စကားတွေအရ ဖန်ဆင်းရဲ နဲ့ သက်ဆိုင်သူ တစ်ယောက်ယောက်ဆိုတာ စိတ်က သိနေသည်။

"မင်းက လက်ထပ်ဖို့ သေချာနေတဲ့ မိန်းမနော်.. သူများကို ဂရုမစိုက်ဘဲ လက်လွှတ်စပယ် ပြောချလိုက်တဲ့စကားက သူများကိုပဲ ထိခိုက်နိုင်တယ် မထင်နဲ့ .. မင်းအတွက်လည်း အန္တရာယ်အကြီးကြီး ကျလာနိုင်တယ်ဆိုတာ သတိထား .."

"ရှင်က ဘယ်သူမို့လို့ ဒါတွေ ပြောနေတာလဲ .."

"မင်း ရည်းစားပါလို့ ဘယ်သူ့ကို လက်ညှိုးထိုးခဲ့သလဲ .. ငါက သူ့အစ်မ .."

"ဟင်!..."

ချင်း မျက်နှာ ပို၍ ညိုမှောင်သွားသည်။

"မင်းကို လုံးဝ မကျေနပ်ဘူး .. ငါ့မောင်လေးရဲ့ အောင်မြင်မှုတက်လမ်းတွေကို သေသေချာချာ ထိခိုက်လာခဲ့ရင်တော့ မင်းဘာသာ အိမ်ထောင်ကျရုံမကလို့ ကလေးတွေပဲ ရနေနေ .. မင်း ပြောခဲ့တဲ့စကားအတွက် မင်း ပေးဆပ်ရမယ်ဆိုတာ မှတ်ထား .."

ဖုန်းချသွားတော့ သူမ မျက်နှာရှေ့မှာ ဒေါ်ဇာယု က စိုးရိမ်တကြီး ကြည့်နေကာ ...

"ဘယ်သူလဲ သမီး .. ဘယ်ကဖုန်းမို့လို့လဲ ဟင် .."

ချင်း ရုတ်တရက် မဖြေဘဲ ဖုန်းကို ဖိဆုပ်ထားလျက်နှင့် အိမ်ထဲ ဝင်သည်။ ကားသော့ကို ဖြုတ်ယူလိုက်ကာ အိမ်စီးဖိနပ်နဲ့ပဲ အပြင်ကို ပြန်ထွက်ခဲ့ရင်း ...

"ချင်း အသိတစ်ယောက်နဲ့ သွားတွေ့လိုက်ဦးမယ် ဇာကြီး .."

"ဘယ်လို!..."





ဒါ အသိတစ်ယောက်နဲ့ သွားတွေ့မယ့် မျက်နှာလား ...

ဒေါ်ဇာယု စိုးရိမ်တကြီး ပြေးလိုက်တာ ကားနားထိ ပါ၏။

"သမီး ချင်းလေး .. သွားမယ်ဆိုလည်း ဘယ်သူဘယ်ဝါဆိုတာ ပြောခဲ့ဦးလေ .. ဘယ်နေရာကို သွားမှာလဲ .."

ချင်း က ပြန်လှည့်ကြည့်လိုက်ပေမယ့် ဒေါ်ဇာယု မေးတာကို ဖြေဖို့ မဟုတ်ဘဲ ကိုင်ထားသည့်အိတ်ကို ပြန်ဆွဲယူပြီး ပခုံးမှာ ချိတ်လိုက်၏။

"ကြာမယ်ဆိုရင် ချင်း ဖုန်းဆက်မှာပါ .."

"ဟဲ့ .. ဟဲ့ .. နေပါဦး .. အသိက ယောကျ်ားလား .. မိန်းမလား.."

"မိန်းမပါ .."

ကားသည် ခြံထဲကနေ ဦးမော့ ထောင်ထွက်ခဲ့ပြီးမှ မီးမီး ကို သတိရ၏။

ဘာလုပ်လုပ် ငါ့ကို မပြောဘဲ မလုပ်နဲ့ ဆိုပေမယ့် ခုတော့ သူက ကိုယ့်နားမှာ မရှိ ...၊ ဒါပေမယ့် ကိုယ် သွားပြီဆိုတာလေးကိုတော့ မက်ဆေ့ချ် ပို့လိုက်မိသေးသည်။

မီးမီး က ကိုယ့်အပေါ်မှာ သူငယ်ချင်းလိုရော .. ညီအစ်မလိုပါ ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"တော်ပါပြီ မာမီတို့ရာ .. မမတို့ လုပ်တာနဲ့ ရဲ က လူယုတ်မာ ဖြစ်တော့မယ် .."

"ဘာ!..."

"ဟုတ်တယ် .. ရဲ က အခု အနုပညာသမား ဖြစ်နေပြီလေ .. ကိုယ်ကြိုက်တဲ့ အနုပညာရှင်ကို ပရိသတ်က ကြိုက်သလို စိတ်ကူး ရင်ခုန်မှာပဲ.. သူ့ဘာသာ ရိုးရိုးဖြစ်ဖြစ် .. ဆန်းဆန်းပြားပြား ဖြစ်ဖြစ်.."

"မရိုးသားဘူး ရဲ .. အစကလည်း မရိုးသားခဲ့ဘူး .. ခုလည်း စိတ်နဲ့ ပြစ်မှားနေတုန်းပဲ .. စကားဆိုတာ စိတ်ထဲမှာရှိလို့ ထွက်လာတာ.. ပြောမိပြီဆိုမှ ဆောရီးတို့ .. စ တာပါ .. နောက်တာပါတို့ အမျိုးမျိုး လိုးလွှဲပစ်ကြတာ .."

"ဘာဖြစ်ဖြစ် မာမီရာ .."

"ရဲ .."

ခက်ခက် က နေရာမှ ဆတ်ခနဲ ထရပ်လိုက်ကာ ဖုန်းကို ကိုင်ထား ဆဲနှင့် ...



"နင် မာမီ့ကို ဒီလိုလေသံနဲ့ မပြောနဲ့ ...၊ ငါတို့ကလည်း သူ့ကို ယုတ်ယုတ်မာမာတွေ လုပ်ဖို့ မဟုတ်ဘူး .. သူ့စကားတစ်ခွန်းအတွက် သူ့မှာ တာဝန်ရှိတယ်ဆိုတာ သိသွားဖို့ပဲ .."

"အဲ့ဒီစကားကို မမတို့လည်း ရဲ ပြောပြလို့ သိတာပါ ...၊ ဒါကို ဘယ်သူ သိလို့လဲ .."

"သူ ပြောလိုက်တဲ့လူက စပြီး တစ်ယောက်ကစ တစ်ရာအဆုံး ပေါ့ကွ .."

"သူတို့လိုလူတွေက ရဲ နဲ့ ဒီလို ငြိခဲ့ဖူးတာကို သိက္ခာကျခံပြီး လျှောက်ပြောမှာလား .."

"သိပ်ပြောတာပေါ့ .."

ခက်ခက် ရဲ့စကားကို ဒေါ်မြမြင့် က ထောက်ခံသည့်မဲ့ပြုံးနှင့် သားဖြစ်သူကို စိုက်ကြည့်၏။

"နင် သူတို့ကို တော်တော် အထင်ကြီးနေတာပဲ ရဲ .."

"ဟာ!... မမကလည်း ဦးရက်မြတ်ကောင်း ဘယ်လိုလူလဲဆို တာ.."

"အဲ့ဒါ ငါတို့နဲ့ မဆိုင်ဘူး .. ငါတို့နဲ့ဆိုင်တာက ငါတို့ ပတ်ဝန်း ကျင်မှာ နင်က မင်းသား .. ဒါပဲ .."

ပြောပြီးတော့ ဆိုဖာတွေကြားက ထွက်၍ မောင် မျက်နှာကို စူးစူး ရဲရဲ ကြည့်သည်။

"အခု နင်နဲ့ မပြောချင်ဘူး .. နင် ရှိနေဖို့ မလိုဘူး .. ရပြီ .. သွား တော့ .."

ရဲ က ဆတ်ခနဲ မော့ကြည့်သည်။ နှုတ်ခမ်းနီနှင့် ပါးမို့တွေ ရဲနေ အောင် ပြင်ဆင်ထားသည့် ခက်ခက် မျက်နှာက တင်းမာမှုတွေ အပို ဆောင်းနေကာ ...

"အစ်မကို ဘယ်လိုမျက်လုံးနဲ့ မင်းက ပြန်ကြည့်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ရဲ အပြင်က ပြန်လာတာ .. သွားတော့ဆိုတာ ဘယ်ကို နင်တာလဲ .."

"အပြင်ကို ပြန်သွားလည်း ဖြစ်တယ် .. ကိုယ့်အိပ်ခန်းထဲ ဝင်နေမယ်ဆိုလည်း တံခါးပိတ်ထားပြီး အေးအေး နေလိုက် .. ထွက်မလာနဲ့.."

"ဘာဖြစ်လို့လဲ .."

"ဘာဖြစ်လို့လဲဆိုတော့ လင်းလင်းချင်း ဆိုတဲ့ မင်းရဲ့ဟာလေး ရောက်လာမှာမို့လို့ .."

"ဟင်!..."

ရဲ မျက်မှောင်ကုတ်သွားသည်။

"မမက သူ့ကို ခေါ်လိုက်တာလား .."

"ခေါ်စရာ မလိုဘူး ရဲ .. နင့်အစ်မ ဒီလောက် မတုံးဘူး .. ခေါ်တိုင်း ထွက်လာရအောင် လင်းလင်းချင်း ဆိုတဲ့ ဟာမလေးကရော အချဉ်မို့လို့ လား .."

"ဘာတွေ မေးနေတာလဲ သား.. မင်းကို သွားခိုင်းနေတာ .. သွား ဆိုရင် သွားလိုက်ပါလား .."

ဒေါ်မြမြင့် က မျက်နှာထားနှင့် ဝင်ပြောလိုက်တော့ ရဲ မျက်နှာ မသိမသာ တင်းသွားသည်။ ဒါပေမယ့် ဒီအမေ ဒီအစ်မတွေက ရဲ ကိုဆို အမြဲတမ်း ကြောင်ပေါက်လေးတစ်ကောင်လို သဘောထားနေကြတာမို့ ဆွေးနွေးတိုင်ပင်စရာလူလို့လည်း မြင်ကြတာ မဟုတ် ...၊

"မင်းကို မာမီတို့က ခုချိန်ထိ တယုတယ ပွေ့ပိုက် နမ်းရှိုက်နေ ကြတုန်း .. မင်းကိုယ်မင်း စိတ်ကြီးတွေ ဝင်နေလည်း မာမီတို့အမြင်မှာ မင်းက ကလေးသာသာပဲ .."

"တကယ်ပါပဲ .. ကလေးက ကလေးလို မနေဘူး .. ခုတစ်လော မာမီသား ပြောလိုက်ရင် စကားလုံးက အကြီးကြီးတွေ နော် .. လျှော့ မတွက်နဲ့ .."



အမေနဲ့ အစ်မကို ရဲ က တစ်လှည့်စီ ကြည့်နေရင်း မျက်လွှာချ၏။

"မင်းကို ဒုက္ခရောက်အောင် မာမီတို့ မလုပ်ဘူး ရဲ .. ကိုယ့်ဝမ်းနဲ့ လွယ်မွေးထားရတဲ့ သားအငယ်ဆုံးလေး .. မင်းကို သူများ စေ့စေ့ကြည့် တာတောင် မာမီ မကြိုက်ဘူး .. အဲ့ဒါကြောင့် လင်းလင်းချင်း ဆိုတဲ့ ဟာမလေး သူ့ပါးစပ်ထဲမှာ လူတစ်ယောက်ရဲ့ နာမည်တစ်လုံးကို လို သလို သုံးစားသွားတာကို သည်းမခံနိုင်ဘူး .."

ဒေါ်မြမြင့် က ချော့မော့သည့်လေသံ ပြန်ဖြစ်သွားကာ ...

"သားက ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် .. ဒီအချိန်မှာ ပိုင်ဆိုင်သူ တွေ ပေါ်လာရမှာ မဟုတ်ဘူး .. ပိုင်ပါတယ် ဆိုင်ပါတယ်လို့ ပါးစပ် အရသာခံပြောတဲ့ မိန်းမကို မှတ်လောက်အောင် ပညာပေးရမယ် .."

"သူက တကယ့်စိတ်နဲ့ .."

"တော်စမ်း .. မင်း သွားတော့ သွား .. ပြောလေ အတွန့်တက်ချင် လေ .. အဲဒီကောင်မလေးကို ငါတို့ ဘာလုပ်နေနေ မင်း ဆင်းမလာနဲ့.."

"အိမ်ပေါ် ပြန်မတက်နဲ့တော့ .. အပြင်မှာ ခဏသွားနေလိုက် .. ပိုကောင်းတယ် .."

ရဲ နေရာမှ ထရပ်လိုက်သည်။ သူ လိုချင်ခဲ့သည့် အောင်မြင်မှုတွေ ရဖို့ ဒီအမေ ဒီအစ်မတွေ ဘယ်လို ကြိုးစားပေးနေကြတယ်ဆိုတာ သိနေသည့် ရင်ထဲမှာ ...၊

သွားတော့ဆိုလည်း သွားရုံသာ ...၊

ခက်ခက် က ရဲ ထွက်သွားတာကို မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး နေရာမှာ ဆောင့်ခနဲ ပြန်ထိုင်သည်။

"ငါ့မောင်ကိုများ သူက အသုံးချလို့ .. ဟွန်း .."

"သူ လာပါ့မလား .."

"လာကို လာမှာ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြသည့် မိနစ်အနည်းငယ်အတွင်းမှာ ကားတစ်စီး ဆိုက်ရောက်လာခဲ့ပြီး ...

"ဟွန်း .."

ကားပေါ်က ဆင်းလာသူကို ဆိုဖာပေါ်မှာ ခြေချင်းချိတ် ထိုင်ရင်း စိုက်ကြည့်နေပြီး မဲ့၏။

ခက်ခက် မျက်နှာပေါ်မှာ နူးညံ့ခြင်း တစ်စုံတစ်ရာမှ မရှိ ..။

ချင်း က ခွင့်မတောင်းတော့ဘဲ အိမ်ရှေ့ကနေ သူမတို့ ရှေ့ထိ တည့်တည့် လှမ်းဝင်သွားခဲ့ပြီး ...

"အစ်မက ဖန်ဆင်း ရဲ့အစ်မ ဆိုတော့ .."

"သူ့မှာ အမေရယ် .. အစ်မရယ် နှစ်ယောက် ရှိတယ် .. မင်း သိပြီးသားတွေပဲ ..၊ ငါတို့ချင်း မိတ်ဆက်နေဖို့ မလိုဘူး .."

"အခု မင်း ဘာလာလုပ်တာလဲ .."

ချင်း က မေးလာသူကို လှည့်ကြည့်၏။ ဟိုတစ်ခါ မြင်ဖူးလိုက်သည့်ပုံစံအတိုင်း မျက်နှာရော ပုံစံပါ နုသစ်လှပနေကာ သမီးနဲ့ အမေက ညီအစ်မနဲ့ပဲ တူနေ၏။

"ဟော့ .. မေးနေတာ မကြားဘူးလား .."

"ကြားပါတယ် .. ချင်း ရောက်လာအောင် အန်တီ့သမီး ပြောတာပဲ မဟုတ်ဘူးလား .. ဖန်ဆင်း နဲ့ ချင်း တို့က ဘယ်တုန်းကမှ မရိုးသားခဲ့ကြတာ မရှိဘူး .."

"ဘယ်ရှိမလဲ .. ငါ့မောင်က မင်းထက်ချော .. မင်းထက်သော့တဲ့ မိန်းမလှလေးတွေ ဝိုင်းနေတာ .. မင်းကို အများထဲကနေ သတိထားမိရဲ့ ရှိမှာပေါ့ ..၊ ပိုကဲတဲ့ မိန်းကလေးတွေဆိုရင် ယောကျ်ားလေးတွေဆီက အားနာလိုက်လျော့မှုတွေကို ရကြတာပဲ .."

ချင်း မျက်နှာလေး တင်းသွားသည်။ ဒီနေရာမှာ ခြေချမိလိုက်တည်းက စိုးထိတ် ပူပန်မှုတွေ သူမ ရင်မှာ ဘာမှ မရှိတော့ဘဲ စရိုက်





ဆန်ဆန် အထင်ကြီးလေးစားဖွယ် မရှိသော သူတို့ရှေ့မှာ ရောက်နေရသလိုမျိုး ..၊

"ကျွန်မ ဘယ်လိုမိန်းကလေးလဲဆိုတာ ဖန်ဆင်း သိတယ် .."

"သိတာပေါ့ .. သူ သိပြီး ပြန်ပြောပြလို့ တို့က သိနေတာ .."

ခြေချင်းချိတ်ထားသည့် ခြေထောက်ကို တလှုပ်လှုပ် ခါရင်း လက်ပိုက်ပြောနေပုံက မောက်မာရိုင်းစိုင်းမှုတွေအပြည့်နဲ့ဖြစ်ကာ ခုချိန်ထိ မတ်တတ်ရပ်နေသည့် ချင်း ကို ကြည့်သည့်အကြည့်တွေက ပြင်းရှနေ၏။

ကိုယ်က ခွင့်မတောင်းဘဲ ဝင်လာခဲ့တာပေမယ့် ထိုင်ပါ မပြောဘဲနဲ့တော့ မထိုင်ချင် ..၊ ထို့ကြောင့် ချင်း ဒီတိုင်း ရပ်နေလိုက်ကာ ...

"အခု ဖန်ဆင်း နဲ့ ကျွန်မ တွေ့ပါရစေ .."

"ဘာကိစ္စလဲ .."

"အစ်မပြောတဲ့ ကိစ္စတွေက ဖန်ဆင်း ကို ကျွန်မ ရှင်းပြပြီးသား.."

"ရဲ က ဘာတဲ့လဲ ..၊ ကိစ္စမရှိပါဘူးတဲ့ လား .."

တစ်ခွန်းချင်း မေးပြီးမှ ခြေချင်းချိတ်ထားတာကို ဆတ်ခနဲ ဖြုတ်၍ ကိုယ်ကို မတ်လိုက်ကာ ...

"ဒီမှာ .. ညည်း မှတ်ထားဖို့က ကိုယ့်မှာ အပြစ်ရှိတယ်ထင်လို့ ကိုယ့်ဘာသာ ကြောက်လန့်ပြီး ရောက်လာခဲ့တာ .. အဲဒါတွေကို အားနာတတ်တဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ ထပ်ပြီး သနားခံလိုက်တာနဲ့ ပြီးသွားမှာပဲ ထင်လို့မို့လား .."

"ဒါက ကျွန်မတို့ချင်း ကိစ္စပါ .."

"ဟဲ့ .. ငါ့သားမှာ မိဘ အုပ်ထိန်းသူ ရှိတယ် .. ကျွန်မတို့ချင်း ကိစ္စဆိုတာ ဘာလဲ ..၊ မင်းနဲ့ ငါ့သား ဘာမှမငြိခဲ့ဘူး .. ဘာကိစ္စမှ မရှိဘူး .. ငါ့သားကို ပန်းကောင်းအညွန့်ကျိုး ထင်သလိုပြောပြီး သိက္ခာချခဲ့တာကို ရှင်း .. လိုချင်တာ အဲဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လင်းလင်းချင်း ... ငါတို့က မောင်တစ်ယောက်ပေမယ့် ညီမလေးတစ်ယောက်လို ဗိုင်းကောင်းကျောက်ဖို့ စောင့်ရှောက်ခဲ့တာ.. ယောက်ျားပေမယ့် မိဘအုပ်ထိန်းသူရှိရက်နဲ့ မဆင်မခြင် သွားလာ ယော့ ရမ်းနေတဲ့ မိန်းကလေးတွေထက် သာတယ် .."

"ရှင် စကားပြောတာ ကိုယ့်အကြောင်း ကိုယ် ပြောပါ .."

"အိုး .. ဖွာလှချေလား လင်းလင်းချင်း .. ငါ့အိမ်ပေါ် တက်ပြီး အော်လား ဟစ်လားနဲ့ .. ဟင် .."

ချင်း အသက်ရှူတွေ ပြင်းနေခဲ့၏။ နဂိုတည်းက စိတ်ထဲဖြစ်တဲ့ အတိုင်း ခံစားတတ် ပြောတတ်သောအကျင့်ကြောင့် ဒေါသသည်လည်း အရှိကို အရှိအတိုင်း ...။

"ကိုယ်ကိုယ်တိုင် မိန်းကလေးဖြစ်ပြီး သူများ သမီးပျိုကို မှိုချိုးမျှစ် ချိုး .."

"အပြောမခံချင်ရင် မခံရအောင် နေရတယ် .. 'မင်းတို့ စကား မိုးကြိုးသွား' တဲ့ ...၊ 'မင်းမှာသစ္စာ လူမှာ ကတိ' .. 'စကား စကား ပြောပါများတော့ စကားထဲက တရားပါ'တဲ့ ...၊ 'စည်တီးသကဲ့သို့ ဆို ရေးရှိမှ ဆိုသောစကား' .. 'ကရားရေလွှတ် နောက်သည်ကြည်သည် မမည်'တဲ့ ...၊ အဲ့ဒါ မဆီမဆိုင် ရှေးရိုးစကားပုံတွေ ရွတ်ပြနေတာ မဟုတ်ဘူး .."

ဒေါ်မြမြင့် က လက်ပိုက်ပြီး ဆိုဖာမှာ ပက်ခနဲ ပြန်မှီလိုက်ပြီး ...

"စကားတစ်ခွန်းရဲ့ တန်ဖိုးတွေကို မင်း သိအောင် ပြောပြတာ...၊ တန်ဖိုးကြီးသောစကား .. တန်ဖိုးမဲ့သောစကား .. ပေါ့ပျက်စေတဲ့စကား.. လေးနက်စေတဲ့စကား .. ဘယ်လိုစကားပဲဖြစ်ဖြစ် ဒီပါးစပ်တစ်ခုကပဲ အများကြီး ပြောလို့ရတယ် .. ဒါပေမယ့် ပြောလို့ရတိုင်း မပြောရဘူး..."

"ကျွန်မ ဘာမှ ကြီးကြီးဖြစ်သွားအောင် ပြောခဲ့တာ မဟုတ်ဘူး..."

"ဘယ်လိုစကားက ဘာအတွက်ပါလို့ ခေါင်းစဉ်တပ်ပြီးမှ ပြော





တဲ့လူ ရှိသလား .. အဲ့ဒါကိုက မင်း ဘယ်လိုမိန်းကလေးလဲဆိုတာ သိ သာနေပြီ .."

အမေနဲ့ သမီး ညှပ်ပူးညှပ်ပိတ် ပြောနေကြသည့် စကားတွေထဲမှာ ချင်း ဘယ်သူ့စကားကို ဘယ်လို ချေဖျက်ရမှန်း မသိ .. ချေဖျက်ချိန် လည်း မပေးနဲ့ဘဲ ...

"မင်း လွယ်လွယ်ပြောခဲ့တဲ့ စကားအတွက် အခု ဘယ်လို တာဝန် ယူမလဲ ပြော .."

"ဘယ်လို!..."

"မင်း ပြောခဲ့တဲ့စကား ပေါ့သလား .. လေးသလား ပြန်မမေးနဲ့ လင်းလင်းချင်း .. အခု မင်းကိုယ်တိုင် ငါ့အိမ်ပေါ် ရောက်လာခဲ့တာ အဲ့ဒါ မင်းရဲ့ ချောက်ချားမှုပဲ .."

ခက်ခက် က ကွက်တိ စွပ်စွဲ၏။

"အခု ဒီကိစ္စကို မင်းဘက်က ကျေနပ်အောင် လုပ်မပေးနိုင်ခဲ့ ရင် .."

"ဒီကိစ္စဆိုတာကို ရှင်းပြစမ်းပါ .. အခု ဘာတွေ ဖြစ်နေလို့လဲ.."

"ဖြစ်နေပြီဆိုရင် ဘာမှ လုပ်လို့ မရတော့ဘူး .. မဖြစ်ခင်မှာ တား ဆီးရမှာ ...၊ မင်းတောင်မှ မင်းလူ့ရဲ့ ချစ်ခင် အရေးပေးမှုကို လိုချင်ပြီး ငါ့သားကို အသုံးချခဲ့တာ .. မင်းကြောင့် ငါ့သားကို တစ်ခဲနက် အားပေး ကြမယ့် ပရိသတ်တွေရဲ့ ချစ်ခင်မှုကို သူ ဆုံးရှုံးသွားခဲ့ရင် မင်း တွေး ကြည့်စမ်း .."

"အဲဒါတွေနဲ့ ဘာဆိုင်လို့လဲ .. ဒီလောက်ထိ ဖြစ်ဖို့လည်း မရှိ ဘူး .."

"ဘာ!..."

"ဟော့ .. မင်း ဘာပြောလိုက်တယ် .."

သားအမိ နှစ်ယောက်စလုံး ထရပ်လိုက်ကြတာ တစ်ပြိုင်တည်း—



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ ကျွန်မဆီက ဘာလိုချင်တာလဲ ..၊ ဘာဖြစ်ချင်လို့ ပြဿနာရှာနေကြတာလဲ .."

"မင်းက မေးလာပြီဆိုရင် ပြောမယ် .. ဘာလိုချင်တာလဲဆိုတော့ မင်း လျှောက်ပြောခဲ့တဲ့စကားရဲ့ အမှန်တရားပဲ ..၊ ဘာဖြစ်ချင်တာလဲ ဆိုရင် ဒါကို မင်း တစ်နိုင်ငံလုံး သိအောင် ရှင်းပြပေးရမယ် .."

"ဘာ!..."

"ဟဲ့.. နင် မိုက်ရိုင်းလှချေလား .. လူကြီးနဲ့ စကားပြောတာ တိုး တိုးပြောစမ်း .."

မအေကို ထိတော့ ခက်ခက် က ရှေ့တိုးလာသည်။

"ငါ့မောင်ကို ရည်းစား တစ်ခုလပ်လိုလို .. ဘာကြောင့် တစ်ခုလပ် ဖြစ်သွားရသလိုလို .. အဲ့ဒါမျိုး ထင်ကျန်ခဲ့မှာ အဖြစ်မခံနိုင်ဘူး .. နင်က ထင်သလိုပြောပြီး အကြီးအကျယ် လက်ထပ်မယ် .. ဟုတ်လား ..၊ နင် ဘာမှ မရှင်းဘဲ ကြိုက်တဲ့ယောကျ်ား ခေါင်းခေါက်ယူနိုင်တယ်ဆိုတဲ့ အရည်အချင်းကောင်းတွေ ပြသွားလို့ ဘယ်ရမလဲ .."

"ရှင် .. ရှင်တို့ ဘာတွေ ပြောနေကြတာလဲ .."

ချင်း ရဲ့ ခေါင်းတွေ ချာချာလည်နေပါပြီ ..၊ ဒေါ်သက ဝုန်းခနဲ ခုန်ထလာပေမယ့် အံ့ဩထိတ်လန့်စရာတွေကြားပြီး မှင်တက်မိရင်း ငြိမ်ကျသွားခဲ့သည်။

ထောင်းခနဲ ဒေါ်သ ထဖြစ်ပြန်တော့ သူမတို့က မြွေပွေးလို ကိုယ့် ထက်အရင် ရှူးခနဲ ..၊

"ဘာတစ်ခုကိုမှ လုပ်မပေးနိုင်ရင်တော့ မင်း ငါ့မောင်နဲ့ ၅ စ်နာရီ လောက် ခွေးနွေးလိုက် .."

"ဘာ!... ဘာပြောတယ် .."

"ပြီးရင် ပြန်လေ .."

ရှက်ဒေါ်သကြောင့် တစ်ကိုယ်လုံး ဖျင်းခနဲ ထူပူသွားသည်။





ထို့ပြင် ခက်ခက် က သူမရှေ့ကို တစ်လှမ်းချင်း လျှောက်လာခဲ့ လျက် ...

"ကောလဟာလ ဓလေ့လောက် အဖြစ်ခံပေးရုံပဲ လင်းလင်းချင်း.. မင်းတို့လို လူကုံထံတွေအတွက် ခုနစ်ရက်တောင် စောင့်စရာ မလိုဘူး.. သူ့ဌေးတစ်ယောက် ချက်ချင်း ကောက်ယူရုံပဲ မဟုတ်ဘူးလား .. KET က ရက်မြတ်ကောင်း လို လူကိုတော့ ပထမ စွန့်လွှတ်ခြင်းထဲမှာ ထည့် ရမှာပေါ့ .. မဟုတ်ရင် ဂျာနယ်မှာ ထည့်ပေးရမယ် .."

ခက်ခက် မျက်နှာက ရီဝေသလို ဖြစ်သွားလိုက် .. တင်းတင်းမာမာ ဖြစ်သွားလိုက် ..၊

"ဘာလဲ သိလား .. မော်ဒယ်လ် ဖန်ဆင်းရဲ က ကျွန်မကို မချစ်ခဲ့ ဘူးပါ .. ကျွန်မဘက်က ကိုယ့်ဆန္ဒဖြင့် တစ်ဖက်သတ် စိတ်ကူးယဉ် ပြောဆိုခဲ့မိသော အမှားအတွက် .."

"ရှင်!... ရှင် .."

ချင်း ရဲ့ မျက်ဝန်းတွေ မီးတောက်မတတ် စူးရဲလာကာ ...

"ရှင် တော်တော့ .."

ခက်ခက် ကို လက်နှစ်ဖက်နဲ့ တအား ဆောင့်တွန်းပစ်လိုက်၏။ ခက်ခက် အမှတ်တမဲ့မို့ ပုံပျက်ပန်းပျက် လဲကျသွားကာ ...

"မင်းကလား .. ငါ့အိမ်ထဲကို လာပြီးတော့ .."

"ဖြန်း .. ဖြန်း .."

ချင်း နေရာမှာပဲ ခွေခနဲ ပုံကျသွား၏။

ခေါင်းတွေ ပူထူ ကျိန်းစပ်ကာ ရုတ်တရက် အရာအားလုံး မှောင် အတိ ကျနေခဲ့၏။

သို့သော် ဒေါ်မြမြင့် ၏ စကားသံတွေက မျက်နှာရှေ့မှာ နီးကပ် လျှက်ရှိနေဆဲ ..၊

"မင်း ငါ့သားဆီ ရောက်ရောက်လာပြီး ဖြားယောင်းမြှူဆွယ်ခဲ့

www.burmeseclassic.com



တာလေ .. ငါတို့မှာ ဗီဒီယိုရက်ကော့ဒ် ရှိတယ် ..၊ မင်း ဘာတစ်ခုမှ မပေးဆပ်ဘဲနဲ့ ဒီတိုင်း ထွက်သွားလို့ ရမယ် ထင်နေသလား .."

"ဟင့်အင်း .."

"ဟွန်း .. လုပ်လိုက်စမ်း လင်းလင်းချင်း .. မင်း ပေးရမှာထက် တန်ဖိုးတွေ ဘယ်လောက်ကြီးသွားမလဲဆိုတာ သိရစေမယ် .."

ဘာတွေလဲ .. ချင်း ဘာလုပ်လို့ ပေးရမှာလဲ ..။

မသိဘူး .. မပေးနိုင်ဘူး .. ဟုတ်မှ မဟုတ်တာ ..၊ ဟင့်အင်း ..။

ဘယ်လိုမှ ထိန်းချုပ်လို့ မရတော့သည့် အသိတရားအားလုံးက မျက်ရည်စက်တို့နှင့်အတူ သူမကို စီးမျော အိပ်စက်စေခဲ့လျက် ...

ချင်း ဘာကိုမှ မသိတော့ပေ ..၊

"ဘာဖြစ်သွားပြီလဲ မာမီ .."

"သတိမေ့သွားပြီ .."

"အရူးမ .. ဒီလောက် လွယ်လွယ်နဲ့ ထောင်ဖမ်းလို့ ရမယ်တောင် ထင်မထားဘူး .."

သားအမိနှစ်ယောက် ချင်း ရဲ့ဘေးမှာ ဒူးထောက်ထိုင်လိုက်ပြီး ပခုံးကနေ လျှောကျနေသော ချင်း ရဲ့အိတ်လေးကို ခက်ခက် က ကောက်ယူသည်။

ပြီးတော့ ဖွင့်မည် ကြံလိုက်လျှင် ...

"မဖွင့်လိုက်နဲ့ .."

"ဘာဖြစ်လို့လဲ .."

"အထဲမှာ ဖုန်းပါလိမ့်မယ် .. ဒီတိုင်းပဲ သိမ်းထားလိုက် .. သူ ဘယ်ကိုမှ ဖုန်းမဆက်နိုင်ဖို့ဘဲ လိုတာ .. သူများပစ္စည်းကို စည်းကမ်းမဲ့ ကိုင်တာ မကောင်းဘူး .."

ခက်ခက် ကလည်း အိတ်ကို ပြန်ချထားလိုက်၏။ ပြီးတော့မှ ...

"သူ့ရွှေ ရက်မြတ်ကောင်း ဒါတွေကို အမှန်အတိုင်း မသိသေး





တာ သေချာတယ် မာမီ .. သူ့ဟာသူ ကြားထားပြီး မဟုတ်ပါဘူးဆို ပြန်မပြောရသေးတာ .."

"အင်းလေ .. ဒါကြောင့် သမီး ဖုန်းဆက်တာနဲ့ ထိတ်လန့်ပြီး ကယောင်ချောက်ချား ရောက်လာတာပေါ့ .."

"ကောင်းတယ် မာမီ .. သူ့စကားအတိုင်း ဆက်လိမ့်ကြရုံပဲ .. သူ့ကို ဒီမှာပဲ ရဲ နဲ့ အတူတူ ငါးနာရီလောက် ထားပေးပြီး ည ရှစ်နာရီလောက်ကျမှ အစီအစဉ်အတိုင်း ဆက်လုပ်မယ် .. သူတို့လိုလူတွေက ဘယ်လိုနည်းနဲ့မှ သိက္ခာနဲ့ ရိက္ခာ လဲမှာ မဟုတ်ဘူး .. ရဲ နဲ့ တကယ် ညားသွားလည်း အမြတ်ပဲ .. ငွေထွက်လာတော့လည်း ငွေရတာပေါ့.."

"အေးပါ .. နောက်မှ ကြံစမ်းပါ .. ဒီဟာမလေးကို အိပ်ခန်းထဲ ပို့ရအောင် .."

"ဟွန်း .. သူ့ရွှေ ရက်မြတ်ကောင်း ကို မြင်ကာမှ ငါ့မောင်ကို ကြည့်ခဲ့ လိုက်ခဲ့တာတွေကို သိက္ခာကျအုံ့ ထင်နေတာ တွေ့တော့မယ်..၊ ရက်မြတ်ကောင်း ကို နင် ဘယ်တော့မှ မရတော့ဘူး .."

အပြတ်အသတ် ကြိမ်းဝါးပြီး ချင်း ကိုယ်လေးကို ပခုံးကနေ ဆွဲ 'မ'ထူလိုက်၏။ ထိုစဉ် ...

"ဒီတိုင်းပဲ ထားလိုက်ပါ .."

ဟင်!...

လှစ်မိန်းအသံ ကြားလိုက်တည်းက ထိတ်လန့်သွားသည့် မျက်နှာတွေ ဖြစ်ကုန်ကြကာ လှည့်ကြည့်လိုက်တော့ ရက်မြတ်ကောင်း ..၊

အဝါနုရောင် စပို့ရှပ်ပေါ်မှာ ရေညှိစိမ်းရောင် မှောင်နေသည့် ကုတ်အင်္ကျီနဲ့ ဖြစ်၏။

ဘောင်းဘီရှည်အနက်ထက် ပို၍ ပြောင်လက်နေသော အနက်ရောင် ရှူးဖိနပ်က ခြေလှမ်းတိုင်းကို ထည်ဝါနေစေကာ ...

"ဦးရက်မြတ်ကောင်း .."



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက် က တီးတိုး ရေရွတ်ပြီး ချင်း ကို ပြန်ငုံ့ကြည့်၏။

ကောင်း က လက်ထဲမှာ ကိုင်ထားသည့် ဖွန်းအပြားကြီးကို ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်ပြီးမှ ...

"မင်း နောက်ဆုတ်လိုက်ပါ .. ဒေါသတွေနဲ့ ကိုင်လိုက်ရင် သူ နာသွားမှာပေါ့ .."

"သြော် .. မင်းက သူ့ဖွေးဆိုတဲ့ တစ်ယောက်လား .."

ကောင်း က ဒေါ်မြမြင့် ကို မျက်မှောင်ကုတ်ထားသည့် မျက်ဝန်းတို့နှင့် ငဲ့ကြည့်ကာ ...

"ကျွန်တော့်ကို သိနေကြတာလား .. ဆောရီးပါ .. ကျွန်တော်က မသိဘူး .."

သူက ချင်း ကို မွေ့မလို့ ငုံ့လိုက်ကာမှ ...

"မင်းက သူများအိမ်ပေါ်ကို ဖိနပ်ကြီးနဲ့ တက်လာပြီးတော့ .."

ကောင်း က ကိုယ်ကို မတ်မတ် ပြန်ရပ်လိုက်ကာ ...

"ဆက်ပြောကြည့်ပါဦး .."

"သူ့ကို ဒီတိုင်း ခေါ်သွားလို့ မရဘူး .."

"ဒါဆို ခင်ဗျားတို့ပါ လိုက်ခဲ့ပေါ့ .. နောက်မှ ဆင့်ခေါ်စာ ပို့နေရတာထက် အလုပ်ရှုပ် သက်သာတာပေါ့ .."

"ဘာ၊..."

ကောင်း မျက်နှာက တင်းမာနေကာ နိုင်ကြည်သော မေးရိုးနှစ်ဖက်မှာ အံ့ကြိတ်လိုက်ခြင်းကြောင့် တင်းခနဲ လှုပ်ခတ်သွားလျက် ...

"ခင်ဗျားတို့မှာ ဗီဒီယိုရက်ကော့ဒ် ရှိသလို အခု ကျွန်တော့်မှာလည်း ယူထားပြီးပြီ .. ပြဿနာရှိလို့ ရှင်းရတာ ရှက်ဖို့ မလိုပါဘူး .. အောက်တန်းကျတဲ့ လုပ်ရပ်တွေကို လုပ်တတ်လို့ မလုပ်တတ်တဲ့သူတွေကို လူယုတ်မာတွေက နိုင်ကြတာ .. ကျွန်တော်ကတော့ ရောမကိုရောက်ရင် ရောမလို ကျင့်တဲ့လူ .."





ပြောပြီးတာနှင့် ချင်း ကိုယ်လေးကို အသာလေး မွေ့ယူလိုက်သည်။ ထိုလက်တစ်ဖက်မှာ အစိမ်းရောင်အိတ်လေး ပါသွားတာအထိ ခက်ခက် က စူးစိုက်ကြည့်နေခဲ့၏။

"ဒီကိစ္စကို ခင်ဗျားတို့ ရှင်းရမှာလည်း မဟုတ်ဘူးဆိုတော့ သက်ဆိုင်တဲ့လူကို ထွက်လိုက် ..၊ ကြိုက်တဲ့ သက်သေ သာဓကနဲ့ ကြိုက်တဲ့ နေရာထိ တက်လိုက်ပါ .. ချင်း ဘက်က ကျွန်တော် ရှိတယ် .."

ဒီတိုင်း ရွေ့ထွက်သွားတာကို သူမတို့ ကြည့်နေခဲ့ရ၏။

ဒီလူ ဘယ်တုန်းတည်းက ဘယ်နေရာမှာ ရှိနေခဲ့တာလဲ ..၊

တွေးရင်းနဲ့ လွတ်တဲ့ငါး ပိုကြီးကာ ဒေါသက တရိပ်ရိပ် တက်လာ၏။ ဒေါ်မြမြင့် ကတော့ တက်ခေါက်လိုက်ရင်း ...

"ခုနကပဲ စကားတွေ ပြောတိုင်း မကောင်းဘူးဆိုတာ ငါ ပြောခဲ့သေးတယ် .. အဲ့ဒါ ညည်းပါးစပ်ကြောင့် .."

ခက်ခက် ကြောင်ကြည့်နေရင်း မျက်မှောင်ကုတ်သွားသည်။

ဒီတစ်ခါ စကားများများ ပြောခဲ့မိလို့ ပေးဆပ်ရမှာ ဘယ်သူလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ငါ .. ငါ ရှက်တယ် သိလား .. ငါ သေချင်တယ် .."

"ရှက်ဖို့လည်း မလိုဘူး .. သေစရာလည်း မလိုဘူး .."

မီးမီး က ခုံပေါ်မှာ ထိုင်ရာကနေ ချင်း ရဲ့ဘေးကို ပြောင်းထိုင်လိုက်ကာ ...

"တော်ပါတော့ဟာ .. ပါးပေါ်ကဒဏ်ရာတွေလည်း ပျောက်နေပြီ .. နေ့တိုင်း ငိုနေတာလည်း မျက်နှာမှာ အနီရောင်စွဲတော့မယ် .. တော်ကြာ ဒဏ်ရာမှန်း မသိ .. ငိုထားမှန်း မသိ .."

မျက်ရည်တွေ သုတ်ပေးရင်း မီးမီး လည်း မျက်ရည်ဝဲနေရှာသည်။

"နင် .. နင် ကယ်လို့ သိလား မီးမီး .. မဟုတ်ရင်လေ ငါ့ကို သူတို့ ကြံစည်ကြတော့မှာ .."

"အခု အားလုံး ပြီးပြီးပဲ ချင်း ရယ် .. လက်ထပ်ဖို့ရက်ကလည်း ကပ်နေပြီ .. နင် ငိုနေတာနဲ့ပဲ ဦးရက်မြတ်ကောင်း စိတ်အနှောင့်အယှက်ဖြစ်နေရရင် မကောင်းဘူးလေ .. တိတ်တော့ .."





ချင်း ခေါင်းညိတ်ပြီး အငိုတိတ်ဖို့ ကြိုးစားရှာသည်။ ဒါပေမယ့် စီးကျလာသည့် မျက်ရည်ကိုသာ သုတ်ပစ်နိုင်သည်။ မျက်ဝန်းမှာ ပြည့်ပြည့်သိပ်သိပ် တင်ကျန်ရစ်သည့် မျက်ရည်တို့သည် ...

"သူ နေ့တိုင်း လာတယ် ဆို .."

"လာတယ် .. ဒါပေမယ့် ငါ ဘယ်လိုလုပ် တွေ့ရဲမှာလဲ ... ငါ အရမ်း ရှက်တာပဲ မီးမီး ရယ် .. နုထိ ငါ သူ့ကို မျက်နှာချင်းဆိုင်ဖို့ ဘယ်လို ကြိုးစားရမှန်း မသိဘူး .."

"ချင်း ရယ် နင်ကလည်း .. လူကြီးတွေကတောင် ဒါကို လုပ်ကြံခံရမှန်း နားလည်သွားကြပြီ .."

"အဲ့ဒါလည်း သူ့မိဘတွေကို သူ ပြောပြထားတာ နေမှာပေါ့ .. မေမေက ငါ့ကို လုံးဝ လာမချော့ဘူး .."

"နင်ကလည်း မဆူဘူးဆို ကျေနပ်လိုက်ပေါ့ဟာ .."

ဒေါ်သက်သက် က အခန်းထဲထိ ဝင်လာပြီး ချော့မော့သွားခဲ့သည်။

"မိန်းမချင်းဆိုတာ ကိုယ့်ထက်သာ မနာလိုပဲ သမီးရဲ့ .. ယောက်ျားလေးတွေကလည်း အောက်တန်းကျတဲ့သူဆိုရင် မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုးတွေ လုပ်ကြတာပဲ .. သူတို့တွေက မောင်နှမ သားအမိ သုံးယောက်စလုံး စရိုက်တူတွေဆိုတော့ သွားပြီပေါ့ .." တဲ့ ...။

ဖေဖေကလည်း ဝင်လာပြီး ပြောသွားပါသည်။

"ဖန်ဆင်းရဲ ဆိုတဲ့ ကောင်လေး ကောင်း ဆီ လာတွေ့ပြီး တောင်းပန်သွားကယ်တဲ့ ... စီဒီယိုရက်ကော့ဒ် ယူထားပေမယ့် ထင်ယောင်ထင်မှား ဖြစ်ဖွယ်တွေ လုပ်ခဲ့တာရော .. သမီးနဲ့ သူ ဘာမှ မဟုတ်ခဲ့တဲ့အပြင် ပြောမှားဆိုမှားတောင် မရှိခဲ့ဘူးတဲ့အကြောင်းရောပဲ .." တဲ့ ...။

ဒါတွေ ပြောပြကြပေမယ့် မေမေကတော့ စကားဟဟသေးတောင် ပြောဖော် မရပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ချင်း ရဲ့ ပါးပြင်ထက်က လက်ဝါးရာတွေ သွေးခြည်ဥမကျန်ခဲ့အောင် အစွမ်းကုန် ပြုစုနေတာက ဇာကြီး ပဲ ဖြစ်သည်။ ဒါပေမယ့် ...

"သမီးဆီကိုသာ ခပ်တည်တည်ကြီး ရောက်ရောက်လာတာပါ.. ပေါ့ဒီ ဒဏ်ရာတွေ ပျောက်အောင် ပြုစုပေးဖို့ ဇာကြီး ကို မမကြီး ဘယ်လောက်ထိ မောင်းနေသလဲ သမီးမှ မသိတာ .."

လို့ ပြောပြသွားသေးသည်။ ချင်း စိတ်သက်သာအောင်လား .. တကယ်လား ဆိုတာတော့ မသိ ...၊

"မီးမီး .."

"ဟင် .."

တိတ်ဆိတ်ခြင်းကို ရှိုက်သံနှောနေသော ချင်း ရဲ့ ခေါ်သံလေးကပဲ စတင် ဖြိုခွင်းကာ ...

"အပြင်မှာ အန်တီသက် တို့ ရှိကြလားဟင် .."

"ရှိတယ် .. ငါ့ရှေ့လေးကပဲ ဝင်လာကြတာ .. အားလုံး ပြုံးပြုံးရယ်ရယ်တွေ ပြောဆိုနေကြတာပါဟယ် .. နင်ပဲ မမေ့နိုင် မပျောက်နိုင်ဖြစ်နေတာ .."

"ဒါဆို .. တအောင့်ကြာရင် သူ ရောက်လာဦးမှာပဲ .."

"ဒီတစ်ခါတော့ နင် သူ့ကို တွေ့သင့်တယ်နော် ချင်း .."

"မတွေ့ချင်ပါဘူး .."

"ကိုယ်ကတော့ ဒီညနေ မတွေ့ရရင် မပြန်ဘူးလို့ ဆုံးဖြတ်ထားတာ .."

"ဟင်!..."

"ဦးရက်မြတ်ကောင်း .."

ချင်း လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားကာ မီးမီး က နေရာမှ ထရပ်၏။

"မီးမီး .. ဒီနေ့ ပြန်ရောက်တာလား .."





"ဟုတ်ကဲ့ ...၊ ရောက်တာလည်း ကြာပြီ .. ငါ ဖြန့်ဦးအထက်ချက် – ဦးရက်မြတ်ကောင်း မီးမီး ကို ခွင့်ပြုပါဦး .."

"အင်း .. ညီမကို ကျေးဇူးတင်စကား ပြောချင်တာကွ – ဒါပေမယ့် ဒီတိုင်းပြောတော့ ပေါ့သွားမှာ .. ဒီ တစ်ရက် နှစ်ရက်အတွင်း ကိုယ်တို့သုံးယောက် တစ်နေရာမှာ ဆုံကြမယ် .. အဲဒီကျမှ ပြောတော့မယ် ...၊ ဖြစ်တယ်နော် .."

"ဟာ!... ၊ဟုတ်တာ .. ချင်း နဲ့ မီးမီး တို့မှာ အဲ့ဒါမျိုးတွေ မရှိပါဘူး ...၊ သူ့ကိုငဲ့ စိတ်ချမ်းသာအောင် ချော့ပေးပါ .. ဟိုမှာ ငိုရတာ ပါးပြင်တွေ သဖန်းသီး ဖြစ်နေပြီ .."

မီးမီး က ချင်း ကို မေးဆတ်ပြပြီး ရယ်ကာ ဘာမှ ထပ်ပြောလို့ မရအောင် ချက်ချင်း အပြင်ထွက်သွား၏။

"ဘာဖြစ်လို့ ငိုနေတာလဲ ...၊ ဒီဘက်ကို လှည့် .."

ချင်း က မှန်တင်ခုံဆားမှာ ရပ်နေကာ ထွက်ပြေးတော့မလို ခြေလှမ်းပြင်နေကာ ...

"ကိုကြီး အပြင်ထွက်ပါ .."

"မထွက်ရင် ဘာဖြစ်လို့လဲ .."

"ဒါ ချင်း အိပ်ခန်း .."

"အိပ်အိပ် မအိပ်အိပ် မင်း အိပ်ခန်းထဲမှာ နေနေလို့ အိပ်ခန်းထဲထိ ကိုယ် ဝင်လာရတာလေ .."

အိပ်ခန်းချင်း ထပ်၍ မိုးမွှန်အောင် ပြောသွားကာ ...

"ဟော့ .. ဘယ်လိုလဲ .. လှည့်မကြည့်ဘူးလား .."

"ချင်း ရှက်တယ် .."

"ဟင် .. ဘာလို့လဲ .."

"ဟင့်အင်း .."

ပြောနေရင်း ငိုချလိုက်သဖြင့် ကောင်း က ချင်း ရဲ့ ပခုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက် ဆွဲလှည့်လိုက်ကာ ...

"မင်း ဒီလို နေ့တိုင်း ငိုနေမှန်း သိရင် သူတို့ အရမ်းပျော်နေကြမှာ .."

"ဟင်!..."

မျက်နှာလေး မော့လာမှ ပြန်ငုံ့မသွားအောင် မျက်ရည်တွေနဲ့ မျက်နှာလေးကို ကိုင်ထားပြီး စူးစိုက်ကြည့်ကာ ...

"မင်း ဘာမှ မလုပ်ခဲ့တာကို ဘာအတွက် ဝမ်းနည်းနေတာလဲ.."

"ဘာမှ မလုပ်ခဲ့ပေမယ့် လုပ်ခဲ့မိတာထက် ရှက်ဖို့ ကောင်းသွားတာ ... ချင်း လေ .. အဲ့ဒီလို စိတ်ကူးမယဉ်ဖူးပါဘူး .. စိတ်ကူးယဉ်ပြီး ပြောတာလည်း မဟုတ်ဘူး .. ချင်း ပါးစပ် စည်းကမ်းမဲ့မိတာ .."

"ကိုယ် စိတ်ပျက်သွားအောင် မင်း လုပ်ခဲ့တာ ဒီတစ်ခုတည်းမှ မဟုတ်တာ .. ဒါပေမယ့် ကိုယ် ပြောဖူးသားပဲ ချင်း ရယ် .. မင်း ကိုယ့်ကို ဘာတွေလုပ်လုပ် မင်းကိုယ်မင်း ညာပြီး ရှဲ့မှာကို ကြောက်တယ်ဆိုတာ .."

"ချင်း အဲလိုလေးပဲ ပြောလိုက်မိတာကို ဘာမှ မဟုတ်တာလေးပဲ ထင်ပြီး ဖန်ဆင်းရဲ ကို ပြန်ပြောပြမိတာ .. အဲ့ဒါကလည်း တောင်းပန်တာပါ .."

"တော်ပြီ အဲ့ဒါတွေ .. ကိုယ်တို့ ဖြေရှင်းပြီးကြပြီဆိုတော့ ထားလိုက်တော့ .."

"ဘယ်လို ရှင်းလိုက်ကြတာလဲ ဟင် .."

"ဘာမှမှ မဟုတ်တာကွာ .. ဒါပေမယ့် စကားလုံးဆိုတာ 'လေ' ပဲဆိုပေမယ့် လေလမ်းကြောင်း မှားရင် အသက်တောင် သေသေးတာပဲ ... မပြောအပ်တာကိုတော့ ဆင်ခြင်ရတာပေါ့ .. ဆေးစက်လေး တစ်စက် ကျသွားပေမယ့် ဖျက်ပစ်လိုက်ရင် စွန်းထင်သွားမယ် .. ဆေးစက်ကျရာ အရုပ်ထင်အောင် ရေးနိုင်ရင်တော့ ပုံသဏ္ဍာန်တစ်ခု ပေါ်သွားမှာ





လေ .. သူတို့က ပြဿနာတစ်ခုကို အစရတာနဲ့ အဲ့ဒီလို ပုံဖော်တတ်ကြတဲ့လူတွေ .."

"အဲ့ .. အဲ့ဒီတော့ .."

"ဖန်ဆင်းရဲ ကတော့ စိတ်ကောင်းလေး နည်းနည်း ကျန်ပုံပါပဲ.."

ချင်း ငေးကြည့်နေသည့် ကောင်း ရဲ့မျက်နှာက ကြည်ကြည်လင်လင် ပြုံးနေတာ မဟုတ်ဘဲ ခပ်ချဉ်ချဉ် မဲ့ပြုံးတို့နှင့် ...

"ဒါပေမယ့် ဒီလိုကိစ္စလေးလောက်နဲ့ မင်းကို ကိုယ် ထိနိုက်မခံဘူး ချင်း .. သူတို့ ဒါကို မလျှော့ရင် ဘာဖြစ်သွားမလဲဆိုတာ သူတို့ဘာသာ သိတယ် .. သူတို့မိသားစု တစ်ဘဝလုံး လာဘ်ပိတ်သွားအောင် ကိုယ် လုပ်ပစ်လို့ ရတယ် .. ကိုယ်က မှန်ပေမဲ့ သူက စပြီး ညစ်ရင် ကိုယ် ပြန်ပတ်ရုံပဲ .."

"ကိုကြီး .."

"ဟင် .."

"မီးမီး က ဖုန်းလှမ်းဆက်တော့ ကိုကြီး ဘာလုပ်နေလဲဟင် .. အလုပ်ကိစ္စ အရေးတကြီး ပေါ်လာလို့ ကိုကြီး အဲ့ဒီညနေက လှည့်ပြန်သွားတာ .."

"ဟုတ်တယ် .."

"ချင်း ကြောင့် ချက်ချင်း ပြန်လှည့်လိုက်ခဲ့ရတာမို့လား .."

"အင်း .."

"မီးမီး က တစ်ခါတည်းပဲ ရှင်းပြပြီး လိပ်စာတွေပါ ပြောလိုက်တာ ဆို .."

"ဟုတ်တယ် .. အဲ့ဒါတွေ အခု ပြန်မေးပြီး ဘာလုပ်မလို့လဲ.."

"မီးမီး ကိုရော .. ကိုကြီး ကိုရော .. ကျေးဇူးတင်ပါတယ် .."

"ခုမှကွာ .."

"အစတည်းက တင်နေတာပါ .. ချင်း ရှက်နေလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှုက်နေတာက သုံးရက်တောင် စိမ်းစိမ်းကားကား နေရလား ကွ .. တံခါး လုံးဝ ပေးမဖွင့်ပါဘူးဆိုလို့ ကိုယ် ဒီတိုင်း လှည့်ပြန်သွား ရတာ .."

"ကိုကြီးကလည်း တောင်းပန်ပါကယ် ဆိုမှ .."

"ဒီတိုင်း မရဘူး .."

ဆံနွယ်တွေ ကပိုကရို ပြန့်ကျဲလျက် ..၊ အဖြူရောင် ဂါဝန်လက် မောင်းလေးနှင့် ချင်း မျက်နှာလေးက နွမ်းနွမ်းလေး ဖြစ်နေပေမယ့် လှနေဆဲ ...။

မျက်ရည်တွေ စိုစွတ်နေသည့် မျက်တောင်ဖျားလေးတွေကို မှိတ် ကျသွားစေကာ လက်မတို့ဖြင့် အသာလေး ဖိ၍ မျက်ရည်သုတ်ပေး မိသည်။

ပြီးတော့ နဖူးလေးကို နမ်း၍ ...

"တော်တော်ရှူးတဲ့ ချာတိတ် .."

"ချင်း အဲဒီလို ခဏ ခဏ ရှူးမိရင် ကိုကြီး စိတ်ပျက်သွားမှာ လား .."

"ရှူးမှ မရှူးသေးတာ .."

ချင်း မျက်နှာလေး ငယ်သွားသည်။ ပြီးတော့ သူ့လက်ပေါ်မှာ ထပ်အုပ်ကိုင်ထားရင်း ...

"ချင်း က အဲ့ဒီလို အချိုးမပြေတာတွေ ခဏ ခဏ လုပ်မိတယ်.. စကားစ ချန်မထားပါနဲ့ ကိုကြီး ရယ် ဖြေပေးပါ .."

"ဘာလဲ .."

"လက်ထပ်ပြီးသွားရင် ရိုးသွားကြတာပဲတဲ့ .."

"ဘာကို ရိုးတာလဲ .."

"မသိဘူး .. ပြောကြတာ .."

သူက ပြုံးလိုက်ပြီး ခေါင်းညိတ်၍ ...





"ဆက်ပြော .."

"ရင်ခုန်သံတွေ အေးခဲသွားတဲ့အခါ .."

"ကိုယ့်ရင်ဘတ်ကြီးကို မင်း အသုံးမတည့်တဲ့အခါ ရေခဲသေတ္တာ ထဲ သွားမထည့်မိစေနဲ့ပေါ့ .."

"ကိုကြီး .."

"ဟင် .."

"ချင်း က အကောင်းပြောနေတာ .."

"ဩော် .. ကိုယ်ကလည်း အတည်ကြီး ပြောနေတာ .. ဒီမျက်နှာ မှာ ရယ်နေတာ မြင်လို့လား .."

ချင်း ရှုက်နေတာတွေ .. ကြေကွဲတာတွေကို မေ့သွားသည်။ သူ့ စကားတွေကြောင့် မျက်နှာလေးက မကျေမနပ် ရှုပွပွဖြစ်လျက် ...

"အဲ့ဒီလို လက်ထပ်ပြီး ကြာသွားကြရင် ချစ်လွန်းလို့ပါ .. ကြိုက် လွန်းလို့ပါဆိုတဲ့ ယောကျ်ားတွေက သည်းခံစိတ် မရှိကြတော့ဘူးတဲ့.."

"ဘယ်သူတွေ ပြောတာလဲ .."

"အိမ်ထောင်ကျသွားပြီးတဲ့လူတွေ .."

"အဲ့ဒါတွေ မင်း ယုံတယ်ပေါ့ .."

"မသိဘူး .. အဲ့ဒါကြောင့် ကိုကြီးကို မေးနေတာလေ .."

"ကိုယ်က ယုံပါဆိုရင် ယုံမလား .."

"မယုံပါဘူး .. ယုံနိုင်းတိုင်းတော့ ဘယ်ယုံမလဲ .."

"သက်သေပြရအောင် ကိုယ်ကလည်း မိန်းမမှ မရဘူးတာကွ .. အဲဒီတော့ ကိုယ်တို့ အမေးအဖြေတွေ မလုပ်ဘဲ လက်တွေ့ထဲမှာ အဖြေ ရှာမယ် .."

"ဟင် .."

သူက ချင်း ရဲ့ပခုံးလေးကို ရင်ခွင်ထဲမှာ မြုပ်ကွယ်မတတ် ဖက် ထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခု သိချင် ခု ဖြေပေးလို့ ရတယ် .. ဒါပေမယ့် ဘာဖြစ်ဖြစ် မှုမှု တတဆိုတာ ရှိတယ် .."

နဖူး ပြေပြေလေးနားမှာ ပါးနဲ့ ကပ်ထားပြီး တိုးတိုးလေး ပြောသည်။

"ဘာလဲ သိလား .."

ချင်း ခေါင်းပဲ ခါပြမိလျှင် ...

"ကိုယ်က ချစ်ပေမယ့် မင်းက မချစ်သေးဘူးလေ.. ဘယ်လောက်ထိ သည်းခံမလဲ .. ဘယ်ထိ ချစ်နိုင်မလဲဆိုတာ အချင်းချင်း ငြိတွယ်မိမှ အဖြေထွက်မှာ .."

ချင်း က ပြုံးလိုက်ကာ သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားသည်။

"မဖြေဘဲနဲ့တော့ မလွှတ်နိုင်ဘူး .. ရုန်းမနေနဲ့ .."

"မချစ်ပါဘူး .."

"တကယ်လား .."

"တကယ်လို့ ထင်တာပဲ .."

ကောင်း က ရယ်သည်။ တိုးသဲ့သော ရယ်သံတို့ တိတ်ဆိတ်ကွယ်ပျောက်သွားသည့်အခါ စည်းချက်ညီသော ရင်ခုန်သံတို့က အဖြေပေးနေကြ၏။

'ကောင်မလေးက မင်းကို ချစ်တယ် .."

*လရောင်ကျူးရင့်*



www.burmeseclassic.com